# အသျှင်သုနန္ဒ

## ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ တွေးမြင်ယူဆမှု



အသျှင်သုနန္ဒ

# ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒတွေးမြင်ယူဆမှု

( ပ ထ မ တွဲ )

တအုပ်(လေး)ကျပ်။

ပြည်သူ့မျက်ရှုစာစဉ်(၁)
၁၉၆၇-ခုနှစ် အောက်တိုဘာလ။

အသျှင်သုနန္ဒ

# ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ တွေးမြင်ယူဆမှု

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ်. ( ၂၅၄၉ )

ပန်းချီ- ဦးသောင်းဟန်။
ဘလောက်- နယူးဘားမား။
အရောင်- ပြည်တော်သာ။

**တာဝန်ခံထုတ်ဝေသူ**

ဦးစိန်ကြည်၊
ပြည်သူ့အလင်းစာပေတိုက်
မှတ်ပုံတင်အမှတ် (မြဲ-၀၀၄၈)
၁၀၇၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။

**တာဝန်ခံပုံနှိပ်သူ**

ဒေါ်မေဘမြ [ခေါ်] ဒေါ်မေခင်ညို
မှတ်ပုံတင်အမှတ်(မြဲ-၀၉၆၇)
မေပုံနှိပ်တိုက်၊ ၂၂၅၊ ၃၂လမ်း၊ ရန်ကုန်မြို့။

**ဖြန့်ချီရေးတာဝန်ခံ**

ပြည်သူ့မျက်ရှုစာပေ၊
၄၇၂- သိမ်ဖြူလမ်း၊ ကန်တော်လေး၊ ရန်ကုန်မြို့။

## မာတိကာ


နိဒါန်း စာမျက်နှာ

ရိုးရာအမွေခံလူသား
သိပ္ပံပညာ၏ မွေးသမိခင်
လူသားနှင့်ယဉ်ကျေးမှု
လူသားနှင့်ဗုဒ္ဓဝါဒ
ဗုဒ္ဓ၏ကမ္မဝါဒ
ဗုဒ္ဓဝါဒအား လောကအမြင်
ဘာသာတရားနှင့် သိပ္ပံပညာ
ဗုဒ္ဓဝါဒမှ လောကတန်ဆောင်

ဗုဒ္ဓမတိုင်မီ ဘာသာအယူဝါဒများ
သမိုင်းရှေးဦး ဘာသာရေးများ ၃၇
ယဉ်ကျေးမှုများနှင့် ဘာသာရေးပြောင်းလဲမှု ၆၁
အိန္ဒိယ၏ ရှေးဦးဘာသာအယူများ ၇၇

သမ္မာသမ္ဗုဒ္ဓ
ဗုဒ္ဓဂေါတမ ၉၁
ဗုဒ္ဓအကြောင်း ၁၂၅
ဗုဒ္ဓနှင့်ခေတ်ပြိုင် အယူဝါဒများ ၁၅၉

ပဋိစ္စသမုပ္ပါဒ်
ဗုဒ္ဓပယ်သော အယူဝါဒများ ၁၈၃
ဝေါဟာရအဓိပ္ပါယ် ၂၀၁
အင်္ဂါအယူအဆ ၂၃၀

လူသား
ကမ္မဝိပါက ၂၅၅
တမလွန်ဘဝ ၂၈၃
ဘဝသံသရာ ၃၀၇

မျက်နှာဖုံးပုံ

Buddhism- Christmas Humphreys.
စာအုပ်မှ- Standing Buddha(Red Stone)
Mathura. 5.Th, Century. A.D,
ဗုဒ္ဓ မတ်ရပ်တော်မူပုံ(ကျောက်နီသားရုပ်ထု)
မထူရာ အေ-ဒီ-၅-ရာစုနှစ်။

၁၉၆၀ အောက်တိုဘာလ
အုပ်ရေ ၃၀၀၀။

---

အသျှင်သုနန္ဒ

# ဗုဒ္ဓဝင်နှင့်ဗုဒ္ဓဝါဒတွေးမြင်ယူဆမှု

ဒုတိယတွဲ

ပြည်သူ့မျက်ရှုမှ ရှေ့လထွက်ဦးမည်

# နိဒါန်း

## ရိုးရာအဓမ္မခံ လူသား။

လူသားသည် အထည်းထည်းနေသော သတ္တဝါမဟုတ်ချေ၊ လူသားအချင်းချင်း အုပ်စုအသင်းအဖွဲ့များနှင့်စုပေါင်းနေလေ့ရှိသော သတ္တဝါဖြစ်လေသည်။ ထိုမျှမက လူသားသည် သက်ရှိသက်မဲ့ ပတ်ဝန်းကျင်နှင့်လည်း ဆက်နွယ် ယှက်သွယ်လျက် နေရသော သတ္တဝါဖြစ်၏၊ ဤသို့သော လူ့သဘာဝကို 'မနုဿဗေဒပညာနှင့် လူမှုဆက်ဆံရေးပညာ [၁] ''တို့က ပြဆိုလေသည်။ ကုန်ခဲ့သော လူ့သမိုင်းမှ စိန္တာကဝိများကလည်း လူသား၏ ဤသို့သောသဘောကို တင်ပြခဲ့ကြလေသည်။'အရစ္စတိုတယ်လ်[၂]'' ဤအဆိုအရ''လူသည်လူ့အဖွဲ့အစည်းကိုငင်း၊ ပေါင်းသင်းဆက်ဆံမှုကိုငင်းဖြစ်စေသော မီဇပါလာသည့်နိုင်ငံရေးသတ္တဝါဖြစ်သည်'' ဟူ၏၊ ''ပလာတို[၃]က ၎င်း၏သမ္မတနိုင်ငံ'' [၄] စာအုပ်တွင်''လူတို့အဖွဲ့အစည်းနှင့် ကျောချင်းကပ်မှင်ခြင်းအပ် သာတူညီမျှ စနစ်''ကို ပြဆိုထား၏၊ ''လူသား၏ဘဝသည် အပေါင်းအသင်းအဖွဲ့အစည်းမရှိပဲ ပကတိအခြေခံသာ တည်ရှိမည်ဆိုလျှင် ငြီးငွေ့ဖွယ်ကောင်းခြင်း၊ ရက်စက် ကြမ်းကြုတ်ခြင်း၊ အသက်တိုခြင်း တို့နှင့်ကြုံတွေ့ရမည်'' ဟု''သောမဟောဘိစ်[၅] ''ဆိုသော ကဝိတဦးကလည်း ဆိုထားလေသည်။ လူတို့သည် အသင်း အဖွဲ့အစည်းနှင့် မနေခဲ့ပါက၊ သို့မဟုတ် ရှေးဦးလူသားများသည် အဖွဲ့ အစည်းနှင့် မနေခဲ့ကြပါက ယနေ့ကာလ အသိအမြင် ပြည့်ဝတိုးတက်သော လူသားများအဖြစ်သည် သဘာဝ ဘေးအန္တရာယ်ကြမ်းနှင့် တောရိုင်း သားရဲပြွမ်းသော ရှေးအခါကပင် ပျက်စီးမျိုးဆက် သုန်းခဲ့လေမည် ဖြစ်ပေသည်။

---

၁ Anthropology and Sociology. ၂ Aristotle.

၃ Plato. ၄ Republic. ၅ Thomas Hobbes·

လူသည် လူသား အချင်းချင်းရင်း "သဘာဝတရား [၁]" နှင့်ရင်း "အညမညပစ္စယ ဆက်သွယ် ဆက်နွယ် နေရလေသည်၊ ဤသို့ "ပတ်ဝန်းကျင်နှင့် အလိုက်သင့်စွာ နေထိုင်မှု [၂]" သည်ပင် လူသားနှင့် လူ့မှုလောကတွင် တိုးတက်ရာ တိုးတက်ကြောင်း ဖြစ်လေသည်။ "ကြောက်ကြမ်းခေတ် [၃]" မှ စတင်ခဲ့သည့် ယဉ်ကျေးမှုမှ ယနေ့ မျက်မှောက် ယဉ်ကျေးမှုသို့ လူသားတို့ တိုးတက်ပိုင်ဆိုင်လာသော ယဉ်ကျေးမှုသည် သမိုင်းစဉ်တလျှောက် ရိုးရာအမွေဆက်ခံလာသော ယဉ်ကျေးမှုပင် ဖြစ်လေသည်။ ဤသို့ ယနေ့ လူသားတို့ အဆင့်မြင့်မားစွာ ပိုင်ဆိုင်နေသော ယဉ်ကျေးမှုသည် လူ၏ပတ်ဝန်းကျင်နှင့် အလိုက်သင့်စွာ နေထိုင်သော အလေ့သဘာဝကြောင့်ပင် ဖြစ်လေသည်။ ကြောက်ကြမ်းခေတ် ယဉ်ကျေးမှုထက် ကျောက်ခေတ်လယ် ယဉ်ကျေးမှုသည် ရာသီဥတုသမလာပြီး ပတ်ဝန်းကျင် ကောင်းမွန်လာသဖြင့် ပိုပြီးတိုးတက်လာလေသည်။ လူသားအရေအတွက်အရေအသွေး အဖွဲ့အစည်းများတိုးတက်တောက်ပြောင် များပြားလာခြင်း၊ သဘာဝ ပတ်ဝန်းကျင် ကောင်းမွန် လာခြင်းတို့သည် လူသားတို့၏ ယဉ်ကျေးမှု တိုးတက်ရာ တိုးတက်ကြောင်း ပမာနများ ဖြစ်လေသည်။ ဥပမာ ယူဖရိတ်တိ-တိုက်ဂရစ်မြစ်ဝှမ်း၊ အိန္ဒုမြစ်ဝှမ်း၊ မြစ်ဝါမြစ်ဝှမ်း၊ စသည်တို့၌ သစ်တောကြီးများ မရှိခြင်း မြေဩဇာ ကောင်းခြင်း ရေလုံလောက်စွာရခြင်း အပူရှိန်ရရှိခြင်း တို့ကြောင့် ထွန်းကားခဲ့သော ယဉ်ကျေးမှုကြီးများ ဖြစ်သည်။ လူတို့၏ နေထိုင်မှု အစဉ်အလာအရေ အတွေးအမြင် ဓလေ့ ထုံးစံအလေ့အကျင့် စသည် တို့သည်လည်း လူသား၏ ယဉ်ကျေးမှု တိုးတက်စေခဲ့သော အကြောင်းများဖြစ်ကြလေသည်။ ထို့ကြောင့် သမိုင်းသက် ရင့်လာသော ယနေ့ လူ့အဖွဲ့အစည်းနှင့် ကျောက်ခေတ် လူ့အဖွဲ့အစည်းတို့၏ ကွာခြားချက်သည် ရိုးရာအမွေဟူသော "ယဉ်ကျေးမှု [၄]" ခြားနားခြင်းသာ ဖြစ်လေသည်။ ×။ ×။ ×။

---

၁ Nature. ၂ Environment Adaptation.
၃ Plaeolithic Age. ၄ Culture.

## "သိပ္ပံပညာ၏မွေးသမိခင်"

မျက်မှောက်ခေတ်တွင် တိုးတက် ထွန်းကားနေသော သိပ္ပံပညာသည် ဘီစီ-၆-ရာစု ဂရိတို့လက်ထက်မှစပြီး သန္ဓေတည်ခဲ့လေသည်၊ ဂရိတို့သည် သိပ္ပံပညာကို မျိုးစေ့ချ ပျိုးထောင် ပေးခဲ့သောသူများဖြစ်လေသည်။ ယနေ့ဥရောပတိုက်တွင် ထွန်းကားနေသော ယဉ်ကျေးမှုသည် ဂရိတို့ကနို့ချိုတိုက်ကျွေး မွေးမြူခဲ့သော သားငယ်၏ ကြီးထွားတိုးတက်နေခြင်း ဖြစ်လေသည်။ကမ္ဘာကြီး၏ လူ့သမိုင်းတွင် ဂရိတို့၏ယဉ်ကျေးမှုကဲ့သို့သော ယဉ်ကျေးမှုကို ဂရိတို့မှလွဲ၍ ထိုစဉ်က မည်သည့်လူအဖွဲ့အစည်းမှ မထူထောင်နိုင်ခဲ့ကြချေ။ စင်စစ်ကား ဂရိတို့သည် ရှေးရာ အမွေဖြစ်သော လူ့ယဉ်ကျေးမှုကို ဆက်ခံပြီး အဆင့်မြင့်စွာ သူတို့ခေတ်အခါက တင်ခဲ့သော သူများ ဖြစ်လေသည်။ ဘီစီ-၄၀၀၀ ကျော်ခန့်ကပင် ဆူမေရီယန်း လူ့အဖွဲ့အစည်းကြီးသည် ကမ္ဘာ့လူ့အဖွဲ့အစည်းများ၏ အစဦးဆုံးသော ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ခဲ့သောကြောင့်ဖြစ်၏။ ယနေ့သမိုင်းပညာရှင်တို့က "ယဉ်ကျေးမှု အစသည် ဆူမေရီယန်းတို့မှ စသည်"ဟုပင် ယူဆနေကြသည် မည်သို့ပင်ဖြစ်စေ ယနေ့သိပ္ပံပညာသည် ဂရိတို့မှ မူလစခဲ့သော ပညာဖြစ်လေသည်။

"ဆိုကရေတီး[၁]"၄၆၉-၃၉၉ဘီစီ"ပလေတို[၂]"၄၂၇-၃၄၇ဘီစီနှင့် "အရစ္စတိုတယ်လ်[၃]"၃၈၄-၃၂၂ ဘီစီ၊ဟူသော ဆရာစဉ် တပည့်ရင်းတို့သည် ကျော်ကြားသော ဂရိလူမျိုး ပညာရှင်များ ဖြစ်ကြလေသည်။ ထိုစဉ်က "အစ္စတာချပ်စ်[၄]" သည် နေကို ကမ္ဘာက လှည့်ပတ်ကြောင်း၊ စကြာဝဠာကြီး သည် အတိုင်းအဆမရှိ ကျယ်ပြောကြောင်းတို့ကို တွေးဆ တင်ပြခဲ့ သည်။ "ဒီမိုကရီတပ်စ်[၅]"သည် လောကဓာတ်ကြီးကို အနုမြူများနှင့် ဖွဲ့စည်းထားသည်ဟု ဆိုခဲ့၏။ ၎င်း၏ တပည့်"အေပီကျူရပ်စ်[၆]"ကလည်း ဆရာ၏အနုမြူဝါဒ[၇]ကို

---

၁ Socrates. ၂ Plato. ၃ Aristotle. ၄ Aristarchus.
၅ Democritus. ၆ Epicurus. ၇ Atomism.

ခံယူကာ တိုးချဲ့ခဲ့သူ ဖြစ်သည်။ ရုပ်ဝါဒသမား ဆရာတပည့်နှစ်ဦးတို့သည် သတ္တလောကနှင့် ဩကာသလောကကြီးတို့အား အလွန့်အလွန် သေးငယ်သော အနုမြူဒြပ်များ အချိုးကြစွာ ပေါင်းစပ်နေခြင်းသာ ဖြစ်သည်ဟု ယူဆကြ၏။ ၎င်းတို့က စိတ်သည်ပင်လျှင် အနုမြူများ ပေါင်းစုရာမှ ဖြစ်ပေါ်လာသည်ဟု ဆိုကြလေသည်။ "အီရာတော့စသိနိစ်[၁]"သည် ကမ္ဘာကြီး၏ လုံးပတ်အကွာအဝေးကို တိုင်းတာခဲ့သည်၊ ၎င်းတို့ အပြင် "ဟီရာကလိတပ်စ်[၂]" "ပိုင်သာ ဂိုးရပ်စ်[၃]" "အာခီမီးဒီးစ်[၄]" "ယူကလစ်[၅]" စသည့်ပညာရှင် တွေးခေါ်ရှင်ကဝိများ ပေါ်ထွန်းခဲ့လေသည်။

သိပ္ပံပညာ၏ မူလ လက်သည်များဖြစ်သော ဂရိတို့တွင် "ဒိမိုကရိတပ်"တို့ကဲ့သို့သော ရုပ်ဝါဒ သမားများ၊ အေပီကျူ ရပ်စ်လို ဘာသာတရားကို လက်မခံမယုံကြည်သူများ ရှိသကဲ့သို့ ဘာသာရေး သက်ဝင်သူများ တမလွန်ဘဝ ယုံကြည်သူများလည်း ရှိလေသည်။ ပလာတိုသည် လူသား၏ ရုပ်ဒြပ်များနှင့် ဝေဒနာတို့ကြောင့် "မောဟဓမ္မ"သည် လူတို့အားဖုံးလွှမ်းနေသည်ဆိုသော သဘောကို ယူဆခဲ့သူ ဖြစ်လေသည်၊ "သူဆီဒီဒက်စ်[၆]" ဟူသော တွေးခေါ်ရှင်သည် "သင်္ခါရဓမ္မ"နှင့် "အနတ္တသဘာဝ"ကို ဖြစ်ရှိနေသူဟု ဆိုခဲ့သူဖြစ်သည်။ ကမ္မဝါဒကိုလက်ခံ၍ "အကုသလကမ္မဖလနှင့် ကုသလကမ္မဖလ" ခံစားရသည်ဟု ယုံကြည်သူများလည်း ရှိလေသည်။ ဤသို့ပင် ဂရိတို့သည် ဘီစီ-၆-ရာစု၌ သိပ္ပံပညာတွင်တိုးတက်နေသလို တွေးခေါ်မှုပညာလည်း ရင့်ကျက်နက်နဲလာကြသည်။ လူမှုဆက်ဆံရေး စည်းစနစ်များ "တက္ကဗေဒ[၇]"နည်းကျကျ စဉ်းစားခြင်းများ 'စဉ်းစားဆင်ခြင်မှုပုံစံ' "ဆိုင်လိုဂျစ်ဇာမ်[၈]" များ စသည်တို့ကို ဆင်ခြင်တွေးဆခဲ့ကြလေသည်။

---

၁ Eratosthenes. ၂ Heraclitus. ၃ Pythagoras.
၄ Archimedes. ၅ Eculid. ၆ Thucydides.
၇ Logic. ၈ Syllogism.

ကိုယ်ကျင့်တရားဆိုင်ရာ အတွေးအယူများ၊ စိတ်ဓါတ်ဖြင့် ငြိမ်းအေးမှုကိုရှာဖွေယူဆရှုမြင်မှုများ၊ လောကနီတိတရားများ၊ "ဒဿနိကဗေဒ[၁]"များ စသည်တို့၌ကား အာရှတိုက်လောက်ဂရိတို့သည် အဆင့်အတန်း မြင့်ခဲ့ဟန် မရှိချေ။ ထိုစဉ်က ဂရိတို့နှင့် ခေတ်ပြိုင်မျှကဲ့သို့ ဖြစ်သော အာရှတိုက်တွင် ထိုပညာရပ်များသည် အတော်ပင် ကောင်းမွန် ပြည့်စုံခဲ့လေသည်။ အိန္ဒိယပြည် မဇ္ဈိမ ဒေသတွင် ဘီစီ ၆-ရာစုလောက်၌ "အတ္တကိလမထာ အကျင့်ဖြင့် ကိုယ်ကျင့်တရား ကောင်းမွန်၍ လောကမှ လွတ်မြောက်မှုကို ဟောပြော ကျင့်သုံးသော မဟာဝီရ၏'ဇိန'[၂]အယူအဆများ"လောကာယတကျမ်းလာ"စာရဝါက[၃]" ရုပ်ဝါဒ အယူအဆများ၊ ရုပ်နာမ် တရားတို့၏ သဘာဝဓမ္မ များကို အစွန်းလွတ်သော "မဇ္ဈိမပဋိပဒါ" နည်းအရ ရှုဆင်ခြင်၍ လောကမှ လွတ်မြောက်မှု သန္တိချမ်းသာကို ကျင့်သုံးရရှိစေသော ဗုဒ္ဓဂေါတမ၏ အယူအဆအကျင့်များ၊ စသည်ဖြင့် မဇ္ဈိမဒေသအိန္ဒိယတွင် ပြန့်ပွား နေလေသည်။ တရုတ်ပြည်တွင်လည်း ထိုအခါက လောကနီတိ ဆရာကြီးများလည်းဖြစ်၊ လူမှုရေး ပြုပြင်သူများလည်း ဖြစ်သော ပညာရှင်များ ပေါ်ထွန်းခဲ့ကြလေသည်။ ထင်ရှားသောပုဂ္ဂိုလ်များကား " ကွန်ဖြူးစီးယပ်စ်[၄]" ၅၅၁-၄၇၀ ဘီစီနှင့် "မင်းစီးယပ်[၅]" ၃၇၂-၂၈၉ ဘီစီတို့ ဖြစ်ပေသည်။

## လူသားနှင့်ယဉ်ကျေးမှု

ကမ္ဘာကြီးသည် မည်သည့် အချိန်မှစတင်ပြီး ဖြစ်တည်ခဲ့သနည်း။ လူသားတို့သည် ဤကမ္ဘာပေါ်၌ မည်သည့်အခါကစတင်ပေါက်ဖွားခဲ့ကြသနည်း၊ ဤပြဿနာတို့၏ အဖြေသည် လူသားနှင့် လူ့လောကအတွက် အရေးပါသော အဖြေ ဖြစ်လေသည်။ ကမ္ဘာ၏ ဘာသာရေး အယူအဆိုများ ရှိခဲ့သော်လည်း မဖြေရှင်းနိုင်ခဲ့ကြချေ။ ဘူမိဗေဒ

---

၁ Philosophy. ၂ Jaina. ၃ Carvaka. ၄ Confucius. ၅ Mencius.

ပညာရှင်တို့၏ သိပ္ပံနည်းကျ စမ်းသပ်တွေ့ရှိရချက် များကြောင့် ဤကမ္ဘာ ကြီးသည် နှစ်သန်းပေါင်း ၄၅၀၀-ခန့်အိုမင်းပြီဟုသိရလေ၏။ ဘူမိဗေဒပညာရှင်များကလည်း ကမ္ဘာကြီး၏အသက်သည် နှစ်သန်းပေါင်း ၄၅၀၀-ခန့် ဖြစ်သည်ဟု ယုံကြည်ထားကြလေသည်။ ကမ္ဘာကြီး၌ ဖွားသစ်ခြင်း၊ ကြီးထွားခြင်း၊ ရင့်ရော်အိုမင်းခြင်း၊ ပျက်စီးခြင်း စသော သင်္ခါရ ဓမ္မသံသရာ အစဉ် လည်ပတ် နေသည်ကို ဘူမိဗေဒ ပညာရပ်က ဖော်ထုတ်ပြဆို နေလေသည်။

လူ့သမိုင်းသည်ကား ကမ္ဘာတည်စမှစတင်သည်မဟုတ်ပဲ၊ လူသားဖြစ်ပေါ်စကမှ စတင်သောသမိုင်း ဖြစ်လေသည်။ လူသား၏ စတင်ဖြစ်ပေါ်စအချိန်ကာလကို တိကျစွာမသိကျရသဖြင့် လူ့သမိုင်း၏အစကိုလည်း တိကျစွာမဆိုနိုင်ကြချေ။ သို့သော် သမိုင်းပညာရှင်တို့သည် တူးဖော်တွေ့ရှိရသော အထောက်အထားများအရ လူတို့သည် လွန်ခဲ့သော နှစ်ပေါင်း တသန်းကျော်ကျော်ခန့်က စတင်ဖြစ်ပေါ်ခဲ့သည်ကို ယူဆကြလေသည်။ ပထဝီဝင်အဆိုအရ ထိုနှစ်ကာလ ခေတ်အချိန်ကို "ပလိုင်စတိုဆင်း အနယုဂ်[၁]"ဟု ခေါ်ဆို ကြလေသည်။ ကုန်ခဲ့သော နှစ်သန်းကျော် သာမန် သက်ရှိ သတ္တဝါအဖြစ်မှ ယနေ့ ကဲ့သို့သော လူသားများဖြစ်လာသည်မှာ အံ့ဩဘွယ်ကားမဟုတ်ချေ။စင်စစ်သက်ရှိတို့သည် အဆင့်ဆင့်ဆင်းသက်ပြောင်းလဲလာလျက် ဆင်းသက်နေဆဲဖြစ်သောကြောင့်ပင် ဖြစ်လေသည်။ ဤနေရာ၌ "ချာလ်စ်ဒါဝင်[၂]" ၏ သက်ရှိများဆင့်ကဲ ဖြစ်ပေါ်လာသော "အီဗော်လူးရှင်း[၃]" အဆိုသည် လူသားတို့ ဖြစ်ပေါ်တိုးတက်လာမှုကို ပြဆိုရာ၌ ပဓါနကျလေသည်။ ဒါဝင်၏ အီဗော်လူးရှင်း ဝါဒအရ သက်ရှိတို့သည် တဦးနှင့်တဦး မတူကွာခြား၍ အစာရေစာ နည်းပါးသော ကမ္ဘာကြီးတွင် အသက်ရှင်နေနိုင်ရေးအတွက် ယှဉ်ပြိုင်မှုကိုပြုရင်းပင် သဘာဝလောကနှင့် လိုက်လျောအဆင်ပြေစွာ နေနိုင်သော သတ္တဝါသာ ကျန်ရှိခဲ့ပြီး

---

၁ Pleistocene Epoch. ၂ Charles Darwin.
၃ Evolution.

အခြား သတ္တဝါတို့သည် သေကြေဆုံးပါး သွားကြလေသည်။ ဤသို့ အသင့်လျော်ဆုံးသူအဖြစ် ကျန်ရှိခြင်းသည်၊ ထိုသတ္တဝါ၏ ရုပ်ပိုင်းဆိုင်ရာအင်္ဂါရပ်များ၊ စိတ်ပိုင်းဆိုင်ရာ အသိဉာဏ်များ ကောင်းမွန်မှုကြောင့်ပင်ဖြစ်လေသည်။ သက်ရှိတို့၏ ဖြစ်ပေါ်တိုးတက် တည်ရှိလာပုံကို ဤသို့သော "သဘာဝရွေးချယ်မှု၁" ဖြစ်စဉ်ကို ဒါဝင်သည်တင်ပြခဲ့လေသည်။ ယနေ့ကာလတွင်လည်း ဒါဝင်၏ဤအဆိုကို လက်ခံထားကြလေသည်။ သက်ရှိသတ္တဝါဖြစ်သော လူ၏အဆင့်ဆင့် ပြောင်းလဲတိုးတက်လာရခြင်းသည် သဘာဝရွေးချယ်မှု ဖြစ်စဉ်အရပင် ဖြစ်လေသည်။ သို့သော် သဘာဝရွေးချယ်မှုတရားသည် ရှေးဦးဆုံး လူသားများအတွက်သာ အရေးပါခဲ့လေသည်။ လူသားသည် အသိဉာဏ်တည်းဟူသော တန်ခိုးပိုင်ရှင်ဖြစ်သဖြင့် မိမိအသိဉာဏ်ကိုသာ ဦးစီးရှေ့ဆောင်စေ၍ ဘဝတလျှောက်ရပ်တည်ရပ်ခဲ့လေသည်။ ယနေ့ လူ့အသိဉာဏ်၏ထူးကဲစွာ ကောင်းမွန် တိုးတက်လာမှုကြောင့် လူသည် သဘာဝ ရွေးချယ်မှု၏ အစီမံခံရသူ မဟုတ်ပဲ သဘာဝ တရားကိုပင် နိုင်နင်းစိုးမိုးနေလေပြီ ဖြစ်သည်။

ဒါဝင်သည် ၎င်း၏'သတ္တဝါတို့ အဆင့်ဆင့် ပြောင်းလဲတိုးတက်မှု' ဝါဒအရ အနိမ့်ဆုံးသတ္တဝါဖြစ်သော တိရစ္ဆာန်နှင့် အမြင့်ဆုံးသတ္တဝါဖြစ်သည့် လူတို့သည် အကြား၌ တစုံတခုသောဆက်သွယ်မှုရှိရပေမည်ဟု ယူဆခဲ့သည်။ ဒါဝင် ဤသို့ယူဆသည်ကား စင်စစ် မဆန်းပါချေ။ ၎င်း၏ 'သဘာဝရွေးချယ်မှု' ဖြစ်စဉ်သည် ၎င်းခေါ်ဆိုသကဲ့သို့ပင် "အသင့်လျော်ဆုံးသူသာ ကျန်စတမ်း ၂" သဘောပင် ဖြစ်လေသည်။ ထို့ကြောင့်ပင် ယနေ့ကျန်ရှိနေသောတိရစ္ဆာန်တို့နှင့် လူတို့တွင်တူညီမှုဟူသော ကြားဆက်တခုခု ကျန်ရှိရမည်ဟု ယူဆခြင်း ဖြစ်နိုင်တန်သည်။ တိရစ္ဆာန်တို့သည်လည်း သမုဒယသားများဖြစ်သဖြင့် မိမိဘဝကို မိမိ၏အသိဉာဏ်အားလျော်စွာ ဩကာသလောကတွင်တည်ရှိနိုင်အောင် နေထိုင်ခဲ့ခြင်း ဖြစ်သည်။ လူသားသည်လည်း ထို့အတူပင်

---

၁ Natural Selection. ၂ Survival of the Fittest.

အသိဉာဏ်ကို ရှေ့ဆောင်ပြုကာ ဘဝတွင် ရှင်သန် ပွားစည်းလာခဲ့သည်၊ ထို့ကြောင့်ပင် လူနှင့် တိရစ္ဆာန်တို့အကြား၌ တခုခုသော ဆက်သွယ်မှုဟူသည် ရှိသည်ဆိုပါက "အသိဉာဏ်[၁]" ပင် ဖြစ်ပေမည်။ ဒါဝင်နှင့် ၎င်း၏တပည့် "ဂျော့ဂျေရိုမိန်း[၂]" တို့သည် ဤသို့ယူဆခဲ့သူများဖြစ်သည်၊ ဒါဝင်က အသိဉာဏ်ရင့်သန်သော တိရစ္ဆာန်များကို သာဓကတင်ကာ ရှင်းပြခဲ့သည်၊ ရိုမိန်းက ငါးတို့တွင် စိတ်ဆိုးခြင်း စက်ဆုပ်ကြောက်ရွံ့ခြင်း၊ မနာလိုခြင်းစသောစိတ်များကို ဖေါ်ပြဘတ်ခြင်း၊ လူတို့ကဲ့သို့ ပေါင်းသင်း ဆက်ဆံ လိုစိတ် ကာမစိတ် မိဖစိတ် ရှာဖွေစိတ်များ' ရှိကြသည်ဟု ပြဆိုခဲ့လေသည်။ စင်စစ် ဤသည်မှာ လက်ခံနိုင်စရာမရှိချေ။ သက်ရှိသတ္တဝါတို့၏ 'သမုဒယလောဘမောဟ' မူလအကြောင်းရင်းခံသော သတ္တဝါအဖြစ် 'ကိလေသာသံယောဇဉ်' စိတ် စေတသိတ်များ ဖြစ်ခြင်း၌ တူညီ သည်မှာ အထူး မဟုတ်ချေ။ ဤနေရာ၌ ဗုဒ္ဓ၏ 'ပရမတ္ထ ဓမ္မ'ကို သိနားလည် ပါက ရှင်းလှ လေသည်။ စိတ်, စေတသိတ်,ရုပ်,နိဗ္ဗာန်တို့ကို ပရမတ္ထ ဓမ္မဟု ဗုဒ္ဓက မိန့်ဆိုခဲ့သည်။ ဥပမာ- 'လောဘ' စေတသိတ် တရားသည် လူသားတွင် ဖြစ်စေ ပရွက်ဆိတ်တွင် ဖြစ်စေ သို့မဟုတ် ဆင်တွင်ဖြစ်စေ ဖြစ်ပါက 'လိုချင်ခြင်း'ဟူသော လောဘသဘောမှ ပြောင်းလဲမည် မဟုတ်ချေ။ ထိုသတ္တဝါ၏ ဘဝအသိအားလျော်စွာ လိုချင်မှုဖြစ်မည်သာဖြစ်သည်။ ဤသို့ဖြစ်သည်မှာ သတ္တနှင့် သဘာဝတို့တွင် ပရမတ္ထ ဓမ္မသာ ရှိသည်ဆိုသော အဆိုအမိန့်၏ သဘာဝကျန မှန်ကန်ခြင်းကြောင့်ဖြစ်သည်။ လူနှင့် တိရိစ္ဆာန်တို့၏ အသိဉာဏ် တူညီသောကြောင့် မဟုတ်ချေ။ အမှန်ကား လူနှင့် တိရိစ္ဆာန်သည် ကွာခြားလှသည်။

တိရစ္ဆာန်တို့သည် သင်ယူခြင်းဖြင့် အတတ်အသိကို ရရှိနိုင်သည်။ မိမိဘဝ ရပ်တည်မှုအတွက် လိုအပ်သော အသိအပြု တို့ကိုရရှိနိုင်ပေမည်။ တဏှာသမုဒယ သတ္တဝါဖြစ်သဖြင့် "ကိလေသာ ကာမစိတ်ဆန္ဒ"စသည်တို့ဖြစ်မည် ခံစားပေမည်။ သို့သော် လူအသိဉာဏ်

---

၁ Intelligence. ၂ George J.Romanes.

ကဲ့သို့သော အသိဉာဏ် ရှိသည့်အတွက်ကား မဟုတ်ချေ။ လူတို့ကား အသိဉာဏ် အရာ၌ တိရစ္ဆာန် တို့ထက် သာလေသည်။ လူသည် စဉ်းစားဆင်ခြင်တတ်သည်၊ တွေးခေါ် မျှော်မြင်တတ်သည်၊ နက်နဲစွာ သိမြင်နိုင်စွမ်းရှိလေသည်။ ဥပမာကား လူသည် ဆင်ခြင်ရာ၌ဖြစ်ပေါ် နေသော အချက် အလက်များပေါ်၌ မူတည်၍ကာ ကျန မှန်ကန်စွာ တက္ကဗေဒ နည်းကျကျ စဉ်းစားဆင်ခြင် နိုင်လေသည်။ ဆင်ခြင်ရာ၌ပင် စံနစ်ကျနစွာ စဉ်းစားဆင်ခြင်လေသည်။ တက္ကဗေဒပညာ၏ ဥပဒေသ အရ "သာမညကြိဆဆင်ခြင်ခြင်း [၁] "နှင့် ဝိသေသ ကြိဆ ဆင်ခြင်ခြင်း [၂] " ဟူ၍ ရှိလေသည်။ သာမညကြိဆဆင်ခြင်ခြင်း ဟူသည်မှာ ယေဘုယျသဘောတရားမှ ပုဂ္ဂလဓိဋ္ဌာန်ဖြစ်သော တစုံတခုသို့ဆွဲယူခြင်း ပင်ဖြစ်သည်။ ဝိသေသ ကြိဆဆင်ခြင်ခြင်းကား သီးခြားအတွေ့အကြုံ များကို စုပေါင်း၍ အချုပ်သဘော တရားတခု ဆွဲယူခြင်းပင်ဖြစ် သည်။ ဆင်ခြင်မှုနှင့် ပတ်သက်သော ပုံစံများကို ဂရိတို့သည်တီတွင် ခဲ့၏။ ၁၈-ရာစုခေတ်အတွင်း၌ ဆွစ်လူမျိုးသင်္ချာဆရာ အယ်အူလာ [၃] သည်လည်း သရုပ်ပြဆင်ခြင်မှုပုံစံများကိုစတင်အသုံးပြုခဲ့သည်ဟုဆို၏။ ပြဿနာသော်၎င်း၊ မတော်တဆသော်၎င်း၊ ပြဿနာဖြေရှင်းခြင်းတို့ကို တိရစ္ဆာန်တို့သည် ပြုလုပ်နိုင်ပေမည်။ အနည်း အပါးလည်း စဉ်းစား ဆင်ခြင်မှု ရှိကောင်း ရှိပေမည်။ သို့သော် စနစ်တကျ စဉ်းစားဆင်း ခြင်း၊ တွေးတောကြိဆခြင်းတို့ကား လူတို့သာ လုပ်စွမ်းနိုင်ကြသည်။ လူသည် တွေးခေါ်မှု၊ မျှော်မြင်မှုကို ပြုတတ်၏၊ နက်နဲစွာ သိနိုင်၏၊ အကြောင်း အကျိုး အကောင်း အ ဆိုးကို ဝေ ဘန် သိ မြင် နိုင် ၏၊ ထို့ကြောင့် လူသည် တိရစ္ဆာန်ထက် သာလွန်သည်။ တနည်းအားဖြင့် တိရစ္ဆာန်နှင့်ခြားနားသည့် ပရမတ်ပုဂ္ဂိုလ်သတ္တဝါသာ ဖြစ်လေသည်။

## လူသားနှင့် ဗုဒ္ဓဝါဒ

လူသားသည် အလွန်အံ့ဘွယ်ကောင်းသော သတ္တဝါဖြစ်လေသည်၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းတို့သည် အခြားသော သတ္တဝါတို့နှင့် လုံးဝ ခြား

၁ Deduction. ၂ Induction ၃ L.Eular.

နားလေသည်။ ယနေ့ လူသည် ပြုသူ၊ ဖန်တီးသူ၊ စိုးမိုးပိုင်သသူဖြစ်လေသည်။ လူ၏ အလွန် အဆင့်မြင့်သော သဘာဝကို ယဉ်ကျေးမှုများအား ကြည့်ခြင်းဖြင့် သိနိုင်လေသည်။ ဤသို့ ယဉ်ကျေးမှုတိုးတက်လာရခြင်းသည် လူ၏ ပဓါန စွမ်းအားနှင့် စိတ်စွမ်းအင် ရုပ် စွမ်းအင်တို့ကြောင့်ဖြစ်လေသည်။ "လူတို့၏ရုပ်စွမ်းအင်ကို ခန္ဓာကိစ္စဗေဒပညာ၁" အရ ကောင်းစွာသိနိုင်ပြီး စိတ်သဘာဝကို "စိတ်ပညာ၂" ဖြင့်သိနိုင်လေသည်။ လူတို့၏ စိတ်နှင့်စပ်လျဉ်း၍စိတ်ပညာရှင်များသည် အခြေခံဇာတိစိတ်များကို ပြဆိုထားကြလေသည်။

ဥပမာ— "ခွဲခြားစိတ်ဖြာ ပညာရှင်၃" "ဆစ်ဂမွန် ဖရွိုက်၄" ကလူတို့၏ အခြေခံဇာတိစိတ်နှစ်ခုကို တင်ပြခဲ့သည်။ ၎င်းစိတ်တို့ကား "တတ်မက်တတ်သော တဏှာကာမ ဇာတိစိတ်နှင့် မိမိကိုယ်ကို မိမိ ထိန်းသိမ်းသောဇာတိစိတ်ဟု ပြဆိုခဲ့သည်။ စင်စစ်ကား လူတို့တွင် တဏှာကာမသည် ပဓါနအကျဆုံးသော စိတ်ဓါတ်ဖြစ်၏။ လူတို့၏ တိုးတက်မှု၊ မတိုးတက်မှု၊ ကောင်းမွန်မှုဆိုးရုပ်မှု စသည်တို့သည် ၎င်းကြောင့်ပင်ဖြစ်လေသည်။ ဗုဒ္ဓသည်ကား "သတ္တနှင့် လောကတို့တွင် သမုဒယသည် ပဓါနအကြောင်းခံ ပရမတ်ထွ သစ္စာ" ဖြစ်သည်ဟု မိန့်မြွက်ခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဝါဒီတို့သည် လူနှင့်အခြားသတ္တဝါတို့တွင် တဏှာသမုဒယ အဓိကမူလ ဖြစ်သည်ဟု ယူဆထားကြလေသည်။

လူသားတွင် ဤပဓါနစိတ် အကြောင်းခံ ကြောင့်ပင် လောက၏ အတတ်အသိ ယဉ်ကျေးမှုများ၊ လောကုတ္တရာ၏ အသိအမြင် လွတ်မြောက်မှုချမ်းသာများကို ယနေ့ကာလအခွံမခန်း ပိုင်ဆိုင်ခံစား နေရခြင်းဖြစ်သည်။ လောကအတတ်အသိ ယဉ်ကျေးမှုပိုင်းတွင် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု၊ စိတ်ပိုင်း ယဉ်ကျေးမှုများ ပါရှိပြီး၊ လောကုတ္တရာတွင်ကား စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု သက်သက်မျှသာ ပါရှိလေသည်။

---

၁ Physiology. ၂ Psychology. ၃ Psychoanalyst. ၄ Sigmund Freud.

လောကဆိုင်ရာ၌လူတို့၏အတတ်အသိပညာများသည် ယနေ့အခါတွင် ဘာသာရပ် အမျိုးအစားအားဖြင့် များပြားလှလေသည်။ ရုပ်ပိုင်းဘောင်အတွင်း၌ပင် သက်မဲ့ရုပ်လောကပညာရပ်များ၊ဥပမာ ရူပဗေဒ ဓါတုဗေဒစသည်များဖြစ်ပြီး သက်ရှိရုပ်လောက ပညာများသည်ကား ခန္ဓာဗေဒ၊ ပါဏဗေဒ၊ ရုက္ခဗေဒစသည်များ ဖြစ်လေသည်။ ထိုသိပ္ပံပညာများဖြင့်ခြားနား၍ စိတ်ပိုင်းဆိုင်ရာ ပါရှိသော သိပ္ပံပညာရပ်များကား မျက်မှောက်ခေတ်တွင် များပြား လှလေသည်၊ ပမာအားဖြင့် "လူမှုရေးသိပ္ပံ, ယဉ်ကျေးမှုသိပ္ပံ, လူမှုဆက်ဆံရေးသိပ္ပံ, စီးပွားရေးသိပ္ပံ,နိုင်ငံရေးသိပ္ပံ"တို့နှင့် စိတ်ပညာများ ဒဿနိကဗေဒပညာများ, စသည်တို့ဖြစ်လေသည်၊ လူ့လောကတွင် စီးပွားရေး လူမှုရေး ပြဿနာများ ပြေလည်ကောင်းမွန်ဘို့လိုအပ်သလို၊ လူတို့၏ကိုယ်ကျင့်တရားများ ကျင့်ဝတ်များ အတွေးအမြင် အယူအဆများသည်လည်း ပြေလည်ကောင်းမွန်ဘို့ သန့်ရှင်းမှန်ကန်ကောင်းမွန်ဘို့ အလွန်လိုအပ်လေသည်။

လောက၏ အတတ်ပညာ အယူအဆများ အရ "ဂါလီလီယို[၁] ၁၉ ရာစုအေဒီ" တို့မှစ၍ဆာအိုင်ဇက်နယူတန်[၂]"၁၆၄၂-၁၇၂၇၊ အဲလ်ဘာတ်အိုင်စတိုင်း[၃] ၁၈၇၇-၂၉၅၅,စသော သိပ္ပံကျော်တို့သည် လူတို့အား အကျိုးပြုမှုများကို စွမ်းဆောင်ခဲ့ကြလေသည်၊ နှစ်ဆယ်ရာစုနှစ်ဦးတွင် "အဒမ်းစမစ်ယ်[၄]ကောလ်မက်စ်[၅]၁၈၁၆-၁၈၈၃" ဟားဘက်စပင်ဆာ[၆] စသော ပုဂ္ဂိုလ်တို့သည် လူတို့၏ စီးပွားရေး နိုင်ငံရေး လူမှုရေးတို့အတွက် စာအုပ်စာတမ်းများ ရေးသား တင်ပြခဲ့ကြ လေသည်၊ ၎င်းတို့၏နည်းစနစ်အတိုင်း ယနေ့လူတို့သည် ပြုမှုလုပ်ဆောင်နေကြလေသည်၊ လူတို့၏ကိုယ်ကျင့်တရား စိတ်စေတနာများ ကောင်းမွန်စင်ကြယ်ရေး အတွက် မြတ်ဗုဒ္ဓဂေါတမ၊ ခရစ်တော်၊ မဟာမဒ် စသောပုဂ္ဂိုလ်တို့သည်၎င်း၊ အခြားသော နီတိဆရာများ၊ ဒဿနိက

---

၁ Galileo. ၂ Sir. Isaac Newton. ၃ Albert Einstein.
၄ A Dam Smith. ၅ Karl Marx. ၆ Herbert Spencer.

အယူအဆ များသည်၎င်း၊ လူသားတို့အား ပြုပြင် ပေးခဲ့ကြသည့် ထိမ်းကျောင်းပဲ့ကိုင်ပေးခဲ့ကြလေသည်။

ယနေ့အခါတွင် ဘာသာတရားကိုလူတို့သည် အပိုအဖြစ်သတ်မှတ်သောအဖြစ်သို့ ရောက်နေခြင်းများကို ပြုမူနေကြလေသည်၊ ဤသို့ပြုမူခြင်းသည် လူများစုမဟုတ်သော်လည်း ကောင်းကျိုးကိုပေးမည့် အပြုသဘောမဟုတ်ချေ၊ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒတို့သည် လောကုတ္တရာများဖြစ်သော်လည်း စင်စစ်လူသားလောက အကျိုးအတွက် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်လေသည်၊ လူတို့သည် စစ်ကိုလိုလားသူများ ဒုက္ခတရားကို ခံစားလိုသူများ မဟုတ်ကြချေ၊ သို့သော်"လူမှန်လျှင် အချစ်ဟူသော သမုဒယနှင့် မကင်းနိုင်၊ တိုင်းပြည်မှန်လျှင် စစ်ဟူသော ဒုက္ခနှင့်မကင်းနိုင်" ဟု လောကတွင်ဆိုရိုးရှိလေသည်၊ တကယ်တန်းတွင်လည်း စစ်ဟူသည်မှာ ကုန်ခဲ့သောနှစ်ပေါင်း ၃၀၀၀၀-ကျော် (ခရာဇ်မပေါ်မီ ၁၅၀၀၀) ခန့်ဖြစ်သော လူ့သမိုင်းအစကပင် လူသားတို့ပင် စစ်ဟူသောဒုက္ခကို ခံစားတွေ့ကြုံခဲ့ရလေသည်၊ ယနေ့တိုင်သောလူ့သမိုင်းစဥ် တလျှောက်တွင်လည်း စစ်ပွဲများဖြင့်ချယ်မှုံးခဲ့သည်၊ တိုက်ခိုက်သတ်ဖြတ်ကြသော သွေးတို့ဖြင့် လူ့သမိုင်းကို ရေးခဲ့သည်၊ အခဏ်းဆက် လည်ပတ်စေခဲ့သည်၊ စင်စစ်လူ့သမိုင်းကိုစိစစ်ဝေဘန်ပါက စစ်ပွဲများ လူအချင်းချင်း သတ်ဖြတ်မှုများ ဖိနှိပ်ကျွန်ပြုမှုများ မတရားသွေးစုတ် လုယက်မှုများ ဟူသေအကြောင်းတို့သာ ဖြစ်လေသည်။

လူတို့သည် အသိ အဆင်ချင်ဉာဏ်ရှိသော သူများ ဖြစ်သည်။ အကြောင်းအကျိုး အကောင်းအဆိုးကိုသိတတ်သူများဖြစ်သည်။ မိမိ၌ စိတ်ရိုင်းစိတ်မိုက်များကို ထိန်းသိမ်းဖျောက်ဖျက်နိုင်သော သူများဖြစ်သည်။ ထို့ကြောင့်ပင် လူတို့သည် အချင်းချင်းတိုက်ခိုက် ဖျက်ဆီး သတ်ဖြတ်နေသည်ကို ကောင်းသည်ဆိုးသည်ဟု ကွဲပြားစွာသိမြင်သင့်လေသည်။ တဦးနှင့်တဦး ဖိနှိပ်မှု ချုပ်ချယ်မှု မတရားသိမ်းပိုက်မှု တိုက်ခိုက် သတ်ဖြတ်မှုများပြုရန် လုံးဝမသင့်ချေ။ ဤသည်ကို သိမြင်တော်မူသော ဗုဒ္ဓသည် လူတို့နှင့်လောကအကျိုးအတွက် မေတ္တာတရားထား

ရန်၊ အချင်းချင်း ရန်ငြိုးမဖွဲ့ရန်၊ ငြိမ်းအေးကြရန်၊ ချစ်ခင်ယုံကြည်မှု ရှိရန်တို့ကို ဟောကြားတော်မူခဲ့လေသည်။

> "ဤသူသည် ငါ့ကိုဆဲရေးဘူးပြီ၊ ငါ့ကိုညှဉ်းဆဲဘူးပြီ၊ ငါ့ကို အောင်နိုင်ဘူးပြီ၊ ငါ့ဥစ္စာကိုယူဆောင်ဘူးပြီဟု ထိုသူ့အပေါ်၌ ရန်ငြိုးဖွဲ့ကုန်၏။ ထိုသူတို့အား ရန်သည် မငြိမ်းအေးနိုင်"။
>
> "ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည်အဘယ်အခါမျှ မပြေငြိမ်းနိုင်ကုန်။ ရန်တုံ့မမူခြင်းဖြင့်သာလျှင် ရန်ပြေငြိမ်းနိုင်ကုန်၏။ဤသဘောကားအစဉ်အလာနိယာမ ဓမ္မတာတည်း။"
> (ဓမ္မပဒ-၃-၅) ခုဒ္ဒကနိကာယ။
>
> "တယောက်ကတယောက်ကို အမျက်မထွက်ပါစေလင့်။ တစုံတခုသောအရာ၌ တစုံတယောက်ကိုမျှ ချုပ်ချယ်ခြင်းဖြင့်၎င်း၊ ရန်လိုသောစိတ်ဖြင့်၎င်း၊ မထေမဲ့ပြင်မပြုပါစေလင့်။ အချင်းချင်းဆင်းရဲမှုကို အလိုမရှိပါစေလင့်"။
>
> "မိခင်သည် ရင်မှဖြစ်သော တဦးတည်းသားကို အသက်ရှင်စေရန်အစဉ်စောင့်ရှောက်ဘိသကဲ့သို့ ဤအတူပင် သတ္တဝါခပ်သိမ်းတို့၌အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွားများရာ၏။ (မေတ္တာသုတ်၆-၇) ဒုဒ္ဒကနိကာယ။"

မျက်မှောက်အခါတွင် လူတို့သည် ဤဒေသနာသဘောတို့ကို ပိုပြီး ဆင်ခြင်တွေးခေါ် သင့်လေသည်။ ယနေ့ကမ္ဘာကြီးတွင် အမျက်သိုမှု ရန်လိုမှု၊ ဖိနှိပ်ချုပ်ချယ်မှု၊ တိုက်ခိုက်သတ်ဖြတ်မှု၊ အမြတ်ထုတ်မှုများ သည် ကမ္ဘာနှင့်အဝှန်း ပြည့်နှက်နေလေသည်။ ကုန်ခဲ့သော ကမ္ဘာ့ သမိုင်းတွင်လည်း ဤသို့ပင်ဖြစ်ခဲ့သည်။ ဤသည်ကို ယဉ်ကျေးသူ အသိ ဉာဏ်ပိုင်ရှင် သူတို့သည် သိနားလည်သင့်လေသည်။ သို့သော် လူတို့ ကား မျက်မှောက်ကမ္ဘာ့ပြဿနာများကို ကြည့်ခြင်းအားဖြင့် အဆင် ခြင်အသိဉာဏ် မဝင်သေးချေ။ ဤသို့ရှိပါက လူတို့ တခုနားလည်သင့် သည်ကား ပစ္စက္ခလူသားတို့သည် ရှေးဦးလူတို့ကဲ့သို့မဟုတ်ဘဲ သဘာ

ဝ ရွေးချယ်မှုနှင့် သဘာဝအင်အားကြီးများကို နိုင်နင်းသူများဖြစ်၏။ မိမိကိုယ်ကိုမူကား မိမိမနိုင်နင်းချေ။ တိုးတက်လာသောအတတ်ပညာတို့ကြောင့် ယခုအခါ၌ လူသည် သက်ရှိလောကတခုလုံးကိုပါ ဖျက်ဆီးချေမှုန်းပစ်နိုင်သော စွမ်းအားကို လက်ဆုပ်လက်ကိုင် ပိုင်ဆိုင်နေလေပြီ။ လူ့အသိအဆင်ခြင်ဉာဏ်နှင့် တားဆီးနိုင်ကောင်းပေမည်။ သို့မဟုတ် ဗုဒ္ဓ၏အဆိုကို လိုက်နာကျင့်သုံးခြင်းဖြင့် တားဆီးနိုင်လေမည်လော။ လောလောဆယ်တွင်ကား တဦးနှင့်တဦး မေတ္တာမထားနိုင်ကြသဖြင့် ‘‘လက်နက်လျှော့ပေါ့ဖျက်သိမ်းရေး[၁]’’ သည်ပင် ယနေ့တိုင် မဖြစ်သေးချေ။ ။

## ဗုဒ္ဓ၏ ကမ္မဝါဒ

ဗုဒ္ဓသည် ကမ္မဝါဒကို အဓိက ကျစွာ လက်ခံလေသည်၊ သို့သော် ခေတ်ပြိုင်ဖြစ်ခဲ့သော မဟာဝီရ(ဂျိန်းအယူဝါဒ ဦးစီး)၏ ကမ္မဝါဒကဲ့သို့ မဟုတ်သည်ကိုကား သိနားလည်ထားသင့်သည်၊ ဗုဒ္ဓ၏ကမ္မဝါဒသည် ‘ ကြောင်းကျိုးနိယာမ[၂]’’ အားဖြင့် ဆက်စပ် ယူဆသော ကမ္မဝါဒဖြစ်လေသည်၊ စင်စစ် ကြောင်းကျိုး ဆက်သွယ်မှု သဘောတရားသည် သိပ္ပံပညာ၏ ပဓာန ယူဆချက်ဖြစ်လေသည်၊ သို့သော် ၁၇–ရာစုနှစ် အေ-ဒီ ခေတ် ရောက်ခါမှပင် သိပ္ပံပညာ ရှင်ကြီး ဂယ်လီလီယိုသည် ကြောင်းကျိုးဆက်သွယ်မှု နိယာမကို သိပ္ပံပညာနယ်ပယ်သို့ သွတ်သွင်းခဲ့လေသည်။

ဗုဒ္ဓသည်ကား အိန္ဒိယပြည် မဇ္ဈိမဒေသ၌ ဘီစီ ၆-ရာစုကပင် ဟောကြားမိန့်ဟခဲ့၏။ ဗုဒ္ဓသည် မိမိ၏ ကမ္မဝါဒ အယူအဆအား လောကလောကုတ္တရ အကျိုးအားဖြင့် နှစ်ဖက်ရ ဟောကြားတော်မူခဲ့လေသည်။ ဗုဒ္ဓစေါဒကမ္မဝါဒအဆိုအရ ကံတရားတို့ဖြစ်ပွားရာသည် ကာယ ‘ဝစီ’ ‘မနော’ ဟူ၍ သုံးပါးရှိသော်လည်း အဓိကအားဖြင့် အရေးပေါ်လေးနက်သည်ကံတို့ကား ကာယကမ္မ ‘ဝစီကမ္မ’ တို့သာဖြစ်လေသည်။

---

၁ Disarmament. ၂ Causality.

မနောကမ္မ'သည်ကား ပုဂ္ဂိုလ်တဦးချင်းအားဖြင့်သော်၎င်း၊ အသင်းအဖွဲ့အစည်း ဆက်ဆံမှုတွင်၎င်း သိသာစွာ ထင်ရှားသည်မဟုတ်သော မူလအကြောင်းကမ္မအဖြစ်ဖြင့် ပါရှိသေသည်။ စင်စစ် မနောကမ္မမှ ကင်းလွတ်၍ ကာယကမ္မ, ဝစီကမ္မတို့သည် ဖြစ်နိုင်သည် မဟုတ်ချေ၊ ထို့ကြောင့်ပင် ယေဘုယျအားဖြင့်ဆိုပါမူ ဗုဒ္ဓ၏ ကမ္မအယူအဆတွင် 'စိတ်'တရားသည် ပဓါနဖြစ်လေသည်။ ထို့ကြောင့်ပင်—

"နာမ်ခန္ဓာတို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏၊ စိတ်လျှင် အကြီးအမှူးရှိကုန်၏၊ စိတ်ဖြင့်ပြီးကုန်၏၊ ပြစ်မှားလိုသောစိတ်ဖြင့် အကယ်၍ ပြောဆိုသော်၎င်း၊ ပြုလုပ်သော်၎င်း၊ ကြံစည်သော်၎င်း၊ ထိုပြောဆိုပြုလုပ်ကြံစည်မှု တို့ကြောင့် လှည်းဘီးသည်ဝန်ဆောင်နွား၏ခြေရာသို့အစဉ်လိုက်ဘိသကဲ့သို့ ထိုသူတို့ ဆင်းရဲသည်အစဉ်လိုက်၏"။ (ဓမ္မပဒ-၁)

ဤသို့ ဗုဒ္ဓမိန့်ဆိုခဲ့ခြင်းသည် ကမ္မတရားတို့တွင် စိတ်ပဓါန ကျခြင်းကြောင့်ပင်ဖြစ်လေသည်။ ကမ္မဝါဒ အယူအဆသည် လူမှု ဆက်ဆံရေးနယ်ပယ်၌ လိုအပ်လေသည်။ ပြောဆိုပြုမူ ကြံစည်မှု စသောကမ္မတရားများ ကောင်းမွန်ပါက လောကကြီး သာယာ ငြိမ်း ချမ်း မည်မှာ သံသယရှိစရာမလိုချေ။ ကမ္ဘာလောကကြီး၌ ငြိမ်းချမ်းမှုကို လိုအပ်သလို ငြိမ်းချမ်းသာယာစေသော ကမ္မတရားတို့သည်လည်း လိုအပ်လှလေသည်။ ဗုဒ္ဓ၏ ကမ္မဝါဒသည် လူတို့အား "စာရိတ္တတန်ဘိုး[၁]" ရှိစေရန်ဖြစ်သည်။ လူ့လောကကြီး ငြိမ်းချမ်းရန်၊ သာယာမှု ရှိရန် အတွက် လူတို့၏ "ကိုယ်နှုတ်နှလုံးသေဝင်မှု[၂]" ရှိဘို့လိုအပ်လေသည်။ ထို့ကြောင့်ပင် ဗုဒ္ဓသည် မိမိ၏ ကမ္မဝါဒ အယူအဆ အရ စိတ် ကို ပဓါနအားဖြင့် ကောင်းမွန်ရန် စောင့်ထိန်း ဆုံးမအပ်ကြောင်း ဟောကြားခဲ့ခြင်းဖြစ်လေသည်။ "လေးသမားသည် မြှားကို ဖြောင့်အောင် ပြုသကဲ့သို့ ပညာရှိသည် တုံလှုပ်၍ လျှပ်ပေါ်လော်လည်ခြင်းသဘော

---

၁ Moral Value. ၂ Disciplined use of Self.

ရှိသော စောင့်ထိန်းရန်၊ တားမြစ်ရန် ခက်ခဲသောစိတ်ကို ဖြောင့်အောင် ပြု၏။

နှိပ်နင်းရန်ခဲယဉ်း၍ လျင်မြန်သော သဘောရှိသော၊ အလိုရှိရာ အာရုံ၌ ကျလေ့ရှိသော၊ စိတ်ကို ဆုံးမခြင်းသည် ကောင်း၏၊ ယဉ်ကျေးသော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။ အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာ အာရုံ၌ ကျလေ့ ရှိသော စိတ်ကို၊ ပညာရှိသည် စောင့်ရှောက်ရာ၏၊ စောင့်ရှောက် ထားအပ်သော စိတ်သည် ချမ်းသာကိုရွက်ဆောင်တတ်၏။ (ဓမ္မပဒ ၃၃-၃၅-၃၆)

ဗုဒ္ဓ၏ ကမ္မဝါဒ သည် အကြောင်း အကျိုး နိယာမ အားဖြင့် မကောင်းမှုကို ပြုမူကျင့်ကြံလျှင် မကောင်းကျိုးကိုသာ ခံစားရချေမည်၊ ကောင်းမှုကို ပြုမူကျင့်ကြံအားထုတ်ပါက ကောင်းကျိုးကို ခံစားရမည် ဖြစ်သည်၊ ဤကမ္မနိယာမ၌ အကြောင်းအကျိုး အစဉ်အဆက်အားဖြင့် နက်ရှိုင်းသည်ကို သတိပြုသင့် လေသည်၊ သမိုင်းစဉ်၌"ဟစ်တလာ[၁], မူဆိုလိနီ[၂]"တို့၏အကြောင်းသည်ပိပြင်ထင်ရှားခဲ့သည်၊ သို့သော် လောက၌ အချို့သော သူတို့သည် မကောင်းသော အမှုများ အသက်မွေး ဝမ်းကျောင်းများဖြင့် မဘာရားဝိသမ ကြီးပွားနေသူတို့ရှိသည်မဟုတ်ပါ လော....ဟု စောဒနာက ဆိုနိုင်လေသည်၊ စင်စစ်ဤသည်မှာ ပစ္စက္ခ ကာလ ထိုသူ၏ပတ်ဝန်းကျင်စသည့် အားလုံးသောအခြေအနေအရပ် ရပ်တို့ကြောင့် ပစ္စက္ခခေတ္တရပ်တည်နေခြင်းဖြစ်သည် အစစ်အမှန်ကား မကောင်းကျိုးကို ဧကန်ဧကေ မလွဲမသွေ ကြုံတွေ့ခံစားရမည်သာ ဖြစ် လေသည်၊ သမိုင်းစဉ်၌ တော်လှန်ရေး များကြောင့် ဝိသမ လောဘ အဓမ္မဖြင့် ချမ်းသာစည်းစိမ်တို့ကို ပြည့်စုံအိုးဘွာ ခံစားခဲ့ကြသော စစ် ဘုရင်ကြီးများ ပဒေသရာဇ်ကြီးများ မြေရှင် အရင်းရှင်ကြီးများသည် ပစ္စက္ခခေတ္တအားဖြင့် ရပ်တည်နိုင်ခဲ့ကြသော်သည်း နောက်ဆုံးဝေကန် အမှန်ပျက်ပြုန်းခဲ့ကြရလေသည်၊ ထို့ကြောင့်ပင် ဗုဒ္ဓသည် နက်နဲသော ကမ္မနိယာမကို ဤသို့မိန့်ဟခဲ့တော်မူခြင်းဖြစ်သည်။

---

၁ Hitler. ၂ Mussolini.

"မကောင်းမှု ပြုသောသူပင် ဖြစ်သော်လည်း မကောင်းမှု အကျိုးမပေးသေးသ၍ ကာလပတ်လုံး ကောင်းမြတ်သော အာရုံကို တွေ့မြင်နိုင်သေး၏။ မကောင်းမှု အကျိုးပေးသော အခါ၌မူကား မကောင်းမှု ပြုသူသည် မကောင်းကျိုးတို့ကိုသာ တွေ့မြင်ရတော့၏"

"ကောင်းမှု ပြုသောသူပင် ဖြစ်သော်လည်း၊ ကောင်းမှု အကျိုးမပေးသေးသ၍ကာလပတ်လုံး မကောင်းသောအာရုံကို တွေ့မြင်နိုင်သေး၏။ ကောင်းမှုအကျိုးပေးသော အခါ၌မူကား ကောင်းမှုပြုသူသည် ကောင်းကျိုးကိုသာ တွေ့မြင်ရတော့၏"

"မိုက်သောသူသည် အကြင်ရွေ့လောက် မကောင်းမှုသည် အကျိုးမပေးသေး။ ထိုရွေ့လောက် မကောင်းမှုကို ပျားသကာကဲ့သို့ ထင်မှတ်၏ အကြင် အခါ၌ကား မကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ၌ ဆင်းရဲသို့ရောက်ရ၏"

"ညှစ်ပြီးစ နို့ရေသည် ပြကတေ့သဘောမှ ရုတ်တရက် မပြောင်းလဲသကဲ့သို့၊ ပြုသစ်စဖြစ်သော မကောင်းမှုသည်လည်း ရုတ်တရက်အကျိုးမပေးသေး၊ အကျိုးပေးသော အခါ၌ကား ပြာဖုံးသော မီးခဲ ကဲ့သို့ သူမိုက်ကို လောင်ကျွမ်း စေလျက် အစဉ်လိုက်၏" (ဓမ္မပဒ-၁၁၉၊၁၂၀၊၆၉၊၇၁)

× × ×

## ဗုဒ္ဓဝါဒအား လောကအမြင်

"သစ်သီးမှည့်တို့အား နံနက်တိုင်း ကြွေကျရခြင်းကြောင့် ဘေးဖြစ်သကဲ့သို့ ဤအတူ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာကုန်သောသတ္တဝါတို့အား သေရခြင်းကြောင့် အမြဲဘေးဖြစ်နေ၏။ (၅၈၂)"

"အိုးထိန်းသည် ပြုလုပ်အပ်သော မြေအိုးမြေခွက်အားလုံးတို့သည် ကွဲခြင်းလျှင်အဆုံးရှိကြကုန်သကဲ့သို့ ဤအတူ သတ္တဝါတို့အသက်သည် သေခြင်းလျှင် အဆုံးရှိ၏" (၅၇၃)။

"ငယ်သူတို့သည်၎င်း၊ ကြီးသူတို့သည်၎င်း၊ မိုက်သူတို့သည်၎င်း၊ ပညာရှိသူတို့ သည်၎င်း၊ ထိုသူအားလုံးတို့သည်သေမင်း၏ အလို နိုင်ငံသို့ လိုက်ပါကြရကုန်၏။ အလုံးစုံသော သူတို့သည် သေမင်း၏ အထံသို့ဆိုက်ရောက်ကြရကုန်၏" (၅၇၄)၊

"သေမင်း နှိပ်စက် အပ်ကုန်သည်ဖြစ်၍ တမလွန်လောကသို့ သွားကုန်သော ထိုသတ္တဝါတို့တွင်၊ အမိ အဖသည် သားသမီးကို သေဘေးမှ မစောင့်ရှောက်နိုင်။ ဆွေမျိုးတို့သည်လည်း ဆွေမျိုးတို့ကို သေဘေးမှ မစောင့်ရှောက်နိုင်ကုန်" (၅၇၅)။

"ကြည့်ရှုစမ်းပါလော့၊ သတ်မည့်နွားကို ဆောင်ယူသွားသကဲ့သို့ ဆွေမျိုးတို့ ကြည့်ရှု နေကြရကုန်စဉ်ပင် အထူးထူး အထွေထွေ ငိုကြွေးမြည်တမ်းနေကြကုန်စဉ်မှာပင် သတ္တဝါတို့အား တယောက်စီ၊ တယောက်စီ သေမင်းသည် ဆောင်ယူသွားလေ၏" (၅၇၆)

(သုတ္တနိပါတ်၊ မဟာဝဂ်၊ သလ္လသုတ်-ခုဒ္ဒကနိကာယ်)။

ဤအဆိုအမိန့်များသည် လောကနှင့် လူသားတို့အတွက် မလိုလားအပ်သည် မဟုတ်ပါလော?။ လူ့လောကီအား အကျိုးယုတ်စေသည် မဟုတ်ပါလော။ လူတို့၏ ထိုးတက်မှုကို နောက်ပြန်ဆွဲ၍ ဆုတ်ယုတ်စေသည်မဟုတ်ပါလား?။ လူတိုင်းသေရမည် အမှန်ဖြစ်သည်ကို လူတို့ စိတ်ဓာတ်ကျဆင်းအောင် အမိပ္ပါယ်မဲ့ အဆိုများ မဟုတ်ပါလား?။ စသည် စသည်ဖြင့် ဤသို့ယူဆပြောဆိုပါက ဖြစ်တန်ကောင်း ဖြစ်တန်ပေမည်၊ လူ့လောကီ 'လူတို့ရှုထောင့်မှအတွေးအမြင်'¹ အရ မှန်ကန်ကောင်း မှန်ကန်ပေမည်။ လောကီအမြင်အရဆိုလျှင် လူတိုင်းလူတိုင်း

၁ Anthropomorphism.

သည် မိမိနှင့် မိမိ မိသားစု အကျိုးစီးပွားအတွက် တလိုက်မောမော အတောမသတ် ရှာဖွေပြုလုပ်ရမည်ဖြစ်သည်။ အမှတ်မရှိသော တနေ့နေ့တွင် နှလုံးခုန်ရပ်စဲပြီး သေဆုံးရမည် ဖြစ်သော်သည်း မသေခင်၌ သေခြင်းတရားကို တွေးဆပြီး ကြောက်ရွံ့စိုးထိတ် မနေသင့်ချေ။ အသက်ကြီးပြင်း အိုမင်းရင့်ယော် မသန်မစွမ်း ရှိသောအခါမှ ရှိစေတော့။ မအိုခင်ကား လောကတွင်ပျော်ပါးစွာနေထိုင်ပြီး နေ့စဉ်ရက်ဆက် မိမိအကျိုးစီးပွားအတွက် ကြိုးပန်း အားထုတ် နေရမည်သာ ဖြစ်သည်။ သို့မှသာ လူ့လောကကြီးသည် စည်ပင် ကြီးပွားလေမည် ဖြစ်သည်။ လူတိုင်းလူတိုင်း အိုနာသေဘေးတို့ကို ရှုဆင်ခြင်ပြီး သတိသံဝေဂ ရရှိသွားပါက လူ့လောကကြီးသည် ခြောက်သွေ့သွားပေမည်၊နောက်ဆုံး လူ့လောကကြီးတွင် သမုဒယ သံသရာ ရပ်စဲ ရပ်ဆိုင်းပြီး အစတုံး မျိုးဆက်ပြတ်သွားလေမည်။ ဤသို့ ကိလေသာ တဏှာကုန်ခမ်း၍ လူမျိုးဆက်ကြီး ဤကမ္ဘာပြိုဟ်မှ ပျောက်ကွယ်သွားမည်ကို စိုးရိမ် သံသယရှိသူများ ရှိပေလိမ့်မည်။ စင်စစ် ဤသည်မှာ 'မိုးပြိုမည်ကို ထန်းလက်အိုနှင့် ကာခြင်း'' သာဖြစ်သည်။ တဏှာ သမုဒယ ပြတ်၍ လူသားမျိုးဆက်ဆုံးမည်ထက် ကိလေသာဇောရမ္မက်နှင့် အနုမြူလက်နက်တို့ဖြင့်မျိုးဆက်ပြတ် ဖျက်ဆီးမည်ကို စိုးရိမ်သံသယရှိပါက ပို၍အကျိုးရှိပေမည်။

ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၏ ဤအဆိုအမိန့်များသည် ကိလေသာမီးတငြီးငြီး တောက်လောင်ခြင်း ခံနေရသော လောကမှ လူသားတို့အတွက်သာ ဖြစ်သည်။ တဏှာရမ္မက်နှင့် လောကထိပ်ဖျားသို့ တက်လှမ်းလိုသူတို့ အတွက် မဟုတ်ချေ။ လောက ဒုက္ခဝိစီးလှ၍ လွတ်မြောက်ခြင်းသန္တိသုခကို ရှာမည်ဆိုလျှင်ကား ဤအဆို အမိန့်များက ကမ်းလင့် ကြိုဆိုနေကြပေမည်ကို ဝေဘန်မှတ်ယူ ထားသင့်လေသည်။

---

၁ Opposite Extremes.

လူ့လောကကြီးကို ‘ဆန့်ကျင်ဖက် အစွန်းများ’’ မှ လွတ်သည့် အနေအထား အတွေးအယူ အမြင်တို့မှ ရပ်တည်ပြီး ‘ဓမ္မဒိဋ္ဌာန်နည်း၊’’ ကျကျ ရှုမြင်ဝေဘန်လျှင် ပမာအားဖြင့် လူသားတို့သည် သဘာဝ တရား၏ ဘေးဒုက္ခ အန္တရာယ် တို့ကို အမြဲလိုပင် ခံစားနေရသည်။ လူတို့၏ “လောဘ–ဒေါသ–မောဟ–ကောဓ” စသော တရားများမှ အရင်းခံဖြစ်ပေါ်နေသော စစ်ပွဲများကို ခံစားကြုံတွေ့နေရသည်။ဘီ-စီ ၃၅၀၀၀ ခန့်ကစစ်ပွဲနှင့် ယနေ့စစ်ပွဲသည်ပင် ဆင်းရဲဒုက္ခခံစားရခြင်း၌ ယနေ့စစ်ပွဲတို့က မနှိုင်းယှဉ်နိုင်အောင် ဒုက္ခပေးလေသည်။ သတ္တလောကကြီး၊’’ကို ဤကမ္ဘာကြီးပေါ်မှ ဖျောက်ဖျက် ပစ်စွမ်းနိုင်သော လက်နက်များ ရှိနေသဖြင့် အနာဂါတ်လူ့ဘဝသည်လည်း ဒုက္ခရောင်ခြည်သာ ယှက်သန်းနေသည်။ ပစ္စက္ခတွင်လည်း စီးပွားရေး၊ နိုင်ငံရေး စနစ်များ အနိမ့်အမြင့် အဖိအနှိပ် အချုပ်အခြယ် ပြုမှု ကျင့်သုံးနေသဖြင့် ကမ္ဘာ့လူများစုကြီးမှာ ဒုက္ခလှလှကြီး တွေ့နေရသည်။ တနေ့တခြား လူဦးရေ တိုးပွား များပြားလာမှုကလည်း လူသားတို့အတွက် ရက်စက်ကြမ်းကြုတ်သော ဘီလူးတကောင်အဖြစ် တရိပ်ရိပ်ကြီးထွားလာလေသည်။ စင်စစ် ထိုဘီလူးကို လူတို့၏ကာမတဏှာကပင်သန္ဓေတည်စေပြီး မွေးဖွားပေးခဲ့လေသည်။ လူသားပုဂ္ဂိုလ်တဦးချင်းအနေအားဖြင့်လည်း သန်းကြွယ်သူဌေးကြီးမှ ပစ္စည်းမဲ့ကြောမွဲအထိ မိမိတို့သန္တာန်တွင်ရှိသော ‘လောဘ၊ ဒေါသ၊ ကာမစ္ဆန္ဒ၊ မစ္ဆရိယ’ စသည်တို့ကြောင့် ဒုက္ခတရားက အမြဲ ကိန်းဝပ်နေလေသည်။ ဤသို့ဆိုပါက လူ့လောကသည် ဒုက္ခတရားအတိ ပြီးလေသည်ဟု ယူဆရမည်ဖြစ်သည်။ ဒုက္ခတရား ပွန်းတီး ပြည့်လျှံသော လူ့လောကမှ လွတ်မြောက်ငြိမ်းချမ်းမှုကို မလိုလားခြင်းသည် အံ့ဖွယ်ပင်ကောင်းလှလေသည်။

× × ×

---

၁ Objective Method. ၂ The Animal World.

## ဘာသာတရားနှင့်သိပ္ပံပညာ

လူတို့သည် တွေးမြင်ယူဆမှု၊ နိုင်းယှဉ် ဝေဖန်မှု ဟူသော အသိဉာဏ်ဆိုင်ရာ အရာဌာနတို့မှ ကင်းနိုင်ကြသည်မဟုတ်ချေ။ ထို အသိအမြင်ဉာဏ်ကို ဦးစီးစေလျက် လူသားနှင့် လောကကြီးကို ယဉ်ကျေးတိုးတက်သော အဖြစ်သို့ ပို့ဆောင် ပေးခဲ့လေသည်။ အနာဂါတ်လောက အဖို့သည်း အတွေးအမြင် အသိဉာဏ်သည် မီးရှူးရောင်ရှေ့ဆောင် လမ်းပြ ဖြစ်ပေသည်။ လူ့လောက ကြီး၏ အစဉ်မပြတ်ပြောင်းလဲ လှုပ်ရှားနေခြင်းသည် စင်စစ် လူတို့၏ အတွေးအမြင်တို့မှအကြောင်းခံလာခြင်း ဖြစ်သည်။ ကောင်းသော အဖြစ်အပျက်များ၊ မကောင်းသောအကြောင်းအဖြစ်များလောက၌ရှိနေခြင်းသည်လူတို့၏ အတွေးအမြင် အယူအဆများ၌ မှန်ကန်ကောင်းမွန်မှု၊ မှားယွင်းချွတ်ချော်မှုများကြောင့် ဖြစ်လေသည်။ ထို့ကြောင့်ပင် လူတို့သည် တွေးမြင်ယူဆမှု မှန်ကန်ဘို့ အရေးကြီးလေသည်။ အတွေးအမြင် မှန်ကန်ရန်မှာလည်း သဘောထား အမြင်တို့ ရပ်တည်မှု မှန်ကန်ဘို့ လိုလေသည်။ တွေးမြင်မှု ယူဆ မှုများ မမှန် ကန်ခြင်း၊ ဘက်လိုက်ခြင်း၊ ဆန္ဒစွဲအရ ဆွဲယူခြင်းတို့ကြောင့် ကမ္ဘာတွင် ဆန့်ကျင် တိုက်ခိုက်နေရမှု၊ ရှုံ့ချနှိပ်နယ်မှုများ ဖြစ်ပွားနေသည်ကို အထူး သတိပြုကြရပေမည် ဖြစ်၏။

ယနေ့အချို့သော သူတို့သည် ‘‘သိပ္ပံကို အလွန်အထင်ကြီးကိုးကွယ်ဆည်းကပ်ကာ’’ ဘာသာတရား၊ ဒဿနိကဗေဒ၊ အယူအဆများ၊ ရိုးသားယုံကြည်မှု အစဉ်အလာ ခံယူချက် စသည်တို့ကို ပစ်ပယ်ကာ အသိအမှတ် မပြုလိုကြချေ။ ရိုးရာယုံကြည်မှုနှင့် အစဉ်အလာခံယူချက်များကိုကား လုံးဝပင် အသိအမှတ် မပြုကြတော့ချေ။ အထူးအားဖြင့် ဘာသာတရားကို သိပ္ပံပညာနှင့် ဆန့်ကျင်သည်ဆိုကာ ကဲ့ရဲ့ပုတ်ခတ်ကြသည်။ ကြားဘူးနားဝရှိသော ဘာသာရေးဟူသော အကြောင်းအရာများကို ဆုပ်ကိုင် ဆစ်ပိုင်းပြီး ဝေဖန်စောကြော ရှုံ့ချကြလေ

သည်။ ဥပမာ ဂြိုဟ်တုတွေ၊ အာကာသ ယာဉ်တွေ တက်ရောက်ပျံ့ဝဲလှည့်ပတ် နေကြသည်။ နတ်ပြည်ဆိုတာ မတွေ့ပါလား၊? ဟူသော အမေးမျိုးဖြစ်၏။ စင်စစ် ဤသို့ ဆိုသူတို့သည် များသော အားဖြင့် ဘာသာတရားကိုလည်း စေ့စေ့စပ်စပ် နှံ့နပ်လည်ပတ်စွာမလေ့လာဘူးချေ။ သိပ္ပံပညာ၏ အတိုင်းအတာ ပမာဏ စွမ်းအင်ကိုလည်း နှံ့စပ်ကျေညက်စွာ သိနားလည်သည်မဟုတ်ချေ။ သိပ္ပံပညာကိုအလွန် အကျွံ အထင်ကြီး ဦးသိပ်ထားကာ ကဲ့ရဲ့ချေဖျက်လိုသော မနေ့သ သဘော ဆန္ဒတို့ကသာ အသိတွင် ပြည့်လျှံ နေလေသည်။ ၎င်းတို့ သိနားလည်သည် ဆိုသော ဘာသာတရားဟူသည်မှာလည်း ဇာတက များ နိပါတ် ပုံပြင် များနှင့် ဒဏ္ဍာရီလာ စကားများ စသည်တို့ လောက်သာ ဖြစ်လေသည်။

သိပ္ပံပညာနှင့် ဘာသာတရား တို့ကား ခြားနားကြ လေသည်။ အကျိုးပြုမှု တူညီသော်လည်း လုပ်ရပ် ရည်ရွယ်ချက်စသည်တို့ မတူညီကြချေ။ သိပ္ပံပညာသည် သဘာဝလောကကြီးကို လေ့လာ စူးစမ်းသော ပညာရပ် ဖြစ်သည်။ သဘာဝလောက၏ နိယာမများကို အသိဉာဏ်နှင့်ယှဉ်၍ သေချာစွာ စူးစမ်း လေ့လာပြီး မိမိ၏ အာရုံငါးပါးတို့ဖြင့် လက်တွေ့ စမ်းသပ် လေ့လာရလေသည်။ သဘာဝလောက၏ နိယာမ ဓမ္မဥပဒေသများ၌ မိမိတွေ့ရှိထားသော အကြောင်းအရာများပေါ် မူတည်ပြီး အမှန်ဥပဒေသရရှိအောင် ချိန်ထိုး နှိုင်းယှဉ်ရလေသည်။ အားလုံးသော အဖြေများပေါ် ဆောက်ဆပြီး သဘာဝ လောက၏ နိယာမ ဓမ္မဥပဒေသကို ချမှတ်ရလေသည်။ ဤသည်မှာ သိပ္ပံပညာ၏ လုပ်ရပ်သဘောပင် ဖြစ်လေသည်။ ဤလုပ်ရပ် သဘောအရ သိပ္ပံပညာက သဘာဝလောက၏ နိယာမတရားတို့၌ ချမှတ် ခံယူချက်ကား သဘာဝလောက၌ ဖြစ်ပျက်ပြောင်းလဲ နေမှုများသည် ဖြစ်ချင်သလို ဖြစ်သော "ကျဘမ်းဖြစ်ရပ်နှင့် ဖြစ်စဉ်များ၁" မဟုတ်ချေ။ တန်ခိုးတော်

၁ Random Event and Processe.

အနန္တရှိသော ပုဂ္ဂိုလ်တဦးတယောက်၏အလိုတော်ကြောင့် ဖြစ်သည် များလည်း မဟုတ်၊ သူ့အလိုလို ဖြစ်ပျက် ပြောင်းလဲမှု များလည်း မဟုတ်။ အစီအစဉ်အလိုက်စနစ်ကျစွာ ဖြစ်ပျက်ပြောင်းလဲနေကြသည် ဆို၏။ သိပ္ပံသဘောအရ အဆို ယူဆမှုကား သဘာဝ လောကကြီး၌ "အစီအစဉ်နှင့် စနစ်[၁]" ရှိသည် ဟူ၍ ယူဆ ချမှတ် ထားလေသည်။ ဤခံယူချက်သည် သိပ္ပံပညာ၌ ပဓါန ကျသွန်းသည့် ခံယူချက်ပင် ဖြစ်လေသည်။

ဘာသာတရားသည် လူသားနှင့် လူ့လောက အကြောင်းကို ဆင်ခြင်ရှုမြင် သုံးသပ်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ သတ္တဝါတို့၏ သဘောသဘာဝတို့ကို သုံးသပ်ရှုမြင်ရာမှ ပေါ်ပေါက်လာခြင်း ဖြစ်၏၊ အဓိကအားဖြင့်ကား လူသားတို့၏ သဘောသဘာဝကိုရှုမြင် သုံးသပ်ခြင်း၌ အခြေတည်လေသည်။ ကြီးစွာကြီးယားပြည်သား "ခွဲခြမ်း စိတ်ဖြာ စိတ်ပညာ[၂]" ရှင် "ဆစ်ဂမန့်ဖရိုက်ဒ်" က ဘာသာ တရား ကိုးကွယ်ခြင်းသည် လူတို့၏ စိတ်ကူးယဉ်၍ ဖြစ်ပေါ်လာ ရခြင်းသာဖြစ်သည်" ဆိုသည်ဟူ၏။ ဖရိုက်သည် ဗုဒ္ဓဝါဒကိုလေ့လာ ဘူးဟန် မရှိချေ။ စိတ္တဗေဒပညာရှင်အဖို့ ဗုဒ္ဓဝါဒကို မလေ့လာခြင်း သည် လူ့စိတ်သဘာဝကို လေ့လာရာ၌ လိုအပ်သော ဟာကွက်ကြီး တခုကို ရရှိခြင်းပင် ဖြစ်လေသည်။ ဖရိုက်ဒ်သည် ဘာသာတရားမှန် သမျှ သူသိနားလည်သော "ထာဝရဝိညာဉ်တော်[၃]" ကဲ့သို့ပင် ဖြစ်သည်ဟု များထင်မှတ်ယူဆခဲ့လေသလား မသိချေ၊ ဗုဒ္ဓဝါဒသည် လူတို့၏မူလဘူတစိတ်စေတသိက်သဘာဝတို့ကို ရှုမြင်သုံးသပ်ပိုင်းခြား လေသည်။ ထိုစိတ်စေတသိက် အကြောင်းခံများကို အခြေခံ၍ ဖြစ်ပေါ် လာသော လူတို့၏ အပြုအမူအကျင့်စရိုက်တို့အား အကြောင်း အကျိုး အားဖြင့် စီစစ်ပြဆိုလေသည်။ လူတို့၏ စိတ်စေတသိက် များကြောင့်

---

၁ Order and System. ၂ Psychoanalyst.
၃ Universal Spirit.

လူတို့၏ အကျိုးအပြစ်ကို ဟောပြလေသည်။ အကျိုးစီးပွါးကိုဖြစ်စေ၍ အပြစ်အဆိုးတို့ကို လက်တွေ့ကျကျ ပယ်ဖျောက် ပေးလေသည်။ လောကသုံးပါး၏ အနတ္တဟူသော အမှန်သဘာဝနိယာမ ဓမ္မဥပဒေသ ကို ပြဆိုလေသည်။ လောကအမြင်၌ လူတို့ ဒုက္ခခံစား ရသည်ကို နိုင်ငံရေးစံနစ် စီးပွားရေးစံနစ်များဖြင့် ပြဆိုသော်လည်း ဗုဒ္ဓဝါဒက အဖက်ဖက်အနေခနေမှ မည်သို့ပင် ရပ်တည်ရှုမြင်သည်ဖြစ်စေ ဧကန် အမှန်တရားတခုအဖြစ် "ပရမတ္ထ သဘောတရား ၁ "ဖြင့် ရှင်းပြလေ၏။ ထိုသဘောတရားကား သမုဒယသစ္စာဟူသော "ပရမတ္ထသစ္စာ၂" ပင်ဖြစ်၏၊ လောကကို ဒုက္ခ အဖြစ် လူသားတို့ မမြင် နိုင်အောင် ဖုံးလွှမ်းယှက်သိုင်းထားသော မောဟ' တဏှာ' တို့ကို ဖေါ်ထုတ်ပြဆို၏။ ထိုဒုက္ခအမှန်တရားမှ လွတ်မြောက် လိုသူများ အတွက်လည်း လမ်းစဉ်နှင့် ပန်းတိုင်တို့ကို ဟောကြားပြဆိုထားလေသည်။ ထိုပြဆိုမှုသည်လည်းစေတလုံးပိုင်အနန္တဣဒ္ဓိမျိုးမဟုတ်ပဲ ကိုယ်တိုင်လွတ်မြောက်မှုကို ရရှိခံစားရန်အတွက် ကိုယ်တိုင်ကျင့်သုံး အားထုတ်ရမည်ဟူသော ကိုယ်ကျိုးအတွက် ကိုယ့်အားကိုယ်ကိုးရမည် ဖြစ်သည်။ ပန်းတိုင်ဖြစ်သော သန္တိသုခကိုလည်း "စဉ်းစားဉာဏ်သက်သက် ၃ " ဖြင့်ရရှိနိုင်သည်မဟုတ်ချေ။ ပညာသိဖြင့် ရင်တွင်း နှလုံးတွင်းမှ နှစ်ကားစွာသိမြင်သော ပရမတ္ထအသိဉာဏ်ဖြင့်သာ ရရှိခံစားနိုင်လေသည်။ သဘာဝလောကနှင့် လူသားတို့တွင် အကြောင်း အကျိုး နိယာမနှင့် အနတ္တဓမ္မသဘာဝတို့သည် ဗုဒ္ဓဝါဒ၏ ပဓါန ခံယူချက်တို့ပင် ဖြစ်လေသည်။

သိပ္ပံပညာ-၁၆-ရာစုနှစ်မှ စပြီး တိုးတက်ခဲ့လေသည်။ နက္ခတ်ဆရာကြီး ဂယ်လီလီယိုသည် သိပ္ပံပညာ၏ အခြေခံအုတ်မြစ်ကို ချပေးခဲ့သည်။ "ကိုပါနီကပ်စ်-၁၄၇၃-၁၅၄၃၄ " သည် ကမ္ဘာနှင့် တကွအခြားဂြိုဟ်တို့ပါ နေကို ဗဟိုပြုပြီး လှည့်ပတ် နေကြောင်းကို တင်ပြခဲ့သည်။ " ဖရန် စစ်ဘေကွန် ၅ " သည် အရစ္စတိုတယ်လ်၏

---

၁ Reality. ၂ Absolute Truth. ၃ Intellect.
၄ Copernicus (1473-1543). ၅ Francis Bacon 17 A.D.

အဆိုအမိန့်များနှင့် အလယ်ခေတ် ခရစ်ယန် သံဃာအဖွဲ့အစည်းတို့၏ အတွေးအယူတို့ကို တိုက်ရင်းခိုက်ရင်း 'တွေ့ရှိသိမြင်မှုများကို[၁]' စာအုပ်ဖြင့် တင်ပြခဲ့သည်၊ နယူတန်က-စကြဝဠာအတွင်းရှိ ဒည်သည့် ဝတ္ထုပစ္စည်းမဆို တခုကိုတခု အချင်းချင်း ဆွဲငင်လျက် ရှိသော "သင်္ချာအကြောင်း တွေ့ရှိမှုကို[၂]" ဟူသော စာအုပ်ဖြင့် တင်ပြခဲ့၏။ အိုင်စတိုင်းကလည်း ၎င်း၏ "အသစ်တွေ့မြင်မှုများ[၃]" ကိုသဘောတရားဖြင့် တင်ပြခဲ့လေသည်။ ယနေ့ပစ္စက္ခတွင် သိပ္ပံပညာသည် အလွန်တိုးတက်လေသည်။ သိပ္ပံပညာသည် လက်တွေ့စမ်းသပ်မှုက ပဓါနကျသော်လည်း စဉ်းစားတွေးခေါ်မှုနှင့်ကား မကင်းနိုင်ချေ။ ၎င်း၏ တွေ့ရှိတွေးဆချက်များကို "အယူအဆ[၄]" "သဘောတရား[၅]" များစသည်တို့ဖြင့် အဆင့်ဆင့်ပြသဖေါ်ထုတ်ရလေသည်။ သိပ္ပံပညာသည် သဘာဝလောက၏ နိယာမတရားတို့တွင် ယေဘုယျ အားဖြင့် သာမှန်ကန်သော အဆိုပြုချက်ဥပဒေသများကို ပြဆိုကြောင်း သတိပြုသင့်သည်။ စင်စစ် သိပ္ပံပညာသည် ပြီး-ပြည့်စုံသော တရားမဟုတ်ချေ။ အစဉ်လိုအပ်နေသောတရားသဘောဖြစ်၏။ ထာဝရ သစ္စာဟူသည် သိပ္ပံပညာ၌ မရှိချေ။ ထို့ကြောင့်ပင် ယေဘုယျ မှန်ကန်သော အဆိုများသာ ထုတ်နိုင်ပြီး တိကျသော အဆိုများ ထုတ်မပေးနိုင်သဖြင့် ရူပဗေဒပညာရှင်ကြီး "ဝါနာ ဟိုင်စင်ဗတ်ဂ်[၆]" က သိပ္ပံနည်း၌ "မရေရာမှုသဘောတရား[၇]" ကို–တင်ပြခဲ့ခြင်းဖြစ်လေသည်။

ဘာသာတရားကို သိပ္ပံပညာဖြင့် တိုင်းတာဝေဘန် ရှု့ချလိုသူတို့သည်၎င်း၊ သိပ္ပံပညာကို သဘာဝတရားနှင့် ယှဉ်စပ်ချိန်စက်ပြီး ပြစ်ပယ် ရှု့ချလိုသူတို့သည်၎င်း၊ ခရစ်သက္ကရာဇ် ငါးရာ ဥရောပတိုက်၏ အမှောင်ခေတ်သမိုင်းကို သတိပြုသင့်လေသည်။ ထိုစဉ်က ဥရောပတိုက်သည် အရစ္စတိုတယ်လ်၏ ဝါဒတို့ကို မျက်စေ့မှိတ်

၁ Novum Organum. ၂ Principia Mathematica.
၃ Theory of Relativity. ၄ Concept. ၅ Principle.
၆ Werner Heisenberg. ၇ Principle of Uncertainty.

ဦးထိပ်ထားကာ အယူသည်းခဲ့ကြသည်။ ဖွားသစ်စ ဖြစ်သော သိပ္ပံပညာရှင်နှင့်အယူသည်းဘာသာရေးတို့ ပဋိပက္ခဖြစ်ကြခဲ့သည် ထိုစဉ်က အုပ်ချုပ်ရေးအာဏာ၌ အပေါ်စီးယူထားသော ခရစ်ယန်သံဃာအဖွဲ့အစည်းသည် သိပ္ပံပညာရှင်တို့ကို ဖိနှိပ် ချုပ်ချယ်ခဲ့သည်။ သိပ္ပံပညာတွေ့ရှိမှုတို့ကို မေ့ ပျောက် စေ ခဲ့ သည်။ ဂါလီလီယိုသည် မိမိမြို့မှနှင်ထုတ်ခံရ၏။ တမြို့မှတမြို့သို့ လှည့်လည်နေရပြီး နောက်ဆုံးအဖမ်းခံရကာ မိမိတွေ့ရှိချက်များကို မှားပါသည်ဟု ဝန်ချရသည်။ "ဒက်စ်ကာတီး [၁]" သည် တိုင်းပြည်မှ နှင်ထုတ်ခံရကာ တိုင်းတပါး၌ သေဆုံးရလေသည်။ "ဗက်စလီယက်စ် [၂]" သည် ချေသလုံး အိမ်တိုင်အဖြစ်လှည့်လည်နေခဲ့ရပြီး နောက်ဆုံးအငတ်ငတ်အပြတ်ပြတ်နှင့် သေပွဲဝင်ခဲ့ရသည်။ ၁၉-ရာစုနှစ်တွင် သိပ္ပံဆရာတို့သည် ဘာသာရေးကို နေရာမပေးခဲ့၊ တိုက်ခိုက်ဝေဖန်ရှုံ့ချကြသည်။ သို့သော် ယနေ့အခါတွင် ဘာသာတရားနှင့် သိပ္ပံပညာတို့သည် ဘဝအတွေ့အကြုံ ရင့်ကျက်လာသဖြင့် ခံယူချက် အငြိမ်ရှိလာလေသည်။ ဘာသာတရားနှင့် သိပ္ပံပညာတို့သည် တခုနှင့်တခု ယှဉ်ပြိုင်ရန်မဟုတ်ချေ၊ စင်စစ် ထိုတရားတို့သည် နယ်နိမိတ် ကန့်သတ်ချက်ရှိပြီး၊ ပြီး ပြည့်စုံသော တရားများ မဟုတ်ဟု သိပ္ပံဆရာနှင့် ဘာသာရေးပုဂ္ဂိုလ်တို့သည် ခံယူထားကြလေသည်။

× × ×

## "ဗုဒ္ဓဝါဒမှလောကတန်ဆောင်"

ဘာသာတရားနှင့် သိပ္ပံပညာတို့သည် လုပ်နည်းလုပ်ဟန် အသွင်သဏ္ဌာန် ရည်ရွယ်ချက်ဦးတည်မှုတို့သည် မတူညီကြချေ။ ဤသို့ပင်မတူညီကြသော်လည်း ပဓာန ပူဆမှုခံယူချက်နှင့် အကျိုးပြုမှုဦးတည်ခြင်းတို့သည်ကား ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာတို့သည် ခြားနားကြသည်မဟုတ်ချေ။ လူသားနှင့် လူ့လောကကို သုံးသပ်ဆင်ခြင်ရှုမြင်ရာမှ ဘာသာ

---

၁ Descartes. ၂ Vesalius.

တရားသည် ပေါ်ပေါက်လာရ၏။ မိမိ၏ ဒိဋ္ဌဓမ္မတွေ့ရှိရမှုခံစားရမှုသန္တိ သုခတို့ကို နည်းလမ်း ညွှန်ပြလေသည်။ ဒုက္ခအမှန်တရားအတ်ပြီးသော လောကမှ လွတ်မြောက်လိုသူ ယူသားအား ကိုယ်တိုင်ကိုယ်ကျ ခံစား ရမည်ဖြစ်သော အမြိုက်ချမ်းသာကြီးသို့ ပို့ပေးလေသည်။ သဘာဝ လောက၏ နိယာမဓမ္မများကိုလူတို့စူးစမ်းလေ့လာ စမ်းသပ်ရာမှ သိပ္ပံ ပညာသည် ပေါက်ဖွါးလာရ၏။ မိမိတွေ့ရှိ သိမြင်သော နိယာမ ဥပ ဒေသများ တီထွင် ဖန်တီးမှုများဖြင့် လောကနှင့် လူတို့ကို အကျိုးပြု ၏ ယဉ်ကျေးမှုကို ပေးလေသည်။

ဤသို့ပင် ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာတို့သည် လူသားနှင့်လူ့လောကကို မိမိတို့တတ်စွမ်းဆောင်ရွက်နိုင်သော ဘက်များမှ အသီးသီးအကျိုးပြု ကြလေသည်။ယူဆမှုနှင့် ခံယူချက်တို့သည်လည်း ဗုဒ္ဓဝါဒနှင့်သိပ္ပံပညာ တို့ကား တူညီ လေသည်၊ ဥပမာ—အကြောင်းအကျိုး ဆက်သွယ်မှု နိယာမဥပဒေသသည် ဗုဒ္ဓဝါဒ၌အဓိကကျသောဓမ္မဖြစ်သလိုသိပ္ပံပညာ ကလည်း ပဓာနခံယူချက်အဖြစ် ခံယူထားလေသည်။

ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒတို့ကသဘာဝဓမ္မသည်အကြောင်းအကျိုးဆက်သွယ် မှု နိယာမဥပဒေသအတိုင်း ဖြစ်ပျက်ပြောင်းလဲ နေကြသည်။ လောက သုံးပါးတို့သည် ထာဝရသဘော တည်မြဲမှုသဘော မရှိသည့် အနတ္တ တရားများအဖြစ် ခံယူရှုမြင်၏၊ စင်စစ် သတ္တလောက စသော သုံးပါး သော လောကတို့သည် ဖြစ်ပျက်ပြောင်းလဲခြင်းဟူသောနိယာမ အစဉ် ကြီးသာဖြစ်သည်ဟုယူဆ၏၊မျက်မှောက်သတ္တဗေဒ ဩကာသနှင့်သင်္ခါရ တို့သည် "ဖြစ်ပျက် အစဉ်တရား" အနေနှင့်သာ ရှိသည်ဟု ခံယူလေ သည်။ ယန္တေရူပဗေဒ ခန္ဓာဗေဒ ဂါ်တုဗေဒနှင့် ဘူမိဗေဒသမိုင်းစသော သိပ္ပံပညာတို့၏ တွေ့ရှိယူဆမှုတို့ကား၊ လောကကြီးသုံးပါး၌ တည်မြဲမှု ဖြစ်ပျက် ပြောင်းလဲမှုသဘောမှ ကင်းမှုတို့ကို လက်မခံချေ၊ အကြောင်း အကျိုး ဆက်သွယ်မှုအစဉ် နိယာမအရသာ စနစ်တကျသာ ဖြစ်ပျက် ပြောင်းလဲနေသည်ဟု ခံယူထားလေသည်၊ သက်မဲ့တို့သည် ဖြစ်ခဲ့ပျက်ခဲ့ ပြောင်းလဲခဲ့၏၊ ဖြစ်ဆဲပျက်ဆဲပြောင်းလဲဆဲလည်း ဖြစ်လေ၏၊ သက်ရှိ

တို့သည်လည်း ဤအတူပင်ဖြစ်သည်၊ သမိုင်းစဉ်တို့သည်လည်း၊ဖြစ်ပျက်ပြောင်းလဲလည်ပတ်ခဲ့၏၊ လည်ပတ်ပြောင်းလဲဆဲလည်း ဖြစ်၏၊ ဥပမာ ဤကမ္ဘာကြီး၏အသက်သည် နှစ်သန်းပေါင်းလေးသောင်းငါးထောင်ခန့်ဟု ယူဆကြသဖြင့် အိုမင်းလှပြီဖြစ်၏၊ မြေဘွင်း မြေပြင် အမျိုးမျိုးသော ဝတ္ထုပစ္စည်းတို့သည် ဖြစ်ပေါ် ပျက်ပြုန်းပြောင်းလဲနေကြလျက်ရှိသည်၊ ဤသို့ပင်လျှင် ဖြစ်လိုက်ပြောင်းလဲလိုက် ပျက်သုန်းလိုက်ဟူ၍ အနတ္တသံသရာ လည်ပတ်နေကြလေသည်။ ကျောက်ဖြစ် ရုပ်ကြွင်းအထောက်အထားများကိုကြည့်ပြီး သက်ရှိတို့သည်လည်း ကမ္ဘာတည်ဦးစမှယနေ့အချိန်အထိအဆင့်ဆင့်ပြောင်းလဲလာခဲ့ကြရသည်။ထို့ကြောင့် ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာတို့သည်သတ္တကိုရင်း၊ ဩကာသကိုရင်း၊ သခ်ါရကိုရင်း၊ အနန္တတန်ခိုးရှင်များက ဖန်ဆင်းခြင်း၊ သူ့အလိုလိုဖြစ်ချင်လို့ဖြစ်ခြင်းစသည်တို့ကို လက်မခံကြချေ။

ကမ္ဘာကြီးသည်ရင်း၊ သက်ရှိတို့သည်ရင်း၊ တည်မြဲမှုမရှိ၊ ဖန်ဆင်းမှုမရှိ၊ စည်းစနစ်မှမကင်းမဲ့ စိုးမိုးပိုင်သ ချယ်လှယ်သူမရှိ။ ဖြစ်ပျက်ပြောင်းလဲမှုဆိုသော နိယာမဓမ္မသာရှိသည်၊ ထိုကြောင့်ကမ္ဘာကြီးသည် အမြဲတမ်းပြောင်းလဲနေသည်ဆိုသော သဘောတရား[၁]နှင့် သက်ရှိများ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာကြောင်း သီအိုရီ[၂] သိပ္ပံပညာသို့ ပဓာနအကျဆုံးသော ယူဆခံယူချက်အဖြစ် ခံယူထားကြ လေသည်။ ဗုဒ္ဓ၏အနတ္တဓမ္မနှင့် အကြောင်း အကျိုးပစ္စယ နိယာမတို့ ကလည်း ပြဆိုခဲ့ယူလေသည်။

ဗုဒ္ဓဝါဒဖြစ်သော ဒေသနာဓမ္မတို့သည် မျက်မှောက် အကျိုးတရားကိုသာ အဓိက ဦးစားပေးသော ဒေသနာ ဓမ္မများ ဖြစ်လေသည်။ ယနေ့ ဗုဒ္ဓဝါဒီဟူသော သူတို့သည် မျက်မှောက် အကျိုးတရားထက် သံသရာအကျိုးကို ပိုမိုမျှော်ကိုးအရေးထားသော ယူဆမှုများ အတိတ်

---

၁ The Unversality of Change.

၂ Thecry of Organic Evolution.

ကံယုံကြည်မှုများရှိသော်လည်း၊ ဗုဒ္ဓဝါဒသည် ပဓာနအားဖြင့် မျက်မှောက်အကျိုးစီးပွားနှင့် ပစ္စက္ခကမ္မကိုသာ ပြဆိုထားလေသည်။ ပိုပြီး သိသာထင်ရှားစေသည်မှာ ဗုဒ္ဓ၏ဓမ္မဂုဏ်တော်တို့ဘွင် "သန္ဒိဋ္ဌိကော" (ကိုယ်တွေ့စိတ်တွေ့ကေန် သိမြင်ရရှိနိုင်သော ဓမ္မများဖြစ်ခြင်း) အကာလိကော (အခါမရွေး အချိန်မရွေး အကျိုးပေးသော ဓမ္မများဖြစ်ခြင်း) "ဧဟိပဿိကော" (လာလှည့်ကြည့်လှည့်ရှုမြင်ဆင်ခြင်သုံးသပ် လှည့်ဟု ခေါ်ထိုက်သော ဓမ္မများဖြစ်ခြင်း) ဟူ၍ တရားတော်၏ဂုဏ်အနှစ်တို့ကို ပြဆိုထားလေသည်။ ဤသည်မှာ ဗုဒ္ဓဝါဒ၏ မျက်မှောက် အကျိုးစီးပွားကို အဓိက ပဓာန ဦးစားပေး ပြဋ္ဌာန်းကြောင်းမှာ ထင်ရှားလှလေသည်။ သိပ္ပံပညာ၏လက်တွေ့ကျသော လုပ်ရပ်နှင့်ဒိဋ္ဌအကျိုးစီးပွားကို ဦးတည်သည်မှာ အထူးဆိုဖွယ်ပင် မလိုချေ၊ စင်စစ် မျက်မှောက်ဘဝကိုသာ ဦးစားပေးအလေးထားသော အရာများမှသာလျှင် လောကနှင့် နိယာမတူညီ၍ အံ့ဝင်တိကျမှန်ကန်လေမည် ဖြစ်သည်။

ဗုဒ္ဓဝါဒကို ခံယူသက်ဝင်သောဗုဒ္ဓဝါဒီသည် ပစ္စုပ္ပန်သံသရာနှစ်ဖြာ အကျိုးတရားနှင့်လျော်စွာမျက်မှောက်ဘဝလောကကိုဦးစားပေးရမည် ဖြစ်သည်၊ ထိုသို့မျက်မှောက်ဘဝကို ဦးစားပေးခြင်းသည် သိပ္ပံပညာ တိုးတက်ရန်ဖြစ်သလို ဗုဒ္ဓဝါဒနှင့်လည်း ညီညွတ်လေသည်။ တမလွန်ဘဝစသော ဘာသာတရား ဒဿနိကဗေဒများ၏ အရာဋ္ဌာန များ၌ သိပ္ပံပညာသည် မဖြေရှင်းနိုင်သော်လည်း သိပ္ပံပညာကိုစိတ်ဝင်စားခြင်း သက်ဝင်ခြင်းဖြင့် တမလွန်ဘဝစသည်ကို ပယ်ရန်မလိုချေ။ တမလွန်ဘဝအရာ၌ ဗုဒ္ဓဝါဒ၏ယူဆခံယူမှုကို သိနားလည်ပါက အနေအထားမှန်စွာနှင့် ကောင်းမွန်စွာနားလည်ခံယူမှုကို ရရှိနိုင်ပေသည်။ သိပ္ပံပညာကို စိတ်ဝင်စားရန် သို့မဟုတ် သိပ္ပံပညာ တိုးတက်ရန်အတွက် ဗုဒ္ဓဝါဒကိုဥပေက္ခာပြုရန်မလိုချေ။ စင်စစ်ဗုဒ္ဓ၏ဝါဒအယူအဆ အခြေခံတို့ကို ချေမြ ်နှံ့စပ် ကျေညက်စွာ နားလည်ပါက သိပ္ပံ ၊ညာ အတွက် ကြီးစွာသောအထောက်အကူကြီးပင်ဖြစ်လေသည်။ ဤသို့ဖြစ်ခြင်းသည် ဗုဒ္ဓဝါဒ၌တမလွန်ဘဝကို အလေးမထားခြင်းနှင့် ထာဝရဝိဉာဉ်တော်

အနန္တဇုဗ္ဗိဖန်ဆင်းသူစသည်တို့ကို လက်မခံသောကြောင့်ဖြစ်လေသည်၊ 'ထာဝရဝိဥာဉ်တော်[၁]'၊ 'တန်ခိုးရှင်ဝါဒ[၂]'စသည်တို့ကိုယုံကြည်သက်ဝင်သူတို့သည်ကား သိပ္ပံပညာ၊ သိပ္ပံနည်း[၃] နှင့် သိပ္ပံပညာ လေ့လာပြောင်းလဲမှု[၄] တို့ကို လက်ခံသည်မဟုတ်ချေ။ ထို့ကြောင့်ဗုဒ္ဓဝါဒီသည် ဗုဒ္ဓတိလင်းပြတ်သားစွာပယ်ခဲ့သော အသွန်အကျူ အစွန်းတို့နှင့်၊အယူအဆများသို့ မသက်ရောက်ရန် သတိထားရချေမည်။ ဗုဒ္ဓပယ်ခဲ့သော အတ္တကိလမထာ, နုယောဂ အစွန်းရောက် အကျင့်သည် မိမိကိုယ်ကို ညှဉ်းပန်း နှိပ်စက်မှုကိုသာမက " အနန္တ တန်ခိုးရှင်" "ဖန်ဆင်းရှင်" "ထာဝရဝိဉာဉ်"စသော အယူအဆအကျင့်တို့ကိုပါ မိန့်ဆိုခဲ့ကြောင်း သိထားရပေမည်။ ဥပမာ ဘီစီ ၆-ရာစု ဗုဒ္ဓနှင့် ခေတ်ပြိုင် အခါက ဖန်ဆင်းရှင် မဟာဗြဟ္မာကြီး အယူအဆအကျင့်များနှင့် နိဂဏ္ဌတို့၏ အယူအဆ အကျင့်များ ဖြစ်သည်။ နိဂဏ္ဌတို့သည် ပရမ္မရ ဘဝအဆက်ဆက်မှ အတိတ်ဘဝ ကံများကို စွဲယူ သက်ဝင် ယုံကြည်သူများ ဖြစ်သည်။ "ကာမ သုခလ္လိကာ နုယောဂ" ဟူသော အစွန်းရောက် အကျင့်သည် တယူသန် ရုပ်ဝါဒကိုပါ ဆိုလိုကြောင်း နားလည်ရမည်။ စင်စစ်ကား "ရုပ်ကြမ်းဝါဒ[၅]"ပင် ဖြစ်သည်။ ဥပမာအားဖြင့် 'လောကာ ယတကျမ်း"လာ ရုပ်ဝါဒအယူအဆနှင့် ထိုစဉ်က အိန္ဒိယ၌ ရှိနှင့်နေသော "စာရ်ဝါက[၆]" ရုပ်ဝါဒများ၊ အဇိတကေသကမ္ဗလ ယူဆဟောပြောသော ရုပ်ဝါဒ အယူအဆများဖြစ်သည်။

ဤသို့သော ယူဆယုံကြည်မှုများကို ဗုဒ္ဓဝါဒက လက်မခံ ပယ်လေသည်။ ယနေ့သိပ္ပံပညာအမြင်အယူနှင့်လည်း လုံးဝဆန့်ကျင်လေသည်။ ထို့ပြင် "အစိန္တိတံ အကမ္ပိတံ မကြံစည် မစူးစမ်းအပ် မပြုလုပ် မသုံး

---

၁ Universal Spirit. ၂ Occasionalism.
၃ The Scientific Method. ၄ The Scientific Movement.
၅ Vulgar Materialism. ၆ Carvaka.

သဝ်အဝ်''ဟူသော ယူဆမှုသည် ဗုဒ္ဓဝါဒ၌ဝင်ဆန့်မှုမရှိချေ။ လောက သိပ္ပံအကျိုးအတွက်လည်း မိစ္ဆာဖြစ်နေသည်ကို လူတို့သည် နားလည် ရလေမည်။ အခြေခံယူချက်ဖြစ်သော အကြောင်းအကျိုး ဆက်သွယ်မှု နိယာမဓမ္မဒ ယူဆယုံကြည်ရာ၌ ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာတို့တူညီသည်ကို နားလည်သော ဗုဒ္ဓဝါဒီ သိပ္ပံပညာရှင်သည် မျက်မှောက် အကျိုးစီး ပွား၊ တမလွန်အကျိုးစီးပွားနှင့် မျက်မှောက်ဘဝ တမလွန်ဘဝ တို့ကို ခြားနားကွဲပြားစွာ သူ့အရာ သူ့ဌာနနှင့် သူသိနားလည် ခံယူရမည် ဖြစ်လေသည်။

ဤကဲ့သို့ သိနားလည်သော အမြင်အသိ ရှိရန်မှာ ထိုပုဂ္ဂိုလ်၏ သဘောအယူအဆတို့ ရပ်တည်မှု အနေအထားပေါ်တွင် တည်လေ သည်။ ဇဖက်ဖက်သောအစွန်းတွင် မိမိရပ်တည် မှုစိတ် စေ တ သိက် ဆန္ဒများရှိနေပါက မှန်ကန်တည့်မတ်သော အမြင်အယူကို ရနိုင်မည် မဟုတ်ချေ။ ဤအရာ၌ လောကီတွင်ရင်း လောကုတ္တရာတွင်ရင်းအရေးပါ ပဓါနကျသော ဗုဒ္ဓဝါဒ၏ အဓိကခံယူရပ်တည်မှု ဖြစ်သော ''မဇ္ဈိမ ပဋိပဒါ'' လမ်းစဉ်ကို သက်ဝင် ကိုင်စွဲရမည်ဖြစ်သည်။စင်စစ် မဇ္ဈိမ ပဋိပဒါသည် လောကုတ္တရာတွင်မက လောက၏ တန်ဆောင်လည်း ဖြစ်ပေသည်။

မဇ္ဈိမပဋိပဒါသည် ပွင့်သစ်စ ဗုဒ္ဓအဖြစ် ပထမဦးဆုံး ဟောသော ဓမ္မစကြာဒေသနာဓမ္မတွင် ပါဝင်ခဲ့သည်။ အတ္တကိလမထာနုယောဂ မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက် ဖျက်ဆီးမှုအကျင့်နှင့် ကာမသုခလ္လိ ကာနုယောဂ, အလွန်လိုက်စား မှောက်မှားသော အကျင့်ဟူ၍ ဘာသာရေးဘောင် သဘောတရားရေး နယ်ပယ်၌ ဗုဒ္ဓသည် လူတို့ အား အကျိုးဟုတ်ဖျက်စီးစေသော အလွန်အကျွံ အစွန်းတရားများ အဖြစ် ဟောပြမိန့်ဆိုခဲ့လေသည်။ စင်စစ်ဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါလမ်းစဉ် သည် လောကကိုရင်း၊ လောကုတ္တရကိုရင်း အညမညအား ဖြင့် ဆက်သွယ် ယှက်နွယ် အကျိုးပြုနေသော လမ်းစဉ် ဖြစ်လေသည်။ လောက နှင့် လောကုတ္တရ တို့တွင် မဇ္ဈိမပဋိပဒါမှ လွန် ၍ ဖြစ် စေ

ဆုတ်နစ်၍ဖြစ်စေ ကျင့်သုံးပြုမူပါက အကျိုးဆုတ်ယုတ်ပျက်ပြားမည်မှာ ဧကန် အမှန်ဖြစ်လေသည်။ ဗုဒ္ဓဝစနမဏ္ဍပဋိပဒါ ဒေသနာဂမ္ဘတို့ကို လေ့လာပြီး လောကရှေ့ဆောင် လူ့ဘဝ၏မီးရှူးရောင်ကို လောက တန်ဆောင်အဖြစ် ဦးဆောင်ရပေမည်။

> "ရအပ်ခံစားအပ်သောကာမ မဂ်ဖော်နှင့်ရထိုက်ခံစားသော ကာမဂုဏ်ဟူ၍ ဤနှစ်ပါးစုံသည် ကိလေသာ နှိပ်စက်ခံရသူ၊ နောက်နောင်အကျိုး မျှော်ကိုးကျင့်ကြံသူ၏ သန္တာန်၌ ရာဂ စသောမြူတို့ဖြင့် ရောပြွမ်း၏။
>
> အကြင်သူတို့သည်'သီလဗ္ဗတ'စသောအကျင့်ကိုကိလေသာ စင်ကြယ်၏ဟု ယူဆပြောဆိုကြကုန်၏၊ အကြင် သူတို့အား ရှောင်ကြဉ်မှု "သီလ" ဆင်းရဲငြိုငြင်စွာ ပြုကျင့်မှု "ဝတ" ပင်းရှက်စားခြင်းစသည်ဖြင့် အသက်မွေးမှု "ဇီဝိတ"မေထုန်မှ ရှောင်ကြဉ်မှု "ဗြဟ္မစရိယ" ဗိဿနိုးနတ် စသည်တို့အား လုပ်ကျွေးမှု "ဥပဋ္ဌာန" စသည်တို့ဖြင့် သံသရာမှ စင်ကြယ်၏ ဟု ယူဆ ပြောဆိုကြကုန်၏။ ထိုသူတို့၏ သီလဗ္ဗတစသည် တို့၏ အစွမ်းဖြင့် ဖြစ်သော "အတ္တကိလမထာနုယောဂ" ဟူသော ဤအကျင့်သည် အယုတ်တရား တပါးတည်း၊ အကြင်သူတို့ကား "ကာမဂုဏ်တို့၌ အပြစ်မရှိဟု ဆိုကြ ကုန်၏" ထိုသူတို့၏ "ကာမဂုဏ်တို့၌ အပြစ်မရှိ"ဟုပြောဆို ကျင့်ကြံမှုဟူသော "ကာမသုခလ္လိကာနုယောဂ" အကျင့် သည် ဒုတိယမြောက် ဖြစ်သော အယုတ်တရားတည်း။ ဤသို့ ဤအယုတ်တရား နှစ်ပါးတို့သည် "ကဋသီ" မည်သော တဏှာအဝိဇ္ဇာတို့ကို ပွားစေတတ်ကုန်၏၊ ကဋသီ မည်သော တဏှာအဝိဇ္ဇာတို့သည် မိစ္ဆာဒိဋ္ဌိကို ပွားစေတတ်ကုန်၏။
>
> ဤအယုတ်တရား နှစ်ပါးတို့ကို မသိခြင်းကြောင့် အချို့ သော သူတို့သည် ဆုတ်နစ်ကုန်၏အချို့သောသူတို့သည်လွန်၍ လွန်၍ ပြေးကုန်၏။ အကြင်သူတို့အားထိုအယုတ်တရားနှစ်ပါး

တို့ကို သိခြင်းကြောင့် ထိုအယုတ် တရားတို့၌ မကျရောက်ကြကုန်၊ ထိုသို့ မကျရောက်ခြင်းကြောင့် တဏှာ, မာန,ဒိဋ္ဌိ, တို့ဖြင့် မိမိကိုယ်ကို အထင်မမှားကြကုန်၊ ထိုပုဂ္ဂိုလ်တို့အား လူနတ်စသည် ပညတ်ရန် ဝဋ်မရှိတော့ပြီ။"

(ခုဒ္ဒကနိကာယ်-ဥဒါန်းပါဠိတော်-ဇစ္စန္ဓဝဂ်-ဂဏိကာသုတ်)

ဤဗုဒ္ဓ၏ ဝစနဓမ္မများသည် လောကုတ္တရအကျိုးအတွက်လောက၌ အလွန်အကျွံ ပြုမူကျင့်သုံးခြင်းကြောင့် မကောင်းကျိုးဖြစ်သည်ကို အကြောင်းပြုပြီး ရဟန်းတို့အားဟောကြားခြင်းဖြစ်သည်၊ ထို့ကြောင့် လောကုတ္တရ ဝေါဟာရများဖြင့် တန်ဆာ ဆင်ယင် ထားသည်၊ လောက အကျိုးအတွက် လမ်းစဉ်ကို လျှော်စွာ ယူဆနိုင်ရန်ကား မခဲယဉ်း၊ ပီပြင်ထင်ရှားလှသည်။ မဇ္ဈိမ ပဋိပဒါ၏ မူသဘူတပေါက်ဖွားခြင်းသည်လူသားတို့၏ ကောင်းကျိုးသုခအတွက် ဖွားသစ်ခဲ့သည်။ လူသားတို့၏ အကျိုးချမ်းသာကို ရှေ့ရှုသော စနစ် လမ်းစဉ် သည် မဇ္ဈိမပဋိပဒါ လမ်းစဉ်ပင်ဖြစ်သည်။ သို့အတွက် မဇ္ဈိမပဋိပဒါသည် လူသားတို့အတွက် ငြိမ်းချမ်းအေးမြစေသော အကျင့်ကောင်းလမ်းစဉ်မှန်ဖြစ်သည်။ စင်စစ် မဇ္ဈိမပဋိပဒါလမ်းစဉ်သည် လောကုတ္တရာဖလကို လမ်းညွှန်သလို လောကအတွက်လည်း လောက တန်ဆောင် ဖြစ်လေသည်။

× × ×

# “ နိဒါန်း၏ နိဒါန်း ”

ဗုဒ္ဓ၏ကြောင်းရာ ထုပ္ပတ်နှင့် ဗုဒ္ဓ၏ဝါဒတို့သည် ကျယ်ပြန့်နက်နဲ ခက်ခဲသိမ်မွေ့သော အကြောင်းအရာတို့ဖြစ်လေသည်။ သမိုင်းခေတ် အခြေအနေအားဖြင့်လည်း ယခုကာလမှဆိုလျှင် နှစ်ပေါင်းအားဖြင့် နှစ်ထောင့်ငါးရာကျော် ဝေးကွာခဲ့ လေပြီဖြစ်သည်။ ဗုဒ္ဓ၏ ဝါဒနှင့် စပ်လျဉ်း၍ ယနေ့ရှိသော စာပေအထောက်အထား များသည်လည်း ထိုနှစ်ပေါင်း နှစ်ထောင်ကျော်ကာလ ခရီးတလျှောက် အမျိုးမျိုးသော အခြေအနေတို့နှင့် ကြုံတွေ့ရင်ဆိုင်ပြီး ဖြတ်သန်းလာခဲ့ရသော စာပေ များဖြစ်ပေသည်။ ဗုဒ္ဓသက်တော် ထင်ရှားရှိစဉ် က ပင် ထိုခေတ် ယဉ်ကျေးမှု အခြေအနေအရ ခိုင်မာစွာ ရေးသားထွင်းထု မှတ်သား သားနိုင်ခဲ့သည်မဟုတ်ချေ။ နှုတ်တက်အာဂုံ အစဉ်အဆက် ဆောင်ခဲ့ ကြရလေသည်။ ဗုဒ္ဓပရိနိဗ္ဗာန် ပြုသည့်နောက်ပိုင်း ပဌမသင်္ဂါယနာမှ အပ အခြားသော နောက်သင်္ဂါယနာတို့တွင် မတူညီမှုများ၊ဖြည့်စွက် မှုများ၊ ပြုပြင်မှုများစသည်တို့ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ပင် ထေရဝါဒ, မဟာယာန,ဟူ၍ ဗုဒ္ဓသံဃာများ ဂိုဏ်းကွဲခဲ့ကြရသည်။ ထို့နောက် ဗုဒ္ဓ၏အယူဝါဒနှင့် ပတ်သက်ယူဆခြင်း အမျိုးမျိုး ပေါ် ပေါက်လာပြီး ဂိုဏ်းအများအပြား ကွဲပြားသွားလေသည်။ အယူ အဆနားလည် သိမြင်မှုများသည်လည်း တဂိုဏ်းနှင့်တဂိုဏ်းခြားနား ကွာဟလာကြလေသည်။ ထို့ပြင် မူရင်းဘာသာ စကားမှ မိမိတို့၏ လူမျိုးတို့နှင့် တိုင်းပြည်သုံး ဘာသာစကားများဖြင့် အသီးသီး အဆင့်ဆင့် ပြန်ဆိုကူးယူခဲ့ကြ ခြင်းသည်လည်း မူလမှဝေးကွာ လာမှု များဖြစ်လေသည်။

ဤသို့သော အကြောင်းတို့သည် ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒတို့ကို အမှန်မူရင်း အတိုင်း သိရှိရန် ကြိုးပမ်းရာ၌ ကြီးစွာသော အခက်အခဲ အဟန့်

အတားကြီးများ ဖြစ်လေသည်။ ဗုဒ္ဓဝါဒ၏ မူရင်းပင်ကိုယ် သဘာဝ ကပင် စိန္တာမယ ဉာဏ်ဖြင့် သိမြင်နိုင်သည် မဟုတ်သောအနုမြူသဖွယ် သိမ်မွေ့နူးညံ့သည့် မြင်နိုင်ခဲသော ဗုဒ္ဓဝါဒအား ယနေ့ခေတ်လေ့လာ ခြင်းသည် ဆုံးစမထင်သော သမုဒ္ဒရာပြင်ကျယ်ကြီးကို ကူးမြောက်ရန် ကြိုးပမ်းခြင်းကဲ့သို့ပင် ဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ အားလေ့လာ၍ စာရေးသူ၏ တင်ပြခြင်းသည် ပြီးပြည့်စုံသည်ဟုလုံးဝ မယူဆပါ၊ ဤစာအုပ်ပါ စာတန်းများကို လေ့လာသူများသည်လည်း ပြီးပြည့်စုံသည်ဟု မယူဆစေလိုပါ၊ မိမိ၏ ဉာဏ်စွမ်းမှီသမျှတွေ့မြင်သိရှိ လေ့လာရသမျှတို့ကိုသာ တတ်စွမ်းသမျှ ကြိုးစား တင်ပြထားခြင်းဖြစ် ဖြစ်ပါသည်။ ဤစာတန်းများတွင် ချွတ်ယွင်းမှု မပြည့်စုံမှုများရှိပါက စာရေးသူ၏ တာဝန်သာ လုံးဝဖြစ်သည်ဟု မှတ်ယူကြစေလိုပါသည်။

ဗုဒ္ဓဝါဒ သုတေသီပညာရှင်များတို့က ခိုင်မာသည်ဟု ယူဆလက် ခံထားသော "နိကာယ်ပိဋကတ်"တို့ကိုသာ ပဓါနထား ကိုးကား၍ ရေးသားပါသည် မြန်မာပြန်ဆိုခြင်းသည်လည်း နိုင်ငံတော်၏ ဆဋ္ဌ မူအတိုင်းသာ ပြန်ဆိုပါသည်၊ အခြားသက်ဆိုင်သော ကျမ်းစာအုပ် စာတန်း,အရေးအသား, အထောက်အထား,များကိုလည်း လက်လှမ်း, မှီသမျှ ရေးသားတင်ပြပါသည်။ ဤသို့ ရေးသားနိုင်စွမ်းရှိစေရန် စာရေး သူအား ပြုစုပျိုးထောင်ပေးခဲ့သော ရတနာသုံးပါးအမှူးရှိသည့် အနန္တ ကျေးဇူးရှင် မွေးသမိခင် ဖခင်တို့အားရင်း၊ လက်မွန်မဆွ အသိအမြင် အတတ်သင်ပေးသော ဗုဒ္ဓစရိယ ဆရာတော် ဦးတေဇ မအူပင်မြို့ အားရင်း၊ "ဂရုဂါရဝေသ တ္တဓူပနာမ"ဖြင့် ထာဝရ ဦး မြတ်နိုးခြင်းပြု လိုက်ပါသည်။ အခြားသောသင်ဆရာမြင်ဆရာ စသည်တို့နှင့်ကျမ်း, စာ အုပ်,စာတန်း များ, ပြုစုရေးသား အသိဉာဏ်ပေးခဲ့သော ဆရာ့ဆရာ များ၊ ကျမ်းပြုသူ စာရေးသူ များကိုလည်း လေးစားစွာဖြင့် အထူး ကျေးဇူးတင်ရှိပါသည်။

အမိအဖတို့၏အနန္တမေတ္တာဖြင့်

၁၂-၄-၆၇-နေ့။ အသျှင်သုနန္ဒ

# ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ တွေးမြင်ယူဆမှု

## ၁။ သမိုင်းရှေးဦးဘာသာရေးများ

လူ့သမိုင်းတွင် ဘာသာတရားတို့သည် မည်သည့်အချိန်အခါမှစပြီး ပေါ်ပေါက်လာသည်ဟု တိကျစွာ မသိရချေ။ ၎င်းပြင် ဘာသာတရား ကိုးကွယ်မှု အယူအဆ များသည် မည်သို့သော အကြောင်းကြောင့် ဖြစ်ပေါ်လာရသည် ဆို သော အကြောင်း ပစ္စယကိုလည်း မှန်ကန်စွာမသိနိုင်၊ သို့သော် အနီးစပ်ဆုံးသော အဖြေကိုတော့ သမိုင်းပညာရှင်တို့က ပေးနိုင်သဖြင့် လူသားတို့ ယုံကြည်ဆည်းကပ်သော ဘာသာတရားတို့၏ မူလအစနှင့် ဖြစ်ပေါ်ကြောင်း ပစ္စယတို့ကို တွေးဆနိုင်ခဲ့သည်။

ကိုးကွယ်မှု၊ ပူဇော်ပသမှု စသည့်ဘာသာတရား အပြုအမူတို့သည် ကမ္ဘာပေါ်တွင် သင့်တင့်သော အသိဉာဏ်နှင့် လူသားဖြစ်စ သတ္တဝါတို့နှင့် အတူ ဖြစ်ပေါ် လာ မည်ဟု ယူဆရ၏။ လူသားဟူသော သတ္တဝါ၏ အသက်မွေးမှု၊ မိမိ ပတ်ဝန်းကျင်တွင် အခြေအနေအလိုက် ကိုက်ညီ လိုက်လျောစွာ ပြုမူနေထိုင်မှုသည် ဘာသာတရားတို့ ဖြစ်ပေါ်ရန် အကြောင်းရင်းတို့ ဖြစ်ခဲ့ချေမည်။ လူသား၏ စိတ်သဘာဝအခြေအနေနှင့် ရုပ်သဘာဝ ပတ်ဝန်းကျင်တို့ အနည်းနည်းအားဖြင့် အပြန်အလှန် တွေ့ကြုံထိစပ် ဆက်ဆံရမှုသည် ဘာသာတရားတို့ ဖြစ်ပေါ်ရန် ပဓါန အကြောင်း တရား တခု ဖြစ်တန်သည်။ အမှန်စင်စစ် လူသား၏ စိတ်သဘာဝအခြေခံတခုဖြစ်သော တဏှာအရင်းခံသည့် အလိုဆန္ဒများ၊ အကြောက်တရားများသည်သာ ဘာသာ တို့ ဖြစ်ပေါ်ရန် အဓိကအကြောင်းခံတို့ဖြစ်လေမည်။

လွန်ခဲ့သော နှစ်ပေါင်း ထောင်သောင်း အချိန် အခါကပင် လူသားဟူသော သတ္တဝါတို့ရှိနေပြီဖြစ်၏၊ ထို ခေတ်ဦး လူတို့၏ အခါသမယကို သမိုင်းဆရာတို့က ဘီစီ ၅၀၀၀၀-၃၀၀၀၀ ဟု သတ်မှတ်ပြီး သမိုင်းအခေါ်အဝေါ်အားဖြင့် "ကျောက်ခေတ်ဦး" (The Early Stone Age)ဟု ဆိုကြသည်။

ထိုခေတ်ဦးသူတို့တွင် ဘာသာတရား ဆန်သည့် သဘောကို ရေရာစွာမသိရချေ။ ထိုသို့ မသိရသည်မှာ ထိုခေတ်ဦးလူတို့တွင် ဘာသာတရားဆန်သည့် အပြုအမူများ လုံးဝ မရှိသောကြောင့် ဖြစ်ဟန်မတူ၊ ဝေးကွာလှသော နှစ်များ ယဉ်ကျေးမှု မရှိ သလောက် ဖြစ်မှုများ ကြောင့် သာ ဖြစ်ချေမည်။ ထိုခေတ်ဦး လူတို့သည် မီးကို အသုံးပြုသည်ဟု သမိုင်းဆရာတို့က ဆိုသဖြင့် မီးကို ကိုးကွယ်ရာ၊ အားထားရာတခုအဖြစ် မမှတ်ယူဟုဆိုနိုင်မည် မဟုတ်ချေ။ ၎င်းတို့နောက်တွင် ရှိနေသော ခေတ်လယ်လူတို့၌ တမလွန်ဘဝ အယူအဆရှိသော အထောက်အထားများကိုတွေ့ ရှိရသည်ဆိုသဖြင့် ခေတ်ဦးလူတို့သည် အနည်းနည်းအားဖြင့် ကိုး ကွယ်မှုအယူအဆသည် ရှိခဲ့မည်သာဖြစ်ချေမည်။

ခေတ်လယ် လူတို့ ခေတ်ကို ဘီ စီ ၃၀၀၀၀- ၈၀၀၀ ဟု သတ်မှတ်ကြသည်။ ထိုခေတ်ကို သမိုင်းဆရာတို့က "ကျောက် ခေတ်လယ်" (The Middle Stone Age) ဟု ခေါ်ဆို သတ် မှတ်ကြသည်။ ခေတ်လယ်လူတို့တွင် ဘာသာတရား ယုံကြည် ယူဆမှုတို့ရှိလာသည်ကို တွေ့ရလေသည်။ ခေတ်လယ်လူတို့သည် ခေတ်ဦးလူတို့ထက် အသိဉာဏ်မှစပြီး အရာရာ အဆင့် အတန်း မြင့်လာလေသည်။ ကိုယ်ကာယ အနေအထား ပြေပြစ်လာပြီး ရှည်လျားသော ဦးခေါင်းတို့တွင် ဦးနှောက်များစွာ ရှိနေသည်

ဆို၏။ နေထိုင်မှုသည်လည်း အစုအဝေးနှင့် နေထိုင်ကြသဖြင့် လူမှုရေး အသွင်အပြင်တို့ ရှိလေသည်။

အသက်မွေးမှုအတွက် အသုံးပြုသောကျောက်လက်နက်များ သည်လည်း ခေတ်ဦးအခါကထက် ကောင်းမွန် တိုးတက်လာသဖြင့် ၎င်းတို့၏ အသက်မွေးမှုသည် ချောင်လည် လွယ်ကူလာသည်၊ ပစ္စည်း ပစ္စယလည်း စားလောက်ရုံသာလျှင်ရှိပြီး လူတန်းစား ကွဲပြားလောက်အောင် များများမထုတ်လုပ်နိုင်သဖြင့် လူတန်းစားခွဲခြင်းဆိုသော မာနတရားသည် မရှိချေ။ ၎င်းတို့ပြုလုပ်သောကျောက်လက်နက်များကို ကြည့်ခြင်းအားဖြင့် စိတ်ကူးမှု၊ တွေးဆမှု ဟူသော အသိဉာဏ်တိုးတက်မှုသည်ရှိလေ၏။ ခေတ်လယ်လူတို့သည် ၎င်းတို့နှင့်ပတ်ဝန်းကျင်တို့ အပြန်အလှန် ဆက်ဆံ ကြုံတွေ့ရမှုသည်ပင် အသိဉာဏ် တိုးတက်ကြောင်း ဖြစ်လေသည်။ အသိဉာဏ်တိုးတက်သည်နှင့်အမျှ လူသား၏ တဏှာအနုသယသည်လည်းတိုးတက်လာလေမည်။

ထို့ကြောင့်ပင် ၎င်းတို့သည် တမလွန်ဘဝကို မှန်းဆလာကြခြင်းဖြစ်ချေမည်၊ ခေတ်လယ်လူတို့သည် မိမိတို့၏အနာဂါတ်ကို မှန်းမျှော်လာသည်နှင့် အတူ ဘဝတဏှာသည် ဖြစ်ပေါ် ပွားစည်းလာတော့၏။ ခေတ်လယ်လူတို့သည် တမလွန်ဘဝကို ယုံကြည်သည်ဟု သမိုင်းဆရာတို့၏ အဆိုသည် မှန်လေမည်ဖြစ်၏၊ လူတဦးတယောက်သေဆုံးသောအခါ ထိုသူအသက်ရှင်လျက်ရှိစဉ်က အသုံးပြုခဲ့သော လက်နက်အဝတ်နှင့် အစားအစာတို့ကို အတူထည့်ပြီး မြေတွင်မြှုပ်ကြလေသည်။ ထိုကဲ့သို့ ပြုခြင်းကား

သေဆုံးသွားသူသည် တမလွန်ဘဝ၌ ထိုပစ္စည်းများကို လိုအပ်မည်ဟု ခေတ်လယ်လူတို့ အယူရှိခြင်းကြောင့်ပင်ဖြစ်လေသည်။

ဤသို့သော အပြုအမူတို့ကို တူးဖော် တွေ့ရှိရသဖြင့် ခေတ်လယ်လူတို့သည် တမလွန်ဘဝကို ယုံကြည်သည်ဟု သမိုင်း ဆရာတို့က ဆိုကြသည်။ ဗုဒ္ဓဝါဒ အလိုအားဖြင့် ဘဝတဏှာ မကင်းခြင်းကြောင့်ပင်ဖြစ်သည်၊ ထိုသို့ စွဲယူယုံကြည်ခြင်းသည် တဏှာအနုသယ၏ မကင်းပြတ်သောအကြောင်းဖြစ်လေသည်။

ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ထွန်းကားခဲ့သော လူ့ အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုသည် အီဂျစ် လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုသာဖြစ်သည်။ ယနေ့ ဥရောပတိုက်၏ ယဉ်ကျေးမှုသည် အီဂျစ်ယဉ်ကျေးမှုမှ ပေါက်ပွား မြစ်ဖျား ခံသည်ဟုပင် ဆိုနိုင်လောက်သည်။ အီဂျစ် ပြည်သည် အာဖရိက တိုက်၏ မြောက်ဘက်စွန်း မြေထဲပင်လယ်ကမ်းခြေပေါ်တွင်ရှိလေသည်။ အီဂျစ်တို့၏ ယဉ်ကျေးမှုသည် နှစ်ပေါင်းသုံးထောင်ကျော်လေးထောင်နီးပါးခန့် (၃၇၅၀)ခန့် သက်တန်းရှည်ခဲ့သည်။ ဘီစီ ၅၀၀၀ မှ ၁၁၅၀ ထိ ထွန်းကား တိုးတက်သော ယဉ်ကျေးမှု ရှိသည့် အီဂျစ်တို့၏ ဘာသာတရား (ကိုးကွယ်မှု ယုံကြည်ယူဆမှု) သည် နတ်ဘုရားများသာဖြစ်သည်။

ဘီစီ ၃၀၀၀ မှ ၂၅၀၀ ကို သမိုင်း ဆရာတို့က "ပိရမစ်ခေတ်" (The Pyramid Age) ဟု ခေါ်ပြီး ဘီစီ ၂၅၀၀-၁၅၈၀ ကို "ကံ ကျွေး ချ ခေတ်" (The Feudal Age) ၁၅၈၀မှ ၁၁၅၀ဘီစီကို "အင်ပါယာခေတ်" (The Empire Age) ဟုခေါ်ဆိုသတ်မှတ်ကြလေသည်။ အီဂျစ်တို့၏ ဘာသာ

ရေးသည် ၃၀၀၀—၁၁၅၀ ဘီစီအထိ ထူးခြားပြောင်းလဲမှု မရှိချေ။ ပထမ ပီရမစ်ခေတ်တွင် အီဂျစ်တို့သည် နတ်ဘုရားများစွာကို ကိုးကွယ်ယုံကြည်ကြ၍၊ ၎င်းတို့ကိုးကွယ်သော နတ်ဘုရားများနှင့်ပတ်သက်ပြီး ဒဏ္ဍာရီဆန်သော ပုံပြင်များစွာတို့ရှိသည်။ အီဂျစ်တို့၏နတ်ဘုရားတို့တွင် "ရေး" (Re or Ra) နတ်ဘုရားနှင့် "အိုဆီရစ်" (Osiris)နက်ဘုရားတို့သာ ထင်ပေါ် ကျော်ကြားလေသည်၊ 'ရေး'သည်နေနတ်ဘုရားဖြစ်ပြီး အလင်းရောင်နှင့်အနွေးဓါတ်ကို ပေးသည်ဆို၏။

'အိုဆီရစ်' နတ်ဘုရားသည် နိုင်းမြစ်နှင့် ကောက်ပဲ သီးနှံကိုစောင့်ရှောက်သည် ဆို၏။အိုဆီရစ်၌ကြင်ယာ'အိုင်ဆစ်' ( Isis) မယ်တော်နတ်ဘုရားမကြီးရှိ၏ဟု ဆို၏။ ထိုနတ်ဘုရားတို့အပြင်အခြားသောနတ်ဘုရားတို့ကိုလည်းကိုးကွယ်ယုံကြည်ကြ၏ ထိုနတ်ဘုရားတို့အပြင် ဗွေကြန် လက္ခဏာနှင့် ပြည့်စုံသော နွားလားဥသဘကိုင်း၊ ကြောင်ကိုင်း၊ တနည်းနည်းသော ယုံကြည်ချက်နှင့် ကိုးကွယ်ကြသေးသည်ဆို၏၊ အီဂျစ်လူမျိုးတို့၏ယုံကြည်ချက်မှာ လူသေသော်လည်း (ဝိဉာဉ်)သည် မသေချေ၊ ဝိဉာဉ်ခန္ဓာကိုယ်အဟောင်းထံသို့ ပြန်လည် ဝင် ရောက် ခဲ့ သော် သေခြင်းကင်း၍ ထာ ဝ စဉ်အသက်နှင့်ခန္ဓာကိုယ် တည်မြဲ သွားမည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့်ပင် အီဂျစ်တို့သည် လူသေများကို မပုတ်မသိုးအောင်ဆေးဝါးများဖြင့် စီရင်ထားပြီး တာရှည်လေးမြင့်စွာ ခံအောင်ပြုလုပ်ထားသည်။

ဘုရင်များသေဆုံးသောအခါ ရုပ်အလောင်းကို မပုတ်မသိုးအောင် ထိုကဲ့သို့ ဆေးစီရင်ပြီး ပီရမစ်ဂူသင်းချိုင်းထဲတွင်ထည့်သွင်း မြှုပ်နှံထားကြသည်။ သေသူနှင့် အတူ ၎င်း၏ အသုံး

အဆောင် ပစ္စည်းပရိဘောဂများကိုပါ ရုပ်အလောင်းနှင့်အတူ မြှုပ်နှံကြလေသည်။ သေသူသည် တမလွန်ဘဝ၌အဟာရအညီ ရစေရန် နောင်တမလွန်ဘဝ၌ မည်သို့နေထိုင်ရမည်၊ ငရဲသို့ မရောက်အောင် မည်သို့ဖြေဆိုရမည်စသော ညွှန်းကြားချက်များပါသည့် စာလွှာနှစ်ခု(The Book of the dead and the book of gats )တို့ကိုပါ အတူ မြှုပ်နှံလေသည်၊ ပီရမစ်ဂူကြီးနှင့်ကပ်ပြီး သေသူအတွက် ဘုရားကျောင်းတဆောင် ဆောက်လုပ်ထားသည်၊ ထိုဘုရားကျောင်းဆောင်သို့ သေသူဘုရင်သည် နေ့စဉ်ဘုရားဝတ်ပြုလာလိမ့်မည်ဟုအယူရှိသဖြင့် စားသောက်ဖွယ်ထမင်းဟင်းလျာစသည်တို့ကိုဘုရားကျောင်းဆောင်သို့လာရောက်ပို့ထားလေ့ရှိသည်၊ နောက်ပိုင်း၌ အီဂျစ်တို့သည် ခန္ဓာ ကိုယ် တွင်း သို့ ဝိညာဉ်ပြန်ဝင်လိမ့်မည်ဆိုသော အယူကို စွန့်လွှတ်ကြဟန်ရှိသည်။ သေသူ၏ရုပ်အလောင်းကို ကြာရှည်ခံရန်ဆေး စီရင်ထားသောအလေ့အထမထွန်းကားတော့ချေ။

အိုဆီရစ်နတ်ဘုရားသည် အီဂျစ်တို့အဘို့ တမလွန်ဘဝတွင် အဆုံးအဖြတ်ပေးသော ပုဂ္ဂိုလ်ဖြစ်သည်၊ လူ တ ဦး တယောက် သေဆုံးလျှင် ထိုသူ၏ ဝိညာဉ်သည် အိုဆီရစ်နတ်ဘုရား အဆုံးအဖြတ်ပေးရာ ဘုံဗိမာန်သို့အရောက် အလွန်ရှည်လျားသော ခရီးပြင်းကို ဖြတ်ကျော်သွားရ၏၊ ဗိမာန်သို့ ရောက် သော အ ချိန် အိုဆီရစ်က သေသူ၏ နှလုံးသားကို ငှက်တောင်ဖြင့်ချိန်စက်ကြည့်သည်ဆို၏။ထိုငှက်တောင်သည် မှန်ကန်ခြင်းနှင့်တရားမျှတခြင်း၏ အမှတ်အသား ဖြစ်သည်ဟူ၏၊ အပြစ်ကင်းစင်သော သူများကို သေခြင်းကင်းသော ဘုံဗိမာန်သို့ပို့ဆောင်ပြီးအပြစ်ရှိသောသူတို့၏ နှလုံးသားကိုမူ တိရစ္ဆာန်သားရဲတို့အား ကျွေးပြစ်သည်ဆို၏။

၎င်းတို့၏ နတ်ဘုရားများကို အီဂျစ်တို့သည် အစားအသောက်များဖြင့်သာ ပူဇော်ပသကြ၏။

အင်ပါယာခေတ်တွင် မင်းနေပြည်တော်ဖြစ်သော သိဘိစ်မြို့မှ သိဘိစ် (Thebes)နတ်ဘုရားကြီးအဲမွန် (Amon or Amen) သည် တန်ခိုးကြီးလာပြန်သည်၊ ထိုအခါက အီဂျစ်တို့သည် မိမိတို့၏ ဘာသာရေးကို အထူးလေးစားကြ၏၊ ထို့ကြောင့်ပင် 'ရေး—အိုဆီရစ်—အဲမွန်' စသောနတ်ဘုရားများနှင့် ပတ်သက်ပြီး နတ်ဘုရားတို့၏သာဝက ဘုန်းကြီးတို့သည် အလွန်တန်ခိုးကြီးကြသည်။ နတ်ဘုရားတို့နှင့်ပတ်သက်သော ဇာတ်နိပါတ်ပုံပြင်တို့ကိုလည်း ချဲ့ထွင်ဟောပြောကြလေသည်၊ နောက်ဆုံး ဘုန်းကြီးတို့သည်အုပ်ချုပ်ရေးအာဏာကိုပင် မက်မောလာသဖြင့် ဘုရင်နှင့်ပင် အပြိုင်အဆိုင် ဖြစ်လာကြသည်ဟု ဆိုလေသည်။ အမာန်ဟိုတက်(Amenhotep) ဘုရင်သည် အီဂျစ်တို့အား နတ်ဘုရားအများကို ကိုးကွယ်ရာမှ နတ်ဘုရားအတ်ထွန်း (Aton) ကိုသာ ကိုးကွယ်ရန် အမိန့်ထုတ်ပြဋ္ဌာန်းခဲ့လေသည်။

အတ်ထွန်သည် နေနတ်ဘုရားဖြစ်သည်၊ထိုနေနတ်ဘုရားသည် တကမ္ဘာလုံးကို စိုးမိုးပိုင်သ အုပ်ချုပ်ရသည်ဟု ၎င်းကယုံကြည်လေသည်၊ ထိုဘုရင်သည် မိမိနံမည်ထဲတွင် အဲမွန် နတ်ဘုရား၏ အမည် (Amen) ပါနေသည်ကိုပင် မနှစ်ခြိုက်သဖြင့် အိုက်ခ်နထွန်း (Ikhnaton)ဟူသော အမည်သို့ပင် ပြောင်းလိုက်သည်၊ အိုက်ခ်နထွန်း ဘုရင်သည်၎င်း၏ လက်အောက်ခံ နိုင်ငံတို့အား အတ်ထွန် နတ်ဘုရားတဆူတည်းကိုသာ ကိုးကွယ်ရမည်၊ အခြား နတ်ဘုရားများကို မကိုးကွယ်ရဟု အမိန့်ထုတ်ခဲ့သည်။ ၎င်း၏

(Monotheism)ခေါ် တဆူတည်း ကိုးကွယ်မှုသည်ပင် အီဂျစ်အင်ပါယာပျက်စီးစေမှု၌တခုသောအကြောင်းဖြစ်လေသည်။

အီဂျစ်တို့၏ ယဉ်ကျေးမှုနှင့် စင်ပြိုင်လို ထွန်းကားခဲ့သော ယဉ်ကျေးမှုနှင့်လူ့ အဖွဲ့အစည်းတခုသည် "တိုင်းဂရစ်နှင့်ယူဖရေးတီးစ် (Tigris and euphrates) မြစ်များတည်ရှိရာ အနေ့ာက် အာရှတွင် ထွန်းကားခဲ့သည်။ ထိုလူ့အဖွဲ့အစည်းတို့၏ယဉ်ကျေးမှုသည် အီဂျစ်တို့ထက်ပင် ရှေးကျတန်ကောင်း၏ဟုယူဆကြသည် အနေ့ာက် အာရှယဉ်ကျေးမှုသည်၊ ၄၀၁၀–၃၀၀ ဘီစီတဝိုက်တွင်သာဖြစ်သည်။ ၎င်းယဉ်ကျေးမှု လူ့အဖွဲ့အစည်းတို့နှင့် အတူ ဘာသာတရား (ကိုးကွယ်မှုယုံကြည်ယူဆမှု)တို့သည် တပါတည်းပေါ်ထွန်းခဲ့သည်။

"ဆူမီရီယန်" လူမျိုးများ (Sumerians)၄၀၀၀ - ၂၅၀၀ ဘီစီ တို့သည်နတ်ဘုရားများကိုသာကိုးကွယ်ကြသည်၊ ဆူမီရီယန်တို့သည် နေ၊လ၊လေ၊မိုးကြိုး၊မိုး၊ကောင်းကင်၊တော၊တောင်၊ရေမြေစသည်တို့၌နတ်ဘုရားများအသီးသီးရှိသည်ဟုယုံကြည်ကြ၏။ ထိုနတ်ဘုရားအားလုံးကို ကိုးကွယ်ကြသည်၊ ထိုနတ်ဘုရားတို့တွင် လေ၊ နတ်ဘုရား၊ "အင်လင်းလ်"(Enlil)သည်တန်ခိုးအကြီးဆုံးဖြစ်သည်၊ ထိုနတ်ဘုရားများအတွက် လှပခန့်ငြားသော ဗိမာန်များ တည်ဆောက်ထားကြ၏၊ နတ်ဘုရားတို့၏ သာဝက ဘုန်းကြီးများက ထိုဗိမာန်ကြီးများထဲတွင် နေကြရသည်။စုန်း၊ နတ်၊ တစ္ဆေ၊ သရဲစသည်များကိုလည်း ယုံကြည်ကြသဖြင့် မကျန်းမမာဖြစ်လျှင် ထိုစုန်း၊နတ်၊တစ္ဆေ၊သရဲတို့ ဖမ်းစားထားသည်ဟု အယူရှိကြ၏။ ဘုန်းကြီးများသည် ဂါထာ မန္တရားများကို ရွတ်ဖတ်ကာ အစိမ်း၊ သရဲနှင်ထုတ်သော အလုပ်ကိုလည်း လုပ်ကြသည်၊

ဘုန်းကြီးများသည် အဓိကအားဖြင့် ဘာသာရေးပွဲလမ်းများကို ဦးစီးပြီး ကျင်းပပေးရသဖြင့် ဘာသာရေး နှင့် ယှဉ် နွှယ်ပြီး အတော်တန်ခိုးကြီးကြ၏၊ တမလွန်ဘဝကိုလည်း ယူဆယုံကြည်ကြ၏၊ သေလွန်သောအခါ လူဆိုး လူကောင်းအားလုံးတို့သည် မြေကြီး၏အောက်တွင်ရှိသည့် မှောင်အတိဖြစ်နေသော အရပ်သို့ သွားရောက်ကြရ၏။ သေသူသည် တမလွန်ဘဝ၌ အသက်ရှင်စဉ်က အသုံးပြုခဲ့သော ပစ္စည်းပစ္စယများကို လိုအပ်သည်ဆို၏၊အရှင်သခင် အသက်တန်းစားတဦးဦး သေဆုံးလျှင် ၎င်းနှင့် ပတ်သက်သော ကျေးကျွန်၊ တိရစ္ဆာန် အသုံးအဆောင်များကိုပါ သတ်ဖြတ်၍ တပါတည်း မြှုပ်နှံကြရ၏။

ဆူမီရီယန်တို့ကိုတိုက်ခိုက်စိုးစံသော ဘေဘီလုံနီယန် ၁၉၄၀-၁၉၀၅ ဘီစီတို့သည်လည်း နတ်ဘုရားများကိုသာ ကိုးကွယ်ကြသည်။ ၎င်းတို့ခေတ်ကို ဟန်မူရာဘီ ခေတ်ဟုလည်း ခေါ်ဆိုကြသည်။ ဆူမီရီယန် နတ်ဘုရားများ အပါအဝင် နတ်များစွာတို့ကို ကိုးကွယ်ကြသော်လည်း၊ ၎င်းတို့၏တန်ဘိုးအကြီးဆုံး နတ်ဘုရားမှာ "မားဒေါက်" (Marduk)ဖြစ်သည်။

၎င်းပြင် "အစ်ရှတာ" Ishtar (Goddes of Love) သည်လည်း တန်ခိုးကြီးသော နတ်ဘုရားမဖြစ်လာသည်၊ ထိုနတ်ဘုရားတို့တွင် သာဝက ဘုန်းကြီးများရှိလေသည်။ ထိုဘုန်းကြီးများက ယဇ်ပူဇော်ရာတွင် သတ်လိုက်သော သိုး၏ အသဲပြင်ကို ကြည့်ပြီး အနာဂါတ်အရေးကိုကြိုတင်ဟောပြောကြလေသည်။ ကောင်းကင်မှ ကြယ်တာရာနက္ခတ်တို့၏ ဂြိုဟ်သွား ဂြိုဟ်လာကို ကြည့်ပြီး အနာဂါတ်ကိုဟောခြင်းများလည်းရှိခဲ့လေသည်။ ဘုန်း

ကြီးတို့မှာ ဘာသာရေးနှင့်ပတ်သက်ပြီး တန်ခိုးကြီးကာ လွှမ်းမိုးချယ်လှယ်နိုင်သော လူတန်းစားဖြစ်လေသည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးသမားများဖြစ်ကြသော "အဆီးရီဆန်း" (Assyrian) ၇၅၀–၆၁၂ ဘီစီတို့သည်လည်း နတ်ဘုရားများစွာ ကိုးကွယ်သော သူများ ဖြစ်သည်။ "အဆာ" (Assur) နတ်ဘုရားသည် ၎င်းတို့ကိုးကွယ်သော နတ်ဘုရားတို့တွင် တန်ခိုးအကြီးဆုံးဖြစ်သည်။အစ်ရှ်တာ နတ်ဘုရားမကိုလည်း မြေသြဇာဖွံ့ဖြိုးအောင်ဖန်ဆင်းပေးသည့်မယ်တော်နတ်ဘုရားမအဖြစ်ကိုးကွယ်ကြသေးသည်။ အဆီးရီးယန်းတို့သည် တမလွန်ဘဝကို မယုံကြည်ကြဟု သမိုင်းဆရာတို့ကဆိုလေသည်။

ဆီးမိုက်အနွယ်မှ ဆင်း သက် လာကြသော ဟီးဘရူး လူမျိုးများ ၁၀၀၀–၅၈၆ ဘီစီတို့သည် အဦးက သိုးအုပ်ကြီးများနှင့်အတူ တနေရာမှ တနေရာသို့ လှည့်လည်သွားလာနေကြသော ခြေသလုံးအိမ်တိုင်များ ဖြစ်ကြသည်၊ နောက် ပိုင်း မြေ ထဲ ပင်လယ်၏အရှေ့တောင်ထောင့် "ပါလက်စတိုင်း" (Palestine) နိုင်ငံတွင်အခြေတကျနေထိုင်ကြသည်။ ၎င်းတို့သည် သဲကန္တာရတွင်နေစဉ်ကပင်"ယာဗေး"ဘုရားကို ကိုးကွယ်ကြသည်၊ နောင်လည်းယာဗေးဘုရားကိုသာကိုးကွယ်ကြ၏။ယာဗေးဘုရားကိုကိုးကွယ်ရန် တမာန်တော်ဆိုသူများပင် ပေါ်ပေါက် ဟောပြောခဲ့ကြသည်၊ တမာန်တော်များသည် ဘုရားသခင် မေတ္တာတော် တန်ခိုးတော် စသည်များကို ဟောပြောကြလေသည်။

"ဟစ်တိုက်"(The Hittite)၁၈၀၀–၁၂၀၀ဘီစီတို့သည်လည်း နတ်ဘုရား ကိုးကွယ်သူများဖြစ်၏၊ ၎င်းတို့ကို အီဂျစ်နှင့် ဘေဘီလုံနီယန်းတို့၏ ဘာသာများက လွှမ်းမိုးနေ၏၊ အဓိက

အားဖြင့်ကိုးကွယ်သော နတ်ဘုရားများကား မြေစောင့် နတ်ဘုရားနှင့် ကောင်းကင်စောင့် နတ်ဘုရားတို့ဖြစ်သည်၊ နေ နတ်သား သည် အလွန်တန်ခိုးကြီးသော နတ်ဘုရားဖြစ်လေသည်။

ဘီစီ ၂၀၀၀ ခန့်တွင် အာရှတိုက် အနောက်တောင်ဘက်သို့ ဝင်လာကြသော "ပ ရှင်းလူမျိုးများ"(Persian)စိုက်ပျိုးရေး၊ မွေးမြူရေးသမားများ ဖြစ်ကြသည်။ ပါရှင်းတို့ ကိုးကွယ်သော ဘာသာသည် "ဇိုရိုအတ်စတာ"(Soroaster) ခေါ် ပညာရှင်ကြီး၏ ဟောပြောချက်များကို မှီငြမ်းပြုထားသည်တို့ဖြစ်သည်။ ဇိုရိုအတ်စတာကို ၇၀၀ဘီစီဟုသတ်မှတ်ကြသည်။ဇိုရိုအတ်စတာ၏အဆိုအရ လောကကြီးတွင် အကောင်းနှင့် အဆိုးသည် အမြဲဒွန်တွဲနေသည်၊လူသတ္တဝါတို့အတွက် ကောင်းကျိုးပြုမည့် အရာဝတ္ထုမှန်သမျှကို "အော်မတ်ဇ်ဒ" (Ormuzda) နတ် ကြီး က ဖန်ဆင်း၏၊ ဆိုးသောအကျိုးပေးနိုင်သည့် အရာဝတ္ထုမှန်သမျှကို "အရိမာန်" (Ahriman)နတ်ဆိုးက ဖန်ဆင်းသည်၊ အရိမာန်သည် မကောင်းမှုဟူသမျှကို အုပ်စိုးလျက် လူသတ္တဝါတို့အား မကောင်းမှုကျူးလွန်ရန် အမြဲတိုက်တွန်းလေ့ရှိသည်ဆို၏။

အော်မတ်ဇ်ဒ၏ အခြံအရံ၊ နတ်တို့သည် နတ်ကောင်းများဖြစ်ပြီး အရိမာန်၏ ခြံရံ သင်းပင်းနတ်တို့မှာ နတ်ဆိုးများ ဖြစ်သည်။ လူတို့သည် လိမ်ညာမပြောရန်နှင့် စိတ်ယုတ်မာမွေးခြင်းမှ ရှောင်ရမည်၊ ဇိုရိုအတ်စတာက မကောင်းမှုနှင့် ကောင်းမှုကို အလင်း အမှောင်တို့ဖြင့် ဥပမာပေးသည်၊ မကောင်းမှုကို ရှောင်ကျဉ်ပြီး ကောင်းမှုကိုချည်း သတိရှိစေရန် မီး အထိမ်းအမှတ်ထားကြသည်။ သေသူ၏ဝိညာဉ်သည် သေဆုံးပြီး သုံးရက်မြောက်သောနေ့၌ အသူတရာနက်သော ချောက်ကြီးပေါ်

တွင် ဆောက်ထားသည့်တံတားပေါ်၌ လျှောက်ရသည်ဟု ဆိုသည်။

အော်မတ်ဇ်ဒ နတ်မင်းကြီးက လူ့ဘဝတွင်ပြုမူဆောင်ရွက်ချက်များကို မေးမြန်းစစ်ဆေးသည်။ ကောင်းမှုရှိသူများသည် တံတားကိုဖြတ်ကျော်ပြီး ကောင်းမြတ်သောသုခဘုံသို့ရောက်၏၊ မကောင်းမှုရှိသူများသည်၊ တံတားပေါ်မှ မကောင်းဆိုးဝါးတို့၏ ငရဲပြည်သို့ ဆွဲချခြင်းကိုခံရ၏။

ဇိုရိုအတ်စတာသည် ကောင်းရာ သုဂတိဘုံသို့ လား လိုသော်—ကာယကံ, ဝစီကံ, မနောကံ သန့်ရှင်းရမည်၊ မေတ္တာဂရုဏာထားရမည်၊ ပေးကမ်းလှူဒါန်းရမည်ဟု ဟောပြောလေသည်။ ဇိုရိုအတ်စတာ၏ ဟောပြောချက်များကို သူသေဆုံးပြီး နှစ်ပေါင်းအတော်ကြာမှပင် နွားသားရေအချပ်ပေါင်း၁၂၀၀ ပေါ်တွင် ရေးသား၍ အုပ်တွဲ၂၀ခွဲကာ ရွှေကြိုးများဖြင့်ချုပ်ထားခဲ့ကြသည်၊ ထိုကျမ်းများကို "ဇင်းအဗတ်စတာ" (Zend Avesta) ဟုခေါ်လေသည်။

ကမ္ဘာ့သမိုင်းတွင် "ဂရိ" (Greeks)တို့သည် အလွန် ထင်ရှားခဲ့သူများဖြစ်သည်၊ ၁၀၀၀—၅၀၀ဘီစီ၌ ဂရိတို့သည်ဥရောပတိုက်တွင်မြင့်မားသော ယဉ်ကျေးမှုပိုင်ဆိုင်ခဲ့သူများ ဖြစ်ခဲ့ကြလေသည်။

ဂရိတို့၏ဘာသာရေးသည်လည်း နတ်ဘုရားများစွာကို ကိုးကွယ်ယုံကြည်သောဘာသာတရားဖြစ်၏။ ရှေးဦးကတောတောင်ရေမြေတို့တွင် ပိုင်စိုးသော နတ်ဘုရားများရှိသည်ဟု ယူဆ ကိုးကွယ်ခဲ့ကြ၏၊ နောက်ပိုင်း၌ မိုးကောင်းကင်ကို ပိုင်သသော မိုးနတ်ဘုရား "ဇီးယပ်စ်" (Zeus)သည် တန်ခိုးအကြီးဆုံးဖြစ်လာ

သည်။ ဇီးယပ်စ် နတ်ဘုရား၏ စံနန်းဗိမာန်ကို "အိုလန်ပါစ် တောင်ထိပ်" (Mount Olympus)တွင် တည်ထားသည်။

အခြားသော နတ်ဘုရားတို့၏ ဗိမာန်များကိုလည်း အိုလန်ပါစ်တောင်ထိပ်တွင်ပင် တည်ထားကြသည်။ နောင်သောအခါ နေနတ်ဘုရား "အပိုလို" (Apollo) သည် ဂရိတို့၏ ကြည်ညို လေးစားမှုကို ဇီးယပ်စ် လက်ခံ ယူရရှိလာသည်။ အပိုလိုသည် သူရိယာအလင်းရောင်နှင့် အနာဂတ်အရေးကို ကြိုတင် ဟောပြောနိုင်သူ ဖြစ်သည်ဆို၏။

အပိုလို နတ်ဘုရား၏ ဗိမာန်ကို "ဒယ်လ်ဖီ"(Delphi)အရပ်တွင် တည်ဆောက်ထားကြ၏၊ ၎င်းပြင် စီးပွား ဥာဏ်ပညာနှင့် အနုပညာ ပိုင်ဆိုင်သော "အသီနာ နတ်ဘုရားမ" ( Athena ) ပင်လယ်စောင့်နတ်ဘုရား၊ "ပိုစီးဒွန်" (Poseidon)မြေစောင့်နတ် ဘုရား၊ "ဒိုင်အိုနီစပ်စ်" (Dionysus) လေနတ် ဘုရား၊ "ဟာမက်စ်" (Hermes)လ- နတ်ဘုရား၊အာတိ (Artemis) သီးနှံ ဖွံ့ ဖြိုးစေသောနတ်ဘုရားမ၊ ဒမီတာ(Demeter) အချစ်နတ်ဘုရားမ၊ အက်ဖရိုဒိုက် (Aphrodite) ဂရိတို့သည် ဤသို့ပင် နတ်ဘုရား အထီး အမများစွာတို့ကို ကိုးကွယ် ယုံကြည်ကြလေသည်။ သို့သော်-ထိုနတ်ဘုရားတို့အား အလွန်လေးစားဂရုပြုသည်ဟု မဆိုသာချေ။

ဂရိတို့သည် လူဆိုး လူကောင်း အားလုံးတို့သည် သေဆုံးသောအခါ အကျိုးတူသာခံစားရသည်ဟု ယုံကြည်ကြ၏။ သေသူတို့သည် ဝသုန်မြေကြီးအောက်တွင်ရှိသော ဟာဒိစ် (Hadgs) ဌာနသို့ ရောက်သွားကြရ၏။ ထိုအရပ်သည် အမှောင်အတိ ဖုံး

လွှမ်းနေသည်၊ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော အမျိုးသား အမျိုးသမီးတို့သာ ချမ်းမြေ့သာယာသော (Elysian Fields) အရပ်သို့ ရောက်သည်ဆို၏။ ထိုအရပ် မည်သည့်နေရာတွင်ရှိသည်ဟူ၍ ကားမဆိုချေ။ဘီစီ ၆၀၀ခန့်တွင်ဂရိတို့ဘာသာရေးသည်တိုးတက်သည်ဟုဆိုရမည်။ ၎င်းတို့၏နတ်ဘုရားများနှင့် ပတ်သက်သော ပုံပြင်များကိုရေးကြသည်၊ ထိုနတ်ဘုရားများအား ဂုဏ်ပြုသော နတ်ဘုရားပွဲများကိုလည်း တနိုင်ငံလုံး ကျင်းပ ပြုလုပ်ကြသည်။ ကမ္ဘာကျော်အိုလံပစ်ပြိုင်ပွဲများသည် အိုလံပစ်တောင်တွင် စံမြန်းနေကြသော နတ်ဘုရားများကို ဂုဏ်ပြုကျင်းပသည့် နတ်ဘုရားပွဲပင်ဖြစ်သည်။လေးနှစ်တကြိမ်ကျင်းပ၏၊ တမလွန်ဘဝအယူအဆသည်လည်း ပြောင်းလဲလာသည်၊ လူကောင်းတို့သည် သေဆုံးသောအခါ ကောင်းရာသုဂတိဘုံသို့ ရောက်ရပြီး လူဆိုးသည် မကောင်းသော ဒုဂ္ဂတိဘုံသို့ ရောက်သည်ဟုယုံကြည်ကြသည်။

တချိန်ကမြေထဲပင်လယ် ကမ္ဘာကြီးကို စိုးမိုးလျက် အင်အားကြီးမားခဲ့သော ရောမတို့သည်လည်းဘာသာရေးတွင် နတ်ဘုရားများကိုသာ ကိုးကွယ်ကြသည်။ ဂျူပီတာ၊ ဂျူနို၊ မာကျူရီ၊ မားစ်ဗီးနပ်စ် စသောနတ်ဘုရား အထီးအမတို့သည် ရောမတို့ကိုးကွယ်သော နတ်ဘုရားများ ဖြစ်သည်၊ နောက်ပိုင်းတွင် အရှေ့တိုင်းနိုင်ငံတို့မှ ကိုးကွယ်မှုများသည် ရောမသို့ စိမ့်ဝင်ခဲ့ကြသည်၊ ဂရိတို့၏ ယဉ်ကျေးမှုကို အများဆုံး ဆက်ခံသဖြင့် ဘာသာရေး တမလွန်ဘဝ ယုံကြည်မှုတို့သည် ဂရိတို့နှင့် သိပ်ပြီး ခြားနားဟန်မရှိချေ။

တရုပ်တို့၏ ရှေးဦးလူ့အဖွဲ့အစည်း အကြောင်းကို တိကျစွာမသိရချေ။ ထို့ကြောင့်ပင် တရုပ်တို့၏ရှေးဦးနိုင်ငံသမိုင်းသည်

ဒက္ကာရီဆန်လှသည်ဟု သမိုင်းဆရာတို့ကဆိုကြသည်၊ ခိုင်မာတိကျသော အထောက်အထားများအရ မဟုတ်ဘဲ သက်ကြီးစကားသက်ငယ်ကြားဆိုသကဲ့သို့ ဒက္ကာရီပုံပြင်တို့မှ အကြောင်းအရာကို လေ့လာပြီး ခန့်မှန်းယူကြရသည်။ ဘီစီ ၂၅၀၀, ခန့်တွင် တရုပ်တို့၏ ယဉ်ကျေးမှုသည် အဆင့်အတန်းမြင့်ခဲ့သည်ဟု သမိုင်းပညာရှင်တို့က ခန့်မှန်းကြသည်၊ တရုပ်တို့၏ ဘာသာရေးမှာ နတ်များစွာကိုကိုးကွယ်သောဘာသာရေးသာဖြစ်သည်။ နေနတ်, မြေနတ်, မီးနတ်, မြစ်စောင့်နတ်, စသောနတ်အမျိုးမျိုး တို့ကို ကိုးကွယ်ကြသည်၊ စိုက်ပျိုးရေး ထွန်းကားမှုအတွက် ယဇ်ပူဇော်ပသမှုများပင် ပြုလုပ်ကြသည်။ အချို့က လူကိုပင် သတ်ပြီး ပူဇော်သည်ဟုဆိုကြသည်၊ တမလွန်ဘဝကိုယုံကြည်သောသူများဖြစ်သည်၊ သေလွန်သော မိဘဘိုးဘွားများကိုလည်း ပူဇော်ပသကြ၏၊ နတ်မေးခြင်း,အတိတ်ကောက်ယူခြင်း, အနာဂတ်ဟောပြောခြင်းတို့ကိုလည်း ဝါသနာရှိကြ ယုံကြည်ကြသည်။ ကောင်းကင်ဘုံဘုရားကို ကိုးကွယ်ရန် ဟောပြောသော ဘုန်းကြီးများ ထွက်ပေါ်သော်လည်း ထိုဝါဒသည် တွင်ကျယ်ခဲ့ဟန် မရှိချေ။ ဘီစီ ၅၀၀-စုတဝိုက်မှစပြီး တရုပ်တို့သည် လူမှုပြုပြင်ရေး ပညာရှိကြီးများ၏ အဆိုအမိန့်များကို ဘာသာတရပ်ကဲ့သို့ပင် လက်ခံယုံကြည်လာကြသည်၊ ထို့ကြောင့်ပင် ရှေးဟောင်းတရုပ်ပြည်၌ ဘာသာရေးထက် ထိုပညာရှိကြီးများ၏ လူမှုရေးက တွင်ကျယ်ခဲ့လေသည်။

ဘီစီ ၅၀၀၀-၃၀၀၀ အချိန်က ဂင်္ဂါမြစ်ဝှမ်း ဒေသတွင် အတော်အဆင့်အတန်းမြင့်သော ယဉ်ကျေးမှုတခု ထွန်းကားခဲ့သည်၊ သို့သော် ထိုဂင်္ဂါမြစ်ဝှမ်း ဒေသတွင် ယဉ်ကျေးမှုကိုမည်သူ

ကစသည်ဟု ယနေ့တိုင်ပင် သမိုင်း ပညာရှင်တို့ ခိုင်လုံသော အထောက်အထားမရရှိသေးခဲ့ချေ၊ ထိုယဉ်ကျေးမှု ထွန်းကားခဲ့သည်ကို "ဆင်းနယ်ရှိ မိုဟင်ဂျိုဒါအရပ်" (Mohen Joda)နှင့် "ပန်းဂျပ်နယ်ရှိဟာရာပါ" (Harappa) အရပ်တို့ကို သမိုင်းသုတေသီတို့ တူးဖော်တွေ့ရှိကြလေသည်။ ထိုယဉ်ကျေးမှုသည် ဗုဒ္ဓ မပွင့်ပေါ်မီ နှစ်ပေါင်း၄၀၀၀ ကျော်က ထွန်းကားခဲ့သည်၊ ထိုအခါက ဘာသာတရားများရှိခဲ့သည်ဟု သမိုင်းသုတေသီတို့က ဆိုကြသည်၊ ၎င်းတို့သည်နတ်များစွာကိုပင် ကိုးကွယ်သည်ဟုယူဆကြ၏။ ယနေ့ အိန္ဒိယမှ ဟိန္ဒူဘာသာသည်ထိုခေတ်အခါက စတင်ခဲ့ဟန်ရှိသည်ဟု အချို့ပညာရှင်တို့က ယူဆကြလေသည်။

ဤဣန္ဒုမြစ်ဝှမ်း ယဉ်ကျေးမှုကြီး ကွယ်ပျောက်သွားသော အခါ ဣန္ဒုမြစ်ဝှမ်း၌ဒြဗိဒီယန်တို့နေထိုင်ခဲ့ကြသည်။ဒြဗိဒီယန်တို့သည်လည်း ယဉ်ကျေးမှုရှိလာကာ မြို့ပြတည်ထောင်ပြီးနေကြသူများဖြစ်၏၊ ၎င်းတို့၏ယဉ်ကျေးမှု အဆင့်အတန်းအရ ၎င်းတို့တွင် ကိုးကွယ်မှုများရှိခဲ့ချေမည်၊ ၎င်းတို့၏ကိုးကွယ်မှုသည်လည်း နတ်ဘုရားများသာဖြစ်ချေမည်၊ ရှေးဟောင်း ဣန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုကြီး၏ အရိပ်အငွေ့ကင်းနိုင်မည်မဟုတ်ချေ။

ဒြဗိဒီယန်တို့၏နောက်ပိုင်းတွင် ဘီစီ ၂၀၀၀ ခန့်၌ အာယ (Aryan) လူမျိုးများဝင်ရောက်လာကြသည်၊ ဣန္ဒုမြစ်ဝှမ်းတဝိုက်သို့ ဒြဗိဒီယန်နှင့်အာယတို့ဝင်ရောက်လာခြင်းတို့မှာ ကွာလှသည်မဟုတ်ချေ၊ မရှေးမနှောင်းပင် ဖြစ်သည်ဟုယူဆကြသည်၊ အာယတို့သည် အနောက်မြောက်ဘက်မှ ဝင်လာကြသူများဖြစ်သည်။ ၎င်းတို့၏ မူလဒေသမှာ အာရှတိုက် အနောက်ဖက်ရှိ

ကောကေဆတ်တဝိုက်ဖြစ်မည်။ သို့မဟုတ် အာရှတိုက်အလယ်ပိုင်း မြက်ခင်းလွင်ပြင်ဒေသများဖြစ်ပေမည်။

အာယတို့သည် မွေးမြူရေးနှင့်စိုက်ပျိုးရေးသမားများဖြစ်ကြသည်၊ အဓိကအားဖြင့် မွေးမြူရေးသမားများ ဖြစ်လေသည်။

အာယတို့ ဇမ္ဗူမြစ်ဝှမ်းဒေသသို့ ဝင်ရောက်လာသည်မှစ၍ ဗုဒ္ဓမတိုင်မီ အယူဝါဒများ အသက်ဝင် လှုပ်ရှား လာတန်သည်။ အာယတို့သည် မူလကပင် ကိုးကွယ်မှုရှိသူများဖြစ်သည်။ ၎င်းတို့ ကိုးကွယ်သောနတ်ဘုရားတို့ကား သဘာဝတရား၏ အရှင်သခင် တန်ခိုးရှင်များဖြစ်လေသည်။

ထိုနတ်ဘုရားတို့ကို ဒေဝ (Devas) များ၊ (နတ်ဘုရားများ) ဟုခေါ်ကြသည်။ ထိုဒေဝ များကား အဂ္ဂနိ၊ ဝရုဏ၊ ဣန္ဒြ၊ မိတြာ (Agni, Varuna, Indra, Mitra) ဟူ၍ သဘာဝတရားကို ချုပ်ကိုင်စိုးမိုးသော နတ်ဘုရားများအဖြစ် ယူဆသတ်မှတ်ကိုးကွယ်ဆည်းကပ်ကြသူတို့ဖြစ်သည်။

အိန္ဒိယသို့ ဝင်ရောက်လာသော အာယတို့နှင့်အတူ ၎င်းတို့၏ ယဉ်ကျေးမှုဘာသာရေး၊ ဘာသာရေး ဦးဆောင် ပုဂ္ဂိုလ်များ၊ (ဘုန်းကြီးများ) သည်လည်း ၎င်းတို့နှင့်အတူ တပါတည်းပါလာလေသည်။ ဇမ္ဗူမြစ်ဝှမ်းသို့ရောက်လာသောအခါ မူလရှိနေနှင့်သော ဒြဝိဒီယန်နှင့်ယဉ်ကျေးမှု ဘာသာရေး စသည်တို့သည် ရောယှက်လာဟန်ရှိသည်။ ထို့ကြောင့်ပင် အာယတို့ကိုးကွယ်သော နတ်ဘုရားများသည် မူရင်း ၎င်းတို့၏ နတ်ဘုရားများ မဟုတ်ခြင်းပင်ဖြစ်၏။

အာယတို့သည် ၎င်းတို့၏ နတ်ဘုရားများကို ကဗျာလင်္ကာများဖြင့်လည်း သီဆိုကျူးရင့်ထောပနာပြုပူဇော်ကြ၏။ ၎င်းတို့

လူမျိုး၏ အတိတ်အကြောင်းခြင်းရာတို့ကိုလည်း အစုံအလင်ပင် ကဗျာများသီကုံးဖွဲ့နွဲ့စပ်ဆိုကြသည်၊ ၎င်းတို့၏ဘာသာရေးအပြု အမူတခုဖြစ်သော စားသောက်ဖွယ် အဖျော်ယမကာ ထောပတ် ပန်း၊ အသီးအနှံစသည်တို့ဖြင့်လည်းပူဇော်ပသရ၏။ ထိုသို့ပူဇော် ရာ၌ ၎င်းပူဇော်ဖွယ်ပစ္စည်းဝတ္ထုများကို ဘုရားအတွက်ရည်မှန်း ပြုလုပ်ထားသော မီးဖိုကြီး၏ မီးလျှံများထဲသို့ သွန်းလောင်း ပူဇော်သည်ဟုဆို၏၊ ဆိုင်ရာကဗျာမန္တရားစသည်တို့ဖြင့်ယဇ်ပွဲကြီး များ စီမံပြီး ယဇ်ပွဲဖြင့်ပူဇော်ပသခြင်းလည်းရှိ၏၊ နှောင်းပိုင်း တွင် ယဇ်ပွဲဆင်ယင်ပူဇော်ပသခြင်းသည် ဘာသာရေး အဓိက အချက်ဖြစ်လာလေသည်။

ယဇ်ပူဇော် ပသခြင်းသည် တမလွန် ဘဝတို့၌ ကောင်းမွန် ချမ်းသာစွာဖြစ်နိုင်စေရန် နတ်ဘုရားတို့အား ပူဇော်ပသခြင်း ဖြစ်သည်။ အဓိကအားဖြင့် ယဇ်ပွဲသည် တမလွန်ဘဝ အကျိုး စီးပွားကို မျှော်မှန်းလေ၏၊ ဥပမာ.... ဇာတ်ကြီး ဆယ်ဘွဲ့လာ စန္ဒကုမာရ ဇာတ်တော်တွင် ထိုသဘော သိသာထင်ရှားလေ သည်။

အာယတို့၏ ဘာသာရေး အကြောင်းအရာ အစုံအလင်ကို ၎င်းတို့၏ ဝေဒတို့၌ ဖော်ပြထား၏၊ ထိုဝေဒတို့မှာ ဣရုဗ္ဗေဒ၊ သာမဝေဒ၊ ယဇုဝေဒတို့ဖြစ်သည်။ ၎င်းဝေဒသုံးပုံအပြင် အာ တဗ္ဗနဝေဒဟူ၍လည်းရှိ၏၊ သုတေသီပညာရှင်တို့အလိုအားဖြင့် အာတဗ္ဗနဝေဒသည် ပင်ရင်းဒေဝသုံးပုံနောက် အတော်ကြာမှ ပေါ်လာသောဝေဒတခုဖြစ်သည်။

၎င်း အတဗ္ဗနဝေဒ၌ စုန်း၊ ကဝေ၊ တစ္ဆေ၊ နတ်ဘီလူး၊ မြေ ဘုတ်ဘီလူး စသော နတ်ဆိုးများ အကြောင်း၊ ၎င်းနတ်ဆိုး

များကြောင့်ဖြစ်ရသော ရောဂါများကို ပျောက်ကင်း အောင် မန်းမှုတ်ရသော ဂါထာ မန္တရားများ၊ ကာယ သိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ စသော သိဒ္ဓိ အမျိုးမျိုးတို့ ပြီးပြည့်စုံနိုင်သော ဂါထာမန္တရားများပါရှိလေသည်။

ဣရုဗ္ဗေဒသည် အာယတို့၏ ဘာသာရေး စာပေ တို့ တွင် ရှေးအကျဆုံးဟုဆို၏။ ၎င်း ဣရုဗ္ဗေဒ၌ နတ်ဘုရားတို့၏ ဂုဏ်တန်ခိုးတို့ကို ချီးမွမ်းထောပနာပြုထားသော ကဗျာလင်္ကာများနှင့် ၎င်းတို့၏ အတိတ်သမိုင်းဖြစ်စဉ်တို့ကို သီကုံးဖွဲ့နွဲ့စပ်ဆိုထားသော ကဗျာလင်္ကာများ ပါရှိလေသည်။ သာမ ဝေဒသည် အာယတို့နှစ်သက်သောသောမသေရည်ဖြင့် ထိုသေရည်၏ အရှင်သခင် သောမဝေဒကို ပူဇော်ပသရာ၌ ရွတ်ဆိုရသော သောမ နတ်ဘုရားနှင့် သက်ဆိုင် သည့် ကဗျာ လင်္ကာများ ပါရှိလေ သည်။

ယဇု ဝေဒ၌ကား နတ်ဘုရားများကို ရည်စူး ပြုလုပ်သော ယဇ်ပူဇော်ပွဲများ၌ ရွတ်ဆိုလျောက်ထားပူဇော်ရသော ကဗျာများနှင့် စကားစုများပါရှိလေသည်။၎င်းဗေဒသုံးခုအကြောင်းကို ပါဠိပိဋကတ်တို့တွင်ဖော်ပြထားလေသည်။

ဒီဃနိကာယ်ဗြဟ္မဇာလသုတ်၊မဟာသီလခဏ်းလာအတတ်အမျိုးမျိုးတို့သည် အာတပ္ပနဝေဒလာ လောကီအတတ်ပညာတို့ဖြစ်လေသည်။ ဘီစီ ၆–ရာစုတဝိုက်က ထိုအတတ်တို့ကို ပရဗိုဇ်ဗြာဟ္မဏ သမဏ အတော်များများ ယုံကြည် လိုက်စားသည်မှာ ထင်ရှား၏။

ဤလောကီပညာများဖြင့် လာဘ်လာဘရှာဖွေပြီး အသက်မွေးဝမ်းကျောင်း ပြုသော ဗြာဟ္မဏ သမဏ စသည်တို့ အတော်

များများရှိခဲ့လေသည်။ ထိုအတတ်တို့ကို ဗုဒ္ဓသည် အတိအလင်း ပယ်ပြီး ရှုတ်ချကဲ့ရဲ့ခဲ့သည်။ ဤအကြောင်းကို ယနေ့ မြန်မာ ဗုဒ္ဓဝါဒီတို့ အထူး သတိထား ဆင်ခြင်သင့်၏၊ ဗုဒ္ဓ ပယ်ခဲ့သော ဗုဒ္ဓသာသနာ ဘိက္ခုသမဏတို့နှင့် မအပ်စပ်သော အတတ်တို့မှာ "နိမိတ်ကောက်ခြင်း၊ ဖတ်ခြင်း၊ နတ် ပူဇော်ခြင်းများ၊ အင်္ဂဝိဇ္ဇာအတတ်၊ ဘုတ်တစ္ဆေအတတ်၊ (ပယောဂ) အဆိပ်ရှိ သတ္တဝါကိုက်ခြင်း၌ ကုစားခြင်း၊ မြွေးလှဲ့အတတ်(ကျည်လှဲ့အတတ်)၊ ကျောက်မျက် ရတနာ၊ တုတ်၊ ဓါး၊ မြှား၊ လေး၊ လက်နက် မိန်းမ၊ ယောကျ်ား၊ ဆင် မြင်း၊ နွား- ကျွဲ စသော တိရစ္ဆာန် တို့၏ လက္ခဏာ ဖတ်ခြင်း၊ ဟောပြောခြင်းများ၊ စစ်ပွဲများကို ဝေဘန်ခြင်းများ၊ နက္ခတ်တာရာအတတ်များ၊ နက္ခတ် တာရာ ဂြိုဟ်သွားဂြိုဟ်လာကြည့်ပြီး ကမ္ဘာ့နိုင်ငံလူများ ပုဂ္ဂိုလ် စသည် တို့၏ အနာဂတ်အရေးဟောခြင်းများ၊ ဥက္ကာကျခြင်း၊ ပျံ့ခြင်း၊ လျှောင်လျှပ်ခြင်း၊ လနေ နက္ခတ်တို့ကြတ်ခြင်း၊ သက်ခြင်း၊ တက် ခြင်း၊ မှေးမှိန်ခြင်းတို့၌ အနာဂတ်ကို ဟော ခြင်း များ၊ မိုး ကောင်း မည်။ မိုး ခေါင် မည် ငတ် မည်၊ ဝ ပြော မည်၊ ရော ဂါ များ မည်၊ ရော ဂါ ကင်း မည် စ သည့် အ တတ် ဟော ခြင်း များ၊ ဂ ဏန်း သ ချျာ၊ က ဗျာ အ တတ် စသည်များ၊လင်ယူမှု မယားယူမှု၊ လင်ကွာ မယားကွာ စေ့စပ် ဟပ်စပ် ပေးခြင်း၊ ထိမ်းမြားပေးခြင်း၊ ဥစ္စာကို ထိန်းသိမ်း ပေး ခြင်း၊ ဖြန့်ဖြူး ပေးခြင်း ကိုယ်ဝန် တည်စေခြင်းများ၊ လျှာခိုင် မေးခိုင်စေခြင်းများ၊လက်ဟန့်မန္တာန် နားပင်းမန္တာန် ရုတ်ခြင်း များ၊ မှန်မိန်းမ တို့၌ နတ်သွင်းခြင်း၊ နတ်မေးခြင်း၊ နေဗြဟ္မာ တို့ကို လုပ်ကျွေးပူဇော်ခြင်းများ၊ ခံတွင်းမှ မီးတောက်စေခြင်း

သိဒ္ဓိရိနတ်သို့ ပင့်ခေါ်ခြင်းများ၊ နတ်ကိုးခြင်း၊ နတ်ပူဇော်ခြင်း၊ ဘုတ်ဘနစ္စအတတ် လေ့ကျင့်ခြင်း၊ (ပယောဂ လေ့ကျင့်သင်ကြားခြင်း၊ သင်ကြား ပေးခြင်း)မီးပူဇော်ခြင်း၊ ဆေးကုစားခြင်း၊ (ဗိန္ဒောဆေးပညာ) ခွဲစိတ်ကုသမှုများ။ စသည်တို့ဖြစ်၏။ (ဒီဃ နိကာယ် - ဗြဟ္မဇာလ သုတ်) ဤအတတ် ပညာများသည် အိန္ဒိယတွင် ထိုအခါက သမဏ ဗြဟ္မဏ ပရဗိုဇ်တို့လိုက်စားသော အကျင့် အတတ်များ ဖြစ် သည်။ ဗုဒ္ဓသည် မိမိ၏သာဝကဘိက္ခုသမဏတို့ကိုပါ ထိုအတတ်များကို မလိုက်စားရန်မယုံကြည်ရန် ဟောကြားသည်မှာ ဝိနည်းပိဋကတ်တွင်ထင်ရှား၏။

ပိဋကတ်စာပေတို့၌ လာရှိသည့်အတိုင်းဆိုပါက အိန္ဒိယတွင်ဇာတ်လေးမျိုး (လူတန်းစားလေးမျိုး)ရှိလေသည်၊ ၎င်းတို့ကားခတ္တိယ၊ ဗြဟ္မဏ၊ ဝေဿ၊ သုဒ္ဒ ဟူ၍ လေးမျိုး ရှိလေသည်၊ ခတ္တိယကား မြို့ရွာနိုင်ငံ လယ်မြေ တို့ကို ပိုင်သသောမင်း၊ မှူးမတ် စစ်သူကြီး သူဌေးကြီး လယ်ပိုင်ရှင်စသည့် လူတန်းစားတို့ဖြစ်၏။ ၎င်းတို့သည် ရှေးအခါက အိန္ဒိယ၌ တန်ခိုးအာဏာ စည်းစိမ် ဥစ္စာပြည့်စုံ ကြွယ်ဝသူများ ဖြစ်၏။ ၎င်းလူတန်းစားသည် အာယတို့၏ခေါင်းဆောင် အကြီးအမှူးများမှ ဆင်းသက်လာသူများဖြစ်ကြသည်။ ဗြဟ္မဏတို့ကား အဓိက အားဖြင့် ဘာသာရေးလူတန်းစားဖြစ်သည်၊အာယတို့၏ဘာသာရေး ဘုန်းကြီးများခေါင်းဆောင်ဦးစီးများမှ ဆင်းသက်လာသူများဖြစ်၏။ ဝေဿတို့ကား လယ်သမား ယာသမား ကုန်သည် သူကြွယ်များ ဖြစ်ကြသည်ဆို၏၊ သုဒ္ဒတို့ကား ရှိနှင့်ပြီးသော၊ ဒြဗိဒီယန်တို့ဖြစ်သည်

ဆို၏။ ၎င်းတို့အပြင် ပစ္စည်းမဲ့ သူဆင်းရဲများ ကျွန်များလည်း ရှိသေး၏။ ဇာတ်ခွဲခြား ခြင်း ကို ဗြဟ္မဏ လူတန်းစား တို့သည်သာ ကျင့်သုံးကြသည်၊ သို့သော် ထိုအခါက ဗြဟ္မဏတို့၏ ဇာတ်ခွဲခြားခြင်းသည် ပျံ့နှံ့ဟန် မရှိ သေးချေ၊ အာယတို့ နေထိုင်သော အိန္ဒိယပြည်မြောက်ပိုင်း တဝှန်းလုံးသို့လည်း ဗြဟ္မဏတို့၏ တန်ခိုးသြဇာတို့သည် စိုမိုးပျံ့နှံ့ခြင်း မရှိသေးချေ။ ထို့ကြောင့်လည်း ဗြဟ္မဏတို့ ကျင့်သုံးထောက်ခံအားပေးသော ဇာတ်ဝါဒသည်ပျံ့နှံ့ခြင်းမရှိပဲဖြစ်လေသည်၊ သို့သော်ဗြဟ္မဏလူတန်းစား၏ အရေးပါမှုကား ဘာသာရေး လူမှုရေး တို့နှင့် စပ်နွယ်ပြီး တဖြေးဖြေး အဓိကကျလာဟန်ရှိ၏။

ဇာတ်ဝါဒကို ကျင့်သုံးသော တိုင်းပြည်များမှာ အနောက်မြောက်တိုင်းပြည်များဖြစ်သော ကုရုတိုင်း၊ ပဉ္စာလတိုင်းတို့ ဖြစ်သည်ဆို၏၊ ပါဠိပိဋကတ်နှင့် ဗုဒ္ဓစာပေ များတွင် ဗြဟ္မဏတို့၏ ဇာတ်ဝါဒအယူသည်းမှုကို ပြသောစကားရပ်များ၊ သာဓကများ ရှိ၏၊ သို့သော်လည်းထိုဇာတ်ဝါဒသည် တင်းကြပ်ဟန် မရှိချေ။ ထိုသို့ပင်ဖြစ်သော်လည်း ဗြဟ္မဏတို့၏ ဇာတ်ဝါဒသည် လူတန်းစားအားလုံးကသိမှတ် လက်ခံသည်မဟုတ်ချေ၊ စင်စစ် အားဖြင့် ပိဋကတ်၌ပါသော ဇာတ်ဝါဒ အယူသည်းမှု များသည်လည်း မိမိဖါသာမိမိဇာတ်ဝါဒကို ဗြဟ္မဏတို့ အယူသည်းခြင်း တို့သာ ဖြစ်လေသည်၊ ဂင်္ဂါမြစ်အလယ်ပိုင်းရှိ ဗုဒ္ဓပွင့်တော်မူရာ ဌာနများ ဖြစ်သောမဂဓတိုင်း၊ ကောသလတိုင်း စသည့်တို့၌ကား ဇာတ်ဝါဒကို ဦးစားပေး လေးစားကြသည် မဟုတ်ချေ။ ထိုဒေသတို့သည်ကား ခတ္တိယတို့ကြီးစိုးသောဌာနများဖြစ်လေသည်၊ခတ္တိယတို့သည်ဇာတိသွေး ဇာတိမာန် ရှိသူများဖြစ်ကြသည်။ ၎င်းတို့က

ဗြာဟ္မဏတို့၏ဇာတ်ဝါဒကို သိမှတ်လေးစား သူများ မဟုတ်ကြချေ။ ထိုသို့ဖြစ်ခြင်း သည်လည်း ဗြာဟ္မဏတို့သည် ခတ္တိယ တို့၏ အထူးအားဖြင့် မင်းမျိုး မင်းနွယ် တို့၏ အသုံးခံ ဘာသာရေး၊ ပညာရေးစသည်တို့ကို ဆောင်ရွက်ရသော ပုဂ္ဂိုလ်များဖြစ်သော ကြောင့်ဖြစ်လေသည်။ ဗြာဟ္မဏ တို့ကလည်း ခတ္တိယ နွယ်တို့အား ပညာမာန်၊ ဘာသာ အမြင်မာန်တို့ဖြင့် အရေး ထား လှသည် မဟုတ်ချေ၊ ဤအကြောင်းသည် (ဒီဃနိကာယ် သောဏဒဏ္ဍ သုတ်) ၌ ထင်ရှား၏။ "သောဏဒဏ္ဍပုဏ္ဏား" ဗုဒ္ဓဘုရားရှင်ကို ဖူးမျှော် ကန်တော့ရန် သွားမည် ဆိုသောအခါ အခြားသော ဗြာဟ္မဏတို့က ဇာတ်စည်းကမ်းစံနစ်အတတ်ပညာမျိုးရိုးစသည်တို့ ဖြင့် ချီးမွမ်းပြီးတားမြစ်ကြလေသည်။ (ဒီဃနိကာယ်အမ္ဗဋ္ဌသုတ်၌ ဗြာဟ္မဏတို့အား သာကီဝင်မင်း (ခတ္တိယ)တို့မ လေးစား အရေး မထားခြင်းသည် ထင်ရှား၏။ တခါက အမ္ဗဋ္ဌလုလင်သည် ကိစ္စတခု ဖြင့် ကပိလဝတ်ပြည်သို့ သွား၏၊ ကပိလဝတ်ပြည် သာကီဝင် မင်းတို့စည်းဝေးနေရာစည်းဝေးဆောင်သို့ ရောက်ခဲ့၏၊ သာကီဝင် မင်း၊ သာကီဝင်မင်းသားတို့သည် အမ္ဗဋ္ဌလုလင်ကို နေရာထိုင်ခင်း မပေးပဲ မထေမဲ့မြင်ပြုကာ ပျက်ရယ် ပြုကြသည် ဆို၏။ ဤသို့ ဗြာဟ္မဏနှင့် ခတ္တိယတို့သည် တဦးကို တဦး အရေးမထားပဲ ကိုယ့် မာန်မာနဖြင့် နေကြသော်လည်း၊ စင်စစ် ၎င်းတို့ လူတန်းစား နှစ်ခုသည်တဦးနှင့်တဦးကင်းနိုင်ကြသည်မဟုတ်ချေ။ အကြောင်း ကြောင်းကြောင့် စပ်ဟပ်ဆက်ဆန်နေရလေသည်။ ဗြာဟ္မဏတို့က ခတ္တိယတို့ကို ဘိသိက် သွန်းမြှောက်ခြင်း၊ တိုင်းရေးပြည်ရေး မှစပြီး ကိစ္စအဝဝတို့၌ အကြံဉာဏ်ပေးရခြင်းများ စသည်တို့ကို ပြုလုပ် ဆောင်ရွက် ပေးရ၏၊ ခတ္တိယနွယ် ဘုရင် တို့ကလည်း

ဗြဟ္မဏတို့အား မြို့စားရွာစားပေးကမ်းခြင်း၊ ပေးကမ်းလှူဒါန်းခြင်းစသော ချီးမြှင့်မြှောက်စားမှုတို့ကို ပြုကြလေသည်။

ဤသို့ပင်ဖြစ်ကြ သော်လည်း ဗြဟ္မဏတို့၏ အရေးပါမှုသည် မဇ္ဈိမဒေသသို့ တရွေ့ရွေ့ပျံ့နှံ့လာလေလည်၊ ထို့ကြောင့်ပင် ပိဋကတ်၌ ဇာတ်ဝါဒစွဲ သည်းမဲသော ဗြဟ္မဏ အချို့ တို့နှင့် ဗုဒ္ဓတို့ အချေတင်ဆွေးနွေးကြောင်းများ ပါရှိခြင်းဖြစ်သည်။ ဗြဟ္မဏတို့သည်ထိုအခါကကြည်ညိုခံဘာသာရေးပုဂ္ဂိုလ်တပိုင်း၊ အတတ်ပညာဆိုင်ရာ ဆရာတပိုင်း ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ သူတို့အားကြည်ညိုလေးစားပြီးပေးကမ်းလှူဒါန်းသောသူများလည်းရှိလေသည်။ အထူးအားဖြင့်ကား ဗြဟ္မဏတို့သည် ဘာသာရေးကိစ္စများနှင့်ပင် အဓိကအားဖြင့် လူတို့၏လေးစားမှုကိုခံကြရခြင်းဖြစ်လေသည်၊ ဗြဟ္မဏ တို့သည် ယဇ်ပွဲ များ၏ ဦးစီးဦးဆောင်များ ဖြစ်ကြလေသည်။ ယဇ်ပွဲသည် ထိုခေတ် အိန္ဒိယသားတို့အဖို့အရေးပါလေးနက်သလိုဗြဟ္မဏတို့အဖို့လည်း အရေးပါလာရ၏။

## ၂။ ယဇ်ပွဲများနှင့်ဘာသာရေးပြောင်းလဲမှု။

ဘီစီ ၆-ရာစုတဝိုက်တွင်ကား ပြဟ္မဏတို့၏ ဇာတ်ခွဲခြားမှု အယူသည်းမှုတို့သည် မဇ္ဈိမဒေသတဝိုက် အတော်ပျံ့နှံ့ ကြီးစိုးလာတန်သည်။ ပိဋကတ်တွင် ဇာတ်စွဲရှိသော ပြဟ္မဏတို့ အကြောင်းအတော်များများပါရှိ၏၊ အတတ်ပညာသင်ကြားမှုတို့တွင်လည်း ပြဟ္မဏတို့သည် ဆရာများဖြစ်ကြ၏၊ တပည့်လက်သားရာနှင့်ချီပြီးရှိသော ပြဟ္မဏအချို့တို့ အကြောင်းပိဋကတ်တွင်ပါရှိလေသည်။ သူ့ခေတ်သူ့အခါတွင် ပြဟ္မဏတို့၏ ဇာတ်ဝါဒနှင့်အတတ်ပညာတို့သည် လူတို့အဖို့ လေးစားအထင်ကြီးစရာတို့သာဖြစ်၏၊ ပိဋကတ်၌ ပြဟ္မဏတို့၏ အတတ်ပညာတို့နှင့် ဇာတ်စံနစ်များပါရှိ၏။

"အသျှင်ဂေါတမ ဤလောက၌ ပုဏ္ဏား(ပြဟ္မဏ)သည်အမိအဘဖက် နှစ်ဖက်စလုံးမှ ကောင်းသောဇာတ်ရှိ၏၊ မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဘိုးဘေးခုနှစ်ဆက် တိုင်အောင် ဇာတ်နှင့်စပ်သောစကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ။ ဝေဒကျမ်းလာဂါထာတို့ကို ရွတ်ဆိုတတ်၏၊ ဝေဒကျမ်းတို့ကိုဆောင်၏၊ အဘိဓါန်၊ နိဃဏ္ဍုကျမ်း၊ အလင်္ကာ၊ ကေဋုဘကျမ်း၊ သဒ္ဒါ၊အက္ခရပ္ပဘေဒကျမ်း၊ ဣတိဟာသကျမ်း (မဟာဘာရတ စသော ရှေးဟောင်းသမိုင်းရာဇဝင်ပုံပြင်ကျမ်း)ဗေဒင်သုံးပုံတို့၌ တဖက်ကမ်းသို့ရောက်၏၊ ဗေဒကျမ်း၊(ဝေဒကျမ်းလာ ပုဒ်ရင်းတို့ကိုထုတ်နုတ်စီစစ်ပြသောကျမ်း) ဗျာကရဏ်းကျမ်း (ဓါတ်ပစ္စည်း ဝိဘတ်တို့ဖြင့်ဝေဘန်၍ ပုဒ်တို့၏ ပြီးပုံပြသောကျမ်း) လောကာယတကျမ်း

(မျက်မြင်လောက အကြောင်းကိုသာ ပြသော ရုပ်ဝါဒကျမ်း ("ကရ်ဗာက(Carvaka) ဆရာ၏ရုပ်ဝါဒစသည်")မဟာပုရိသ လက္ခဏာကျမ်း(ယောကျ်ားမြတ်တို့၏ လက္ခဏာ အမျိုးမျိုးကို ပြသောကျမ်း)တို့ကိုတတ်၏၊ (တိကဏ္ဍသုတ် ဗြဟ္မဏဝဂ် အင်္ဂုတ္တရနိကာယ်)။

ဗြဟ္မဏတို့၌ ရှေးဦးဆရာများရှိလေသည်၊ ထိုဆရာတို့သည် ဝေဒကျမ်းတို့ကို စီရင်သူများ အဖြစ် ပိဋကတ်တွင် ပြဆိုထား၏။ ဗြဟ္မဏတို့သည် ထိုဆရာတို့ သီဆိုပို့ချထားသော ဝေဒကျမ်းတို့ကို သင်ကြားကြ၏၊ ဌာန်ကရိုဏ်းကျန မှန်ကန်စေရန် လိုက်၍ သီဆို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ၎င်းတို့၏ ဗြဟ္မဏ ဆရာစဉ် ဆက်လည်း ဤသို့ပင် ပြုကျင့်ကြလေသည်၊ ပိဋကတ်၌ပြဆိုထားသော ထိုဆရာရသေ့တို့ကား အဋ္ဌကရသေ့၊ ဝါမကရသေ့၊ ဝါမဒေဝရသေ့၊ ဝေဿာမိတ္တရသေ့၊ ယမဒဂ္ဂိရသေ့၊ အင်္ဂီရသ ရသေ့၊ ဘာရဒွါဇရသေ့၊ ဝါသေဋ္ဌရသေ့၊ ကဿပ ရသေ့တို့ ဖြစ်၏။

ဗြဟ္မဏတို့၏ဘဝ၌ ပဌမအရွယ် ပညာသင်ကြားခြင်းစသော ဗြဟ္မဏတို့၏ သက်ဆိုင်ရာပညာရပ်များကို သင်ကြားရလေသည်။ ဒုတိယအရွယ်၌ အိမ်ယာတည်ထောင်ပြီး စီးပွါးဥစ္စာ ရှာမှီးရမည်ဖြစ်၏။ တတိယအရွယ်တွင် စီးပွါးဥစ္စာကို သားနှင့်သမီးအား လွှဲအပ်ပြီးတောထွက်ရမည်ဆို၏။ စတုတ္ထအရွယ်၌ကား မိမိနှင့်အတူပါလာသောမယားကိုစွန့်ကာ ရဟန်းပြုရမည်ဟု ဆိုလေသည်။ ဤအကြောင်းအရာသည် ဥပနိသျှကျမ်းလာ အာရှရမဝါဒ(Asrama)ဟုဆိုသည်၊

ပိဋကတ်တွင် ရှေးဦးဗြဟ္မဏတို့၏ အကျင့်အကြောင်း ဖော်ပြထားသည်ကိုတွေ့ရ၏။ ဗြဟ္မဏတွင် ရှိအပ်သော စည်းကမ်း ကျင့်ဝတ်များကိုလည်း ဖော်ပြထား၏။ ဥပမာ (အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ဗြဟ္မဏဝဂ် သောဏသုတ်၌) ဗြဟ္မဏ၌ရှိရမည်ဖြစ်သော အယူအမှု ကိုယ်ကျင့်တရားများကို ပြထား၏။ ဒေါဏ ဗြဟ္မဏသုတ်တွင် ဗြဟ္မဏပီသသောဗြဟ္မဏ၏အပြုအမူများကို ပြဆိုထား၏။ ၎င်း၌ "ပုဏ္ဏားသည် (ဗြဟ္မဏ)သည် အမိ အဘ နှစ်ဖက်စလုံးမှ ကောင်းသောဇာတ်ရှိခြင်း၊ ဘိုးဘေး နှစ်ဆက်တိုင်အောင် ဇာတ်နှင့်စပ်သောစကားဖြင့် အကဲ့ရဲ့မခံရ၊ လေးဆယ့်ရှစ်နှစ်တို့ ကာလပတ်လုံး ဝေဒကျမ်းတို့ကို သင်အံရွတ်ဖတ်လျက် ကောမာရ ဗြဟ္မစရိယအကျင့်ကို ကျင့်၏။ ၎င်းနောက် ဆရာ့အား ပူဇော်ရန် ဥစ္စာကို တရားသဖြင့်တောင်းရမ်းခြင်းပြုကာ ရှာမှီး၏။ ပူဇော်ရန် ဆရာ့အား ဥစ္စာကိုအပ်နှင်းပြီး ဆံ မုတ်ဆိတ်ကိုပယ်ကာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သည်။ မေတ္တာဘာဝနာကို ပွါးများကျင့်သုံးပြီး ဗြဟ္မဝိဟာရတရားလေးပါးကိုကျင့်သုံးဆောက်တည်ကာ အသက်ထက်ဆုံး နေသွားလေသည်။

ရှေးဦး ဗြဟ္မဏတို့သည် ဇာတ်ဝါဒ၌ စွဲမြဲယူသလို ဘာသာရေးယုံကြည်မှုတွင်လည်း ဤကဲ့သို့ပင် တိကျစွာ လိုက်နာကြသူများဖြစ်ပေမည်၊ ထို့ကြောင့်လည်း ရှေးဦးဗြဟ္မဏတို့၏အပေါ်၌ လူတို့အထူးယုံကြည်ခဲ့ခြင်းနှင့် ဗြဟ္မဏတို့၏ ဘာသာရေး အမူအကျင့်များကို နှစ်သက် လက်ခံကြခြင်း ဖြစ်မည်။ ထိုရှေးဦး ဗြဟ္မဏတို့သည် ဇာတ်ဝါဒစွဲမြဲသော်လည်း လူ့ရေးတို့၌ လုံးဝမပတ်သက် မဆက်ဆံ ကြတန်ချေ။ ဘာသာရေး သက်သက် လူတန်းစားသာဖြစ်သေမည်၊ နှောင်းပိုင်း ဘီစီ ၆ ရာစု တဝိုက်၌

ကား ဗြဟ္မဏတို့၏ရှေးဦးမူလ ဘာသာရေး အပြုအမူတို့သည် မရှိတော့ပဲ ပျက်ပြား ဆုတ်ယုတ်လာ၏၊ ဤအကြောင်းသည် (ဒေါက်ဗြဟ္မဏသုတ်စတုက္ကနိပါတ်အင်္ဂုတ္တိုရ်)တွင်ထင်ရှား၏၊ ထို့ကြောင့်လည်း ဗုဒ္ဓသည် ဗြဟ္မဏတို့၏ စည်းကမ်း ပျက်စီးခြင်းကို နက်နဲစွာပင်ကဲ့ရဲ့ရှုံ့ချခဲ့သေခြင်း ဖြစ်သည်။ (သောဏသုတ် စတုက္ကနိပါတ်အင်္ဂုတ္တိုရ်)။

ရှေးဦးဘာသာရေးပုဂ္ဂိုလ် သက်သက်ဖြစ်သော ဗြဟ္မဏသည် ပိဋကတ်၌လာသည့်အတိုင်းကိုယ်ကျင့်တရားစီးပွားရေး၊ လူမှုရေးတို့၌ အလွန်နှစ်သက်စရာကောင်းလှလေသည်။ ဇနီးမယားရှာမှီးရာ၌ပင် ရေစက်ချပြီးလှူဒါန်းသော အမျိုးတူဗြဟ္မဏအမျိုးသမီးကိုသာလျှင် ဆောင်ယူပေါင်းဖေါ်လေသည်။ဝေဿန္တရာဇာတ်၌ ဗြဟ္မဏတို့၏ အလှူခံ အသက်မွေး ဝမ်းကျောင်း ပြုကြပုံသည် ထင်ရှားလေ၏။ ဇာတ်အဋ္ဌကထာတို့၌ လည်းဗြဟ္မဏတို့၏စည်းစိမ်ဥစ္စာတို့ကိုစွန့်လွှတ်ပြီးဘောထွက်ခဲ၍ ဗြဟ္မဝိဟာရတရားပွားများအားထုတ်ကြောင်းများသည် ထင်ရှား၏။

နောင်သောအခါ အကြောင်း ကြောင်းကြောင့် ဗြဟ္မဏတို့သည် ဘာသာရေးလူတန်းစားသက်သက်ဘာမှ အရေးပါအရာရောက်သော ဘာသာရေးတပိုင်း၊ လူမှုရေး တပိုင်း လူတန်းစားများဖြစ်လာချေမည်။ ဘာသာရေးပူဇော်ပွဲများ ယဇ်ပွဲများတွင် ဗြဟ္မဏတို့သည် မပါလျှင် မပြီးသလောက် ဖြစ်လာ၏။ ဘာသာရေးနှင့်စပ်လျဉ်း၍သည်း အပူဇော် အရှိသေခံ လူတန်းစား ဖြစ်လာ၏။ လူမှုရေးတွင်လည်း သားပေးသမီးယူ အာဝါဟ ဝိဝါဟ မင်္ဂလာများမှစပြီး ဘုရင်များကိုအဘိသိက်သွန်းပြီး မင်းမြှောက်ပေးရသည်ထိ အရေးပါလာလေသည်။ အတတ်ပညာအရာတွင်

လည်း မိမိတို့တတ်သော အတတ်ပညာများဖြင့်လည်း သင်ကြား ပို့ချကာဆရာဥပဇ္ဈာယ်ဂုရု စသည်အားဖြင့် အသက်မွေးကြ၏။ ဇာတ်များ၌ပါသော တက္ကသိလာများသည် ဗြာဟ္မဏတို့၏ ပညာရိပ်သာဌာနများဖြစ်လေသည်။ ဇာတကတို့၌ ပါရှိသော တက္ကသိလာပညာသင်ဌာနများသည် ဗြာဟ္မဏတို့၏ တန်ခိုးသြဇာပျံ့နှံ့ ကျော်ကြားခြင်း၏ အဓိက အကြောင်းတို့ ဖြစ်လေသည်။ မင်းစသူတို့၏အကြံပေးများ၊ ဆရာကြီးများ၊ ဗေဒင်နက္ခတ်ပညာဖြင့် ပရောဟိတ်ကြီးများ၊ ဤသို့အတတ်ပညာဖြင့် လည်း ဗြာဟ္မဏတို့သည် အသက်မွေးကြလေသည်။ ဤသို့ပြုမူကြသဖြင့် ဗြာဟ္မဏတို့သည် မြို့စား ရွာစားများဖြစ်ကြရ၏။ စည်းစိမ်ဥစ္စာ ပေါများသော သူဌေးများဖြစ်လာကြ၏။ ဗြာဟ္မဏတို့၏ စည်းစိမ်ဥစ္စာ အာဏာ ဂုဏ်သိရ်ပြည့်စုံခြင်းသည် ဗြာဟ္မဏတို့ တန်ခိုးသြဇာပျံ့နှံ့ခြင်း၏ အထောက်အပံ့ တခုဖြစ်သလို ဇာတ်ဝါဒကိုလည်း အရောင်တင်ပေးလေသည်။

ဝေဒခေတ်၌ အိန္ဒိယသားတို့၏ ဘာသာတရားသည်တမလွန်ဘဝကို ဦးစားပေး အရေးမထားလှချေ။ မျက်မှောက် ဘဝကောင်းစားရေးကိုသာ အဓိကထားသော ဘာသာတရားများသာဖြစ်လေသည်။ လူကောင်းသည် သေပြီးသည်မှ နောက်၌ နိစ္စထာဝရချမ်းသာ သုခခံစား ခံစားရပြီး၊မကောင်းသောသူကား အမြဲ ဒုက္ခဆင်းရဲခံစားနေရသည်ဟု သာမန်တမလွန်ဘဝယုံကြည်မှုမျှသာရှိသည်။

တမလွန်ဘဝ, တမလွန်လောက အကြောင်းကို အဆန်းတကြယ် အလေးအနက် တွေးခေါ် စဉ်းစားကြသည် မဟုတ်ချေ။ လူသည် ဘဝများစွာ ကျင်လည်ရသည်ဟူသော ဘဝသံသရာ

အယူအဆမျိုးလည်း မရှိချေ။ တမလွန် ဘဝကို အလေးထား မစဉ်းစားသူအဖို့ ဘဝသံသရာ အယူသည် စင်စစ် မရှိသည်မှာ အထူးမဟုတ်ချေ။ ဘဝသံသရာ ကမ္မနိယာမ စသောအယူအဆ များသည်လည်း ဝေဒခေတ် လွန်မှသာလျှင် ပေါ်ပေါက်လာ သောအယူများဖြစ်သည်ဆို၏။

ယဇ်ပွဲသည် မူလက အာယလူမျိုးတို့၏ကိုယ်ပိုင်ပြုမူကြသော ဘာသာရေးပူဇော်ပွဲပင်ဖြစ်ပေမည်။ အာယတို့သည် နတ်ဘုရား များကို ယုံကြည်ကိုးကွယ်သောသူများဖြစ်လေသည်။ ၎င်းတို့၏ ယဇ်ပူဇော်ပွဲသည်လည်း ထိုနတ်ဘုရားတို့ကို ပူဇော် ပသသော ဘာသာရေးပွဲဖြစ်သည်။

ထိုသို့ပူဇော်ပသခြင်းဖြင့် နတ်ဘုရားတို့အား ကျိုးနွံ ရိုကျိုး လေးစားခြင်းကိုပြုမူကြ၏။ နတ်ဘုရားတို့၏ တန်ခိုးတို့ဖြင့် မိမိတို့ အား အကျိုးစီးပွားဖြစ်ထွန်းရန်၊ ကောင်းကျိုးချမ်းသာ ရရှိရန် နှင့် မကောင်းကျိုးများ၊ အကျိုးစီးပွား ဆုတ်ယုတ် ပျက်ပြားမှု များ ပပျောက်စေရန်ဖြစ်၏။

၎င်းပြင် ယဇ်ပွဲသည် လူသားနှင့်နတ်ဘုရား အဆက်အသွယ် ပြုခြင်းလည်းဖြစ်လေသည်။ယဇ်ပွဲပူဇော်ရာ၌လည်းမိမိတို့၏ထုတ် ကုန်များဖြစ်သော ကောက်ပဲသီးနှံ၊ နို့၊ ထောပတ်၊ အဖျော် ယမကာ စသည်တို့ဖြင့်သာ မူလက ပူဇော်ပသကြ၏။ မိသားစု အတွက် ယဇ်ပွဲကို မိသားစု ဦးစီးခေါင်းဆောင်များက ပြုလုပ် ကြပြီး၊ လူမျိုးစုအတွက် ယဇ်ပွဲကို လူမျိုးစု ဦးစီးခေါင်းဆောင် များက ပြုလုပ် ကျင်းပကြလေသည်။ ယဇ်ပွဲ အကျိုးကိုလည်း ပစ္စုပ္ပန်ဘဝအတွက်သာမျှော်မှန်းလိုလားကြလေသည်။ ထိုအခါ

က ယဇ်ပွဲတို့သည် သွေးရောင်ကင်းပြီး ရိုးရိုးသားသားပြုကြခြင်း ဖြစ်သည်။

ဗြဟ္မဏပုဏ္ဏားလူတန်းစားသည်လည်း ရှိသင့်သလောက်ရှိပေမည်။ သို့သော်လည်း အရေးပါထင်ရှားဟန်မရှိသေးချေ။နောင်သောအခါ ဝေဒကျမ်းလာ ဂါထာလင်္ကာတို့ကို ဌာန် ကရိုဏ်းကျကျ သီဆိုရွတ်ဖတ်သရဇ္ဈာယ်နိုင်သော ဗြဟ္မဏ (ပုဏ္ဏား) တို့သည် ဘာသာရေးကိစ္စများ၌ အရေးပါလာကြလေ၏။

ဗြဟ္မဏတို့သည် ယဇ်ပွဲပြုလုပ် ကျင်းပပေးခြင်းဖြင့် အရေးပါလာသလိုစီးပွားရေးလာဘ်လာဘသည်လည်းကောင်းမွန်လာ၏။ ထိုခေတ်က အိန္ဒိယသား အာယတို့သည်လည်း ယဇ်ပွဲ၏အကျိုးအာနိသင်ကို အထူးပင်ယုံကြည်ကြလေသည်။ ဗြဟ္မဏတို့ကလည်း မိမိတို့အကျိုးစီးပွားကို ပွားများစေသော ယဇ်ပွဲကိုလည်း တခမ်းတနား အဆန်းတကြယ်ချဲ့ထွင်ကြလေသည်။ အစဦးက ယဇ်ပွဲ၏ အကျိုးကိုပစ္စုပ္ပန် အတွက်သာ မျှော်ကိုးကြ သော်လည်း ဗြဟ္မဏတို့ဦးစီးတွင်ကျယ်လာလေသောအခါတမလွန် အကျိုးစီးပွားအတွက်ပါ လက်ညှိုးညွှန်လာကြလေသည်။ ယဇ်ပွဲ၏ရည်ရွယ်ချက်၊ မျှော်မှန်းချက်ကြီးမားသည်နှင့်အမျှယဇ်ပွဲသည် စည်းကမ်း,ထုံးနည်း, ကြီးလာလေသည်။ စည်းကမ်း ထုံးနည်း အတိုင်း မကျနပါက ယဇ်ပွဲသည် အချည်းနှီးဖြစ်ရလေသည်။ ဤအခါတွင် ယဇ်ပွဲတို့အား ဗြဟ္မဏတို့မှ မကျင်းပလျှင် မဖြစ်တော့ချေ။ ဗြဟ္မဏတို့သည်သာလျှင် ဂါထာမန္တရားတို့ကိုဌာန် ကရိုဏ်းကျကျရွတ်ဖတ်သီဆိုနိုင်ပြီး ထုံးနည်း စည်းကမ်းတို့ကို တိကျစွာ နားလည်ပြုမှုနိုင်သောကြောင့်ဖြစ်သည်။ ယဇ်ပွဲနှင့်ပတ်သက်ပြီး အခကြေးငွေကိုဗြဟ္မဏတို့သည် ယဇ်ပွဲအလိုက်သတ်မှတ် တောင်းဆို ကြလေ

သည်။ အခကြေးငွေနှင့်ပတ်သက်ပြီး ဗြဟ္မဏတို့သည်တိတိကျကျ မညှာမတာတောင်းကြလေသည်။ လူတန်းစားမရွေး ယဇ်ပူဇော်လိုပါက ဗြဟ္မဏတို့အားအဖိုးအခပေးပြီး ပူဇော်ခိုင်းရလေသည်။ ယဇ်ပွဲပူဇော်ပေးခြင်း၏ အဖိုးအခ အဖြစ် အထည်၊ အဝတ်၊ ကျွဲ၊ နွား၊ ရွှေ၊ ငွေ၊ တို့ကို ပေးကြရလေသည်။ ဗြဟ္မဏတို့သည် ရွှေကို အတတ်မက် အမက်မောဆုံးဖြစ်လေသည်။

ထိုစဉ်အခါကလည်း အာယလူမျိုးတို့၏ ဘာသာ ရေးတွင် ယဇ်ပွဲသည် အဓိကအမှုကဲ့သို့ ဖြစ်နေ၏။ ၎င်းတို့၏ဘာသာရေး အမှု ယုံကြည်ချက်များ စသည်တို့ကို ယဇ်ပူဇော်ခြင်း ဖြင့်သာ ပူဇော်ပသကြလေသည်။ အခါရာသီအားလျော်စွာ နှစ်၊ လ၊ နေ့ ရက်တို့ကို သတ်မှတ်ပြီး ပူဇော်သောယဇ်ပွဲများ၊ လပြည့်လကွယ်များ၌ မီးနတ်စသည်တို့အား ပူဇော်သော ယဇ်ပွဲများ၊ သေဆုံး ကွယ်လွန်သူများ၏ ဝိညာဉ်ကို ပူဇော်သောယဇ်ပွဲများ ၊၎င်းတို့ ကိုးကွယ်သောနတ်ဘုရားစသူတို့အား ပူဇော်သော ယဇ်ပွဲများ စသည်ဖြင့် များလှလေသည်။အချို့သောယဇ်ပွဲတို့မှာ မြင်း နွား သိုးစသည်တို့ကိုသတ်ဖြတ်ပြီး ပူဇော်ရုံမျှမက လူကိုပင် သတ်၍ ပူဇော်ရသောယဇ်ပွဲတို့ရှိသည်ဟုဆို၏။ ထိုသို့လူကိုသတ်ပြီးပူဇော် ရသော ယဇ်ပွဲအကြောင်းကို ဇာတကများနှင့် အခြားစာပေတို့ တွင် ရှိကောင်းရှိမည်ဖြစ်၏။ သို့သော်ဗုဒ္ဓစာပေ ပါဠိပိဋကတ်တို့ တွင်ကား မတွေ့မိချေ၊ ပါဠိပိဋကတ်၌ ပါရှိသော ယဇ်ပွဲတို့ကား တိရစ္ဆာန်များကို အများအပြားသတ်ပြီး ပူဇော်သောယဇ်ပွဲများ အကြောင်းတို့သာပါရှိလေသည်။ ထိုခေတ်လူတို့၏ ဘာသာရေး တွင်ယဇ်ပွဲများ ပဓါနကျခြင်းနှင့် ယဇ်ပွဲဦးစီးဆရာ ဗြဟ္မဏများ စီးပွားရေး ဖြောင့်ပြီး အရေးပါခြင်းကိုကား သိနိုင်လေသည်။

ယဇ်ပွဲတို့သည်ဘာသာရေးသက်သက်မျှသာမကထိုခေတ်ထိုအခါက လူတို့၏ လူမှုရေးတွင်လည်း ထင်ပေါ်ကျော်ကြားမှု၊ ပကာသဏာဂုဏ်ရှိမှု စသည်တို့ကိုပါ တိုက်ရိုက်အားဖြင့် မဟုတ်သော်လည်း သက်ဆိုင်သည်ဟု ယူဆရလေသည်။ ယဇ်ပွဲကိုကျင်းပနိုင်သောသူတို့မှာ များသောအားဖြင့် မင်း, သူဌေး, သူကြွယ်, မှူး, မတ်, မြို့စား,ရွာစား,စသော အထက်လွှာလူတန်းစား များသာဖြစ်၏။ ထိုသူတို့ပြုလုပ်ကျင်းပသော ယဇ်ပွဲများသည် အလွန်ကြီးကျယ်ခမ်းနားလှလေသည်။ ယဇ်ပွဲ၏ အကျိုးကျေးဇူးကိုလည်း အတိုင်းမသိ မျှော်မှန်းယုံကြည်ကြလေမည် ဖြစ်၏။မျက်မှောက်ဘဝ ချမ်းသာကြွယ်ဝသူ စည်းစိမ်ရှင် လူတန်းစား များအဖို့ပစ္စုပ္ပန်အကျိုးစီးပွားသည် စင်စစ် အဓိကမဟုတ်ချေ၊ တမလွန်ဘဝ အတွက် စည်းစိမ်ချမ်းသာ ရရှိလိုမှုသာ အရေးကြီး၏။

ထိုကဲ့သို့ လူချမ်းသာ အရှင်သခင်များ ပြုလုပ်ကျင်းပသော ယဇ်ပွဲတို့ကို ဆင်းရဲသူများနှင့် ကျေးကျွန် အစေအပါးများက မကြိုက်နှစ်သက်ကြချေ။ ဤအကြောင်းသည် ပိဋကတ်၌ထင်ရှားလေသည်။ လောကအမြင်အားဖြင့် ကြည့်ပါကလည်း ကြိုက်နှစ်သက်စရာကို မတွေ့မြင်နိုင်ချေ။ မြင်း,နွား, ကျွဲ, သိုး, ဆိတ်, ကောက်ပဲသီးနှံ စသည်တို့သည် လူဆင်းရဲများ၏ရတနာများပင်ဖြစ်သည်။ ထိုပစ္စည်းများသည် ၎င်းတို့အဖို့ အသုံးဝင်အရေးပါလှသည်။ အကယ်၍ ဘာသာရေးယုံကြည်ချက်အတိုင်း ယဇ်ပွဲများကို ၎င်းတို့ပြုပါကလည်း မိမိ၏ဘဝအခြေအနေအားလျော်စွာ ပြုသည်ဆိုရုံမျှ ဝတ္တရားကျေ ပြုကြပေမည်။ ၎င်းတို့သည် ယဇ်ပွဲ၏အကျိုးတရားကိုလည်း ကြီးကျယ်ခမ်းနားစွာ မျှော်မှန်းနိုင်မည် မဟုတ်ချေ။ လက်ရှိဘဝရပ်တည်မှုအတွက်သာ လုံးပမ်း

နေရသူဖြစ်များဖြစ်၏။ စည်းစိမ်ချမ်းသာ ပြည့်စုံ သူများကား မိမိ၏စည်းစိမ်ဖြင့် မိမိ၏အလိုအာသာကို အတိုင်းမသိဖြေဖျောက် နှစ်သိမ့်မည်မှာ ဓမ္မတာပင်ဖြစ်၏။

ပိဋကတ်တွင်ပါရှိသော အချို့သော ယဇ်ပွဲများကို ကြည့်ခြင်းအားဖြင့် ယဇ်ပွဲ၏ကြီးကျယ်မှုနှင့် ယဇ်ပွဲပြုသူ၏ ချမ်းသာကြွယ်ဝမှုတို့ကိုသိမြင်နိုင်လေသည်။(ဒီဃနိကာယ်၊ကူဋဒန္တသုတ်)၌ ကူဋဒန္တပုဏ္ဏား၏ဂုဏ်နှင့် ၎င်းစီမံထားသောယဇ်ပွဲအကြောင်းကိုဖေါ်ပြထားသည်။"သေနိယမည်သောဗိမ္ဗိသာရမင်း၏ရှာသူကြီးတဦးဖြစ်သော ကူဋဒန္တပုဏ္ဏားသည်ကျွဲ,နွား,ဆန်စပါး,မြက်ထင်း,ရေ,စသည်တို့ဖြင့်ကြွယ်ဝပြည့်စုံသောခါဏုမတရွာကိုသေနိယမည်သော ဗိမ္ဗိသာရမင်းက အပိုင်စားပေးသဖြင့် အုပ်ချုပ်နေသော ရွာစား ဗြာဟ္မဏ(ပုဏ္ဏား)ဖြစ်၏။ ကူဋဒန္တ ပုဏ္ဏားသည် လုလင် ၃၀၀ တို့ကို ဝေဒကျမ်းများ သင်ကြား ပေးနေသော ဆရာတဆူလည်းဖြစ်၏။ ဝေဒကျမ်းစသော ဗြာဟ္မဏတို့ တတ်အပ်သောကျမ်းတို့ကို တတ်သူဖြစ်၏။ ဗြာဟ္မဏတို့၏ အမျိုးဇာတ်စည်းကမ်းနှင့်လည်း ပြည့်စုံသူဖြစ်၏။ ကူဋဒန္တပုဏ္ဏား စီမံထားသော ယဇ်ပွဲမှာ နွားလားခုနစ်ရာ,နွားထီးငယ်ခုနစ်ရာ,နွားမငယ် ခုနစ်ရာ, ဆိတ်ခုနစ်ရာ, သိုးခုနစ်ရာ, တို့ကို ယဇ်ပူဇော်ရန် ယဇ်တိုင်သို့ ပို့ထားသည်။ ဤစကားရပ်တို့သည် ဘီစီ ၆-ရာစု တဝိုက်မှ ကြီးကျယ်သော ယဇ်ပွဲများပင် ဖြစ်လေသည်။ ကူဋဒန္တပုဏ္ဏားသည် ချမ်းသာသော ရွာစား ဗြာဟ္မဏတယောက်ပင် ဖြစ်လေသည်။

ထိုအခါက ရဟန်းသံဃာ ငါးရာနှင့်အတူဗုဒ္ဓသည် ၎င်းကူဋဒန္တပုဏ္ဏား၏ရွာဖြစ်သော ခါဏုမတရွာ အမ္ဗလဋ္ဌိကာ ဥယျာဉ်

၌ သီတင်းသုံးနေစဉ်ဖြစ်၏။ ကူဋဒန္တပုဏ္ဏားသည် ဗုဒ္ဓနှင့်တွေ့ဆုံ ပြီး ဗုဒ္ဓတရားဒေသနာတော်ကို ကြားနာရပြီး အသိအမြင်မှန် ရကာ ၎င်းစီမံထားသော ယဇ်ပွဲကြီးကို မကျင်းပတော့ချေ။ ယဇ်ပွဲကိုစွန့်လွှတ်ကြောင်း ဗုဒ္ဓအား ကူဋဒန္တပုဏ္ဏား လျှောက် ထားသည်မှာ—

"အသျှင်ဂေါတမ အကျွန်ုပ်ကူဋဒန္တပြဟ္မဏသည် ယဇ်ပူဇော် ရန် အလို့ငှါ ယဇ်တိုင်သို့ပို့ဆောင်ထားသော နွားလား ခုနစ် ရာတို့ကိုငင်း၊ နွားထီးငယ်ခုနစ်ရာတို့ကိုငင်း၊ နွားမငယ် ခုနစ်ရာ တို့ကိုငင်း၊ ဆိတ်ခုနစ်ရာ၊ သိုးခုနစ်ရာတို့ကိုငင်း လွှတ်ပါ၏။ ထို သတ္တဝါတို့အား အသက်ချမ်းသာခွင့်ကိုပေးပါသည်။ထိုသတ္တဝါ တို့သည် စိမ်းစိုသောမြက်တို့ကိုလည်းစားကြပါစေ၊အေးမြကြည် လင်းသော ရေတို့ကိုလည်း သောက်ကြပါစေ၊လတ်ဆတ်အေးမြ သော လေတို့သည် ထိုသတ္တဝါတို့အား တိုက်ခတ်ပါစေ"

ဘုရင်မင်းမြတ်တို့သာပြုနိုင်စွမ်းသော ယဇ်တမျိုးလည်းရှိသေး ၏။ ထိုယဇ်သည် အတော်ပင်ဆန်းကြယ်သောယဇ်တမျိုးဖြစ်၏။ ယဇ်အကြောင်း လာသော စကားများအရ ဘုရင်မင်းတို့သာ ပြုအပ်သောယဇ်ဖြစ်သည်ဟု ယူဆရလေသည်။

"ဤလောက၌ ရေမြေကိုအစိုးရသော၊ ဦးထိပ်၌ အဘိသိက် သွန်းလောင်းပြီးသော မင်းသော်လည်းဖြစ်၏။ များစွာသော ဥစ္စာနှစ်ရှိသော ပြဟ္မဏသော်လည်း ဖြစ်၏။ ထိုသူသည် မြို့၏ အရှေ့အရပ်၌ယဇ်တင်းကုတ်အသစ်တို့ကိုပြုစေ၍ဆံမုတ်ဆိတ်တို့ ကို ပယ်ပြီး ခွါနှင့်တကွသောသစ်နက်ရေကိုဝတ်၍ ထောပတ် ဆီ ဖြင့် ကိုယ်ကိုသုတ်လိမ်း၍ သားချိုဖြင့်ကျောက်ကုန်း (ကျော ပြင်)ကို အယားဖျောက်လျက် ယဇ်တင်းကုတ်သို့ မိဖုရား၊ ပုရော

ဟိတ်ပုဏ္ဏားနှင့်အတူဝင်၏။ထိုသူသည်အခင်းမရှိသော ယဇ်တင်းကုတ်၌ နွားချေးစိုတို့ဖြင့် လိမ်းကျံအပ်သော မြေ၌အိပ်၏။အမိနှင့်အဆင်းတူသော နွားငယ်ရှိသည့် တကောင်သော နွားမ၏တခုသောနို့၌ အကြင်နို့ရည်သည်ရှိ၏၊ ယင်းနို့ရည်ဖြင့် မင်းသည်မျှတ၏။ နှစ်ခုမြောက်သောနို့၌ အကြင်နို့ရည်သည်ရှိ၏၊ ယင်းနို့ရည်ဖြင့် မိဖုရားသည်မျှတ၏။ သုံးခုမြောက်သော နို့၌အကြင်နို့ရည်သည်ရှိ၏၊ ယင်းနို့ရည်ဖြင့် ပုရောဟိတ်ပုဏ္ဏားသည်မျှတ၏။လေးခုမြောက်သောနို့၌ အကြင်နို့ရည်သည်ရှိ၏၊ ယင်းနို့ရည်ဖြင့် မီးပူဇော်၏။ကြွင်းသောနို့ရည်ဖြင့် နွားငယ်သည်မျှတ၏။ ထိုမင်းသည် ဤသို့ဆို၏။

"ဤမျှလောက်ကုန်သောနွားလားတို့ကိုယဇ်ပူဇော်ရန်သတ်ကြကုန်လော၊ ဤမျှလောက်ကုန်သောနွားငယ်တို့ကို ယဇ်ပူဇော်ရန်သတ်ကြကုန်လော၊ ဤမျှလောက်ကုန်သော နွားမငယ်တို့ကို ယဇ်ပူဇော်ရန် သတ်ကြကုန်လော၊ ဤ မျှလောက် ကုန်သော ဆိတ်တို့ကို ယဇ်ပူဇော်ရန် သတ်ကြကုန်လော၊ ဤမျှလောက်ကုန်သော သိုးတို့ကို ယဇ်ပူဇော်ရန် သတ်ကြကုန်လော၊ ဤမျှလောက်ကုန်သော သစ်ပင်တို့ကို ယဇ်တိုင်အလို့ငှာ ဖြတ်ကြကုန်လော၊ ဤမျှလောက်ကုန်သော နေဇာမြက်တို့ကို ယဇ်ပူဇော်ရန် အကာ အရံနှင့် ယဇ်ပူဇော်ရန်နေရာ မြေအခင်းပြုရန် အလို့ငှာ ရိတ်ဖြတ်ကြကုန်လော"ဟုဆို၏။

ထိုမင်း၏ ကျွန်အစေအပါး အမှုလုပ်တို့သည်လည်း မင်းဒဏ်ကိုကြောက်၍ငင်း၊ မင်း၏အမျက်ဒေါသဘေးကို ကြောက်လန့်၍ ငင်းမျက်ရည်ရွှဲစို ငိုယိုကုန်လျက် ယဇ်ပူဇော်ရန် အသိုင်းအဝိုင်းတို့ကိုပြုလုပ်ကြရကုန်၏။ (အင်္ဂုတ္တရ ပသုတ်၊မဟာဝဂ်အဂုတ္တိုရ်)။

ဗြဟ္မဏတိုင်းလိုလိုပင် ယဇ်ပွဲ ဦးစီးများအဖြစ် အသက်မွေး ကြသည်မဟုတ်ချေ။ အတတ်သင် ဥပဇ္ဈာယ်ဆရာ ဂုရုများအဖြစ် နေသူများ၊ စိုက်ပျိုးရေး မွေးမြူရေးဖြင့် အသက်မွေး ဝမ်းကျောင်းနေထိုင်ကြသော ဗြဟ္မဏများလည်းရှိလေသည်။ ကိုယ်ယုံကြည်ရာအတွေးအမြင်များအတိုင်း နည်းအမျိုးမျိုးဖြင့် ဘာသာရေးလိုက်စားရှာဖွေသူများ၊ တောထွက်ပြီး ရသေ့ ရဟန်းပြုသူများလည်း ရှိလေသည်။

ယဇ်ပွဲ ဦးစီးဗြဟ္မဏတို့၏ လောဘကြီးမှုများ၊ယဇ်ပွဲတို့၏ စက်ဆုတ်ဘွယ်ရာ သွေးချောင်းစီးမှုများသည် ထိုခေတ် အခါက လူတို့၏ ဘာသာရေး အတွေးအခေါ်တို့ကို ပြောင်းလဲစေခဲ့လေသည်။ ယဇ်ပွဲများကို လူများစုက နှစ်သက်လက်ခံခြင်း မရှိမှုနှင့် ယဇ်ပွဲအပေါ် သံသယဝင်မှုများသည်လည်း တကြောင်းဖြစ်လေသည်။ ပညာရှင်အချို့တို့ကမူ ဝေဒခေတ်ကုန်ကာနီး အခါ၌ အီရန်ပြည်တွင် ပေါ်ပေါက်ခဲ့သော ပါရှင်းလူမျိုးတို့၏ ဘာသာရေး ခေါင်းဆောင်ကြီး ဇိုရိုအတ်စတား(Zoroaster)၏ ဝါဒ အယူအဆများသည် အိန္ဒိယသို့ ပျံ့နှံ့လာပြီး အိန္ဒိယသားတို့၏ ဘာသာရေးကို တမျိုးတဖုံပြောင်းလဲစေသည်ဟု ဆိုကြ၏။ ဇိုရိုအတ်စတား၏ အယူဝါဒသည် ဗြဟ္မဏတို့၏ ဝါဒနှင့်အချို့တူညီသလို၊ ဗုဒ္ဓဝါဒ အယူအဆနှင့်လည်း အချို့ တူညီလေသည်။ ဇာတကများ၌ စည်းစိမ်ဥစ္စာကိုစွန့်ပြီး တောထွက်ခါ တရားရှာဖွေကြသော ဗြဟ္မဏများ, ခတ္တိယနွယ်ဝင်မင်း, အမတ်, စစ်သူကြီး,စသူတို့အကြောင်း အတော်များများ ပါရှိလေသည်။ထိုသို့ တောထွက်ခါ ဘာသာတရား လိုက်စားရှာဖွေမှုသည် အိန္ဒိယတွင် ဘီစီ ၆-ရာစုမတိုင်မီကပင် ပြုမှုကျင့်ကြံကြလေသည်။ ထိုကဲ့

သို့တောထွက်ပြီး တရားရှာဖွေ ကျင့်သုံးသူများသည် ဘုရင်များ, မှူးမတ်များ,ပါမက လူတန်းစားမရွေး ဒွန်းစဏ္ဍာလများအထိပင် ပါဝင်လေသည်။ အချို့သူတို့သည် တအိမ်ထောင်လုံးပင်တောထွက်ပြီး တရားရှာဖွေကျင့်သုံးကြသည်ကို ဇာတကများ၌တွေ့ရ၏။ ဥပမာ— သိဝိမင်း, ဝေဿန္တရာ, မာတင်္ဂ(ဘုရားအလောင်း)သုဝဏ္ဏသာမ, ဇာတ်တို့၌ ထင်ရှား၏။ အိန္ဒိယပြည်မြောက်ပိုင်း၌ ဤသို့လွတ်လပ်စွာ ကြံစည် တွေးတော ပြုမူကျင့်ကြံကြပြီး ဘာသာရေးပြောင်းလဲမှု ရှိလာခြင်းဖြစ်၏၊ထိုပြောင်းလဲလာသော ဘာသာရေးကား ဝေဒ ခေတ်၏ နတ်ဘုရားအများကိုးကွယ်မှုနှင့် ယဇ်ပူဇော်မှုတို့ကို ပယ်လာလေတော့သည်။

ပြောင်းလဲလာသော ဘာသာရေး အယူအဆတို့ကို ဥပနိသျှကျမ်းများ၌ ဖေါ်ပြထား၏။ဥပနိသျှကျမ်းများသည် ဘီစီ ၈-ရာစုနှင့် ၆-ရာစုအကြားတွင် ပေါ်ပေါက်ခဲ့သဖြင့် ဗုဒ္ဓဝါဒထက်ရှေးကျသည်ဟု ယူဆကြလေသည်။ ၎င်းတို့ အယူအဆကား....လောက၌ ဗြဟ္မာ(Brahman)သို့မဟုတ် ပရမတ္တမသည်သာလျှင် ပရမတ္ထအားဖြင့် ကေန်ထင်ရှားတည်ရှိသည်။ ထို ဗြ ဟ္မာ သည် နိစ္စ ဓူဝအသင်္ခတဖြစ်၏။ဗြဟ္မာသည် အစိန္တေယျဖြစ်၏။နတ်များနှင့်တကွ အလုံးစုံသော သတ္တဝါတို့သည် ပရမတ္တမ ဖြစ်သော ဗြဟ္မာ၌သာစုပေါင်းရလေသည်။ ရေထဲသို့ဆားထည့်သောအခါ နေရာမလပ် ပျံ့နှံ့တည်၏၊ ထို့အတူပင် ပရမတ္တမသည် ပုဂ္ဂိုလ်သတ္တဝါအားလုံးတို့၌တည်၏။ ပရမတ္တမကို လူတိုင်း၏ ဉာဏ်ဖြင့် မကြံဆနိုင်, မကြံစည်အပ်, မီးလျှံမီးတောက်တို့သည် မီးမှထွက်ပေါ်သကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါ အားလုံးသည် ပရမတ္တမ ဗြဟ္မာမှ ပေါက်ဖွားကြ၏။ ပ ရမတ္တမသည် နိစ္စ ဓူဝ ထာဝရ တည်မြဲ၏။

ပရမတ္ထမသည် အသင်္ခတဖြစ်၏။ ပရမတ္ထမ အသင်္ခတဖြစ်သော ဗြဟ္မာသည် အနန္တက္ကန္ဒိပိုင်သသူဖြစ်၏။

စင်စစ်လောက၌ ပရမတ္ထမ ဗြဟ္မာမှတပါး အခြား ရှိရှိသမျှသော သက်ရှိသက်မဲ့တို့သည် အရိပ်အယောင် မာယာမျှသာဖြစ်သည်။ အမှန်အားဖြင့် ပရမတ္ထမ ဗြဟ္မာသည်သာထင်ရှားရှိသော နိစ္စ ဓူဝ အသင်္ခတဖြစ်၏။လူတို့ကား ပရမတ္ထမကဲ့သို့ မဟုတ်သဖြင့် ဖေါက်ပြန် ပြောင်းလဲသော သဘောရှိကြသည်။ လောကသည် ဒုက္ခတို့ဖြင့်အတိပြီး၏။လူသည် ပရမတ္ထမ ဗြဟ္မာနှင့်ကွဲကွာနေရသဖြင့် ဘဝပေါင်းများစွာ ကျင်လည်နေရ၏။ဝေဒများကိုရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ယဇ်ပူဇော်ခြင်းတို့သည်အချည်းနှီးပင်၊ပရမတ္ထမနှင့် မပူးပေါင်းနိုင်ချေ။ ကုသိုလ်ကောင်းမှု ပြုကာမျှဖြင့်လည်း သံသရာဆင်းရဲမှ လွတ်မြောက်မည်မဟုတ်၊ လူအား သံသရာ၌ ဟာကျာကာမနှင့် ကံ တို့က နှောင်ဖွဲ့ထား၏။ လူသည်မိမိပြုသော ကံအားလျော်စွာ ဘဝသံသရာ၌ သုခ,ဒုက္ခ,တို့ကို တွေ့ကြုံခံစားကျင်လည်ရလေသည်။

လူသည် စည်းစိမ်ချမ်းသာမည်မျှပြည့်စုံသော ဘဝများတွင်ဖြစ်သည်ဆိုစေ ဒုက္ခတရားမှ မလွတ်မြောက်နိုင်ချေ။ မူလဘူတဖြစ်သော ပရမတ္ထမ ဗြဟ္မာနှင့် ပူးပေါင်းနိုင်မှသာလျှင် ဇာတိ, ဇရာ, မရဏ,ဒုက္ခတရားတို့မှ ကင်းငြိမ်းသော ထာဝရ ချမ်းသာအစစ်ကိုရရှိပေလိမ့်မည်။ထို့ကြောင့် လူတို့အား ဘဝသံသရာ၌ဖွဲ့ယှက်ထားသော တဏှာကိုပယ်ဖြတ်ရန်လို၏။တဏှာကိုမပယ်ဖြတ်နိုင်ခြင်းသည် အဝိဇ္ဇာကြောင့်ဖြစ်လေသည်။ တဏှာကိုပယ်ဖြတ်ရန် ဝိဇ္ဇာဉာဏ်သည်အရေးကြီး၏။ လူသည်မိမိ၏ ပင်မမူလဖြစ်သော ပရမတ္ထမဗြဟ္မာကို ရင့်ကျက်သောတွေးခေါ်မှုနှင့် ပွားရှုမှု

သာလျှင် သိမြင်နိုင်လေသည်။ထိုသို့ပွားရှုမှသာလျှင် ဘဝသံသရာမှ လွတ်ကင်းကာ"လွတ်မြောက်မှုမောက္ခ" (Moksa)ကိုရရှိပြီး၊ ပရမတ္တဗြဟ္မာနှင့် ပေါင်းစည်းခါ ထာဝရသုခကို နိစ္စ ဓူဝ ခံစားရမည်ဖြစ်သည်။

ဘာသာရေးကြံဆရှာဖွေသူများ၊ တောထွက်ပြီးအမှန်တရားရှာဖွေသူများကြောင့် ဗြဟ္မဏဝါဒသည် ပေါ်ပေါက်လာလေသည်။ ဗြဟ္မဏဝါဒ၏ အချို့သော ယူဆာမှုတို့ကို ပိဋကတ်၌တွေ့ရသဖြင့် ပညာရှင် အချို့တို့က ဗုဒ္ဓဝါဒသည် ဗြဟ္မဏဝါဒ၏ အစွယ်အပွားတခုအဖြစ် ယူဆကြ၏။ စင်စစ် ဤသည်မှာ တူညီသော အရေးမပါသည့် အချက်အလက် အနည်းငယ်ကြောင့်သာဖြစ်လေ၏။ ဗြဟ္မဏတို့၏ ဝိပဿနာပွားများမှုသည် ပရမတ္တမကိုသိမြင်အောင် ရှုခြင်းဖြစ်ပြီး၊ ဗုဒ္ဓဝါဒ၏ ဝိပဿနာပွားများမှုကား အနတ္တဓမ္မကို သိမြင်အောင် ရှုပွားခြင်းဖြစ်၏။ ဗြဟ္မဏတို့ယုံကြည်သော ကမ္မသည် လူကိုပြုပြင်သော အဓိပ္ပါယ်ရှိပြီး၊ဗုဒ္ဓဝါဒ၏ ကမ္မသည်ကား ထိုသို့မဟုတ်ချေ။အဓိကအားဖြင့်ကားအခြေခံအချက်အလက်များနှင့်ယူဆရှုမြင်ခြင်းသည်ဗုဒ္ဓဝါဒနှင့်ဗြဟ္မဏဝါဒကွာဟလှ၏။ဗုဒ္ဓကား အနတ္တဓမ္မကို ပညာသိနှင့်နက်နဲစွာသိမြင်မှ ငြိမ်းအေးမှုရရှိမည်ဟုယူဆပြီး၊ ဗြဟ္မဏတို့ကား အတ္တဓမ္မ(ပရမတ္တမ)ကို ပညာဖြင့် သိမြင်မှ ငြိမ်းအေးမည်ဟုဆိုလေသည်။ ဗုဒ္ဓဝါဒကား အနတ္တဝါဒဖြစ်ပြီး၊ ဗြဟ္မဏဝါဒကား အတ္တဝါဒဖြစ်၏။ ၎င်းပြင် ဗြဟ္မဏတို့၏ အခြေခံပဓါနဖြစ်သော ပရမတ္တမဝါဒကို ပိဋကတ်၌ လုံးဝမတွေ့ရခြင်းပင် ဖြစ်လေသည်။ ထိုသို့မပါရှိခြင်းမှာလည်းဗုဒ္ဓသည် အတ္တဝါဒ(ပရမတ္တမဗြဟ္မာကို)လုံးဝလက်မခံသောကြောင့် ဖြစ်လေသည်။

## ၃။ အိန္ဒိယ၏ရှေးဦး ဘာသာအယူအဆများ

ဘီစီ ၆-ရာစုသည် အိန္ဒိယသမိုင်း၌ထင်ရှားသော ရာစုနှစ်ဖြစ်သည်။ ဤရာစုနှစ်တို့၌ပင် အိန္ဒိယ၏ ဘာသာရေးအတွေးအခေါ်ကိုသည် ပြောင်းလဲဆန်းသစ်လာလေသည်။ ဘီစီ ၆-ရာစုမတိုင်မီအခါကပင် အိန္ဒိယ၏ ဘာသာရေးလောကတွင် တောတွက်ပြီးရသေ့ယောဂီအဖြစ်များဖြင့် အမှန်တရား ရှာဖွေကျင့်ကြံကြသောသူများရှိလေသည်။

ထိုပုဂ္ဂိုလ်တို့၏ ဘာသာရေးအယူအဆ၊ အတွေးအမြင် သစ်များသည် အိန္ဒိယဘာသာရေးလောကကို ပြောင်းလဲ လှုပ်ရှားစေလေသည်။ထိုသူများသည်ကား ဗြာဟ္မဏများသာမဟုတ်ချေ။ လူတန်းစားအသီးသီး ပုဂ္ဂိုလ်အမျိုးမျိုး ပါဝင်လေသည်။ ထို့ကြောင့်ပင် မဇ္ဈိမဒေသ၌ရှိနေကြသော ဘာသာရေးအယူအဆအတွေးအမြင်တို့သည် ဗြာဟ္မဏဝါဒထဲ၌ အကျုံးဝင်သော်လည်း ဗြာဟ္မဏတို့သာ တီထွင်ကြံဆသူများဟု မယူဆနိုင်ချေ။ ခတ္တိယနွယ်ဝင် ဘာသာရေးပုဂ္ဂိုလ်များ၊ပညာရှင်များကြောင့်ပင် ဖြစ်နိုင်သည်ဟုယူဆနိုင်လေသည်။

အကြောင်းကား ဇာတကများ၌ လာသည့်အတိုင်းပင် ဘာသာရေးလှုပ်ရှားပြောင်းလဲမှုကို ပြုမူကျင့်ကြံကြသူတို့သည် များသောအားဖြင့် ခတ္တိယနွယ်ဝင်တို့သာဖြစ်လေသည်။ ဘီစီ ၆-ရာစု အိန္ဒိယပြည် မဇ္ဈိမဒေသသည် ဘာသာရေး အတွေးအခေါ်အယူအဆတို့၌ လွတ်လပ်မှုရှိကြသည်။ မဇ္ဈိမဒေသအုပ်ချုပ်သူဘုရင်မင်းများသည်လည်း လွတ် လပ် စွာ ကိုး ကွယ် မှု၊ ဟော

ပြောမှု၊ ဘာသာရေးအယူအဆများကို မတားဆီး မပိတ်ပင်ကြချေ။

"သစ်ဘရယ်ဝါဒ"(Liberal ideas)ကဲ့သို့သော သဘောထားကြီးသည့် ဒီမိုကရေစီဝါဒအယူအဆကို ကျင့်သုံး လိုက်နာကြလေသည်။ဤသို့ အုပ်ချုပ်ရေးပိုင်း၏ သဘောထားကြီးသော အယူအဆ ရှိခြင်းသည် ဘာသာရေး လှုပ်ရှား ပြောင်းလဲမှု ၏ အကြောင်းတခုဖြစ်သည်။အိန္ဒိယပြည်နှင့် ထိုအချိန်ကယဉ်ကျေးမှုခေတ်ပြိုင်ကဲ့သို့ ထွန်းကားခဲ့သော ဂရိပြည်၌ အဘိဓမ္မာ ဆရာကြီး"ဆိုကရေးတီး" (Socrates) မှာမိမိယူဆယုံကြည်ချက်ကို ဟောပြောမိသဖြင့် အသတ်ခံရလေသည်။ အိန္ဒိယပြည်၌ကား ဘီစီ ၆-ရာစုတွင် ထိုကဲ့သို့သောချုတ်ချယ်မှုမျိုးမရှိခဲ့ချေ။

ဘီစီ ၆-ရာစုနှစ်သည် အခြားသော နိုင်ငံ အချို့တွင် လည်း အယူအဆသစ်များ၊ အဘိဓမ္မာဆရာ တွေးခေါ် ရှင်များ ပေါ်ပေါက်ခဲ့လေသည်။

ဥပမာ ဂရိပြည်တွင် အဘိဓမ္မာဆရာကြီး"ပိုင်သာဂိုးရပ်စ်" (Pythagoras) ပေါ်ပေါက်ခဲ့သည်။ ပိုင်သာဂိုးရပ်စ်သည် ဘဝသံသရာအကြောင်း စသည်တို့ကို မိမိယူဆမှုအတိုင်း ဟောပြောခဲ့သူဖြစ်လေသည်။ တရုပ်ပြည်တွင်လည်း ဘီစီ ၆-ရာစုတဝိုက်က တွေးခေါ်ရှင် ပညာရှိကြီးများ ဖြစ်သော "ကွန်ဖြူးရှပ်စ်" နှင့် "လာအိုဇူ" (Confucius and Lao Tzu) တို့ ပေါ်ပေါက်ခဲ့သည်။

လာအိုဇူ၏ ဖွားသေသက္ကရာဇ်ကို မသိရချေ။ ၎င်းသည်တချိန်က တရုပ်ပြည်တွင် တကယ်ပင်အသက်ထင်ရှားရှိခဲ့သလောဟုပင် သံသယရှိကြသည်။ သို့သော်လည်း "တာအိုဝါဒ" (Taoism),

သည် လာအိုဇူ၏ယူဆဟောပြောချက်များဖြစ်သည်ဟုယုံကြည်ကြသည်။

"တာအိုတေကင်း"(Tao Te King)ကျမ်းစာအုပ်၌ လာအိုဇူ၏ဟောပြောချက်များကိုတွေ့နိုင်သည်ဆို၏။ ၎င်းသည် မေတ္တာကို ပဓါနထားပြီးဟောခဲ့သည်။ ကိုယ်ကျင့် တရား ကောင်းမွန်ရန်, ရန်ကိုရန်ချင်းမတုံ့နှင်းဘဲ မေတ္တာထားရန်, မေတ္တာတရားပွားများရန်စသည်ဖြင့် ဟောကြားခဲ့လေသည်။

"ကွန်ဖြူးရှပ်စ်(၅၅၁—၄၇၉ ဘီစီ)သည်နိုင်ငံ သုခမိန် လူမှုပြုပြင်ရေးနှင့် လောကနီတိ ဆရာကြီးတဦး ဖြစ်သည်။ ၎င်း၏ဟောပြောချက်များကို "လွန်ယူ"(Lun Yu)ကျမ်း စာအုပ်တွင် တွေ့နိုင်သည်ဟုဆိုသည်။ ကွန်ဖြူးရှပ်စ်သည်လည်း မေတ္တာဝါဒသမားဖြစ်သည်၊မတရားမှု၊အဂတိလိုက်စားမှုများကိုရှောင်ကြဉ်ရန်, ကိုယ်ကျင့်တရားကောင်းမွန်ရန်,နှင့် မေတ္တာတရားပွားများရန်, ရန်ကို ရန်ခြင်းမတုံ့ပြန်ဘဲ ရန်ပြုလာသူတို့ကို မေတ္တာလက်နက်ဖြင့် ခုခံရမည့်စသည်ဖြင့် ဟောပြောခဲ့သူဖြစ်လေသည်။

အိန္ဒိယပြည်၏ဘာသာရေးလောကတွင် ဘီစီ-၆ ရာစုမတိုင်မီကပင် အမှန်တရား ရှာဖွေသူများ၊ကျင့်ကြံအားထုတ်သူများ ရှိလေသည်။ ထိုသူတို့သည်မိမိတို့အတွေးအယူအဆအတိုင်းပင် ဘာသာရေးတို့ကို လိုက်စားလေသည်။ အချို့ ယောဂီရသေ့တို့ကား "ဝေဒ"များကို ရွတ်အံသရဇ္ဈာယ်ကြသည်။ အချို့ကား မိမိတို့ယုံကြည် မြတ်နိုးရာကို လုပ်ကျွေးပူဇော်ကြ၏။ဥရုဝေလကဿပရသေ့တို့ကဲ့သို့ မီးကိုလုပ်ကျွေးပူဇော်သူများ၊ နေ့နတ်သိကြားစသည်တို့ကို လုပ်ကျွေးပူဇော်သူများ စသည်ဖြင့်ရှိကြ၏။ မေတ္တာဘာဝနာကိုပွားများနေသူများ၊ဗြဟ္မဝိဟာရ တရားလေးပါးကို့

ဇောင့်ထိန်း ကျင့်သုံးသူများ၊ ပရမတ္ထမကို တွေ့မြင်အောင်ပွား များဆင်ခြင်ပြီး သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်အောင်ကြိုး စားသူများလည်းရှိသည်။ အချို့ပုဂ္ဂိုလ်တို့မှာကား မိမိကိုယ်ကို ညှဉ်းဆဲပင်ပန်းစေ၍ အမှန်တရားရှာဖွေသူများ, သံသရာမှထွက် မြောက်ရန် ကြိုးစားသူများ ရှိကြလေသည်။

မိမိကိုယ်ကိုညှဉ်းဆဲသော အကျင့်သည်တပအကျင့်ဖြစ်သည်။ တပအကျင့်သည် အိန္ဒိယ၌ ရှေးအခါကပင် ပေါ်ပေါက်ခဲ့သော အကျင့်ဖြစ်သည်။ ကာယိကနှင့် စေတသိက ဒုက္ခဝေဒနာဟုဆိုလို ဟန်ရှိသော "တပ" ဟူသော စကားလုံးကို ဣသျှဝေဒကျမ်း၏ နောက်ပိုင်း၌ တွေ့ရသည်ဆို၏။ မည်သို့ဖြစ်စေ နောက်ဆုံးတွင် ကား "တပ" ဟူသော စကားလုံးသည် ဘာသာရေး ဝေါဟာရ တခုဖြစ်လာလေသည်။ တပ, အကျင့်များသည် ဗုဒ္ဓလက်ထက် ဘီစီ ၆-ရာစုတွင်မှ အမျိုးအစားပွားများလာကာ ဘာသာရေး လောကတွင် ထင်ရှားလာဟန်ရှိသည်။ ဣသျှဝေဒခေတ်၏ ကန ဦးကာလတွင် တပ,အကျင့်ကို ခန္ဓာကိုယ်နှင့် ပတ်သက်ပြီးကျင့် ကြံကြ၏။ ဥပနိသျှနှင့် ဥပနိသျှနောက်ပိုင်း ခေတ်သို့ရောက်သော အခါ တပ,အကျင့်သည် စိတ်နှင့်ပတ်သက်သည့် အကျင့်ဖြစ်လာ ၏။ နောက်ဆုံးတွင် တပ,အကျင့်သည် ကမ္ဘဋ္ဌာန်း ဘာဝနာ အသွင်ကို ဆောင်လာသည်ဆို၏။ တပ,အကျင့်သည် လူသားတို့ အား, အဆုံးအစမရှိသည့် ဒုက္ခပေါင်းပြွမ်းသော သံသရာမှထွက် မြောက်စေနိုင်သော အကျင့်အဖြစ် ယူဆ ယုံကြည်လေသည်။ ၎င်းပြင် တပ,အကျင့်၏ ရည်ရွယ်ရင်းသည် ရှိခဲလဦးမည်ဖြစ်၏။ ဥပမာ တပ, အကျင့်ဖြင့် တန်ခိုးဣဒ္ဓိရရှိရန်အမှန်တရားကိုသိမြင် ရန်တို့သည်လည်းတပအကျင့်၏ ရည်ရွယ်ချက်တို့ဖြစ်သည်။

တပအကျင့် ကျင့်သူတို့ကို ရှေးအိန္ဒိယသားတို့ ကြည်ညိုလေးစားခြင်းသည် အမှန်အားဖြင့်အံ့ဩစရာမဟုတ်ချေ။ တပ့အကျင့်ကျင့်သူတို့သည် အခြားသူများ မပြုမူနိုင်သော အပြုအမူတို့ကို ထူးခြားစွာ ပြုမူနိုင်ကြလေသည်။ ဥပမာ လ့ပေါင်း နှစ်ပေါင်းများ စွာ အနေအထား တမျိုးတည်းဖြင့်နေခြင်း၊ လက်များကို ဦးခေါင်းပေါ်သို့ အချိန်ကြာမြင့်စွာမြှောက်ထားခြင်း၊ နွေရာသီ နေပူရှိန်ရှိန်တွင် နေရောင်အောက်ရပ်နေခြင်း၊ ဆောင်းရာသီ၌ နှင်းတောထဲတွင် လုံးတီးနေခြင်း၊ အစားအစာအဖြစ်, သမန်းမြက်,မှော်ဖတ်, နွားငယ်ချေး စသည်တို့ စားခြင်း များတို့သည် လူအများ အထင်ကြီးအံ့ဩစရာတို့ ဖြစ်လေသည်။

(မဇ္ဈိမနိကာယ် ကုက္ကုရဝတိကသုတ်)၌ ကောလိယ၏သား နွားကျင့်ကျင့်သောပုဏ္ဏ၊ အဝတ်မဝတ်သည့်ခွေးကျင့်ကျင့်သော သေနိယတို့အကြောင်းပါရှိလေသည်။မဇ္ဈိမနိကာယ်မဟာသစ္စကသုတ်နှင့် ပိဋကတ်အချို့သောသုတ်တို့တွင် ဗုဒ္ဓ၏ဒုက္ကစရိယဆင်းရဲပင်ပန်းခြိုးခြံစွာကျင့်သောအကြောင်းတို့ကို ဖော်ပြထားလေသည်။ စင်စစ်ထိုအကျင့်တို့သည်လည်း တပအကျင့်များပင် ဖြစ်လေသည်။ ဗုဒ္ဓသည် သစ္စာလေးပါးကို မရရှိမီက ထိုအကျင့်များကို ကျင့်ခဲ့ကြောင်း ထိုသုတ်များ၌ ကျင့်ပုံ ကျင့်နည်း များဖြင့် အကျယ်တဝင့်ပါရှိလေသည်။ "ဤစပ်ခါး ဆိုးရွားသော၊ ပြုနိုင်ခဲသော အကျင့်များကို ကျင့်ခြင်းဖြင့် ဉာဏ်အမြင်ထူးကို မရခဲ့" ဟု ဗုဒ္ဓကဆိုခဲ့လေသည်။

ပိဋကတ်၌ တပကျင့်များ အကြောင်းကို အတော်များများ တွေ့ရလေသည်။ "ဒီဃနိကာယ်"၌လည်း "ကဿပ တက္ကတွန်း" သည် ခြိုးခြံသောအကျင့်တပများကို လျှောက်ထားခဲ့၏။သမဏ

အလုပ်၊ ဗြဟ္မဏအလုပ်ဟုယူဆပြီး တပအကျင့်များကို ကျင့်သုံးသော သမဏ ဗြဟ္မဏတို့သည် ဗုဒ္ဓလက်ထက်၌ အတော်များပြားစွာရှိတန်သည်။ ထို့ကြောင့်ပင်တပအကျင့် အကြောင်းများကို ပိဋကတ်၌ အတော်များများတွေ့ရခြင်းဖြစ်သည်။ ကဿပ တက္ကတွန်း ဗုဒ္ဓကို လျှောက်ထားသော ၎င်းအကျင့်တို့မှာ –

"အဝတ်မဝတ်ပဲနေ၏၊ လွတ်လပ်စွာကျင့်၏၊ (ရပ်လျက် ကျင်ကြီး ကျင်ငယ် စွန့်ခြင်း) အရှင် လာပါ၊ အရှင်ရပ်ပါ ဆိုသူ၏ဆွမ်းကိုမခံ၊ မိမိမကပ်ရောက်မီယူဆောင်လာသောဆွမ်း၊ ရည်စူးသောဆွမ်း၊ ပင့်ဖိတ်သောဆွမ်း၊ အိုးဝမှ (ကော်၍လောင်းသော) ဆွမ်း၊ တောင်းဝမှ (ကော်၍လောင်းသော) ဆွမ်းတို့ကို မခံယူ။ တံခါးခုံခြားလောင်းသောဆွမ်း၊ တုတ်ခြားလောင်းသော ဆွမ်း၊ ကျည်ပွေ့ ခြားလောင်းသောဆွမ်း နှစ်ယောက် စားနေစဉ်မှ လောင်းသောဆွမ်းတို့ကိုမခံယူ၊ ကိုယ်ဝန်ဆောင်မိန်းမ၏ဆွမ်း၊ နို့တိုက်ဆဲမိန်းမ၏ဆွမ်း၊ ယောကျ်ားဖြင့် နှီးနှောသောမိန်းမ၏ဆွမ်း၊ ဆော်အော်စုဆောင်းလောင်းသောဆွမ်းတို့ကိုမခံယူ၊ ခွေးမျှော်စဉ်မှဆွမ်း၊ ယင်အုံရာမှဆွမ်း၊ ကို မခံယူ၊ ငါးအမဲမစား၊ သေမသောက်၊ ဖွဲ၌မြုပ်ထားသောဆေးရည်မသောက်၊ တအိမ်မျှသာဆွမ်းခံ၏၊ တလုပ်သာစား၏၊ ထို့အတူ သုံးအိမ် လေးအိမ် ငါးအိမ် ခြောက်အိမ် ခုနစ်အိမ်စသည့် ဆွမ်းခံ အိမ် အားလျော်စွာသာ ဆွမ်းလုပ် အရေအတွက်ကိုစား၏။ ဆွမ်းလောင်း ခွက်ငယ် တခု နှစ်ခုစာဖြင့်လည်း ရောင့်ရဲ၏၊ တရက်ခြား၊ နှစ်ရက်ခြား၊ ခုနစ်ရက်ခြားစား၏၊ ဤနည်းဖြင့် လခွဲတကြိမ် တိုင်အောင်လည်း အစာစားခြင်း အကျင့်ကို ကျင့်လျက်နေ၏၊ ဟင်းရွက်စိမ်းကိုစား၏၊ ပြောင်းဆန်ကိုစား၏၊ ကြိတ်သီးဆန်ကိုစား၏၊ သားရေဖတ် အစ

အနကိုစား၏၊ မှော်ကိုစား၏၊ ဖွဲနုကိုစား၏၊ ထမင်းရေကိုလည်း သောက်၏၊ နှမ်းမှုန့်ညက်ကိုလည်းစား၏၊ ကြွေကျသောသစ်သီးကို စားလျက်လည်းမျှတ၏။

ပိုက်ဆံလျှော်အဝတ်ကိုလည်း ဝတ်၏။ ပိုက်ဆံလျှော်ဖြင့်ရောနှောသောအဝတ်ကိုသော်လည်းဝတ်၏။ လူသေကောင်မှအဝတ်တို့ကိုလည်းဝတ်၏။ ပံသုကူအဝတ်ကိုလည်းဝတ်၏။ သင်ခေါက်အဝတ်ကိုဝတ်၏။ သစ်နက်ရေကိုလည်း ဝတ်၏၊ သစ်နက်ရေအမျှင်အဝတ်ကိုလည်း ဝတ်၏။ သမန်းမြက်အဝတ်ကိုလည်းဝတ်၏။ လျှော်တေအဝတ်ကိုလည်းဝတ်၏။ ပျဉ်ချပ်အဝတ်ကိုလည်းဝတ်၏။ ဆံခြည်ကမ္ဗလာကိုသော်လည်းဝတ်၏။သားမြီးကမ္ဗလာကိုလည်းဝတ်၏။ ခင်ပုဘ်ငှက်အတောင်အဝတ်ကိုလည်းဝတ်၏။ ဆံမုတ်ဆိတ်ကိုလည်းနုတ်၏။ ဆံမုတ်ဆိတ်နုတ်ခြင်းအမှုကိုလည်း အားထုတ်၏။

ထိုင်ရန်နေရာကိုပယ်၍ရပ်လျက်လည်းနေ၏။ ဆောင့်ကြောင့်လည်းထိုင်၏။ ဆောင့်ကြောင့်ထိုင်နေခြင်းအမှုကို အားထုတ်၏။ ဆူးအခင်းအပေါ်၌လည်းနေ၏။ ဆူးအခင်းအပေါ်၌လည်းအိပ်၏။ ပျဉ်ပြားပေါ်၌အိပ်၏။ ကြမ်းတမ်းသောမြေပြင်၌လည်းအိပ်၏။ နံပါးတဖက်တည်းဖြင့်လည်းအိပ်၏။ မြူအညစ်အကြေးကိုလည်းဆောင်၏။ လွင်ပြင်၌လည်းနေ၏။ ရတိုင်းသော နေရာ၌လည်းနေ၏။ မစင်ကိုလည်းစား၏။ မစင်စားခြင်း အမှုကိုလည်း အားထုတ်၏။ ရေမသောက်မှု၌လည်းနေ၏၊ ရေမသောက်ခြင်း အမှုကိုလည်း အားထုတ်၏။ ညနေချမ်းလျှင် သုံးကြိမ်မြောက်ရေသို့ဆင်းသက်ခြင်းအမှုကိုလည်း အားထုတ်၏။” (ဒီဃနိကာယ်—မဟာသီဟနာဒသုတ်။)

တပအကျင့်ကို ကျင့်သူများသည် အဝါရောင်အဝတ်ကိုဝတ်ဆင်ကြသည်ဟုဆို၏။ အဝတ်မဝတ်ပဲ ကျင့်သော သူတို့ကား.... ဒိဂမ္ဗရဂိုဏ်းသားများဖြစ်သည်ဟု ဆိုလေသည်။ များသောအားဖြင့် တပ အကျင့်ကျင့်သူများသည် ပံသုကူ အဝတ်များကို စပ်ဟပ်ချုပ်တွဲပြီး ဝတ်သူတို့များပေမည်။ ၎င်းပံသုကူအဝတ် အစအနတို့ကို သုသာန်သင်းချိုင်း၊ လမ်းဆုံလမ်းမတို့တွင်ကောက်ယူဝတ်ဆင်ကြတန်သည်။ တပ အကျင့်များကို ကျင့်သူတို့သည် အလွန်အံ့ဩချီးမွမ်းစရာဖြစ်လေသည်။

ထို့ကြောင့်ပင် ထိုပုဂ္ဂိုလ်တို့ သည် အိန္ဒိယ ဘာ သာ ရေး လောက၌ အတော်အရေးပါလာကာ လူကြည်ညို လေးစားခြင်းကို ခံရသူများဖြစ်ကြရ၏။ ထိုခေတ်အခါက တပ အကျင့်ကျင့်သူများသည် အစဉ်သဖြင့် ဤသို့ အမြဲကျင့်နိုင်၊ မကျင့်နိုင်ဟူသည်မှာ မနုဿဗေဒ ပညာရှင်တို့အတွက် ပြဿနာဖြစ်လေ၏။တကယ်ယုံကြည်သော သူတို့ကား အမှန် အတိုင်း ကျင့် သုံး ကြပေမည်။ ထိုပုဂ္ဂိုလ်တို့၏ ကျန်းမာရေး နှင့် အသက် ရှည်မှုတို့ကိုကား— ယနေ့မည်သို့မျှမသိနိုင်ချေ။

ထိုကဲ့သို့သာ အစဉ် ကျင့်သုံးပါက ယနေ့ကာလ အမြင်ဖြင့် ဆိုလျှင် ကျန်းမာရေး မကောင်းနိုင်၊ အသက်လည်း ရှည်သင့်သလောက်ရှည်မည်မဟုတ်ချေ။ ယူဆစရာရှိသည်ကား ဘာသာရေးယုံကြည်ချက်အရ တကယ်ကျင့်သုံးသူများရှိသလို ဝမ်းရေးအတွက်၊ ထင်ပေါ် ကျော် ကြားရေး အ တွက် ကျင့် သုံး သူများလည်းရှိလေမည်ဖြစ်၏။ ဝမ်းရေး ထင်ပေါ် ကျော် ကြားရေး အတွက် ကျင့်သုံးဝင်ရောက်သူတို့ကား တကယ် ကျင့်သုံးသည်ဟု ဆိုရန်မဖြစ်နိုင်ချေ။

"သစ္စကရပဗိုဇ်"က ဗုဒ္ဓအား တပ အကျင့်များ အကြောင်းကို လျှောက်ထား၏။ ထိုအခါ ဗုဒ္ဓက "အဂ္ဂိဝေဿန ထိုသူတို့သည် ထိုမျှလောက်ဖြင့်သာမျှတကုန်သလော"ဟုမေး၏။

"အသျှင်ဂေါတမ ဤမျှလောက်ဖြင့်သာလျှင် မျှတသည် မဟုတ်ပါ၊ အသျှင်ဂေါတမ တရံတခါ အလွန်မွန်မြတ်သော ခဲဘွယ်တို့ကို ခဲကုန်၏။ စားဖွယ်တို့ကို စားကုန်၏။ လျက်ဖွယ်တို့ကို လျက်ကုန်၏။ သောက်ဖွယ်တို့ကို သောက်ကုန်၏။ ထိုသူတို့သည် ဤကိုယ်ကိုအားယူစေသည်မည်ကုန်၏။ပွားစေသည် မည်ကုန်၏။ အဆီတိုးစေသည်မည်ကုန်၏"ဟုဆို၏။ (မဟာသစ္စကသုတ်-မဇ္ဈိမနိကာယ်)။ ဤသည်မှာ တပ အကျင့်ကျင့်သူအချို့တို့၏ အဖြစ်မှန်တို့သာဖြစ်သည်။ ထိုသူတို့တွင် "ဝစ္ဆ အနွယ် နန္ဒ၊ သံကိစ္စ အနွယ်ကိသ၊ မက္ခလိဂေါသာလ"တို့လည်း ပါသည်ဟု သစ္စကကဆိုလေသည်။

အိန္ဒိယပြည်၏ရှေးဦးကာလ ဘာသာရေး အဖွဲ့အစည်း များသည်ယုံကြည်ချက်၊ရည်မှန်းချက်အမျိုးမျိုးတို့ကို ရင်ဝယ်သိုဝှက်ပြီး အနည်းနည်းအဖုံဖုံ ကျင့်သုံး အားထုတ်နေသူများ ဖြစ်ကြသည်။ ထိုဘာသာရေး အဖွဲ့အစည်း အားလုံး တို့သည် လူဝတ်ကြောင်များထံမှ ဆွမ်းခံစားသောက်ကြ သူများဖြစ်သည်။ အိုးအိမ်လည်းမရှိချေ၊ လှည့်လည် သွားလာ နေထိုင်ကြသူများဖြစ်ကြသည်။ ထိုဘာသာရေးအဖွဲ့အစည်းမှာဘိက္ခု၊သညာသိ၊ ယတိ၊ သမဏ၊ဟူ၍ အမည် တွင်ကြ၏။ ဗုဒ္ဓ၏ တပည့်သာဝက ရဟန်းတို့ကို ဘိက္ခုဟုခေါ်စမှတ်ပြုကြ၏။ ဗြဟ္မဏ နွယ်များက ၎င်းတို့ကို သညာသိဟုသတ်မှတ်ပြီး ဂျိန်းတို့ကားမိမိကိုယ်ကိုယတိဟူ၍ ခေါ်ဝေါ်ကြလေသည်။၎င်းဂိုဏ်းများအပြင် အာဇီဝက၊နိဂဏ္ဌ၊

မုဏ္ဍသာဝက, ဇင္ဋိလက, ပရိဗ္ဗာဇက, မာဂဏ္ဍိယ, တေဒဏ္ဍိက, အဝိရုဒ္ဓက,ဂေါတမက, ဒေဝဒမ္မိက ဟူသော ဂိုဏ်းများ လည်း ရှိသေးသည်ဟု‘ရိုင်း၌ဒေးဗစ်’ (T.w.Rhys Davids)ကဆိုသည် ဟူ၏။များသောအားဖြင့်ကား ထိုဘာသာရေး ဂိုဏ်းတို့ကို အိမ် ထောင်ရှင်တို့ကသာ ခေါင်းဆောင်ကြသည်။ စင်စစ် ထိုကဲ့သို့ သောဘာသာရေးဂိုဏ်းများ အယူအဆယုံကြည်ချက်အသစ်များ နှင့်ပေါ်ပေါက်လာခြင်းသည် လူသားတို့၏အသိဉာဏ် လှုပ်ရှား ပြောင်းလဲမှုများကြောင့်ပင် ဖြစ်လေသည်။ အိမ်ထောင်ရှင်များ ဦးဆောင်သော ဘာသာရေး ဂိုဏ်းဂဏတို့မှာ ဗုဒ္ဓမပွင့်မီပေါ် ပေါက်ခဲ့သောဂိုဏ်းတို့သာ များလေသည်။ အင်္ဂုတ္တိုရ် နိကာယ်၌ အာဇီဝက,နိဂဏ္ဍ,ဇင္ဋိလ,စသည်ဖြင့်ဂိုဏ်းဆယ်ဂိုဏ်းကိုပြထား၏။ မိလိန္ဒပဥှာ၌ကား ဆယ့်ကိုးဂိုဏ်းပြဆိုထားလေသည်။

ဗုဒ္ဓစာပေ ပိဋကတ်တို့၌ကား “ပရိဗိုဇ်”တို့ အကြောင်းသည် ထင်ရှားလေသည်။ ပရိဗိုဇ်တို့သည်ရှေးဦးကာလ ဆရာတဦးဦးထံ ၌ အစဉ်လိုက်ပြီး ဝါဒရေးရာ ပညာရပ်များကို ဆည်းပူးရလေ ၏။ ဘာသာရေး အယူအဆတို့ကို တတ်ကျွမ်းပြီး စကားအဆို အချေတို့၌ လိမ္မာသောအခါ နေရာအနှံ့ အပြားသို့ လှည့်လည် လေတော့သည်။ ထိုသို့လှည့်လည်ခြင်းသည် တရားဆွေးနွေးခြင်း၊ သူတပါးတို့၏ အယူဝါဒကို ချေဖျက်ခြင်း၊ စကားတင်ဆိုခြင်း၊ ဝါဒပြိုင်ဆိုင်ခြင်း စသည်တို့ကို ပြုလုပ် လေသည်။ ထိုခေတ်က စီးပွားဥစ္စာပြည့်စုံသူများကလည်း တရားစည်းဝေး ဆွေးနွေးရန် ဇရပ်, တန်ဆောင်းစသော အဆောက်အဦတို့ကို မြို့များစသည် တို့တွင် ဆောက်လုပ်ပြီး နိုင်ငံပိုင် အများဆိုင် ကဲ့သို့ ထား လေ သည်။ တရားဆွေးနွေးရာ ဇရပ်များမရှိပါက တောတန်းများ၊

ဂူများ၊ တောင်များ၊ ခြုံကြီးများစသော အရိပ်ကောင်းရာ နေခင်း ထိုင်သာကျယ်ပြန့်ရာတို့တွင်ဆွေးနွေးကြလေသည်။

တပအကျင့် ကျင့်သူများသည် ဆင်းရဲဒုက္ခ ခံနိုင်ရည် ရှိမှုကို ဂုဏ်ယူသကဲ့သို့ပင်ပရဗိုဇ်တို့သည်လည်း သူတပါးတို့အား စကားစစ်ထိုး အောင်နိုင်ခြင်းကို ဂုဏ်ယူ ကြလေသည်။ စင်စစ် ပရဗိုဇ်တို့သည် စကားတတ် စကားကြွယ်များဖြစ်လေသည်။ အယူအဆ ဝါဒစသည်တို့နှင့် ပတ်သက်၍လည်း အတော်ကိုပင် ဆစ်ဆစ်ဖုဖု မေးမြန်း တတ်သည်မှာ ပိဋကတ်တွင် သိသာလေသည်။ မြန်မာ ဗုဒ္ဓဝါဒီတို့သည် သစ္စကပရဗိုဇ် အကြောင်းကို သိကြလေသည်။ သစ္စကပရဗိုဇ်သည် ထိုအခါက စကားအရာ အလွန်လိမ္မာတတ်ကျွမ်းသော ကျော်ကြားသည့်ပရဗိုဇ်တဦးဖြစ်လေသည်။ ဗုဒ္ဓနှင့် အတ္တ အနတ္တဝါဒ ပြိုင်ဆိုင်ပွဲတွင် လိစ္ဆဝီမင်း ငါးရာကို ခေါ်ဆောင်ခြံရံပြီးဆိုသည်ဟု မဇ္ဈိမနိကာယ်,စူဠသစ္စကသုတ်”တွင်ပါရှိသေသည်။ ပရဗိုဇ်တို့ စကားအရာ တဖက်ကမ်းခတ်ကြောင်းမှာ သစ္စက၏ကျုံးဝါးချက်နှင့်ပင်သိနိုင်သေသည်။ “စကားလမ်းစဉ်ဖြင့် ငါအပြစ်တင်ဆိုသော် မတုန် မလှုပ် မယိမ်းမယိုင်မည့်၊ လက်ကတီးကြားမှ ချွေးမထွက်မည့် ရဟန်းအပေါင်းရှိသူ,ဂိုဏ်းရှိသူ, ဂိုဏ်းဆရာဖြစ်သူ,သမဏဗြာဟ္မဏကိုသော်၎င်း၊ ကိလေသာကိုပယ်သတ်နိုင်သော တရားအားလုံးကို ကိုယ်တိုင်မှန်စွာသိသောဘုရားဟုဝန်ခံသူကိုသော်၎င်း ငါမတွေ့မြင်။ စိတ်မရှိသော တိုင်ကိုလည်း စကားလမ်းစဉ်ဖြင့် ငါအပြစ်တင်ဆိုငြားအံ့ ထိုတိုင်သည်လည်း စကားလမ်းစဉ်ဖြင့် ငါအပြစ်တင်ဆိုသော် တုန်လှုပ်ယိမ်းယိုင်ရာ၏။ လူဖြစ်သောသူမှာ အဘယ်ဆိုဘွယ် ရှိတော့အံ့နည်း”(စူဠသစ္စကသုတ်–မဇ္ဈိမနိကာယ်)။

ပရဗိုဇ်အမျိုးမျိုးရှိကြသော်လည်း လူတန်းစားအားဖြင့်ကား ဗြာဟ္မဏ ၊ ခတ္တိယ ၊ စသည်ဖြင့် အသီးသီးပါဝင်လေသည်။ ပရဗိုဇ်တို့သည် တပ အကျင့်များ၊ ယဇ်ပူဇော်မှုများကို ယုံကြည်ကျင့်သုံးကြသူများမဟုတ်ချေ။ ၎င်းတို့၏ကျင့်စဉ်ကား စိတ်ပဓာနဖြစ်လေသည်။ ပရဗိုဇ်တို့၏ နိဗ္ဗာန်ရကြောင်း တရားမှာ ကမ္မန္တ ၊ ဝါစာ ၊ သင်္ကပ္ပ ၊ အာဇီဝ ၊ ဟူသည်တို့ ဖြစ်သည်ဆို၏။ ပရဗိုဇ်တို့သည် ဗုဒ္ဓလက်ထက်၌ ပွားများလှသော်လည်း ဗုဒ္ဓ မတိုင်မီကပင် ပေါ်ပေါက်နေသူများဖြစ်သည်။ ပိဋကတ်တွင် မိန်း မ ပရဗိုဇ်များအကြောင်းလည်း ပါရှိလေသည်။ ထိုပရဗိုဇ်မတို့သည် ဆံကျစ်ထုံးတုံးကြဟန် ရှိသည်။ ပရဗိုဇ်တို့သည် များ သော အားဖြင့် အိမ်ယာမထောင်သောသူများသာဖြစ်ပေမည်။ သို့သော်လည်းအချို့သော ပရဗိုဇ် ယောကျ်ားနှင့် ပရဗိုဇ်မိန်းမတို့သည် အ ကြင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြောင်းကို ပိဋကတ်တွင်တွေ့ရသေး၏။(ဂမ္ဘီရသုတ်-ဥဒါန်း ပါဠိတော်)။ ဤသို့ပရဗိုဇ်အဖိုအမအချင်းချင်း အိမ်ယာထူထောင်နေသော ပရဗိုဇ်များအပြင် စည်းလွတ်ဝါးလွတ် ပြုကျင့်နေထိုင်သော ပရဗိုဇ်များလည်း ရှိတန်သည်။ကာမအာရုံတို့၌အပြစ်မရှိဟုယူဆပြီး စည်းလွတ် ဝါးလွတ်နေသော ပရဗိုဇ်များအကြောင်းလည်း ပိဋကတ်တွင် တွေ့ရလေသည်။ ၎င်းသုတ်လာစကားများအရ သမဏ ၊ ဗြာဟ္မဏဟုဆိုသော်လည်း ပရဗိုဇ်ယောကျ်ားများလည်း ပါဝင်လေသည်။ ၎င်းတို့၏ အယူအဆသည် ကာမတရားတို့၌ အပြစ်မရှိဟူ၍ ယူဆခြင်းပင်ဖြစ်သည်။ ၎င်းတို့၏ဆိုစကားမှာ “ကာမတို့၌ အဘယ်မည်သော၊ မရောက်လာသေးသော ဘေးကိုမြင်ကုန်၍ ကာမတို့ကိုပယ်ခြင်းကို ပြောဆိုရကုန်ဘိသနည်း။ ကာမတို့ကို လွန် မြောက် ခြင်း ကို

ပညာဘ်ရကုန်ဘိသနည်း။ ပျိုနုသော ဤပရဗိုဇ်မ၏ နူးညံ့သော အမွေးရှိသော လက်ခမောင်း၏ အတွေ့သည် ချမ်းသာလှ၏”။(စူဠ ဓမ္မသမာဒါနသုတ်— မဇ္ဈိမနိကာယ်) ဤသို့ ပြောဆိုယူဆကာ ဆံထုံးထုံးသော ရသေ့ ပရဗိုဇ်မတို့နှင့်ပျော်ပါးပြီး ကာမအာရုံ ကို ခံစားကြလေသည်ဆို၏။

ဗုဒ္ဓမတိုင်မီမှစပြီး ဗုဒ္ဓလက်ထက် တိုင်သည့်တိုင် ၆—ရာစု ဘီစီ တဝိုက်၌ ပေါ်ပေါက်ခဲ့သော ပရဗိုဇ်ရသေ့ သမဏအဖွဲ့အစည်း များ၏အယူအဆကိုမသိရချေ။ ထိုခေတ်ယဉ်ကျေးမှုအခြေအနေ အရ စာဖြင့် ရေးမှတ်ထားခြင်းမရှိချေ။ အဖွဲ့အစည်း တခု ကွယ် ပျောက်သည်နှင့်အတူ ၎င်း၏အယူဝါဒသည်လည်း ကွယ်ပျောက် သွားလေသည်ဖြစ်၏။ ပိဋကတ်တွင်ပါရှိသော ပရိဗိုဇ်တို့၏ မေး မြန်းဆွေးနွေးချက်များကို သောက်ဆပြီး ဆိုရပါက များသော အားဖြင့်ပရဗိုဇ်တို့ဆွေးနွေးသောအရာတို့မှာအတ္တရှိမရှိ။ဇီဝသည် ကိုယ်ခန္ဓာလော၊ဇီဝတခြား ကိုယ်ခန္ဓာ တခြားလော။ သတ္တဝါ သည် သေသည်မှ နောက်၌ ဖြစ်- မဖြစ်။ တမလွန် ဘဝ ရှိ-မရှိ၊ လောကသည်အဆုံးရှိ-မရှိ စသည် တို့ကိုသာ အများအား ဆွေးနွေးကြလေသည်။

အိန္ဒိယ၏ ဘာသာရေးဂိုဏ်း ပုဂ္ဂိုလ် များတွင် “သမဏ” တို့ သည်လည်း ထင်ရှားသူတို့ဖြစ်လေ၏။ သမဏတို့သည် များသော အားဖြင့် အဝါရောင် အဝတ်ကိုသာ ဝတ်ကြလေသည်။ ရှေးဦး အိန္ဒိယ၌ ဘာသာရေး လောကတွင် သမဏတို့သည် ဗြာဟ္မဏတို့ ကဲ့သို့ပင် လူတို့၏ကြည်ညိုလေးစားခြင်းကိုခံကြရ၏။ ပိဋကတ်တို့ တွင် သမဏ ဗြာဟ္မဏတို့ကို အလှူပေးလှူအပ်ကြောင်းများ လာရှိ လသည်။ ရှင်ဘုရင်များပူလုပ်ကျင်းပသော ဓမ္မသဘင်များသို့

သမဏတို့သည်သွားရောက်၍တရားဟောပြောကြရာ၌သမဏတို့ကို လူတို့လေးစားကြောင်း၊ ပူဇော်ကြောင်းကား'သာမညဖလသုတ်' တွင် ထင်ရှားလေသည်။ သမဏပြုကြခြင်းအလေ့သည် ဇာတက များအရဆိုပါက အိန္ဒိယတွင်ရှေးပဝေသဏီကပင်ရှိခဲ့၏။ အချို့ ကမူ အာယလူမျိုးတို့နှင့်အတူ အိန္ဒိယသို့ပါလာသော ဝါဒဖြစ် သည်ဟု ယူဆကြ၏။ ဤအယူအဆကို ပညာရှင်တို့သက်မခံကြ ချေ။ အချို့ကလည်း ဗြဟ္မဏတို့မှ စတင်သည်ဟုဆို၏။ ဒေါက် တာရိုင်းစ်ဒေးဗစ်,ကမူ လူပုဂ္ဂိုလ် ခတ္တိယနွယ်တို့၏ ဘာသာရေး အတွေးအခေါ်လှုပ်ရှားပြောင်းလဲမှုကြောင့်ဟုဆို၏။သမဏတို့၏ အယူဝါဒကို သီလဝါဒ,ပညာဝါဒ, ဝိမုတ္တိဝါဒ, စသည်ဖြင့် ပိဋ္ဌ ကတ်၌ပြဆိုသား၏။ (ဒီဃနိကာယ်– ကဿပသီဟနာဒသုတ်)။ ဗြဟ္မဇာလသုတ်တွင်လည်း သမဏတို့သည် ခြောက်ဆယ့် နှစ်ပါး သော အကျင့်တို့ကို ကျင့်သုံးသည်ဟု ဖေါ်ပြပြီး ဝေဘန်ထား လေသည်။ မည်သို့ဆိုစေဗုဒ္ဓဝါဒသမဏနှင့် ဂျိန်းဝါဒသမဏတို့ သည်ကား ထိုရှေးဦး သမဏများမှ တဆင့် ယှက်နွယ်ပြီး ပေါ် ပေါက်လာခြင်း ဖြစ်လေသည်။

အိန္ဒိယပြည် မဇ္ဈိမဒေသတွင် လူတို့သည်လွတ်လပ်စွာ ကြံစည် တွေးခေါ်နိုင်ချိန် အယူအမျိုးမျိုး၊ဝါဒအမျိုးမျိုးနှင့်အမှန်တရား ရှာဖွေကြံဆချိန်၊ ဘာသာဝါဒ အမျိုးမျိုး၊ဂိုဏ်းအသီးသီး နှင့် အတွေးအခေါ်များ လှုပ်ရှားပြောင်းလဲလာချိန်တို့တွင် ဗုဒ္ဓသည် ပွင့်ထွန်းပေါ်ပေါက်လာခဲ့လေသည်။

# သမ္မာသမ္ဗုဒ္ဓ

**၁။ ဗုဒ္ဓဂေါတမ**

ဘီစီ ၆-ရာစုတဝိုက်တွင် အိန္ဒိယပြည်မြောက်ပိုင်း ဂင်္ဂါ မြစ်ဝှမ်းနှင့် ယမုန္နာမြစ်ဝှမ်းတို့တွင် ယဉ်ကျေးမှုအဆင့်အတန်းအတော်မြင့်မားတိုးတက်ခဲ့လေသည်။ ကမ္ဘာ့သမိုင်းတွင် တချိန်က ထင်ရှားခဲ့သော အိန္ဒိယပြည်သည် ထိုမြောက်ပိုင်းအိန္ဒိယပြည်ပင် ဖြစ်လေသည်။

ပိဋကတ်စာပေတို့တွင်လာသော တိုင်းကြီး တဆယ့်ခြောက်တိုင်းဟူသည်တို့မှာ ထိုအိန္ဒိယပြည် မြောက်ပိုင်းတွင် ဖြစ်လေ၏။ အရှေ့ဖက်၌ တောင်သို့လှည့်၍ စီးဆင်းနေသော ဂင်္ဂါမြစ်များ၊ အနောက်ဖက်တွင် ယမုန္နာမြစ်တဖက်ရှိ တောင်တန်းများ၊ တောင်ဖက်၌ ယမုန္နာတောင်တန်း၊ မြောက်ဖက်တွင် ဟိမဝန္တာတောင်တန်းတို့ဖြင့် တိုင်းကြီးတဆယ့်ခြောက်တိုင်းတို့ကို သတ်မှတ်ပိုင်းခြားထားလေသည်။

အိန္ဒိယပြည် မြောက်ပိုင်းတွင် ကောသလ, မဂဓ, စသော ဘုရင်အုပ်စိုးသည့် တိုင်းပြည်ကြီးများရှိသလို၊ သက္ကျ, ကောလိယ, မလ္လာ, စသော တိုင်းငယ်ပြည်ငယ်ကလေးများလည်းရှိလေသည်။ မဂဓ, ကောသလ, စသော တိုင်းပြည်ကြီးတို့ကား သက်ဦးဆံပိုင် ဘုရင်များအုပ်ချုပ်သည့် တိုင်းပြည်ကြီးများ ဖြစ်သည်။ သက္က,

ကောလိယ စသောတိုင်းပြည်ငယ်ကလေးများကား ဒီမိုကရေစီဆန်ဆန်အုပ်ချုပ်ရေးရှိသော တိုင်းပြည်ငယ်ကလေးများဖြစ်ကြသည်။

တိုင်းပြည် ရေးရာ ကိစ္စတို့တွင် စုဝေး တိုင်ပင် ဆွေး နွေး ပြီး အများသဘောအရ စီမံအုပ်ချုပ်ကြလေသည်။ အကြီး အမှူးနာယကတို့ကား ပုစ္ဆည်းဥစ္စာပြည့်စုံကြွယ်ဝသော ခတ္တိယနွယ်ဝင်တို့ကသာ ကြီးမှူးအုပ်ချုပ်ကြ၏။ ထိုကြီးမှူးသူတို့သည် ယနေ့ခေတ် ပြည်နယ် စသည်တို့တွင် အုပ်ချုပ်သော နေဝင်ဘုရင်များကဲ့သို့ပင်ဖြစ်လေသည်။ သို့သော်- ၎င်းတို့ကား လွတ်လပ်မှုရှိကြပြီး လွတ်လပ်မှုကို မြတ်နိုးကြသူတို့ဖြစ်လေသည်။ဂင်္ဂါမြစ်တငန်းတွင် အသီးသီး အကြီးအမှူးလုပ် အုပ်ချုပ်နေကြသော သာကီဝင်မင်းတို့၏ နိုင်ငံရေးသည် သဘောထားကြီး သော "သမစိတ္တဝါဒ အယူအဆများ" (Liberal Ideas) ကို ကျင့်သုံးကြသူတို့သာ ဖြစ်လေသည်။ ထိုအခါက အိန္ဒိယပြည် မြောက်ပိုင်းတပိုင်းလုံးပင် ဘာသာ ဝါဒ ယုံကြည်ယူဆ ကြံစည်မှုတို့၌ လွတ်လပ်မှုရှိလေသည်။

သက္ကသည် ထိုအခါက ကောသလ, မဂဓ, စသောတိုင်းကြီးတို့ကဲ့သို့ မဟုတ်တန်ချေ။ ပိဋကတ် တို့ တွင် လည်း သက္ကသည် တိုင်းကြီးအဖြစ် မထင်ရှားလှချေ။ ကပိလဝတ်ပြည်သည်လည်း သာဝတ္ထိ, ရာဇဂြိုဟ်, စသည်တို့ကဲ့သို့ ပြည်ကြီး တပြည် မဟုတ်ချေ၊ တိုင်းငယ်ပြည်ငယ်၏မြို့တော်လေးတခုသာဖြစ်တန်ကောင်းသည်။ ဗုဒ္ဓ၏ခမည်းတော်သည် သက္ကတိုင်း ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဒနအဖြစ် အဋ္ဌကထာနှင့် ဗုဒ္ဓဝင်တို့တွင်သာ ထင်ရှားလေသည်။

သုဒ္ဓေါဒနသည် သေနိယမည်သော ဗိမ္ဗိသာရမင်း၊ ဝေဒေဟီမိဘုရား၏သားဖြစ်သော မဂဓတိုင်းရှင်အဇာတသတ်မင်းတို့ကဲ့သို့ တိုင်းကြီးပြည်ကြီးရှင်မင်းတပါး အဖြစ် ပိဋကတ်တွင် မပါရှိချေ။ သက္ကသည် တိုင်းငယ် ပြည်ငယ်လေး တခုဖြစ်ပြီး ကပိလဝတ်သည် ထိုတိုင်းငယ် ပြည်ငယ်ဖြစ်သော သက္ကတိုင်း၏မြို့တော်ဖြစ်လေသည်။ ဗုဒ္ဓ၏ခမည်းတော်သည် ထိုသက္ကတိုင်း ကပိလဝတ်တွင် ကြီးမှူးအုပ်ချုပ်သော သာကီဝင် မဟာရာဇာတပါးသာဖြစ်ချေမည်။

သုဒ္ဓေါဒနမဟာရာဇာသည် ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝသော အာဒိစ္စမျိုးနွယ်(နေမျိုးနွယ်) သာကီယမဟာရာဇာတပါး ဖြစ်လေသည်။ဤအကြောင်းသည်ပိဋကတ်တွင် ထောက်ရှုယူဆစရာ အချက်များရှိသည့်အပြင် ဗုဒ္ဓက ဗိမ္ဗိသာရမင်းအား ပြောကြားသော သုတ္တနိပါတ်လာ စကားတို့ဖြင့်ပင် ထင်ရှား သိသာလေသည်။

"မင်းကြီး ဟိမဝန္တာတောင်နံပါးမှ ဖြောင့်ဖြောင့်ဖြစ်၍ ကောသလတိုင်းတို့၌ အပါအဝင်ဖြစ်သော ခုနစ်ပါးသောဥစ္စာရတနာ ရှိရင့်သော ယောကျ်ားကောင်းတို့နှင့် ပြည့်စုံသော ဇနပုဒ်သည် ငါ၏အမြဲနေရာ(ဇာတိရပ်မြေ)တည်း"။

"ငါသည် အနွယ်အားဖြင့် အာဒိစ္စမျိုးနွယ် (နေမျိုးနွယ်) ဖြစ်၏။ ဇာတ်အားဖြင့် သာကီယဇာတ်ဖြစ်၏။ ထိုအမျိုးဇာတ်မှထွက်၍ ရဟန်းပြုခဲ့၏။ ကာမဂုဏ်တို့ကို ငါမတောင်းတတော့ပေ"။ (သုတ္တနိပါတ် မဟာဝဂ်—ပဗ္ဗဇ္ဇာသုတ်)။

သက္ကတိုင်းသည် အိန္ဒိယပြည်မြောက်ပိုင်းရှိ နီပေါလ်နယ်စပ်နှင့်အိန္ဒိယနယ်စပ်ရှိတိုင်းငယ်ပြည်ငယ်တခုဖြစ်သည်။သက္ကတိုင်း၏

မြို့တော်သည် ကပိလဝတ်ဖြစ်လေသည်။ဗာရာဏသီမြို့၏မြောက် ဖက် မိုင်တရာခန့်အကွာတွင် ရှိလေသည်။ သက္ကတိုင်းငယ်သည် အရှေ့ဖက်၌ရောဟိနမြစ်ခြားထားသောကောလိယပြည်ငယ်ရှိ၏။ အနောက်ဖက်နှင့်တောင်ဖက်တို့တွင် ကောသလ တိုင်းပြည်ကြီး ရှိလေသည်။ ဗုဒ္ဓဖွားသန့်စဉ်ရာဒေသသည်'လုမ္ဗနီ'( Lumbini ) အင်ကြင်းဥယျာဉ်တွင်ဖြစ်သည်။ ထိုစဉ်က သားတင့် ရှုမောဘွယ် ရာသော လုမ္ဗနီအင်ကြင်းတောသည် အိန္ဒိယနှင့်နီပေါလ်နယ်စပ် အနီး နီပေါလ်ပြည်ဖက်တွင် ရှိလေသည်။

ဗုဒ္ဓ ဖွားမြင်တော်မူသော သက္ကရာဇ် ခုနှစ်နှင့် စပ်လျဉ်း၍ အနောက်တိုင်းမှ ဗုဒ္ဓဝါဒသုတေသီတို့သည် အယူအဆ အနည်း ငယ်ကွဲပြား နေကြလေသည်။ သို့သော်— ခရစ်တော် မပေါ်မီ နှစ်ပေါင်းငါးရာကျော်လောက် (ဘီစီ ၆-ရာစု)တွင် ဖွားသန့် စင်သည် ဆိုခြင်းကိုကား အများလက်ခံယုံကြည်ကြသည်ဆို၏။ အားလုံးသော သုတေသီတို့က ယေဘုယျအားဖြင့် လက်ခံသော ခုနှစ်ကား ဘီစီ ၅၆၃-ခုနှစ်ကို ဗုဒ္ဓဖွားသန့်စင်သော ခုနှစ်ဟု လက်ခံကြသည်။

မြန်မာ ဗုဒ္ဓဝင်များနှင့် အဋ္ဌကထာများတွင် ဗုဒ္ဓဖွားသန့်စင် သော ခုနှစ် သက္ကရာဇ်ကို အဥ္စနမင်း ဖြိုခွင်းသော ကမ္ဘာ့သက္က ရာဇ် ၆၈-ခု၊ဝိသာခပုဏ္ဏမီဖြစ်သောကဆုန်လပြည့် သောကြာနေ့ နံနက် တချက်တီးအချိန် ဗုဒ္ဓကိုဖွားမြင်သည်ဟု ဆိုသည်။ (သိဟ်၊ လင်္ကာ၊ ဗြိတ္တာ စန်း ဝိသာခါ နက္ခတ်နှင့်ယှဉ်လျက် ဖွားမြင်သည်ဟု ပင် ဗေဒင်အဆိုအမိန့်နှင့်ပါရှိ၍)။

ဗုဒ္ဓသည် လူ့ပြည် သာကီဝင် မင်း၏ ဂါမ ခေတ် နယ်မြေ လုမ္ဗနီဥယျာဉ်တွင် ဖွားမြင်သည် ဆိုသော အကြောင်းကို ကဏ္ဍ

သိရှိဟူ၍ ခေါ်အပ်သော ဆံကျစ်ထုံး ဒေဝီလရသေ့သည် နတ်တို့ထံမှကြားသဖြင့် သာကီယသုဒ္ဓေါဒန မဟာရာဇာ၏ နန်းအိမ်သို့ ဝင်ကာထိုင်နေ၏။

ဒေဝီလရသေ့က "မင်းသားငယ် အဘယ်အရပ်၌ရှိသနည်း၊ ငါကြည့်ရှုလိုပါ၏"ဟု သာကီဝင်မင်းတို့ကို ပြောဆိုလေသည်။ ထို့နောက်အလွန်လိမ္မာသော ရွှေပန်းတိမ်သည် ဖိုဝ၌ အကြွမ်ကြွမ်လှော်၍ အဖန်ဖန်ခတ်အပ်သော၊ တောက်ပသော ရွှေကဲ့သို့ အသရေဖြင့် မြတ်သောအဆင်းရှိသော မင်းသားငယ်ကို သာကီဝင်မင်းတို့သည်ဒေဝီလရသေ့အား ပြကြကုန်၏။ ဒေဝီလရသေ့သည် ကမ္ဗလာနီ၌ထားအပ်သော၊ စင်ကြယ် ထွန်းလင်းသည့် ရွှေအဆင်းရှိသော မင်းသားငယ်ကိုခံယူလေသည်။

စင်စစ်ဒေဝီလရသေ့သည် ဗေဒင်ကျမ်း၊ လက္ခဏာကျမ်း တို့ကို တဖက်ကမ်းခတ်တတ်မြောက်သူဖြစ်သည့်အတိုင်းဉင်း၏ဥာဏ်ဖြင့် ဆင်ခြင်ပြီးအခြေနှစ်ချောင်းရှိသောနတ်လူတို့တွင်အထွတ်အမြတ်ဖြစ်၍ အတူမရှိမြတ်သောသူတည်းဟု မြွက်ဆိုသည်ဆို၏။ ဒေဝီလရသေ့သည် သာကီဝင်မင်းတို့အား "ဤမင်းသားသည်မြတ်သော သဗ္ဗညုဥာဏ်သို့ရောက်လတ္တံ့။ ထိုမင်းသားသည် မြင့်မြတ် စင်ကြယ်သော နိဗ္ဗာန်ကိုသိမြင်ပြီးလျှင် များစွာသော သတ္တဝါတို့၏ အစီးအပွားကို စောင့်ရှောက်လျက် ဓမ္မစကြာ တရားတော်ကို ဟောတော်မူလတံ့၊ ထိုမြတ်စွာဘုရား၏ သာသနာတော်သည် ကျယ်ပြန့်သည် ဖြစ်လတ္တံ့"ဟု သာကီဝင်မင်းတို့ကို ပြောကြားခဲ့သည်ဆို၏။ (သုတ္တနိပါတ်မဟာဝဂ်-နာလကသုတ်)။

ဗုဒ္ဓ၏ရုပ်ရည်ရူပကာယသည် တင့်တယ်မွန်မြတ်အသရေတလှတ်လှတ်တိုးစေသည့်ရုပ်ရည်ရူပကာယဖြစ်ချေမည်။ဗုဒ္ဓ၏ရုပ်ရည် ရူပ

ကာယကို မည်မျှ တင့်တယ်သည်၊ အသရေရှိသည်ကို ကျွန်ုပ်တို့ မမှန်းဆနိုင်ချေ။ ပိဋကတ်တော်တို့တွင် ဗုဒ္ဓ၏လက္ခဏာကြီးငယ် အသွယ်သွယ်တို့ကို တခမ်းတနား ဖော်ပြထားသည်မှာ ဗုဒ္ဓဝါဒီ ပိဋကတ်ကို အနည်းငယ် လေ့လာဘူးသူတိုင်းပင် သိလေသည်။ အလွန်ထင်ရှားသည်မှာ(ဒီဃနိကာယ်လက္ခဏာသုတ်)၌ သိသာ၏။ ဒီဃနိကာယ် မဟာပဒါန သုတ်၌လည်း ဝိပဿိဘုရား၏လက္ခဏာ ကြီးငယ်တို့ကို အထူးဖော်ပြထားလေသည်။ ဒီဃနိကာယ်အမ္ဗဋ္ဌ သုတ်၌လည်း ပေါက္ခရသာတိ ပုဏ္ဏားသည် တပည့်ဖြစ်သူ အမ္ဗဋ္ဌ လုလင်အား ဘုရားအစစ်အမှန်ဟု သိကြောင်း လက္ခဏာတို့ကို အမိကထားပြီး ကြည့်ရှုရန်ခိုင်းစေလေသည်။ ဗုဒ္ဓ၏ရုပ်ရည်လက္ခ ဏာတို့သည်ထိုအခါက လက္ခဏာကျမ်း ဗေဒင်ကျမ်းတို့ကို တဖက် ကမ်းခတ် တတ်မြောက် ယုံကြည်သော ဗြာဟ္မဏတို့သည်ပင် ဝန် ခံ ရို့ကျိုး ရလောက်အောင် တင့်တယ် လေသည်မှာ အမှန်ပင် ဖြစ်သည်။ ပိဋကတ်တို့တွင်ပါရှိသော ဗုဒ္ဓ၏ ကိုယ်အင်္ဂါလက္ခဏာ တို့ ပမာဏများကို ပြဆိုထားခြင်းသည် ရှေးဗြာဟ္မဏတို့၏လက္ခဏာ ကျမ်းတို့တွင် ပါရှိသည့်အတိုင်း ပိဋကတ်ဆရာတို့ ရေးသားထား ခြင်းဖြစ်တန်သည်။ ထို့ကြောင့်ပင် လူပုဂ္ဂိုလ် တဦး တယောက် ၏ အသွင်အပြင်ကို သဘာဝကျကျမပြနိုင်ပဲ အံ့ဩစရာကောင်း သော ကျမ်းလာစကားတို့သာဖြစ်နေလေသည်။ ပိဋကတ် တို့တွင် ပါရှိသော အံ့ဩစရာ ကိုယ်အင်္ဂါပမာဏတို့ကို အသိ အဆင်ခြင် ဉာဏ်နှင့် ယူဆသင့်လေသည်။ ဤအကြောင်းတို့ကြောင့်လည်း ဗုဒ္ဓ၏ရုပ်လက္ခဏာအပေါ်တွင် သံသယရှိရန်မလိုချေ။အကြောင်း အကျိုးဆင်ခြင် သိမြင်တတ်သော လူ့အသိဉာဏ်နှင့် ပိုင်ခြား ဝေဘန်ကာ နားလည်ရမည်ဖြစ်သည်။ စင်စစ်အားဖြင့်ဗုဒ္ဓ၏ ရုပ်

ရုပ်ရည်လက္ခဏာတို့သည် မတွေးဆနိုင် လောက်အောင်ပင် သဘာဝ ကျကျတင့်တယ်ပြေပြစ်မည်မှာ သံသယရှိရန်မလိုချေ။ ဗိမ္ဗိသာရ မင်းသည် ရာဇဂြိုဟ်မြို့တွင်းသို့ဆွမ်းခံကြွသောဗုဒ္ဓ(သစ္စာလေးပါး မသိမီ)ကိုမြင်သဖြင့် မင်းချင်းတို့အား ပြောသည်မှာ 'အချင်းတို့ ဤသူကိုရှုကြကုန်လော၊ ရုပ်အဆင်းလှ၏၊ အလုံးအရပ်နှင့် ပြည့် စုံ၏၊ သန့်ရှင်း စင်ကြယ်၏၊ သိမ်မွေ့ သော သွားခြင်း နှင့်လည်း ပြည့်စုံ၏၊ရထား ထမ်းပိုးတပြန်သာကြည့်ရှု၏' ဟုဆိုလေသည်။ဗိမ္ဗိ သာရမင်းသည် ဗုဒ္ဓ၏ တင့်တယ်ပြည့်ဖြိုးသောရုပ်ရည်လက္ခဏာကို ညွှတ်နူးခြင်းဖြစ်သည်။ ပဉ္စဝဂ္ဂီတောင်သို့ လိုက်လာပြီး ဗုဒ္ဓနှင့်တွေ့ သောအခါ ဗိမ္ဗိသာရမင်းသည် "အရှင်ဘုရားသည် ပျိုလည်းပျို ၏၊ငယ်လည်းငယ်၏၊ပဌမအရွယ်လည်းဖြစ်၏၊နုလည်းနု၏၊လုံးရပ် သဏ္ဌာန်နှင့်လည်းပြည့်စုံ၏" ဟု ဆိုပြန်လေသည်။ (သုတ္တနိပါတ် မဟာဝဂ် ပဗ္ဗဇ္ဇာသုတ်)။ ဗုဒ္ဓ၏ အထူးသဖြင့် စင်ကြယ် ပြည့်ဖြိုး အသရေတိုးသော ရုပ်ရည်ရူပကာတွင် ညွှတ်နူး ကြခြင်း သည် ပိဋကတ်တွင် ထင်ရှားလေသည်။

"အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည်အဆင်း လှ၏၊ရှုချင်ဖွယ်ရှိ၏၊ကြည်ညိုဖွယ်ရှိ၏၊မြတ်သောအဆင်းသဏ္ဌာန် နှင့်ပြည့်စုံ၏၊ဗြဟ္မာနှင့် တူသောအဆင်းရှိ၏၊ ဗြဟ္မာနှင့် တူသော ကိုယ်ရှိ၏၊ခန့်ညားသော ကိုယ်ရှိ၏။"(ဒီဃနိကာယ် သောဏဒဏ္ဍ သုတ်နှင့်ကူဋဒန္တသုတ်)ဤသို့လည်းဗုဒ္ဓ၏ရုပ်လက္ခဏာကို သောဏ ဒဏ္ဍ ပုဏ္ဏားနှင့်ကူဋဒန္တပုဏ္ဏားတို့သည် အလွန်လျှင်အံ့သြ ချီးကျူး ကြလေ၏၊ ထို့ကြောင့်ပင် ဗုဒ္ဓ၏ ရုပ်ရည်သည်အလွန်တင့်တယ် ပြည့်ဖြိုးအသရေရှိသော ရုပ်ရည်ဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် တိကျစွာအားဖြင့်ကား မမှန်းဆနိုင်ချေ။

ဗုဒ္ဓအားသစ္စာလေးပါးကို မသိမီက လူသားဘဝတွင်အတတ်သင်ဆရာများ ရှိ-မရှိကို ပိဋကတ် တို့တွင် မတွေ့ မိချေ။ ဘုရားမဖြစ်မီ သမဏအဖြစ်နှင့် တော၌ တရားရှာဖွေစဉ် ကာလာမ၏သား အာဠာရ ရသေ့သည်၎င်း၊ ရာမ၏သား ဥဒကရသေ့ သည်၎င်း ဗုဒ္ဓအား ဈာန်တရားတို့၏ ပရိကံကို ပြသသော ဆရာများအဖြစ်ကား ပိဋကတ်တွင်ထင်ရှားစွာပင်ရှိလေသည်။ ဗုဒ္ဓရဟန်းဘောင်သို့မဝင်ရောက်မီ သိဒ္ဓတ္ထကုမာရအဖြစ်နှင့်ကား အတတ်သင်ဆရာများရှိကြောင်းကို ပိဋကတ်တို့တွင် မတွေ့ရသော်လည်း အဋ္ဌကထာတခု ဖြစ်သော မိလိန္ဒပဥှာတွင် တွေ့ရှိရလေသည်။ မိလိန္ဒပဥှာသည် ဘီစီ-၁-ရာစု လောက်တွင်ပေါ်ပေါက်သောကျမ်းဖြစ်သဖြင့် ဗုဒ္ဓစာပေတို့တွင် လေးစားထောက်ထား အပ်သော အဋ္ဌကထာ တခုဖြစ်လေသည်။ မိလိန္ဒပဥှာ၌ အရှင်နာဂသေနက ဘုရားလောင်းသိဒ္ဓတ္ထကုမာရတွင် လောကီ အတတ်သင်ဆရာများရှိသည်ဟု ပြဆိုထားလေသည်။ "ဗုဒ္ဓဖွားသစ်စက လက္ခဏာဖတ်သော ပုဏ္ဏားများ ဖြစ်ကြသည့် ရာမပုဏ္ဏား၊ ဓဇပုဏ္ဏား၊လက္ခဏပုဏ္ဏား၊မန္တိပုဏ္ဏား၊ယညပုဏ္ဏား၊သုယာမပုဏ္ဏား သုဘောဇပုဏ္ဏား၊သုဒတ္တပုဏ္ဏားဟူသော ရှစ်ပုဏ္ဏားရှစ်ယောက်တို့သည် ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထအား ပဌမဆုံးမသွန်သင်အပ်သော ဆရာတို့ဖြစ်သည်။ သုဒ္ဓေါဒန မဟာရာဇာသည် ကောင်း သော ဇာတ်ရှိသော ဥဒိစ္စပုဏ္ဏားမျိုးဖြစ်သော ပုဒ်ကိုတတ်သော၊ဗျာကရဏ်းတတ်သော၊ ဆဠင်္ဂကျမ်းအတတ်ရှိသော သဗ္ဗမိတ္တမည်သော ပုဏ္ဏားကိုပင့်ဆောင်၍ရွှေကရားဖြင့် ရေကို သွန်းလျက် "ဤမင်းသားကို အတတ်ပညာသင်ပေးလော"ဟု အပ်နှင်း၏၊ဤပုဏ္ဏားသည်ကား ဒုတိယဆရာဖြစ်လေသည် (တတိယဆရာတို့ကား အာ

ကိစ္စညာဏတနစျာန်၏ ပရိကံကို ပြောကြားသော ကာလာ မ၏ သား အာဠာရ ရသေ့နှင့် နေဝသညာနာသညာ ယတနစျာန်၏ ပရိကံကိုပြောကြားသောရာမ၏ သား ဥဒကရသေ့တို့ ဖြစ်လေသည်။ (မိလိန္ဒပဉှာ သန္တဝဝဂ် အာစရိယာ နာစရိယ ပဉှာ)။

သာကီဝင် သုဒ္ဓေါဒန မဟာရာဇာသည် သိဒ္ဓတ္ထ မင်းသားအား ဗေဒင်ကျမ်းတတ် ပုဏ္ဏားတို့က စကြာမင်းကြီးသော်၎င်း၊ သဗ္ဗညု ဘုရားသော်၎င်း ဖြစ်မည်ဟူသော အဆို အမိန့်တို့ကို သိခဲ့ချေမည်။ သုဒ္ဓေါဒနမဟာရာဇာသည် သားချစ်သိဒ္ဓတ္ထအား စကြာဝတေး မင်းကြီးအဖြစ် ဖြစ်လိုခဲ့ဟန်တူသည်။ ထိုအခါက အိန္ဒိယပြည် မြောက်ပိုင်းသည် တိုင်းကြီးတိုင်းငယ် အသွယ်သွယ် ဖြင့် သူတလူ ငါတမင်း စိုးစံကာ အချင်းချင်း စစ်ခင်းနေကြသောအခါဖြစ်၏။

ထိုသို့သောအခါကာလတွင် သာကီဝင် သုဒ္ဓေါဒန မဟာရာဇာသည် မိမိ၏ တဦးတည်းသောရင်နှစ်ဖြစ်သည့်သိဒ္ဓတ္ထကို လေးကျွန်းလုံးကို ပိုင်စိုးသောမင်းတို့၏မင်း စကြာဝတေးမင်းကြီး ဖြစ်စေလိုမည်မှာ အမှန်ပင်ဖြစ်သည်။

“ဤသို့မြတ်သော အဆင်းနှင့် ပြည့်စုံသော အသျှင်ဘုရားအား ရဟန်းအဖြစ်ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ သမုဒ္ဒရာ အဆုံးရှိသော လေးကျွန်းလုံးကို အစိုးရသော၊အောင်ပြီးသော ရန်သူရှိသော၊ ဇမ္ဗူဒီပါ မြေမျက်နှာပြင်ကိုအစိုးရသော၊ ရထားစီးနင်း မင်းတကာတို့ထက်မြတ်သော စကြာ ဝတေးမင်းကြီး ဖြစ်ရန်ထိုက်ပါ၏။ (သေလသုတ်- မဇ္ဈိမနိကာယ်)။ ဖခင်ရင်း ဖြစ်သည့် သုဒ္ဓေါဒန မဟာရာဇာကိုမူ မဆိုထားနှင့် ဘုရားဖြစ်

ပြီးမှ တွေ့ရသော သေလပုဏ္ဏားကြီးပင် ဗုဒ္ဓအား စကြာဝတေး မင်းကြီးဖြစ်ရန် တိုက်တွန်းသေးသည်။

အကယ်၍ ဗုဒ္ဓသည် သမဏဘောင်သို့ မဝင်ရောက်ပဲ လောကတွင် ဘုရင်အဖြစ်စိုးစံနေပါက ကမ္ဘာတွင် အင်ပါယာပိုင်ရှင်မင်းကေရာဇ်ကြီးဖြစ်ရန် ခဲယဉ်းလှသည်မဟုတ်ချေ။ ဗုဒ္ဓ၏ ရုပ်ရည်လက္ခဏာသည် လူအပေါင်းတို့ လေး စား အားထားသော ကမ္ဘာ့စစ်ဘုရင်အရည်အသွေးရှိသောရုပ်ရည်လက္ခဏာထက်သာလွန်သည်မှာအမှန်ပင်ဖြစ်သည်။

သာကီယ သုဒ္ဓေါဒနမဟာရာဇာသည် ဘုရား အလောင်း သိဒ္ဓတ္ထမင်းသားကို စည်းစိမ်ချမ်းသာ အမျိုးမျိုးတို့နှင့်ကုံလုံပြည့်စုံစွာ ခံစား စံစားစေသည်မှာ ပိဋကတ်လာ ဗုဒ္ဓ၏စကားများဖြင့် ပင်ထင်ရှားလေသည်။သုဒ္ဓေါဒနမဟာရာဇာသည် ဗေဒင်ပညာရှိ ပြဟ္မဏတို့ အဟောထွက်ထား သည့် အတိုင်း သိဒ္ဓတ္ထ မင်းသား သမဏဘဝနှင့် လှည့်လည်တရားရှာဖွေမည်ကို အလွန် စိုးရိမ်တန်သည်။ ထို့ကြောင့်လည်း သိဒ္ဓတ္ထမင်းသားကို လောက စည်းစိမ်များကို မြိန်မြိန်ကြီး ခံစား စံစားစေခြင်းဖြစ်ပေမည်။

ထိုအခါကလည်း အိန္ဒိယပြည်၏ မြောက်ပိုင်းတွင် လူတန်းစားအသီးသီးမှ တောထွက်ပြီး ရသေ့ရဟန်း အဖြစ်နှင့် တရားရှာဖွေကျင့်သုံးသူတို့မှာ များလှသဖြင့် သုဒ္ဓေါဒန မဟာရာဇာသည် သိဒ္ဓတ္ထမင်းသားရဟန်းပြုသွားမည်ကို မလိုလားနိုင်ပဲ စိုးရိမ်ဟန်တူလေသည်။ထို့ကြောင့်ပင် ပိဋကတ်၌လာသော ဗုဒ္ဓ၏ စကားအတိုင်း လောကီစည်းစိမ်တို့ဖြင့် ပြီးပြည့်စုံစွာ ထားသည်မှာ မှန်လှလေသည်။

"ရဟန်းတို့ ငါသည် နူးညံ့သိမ်မွေ့၏။ အလွန် နူးညံ့ သိမ်မွေ့၏။ငါ့ခမည်းတော်နန်းအိမ်၌ရေကန်တို့ကိုပြုလုပ်စီမံအပ်ကုန်၏။တခုသောရေကန်၌ကြာညို၊တခုသောရေကန်၌ပဒုမ္မာကြာ၊ တခုသောရေကန်၌ ကြာပုဏ္ဍရိပ်ကို ငါ့အတွက်သာလျှင်စိုက်ပျိုးအပ်၏။ငါသည် အလွန်နူးညံ့ သိမ်မွေ့သော၊ ကာသိတိုင်းထွက်မဟုတ်သော စန္ဒကူးကိုမသုံးဆောင်၊ ငါ၏ဦးရစ်ခေါင်းပေါင်းသည် ကာသိတိုင်းမှဖြစ်၏။ အင်္ကျီသည် ကာသိတိုင်းမှ ဖြစ်၏။ ပုဆိုးသည် ကာသိတိုင်းမှဖြစ်၏။ အပေါ်ရုံသည် ကာသိတိုင်းမှ ဖြစ်၏။ ရဟန်းတို့ အအေး၊ အပူ၊ မြက်၊ မြူ၊ ဆီးနှင်းတို့သည် ငါ့ကို မတွေ့ထိစေရန် နေ့ညပတ်လုံး ငါ့အား ထီးဖြူကိုဆောင်းထားအပ်၏"။

"ရဟန်းတို့ ဆောင်းရာသီစံနေရန် ပြာသာဒ် တဆောင်၊ နွေရာသီ စံနေရန် ပြာသာဒ်တဆောင်၊ မိုးရာသီစံနေရန်ပြာသာဒ် တဆောင်အားဖြင့်ထိုငါ့အားပြာသာဒ်သုံးဆောင်တို့သည်ရှိကုန်၏။ ရဟန်းတို့ ထိုငါသည် မိုးရာသီစံနေရန် ပြာသာဒ်၌ မိုးလေးလပတ်လုံး မိန်းမချည်း သက်သက်မျှတီးမှုတ်အပ်ကုန်သော တူရိယာတို့ဖြင့် စမ့်ယမွေ့လျော်လျက်ပြာသာဒ်မှအောက်သို့မဆင်းမူ၍နေ၏။ရဟန်းတို့ သူဘပါးတို့အိမ်၌ အမှုလုပ် ယောကျ်ားအားပအုန်းရေဟင်းလျှင်နှစ်ခုမြောက်သောဆန်ကွဲထမင်းကိုပေးသကဲ့သို့ဤအတူသာလျှင် ငါ့ ခမည်းတော်နန်းအိမ် ၌ အမှုလုပ်သော ယောကျ်ားအား သလေးဆန်ဖြင့် ချက် အပ်သော သား ပြွမ်းထမင်းကိုပေးအပ်၏"။ (အင်္ဂုတ္တိုရ်၊ တိကနိပါတ် သုခုမာလသုတ်)။

“မာဂဏ္ဍိယ ငါသည် ရှေးလူ ဖြစ်စဉ် အခါက အလို ရှိအပ်ကုန်သော နှစ်သက်အပ်ကုန်သော, နှလုံးကိုတိုးပွားစေတတ်ကုန်သော, ချစ်အပ်သော သဘောရှိကုန်သော, ကာမနှင့် စပ်လျဉ်းကုန်သော, တပ်နှစ်သက်ဖွယ် ဖြစ်ကုန်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ဖြင့်၎င်း၊ ဤသို့ ငါးပါး သော ကာမဂုဏ်တို့ဖြင့် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ပျော်ပါးဘူး၏”။ (မာဂဏ္ဍိယသုတ်၊ မဇ္ဈိမနိကာယ်)။

ပိဋကတ်တို့တွင် ဘုရားအလောင်း၏ စည်းစိမ် ချမ်းသာတို့အား ဤမျှသာပြဆိုထားလေသည်။ ထို့ထက်ပို၍မတွေ့မိချေ။ ဗုဒ္ဓ၏ဤစကားများကို ထောက်ရှုပြီး သာကီယသုဒ္ဓေါဒနမဟာရာဇာသည် ဘုရားလောင်းအား စည်းစိမ်ချမ်းသာများနှင့်ပြည့်စုံစွာ ခံစား စံစားနေစေသည်မှာ သိသာလှသည်။

သာကီယသုဒ္ဓေါဒနမဟာရာဇာသည် ဘုရား လောင်း အား သမဏ ဘောင်သို့ ဝင်ရောက် သွား မည် ကို စိုးရိမ်သော်လည်း အဋ္ဌကထာစာပေတို့၌ ပါရှိသကဲ့သို့ လွတ်လပ်စွာမထားပဲ ချုပ်ချယ်ထားသည်ဆိုသော အကြောင်းတို့ကဲ့သို့ကား ဟုတ်ဟန်မရှိချေ။အဋ္ဌကထာတို့၌ကား သူအို, သူနာ, သူသေ, ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို မမြင်မတွေ့ရလေအောင်အထူးတလည်စီမံကာကွယ် ထားသည်ဆိုကြောင်းတို့ ပါရှိလေသည်။ လူသားဖြစ်သော သာကီယ သုဒ္ဓေါဒန မဟာရာဇာ အထူးစီမံထားသည့်ကြားမှပင် သိကြားနတ်သားတို့သည် ဘုရားလောင်းအားနိမိတ်ကြီးလေးပါးတို့ကို နတ်တန်ခိုးနှင့်ပြသကြလေသည်။

ထိုအခါ ဘုရားလောင်း သည် သတိ ထင်မြင် ဆင် ခြင် ပြီး သံဝေဂရကာ တော ထွက် ရန် စိုင်း ပြင်း သည် ဆို လေ သည်။

နိကာယ်ပိဋကတ်တို့ကြားက ဗုဒ္ဓသည် မိမိဘုရားလောင်းဘဝ (သစ္စာလေးပါးမသိခဲ့သော သိဒ္ဓတ္ထ ကုမာရ) အဖြစ်၌ နိမိတ်ကြီးလေးပါးကိုတွေ့မြင်၍ သတိဆင်ခြင် သံဝေဂထင်ပြီး တောထွက်ခဲ့ကြောင်းကို မတွေ့မိချေ။ အို, နာ, သေခြင်းတရားတို့ကို မိမိကိုယ်တိုင် အသိအဆင်ခြင် ဉာဏ်သက်ဝင်ကြောင်းတို့ပါရှိလေသည်။

နိမိတ်ကြီးလေးပါးကို တွေ့မြင်၍ ဘုရားအလောင်း တောထွက်သည်ဆိုသော အကြောင်းသည် နိကာယ်ကျမ်းတို့တွင်လာသော ဒေဝဒူတသုတ်နှင့် ယှက်နွယ်ရောစပ်၍ အဋ္ဌကထာဆရာတို့ရေးခဲ့ခြင်းဖြစ်တန်သည်။ (ဒေဝဒူတသုတ်သည် မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်တွင် လာရှိသလို၊ အင်္ဂုတ္တရ နိကာယ်တိကနိပါတ်၌လည်း လာရှိလေသည်)။ ထိုဒေဝဒူတသုတ်၌ ယမမင်းသည် ငရဲပြည်သို့ရောက်လာသော ယောကျ်ားအား "အမောင်သည်အဘယ်ကြောင့် လူ့ပြည်၌ မကောင်းမှု ပြုခဲ့ပါသနည်း၊ အမောင် ယောကျ်ားတို့၌ထင်ရှားဖြစ်သော သူအို, သူနာ, သူသေ စသောနတ်တို့၏ တမန်ကိုမြင်ခဲ့သည်မဟုတ်ပါလော၊ ထိုသို့သူအို, သူနာ, သူသေ စသောနတ်တို့၏ တမန်တို့ကို တွေ့မြင် ပါလျက် အဘယ်ကြောင့် ဆင်ခြင်သမှု သတိတရားရရှိခြင်းကို မပြုခဲ့ပါသလဲ" စသည်ဖြင့် ယမမင်းကစစ်မေးကြောင်း ပါရှိလေသည်။ နတ်သိကြားတို့ ဖန်ဆင်းသော နိမိတ်ကြီးလေးတန်ကို ဘုရားလောင်းတွေ့မြင်၍ သတိဆင်ခြင် သံဝေဂရကာ တောထွက်သည်ဆိုသော အဋ္ဌကထာတို့၌ လာသောစကားသည် ဒေဝဒူတသုတ်ပေါ်တွင် အခြေတည်ပြီး အဋ္ဌကထာ ဆရာတို့ရေးခဲ့ခြင်း ဖြစ်တန်သည်ဟု ယူဆမိသည်။

ဘုရားလောင်း သိဒ္ဓတ္ထကုမာရသည် သက်တော် ၂၉ နှစ်တွင်တောထွက်ကြောင်း ပိဋကတ်စာပေတို့တွင်လာရှိလေသည်။ ထိုသို့ ၂၉ နှစ်ပတ်လုံး သူအို, သူနာ, သူသေ စသော လောက၏ သဘာဝဒုက္ခကြီးတို့ကိုမတွေ့မြင်စေရန်သုဒ္ဓေါဒနမဟာရာဇာစီမံကာကွယ်ထားသည် ဆိုဦးတော့၊ အိုမှု, နာမှု, သေမှု, စသော နိယာမ သဘောတရားတို့ကို ဘုရားလောင်း မသိနိုင် ဟူ၍ကား လုံးဝမယူဆနိုင်ချေ။ အမှန် အားဖြင့် အို, နာ, သေမှု သဘောတရားတို့ကို သိမြင်ဆင်ခြင်ပြီး သံဝေဂဉာဏ် ဖြစ်ကြောင်းကား ပိဋကတ်တွင် ဗုဒ္ဓ၏စကားတို့ဖြင့်ထင်ရှားလေသည်။ ထိုစကားတို့ကို ထောက်ဆသော် ဗုဒ္ဓသည် အို,နာ,သေခြင်းတရားတို့ကိုတွေ့မြင်ခဲ့သည်ဟု ယူဆရပေမည်။ ထိုသို့ တွေ့မြင် သိ၍လည်း သတိဆင်ခြင်ဉာဏ်ပွားခြင်းဖြစ်လေသည်။

ပိဋကတ်၏ ဒီဃနိကာယ် မဟာပဒါနသုတ်၌ဝိပဿီဘုရားရှင်သည် သစ္စာလေးပါးကို မသိမြင်မီ ဘုရားလောင်း ဘဝကနိမိတ်ကြီးလေးပါးကိုတွေ့မြင်၍ သတိသံဝေဖြင့် ဆင်ခြင်ကာ တောထွက်သည်ဆိုကြောင်း လာလေသည်။ သိဒ္ဓတ္ထ မင်းသားကား– ဘုရားလောင်းဘဝက နိမိတ်ကြီးလေးပါးကို မြင်သည်ဆိုသော အကြောင်းကား နိကာယ် လေး ကျမ်း တို့ တွင် မတွေ့မိချေ။ နိကာယ် လေးကျမ်းတို့၌ တွေ့ရသည်ကား အိုခြင်း, နာခြင်း, သေခြင်း တရားသဘောတို့ကို သိမြင်ဆင်ခြင်သုံးသပ်၍ သမဏဘောင်သို့ ဝင်ရောက်ကာ တောရပ်မှီခဲ့ကြောင်းတို့သာ ဗုဒ္ဓကိုယ်တိုင် မိန့်ကြားသော စကားများဖြစ်၏။ စင်စစ် အား ဖြင့်လည်းဗုဒ္ဓ၏ ဤစကားတို့သည် အနတ္တ ဒေသနာနှင့် စပ်ဟပ်လိုက်လျောလှလေသည်။သစ္စာလေးပါးကို မသိမီ ဘုရားလောင်း

ဘဝဥပင် ဆင်ခြင်သုံးသပ်သောအသိဉာဏ်နှင့်အတူ အနတ္တမှု အယူအဆသည် ဗုဒ္ဓသန္တာန်တွင် ကိန်းအောင်းခဲ့တန်သည်။

"ရဟန်းတို့ငါသည် အရိယမဂ်ကို မရသေးမီ သစ္စာလေးပါးကို ထိုးထွင်း၍ မသိသေးသောဘုရားလောင်းမျှသာ ဖြစ်နေစဉ်က ကိုယ်တိုင်ဖြစ်ပွားခြင်း ဇာတိသဘောရှိသည်ဖြစ်လျက် ဇာတိသဘောရှိသော အရာကိုသာရှာမှီးခဲ့၏။ ကိုယ်တိုင် ဆွေးမြေ့ခြင်း ဇရာသဘောရှိသည်ဖြစ်လျက် ဇရာသဘော ရှိသောအရာကိုသာလျှင် ရှာမှီးခဲ့၏။ ကိုယ်တိုင်နာခြင်း ဗျာဓိသဘော ရှိသည်ဖြစ်လျက် ဗျာဓိသဘောရှိသော အရာကိုသာလျှင် ရှာမှီးခဲ့၏။ ကိုယ်တိုင်သေခြင်းမရဏ သဘော ရှိသည်ဖြစ်လျက် မရဏသဘောရှိသော အရာကိုသာလျှင် ရှာမှီးခဲ့၏။ ကိုယ်တိုင် ပူဆွေး ခြင်း သောကသဘောရှိသည်ဖြစ်လျက် သောကသဘောရှိသောအရာကိုသာလျှင် ရှာမှီးခဲ့၏။ ကိုယ်တိုင် ညစ်ညူးခြင်း သံကိလေသ သဘောရှိသည်ဖြစ်လျက် သံကိလေသ သဘောရှိသော အရာကိုသာလျှင် ရှာမှီးခဲ့၏"။

"ရဟန်းတို့ ထိုငါ့အား ဤသို့သော အကြံ သည် ဖြစ် ၏။ အဘယ်ကြောင့်ငါသည် ဇာတိသဘောရှိသည်ဖြစ်လျက် ဇာတိသဘောကို ရှာမှီးခဲ့ရသနည်း၊ ဇရာသဘော ရှိသည်ဖြစ်လျက် ဇရာသဘောကို ရှာမှီးခဲ့ရသနည်း၊ ဗျာဓိသဘော ရှိသည်ဖြစ်လျက် ဗျာဓိသဘောကို ရှာမှီးခဲ့ရသနည်း၊ မရဏသဘောရှိသည်ဖြစ်လျက် မရဏသဘောကို ရှာမှီးခဲ့ရသနည်း၊ သောကသဘောရှိသည်ဖြစ်လျက် သောကသဘောကို ရှာမှီးခဲ့ရသနည်း၊ သံကိလေသ သဘောရှိသည်ဖြစ်လျက် သံကိလေသ သဘောကို ရှာမှီးခဲ့ရသနည်း"။

"ဖြစ်ပွားခြင်းဇာတိသဘော၊ ဆွေးမြေ့ခြင်း ဇရာသဘော၊ နာခြင်း ဗျာဓိသဘော၊ သေခြင်း မရဏသဘော၊ ပူဆွေး ခြင်း သောကသဘော၊ ညစ်ညူးခြင်း သံကိလေသ သဘောတို့၌ အပြစ်ကိုသိပြီးလျှင် ဇာတိသဘော ဇရာသဘော ဗျာဓိသဘော မရဏသဘော သောကသဘော သံကိလေသ သဘောမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီးရမူ ကောင်းပေမည်ဟူ၍ နိဗ္ဗာန်ကိုရှာမှီးရန် အကြံအစည်ဖြစ်သည်။" (ပါသရာသိသုတ် မဇ္ဈိမနိကာယ်)။

"ရဟန်းတို့ သစ္စာလေးပါးကိုမသိမိ နူးညံ့သိမ်မွေ့ ပျိုမြစ်ခြင်းနှင့်ပြည့်စုံသော ထိုငါ့အား အကြားအမြင်နည်းသော လူသာမန် ပုထုဇဉ်သည် မိမိကိုယ်တိုင်က အိုခြင်းသဘောရှိသူ၊ အိုခြင်းသဘောကို မလွန်ဆန် နိုင်သူဖြစ်ပါလျက် အိုမင်းသောသူတပါးကိုမြင်သော် မိမိကိုယ်ကို သတိမရပဲသာလျှင် ငြီးငွေ့၏၊ ရှက်နိုး၏၊ စက်ဆုတ်ဘိ၏၊ ငါသည်လည်း အိုခြင်းသဘောရှိသူဖြစ်၏၊ အိုခြင်းသဘောကို မလွန်ဆန် နိုင်သူဖြစ်၏၊ ငါသည် အိုခြင်းသဘောရှိသူ၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်သူ ဖြစ်လျက်သာလျှင် အိုမင်းသောသူတပါးကို မြင်၍ငြီးငွေ့ခြင်းအံ့၊ ရှက်နိုးငြားအံ့၊ စက်ဆုတ်ငြားအံ့ ထိုသို့ ဖြစ်ခြင်းသည် ငါ့အား မသင့်လျော်ရာ၊ ဤသို့ ကြံစည်ဆင်ခြင် သုံးသပ်၍ ထိုငါ့အား အရွယ်နုပျိုခြင်းကြောင့် အရွယ်နုပျိုခြင်းကို စွဲ၍ဖြစ်သော စိတ်တက်ကြွခြင်းသည် အချင်းခပ်သိမ်း ပျောက်ငြိမ်း၏" (သုခုမာလသုတ်၊ တိကနိပါတ်-အင်္ဂုတ္တိုရ်)။နာခြင်း ဗျာဓိသဘော၊ သေခြင်း မရဏသဘောတို့၌လည်း ထို့အတူပင်ဆင်ခြင်သုံးသပ်လေသည်။

ဤဒေသနာတို့၌ကား ဗုဒ္ဓဘုရားလောင်း မျှ သာ ဖြစ် သော သစ္စာလေးပါးကို မသိမြင်ခင်က ဆင်ခြင်သုံးသပ် ကြောင်းကို ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားသော ဒေသနာစကားတို့ ဖြစ်လေသည်။ ဗုဒ္ဓသည် နိမိတ်ကြီး လေးပါးကို တွေ့မြင်၍ သတိသံဝေဂရခြင်းမဟုတ်ပဲ၊ အိုမှု နာမှု သေမှု စသည်တို့ကို သိမြင်ပြီး ဆင်ခြင်သုံးသပ်ကြောင်းမှာ သိသာလှသည်။ ထို့ကြောင့်ပင် ဗုဒ္ဓသည် ဘုရားလောင်းဘဝကပင် အိုနာ သေမှုတို့ကို ကောင်းစွာတွေ့မြင်သိပြီး သုံးသပ်ဆင်ခြင်သည်မှာ ထင်ရှားလေသည်။ ဤသို့ဆင်ခြင် သုံးသပ်မှုတို့ကို ကောင်းစွာတွေ့မြင် သိပြီးသော ဘုရားလောင်းသည် လူ့ဘောင်လောကကို ငြီးငွေ့မည်မှာအမှန်ပင် ဖြစ်ပေမည်။ ပိဋကတ်တွင်လည်း ဗုဒ္ဓသည်လူ့ဘောင်လောကသည် ကျဉ်းမြောင်းကျပ်တည်း၏၊ကိလေသာ မှုထ၏၊ မြူမှုန်ထူပြွမ်းသော ခရီးကြမ်းနှင့်တူ၏ စသဖြင့် ဟောကြားခဲ့သည်တို့မှာ အများအပြားပင်ရှိလေသည်။ စင်စစ် ဗုဒ္ဓကိုယ်တိုင်ကလည်း မိမိသည် လူ့ဘောင်ကို ငြီးငွေ့၍ တောထွက် လိုကြောင်း အကြံဖြစ်သည်ဆိုခြင်းကို သုတ္တန်အများအပြားတို့၌ ဟောထားလေသည်။ အောက်ပါသုတ္တန်ဒေသနာတို့မှ ဗုဒ္ဓမိန့်ကြားသော စကားတို့ကို ထောက်ဆ၍ နိမိတ်ကြီး လေးပါးကို မြင်သဖြင့် တောထွက်သည်ဆိုခြင်းသည် မဖြစ်နိုင်ချေ။

"ဘာရဒွါဇ ငါသည်အရိယမဂ်ကို မရသေးမီ သစ္စာလေးပါးကို ထိုးထွင်း၍မသိသေးသော ဘုရားလောင်းမျှသာ ဖြစ်နေစဉ်က လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ ကိလေသာမြူထရာလမ်းကြောင်းဖြစ်၏။ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊ လူ့ဘောင်၌ နေသူသည်စင်စစ်ပြည့်စုံစွာ၊စင်စစ် စင်ကြယ်

စွာ ခရုသင်းပွတ်သစ်နှင့်တူစွာ ဤမြတ်သော အကျင့်ကို ကျင့်ခြင်းငှာမလွယ်။ ငါသည်ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှရဟန်းဘောင်သို့ဝင်ရမူ ကောင်းလေစွဟု အကြံအစည်သည်ဖြစ်ခဲ့၏” (သင်္ဂါရသုတ်၊ မဇ္ဈိမနိကာယ်)။

“အဂ္ဂိဝေ ဿနံ ငါသည် အရိယမဂ်ကို မရမီ သစ္စာလေးပါးကို ထိုးထွင်း၍မသိသေးသော ဘုရားလောင်းမျှသာ ဖြစ်နေစဉ်က ‘လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ ကိလေသာ မြူထရာလမ်းကြောင်းဖြစ်၏။ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊ လူ့ဘောင်၌နေသူသည် ပြည့်စုံစင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့်တူသည့်ဤမြတ်သောအကျင့်ကိုကျင့်ခြင်းငှာမလွယ်။ ငါသည် ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှထွက်ခွာလျက် ရဟန်းဘောင်သို့ ဝင်ရမူ ကောင်းလေစွ’ဟု ဤသို့သော အကြံအစည်ဖြစ်၏”။ (မဟာသစ္စကသုတ်—မဇ္ဈိမနိကာယ်နှင့် အခြားသုတ်များ)။

ဘုရားလောင်း တောထွက်ခန်းသည် အဋ္ဌကထာ ဗုဒ္ဓဝင်တို့တွင် အလွန်လျှို့ဝှက်စွာပြုအပ်သော ကြီးကျယ်သည့် ကိစ္စကြီးတခုဖြစ်သည်။ နတ်သိကြားတို့၏အကူအညီများနှင့် တောထွက်ရခြင်းဖြစ်ကြောင်းကို ဗုဒ္ဓဝါဒီတိုင်းပင် သိရှိကြသည်။ အဋ္ဌကထာ ဗုဒ္ဓဝင်တို့၌ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ဖွားသစ်စမှ တောထွက်သည်ထိ ရေးသားမှုများသည် ဗုဒ္ဓ၏ နေက္ခမပါရမီကို ချီးမွမ်းလိုခြင်း၊ လေးနက်စေလိုခြင်းတို့ကြောင့်ဖြစ်ပေမည်။ အဋ္ဌကထာဗုဒ္ဓဝင်တို့၌ ဖော်ပြထားသည့်အကြောင်း အရာတို့သည် များသောအားဖြင့်ပိဋကတ်တွင်မလာသည့်စကားရပ်တို့ဖြစ်လေ

သည်။ ပိဋကတ်၌လည်း ဗုဒ္ဓ၏ အကြောင်းအရာ ဘဝဖြစ်စဉ်တို့ ပါရှိသည်မှာ အလွန်နည်းလှသည်။ တိကျစွာ ဗုဒ္ဓ၏ဘဝကို စီကာစဉ်ကာဆက်စပ်၍ မရနိုင်ချေ။ စင်စစ်အားဖြင့် အဋ္ဌကထာ ဗုဒ္ဓဝင်တို့၌ ဗုဒ္ဓအကြောင်းကို ရေးသားသောဆရာတို့သည် ဗုဒ္ဓ အပေါ်၌ အလွန်ကြည်ညို ညွတ်နူးသောစေတနာတို့ဖြင့် တခမ်း တနားရေးသားခြင်း ဖြစ်လေသည်မှာ သံသယရှိစရာ မလိုချေ၊

ထိုဆရာတို့၏ ကျေးဇူးသည် သာသနာနှင့် မြန်မာနိုင်ငံ ဗုဒ္ဓ ဝါဒီတို့အပေါ်တွင် များလှလေသည်။ စင်စစ် ထိုဆရာတို့သည် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာနှင့် ဗုဒ္ဓဝါဒီတို့၏ကျေးဇူးရှင် သာသ နာပြုပုဂ္ဂိုလ်ကြီးများဖြစ်သည်မှာ အမှန်ပင်ဖြစ်လေသည်။

ဘီစီ ၆-ရာစု အိန္ဒိယပြည်တွင် လူတန်းစား အမျိုး အနွယ် အသီးသီးတို့မှ လူတို့တောထွက်ပြီး အသွင်အမျိုးမျိုးနှင့် တရား ရှာကြသည်မှာ ထူးဆန်းလှသောအကြောင်းမဟုတ်ချေ။ ဘီစီ ၆-ရာစုမတိုင်မီ အခြေအနေကိုမှန်းဆနိုင်လောက်အောင်ပြသော ဇာတကများတွင် တောထွက်၍ ရသေ့ရဟန်းပြုကာ တရားရှာ ဖွေ ကျင့်သုံး အားထုတ်သော အကြောင်းတို့ များစွာပါရှိလေ သည်။

ထို့ကြောင့်ပင် တောထွက်၍ ရသေ့ရဟန်း အသွင်တို့နှင့် တရားရှာဖွေကျင့်ကြံခြင်းတို့သည် ရှေးအခါကပင် ပညာရှိ သူ တော်စင်တို့ လိုက်နာပြုကျင့်ခဲ့သောလမ်းစဉ်ဖြစ်လေသည်။ ထိုသို့ တောထွက်ရာ၌ သက်ဆိုင်သူ မိဘဆွေမျိုးများ သဘောတူညီခွင့် ပြုသလို၊ သဘောမတူ ခွင့်မပြုခြင်းတို့သည်လည်းရှိ၏။ သိဒ္ဓတ္ထ မင်းသားအား ရဟန်းဘဝ ဝင်ရောက်ပြီး တောထွက် တရားရှာ ဖွေကျင့်သုံးခြင်းကို ခမည်းတော် သာကီယ သုဒ္ဓေါဒန မဟာရာ

ဇာနှင့် မယား ဆွေမျိုးတို့က သဘော မတူသည်မှာ ပိဋကတ်တွင်ထင်ရှားသည်။ ခမည်း တော်နှင့် သားမယား ဆွေမျိုးများ မသိအောင် ညအချိန် တိတ်တဆိတ် တောထွက်သည် ဆို သော အကြောင်းသည် ပိဋကတ်တွင် မလာရှိချေ။ "မိဘများသဘော မတူ ကန့် ကွက် တားမြစ် ငိုယို စဉ်ပင် တော ထွက် ရ ဟန်း ပြု ခဲ့ကြောင်း" သာ ပိဋကတ်၌လာလေသည်။

"နောင်အခါ၌ ပျိုမြစ်သည်သာလျှင် ဖြစ်၍ ကောင်းစွာ မည်းနက်သော, ဆံပင်ရှိသော၊ ပဌမအရွယ်နှင့် ပြည့်စုံသဖြင့် အရွယ်ကောင်းသော ထိုငါသည် မလိုလားသော အမိ အဖတို့ မျက်ရည်ယိုစီးလျက် ငိုကြွေး ကုန်စဉ် ဆံ မုတ်ဆိတ် ကို ပယ် ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကိုဝတ်၍ လူ့ဘောင်မှထွက်ခွာ၍ ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏"။ (မဟာ သစ္စကသုတ် မဇ္ဈိမနိကာယ်နှင့် သင်္ဂါရဝသုတ်၊ ဗောဓိရာဇကုမာရသုတ်နှင့် အခြားသုတ်များ)။

ဤသို့ ဗုဒ္ဓကိုယ်တိုင် ဟောကြားသော ဒေသနာ များသည် ပိဋကတ်တို့တွင် အတော်များများပါရှိလေသည်။ သုတ္တန် ပိဋကတ်လာ တောထွက်ရဟန်းပြုခန်းသည် အဋ္ဌကထာတို့တွင်လာသော ဘုရားလောင်းတောထွက်ခန်းနှင့် မတူညီချေ။အဋ္ဌကထာတို့၌လာသော တောထွက်သည့် အကြောင်းအရာတို့သည် ယသလုလင်(မဟာဝဂ္ဂ—ဝိနည်းပိဋကတ်)၏ အကြောင်း အရာတို့ နှင့် ဆင်ဆင်တူညီလေသည်။

စင်စစ် ဘုရားလောင်းသည် သုတ္တန်ပိဋကတ်လာ စကားများအရ တောထွက်ကြောင်းသာဖြစ်တန်လေသည်။ (ဒီဃနိကာယ်၊ သာမညဖလသုတ်နှင့် ကူဋဒန္တသုတ်တို့၌) လည်း "အချင်းတို

စင်စစ်သော်ကား ရဟန်းဂေါတမသည် အမိအဖတို့ မလိုလား ကုန်၍ မျက်ရည်ရွှဲစိုငိုယိုကုန်စဉ် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏” ဟု ဤသို့ပင် သောဏဒဏ္ဍပုဏ္ဏားနှင့် ကူဋဒန္တ ပုဏ္ဏားတို့ကဆိုကြလေသည်။

ဗုဒ္ဓသည် သမဏဘဝဖြင့် တရားရှာဖွေလှည့်လည်ခြင်း၊ ငြိမ်း အေးရာ အမြိုက်နိဗ္ဗာန်ကိုရှာဖွေရင်း ကာလာမကအန္ဒယ်၌ ဖြစ် သောအာဠာရယံသို့ရင်း၊ရာမ၏သားဥဒကထံသို့ရင်းချဉ်းကပ်ပြီး စျာန်တရားများကို လေ့ကျက်ပြည့်စုံစေခဲ့၏။ သို့သော် ဗုဒ္ဓသည် ထိုစျာန်တရားတို့မှာ ငြိမ်းအေးရာ အမြိုက် နိဗ္ဗာန်ကို ရရှိမျက် မှောက်ပြုနိုင်ရန် မဟုတ်သဖြင့် ဖဲခွာခဲ့ လေ သည်။ ထို့ နောက် ဗုဒ္ဓသည် ငြိမ်းအေးရာ နိဗ္ဗာန်ကို ရှာ ဖွေ ရင်း မဂတိုင်း၌ အစဉ် အတိုင်း လှည့်လည်လေသည်။

ဥရုဝေလတော သေနာနိဂုံး၌ ကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်လေသည်။ထိုနေရာ၌ပင် ဒုက္ကရစရိယ အကျင့်များကို ပြင်းထန်ပင်ပန်းစွာ ကျင့်တော်မူလေသည်။ ဒုက္ကရစရိယ အကျင့် ဖြင့် အလွန်ပိန်ကြုံသော အဖြစ်သို့သာ ရောက်ရလေသည်။ ငြိမ်း အေးရာ နိဗ္ဗာန်အဖို့ငှာမဖြစ်သည်ကို မြင်သဖြင့် အစာ အာဟာရ ပြန်လည်စားတော်မူလေသည်။ ထိုအခါ ဒုက္ကရစရိယ အကျင့် ကျင့်သော ဗုဒ္ဓအား လုပ်ကျွေးကြကုန်သော ပဉ္စဝဂ္ဂီငါးဦး ဟူ သော ရဟန်းငါးပါးတို့သည် ဗုဒ္ဓအစာအာဟာရမှီဝဲသည်ကိုမလို လားပဲ အထင်မှားကာ ဗုဒ္ဓထံမှ ဖဲခွာသွားကြလေသည်။ ဤသို့ အစာ အာဟာရကို လျော်စွာစားတော်မူပြီး အားအင်ပြည့်ဖြိုး သောအခါမှပင် ဗုဒ္ဓသည်ကျင့်တော်မူ၍ သမ္မာသဒ္ဓမ္မယုံမည်သော

ဗုဒ္ဓအဖြစ်သို့ရောက်သည်ထိ အကြောင်းအရာတို့သည် အတော်လေး ပြည့်ပြည့်စုံစုံပါရှိလေသည်။ ဥပမာ (မဟာသစ္စကသုတ်၊ သင်္ဂါရဝသုတ်၊ ဗောဓိရာဇကုမာရသုတ်၊ ပါသရာသိသုတ်၊ မဇ္ဈိမနိကာယ်)တို့၌ ပါရှိလေသည်။ထိုသုတ်တို့၌ ဗုဒ္ဓဒုက္ကရစရိယ ကျင့်တော်မူကြောင်းများသည် အကျယ်တဝင့် ပါရှိလေသည်။ ဗုဒ္ဓ၏အကျင့်သည် တပသဘောသို့သက်ဝင်သော်လည်း ပရဗိုဇ် တက္ကတွန်းတို့ ကျင့်ကြသကဲ့သို့မဟုတ်ကြောင်းမှာ သိသာလှလေသည်။ ဗုဒ္ဓသည် ဗုဒ္ဓအဖြစ် ပွင့်သစ်စက ဗာရာဏသီ ပြည်သို့ ပဥ္စဝဂ္ဂီတို့အား တရားဦးဟောရန်ကြွလေသည်။ဂယာနှင့် ဗောဓိပင်အကြား ခရီးသွားနေဆဲ ဖြစ်သော ပွင့်သစ်စဗုဒ္ဓကို ဥပက အာဇီဝက တက္ကတွန်းသည် ပဌမဆုံး တွေ့ဆုံသောသူ ဖြစ်လေသည်။

ဗုဒ္ဓ၏ ပရိနိဗ္ဗာန်ပြုစံကာနီး နောက်ဆုံးဘဝ ဖြစ်စဉ်များကို ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်တွင် အကျယ်အားဖြင့် ပါရှိလေသည်။ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံကာနီး၌ ရာဇဂြိုဟ်မှစပြီး အလွန်ရှည်လျားသော ဒေသစာရီခရီးကို ကြွလှမ်းခဲ့လေသည်။ဝေဠုဝရွာ၌ ဝါကပ်တော်မူစဉ်ကလည်း ကြမ်းတမ်းသော ရောဂါဝေဒနာ ဖြစ်လေသည်။ ထိုရောဂါဝေဒနာကို သမာပတ်ဖြင့် ကုစား ပယ်ဖျောက်တော် မူလေသည်။ ထိုအခါမှစ၍ ဗုဒ္ဓ၏ ကျန်းမာရေး ယိုယွင်းစပြုလာခြင်း ဖြစ်လေသည်။ ဤသို့ ကျန်းမာရေး ယိုယွင်းစပြုနေပြီဖြစ်သော်လည်း ဗုဒ္ဓသည် ဝေဠုဝရွာမှ ဟတ္ထိရွာ, အမ္ဗရွာ, ဇမ္ဗုရွာ စသည်ဖြင့် ဟိရညဝတီ မြစ်၏ တဖက်ကမ်းရှိ ကုသိနာရုံအရောက် ခရီးပြင်းကြီးကို ဒေသစာရီ ကြွချီတော်မူလေသည်။ ခရီးလမ်းရပ်နားရာ စသည်တို့ ၌လည်း

ကပ်လာသော ဥပါသကာများ၊ ဥပါသိကာများကို တရားဓမ္မ ဟောကြားခြင်းနှင့် ရဟန်းသံဃာတို့ကို အမြဲမပြတ် ဓမ္မသဘင် စီရင်ဆွေးနွေး ဟောကြားခြင်း များကို ပြုတော်မူလျက်သာ ရှိသည်။

ပါဝါပြည် ရွှေပန်းတိမ်သည် စုန္ဒ၏ ဝက်သားပြွမ်း ဆွမ်းကို ဘုဉ်းပေးတော်မူပြီးသည့် အခါမှစပြီး ဝမ်းသွေးသွန်သော ဝေဒ နာသည် ပြင်းစွာဖြစ်ပေါ်လေတော့သည်။ပါဝါပြည်မှ ကုသိနာ ရုံသို့ကြွတော်မူစဉ် လမ်းခရီး၌ ဗုဒ္ဓသည် ဝေဒနာကြောင့် အလွန် နွမ်းလျပင်ပန်းသဖြင့် "အာနန္ဒာ ငါ၏ ဒုကုဋ်သင်္ကန်း ကြီးကို လေးထပ်ခေါက်၍ ခင်းပေးလော၊ အာနန္ဒာ ငါပင်ပန်းလာပြီ ထိုင်ဦးအံ့" ဤသို့ပင် အရှင်အာနန္ဒာအား မိန့်ကြားတော်မူကာ ခရီးမ၌ နားနေရတော်မူလေသည်။ ထို့နောက် ဗုဒ္ဓသည် အရှင် အာနန္ဒာအား "အာနန္ဒာ သောက်ရေကိုဆောင်ချေပါ၊ငါဘုရား မွတ်သိပ်၏၊ ရေသောက်လိုသည်"ဟုမိန့်ကြားပြီး အရှင်အာနန္ဒာ ဆောင်ယူခဲ့သောရေကို သောက်တော်မူလေသည်။

ဗုဒ္ဓသည် ကုသိနာရုံသို့ ရောက်ခါနီးသောအခါ အလွန်လျှင် အားအင်နည်းပါး နွမ်းလျခြင်းဖြစ်ဟန်ရှိသည်။ ကကုဓါမြစ်သို့ ရောက်သောအခါ ရေချိုးတော်မူပြီးလျှင် ရေများကိုပါသောက် သုံးတော်မူပြီး သရက်တောသို့ဝင်၍ ဒုကုဋ်သင်္ကန်းကြီးကိုအလုပ် အကျွေး မထေရ်က လေးထပ်ခေါက်၍ ခင်းပေးသည့် အပေါ် တွင် လျောင်းစက်တော်မူလေသည်။ စင်စစ် ဗုဒ္ဓသည် ကျန်းမာ ရေးအလွန်ကောင်းမွန်သော ပုဂ္ဂိုလ်ဖြစ်လေသည်။ ဘုရားမဖြစ် မီက အလွန်ပြင်းထန်သော ဒုက္ကရစရိယာအကျင့်များကို အလွန် ကျင့်တော်မူသဖြင့် အရိုးပြိုင်းပြိုင်း ကိုင်းရယိုင်းဖြစ်ကာ မြေတွင်

ဘိုးဘိုးလဲ သည်ထိ ဖြစ်ခဲ့ဘူးလေသည်။ သို့သော်လည်း အစာအဟာရကို သင့်တင့်မျှတစွာ မှီဝဲသောအခါ ပြန်လည်ကျန်းမာပြည့်ဖြိုးလာလေသည်။ ၄၅,နှစ်တို့ပတ်လုံး ဂင်္ဂါမြစ် တဝှန်း၌ လှည့်လည်၍ တရားဓမ္မ ဟောပြဆုမ္မနိုင် ခဲ့လေသည်။

ယခုအခါမှာကား သက်တော်"၈၀"ရှိပြီး ဖြစ်သဖြင့် ခန္ဓာတို့ကလည်း အိုမင်းကာ ယိုယွင်းလာလေသည်။ ထို့ကြောင့်ပင် ဝေသာလီပြည်၌ ဗုဒ္ဓက "ရဟန်းတို့ ငါ၏အရွယ်သည် ရင့်ရော်လှလေပြီ၊ ငါ၏ အသက်ကြွင်းသည် နည်းလှလေပြီ၊ သင်တို့ကို စွန့်၍သွားရတော့အံ့၊ ငါသည် မိမိ၏ ကိုးကွယ်ရာကို ပြုပြီးပြီ" (မဟာပရိနိဗ္ဗာနသုတ်)။ မိမိ၏အိုမင်းယိုယွင်းလာသော အခြေအနေကိုမိန့်ကြားခဲ့ခြင်း ဖြစ်လေသည်။ စုန္ဒ၏ ဝက်သားဆွမ်းကို ဘုဉ်းပေးပြီးသည်မှ ဖိစီးလာသော ဝမ်းသွေးသွန် ဝေဒနာသည် ဗုဒ္ဓ၏ အလွန်အိုမင်း ယိုယွင်းလာပြီ ဖြစ်သော ခန္ဓာကိုယ်တော်၌ ဖြိုဖျက်နေတော့သည်။ ပါဝါပြည်မှ ကုသိနာရုံ ခရီးလမ်းသည် ဗုဒ္ဓအဖို့ ကြမ်းတမ်းလှလေသည်။ယိုယွင်းသောခန္ဓာတွင် ဝေဒနာ ဖိစီးခံနေရသော ဗုဒ္ဓအဖို့ ကုသိနာရုံသို့ ခရီးလမ်းသည် မည်မျှနွမ်းလျပင်ပန်းမည်ကို မှန်းဆ၍သာကြည့်နိုင်လေမည်။ကျန်းမာရေး အလွန်ကောင်းမွန်ခဲ့သူ ဖြစ်သဖြင့်သာ ကုသိနာရုံအင်ကြင်းဥယျာဉ်အရောက် ကြွလှမ်းတော်မူနိုင်ခြင်း ဖြစ်လေသည်။

ကုသိနာရုံပြည် မြို့ဝင်ကာနီး လမ်းကွေ့ မလ္လာမင်း တို့၏ အင်ကြင်းဥယျာဉ်သို့ ဗုဒ္ဓသည် ရောက်တော်မူသောအခါ အင်ကြင်းပင် အစုံတို့၏ အကြား မြောက်အရပ်သို့ ဦးခေါင်းပြုကာ အရှင်အာနန္ဒာ ခင်းအပ်သော ညောင်စောင်းပေါ်၌ လက်ျာခြေပေါ်၌ လက်ဝဲခြေကို စဉ်းငယ်လွန်ကာ တင်ထား၍ လက်ျာ

နံတောင်းဖြင့် လျှောင်းစက်တော် မူလေသည်။ ဤလျှောင်းစက်ခြင်းသည် ဗုဒ္ဓ၏ နောက်ဆုံး ထတော်မမူတော့သည့် လျှောင်းစက်ခြင်းပင်ဖြစ်လေတော့သည်။ ထိုစဉ်အခါက အင်ကြင်းပင်စုံတို့သည် အခါမဲ့ပွင့်သော ပန်းတို့ဖြင့် ပင်လုံးကျွတ်မျှ ဖူးပွင့်ကာ ဗုဒ္ဓအား ဦးခိုက်သမှု ပူဇော်ခြင်းကို ပြုကြလေသည်။ ပွင့်ချပ်မှိုင်သည့် အင်ကြင်းခိုင် အင်ကြင်းခက်တို့သည် သွယ်ယှက်ညွတ်ဖူးကာ ပွင့်ချပ် ပွင့်ဖတ်တို့ကို ဖြန့်ကြဲကြလေသည်။

"ရဟန်းတို့ သင်တို့အား ယခုငါဘုရား မိန့်မှာတော်မူခဲ့အံ့၊ ပြုပြင်ပေးရသော"သင်္ခါရ"တရားတို့သည် ပျက်စီးခြင်း သဘောရှိကုန်၏။မမေ့မလျော့ သတိတရားဖြင့် ပြီးစီးအောင် အားထုတ်ကြကုန်လော့" ဤသို့ နောက်ဆုံးသော ဒေသနာ မိန့်ခွန်းကို မိန့်တော်မူပြီး ဗုဒ္ဓသည် ပရိနိဗ္ဗာန်ပြုတော်မူလေသည်။ ထိုအခါမှစ၍ ဗုဒ္ဓ၏သာဝက သမဏများနှင့် ဗုဒ္ဓဝါဒီတို့တွင် ဗုဒ္ဓဟူသော နေမင်းကြီး ကင်းခဲ့ရလေတော့သည်။ (ဒီဃနိကာယ်-မဟာ ပရိနိဗ္ဗာနသုတ်)။

ပိဋကတ်လာ ဂေါတမဗုဒ္ဓ၏ အကြောင်းအရာကား ဤမျှသာ ဖြစ်လေသည်။ ပိဋကတ်၌လာသော ဂေါတမ ဗုဒ္ဓ၏ ဘဝဖြစ်စဉ်သည် စီကာစဉ်ကာ ဖွားမြင်သည်မှ ပရိနိဗ္ဗာန် ပြုသည်ထိ ဖော်ပြထားခြင်းကိုမတွေ့ရချေ။ပိဋကတ်၌ ဗုဒ္ဓ၏အကြောင်းများကို ဒေသနာအရာဌာန အားလျော်စွာသာ ဖော်ပြထားသည်တို့ကို ဖတ်ရှုရပေသည်။ (သုတ္တနိပါတ် မဟာဝဂ်-နာလကသုတ်)၌ ဘုရားလောင်းဖွားမြင်စ အကြောင်းများ၊ ပဗ္ဗဇ္ဇာသုတ်၌ ဗုဒ္ဓ၏ဘုရားဖြစ်ကာနီး အခြေအနေ၊မဇ္ဈိမနိကာယ် မာဂဏ္ဍိယသုတ်နှင့် အင်္ဂုတ္တရနိကာယ် တိကနိပါတ် သုခုမာလသုတ် တို့၌

ဗုဒ္ဓ သိဒ္ဓတ္ထမင်းသားဘဝစည်းစိမ်ခံစားရပုံများ၊ မဇ္ဈိမနိကာယ်၊ မဟာသစ္စကသုတ်၊ သင်္ဂါရဝသုတ်၊ ဗောဓိရာဇ ကုမာရသုတ်၊ ပါသရာသိသုတ်တို့၌ သံဝေဂဆင်ခြင် ဉာဏ်ရပုံ၊ တောထွက်၍ ရဟန်းဝတ်ပုံ၊ ရဟန်းဘဝ တောတွင်း၌ တရားအားထုတ် ကျင့်ကြံခြင်းများ၊ သမ္မာသမ္ဗုဒ္ဓဖြစ်ခြင်း၊ ပဉ္စဝဂ္ဂီတို့အား တရားဦး ဟောကြားခြင်းတို့ကို တွေ့ရလေသည်။

ဝိနည်း ပိဋကတ် မဟာဝါပဌမ ပိုင်းတွင် ဘုရားဖြစ်သည်မှ အရှင်မောဂ္ဂလန်နှင့် အရှင်သာရိပုတ္တရာတို့ ဗုဒ္ဓထံ၌ရဟန်းပြုသည့် အကြောင်းနှင့် ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၌ ကုသိနာရုံ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုသည်ထိ ဗုဒ္ဓ၏ နောက်ဆုံးဘဝ ဖြစ်စဉ်များကိုသာ တွေ့ရှိရလေသည်။ ဤသို့ နိကာယ်ပိဋကတ်၏ အချို့သော သုတ္တန်များနှင့် ဝိနည်းပိဋကတ်လာ အနည်းငယ်သော ပါဠိတော်တို့တွင်သာ ဗုဒ္ဓ၏ဘဝဖြစ်စဉ်များကို တွေ့ရလေသည်။ စင်စစ် ပိဋကတ်တို့၌တွေ့ရသော ဗုဒ္ဓ၏ ဘဝဖြစ်စဉ်သည် ပြည့်စုံလှသည်မဟုတ်ချေ။ သို့သော်လည်း ဗုဒ္ဓ၏ ဘဝဖြစ်စဉ်ကို လေ့လာရာ၌ကား အခိုင်မာဆုံး အမှန်ဆုံး ဖြစ်လေ သည်မှာ အမှန်ပင်ဖြစ်၏။

ဘီစီ ၆-ရာစု၌ ပေါ်ထွန်းခဲ့သော ဗုဒ္ဓ၏ အတ္ထုပ္ပတ္တိ ဘဝ ဖြစ်စဉ် အပြည့်အစုံကို ယနေ့ ပိဋကတ်တို့၌ မတွေ့ရခြင်းသည် စင်စစ် အံ့ဩစရာမဟုတ်ချေ။ ထိုအခါက ယဉ်ကျေးမှုထွန်းကားသည် ဆိုသော်လည်း ထိုခေတ် လူသားတို့၏ အယူအမြင်သည် ယနေ့ ကာလကဲ့သို့ မဟုတ်ချေ။ ထိုခေတ် အခါက လူတို့သည် အာဇာနည် ပုဂ္ဂိုလ်ကျော် တဦးထက် ထိုပုဂ္ဂိုလ်၏ အဆိုအမိန့် အဟောအပြောများကိုသာ သိလိုမှတ်သားလိုက်နာလိုကြသည်။

ထိုပုဂ္ဂိုလ်၏ အဆိုအမိန့်ထက် ထိုပုဂ္ဂိုလ်၏ ဘဝ ဖြစ်စဉ်သည် ပဓါနမဟုတ်ချေ။ အိန္ဒိယပြည်သည် ရှေးအခါကစပြီး ဘာသာအယူဝါဒများ အမျိုးမျိုးပေါ်ထွန်းခဲ့သော တိုင်းပြည်ဖြစ်သော်လည်း ထိုဘာသာအယူဝါဒတို့ကား ယနေ့တိုင် ထင်ရှားရှိနေပါလျက် ဘာသာအယူဝါဒ အစဦးတွေ့ရှိဟောပြောသူပုဂ္ဂိုလ်များ၏အကြောင်းသည် အထင်အရှားမရှိချေ။ အမည်နာမများပင် ကွယ်ပျောက်နေသည်ဆို၏။ ယနေ့တိုင် ကပိလ, ဆံကရ စသော ရှေးဟောင်းပုဂ္ဂိုလ်ကြီးတို့၏ အမည်နာမကို ကြားသိနေရသော်လည်း ထိုပုဂ္ဂိုလ်ကြီးတို့အကြောင်းကား ယခုအခါတွင်ပိုးတစ‌ါးမျှသာ သိရသည်ဟုဆိုလေသည်။ အိန္ဒိယနှင့် ကပ်လျက်ဖြစ်သော တရုပ်ပြည်၌လည်း ဘီစီ ၆-ရာစုတွင် ထွန်းကားခဲ့သည်ဟု ယူဆရသော လာအိုဇူ (Lao Tzu) နှင့် စပ်လျဉ်း၍လည်း ၎င်းဟောပြောခဲ့သော တာအိုဝါဒကိုကား လူများ ကောင်းစွာသိကြရသော်လည်း လာအိုဇူ၏အကြောင်းကိုကားမသိကြရသည့် အပြင် လာအိုဇူသည်တခါန်ကတကယ်ပေါ်ပေါက်အသက်ရှင်ခဲ့သလောဟုပင် သံသယရှိနေကြလေသည်။ ဤသို့ အာရှတိုက်မှ ပုဂ္ဂိုလ်ကျော်ကြီးတို့၏ အကြောင်း အဖြစ်အပျက်တို့နှင့် နှိုင်းစာလျှင် ယနေ့ ကျွန်ုပ်တို့သိကြရသော ဗုဒ္ဓအကြောင်းအရာ ဖြစ်စဉ်သည် အတော်ပင် ပြည့်ဝစုံလင်သည်ဟု ဆိုနိုင်ပေသည်။

ပိဋကတ်တို့တွင် ဗုဒ္ဓ၏အကြောင်းအရာဘဝဖြစ်စဉ်ကို စုံလင်ပြည့်စုံစွာမတွေ့မြင်ရသော အကြောင်းတခုကား နာမည်ကျော်ပုဂ္ဂိုလ်တဦး၏ အတ္ထုပ္ပတ္တိကို ရေးသားခြင်း အတတ်သည် ယခုခေတ်မှပေါ်ပေါက်လာသော အတတ်အလေ့ ဖြစ်လေသည်။ရှေးခေတ်အခါက ထိုအတတ်မရှိပါပဲ ပုဂ္ဂိုလ်ကျော် တဦး၏ ဘဝ

ဖြစ်စဉ်ကိုရှင်း ဟောကြားသော စကားများကဲ့သို့ အရေးမထား ကြပါပဲလျက် ပိဋကတ်၌ ဗုဒ္ဓ၏ဘဝဖြစ်စဉ်ကို ဤမျှ တွေ့ရခြင်း သည် ပိဋကတ်ဆရာတို့ကိုပင် ကျေးဇူးတင်ဘို့ကောင်းလေသည်။ ပိဋကတ်၌ပါရှိသော ဗုဒ္ဓ၏ ဘဝဖြစ်စဉ်သည် အဋ္ဌကထာ ဗုဒ္ဓဝင် တို့၌လာသော ဗုဒ္ဓ၏ အကြောင်းအရာ ဘဝဖြစ်စဉ်နှင့် အချို့ နေရာများတွင် ကွာခြားလေသည်။အဋ္ဌကထာနှင့် ဗုဒ္ဓဝင်ကျမ်း များ၌ ဗုဒ္ဓ အကြောင်းအရာ ဘဝဖြစ်စဉ်သည် များပြားဆန်း ကြယ်၍ စုံလင်လှလေသည်။ ဥပမာ ဗုဒ္ဓဝင်တို့၌ ဗုဒ္ဓ၏ဝါတော် စဉ်များ ပဋိသန္ဓေတည်သောနေ့၊ ဖွားမြင်သောနေ့၊ တောထွက် သောနေ့၊ ဘုရားအဖြစ်သို့ ရောက်သောနေ့၊ စသည်တို့၌ ခုနစ် သက္ကရာဇ် လ, ရက်, အချိန်နာရီများပါ တိတိကျကျ ဖော်ပြ ထားလေသည်၊ ပိဋကတ်၌ကား ထိုသို့မပါရှိချေ။ သို့သော်လည်း အဋ္ဌကထာနှင့် ဗုဒ္ဓဝင်များသည်ပိဋကတ်များ၏ နောက်နှောင်းမှ ပေါ်ပေါက်လာသောကျမ်းများဖြစ်လေသည်၊ ဗုဒ္ဓ၏အကြောင်း အရာကို အမှန်ကန်ဆုံးလေ့လာလိုပါက ပိဋကတ်တို့တွင် သာ လေ့လာသိမှတ်ရလေမည်ဖြစ်သည်။

ဗုဒ္ဓအကြောင်းအရာ ဘဝဖြစ်စဉ်တို့ကို ယနေ့မြန်မာ ဗုဒ္ဓဝါဒီ တို့သည် ဗုဒ္ဓဝင်ကျမ်းတို့၌လာရှိသည့်အတိုင်း လက်ခံယုံကြည်သိ ရှိကြလေသည်။ ပိဋကတ်ကိုအတော်အတန်နှံ့စပ်စွာ လေ့လာပါ က ပိဋကတ်လာ ဗုဒ္ဓ၏ အကြောင်းအရာ ဘဝဖြစ်စဉ်များနှင့် အတော်အတန် ကွဲပြားခြားနားနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပိဋကတ်၌လာသော ဗုဒ္ဓအကြောင်းနှင့် ဗုဒ္ဓ၏ ဘဝဖြစ်စဉ်များ သည်၊ နည်းပါးမစုံစေ့သော်လည်း သဘာဝကျကျ ပီပြင်လေ သည်၊ အများသော ဗုဒ္ဓဝါဒီတို့ လက်ခံနိုင်သလို ဗုဒ္ဓနှင့် ဗုဒ္ဓ

ဝါဒအပေါ် သုတေသီပညာရှင်တို့လည်းလက်ခံနိုင်ကြလေသည်၊ ဗုဒ္ဓဝင်ပါ ဗုဒ္ဓ၏ အကြောင်းအရာ ဘဝဖြစ်စဉ်များကို ဗုဒ္ဓ၏ အတ္ထုပ္ပတ္တိ အမှန်ဖြစ်ပါသည်ဟု သုတေသီပညာရှင်တို့လက်ခံလို ကြဟန်မရှိချေ။ စင်စစ်အသိအဆင်ခြင်ဉာဏ်နှင့် ဝေဖန်ပိုင်းခြား ကြည့်ရှုသော ဗုဒ္ဓဝါဒီပင် လျှင် ဗုဒ္ဓဝင်လာ အားလုံးသော အကြောင်းအရာ အဖြစ်အပျက်တို့ကို ဗုဒ္ဓအကြောင်း အဖြစ် အပျက်၏ ဘဝဖြစ်စဉ်တို့အမှန်ဖြစ်ပါသည်ဟု လက်ခံရန်သံသယ ရှိလေမည်ဖြစ်သည်။ ထို့ကြောင့်ပင် ဗုဒ္ဓ၏ ဘဝဖြစ်စဉ် အကြောင်းအရာတို့ကို အနီးစပ်ဆုံး အမှန်ကို သိမြင်လိုသောသူ သည် အဋ္ဌကထာ ဗုဒ္ဓဝင်တို့နှင့်သာ နှစ်သိမ့်ရောင့်ရဲမနေပဲ၊ ဗုဒ္ဓ ဝါဒ၌ အခိုင်မာဆုံးဖြစ်သော သုတ္တန် ပိဋကတ်များနှင့် ဝိနည်း ပိဋကတ် အချို့တို့ကိုပါ ကျယ်ပြန့်စွာ လေ့လာ ယူဆသင့်လေ သည်။

ဗုဒ္ဓ၏အကြောင်းအရာ ဘဝဖြစ်စဉ်တို့ကို အဆန်းတကြယ် တအံ့တသြ အလွန်အကျူး ချဲ့မြှင့်ရေးသားခြင်းသည် မည်မျှ အကျိုးသက်ရောက်သည်ကို ဝေဘန်သင့်လေသည်။ ထိုသို့ ရေး သားခြင်းသည် သာမန်လူဗုဒ္ဓဝါဒီများအဖို့ ဗုဒ္ဓအပေါ်၌ အလွန် ကြည်ညို ကိုင်းရှိုင်းလာမည်ဟု ဆိုပါက ဆိုနိုင်ကောင်း ဆိုနိုင် ပေမည်။ စင်စစ်ကား ဤသို့ရေးသားခြယ်မှုန်းခြင်းသည် ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒအဖို့ အရှည်သဖြင့် ကောင်းသောအလားအလာမဟုတ် ချေ။ လူတို့၏ အကြောင်းအကျိုး ဆင်ခြင် သိမြင်တတ်သော အသိဉာဏ် တိုးပွားလာသည်နှင့် အမျှ ထိုသို့ အဆန်းတကြယ် တအံ့တသြ အလွန်အကျူး ချဲ့မြှင့်ရေးသား ခြယ်မှုန်းခြင်းသည် ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒအဖို့ ကောင်းသောအလားအလာကိုမမြင်မိချေ။

သို့သော်လည်း ယနေ့အခါတွင်ကား ဗုဒ္ဓဒါဒီတို့၏ အသိအမြင် အယူအဆသည်သာ ပဓာနဖြစ်လေသည်။ မိဘရိုးရာ ကိုးကွယ်ခဲ့သဖြင့်သာ ဗုဒ္ဓဝါဒီဖြစ်ရသော "ကုလဗုဒ္ဓဝါဒီ" ရိုးရာ ဗုဒ္ဓဝါဒီများအဖို့ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒအပေါ် အလေးအနက်မထားခြင်းသည် ရှိတန်စေသော်လည်း ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒအပေါ် နှစ်ကားစွာ ကြည်ညိုရို့ကျိုးသူတို့အဖို့ ပိုင်းပိုင်းခြားခြားနှင့် ဆင်ခြင်တွေးဆကာ လိုက်နာယူဆသင့်လေသည်။

မာရ်နတ်ဟူသော သတ္တဝါကို ဗုဒ္ဓဝါဒီတိုင်းပင် မိစ္ဆာနတ်ဆိုးတပါးအဖြစ် သိနားလည်ကြလေသည်။ ဗုဒ္ဓဝါဒစာပေတို့၌လည်း မာရ်နတ်ဟူသည် ဗုဒ္ဓနှင့် ရဟန္တာ သူမြတ်တို့အား နှောက်ယှက်ဖျက်ဆီးကြောင်းများ ပါရှိလေသည်။ ရှေးဝေဒ ကျမ်းများနှင့် သက္ကဋကျမ်းများတွင် မာရ်နတ်သည် 'နမုစိ' ဟူသော အမည်နာမဖြင့် ပါရှိသည်ဆို၏။ ဗုဒ္ဓဝါဒစာပေတို့၌ မာရ်နတ်နှင့် စပ်လျဉ်းသော အကြောင်းတို့သည် စိတ်သဘာဝနှင့် ကြောင်းကျိုးဆင်ခြင်ပြီး မှန်ကန်သည်ဟု ယူဆရပေမည် ဖြစ်၏။ ဗုဒ္ဓ၏ ဘဝဖြစ်စဉ်၌ ဘုရားအဖြစ် သမ္မာသမ္ဗောဓိဉာဏ် ရအံ့ဆဲဆဲတွင်၎င်း၊ ဘုရားဖြစ်ပြီးစတွင်၎င်း၊ မာရ်နတ်သည် ဗုဒ္ဓအား တိုက်ခိုက်ဖျက်ဆီးကြောင်းတို့ကို ဗုဒ္ဓဝင်တို့၌ ပြဆိုထားသည်ကို ဗုဒ္ဓဝါဒီတိုင်း သိကြသည်။

နိကာယ်ပိဋကတ်တို့တွင် ခုဒ္ဒကနိကာယ် ဖြစ်သော "သုတ္တနိပါတ် ပါဠိတော် ပဓာနသုတ်" ၌ကား မာရ်နတ်ဖျက်ဆီးသည်ဆိုသော အကြောင်းအရာတို့ကား- "အသျှင်ဘုရားသည် ကြုံလှီလှပါ၏။ အဆင်းမလှတော့ပါ။အသျှင်၏သေခြင်းသည် နီးကပ်လှပါ၏။ အရှင်၏ အသက်ရှင်ခြင်းသည် တထောင်ပုံ တပုံသာ

ရှိ၏။ အသက်ရှင်နေပါလော့။ အသက်ရှင်ရခြင်းသည် မြတ်၏။ အသက်ရှင်နေရသော် ကောင်းမှုတို့ကို ပြုရပါလိမ့်မည်။ တရားအားထုတ်မှုဖြင့် အဘယ်ပြုလိမ့် မည်နည်း။ တရားအားထုတ်ရန်ခရီးသည် အသွားခက်လှ၏။ ပြုနိုင်ခဲ၏။ ဖြစ်နိုင်ခဲ၏” ဤသို့ မာရ်နတ်သည် ရွတ်ဆိုကာ ဗုဒ္ဓအနီး၌တည်၏။ ပဓာနသုတ်၌ပါသော နေရဥ္စရာ မြစ်နား၌ ရောဂကုန်ရာနိဗ္ဗာန်သို့ ရောက်ခြင်းငှါ အလွန်အားထုတ်နေသော ဗုဒ္ဓအား မာရ်နတ် ဖျက်ဆီးသည်ဆိုသော စကားသည် ဤမျှသာဖြစ်၏။ ထိုအခါ ဗုဒ္ဓက “မေ့လျော့မှု၏မိတ်ဆွေဖြစ်သော မာရ်နတ်ယုတ်၊ ဤအရပ်သို့လာခြင်းကား သင့်အကျိုးအတွက်သာဖြစ်၏။ အနုမြူမျှလောက်သော (သင့်) ကောင်းမှုတို့ကို ငါအလိုမရှိ။ ငါ့အား ယုံကြည်မှု၊ သဒ္ဓါ၊ ဝီရိယ၊ ပညာ တို့သည် ရှိ၏။ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသူငါ့အား အဘယ်ကြောင့် အသက်ရှင်ခြင်းကို မေးတုန်ဘိသနည်း။ ငါ၏ကိုယ်၌ဖြစ်သော ဝီရိယအဟုန်သည် ဤမြစ်ရေတို့ကိုသော်လည်း ခမ်းခြောက်စေနိုင်၏။ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသူ ငါ၏သွေးကိုကား အဘယ်ကြောင့်လျှင် မခမ်းခြောက် စေဘဲ ရှိအံ့နည်း။ သွေး ခမ်းခြောက်လတ်သော် သည်းခြေသည်၎င်း၊ သလိပ်သည်၎င်း ခမ်းခြောက်၏။ အသားတို့သည် ကုန်ခမ်းကုန်သော် စိတ်သည် ရှေးကသက် လွန်စွာ ကြည်လင်၏။ သတိ၊ ပညာ၊ သမာဓိသည် ငါ့အား လွန်စွာတည်၏။ ဤသို့ လွန်မြတ်သော ဝေဒနာသို့ရောက်၍နေသော ငါ၏စိတ်သည် ကာမတို့ကို အလိုမရှိ၊ သတ္တဝါ၏ စင်ကြယ်သည့်အဖြစ်ကို ရှုလော့။

ကာမတို့ကို သင်၏ပဌမ စစ်သည်ဟူ၍၎င်း၊ မမွေ့မလျော်ခြင်းကို ဒုတိယစစ်သည်၊ မွတ်သိပ် ဆာလောင်ခြင်းကို တတိယစစ်

သည်၊ တပ်မက်မှု တဏှာကို စတုတ္ထစစ်သည် ထိနမိဒ္ဓကို ပဉ္စမ စစ်သည်၊ ကြောက်လန့်မှုကို ဆဋ္ဌမစစ်သည်၊ ယုံမှားမှုကိုသတ္တမ စစ်သည်၊ သူ့ကျေးဇူး ခြေဖျက်မှုကိုဂုဏ်း၊ မာန်ကိုဂုဏ်း အဋ္ဌမ စစ်သည်၊ မမှန်မကန် ရအပ်သော ပူဇော်သက္ကာရ အခြံအရံကို နဝမစစ်သည်၊ မိမိကိုယ်ကို ချီးပမှု၊ သူတပါးကို ရှုတ်ချမှုတို့ကို ဒသမ စစ်သည်ဟူ၍ ဆိုအပ်၏။

ထို့ကြောင့် ငါသည် မဆုတ်နစ်ခြင်း အမှတ်အသား ဖြူဆန် မြက်ကို ဆောင်ထား၏။ သင့်အား စစ်ရှုံးသော ငါ၏ အဖြစ် သည် အသက်ရှင်နေရခြင်းထက် သေခြင်းကမြတ်၏။ သင်၏ ဤ စစ်သည်တို့၌ သမဏ ဗြာဟ္မဏ အချို့တို့သည် နစ်မြုပ်ကုန်၏။ ငါ့ကို တည်ရာဌာနမှ မရွေ့လျောပါစေလင့် ဟူ၍ ထက်ဝန်းကျင် မှ စစ်ထိုးရန်ထွက်သောသင်၏စစ်သည်အပေါင်းနှင့် ဂိရိမေခလာ ဆင်နှင့်တကွသော သင်မာရ်နတ်ကို စစ်ထိုးရန် ရင်ဆိုင်ထွက်ခဲ့၏။ နတ်နှင့်တကွသော လောကသည် သင့်စစ်သည် အပေါင်းကို ခုခံ နိုင်စွမ်းမရှိပါပေ။ ငါကားမီးမဖုတ်ရသေးသော မြေအိုး မြေခွက် တို့ကို ကျောက်ဖြင့် ထုနှက် ချေဖျက်သကဲ့သို့ သင်၏ ထို စစ်သည် ဗိုလ်ပါတို့ကို ပညာဖြင့်ဖျက်ဆီးအံ့။ ငါသည် မှန်ကန်သော ကြံ စည်မှု 'သမ္မာသင်္ကပ္ပ' ကို လေ့လာခြင်းပြုလျက်၊ မှန်ကန်သော အောက်မေ့မှု 'သမ္မာသတိ' ကို ကောင်းစွာတည်စေလျက် များ စွာသော တပည့်သာဝကတို့ကို ဆုံးမကာ တိုင်းပြည်တခုမှ တိုင်း ပြည်တခုသို့ လှည့်လည်တော့အံ့။ ငါ၏အဆုံးအမကို လိုက်နာကြ ကုန်သော တပည့်သာဝကတို့သည် မမေ့မလျော့ကုန်ဘဲ နိဗ္ဗာန် သို့စိတ်စေလွှတ်လျက် မတပ်မက် အလိုမရှိကြကုန်သည် ဖြစ်၍

မစိုးရိမ် မပူဆွေးရသော အကြွင်းနိဗ္ဗာန်သို့ ရောက်ကုန်လတ္တံ့"။ (သုတ္တနိပါတ်၊ မဟာဝဂ်-ပဓာနသုတ်။)

ဗုဒ္ဓအား သဗ္ဗညု ဖြစ်အံ့နီးနီးအခါ၌ မာရ်နတ်ဖျက်ဆီး စစ်ထိုးသည်ဆိုသော အကြောင်းအရာသည် ဤမျှသာ လာလေသည်။ မာရ်နတ်၏ စစ်သည်ဗိုလ်ပါတို့ အလွန်အားကြီးသော အဖြစ်ကို ထင်ရှားသိသာစေလိုသဖြင့် ဂီရိမေခလာဆင်ဟူ၍ ထင်ရှားသော ဥပမာနှင့် လူတို့နားလည်အောင် ဗုဒ္ဓ ဟောကြားခဲ့လေသည်။

ဗုဒ္ဓသည် လူတို့သုံးစွဲ ပြောဆိုကြသော ဝေါဟာရ တို့ဖြင့်သာ သုံးစွဲ ဟော ပြော ကြောင်း ကို သိနားလည် ထားသင့်သည်။ မာရ်နတ်၏ ဆယ်ပါးသော စစ်သည်တို့သည်လည်း ဗုဒ္ဓနှင့်တပည့်သာဝက သူတော်မြတ်တို့အား ကောင်းမြတ်သော လောကုတ္တရာ အလုပ်မှ အားလျော့ ဆုတ်နစ်စေတတ်သော စိတ် သဘာဝ တရားများ ဖြစ်သည်ကို တွေ့ရလေသည်။ ဗုဒ္ဓ၏ အောင်မြင်မှုသည်လည်း သတိ၊ ပညာ၊ ဝီရိယ၊ သမာဓိ စသော မြင့်မြတ်စင်ကြယ်သည့် လောကုတ္တရာ စိတ်သဘာဝများသာဖြစ်သည်။ ထို့ထက် အလွန် အဆန်းတကြယ် အံ့ဩစရာများ မည်သို့မျှ မပါရှိချေ။

ထို့ကြောင့် မာရ်နတ်သည် ယနေ့ဗုဒ္ဓဝါဒီတို့ ထင်မြင်ယူဆသကဲ့သို့မဟုတ်ဘဲ တမျိုးသော အချင်းအရာတခုသာဖြစ်ပေမည်။ ကျွန်ုပ်တို့သည် မာရ်နတ်အား ဝသဝတ္တီနတ်ပြည်၏ နတ်ဘုရင်ကြီးတဆူ အဖြစ်သာမကဘဲ ဗုဒ္ဓနှင့် ဗုဒ္ဓ သာဝကတို့အား နိဗ္ဗာန်အကျိုးငှာ အားထုတ် ကျင့်သုံး ဆောက်တည်ရာ၌ အနှောက်အရှက် အဖျက်အဆီး ပြုတတ်သော လူ့ စိတ်သဘော သဘာဝ

တခု ဖြစ်ကောင်းဖြစ်မည်ဟုလည်း ယူဆနိုင်လေသည်။ မာရ်နတ်သည် ဤပစ္စခုန သုတ်လာ သဘောတရား အချင်းအရာမှတပါး ဆင်ကြီးကို အကျအနစီး၍ လက်ရုံးပေါင်းတထောင်နှင့်ကြောက်စရာ စစ်သည် သတ္တဝါအမျိုးမျိုး လက်နက် အထွေထွေ တို့နှင့် ဗောဓိပင်ရင်းမှ ဗုဒ္ဓအား တိုက်ခိုက်နေသောပုဂ္ဂိုလ်မဟုတ်သည်ကား အမှန်ပင်ဖြစ်လေသည်။

မြန်မာနိုင်ငံ ဘုရားပုထိုး ကျောင်းကန်စရပ် စသည်တို့၌ ရေးသား ခြယ်မှုန်းထားသော ဗုဒ္ဓဝင် ပန်းချီကားများတွင် မာရ်နတ်ကို ဗုဒ္ဓ အောင်မြင်ခန်းများ၌ ပါရှိသော မာရ်နတ်၏ ပုံသည် ပိဋကတ်စာပေတို့၌ လာရှိသည်တို့နှင့် ခြားနားလှသည်။ ကျားကြီးများ၊ မြွေကြီးများ၊ သုားရဲ သဘက် သတ္တဝါကြီးများ၏ ကိုက်အုံမူးမူးနှင့် လက် လေး ငါး ခြောက်ဖက် တို့တွင် လက်နက်များကို ကိုင်ထားသော မာရ်နတ် စစ်ထိုးပုံများသည် ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒအတွက် လုံးဝမသင့်လျော် မအပ်စပ်လှချေ။ ဗုဒ္ဓ အပေါ် အလွန် ကြည်ညိုသော အချင်းအရာသည် ကောင်းမွန်သော်လည်း အလွန်အကျူး မလျော်မကန် အဆန်းတကြယ်ပြုမူခြင်းသည်ကား ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒအဖို့ ကောင်းသော အကျိုးကိုဖြစ်စေနိုင်မည်မဟုတ်ချေ။ ဗုဒ္ဓနှင့် ဗုဒ္ဓအကြောင်းအရာကိုအမှန်အကန် သိမြင်လိုသူသည် အဋ္ဌကထာ ဗုဒ္ဓဝင်တို့နှင့်သာ နှစ်သိမ့်မနေဘဲ ဗုဒ္ဓဝါဒ၏ ရှေးကျသော ပိဋကတ်များကိုပါ လေ့လာဆင်ခြင်သင့်လေသည်။ သို့မှသာ ဗုဒ္ဓဝင် အဋ္ဌကထာတို့တွင် ပါရှိသည်များကို ပိဋကတ်နှင့် နှိုင်းယှဉ် ကြောင်းကျိုးဆင်ခြင်၍ ဗုဒ္ဓ၏ အကြောင်းအရာ ဘဝဖြစ်အင်ကို မှန်ကန်စွာ သိရလေမည်သာ ဖြစ်ပေသည်။

## ၂။ ဗုဒ္ဓအကြောင်း

ဗုဒ္ဓ၏ဘဝဖြစ်စဉ် အကြောင်းတို့နှင့် စပ်လျဉ်း၍ပိဋကတ်၌ပါရှိသည်မှာ နည်းလှလေသည်။ ဗုဒ္ဓအကြောင်းတို့မှာ အစီအစဉ်တကျ အဆက်အစပ် တည့်တည့်မဟုတ်ပဲ ပိဋကတ်၏အချို့သောသုတ္တန်အနည်းငယ် တို့တွင်သာ ပါရှိလေသည်။ အခြားသောကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတို့၏အကြောင်းကိုယနေ့အတော်အတန်မှန်ကန်စွာ ပြည့်ပြည့်စုံစုံ သိနိုင်သော်လည်း ဗုဒ္ဓအကြောင်းကိုကား ထိုကဲ့သို့မသိနိုင်ချေ။ စင်စစ်ထိုသို့ ဖြစ်ရခြင်းသည်လည်းရှေးအခါက ဗုဒ္ဓသာဝကများသည် ဗုဒ္ဓ၏ အကြောင်းထက် ဗုဒ္ဓဟောကြားသော ဒေသနာ ဓမ္မများကိုသာ ပဓာန အရေးထားသောကြောင့်ဖြစ်လေသည်။ ဤသို့ဗုဒ္ဓ တပည့် သာဝကတို့ သဘောထား ယူဆသည်မှာလည်း အံ့ဩစရာ မဟုတ်ချေ၊ အမှန်အားဖြင့် ဗုဒ္ဓသည် ပုဂ္ဂိုလ်ထက် ဓမ္မကိုသာအဓိက အရေးထားပြီးဟောခဲ့ သောကြောင့် ဖြစ်လေသည်။ ဝက္ကလိရဟန်းကို ဗုဒ္ဓဆိုဆုံးမခြင်းသည် ပုဂ္ဂိုလ်ထက်ဓမ္မကိုသာ ဗုဒ္ဓက အဓိက ဦးစားပေးကြောင်း သိသာလေသည်။ ထို့ကြောင့်ပင် ယနေ့ဗုဒ္ဓအကြောင်းကို ဗုဒ္ဓနှင့် မရှေးမနှောင်းပေါ်ခဲ့သောပုဂ္ဂိုလ်များ၏ အကြောင်းတို့လောက်စုံစေ့စွာမသိရခြင်းဖြစ်လေသည်။ ထိုသို့ပင်ဖြစ်သော်လည်းပိဋကတ်ပါဗုဒ္ဓအကြောင်းကိုကား ယနေ့သိသင့်လေသည်။ အထူးအားဖြင့် ဗုဒ္ဓ၏ သဘောသဘာဝ ဆိုဆုံးမမှု ဟောကြားမှုစသည်တို့ကို ယနေ့ဗုဒ္ဓဝါဒီ တိုင်းသိသင့် လေသည်။ ထို့ကြောင့်ပင် ပိဋကတ်တွင်ပါသောဗုဒ္ဓ၏အကြောင်း သဘာဝအချို့တို့ကိုဖော်ပြရေးသား လိုက်ပါသည်။

ဗုဒ္ဓသည် သာဝကရဟန်းသံဃာများနှင့် အတူမိုးရာသီမဟုတ်သောအခါတို့၌ တနေရာမှတနေရာ၊ တမြို့မှတမြို့သို့ လှည့်လည်တရားဟောကြားလေသည်။ မိုးရာသီ၌ကား ဗုဒ္ဓသည် ရောက်ရှိသောနေရာ ဌာနတွင် မိုးခိုရင်း နားနေလေသည်။ ထိုသို့မိုးရာသီနားရာ၌ သာဝကရဟန်းအချို့တို့သည် ဗုဒ္ဓနှင့်အတူတကွရှိနေကြသလို၊ အချို့သောရဟန်းတို့သည်လည်းအနီးအပါးနေရာဌာနတို့တွင်မိမိတို့ သီတင်းသုံးဖေါ်ချင်း အတူတကွ နားနေကြလေသည်၊ တခါတရံ၌ဗုဒ္ဓသည် သာဝတ္ထိ၊ဝေသာလီ၊ရာဇဂြိုဟ်စသောမြို့ကြီးတို့တွင် အတန်ကြာကြာ နေတော်မူလေ့ရှိသည်။ များသောအားဖြင့်ကား ဗုဒ္ဓသည် တမြို့မှတမြို့၊ တရွာမှတရွာသို့ လှည့်လည်တရားဓမ္မဟောကြားသည်သာဖြစ်သည်။ စင်စစ်တနေရာ တဌာနတည်းတွင် အတည်တကျ သီတင်းမသုံးပဲ ထိုသိုလှည့်လည် ဟောပြောခြင်းလည် လောကုတ္တရာအကျိုးစီးပွား ငြိမ်းအေးရာနိဗ္ဗာန်ကိုလိုလားသူတို့ အကျိုးအတွက်သာ လှည့်လည်ဟောပြောခြင်းဖြစ်သည်။ ဤအကြောင်းသည် ပွင့်သစ်စ ဗုဒ္ဓဘုရားအဖြစ်၌ ဗုဒ္ဓမိန့်ကြားသော "ငါသည်မှန်ကန်သော ကြံစည်မှု 'သမ္မာသင်္ကပ္ပ' ကို လေ့လာခြင်းရှိသည်ကိုပြုလျက်၊ မှန်ကန်သောအောက်မေ့မှု 'သမ္မာသတိ' ကိုလည်း ကောင်းစွာ တည်သည်ကိုပြု၍များစွာသော တပည့်သာဝကတို့ကို ဆုမ္မလျှက် တိုင်းပြည်တခုမှ တိုင်းပြည်တခုသို့ လှည့်လည်တော့အံ့"။ "ငါ၏အဆုံးအမကို လိုက်နာကြကုန်သော ထိုတပည့်သာဝကတို့သည် မမေ့ မလျော့ကုန်ပဲ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကုန်လျက် ဘဝသုံးပါးကို အလိုမရှိကြကုန်သည်ဖြစ်၍ အကြင်နိဗ္ဗာန်သို့ ရောက်ကုန်သည်ရှိသော် မစိုးရိမ်ရကုန်၊ ထိုနိဗ္ဗာန်သို့ရောက်ကြကုန်လတ္တံ့"(သုတ္တနိပါတ်၊

မဟာဝဂ်-ပဓာနသုတ်) ဤသုတ္တန်လာ စကားတို့ဖြင့် ထင်ရှား လေသည်။

ဗုဒ္ဓသည် မိမိ၏ တပည့်သာဝက ရဟန်းသံဃာကို လေးစား လေသည်၊ အပြုအမူတို့သည်ပင် မိမိ၏ တပည့်သာဝကများဟူ၍ ထယ်ဝါစွာမပြုချေ။ နှစ်လိုဘွယ်သော အပြုအမူဖြင့်သာ လေး စားစွာပြုမူလေသည်။သာဝက ရဟန်းများက ဆန္ဒရှိသောအခါ ရဟန်းများ၏အလိုသို့ လိုက်လျှော့ပြီး တရားဓမ္မဟောကြားသမှု များကိုပင် ပြုတော်မူလေသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓသီတင်းသုံးနေ စဉ်ဖြစ်သည်၊ တနံနက်၌ ဗုဒ္ဓသည် သင်္ကန်းကိုပြင်ဝတ်၍ သာဝတ္ထိ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလေသည်၊ ထိုအခါ ရဟန်းများတို့ သည် အရှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီး "ငါ့အသျှင် အာနန္ဒာ ငါတို့သည် မြတ်စွာဘုရား မျက်မှောက်တော်၌ တရားစကားနာ ကြားလို၍ပါကုန်၏"ဟု ဆိုလျှောက်ကြကုန်၏၊ ထိုအခါ အသျှင် အာနန္ဒာက ရဟန်းတို့အား ရမ္မက ပုဏ္ဏား၏ သင်္ခမ်းကျောင်းမှ စည်းဝေးစောင့်ဆိုင်းနေရန် ပြောကြားလေသည်။

ဗုဒ္ဓသည် ဆွမ်းခံရာမှ ဖဲခွာခဲ့ပြီး ဆွမ်းဘုဉ်းပေးတော်မူကာ အသျှင်အာနန္ဒာအားခေါ်တော်မူပြီး ပုဗ္ဗာရုံကျောင်းဝိသာခါ၏ ပြဿဒ်သို့ နေသန့်ခြင်းငှာ ကြွတော်မူ၏၊ ညနေချမ်းအချိန်၌ ဗုဒ္ဓ သည်ကိန်းအောင်းရာမှထတော်မူပြီး အသျှင် အာနန္ဒာကိုခေါ်၍ အရှေ့တံခါးမုခ် ရေချိုးဆိပ်၌ ကိုယ်တို့ကို ရေသွန်းလောင်းလျက် ချိုးတော်မူ၏၊ ရေချိုးပြီးလျှင် တ ထည် တည်း သော သင်္ကန်း (သင်းပိုင်-ခါးဝတ်)ရှိလျက်ကိုယ်မှရေတို့သည်ခြောက်စေရန် ရပ် တော်မူ၏။ ထိုသို့ကိုယ်မှ ရေစက်ရေပေါက်များ သွေ့ရန် ရပ်

တော်မူနေသော ဗုဒ္ဓအား အသျှင်အနန္ဒာသည် "အသျှင်ဘုရား ရမ္မက ပုဏ္ဏားဏ်၏ သင်္ခမ်းကျောင်းသည် မဝေးလွန်းပါ၊ မွေ့လျော်ဖွယ်ရှိပါ၏၊ ကြည်နူးဖွယ်ရှိပါ၏။" စသည်ဖြင့် သင်္ခမ်းကျောင်းသို့ကြွ၍ တရားစကား ဟောကြားရန် လျှောက်ထားလေသည်၊ ဗုဒ္ဓသည် ရမ္မက ပုဏ္ဏား၏ သင်္ခမ်းကျောင်းသို့ကြွ၏။

ထိုအခါ သင်္ခမ်းကျောင်း၌ များစွာကုန်သော ရဟန်းတို့သည် တရားစကား ဆွေးနွေးလျက် အညီအညွတ် စည်းဝေးကာထိုင်နေကြကုန်၏၊ ဗုဒ္ဓသည် ရဟန်းတို့၏ စကား မပြီးဆုံးသေးသဖြင့် မဝင်သေးပဲ တံခါးမုခ်အပြင်၌ ရပ်လျက် စကားပြီးဆုံးခြင်းကို စောင့်နေတော်မူ၏၊ ရဟန်းတို့ စကားပြီးဆုံးသော အခါမှသာ တံခါးရွက်ကို ခေါက်တော်မူလေသည်၊ ရဟန်းတို့က ဗုဒ္ဓအား တံခါးဖွင့်ပေးကြကုန်၏၊ ဗုဒ္ဓသည် သင်္ခမ်းကျောင်းတွင်းသို့ ဝင်ပြီး ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူကာ—

"ရဟန်းတို့ ယခုအခါ၌ အဘယ်စကားကို ဆွေးနွေးလျက် အညီအညွတ်စည်းဝေး ထိုင်နေကြကုန်သနည်း၊သင်တို့၏အကြား စကားသည် အဘယ်နည်း" (ဗုဒ္ဓမကြွလာမီ ဆွေး နွေး သော စကားကို 'အကြားစကား')။

"အသျှင်ဘုရား၊ မြတ်စွာဘုရားကိုသာလျှင် အကြောင်းပြု၍ ဖြစ်သောတရားစကားသည် အကျွန်ုပ်တို့၏အကြားစကားပင်ဖြစ်ပါ၏"ဟု ရဟန်းတို့က လျှောက်ကြားကြလေသည်၊ ထိုအခါ ဗုဒ္ဓသည် မိမိ၏ ဘုရားမဖြစ်မီ တရားရှာဖွေကျင့်သုံး အားထုတ်ကြောင်းများနှင့် ရဟန်းတို့၏ အကျိုးအားလျော်သော တရားတို့ကို ဟောကြားလေသည်။ (မဇ္ဈိမနိကာယ်—ပါသရာသိသုတ်)။

ဗုဒ္ဓသည် များသောအားဖြင့် ညချမ်း အခါများ တွင် သာ တရားဟောကြားလေသည်။ ဗုဒ္ဓ၏ တရားဓမ္မ ဟော ကြား နေ သောအခါ ဗုဒ္ဓ၏အသံတော်မှ တပါး အခြားသောတပည့်သာ ဝကတို့၏ စကား ပြောသံ စသည်တို့ မရှိချေ။ အကယ်၍ ဗုဒ္ဓ ဟောကြားသော တရားစကားကို အဓိပ္ပါယ် မရှင်းလင်းသော ရဟန်းရှိပါက သက်န်းကို သပ္ပါယ်စွာရုံ၍ မတ် တတ် ရပ် လျက် ဗုဒ္ဓကိုလက်အုပ်ချီကာ ဗုဒ္ဓအားမေးလျှောက်လေသည်။ ထိုအခါ ဗုဒ္ဓသည် နားလည်သိမြင်လာအောင် ဟော ကြား တော် မူ လေ သည်။

တရားဓမ္မဟောသည်မှာ ကြာမြင့်၍ ဗုဒ္ဓ ညောင်းညာတော် မူလျှင် အသျှင်သာရိပုတြာ၊ အသျှင်အာနန္ဒာ၊ အရှင်မောဂ္ဂလန် စသော သာဝကကြီးများက ဆက်လက်၍ တရားဓမ္မဟောကြား လေသည်။

ဗုဒ္ဓ၏တပည့် သာဝက ရဟန်းများထည်းမှ ရဟန်းတပါးပါး သည် ဗုဒ္ဓဟောကြားသောတရားဓမ္မကိုအယူအဆကွဲလွဲမှားယွင်း နေပါက ထိုအကြောင်းကို ကြားသိကြသော မထေရ်ကြီးများ သည် ထိုရဟန်းအား မေးစိစစ်ပြီး ဗုဒ္ဓဆိုလိုသော အယူအဆ အမှန်ကို ပြောဟောကြလေသည်။

ထိုသို့ ပြောဟော၍ အယူအဆလွဲမှားသူ ရဟန်းသည် ဝန်ခံ ပြုပြင် လိုက်နာပါက ပြီး လေ သည်။ ထိုသို့ သီတင်း သုံးဖော် မထေရ်တို့၏ ဆိုဆုံးမစကားကို မနာယူပဲ ဆက်လက်၍ အယူအဆ ရှိနေပါက ဗုဒ္ဓထံသို့ ကြားလျှောက်ပြီး ခေါ် ဆောင် ကြလေ သည်။ ထိုအခါ ဗုဒ္ဓသည် မိမိဟောကြားသောတရားမွေပင်ဖြစ် သော်လည်း တဖက်သတ်ကျကျ မဆုံးဖြတ်ချေ။

"ရဟန်း သင့်အား ဤသို့သဘောရှိသော အယူမှားသည်ဖြစ်ပေါ်နေသည်ဟူသည် မှန်သလော"?

"ဤအရာ၌ သင်၏အယူအဆ ပြောဆိုခြင်းသည် အဘယ်နည်း"?

"ရဟန်း အဘယ်မည်သောသူအား အဘယ် အခါက ငါဘုရား ဤသို့တရားဟောထားအပ်သည်ကို သင် သိသနည်း"?

"ရဟန်း သင်၏ ဤသို့ အမှားယူဆခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲရာရောက်၏။ မိမိကိုယ်ကိုလည်း ဖြိုဖျက်ရာရောက်၏"

"ငါရဟန်းတို့ကို မေးပါဦးအံ့၊ ရဟန်းတို့ ဤသို့ပင် သင်တို့သည်လည်း ငါ တရား ဟော ထား ဘူး သည် ကို သိ ကြ ကုန်သလော?"။

ဤသို့ပင် ဗုဒ္ဓသည် အားလုံးသော ရဟန်းသံဃာ အပေါင်းတို့ကို မေးမြန်းဝေဖန်ပြီး အမှားယူဆခြင်းတို့ကိုဖြေဖျောက်လေသည်။ မည်သည့်အခါမှ မိမိ တပါးတည်း၏ ဆန္ဒဖြင့်တဖက်သတ် ကျကျမဆုံးဖြတ်ချေ။ ထိုသို့ အလွန်ဆိုးဝါးစွာ အယူအဆ မှားယွင်းနေသော ရဟန်းအား အလွန်နင့်နဲစွာမဆိုချေ။ (မင်္ဂဖိုလ်မှ အချည်းနှီးဖြစ်သောယောကျ်ား)ဟူ၍သာ ဆိုတော်မူလေသည်။ "မဇ္ဈိမနိကာယ်လ် မဟာတဏှာသင်္ခါယသုတ်"ကို ကြည့်လျှင်ပင် ထင်ရှားစွာသိနိုင်သေသည်။ ဤသို့သောအကြောင်းသည် ပိဋကတ်တို့တွင် အများ အပြား ပါရှိလေသည်။ အထူးအားဖြင့် ဝိနည်းပိဋကတ်တွင်သိသာလှလေသည်။

ဗုဒ္ဓနှင့် သာဝကတို့သည် စည်းဝေး ဟောပြော နေစဉ် တို့၌ အလွန်တိတ်ဆိတ်ငြိမ်သက်စွာနေကြလေသည်၊ စင်စစ်ကား ဗုဒ္ဓနှင့် သာဝကတို့သည် တိတ်ဆိတ်မှုကို နှစ်သက် မြတ်နိုးသူများ

ဖြစ်သည်။ ထိုဗုဒ္ဓ၏သာဝကအများတို့သည် ဗုဒ္ဓမျက်မှောက်၌ အလွန်လျှင်သိမ်မွေ့ တိတ်ဆိတ်စွာ ငြိမ်ငြိမ်သက်သက် နေကြခြင်းသည် ဗုဒ္ဓအားအလွန်ကြည်သို လေးစားသောကြောင့်သာ ဖြစ်သည်။ အရေးအတွက်မည်မျှများပြားသည်ဖြစ်စေ၊ ငြိမ်သက်တိတ်ဆိတ်မှုသည် ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့၏ ထူးခြားသောအချက်ဖြစ်သည်။ ဤအကြောင်းသည် ဒီဃနိကာယ်၌ ထင်ရှား၏။

ထိုအခါက မဂဓတိုင်း ဇီဝက၏ သရက်ဥယျာဉ်တွင် ဗုဒ္ဓသည် ရဟန်းပေါင်း 'တထောင့်နှစ်ရာ့ငါးဆယ် (၁၂၅၀)တို့နှင့်အတူ ညချမ်းအခါ သီတင်းသုံးနေတော်မူ၏။ ထိုညကား လမင်းသည် မိမိ၏ဝင်းပရွှန်းမြသောအသရေကို အစွမ်းကုန်ထွန်းလင်းစေကာ သာသာလှသော ညတညဖြစ်သည်။ ဝင်း ဝင်း တောက် သော လမင်းသည် ပြာကြည်သော မိုးအာကာပြင်မှ သရက်ဥယျာဉ်တွင်း ၌သီတင်းသုံးနေတော်မူသည့် ဗုဒ္ဓနှင့် ရဟန်းအများတို့ကို ကော်ယော်ညွှတ်နူးနေဟန်ရှိသည်။ ထိုအခါ အဇာတသတ်မင်းသည် ဇီဝက၏ လျှောက်တင်သော စကားအရ ဗုဒ္ဓအားတွေ့ဆုံရန် မောင်းမငါးရာ ဆင်ငါးရာတို့နှင့် မိမိကိုယ်တိုင် စီးတော်ဆင်ကိုစီးကာ မီးရှူးမီးတိုင်များ ကိုင်စေလျက် ကြီးစွာသောမင်း၏ အသရေဖြင့် ဗုဒ္ဓရှိရာ ဇီဝက၏သရက်ဥယျာဉ်သို့ သွားလေသည်။ ဇီဝက၏သရက်ဥယျာဉ်သို့ ရောက်သောအခါ အဇာတသတ်မင်းသည် ထိတ်လန့်တုန်လှုပ်လေသည်။ ရဟန်းအပေါင်း ၁၂၅၀-နှင့် ဗုဒ္ဓသီတင်းသုံးနေတော်မူသည်ဆိုသော်လည်း သရက်ဥယျာဉ်ကြီးသည် ဆိတ်ငြိမ်လှသည်၊ လရောင် ဝင်းဝင်းကသာ သရက်အကိုင်းအခက် အရွက်ကြားတို့မှ ပြောက်ပြောက် ကြားကြား မြေသို့ဆိုးကျနေလေသည်။

"အချင်းဇီဝက ငါ့ကိုမလှည့်ပတ်သည် မှန်သလော၊ မဖြား ယောင်းသည်မှန်သလော၊ ရန်သူတို့အား မအပ်နှင်းသည် မှန်သ လော၊ တထောင့်နှစ်ရာ ငါးကျိပ်မျှရှိသော ရဟန်း သံဃာ ၏ ချေဆတ်သံ၊ ချောင်းဟန့်သံ၊ စကားပြောသံ သည် အဘယ် ကြောင့် မဖြစ်ဘိသနည်း"ဟု ဇီဝကအားမေးလေသည်။ ဗုဒ္ဓနှင့် ရဟန်းသံဃာတို့ တိတ်ဆိတ်ငြိမ်သက်စွာ သီတင်းသုံး နေခြင်းကို ပင် အဇာတသတ်သည် မိမိအား ဇီဝကလှည့်ပတ် ဖြားယောင်း သည်ဟုပင် ထင်မှတ် မှားမိလေသည်။ ဗုဒ္ဓအားတွေ့၍ ရှိခိုးဖူး မျှော်ပြီးသောအခါ အဇာတသတ်သည် သိမ်မွေ့ ငြိမ်သက်စွာ နေသော ရဟန်းသံဃာကို အလွန်ကြည်လင် ငြိမ်သက်သော ရွှေ ရေအိုင်ကြီးကဲ့သို့ ထင်မြင်ဟန်ရှိ၏။

"ယခုအခါ ရဟန်းသံဃာသည် ငြိမ်သက် သိမ်မွေ့ခြင်းနှင့် ပြည့်စုံပါ၏။ ငါ၏သား ဥဒယဘဒ္ဒ မင်းသားသည် ဤသို့ ငြိမ် သက် သိမ်မွေ့ပါစေသတည်း"ဟု မိမိချစ်ရသော ရင်နှစ်သား ဆိုးလေးအတွက် ဥဒါန်းကျူးရင့် မိသေးသည်။ (ဒီဃနိကာယ်၊ သာမည ဖလသုတ်)။

ဗုဒ္ဓသည် တိတ်ဆိတ်မှုကို လိုလားနှစ်သက်သော ပုဂ္ဂိုလ်ဖြစ် လေသည်။ မိမိ၏ တပည့်သာဝကတို့ အားလည်း အထူးအားဖြင့် တိတ်ဆိတ် ငြိမ်သက်ခြင်းကို နှစ်သက်စေရန် ဟောကြား လေ ၏။ ရှေးဦး ဗုဒ္ဓဝါဒီ ရဟန်း များ သည် တရား ဓမ္မ အား ထုတ် ကျင့်သုံးရန်အတွက် တောတွင်း၌ သီတင်းသုံးခြင်း၊ လူသူတို့နှင့် မနီးသော ဂူကျောင်း၊ တောင်၊ လှိုဏ်အစရှိသည်တို့သို့ ချဉ်းကပ် နေထိုင်ကြလေသည်။ တိတ်ဆိတ်ငြိမ် သက်ခြင်းသည် မဂ်ဖိုလ် နိဗ္ဗာန်အကျိုးငှာ အားထုတ်ကျင့်သုံးရာ၌ အထောက်အကူပြုတန်

သည်။ ထို့ကြောင့်ပင် ဗုဒ္ဓသည် တိတ်ဆိတ်ငြိမ်သက်မှုကို လိုလားခြင်းဖြစ်လေမည်။

အခါတပါး ဗုဒ္ဓသည် စာတုမရွာ ရှစ်ရှားတော၌ သီတင်းသုံးနေတော်မူလေသည်။ ထိုအခါ အရှင်သာရိပုတြာ၊ အရှင်မဟာမောဂ္ဂလန် အမှူးပြုသော ငါးရာသော ရဟန်းတို့သည် ဗုဒ္ဓကို ဖူးမြင်ကြရန် စာတုမရွာသို့ ရောက်လာကြ၏။ ထိုအာဂန္တုဧည့်သည် ရဟန်းတို့သည် ကျောင်းနေ ရဟန်းတို့နှင့် အတူဝမ်းမြောက် ဝမ်းသာ ပြောဆိုခြင်း၊ အိပ်ရာနေရာ ခင်းခြင်း၊ သပိတ်သင်္ကန်း သိမ်းဆည်းခြင်းတို့ကိုပြုကြကုန်သော် ဆူညံသော ကျယ်လောင်သော အသံတို့ဖြင့် ပြောဆို ပြုလုပ် ကြလေသည်။ ထိုအခါ ဗုဒ္ဓက အရှင်အာနန္ဒာအား "အာနန္ဒာ ငါသည်မျာ: ငါးရောင်းရာ၌ကဲ့သို့ ဤကျယ်လောင် ဆူညံသော အသံတို့ကား အဘယ်အသံတို့နည်း ?" ဟုမေး၏။ အရှင်အာနန္ဒာက ပြန်ကြားလျှောက်ထားသောအခါ ဗုဒ္ဓသည် ထိုရဟန်းငါးရာတို့ကို ခေါ်ပြီး ကျောင်းမှ ဝေးရာသို့ သွားကြရန် ပြောလိုက် လေသည်။ (မဇ္ဈိမနိကာယ်၊ စာတုမသုတ်။)

ဗုဒ္ဓကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးစဉ်အခါဖြစ်၏။ သန္ဒကပရိဗိုဇ်သည် ပရိဗိုဇ်ငါးရာ နှင့် အတူပိလက္ခဂူ၌ စကားအမျိုးမျိုးတို့ကို ဆူညံ့ကျယ်လောင်စွာ ပြောဆိုနေကြ၏၊ ထိုအခါ ရဟန်းတို့နှင့်အတူ ဒေဝကတအိုင် ဂူလိုဏ်ကို ကြည့်ရှုရန် ကြွသော အရှင်အာနန္ဒာကို မြင်သောအခါ၊ "အသျှင်တို့ တိတ်ဆိတ်စွာ နေကြပါကုန်လော့၊ အသံမပြု ကုန်လင့်၊ ရဟန်းဂေါတမ၏ တပည့် အရှင်အာနန္ဒာသည်ကြွလာ၏၊ ထိုအရှင်တို့သည် တိတ်ဆိတ်ခြင်းကို အလိုရှိကြ၏၊ တိတ်ဆိတ်

သော မြတ်စွာဘုရားက ဆုံးမထားၡ၏၊ တိတ်ဆိတ်ခြင်း၏ ဂုဏ်ကိုဆိုလေ့ရှိ၏၊ တိတ်ဆိတ်နေသည်ကို သိလျှင် ချဉ်းကပ်သင့်သည်ဟု အောက်မေ့တန်ရာ၏" ဟုဆို၏။ (မဇ္ဈိမနိကာယ်-သန္ဒကသုတ်။)

တခါကလည်း အနာထပိဏ်သူဌေးသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေသော ဗုဒ္ဓနှင့် ရဟန်းသံဃာကို ဖူးမြင်ရန် အခါမဟုတ်သေးသဖြင့် ပရိဗိုဇ်တို့ထံ ချဉ်းကပ်ရန် သွား၏၊ ထိုအခါ ပရိဗိုဇ်တို့သည် စကားပြောဆိုနေရာမှ အနာထပိဏ်သူဌေးကို မြင်လျှင်ပင် "အချင်းတို့ အသံမပြုကြကုန်လင့်၊ ရဟန်းဂေါတမ၏ တပည့်အနာထပိဏ် သူဌေးသည် အရာမ်သို့လာ၏၊ ထိုအရှင်တို့သည် အသံနည်းမှုကို အလိုရှိကုန်၏၊ အသံနည်းအောင် ဆုံးမထား၏၊" စသည်ဖြင့် ပြောဆိုကာ တိတ်ဆိတ်စွာ နေကြလေသည်။ (အင်္ဂုတ္တိုရ်ဒသကနိပါတ်၊ ကိ ံဒိဋ္ဌိကသုတ်။)

ဗုဒ္ဓသည် ထိုခေတ်အခါက အလွန် ကျော်ကြား ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့သော်လည်း ဗုဒ္ဓသည် အခြံအရံအကျော်အစောကို မလိုလား၊ မဆက်ဆံလိုသည်မှာ သိသာလှသည်။စင်စစ်ဗုဒ္ဓသည် တိတ်ဆိတ်မှု၌ ထွက်မြောက်မှု၊ငြိမ်းအေးမှု ချမ်းသာသုခများကို ရရှိခံစား နေရခြင်းကြောင့် ဖြစ်လေသည်။ ထို့ကြောင့်ပင် လောက၏ အခြံအရံအကျော်အစောကို မဆက်ဆံ မလိုလားခြင်း ဖြစ်ပေသည်။ "ထိုစဉ်က ဗုဒ္ဓသည် ရဟန်း အပေါင်း နှင့် အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်စဉ် ကောသလမင်းသား တို့၏ ဣစ္ဆာနင်္ဂလ ပုဏ္ဏားရွာသို့ရောက်၏၊ ထိုရွာသားတို့သည် ဗုဒ္ဓ၏ ဂုဏ်

သတင်းကို ကြားသိသဖြင့် နောက်နေ့နံနက်တွင် များစွာသော လူပုဖွယ်ပစ္စည်းများဖြင့် ဗုဒ္ဓသီတင်းသုံးသော ကျောင်း၏အပြင် ဘက်တံခါး မုခ်၌ဆူညံစွာပြောဆိုပြီး ရပ်တည်နေကြ၏။ထိုအခါ ဗုဒ္ဓသည် အလုပ်အကျွေးဖြစ်သော အရှင် နာဂိတကို မေးမြန်း တော်မူပြီး "နာဂိတ၊ ငါသည် အခြံအရံ အကျော်အစောနှင့် မဆက်ဆံလို၊ အခြံအရံ အကျော်အစောသည်လည်း ငါနှင့်အတူ မဆက်ဆံစေလင့်"ဟု မိန့်တော်မူလေသည်။(အင်္ဂုတ္တိုရ်- အဋ္ဌကနိ ပါတ်၊ ယသသုတ်)။

ဗုဒ္ဓအပေါ်၌ လူတို့သည် အလွန်ပင်လျှင် ကြည်ညိုကြလေ သည်။ ထိုသို့ ကြည်ညိုကြခြင်းသည် ဗုဒ္ဓကိုယ်၎င်း၊ ဗုဒ္ဓ၏ဓမ္မနှင့် သာဝက သံဃာတို့ကို၎င်း လွန်ကဲစွာကြည်ညိုခြင်းဖြစ်လေသည်။ အထူးအားဖြင့်ကား ပသေနဒီ ကောသလမင်းသည် ဗုဒ္ဓကိုအလွန် ကြည်ညိုသူဖြစ်လေသည်။ "ဗုဒ္ဓသက္ကတိုင်း မေဒါဠုပမည်သော သာကီဝင်တို့နိဂုံး၌ သီတင်းသုံးတော်မူစဉ်၊ ပသေနဒီကောသလ မင်းသည် ဥယျာဉ်မြေတို့၏ ရှုမျှော်ခင်းကိုကြည့်ရှုရင်း အလွန် ကောင်းသော သစ်ပင်တို့ကို မြင်သဖြင့် ဗုဒ္ဓကိုအထူးပင် 'သတိ'ရ လေသည်၊ ထိုနောက် ဗုဒ္ဓသီတင်းသုံးရာသို့သွားပြီးလျှင် လွင်ပြင် ၌ စင်္ကြံန်သွားနေသော ရဟန်းတို့ကို ဗုဒ္ဓသီတင်းသုံးရာ ဌာနကို မေးလျှောက်ပြီး ကျောင်းသို့ချဉ်းကပ်ကာ မုခ်ဦးသို့ ဖြေးညှင်း စွာဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကိုခေါက်၏၊ ထိုအခါ ဗုဒ္ဓ က တံခါးဖွင့်ပေးတော်မူ၏၊ ပသေနဒီကောသလ မင်းကြီးသည် ကျောင်းတွင်းသို့ဝင်၍ ဗုဒ္ဓ၏ခြေတော်တို့၌ ဦးခေါင်းဖြင့်ဝပ်၍ ဗုဒ္ဓ၏ခြေတော်ကို ခံတွင်းဖြင့်စုတ်၍လက်တို့ဖြင့်လည်း အဖန်ဖန် သုံးသပ်ဆုပ်နယ်၏။ အသျှင်ဘုရား အကျွန်ုပ်သည် ပသေနဒီ

ကောသလ မင်းပါတည်း၊ အကျွန်ုပ်သည် ပသေနဒီ ကောသလ မင်းပါတည်းဟု အမည်ကိုလည်း ကြားလျှောက်လေသည်။ (မဇ္ဈိမနိကာယ်၊ ဓမ္မစေတီယသုတ်)။ ဗြဟ္မဏကြီး တဦးဖြစ်သော ဗြဟ္မာယု ပုဏ္ဏားသည် စုံစမ်းခိုင်းလိုက်သော တပည့်ဖြစ်သူထံမှ ဗုဒ္ဓ၏ဂုဏ်အင်္ဂါလက္ခာများကို ကြားသိသောအခါ ဗုဒ္ဓရှိတော်မူရာသို့ ရှိသေစွာ လက်အုပ်ချီပြီး ‘နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ’ဟု သုံးကြိမ်တိုင်မှန်းဆပြီး ကြည်နူးစွာ ရှိခိုးပူဇော်လေသည်။ (မဇ္ဈိမနိကာယ်-ဗြဟ္မာယုသုတ်)။ ဗုဒ္ဓအား လူတို့အလွန်အကျူးကြည်ညိုခြင်းတို့သည် ပိဋကတ်တွင် သိသာလှလေသည်။ ထိုသို့ကြည်ညိုသူတို့တွင် ပသေနဒီကောသလမင်းသည် အလွန်ကဲဆုံးသူဖြစ်လေသည်။

သုတ္တန်တခု၌ကား သူကြွယ်တဦးသည် မူးယစ် သောက်စားလျက် ပျော်ပါးနေစဉ် ဗုဒ္ဓအားမြင်သောအခါ အမူးပြေပျောက်သွားသည်ဟုဆိုလေသည်။ “ထိုသူကြွယ်ကား ဟတ္ထိရွာသား ဥဂ္ဂသူကြွယ်ဖြစ်၏”၊ ထိုစဉ်အခါက ဗုဒ္ဓသည် ဝဇ္ဇီတိုင်း ဟတ္ထိရွာ၌ သီတင်းသုံးနေစဉ် ဖြစ်သည်၊ ဥဂ္ဂသူကြွယ်က ရဟန်း တပါးကို လျှောက်ထားသည်မှာ“အသျှင်ဘုရား အကျွန်ုပ်သည် ကံကောင်းတော၌ မူးယစ်သောက်စား လှည့်လည်ပျော်ပါးနေစဉ် မြတ်စွာဘုရားကို ရှေးဦးစွာအဝေးမှမြင်ရ၏၊ အသျှင်ဘုရား မြင်သည်နှင့် တပြိုင်နက်သာလျှင် အကျွန်ုပ်စိတ်သည် မြတ်စွာဘုရားအားကြည်ညိုပါ၏။ သေအရက်မူးယစ်ခြင်းသည်သည်း ပြေပျောက်ပါ၏” ဟုဆိုလေသည်။ စင်စစ်ဗုဒ္ဓအား အလွန်အကျူး ညွတ်နူး ကြည်ညိုသောစိတ်သည် သေရည်အရက် မူးယစ်ခြင်းကိုပင် ပျောက်

လှင့်နိုင်စွမ်းသည်။သာမန် ကြည်ညိုသော စိတ်သဘာဝ မဟုတ်ချေ။(အင်္ဂုတ္တိုရ်၊ အဋ္ဌကနိပါတ်၊ ဒုတိယဥဂ္ဂသုတ်)။

ဗုဒ္ဓသည်အလောင်းတော် လူ့ဘဝကပင်ဆင်ခြင်စဉ်းစားခြင်း၊ အပြန်ပြန်အလှန်လှန် ဝေဖန်သုံးသပ်ခြင်းတို့ကို ပြုတော်မူခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ရဟန်းဘဝနှင့် တောထွက်ပြီး တရားရှာဖွေအားထုတ်ရာ၌လည်း ဝေဖန်သုံးသပ်မှုကို အမြဲလိုပင်ပြုမူ၍ ဆန်းစစ်လေသည်၊ အာဠာရ,ဥဒက,ရသေ့ တို့ထံမှ ရရှိကျင့်သုံးသော စျာန်တရားတို့ကို နိဗ္ဗာန်အကျိုးငှာ မဖြစ်သည်ကို ဆင်ခြင်သုံးသပ်သဖြင့် သိရှိဖဲ့ခွာခဲ့လေသည်။ အလွန်ပြင်းထန်သော ဒုက္ကရစရိယအကျင့်များဖြင့်လည်း သစ္စာလေးပါးကို ထိုးထွင်း၍ မသိမြင်နိုင်ဆိုသည်ကို ဆင်ခြင်၍ သိရှိတော်မူလေသည်။ ထိုသို့ဆင်ခြင်၍ မဇ္ဈိမပဋိပဒါ ကျင့်စဉ်အတိုင်း ကျင့်သုံးမှသာ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ရောက်ရှိလေတော့သည်။ထို့ကြောင့်ပင် ဗုဒ္ဓသည်ရဟန်းတို့အား မိမိကိုယ်ကိုလည်း ဆင်ခြင်ဝေဖန်အပ်၏၊ သူတပါးတို့ကိုလည်း ဆင်ခြင်ဝေဖန်အပ်၏ဟု ဟောကြားခြင်းဖြစ်လေသည်။ သို့မှသာ ဗုဒ္ဓဟောကြားသကဲ့သို့ပင် မိမိ၏ တိုးတက်မှု ဆုတ်ယုတ်မှု၊သူတပါး၏တိုးတက်မှုဆုတ်ယုတ်မှုတို့ကိုမကြာမကြာဆင်ခြင်ခြင်းသည် ကောင်းသော အလေ့အကျင့်အဖြစ် မိမိ၏ အကျိုးစီးပွားအတွက် ဖြစ်မည်ဖြစ်သည်။ "ရဟန်းတို့ ရဟန်းသည် ရံခါရံခါ မိမိ၏ပျက်စီးမှုကို ဆင်ခြင်မှုကောင်း၏၊ ရံခါရံခါသူတပါး၏ ပျက်စီးမှုကို ဆင်ခြင်မှုကောင်း၏၊ ရံခါရံခါ မိမိ၏ ပြည့်စုံမှုကို ဆင်ခြင်မှုကောင်း၏၊ ရံခါရံခါသူတပါး၏ ပြည့်စုံမှုကို ဆင်ခြင်မှုကောင်း၏" (အင်္ဂုတ္တိုရ်-အဋ္ဌကနိပါတ် ဒေဝဒတ္တဝိပတ္တိသုတ်)။

ဗုဒ္ဓသည်ပွင့်သစ်စ ဘုရားအဖြစ်၌ မိမိခဲယဉ်းစွာ ကျင့်သဖြင့် သိအပ်သောတရားကို ဟောကြားတော်မူလိုသော ဆန္ဒရှိတော် မမူချေ။ ထိုသို့ဖြစ်ခြင်းသည် လူတို့၌ ရာဂ ဒေါသ ပြွမ်းတီးလှ၏၊ ဤတရားကိုလည်း လွယ်ကူစွာ သိနိုင်ကြမည်မဟုတ်ချေ၊ လူတို့၏ အမြင်၌ ရာဂဟူသော အမှောင်ဖုံးလွှမ်းနေ၏၊ သိမ်မွေ့နက်နဲ၍ အနူမြူသဖွယ် မြင်နိုင်ခဲသောတရားကို သိမြင်နိုင်ကြမည် မဟုတ်ချေ။ ဗုဒ္ဓသည် ဤသို့ဆန္ဒရှိ၊ စိတ်အကြံဖြစ်မိလေသည်၊ ဤအကြောင်းကို မိလိန္ဒပဉှာ၌ မိလိန္ဒမင်းက လက်တွေ့သမား ဥပမာဖြင့် အသျှင်နာဂသေနအားအဘယ်ကြောင့် တရားမဟောလိုသည်ကို မေးလျှောက်၏၊ အသျှင်နာဂသေနက သုတ္တန်လာ စကားတော်တို့အတိုင်းပင် "တရားတော်သည် အလွန်သိမ်မွေ့ နက်နဲ မြင်နိုင်ခဲ၏၊ သတ္တဝါတို့ကား တဏှာ၌ပျော်ပါး၍ ငါစွဲသက္ကာယ ဒိဋ္ဌိစွဲမြဲစွာယူသဖြင့် ဟောတော်မူလိုခြင်း ဆန္ဒမှ ဆုတ်ယုတ်၏၊" စသည်ဖြင့် ဥပမာများစွာနှင့် ဖြေကြား ထား၏။ (မိလိန္ဒပဉှာ မေဏ္ဍကပဉှာ-ဓမ္မဒေသနာယတပေါသုက္ကပဉှာ) ထိုစဉ်က လူတို့ ငါစွဲကြီးမားသည်မှာမှန်လေသည်။ စင်စစ်အာဖြင့်ပြဟ္မာဝါဒနှင့် အတူ အတ္တအယူသည် လူတို့အားပြင်းစွာ စွဲလန်းလှလေသည်၊ ထို့ကြောင့်လည်း ဗုဒ္ဓသည် ဦးစွာတရားဟောခြင်း၌ ဆန္ဒမရှိခြင်း ဖြစ်လေသည်၊ အမှန်အားဖြင့်ကား ဗုဒ္ဓတရားဓမ္မ ဟောကြားခြင်း သည် သူတပါးတို့၏ အယူတို့ကို ချေဖျက်ရန် မဟုတ်သလို၊ မိမိ၏ တမလွန်ဘဝကောင်းစားရေးနှင့် သက်နှိန်း၊ဆွမ်းကျောင်း၊ အိပ် ရာ နေရာ အခြံအရံစသည်တို့အတွက်လည်း မဟုတ်ချေ၊ စင်စစ် ကား သတ္တဝါတို့၏ အကျိုးငှာသာလျှင် ဟောခြင်းဖြစ်လေသည်၊ ဤအကြောင်းတို့သည် အောက်ပါသုတ္တန်၌ထင်ရှား၏"ရဟန်းတို့

မြတ်စွာဘုရားသည် သတ္တဝါတို့ကို အစဉ် စောင့်ရှောက်တော်မူသည်ဖြစ်၍၊ သတ္တဝါတို့၏ အစီးအပွားကိုရှာမှီးလျက် အစဉ်သနားခြင်းကို အကြောင်းပြု၍ တရားဟောတော်မူ၏၊ တမလွန်ဘဝ၊ဆွမ်း သင်္ကန်း ကျောင်း ဆေးစသည်တို့အကျိုးငှာ ဟောတော်မူခြင်းမဟုတ်ပေ”(မဇ္ဈိမနိကာယ်-ကိဋ္ဌိသုတ် ။

အမှန်ကား ဗုဒ္ဓသည် လာဘ်လာဘ, စသည်တို့ကို မက်မောတွယ်တာသူမဟုတ်ချေ၊ လူ့ဘဝကပင် သာကီယသုဒ္ဓေါဒနမဟာရာဇာ၏ တဦးတည်းသော မင်းသားအဖြစ်၏ စည်းစိမ် ချမ်းသာတို့ကို မတွယ်တာမမက်မောပဲ ရဟန်းပြုတောထွက်ခဲ့ခြင်း ဖြစ်လေသည်။ ဗုဒ္ဓသည် ဘုရားမဖြစ်မီ လူသားဘဝကပင် ဥစ္စာပစ္စည်းတို့၌ တပ်မက်ခြင်းမရှိသည်မှာ ထင်ရှားသည်၊ သို့သော်လည်း ယနေ့ကာလအချို့သော ဗုဒ္ဓဝါဒ သုတေသီပညာရှင် အချို့တို့သည် ဗုဒ္ဓနှင့်ဗုဒ္ဓဒေသနာ ဓမ္မတို့သည် ငွေကြေး ပြည့်စုံသူများ ဖက်မှ ကာကွယ်ထားသည်ဟု ယူဆကြသည်၊ ထိုသူတို့ကား ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒကို နှံ့စပ်စွာ လေ့သာသင့်ပါသေးသည်။ အချို့ကလည်း ဗုဒ္ဓ၏တပည့် သာဝကတို့တွင် သူဌေးသူကြွယ်ကြီးများ၊ ဇာတ်ကြီး ဗြာဟ္မဏများသာ အရေးပါ ဦးစားပေးထားသည်စသည်ဖြင့် လောက၏ လူတန်းစားအမြင်၊ စီးပွားရေးစံနစ်၊ ဝါဒရေးခံယူချက်အမြင်တို့ဖြင့် အမျိုးမျိုးဝေဖန်ကြသည်။ ထိုအကြောင်းကိုကား ဗုဒ္ဓဝါဒအနေနှင့် ဂရုထားစရာပင်မလိုချေ။ ထေရဂါထာ၊ ထေရီဂါထာ၊ ပါဠိတော်ကို လေ့လာလျှင်ပင် သိသာထင်ရှားလှပါသည်။ ပြည့်တန်ဆာ၊ အမှိုက်ကျုံး၊ သူတောင်းစားမှစ၍သူဌေးသူကြွယ်၊ မင်းသား၊သူဌေးသား၊ ရှင်ဘုရင်စသည်တို့အထိ ပါဝင်သည်ကို တွေ့ရချေမည်။

အမှန်အားဖြင့်ကား ဗုဒ္ဓသည် လူတန်းစားအမြင်ရှိသူ မဟုတ်ချေ၊ ပစ္စည်းကိုလည်း ပုဂ္ဂလိကပိုင်ဆိုင်မှု၊အစုအဝေးအဖွဲ့အစည်းပိုင်ဆိုင်မှုများကို လိုလားသူမဟုတ်ချေ၊ ထိုအကြောင်းသည် ဗုဒ္ဓသာဝက သံဃာသမဂ္ဂကြီးနှင့် ဝိနည်းပိဋကတ်ကို လေ့လာလျှင် ရှင်းလင်းပြတ်သားစွာ သိလေမည်။ စင်စစ်ကား ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒသည် တပ်မက်မှုများ လောဘတရားများ၊စသည်တို့ကို ပယ်စွန့်နေရန် ဟောပြောညွှန်ပြသော ဝါဒဖြစ်လေသည်။ ပစ္စည်းတပ်မက်မှု၊မခင်တွယ်မှု၌ ဗုဒ္ဓကိုယ်တိုင်က အာသာကင်းပြတ်သည်မှာ ထင်ရှားသည်။

"ဗုဒ္ဓ ဘုရားဖြစ်အံ့ နီးနီး၌ ရာဇဂြိုဟ်မြို့ အနီးတွင် မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံလေသည်။ ဗိမ္ဗိသာရမင်းက ဗုဒ္ဓကို အလွန်နှစ်သက်လိုလားသဖြင့် မိမိ၏ထီးနန်းစည်းစိမ်ဥစ္စာဗိုလ်ပါအပေါင်းကို အလှူခံရန် လျှောက်ထားလေသည်။ ထိုအခါဗုဒ္ဓက မိမိသည် ကာမတို့၌အပြစ်ကိုမြင်၍ ကာမမှထွက်မြောက်ခြင်းကို ဘေးကင်းသောအားဖြင့် ရှုပြီးပြီ" စသည်ဖြင့် ပြောဆိုပြီး လက်ခံတော်မမူ၊ ပယ်ငြင်းခဲ့လေသည်။ (သုတ္တ နိပါတ်—မဟာဝဂ်—ပဗ္ဗဇ္ဇာသုတ်)။

တခါကလည်း ဗုဒ္ဓသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်း၌ သီတင်းသုံးစဉ်၊ ထိုအခါ မဟာပဇာပတိ ဂေါတမီသည် အသစ်ဖြစ်သော အဝတ်တစုံကိုယူ၍ ဗုဒ္ဓအားလှူဒါန်းလေသည်။

ဗုဒ္ဓက "ဂေါတမီ၊ သံဃာအားပေးလှူလော့၊ သင်သည် သံဃာအား ပေးလှူလေသည်ရှိသော်.... ငါ့ကိုလည်း ပူဇော်ပြီးဖြစ်လတ္တံ့၊ သံဃာကိုလည်းပူဇော်ပြီးဖြစ်လတ္တံ့"ဟု မိန့်ကြား

၏။ ဤစကားရပ်သည် မြန်မာ နိုင်ငံ ဗုဒ္ဓ ဝါဒီနှင့် သာသနာ လောကတွင် အလွန်ထင်ရှားလေသည်။ (မဇ္ဈိမနိကာယ်-ဒက္ခိဏာ ဝိဘင်္ဂသုတ်)။

ဗုဒ္ဓနှင့် သာဝကသံဃာတို့တွင် သံဃိကဒါနကိုသာ အများဆုံးခွင့်ပြုလှူဒါန်းခံယူကြလေသည်။ ပိဋကသာ ဗုဒ္ဓစာပေတို့တွင်လည်း အများပိုင်သဘောကိုသာ အရေးထားဦးစားပေးသည်ကို တွေ့ရလေသည်။

ဗုဒ္ဓ၏ ခန္တိပါရမီကို ဗုဒ္ဓဝါဒီတိုင်းပင် သိရှိကြလေသည်။ ဇာတက ဗုဒ္ဓဝင် ငါးရာ့ငါးဆယ် စသော ဗုဒ္ဓ စာပေတို့၌ကား ခန္တီပါရမီအကြောင်းကိုအတော်ကျယ်ပြန့်ထူးထွေစွာရေးသားထားလေသည်။ ဗုဒ္ဓ၏သည်းခံတတ်သောသဘောသည် ပိဋကတ်တွင် ထင်ရှားသည်။ ဝမ်းနည်းမှု, ဝမ်းသာမှု, အမျက်ထွက်မှု, နှလုံးမသာမယာဖြစ်မှု မရှိခြင်းတို့ကြောင့်ပင် ဗုဒ္ဓသည် ထိုစဉ်က အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဘာသာရေးလောကတွင် ထင်ပေါ်ကျော်ကြားခဲ့ခြင်းဖြစ်သည်။

ပရိဗိုဇ်များ, ဗြာဟ္မဏများတို့သည် ဗုဒ္ဓအား မည်မျှကြမ်းတမ်းစွာနှိပ်နယ်ပြောဆိုရေရွတ်သည်ဖြစ်စေ၊ ဗုဒ္ဓသည် မည်သို့သောစိတ်သဘာဝမျှမဖြစ်ချေ၊ ဤ အကြောင်း ကြောင့် ပင် အခြားသောအယူဝါဒဂိုဏ်းဂဏတို့မှ ပုဂ္ဂိုလ်များ၏ ချီးကျူးခြင်းတို့ကို ပိဋကတ်၌ အတော်များများတွေ့ရခြင်းဖြစ်လေသည်။

ထိုစဉ်က ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဘာရဒွါဇ အနွယ် ဖြစ်သော ပုဏ္ဏားတယောက်သည် မိမိ၏အစေအပါး 'ဓနဉ္စာနီ ပုဏ္ဏေးမ၏ ဗုဒ္ဓနှင့်တကွ သံဃာတော်ကို အလွန် ကြည်ညို သော အဖြစ်ကို

မရှုစိမ့် မလိုလားချေ။ တခါသော်-ခေနဥ္ဇာနီပုဏ္ဏေးမသည် ဘာရဒွါဇပုဏ္ဏားအား ထမင်းကိုယူဆောင်ပေးစဉ် အမှတ်မဲ့ရုတ်တရက်ချွတ်ချော်တိမ်းပါးသည်၌ "ပူဇော်အထူးကို ခံတော်မူထိုက်သည့် သမ္မာသမ္ဗုဒ္ဓမည်သော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏"ဟုရွတ်ဆို၏။

ထိုအခါ ဘာရဒွါဇ ပုဏ္ဏားသည် ခေနဥ္ဇာနီ ပုဏ္ဏေးမ အား "ဤသူယုတ်မသည် ဤ သို့ သာ လျှင် အရာရာ၌ ထို ဦးပြည်းရဟန်း၏ဂုဏ်ကျေးဇူးကိုဆိုဘိ၏၊ သူယုတ်မ၊ ယခုအခါ သင့်၏ဆရာဖြစ်သော ထိုဘုရားအား ငါသည် အယူဝါဒကို တင်အံ့"။

ဤသို့ဆိုပြီး ဗုဒ္ဓနှင့်တွေ့ဆုံကာ "ဂေါတမ အဘယ်ကို ဖြတ်တောက်သော် ချမ်းသာစွာ နေရသနည်း၊ မစိုးရိမ်ရသနည်း" စသည်ဖြင့် ရင့်သည်းစွာ မေးလေသည်။

ထိုအခါဗုဒ္ဓက "ပုဏ္ဏား၊ အမျက် ဒေါသကို ဖြတ်တောက်သော် ချမ်းသာစွာနေရ၏၊ မစိုးရိမ်ရ၊ အဆိပ်လျှင် အရင်းအမြစ်ရှိသော၊ ချိုမြိန်ခြင်းလျှင် အဖျားရှိသော အမျက် ဒေါသ အား ဖြတ်တောက်ခြင်းကို အရိယာတို့သည် ချီးမွမ်းကုန်၏"ဟု မိန့်တော်မူသည်။ ဤအခါ ဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓအားကြည်ညိုညွတ်နူးသွားလေသည်။

ထို့ကြောင့်ပင် ဘာရဒွါဇ ပုဏ္ဏားသည် ရဟန်းဘောင်သို့ဝင်ရောက်လေ၏။ (သဂါထာဝဂ္ဂသံယုတ်၊ ခေနဥ္ဇာနီသုတ်)။

ဤသို့ ဘာရဒွါဇပုဏ္ဏား ဗုဒ္ဓထံ၌ ရ ဟန်း ပြု ကြောင်း ကို အက္ကောသဘာရဒွါဇပုဏ္ဏားကြားသိသော်-ဗုဒ္ဓထံသို့သွားပြီးလျှင်ဗုဒ္ဓအား မလျော်ကပ်ပတ် မလျော်ကန့်ကြမ်းကြုတ်သော စကား

တို့ဖြင့် ဆဲရေးခြိမ်းခြောက်၏။ ဤအခါ ဗုဒ္ဓက အက္ကောသ ဘာရဒွါဇ ပုဏ္ဏားအား....

"ပုဏ္ဏား သင်၏ဧည့်သည်ဖြစ်သော အဆွေ ခင်ပွန်း ဆွေမျိုးသားချင်းတို့သည် လာကုန်၏လော?"

"တရံတခါ အဆွေခင်ပွန်း ဆွေမျိုး သားချင်းတို့ သည် လာပါကုန်၏"

"ပုဏ္ဏား သင်သည် ထိုအဆွေခင်ပွန်း ဆွေမျိုးသား ချင်းတို့အား ခဲဖွယ် လျက်ဖွယ်တို့ကို ပေးသည်မဟုတ် လော"?။

"ပေးပါသည်"

"ပုဏ္ဏား ထိုသူတို့က မခံယူကုန်သော် ထိုဥစ္စာသည် အဘယ်သူ့အားရောက်သနည်း"?

"မခံယူကုန်သည်ဖြစ်အံ့၊ ကျွန်ုပ်တို့အားသာရောက်ပါ၏"

"ပုဏ္ဏား ဤသို့သာလျှင် အကြင်အကြောင်းကြောင့် သင်သည် မဆဲရေးထိုက်ကုန်သော ငါတို့ကို ဆဲရေး၏၊ ချုတ်ချယ်၏၊ ခြောက်ချား၏၊ သင်၏ ထိုဆဲရေးခြင်း စသည်တို့ကို ငါတို့ မခံယူကုန်၊ ပုဏ္ဏား၊ ဤဆဲရေးခြင်း စသည်သည် သင့်အားသာလျှင် ရောက်၏။ အကြင်သူ သည် အမျက်ထွက်သူကို ပြန်၍ အမျက်ထွက်၏။ ထိုသူ သည်သာ ထိုအမျက်ထွက်သူကို ပြန်၍ အမျက်ထွက်ခြင်း ကြောင့် ယုတ်မာ၏။ အမျက်ထွက်သူကို ပြန်၍အမျက် မထွက်သူသည် အောင်နိုင်ခဲ့သောရန်စစ်သည်ကိုအောင် နိုင်သည်မည်၏"။ (သဂါထာဝဂ္ဂသံယုတ်—အက္ကောသ သုတ်)။

ဗုဒ္ဓစမ္ပာမြို့ဂဂ္ဂရာ ရေကန်၏ ကမ်းနား၌ သီသင်း သုံးစဉ်က လည်း ရဟန်းတပါးသည် ရဟန်းတို့က ဟုတ်မှန်သည့်အတိုင်း အာပတ်ဖြင့်စွပ်စွဲသည်ကို မနှစ်လိုပဲ ဆင်ခြေအမျိုးမျိုးဖြင့်လှည့်ပတ်ကာစိတ်ဆိုး၏၊ အမျက်ထွက်၏၊ နှလုံးမသာမယာ ငြူစူ၏၊ ထိုအခါဗုဒ္ဓကထိုရဟန်းအား"ရဟန်းတို့ဤပုဂ္ဂိုလ်ကိုသာသနာမှ နှင်ထုတ်ကုန်လော့၊ရဟန်းတို့ ဤသို့သောပုဂ္ဂိုလ်သည်သာသနာမှ နှင်ထုတ်ထိုက်သူဖြစ်၏။ ဤပုဂ္ဂိုလ်ဖြင့် သင်တို့အား အဘယ်အကျိုးရှိအံ့နည်း "ဟုဆိုတော်မူလေသည်။ (အင်္ဂုတ္တိုရ်-အဋ္ဌကနိပါတ်- ကာရဏ္ဍဝသုတ်)။

မှန်လေသည်၊ ဗုဒ္ဓ၏ သာသနာတော်သည် အလွန် မွန်မြတ်သကဲ့သို့ သက်ဝင်ကြသော သာဝကတို့သည် လည်း သူတော်ကောင်း သူမြတ်လောင်းတို့သာ ဖြစ်သည်။ ဤသို့ စိတ်ဆိုးမှု၊ အမျက်ထွက်မှု၊ လှည့်ပတ်မှုတို့သည် သာဝက သူမြတ်တို့၏ အမူအကျင့်မဟုတ်ချေ။ ထို့ကြောင့်ပင် ဗုဒ္ဓသည် မိမိ သာသနာတွင် ဤပုဂ္ဂိုလ်မျိုး ကိုမလိုလားခြင်းဖြစ်လေသည်။

ဗုဒ္ဓသည် စကားအရာ ဆိုဆုံးမခြင်းတို့၌ အလွန်လျှင် လျော်ကန်စွာ ဟောပြောဆုံးမတတ်သူဖြစ်၏။ အယူအဆ အရ မိမိကိုအမျိုးမျိုး စွပ်စွဲ ပြောဆိုခြင်းကိုပင်လျှင် မိမိ၏ အယူအဆ အရ လျော်စွာ ဖြေကြား ဟောပြတော် မူလေသည်။ ထိုခေတ်က အခြားသော အယူဝါဒ တည်တွင်သူ ဂိုဏ်းဆရာ စသူတို့သည် မိမိတို့၏ ဆန့်ကျင့်ဘက် အယူဝါဒတို့ဖြင့် စွပ်စွဲလျှင် အမျက်ထွက်ခြင်း၊ မလိုလားခြင်းတို့ကိုပြုသော်လည်း ဗုဒ္ဓကား ထိုသို့သော ပုဂ္ဂိုလ်မဟုတ်ချေ။ ဤသည်ပင်လျှင် ဗုဒ္ဓ၏ ထူးခြားလှသော အကြောင်းတခုဖြစ်လေသည်။

ထိုစဉ်က ဗုဒ္ဓသည် ဝေရဉ္ဇာပြည် နဠေရုမည်သော တမာပင်အနီး၌သီတင်းသုံးနေခိုက်ဖြစ်၏။ ထိုအခါ ဝေရဉ္ဇရာပုဏ္ဏားသည် ဗုဒ္ဓအား "အသျှင်ဂေါတမသည် အသက်ကြီးကုန်၊အရွယ်အဆုံးသို့ရောက်ကုန်သော ပုဏ္ဏားတို့ကို ခရီးဦးမကြို၊ ရှိလည်းမခိုးဟူသည် မှန်ပါသလော" ဟု မေး၏။ ဗုဒ္ဓက "မှန်ပါသည်၊ မိမိ၏ဗုဒ္ဓဟူသော အနေအားဖြင့် ခရီးဦးကြို အရိုအသေပြုခြင်းတို့ကို မပြုထိုက်" ဟု ဆိုတော်မူ၏။ ထိုအခါ ဝေရဉ္ဇရာပုဏ္ဏားက ဗုဒ္ဓအား "အသျှင်ဂေါတမသည် အရသာကင်းသော (အလကားပုဂ္ဂိုလ်) သဘောရှိ၏" ဟု ဆို၏။

"ပုဏ္ဏား၊ ထိုသို့သော နည်းပရိယာယ်ဖြင့် ဆိုလိုမူ ဆိုနိုင်ရာ၏။ ပုဏ္ဏား၊ အာရုံငါးပါးကိုအကြွင်းမဲ့ ပယ်အပ်ပြီးပြီ။ ထို့ကြောင့် ငါ့အား သင် ဤသို့ဆိုလျှင် ဆိုနိုင်ရာ၏။"

"အသျှင် ဂေါတမသည် သုံးဆောင်ခြင်း မရှိ" ဟု ပုဏ္ဏားက တဖန်ဆို၏။

"ပုဏ္ဏား၊ ထိုသို့ဆိုလိုမူ ဆိုနိုင်ရာ၏။ အာရုံ ငါးပါး သုံးဆောင်ခြင်းတို့ကို ပယ်ပြီးပြီ။ နောင်တဖန် ဖြစ်ခြင်းကို ပြုပြီးပြီ။ ထို့ကြောင့် ငါ့အား သင် ဤသို့ဆိုလျှင် ဆိုနိုင်ရာ၏။"

"အသျှင်ဂေါတမသည် မပြုထိုက်ဟု အကိရိယဝါဒ ရှိ၏" ဟု ပုဏ္ဏားကဆိုလေ၏။

"ပုဏ္ဏား၊ အကိရိယဝါဒ ရှိ၏ဟု ဆိုလိုမူ ဆိုနိုင်၏။ ပုဏ္ဏား၊ ငါသည် ကာယ ဒုစရိုက်၊ ဝစီဒုစရိုက်၊ မနော ဒုစရိုက်တို့ကို မပြုထိုက်ဟု ဟော၏။ များပြား ယုတ်ညံ့

သော အကုသိုလ်တရားတို့ကို မပြုထိုက်ဟု ဟော၏။ ငါ့အား အကိရိယ ဝါဒရှိ၏ဟု ဆိုလိုမူဆိုနိုင်ရာ၏”။

“အသျှင်ဂေါတမသည် ဖြတ်အပ်၏ ဟူသော ဥစ္ဆေဒ အယူရှိ၏” ဟု ပုဏ္ဏားကဆိုပြန်၏။

“ပုဏ္ဏား၊ ထိုသို့ သင်ဆိုလိုမူ ဆိုနိုင်ရာ၏။ ငါသည် ရာဂ၊ ဒေါသ၊ မောဟ တို့ကို ဖြတ်အပ်၏ဟု ဟော၏။ ထို့ကြောင့် ဥစ္ဆေဒဝါဒအယူရှိ၏”ဟု သင်ဆိုလိုမူ ဆိုနိုင်ရာ၏”။

“အသျှင်ဂေါတမသည်စက်ဆုတ်ခြင်း သဘောရှိ၏” ဟု ပုဏ္ဏားက ဆိုလာပြန်၏။

“ပုဏ္ဏား ငါသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် များပြားသော အကုသိုလ်တရားများသို့ ရောက်ခြင်းကို စက်ဆုတ်၏။ ထို့ကြောင့် သင်ဆိုလိုမူ စက်ဆုတ်ခြင်းသဘောရှိ၏” ဟု ဆိုနိုင်ရာ၏။

“အသျှင်ဂေါတမသည် ဖျက်ဆီးတတ်၏”ဟု ပုဏ္ဏားက တဖန် ဆိုပြန်သည်။

“ပုဏ္ဏား၊ ဖျက်ဆီးတတ်၏ဟု ဆိုလိုက သင် ဆိုနိုင်ပါသည်။ ပုဏ္ဏား၊ ငါသည် ရာဂ၊ ဒေါသ၊ မောဟ စသည်တို့ကို ဖျက်ဆီးရန် တရားကို ဟော၏။ များပြားသည့် ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖျက်ဆီးရန်တရားကိုဟော၏။ ထို့ကြောင့်သင်ဆိုလိုက ဆိုနိုင်ရာ၏”။

“အသျှင်ဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏”ဟု ပုဏ္ဏားက တခါထပ်ပြီး ဆိုပြန်၏။

"ပုဏ္ဏား၊ ငါသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနော ဒုစရိုက်၊ ယုတ်ညံ့သော အကုသိုလ်တို့ကို ပူပန်စေတတ် သော သဘောရှိ၏ဟု ဟော၏။ ထို့ကြောင့် သင် ငါ့ကို ပူပန်စေတတ်သော သဘောရှိ၏ဟု ဆိုလိုက ဆိုနိုင်ပါ သည်"။

"အသျှင် ဂေါတမသည် နတ်ပြည် ရောက်ခြင်းငှာ မထိုက်"ဟု ပုဏ္ဏားသည် နောက်ဆုံး ဆိုပြန်၏။

"ပုဏ္ဏား၊ သင်ဤသို့ပြောဆိုလိုမူပြောဆိုနိုင်၏။ ပုဏ္ဏား ငါသည် နောင်တဖန် ဘဝသစ်၌ ပဋိသန္ဓေ နေခြင်းကို ပယ်ပြီးသော အဝိဇ္ဇာ တဏှာ အမြစ်ကို ဖြတ်ပြီးသော နောင်အခါ ဖြစ်ခြင်းသဘော မရှိသောသူကို တဖန် ပဋိသန္ဓေနေခြင်းမှ ကင်း၏ ဟု ငါဟော၏။ ပုဏ္ဏား၊ ငါ ဘုရားသည် နောင်တဖန် ပဋိသန္ဓေ နေခြင်း၊ ဘဝ အသစ်၌ ဖြစ်ခြင်းကိုပယ်ပြီးပြီ။ အဝိဇ္ဇာ တဏှာ အရင်း အမြစ်ကို ဖြတ်ပြီးသဖြင့် နောင်တဖန် ဖြစ်ခြင်း သဘော မရှိပြီ။ ထို့ကြောင့် ငါ့အား 'နတ်ပြည် ရောက်ခြင်းငှာ မထိုက်' ဟု ဆိုလိုက ဆိုနိုင်ရာ၏" (အင်္ဂုတ္တိုရ် အဋ္ဌက နိပါတ်၊ ဝေရဉ္ဇသုတ်)။

နိဂဏ္ဌနာဋပုတ္တ၏တပည့် သီဟစစ်သူကြီးသည် ဗုဒ္ဓအား တွေ့ ဆုံလိုသည်ဟု နာဋပုတ္တကို လျှောက်ထားသော အခါ နာဋပုတ္တ သည် "သီဟ၊ ရဟန်းဂေါတမသည် 'အကိရိယဝါဒ' ရှိ၏၊ သင် ကား 'ကိရိယဝါဒ' ရှိ၏"ဟု ပြောဆိုပြီး တားမြစ်လေသည်။ နောက်ဆုံး သီဟစစ်သူကြီးသည် ဗုဒ္ဓနှင့် တွေ့ပြီး မေးလျှောက် သောအခါ ဗုဒ္ဓက မိမိအား အမျိုးမျိုးသော နည်းပရိယာယ်

တို့ဖြင့် စွပ်စွဲခြင်းတို့ကို ဝေရဉ္စာ သုတ်ကဲ့သို့ပင် အကျယ်တဝင့် ဟောကြားလေ၏။ (အင်္ဂုတ္တိုရ်၊ အဋ္ဌကနိပါတ်၊ သီဟသုတ်)။

ဗုဒ္ဓသည် တရားဓမ္မ ဟောကြားရာ၌ အဌာအားလျော်စွာ ဟောကြားလေသည်။ ၎င်းပြင် လူတို့၏အသိဉာဏ်၊ စကားအစပ်အဆက်တို့၌လည်း အလွန်ပင် သိတော်မူ၏။ နားလည် သိရှိရန် ဥပမာ ဥပမေယျ တင်စားရာ၌လည်း စပ်ဟပ်လှလေသည်။

အခါတပါး၌ ဗုဒ္ဓသည် မဂဓတိုင်း ဒက္ခိဏာဂိရိဇနပုဒ်၊ ကေနာ႒ပုဏ္ဏားရွာ၌ သီတင်းသုံးနေစဉ်ဖြစ်၏။ ထိုအခါ ကာသိဘာရဒွါဇပုဏ္ဏားအား ထွန်ငါးရာတို့ဖြင့် လယ်ယာခွင်၌ ပျိုးကြဲသောအမှုကို ပြုနေ၏။ ကာသိဘာရဒွါဇ ပုဏ္ဏားသည် လုပ်သားတို့အား အစားအစာ ကျွေးမွေးနေစဉ် ဗုဒ္ဓသည် ဆွမ်း ရပ်တော်မူ၏။ ပုဏ္ဏားသည် ဆွမ်း အလို့ငှာ ရပ်တော်မူသော ဗုဒ္ဓကို မြင်လျှင်ပင် ဤသို့လျှောက်၏။

"ရဟန်း၊ အကျွန်ုပ်သည် ထွန်လည်း ထွန်၏။ စိုက်ပျိုးလည်း စိုက်ပျိုး၏။ ထွန်၍၎င်း၊ စိုက်ပျိုး၍၎င်း စား၏။ ရဟန်း သင်သည်လည်း ထွန်လည်း ထွန်လော့၊ စိုက်ပျိုးလည်း စိုက်ပျိုးလော့၊ ထွန်၍၎င်း၊ စိုက်ပျိုး၍၎င်း စားလော့"။

"ပုဏ္ဏား ငါသည်ထွန်းလည်းထွန်း၏၊ စိုက်ပျိုးလည်းစိုက်ပျိုး၏၊ထွန်း၍၎င်းစိုက်ပျိုး၍၎င်းစား၏"ဟုဗုဒ္ဓကမိန့်လေသည်။ထိုအခါ ပုဏ္ဏားသည်အလွန်သဘောကျ အံ့သြသွားဟန်ရှိသည်။ ဗုဒ္ဓအား-

"ကျွန်ုပ်တို့သည် ရဟန်းဂေါတမ၏ ထမ်းပိုးကို၎င်း၊ ထွန်တုံးကို၎င်း၊ ထွန်သွားကို၎င်း၊ နှင်တံကို၎င်း၊ နွားလားတို့ကို၎င်း မတွေ့မမြင်ရပါကုန်၊သို့ပြစ်ပါလျက် သျှင်ဂေါတမသည်"ပုဏ္ဏား

ငါသည် ထွန်လည်းထွန်၏၊ စိုက်ပျိုးလည်းစိုက်ပျိုး၏၊ ထွန်၍ရင်း၊ စိုက်ပျိုး၍ရင်းစား၏” ဟု မိန့်ဆိုဘိ၏ဟု ဆို၏။

“ပုဏ္ဏား–ငါ၏ယုံကြည်မှု သဒ္ဓါသည် မျိုးစေ့မည်၏၊ ငါ၏ဣန္ဒြိယ သံဝရသီလသည် မိုးရေမည်၏၊ငါ၏ပညာသည် ထမ်းပိုးထွန်တုံးမည်၏ ငါ၏ရှက်မှု ဟိရိတရားသည် ထွန်တံမည်၏၊ ငါ၏စိတ်သည် ကြိုးမည်၏၊ ငါ၏အောက်မေ့မှုသတိသည် ထွန်သွားနှင်တံမည်၏”။

“ကာယသုစရိုက်သုံးပါးဖြင့် လုံခြုံ၏၊ ဝစီ သုစရိုက်လေးပါးဖြင့်လည်းလုံခြုံ၏၊အာဟာရ၌ရင်း ဝမ်းရေး၌ရင်း စောင့်ရှောက်၏၊ ဝစီသစ္စာဖြင့် ရိတ်ဖြတ်ခြင်းကို ပြု၏၊ကောင်းသောနိဗ္ဗာန်၌မွေ့လျော်သည်၏ အဖြစ်ဟု ဆိုအပ်သောအရ ဟတ္တဖိုလ်သည်ငါ၏လွတ်မြောက်ခြင်းဖြစ်၏”။

“ငါဘုရား၏ဝိရိယသည် နိဗ္ဗာန်သို့ ရှေးရှုရုန်းသည် ဖြစ်၍ဝန်ရုန်းနွားမည်၏၊ အကြင်နိဗ္ဗာန်အရပ်သို့ရောက်သော် မစိုးရိမ်ရ၊ ထိုနိဗ္ဗာန်အရပ်သို့ မဆုတ်မနစ် ရုန်းသွား၏”။

“ပုဏ္ဏား၊ ဤသို့လျှင် လယ်ထွန်ခြင်းဖြစ်၏၊ ထိုလယ်ထွန်ခြင်းသည်ကားအမြိုက်နိဗ္ဗာန်အသီးရှိ၏၊ ဤသို့သောလယ်ထွန်ခြင်းကိုထွန်းပြီးသည်ရှိသော် အလုံးစုံသော ဆင်းရဲမှ ထွက်မြောက်၏။” ဗုဒ္ဓသည်ဤသို့လျှင် အရာဋ္ဌာနအားလျော်သော ဥပမာ ဥပမေယျဖြင့် ဆိုတော်မူလေသည်။(သဂါထာဝဂ္ဂသံယုတ်၊ ကသိဘာရဒွါဇသုတ်)။

ဗုဒ္ဓ သာဝတ္ထိပြည်တွင် သီတင်းသုံးစဉ်၌ အိုမင်း သည်ဖြစ်၍ ဟောင်းနွမ်းသော အဝတ်အရုံရှိသည့် ဗြာဟ္မဏမဟာသာလပုဏ္ဏားတယောက်သည် ဗုဒ္ဓနှင့် အတူ စကားပြော ဆိုနေ၏၊

ထိုပုဏ္ဏားအား ဗုဒ္ဓက "ပုဏ္ဏား၊ သင်သည် အဘယ်ကြောင့် အိုမင်းသည်ဖြစ်၍ ဟောင်းနွမ်းသော အဝတ်အရုံရှိသနည်း" ဟုမေး၏။ 'အသျှင်ဂေါတမ၊ ဤအရပ်၌ အကျွန်ုပ်အား သားလေးယောက်တို့ရှိပါကုန်၏၊ ထိုသားတို့သည် မယားတို့နှင့် တိုင်ပင်၍အကျွန်ုပ်အားအိမ်မှနှင်ထုတ်ပါကုန်၏" ဟု ပုဏ္ဏားက သူ၏ ဆင်းရဲဒုက္ခကိုလျှောက်၏။ ထိုအခါဗုဒ္ဓသည်ပုဏ္ဏားအားဂါထာတို့ကိုသင်ပေးပြီး လူအပေါင်းစုဝေးသော အစည်းအဝေးသဘင်၌ သားတို့နှင့်အတူတကွ ထိုင်နေသောအခါရွတ်ဆိုရန်ပြောကြားလိုက်၏။ ပုဏ္ဏားသည်လူအပေါင်းစည်းဝေးရာသဘင်၌ သားတို့နှင့်အတူတကွထိုင်နေကုန်သည်ရှိသော်ဗုဒ္ဓသင်ကြားပေးသည့်အတိုင်းရွတ်ဆို၏။

"အကြင်သားတို့ဖြင့် အကျွန်ုပ် နှစ်သက်ဝမ်းမြောက်ခဲ့ရ၏၊ အကြင်သားတို့၏ ကြီးပွားခြင်းကိုလည်းအလိုရှိခဲ့၏၊ ခွေးတို့သည် ဝက်ကိုဟောင်၍ နှင်ထုတ်ကုန်သကဲ့သို့ ထိုသားတို့သည် မယားတို့နှင့်တိုင်ပင်ကာငါ့ကို မြည်တမ်းငေါက်အော်၍နှင်ထုတ်ကုန်၏"။

"သူတော်မဟုတ်ယုတ်မာသောရက္ခိုသ်တို့သည် သားတို့၏ အသွင်အပြင်ဖြင့် ငါ့ကိုမောင်ဖခင်ဟုခေါ်ကုန်၏။ ထိုယက္ခိုသ်တို့သည် အရွယ်လွန်သောငါကိုစွန့်ယောင်တကား"။

"အိုမင်းသည်ဖြစ်၍ အသုံးမပြုနိုင်သောမြင်းကို အစာမကျွေးပဲ ဖယ်ထားဘိသကဲ့သို့ သူမိုက်တို့၏ အဖအိုသည် သူတပါးတို့အိမ်၌ တောင်းစားရ၏"။

"ငါ၏ လက်စွဲ တောင်ဝှေး သည် ကား မြတ် သေး ၏။ ငါ့အား မရိုသေ၊ မတုပ်ဝပ်သော သားတို့သည် မမြတ်ကုန်။ တောင်ဝှေးသည် ကြမ်းသောနွားကိုလည်း တားမြစ်နိုင်၏၊ ထို့ပြင် ကြမ်းသော ခွေးကိုလည်း တားမြစ်နိုင်၏"။

"တောင်ဝှေးသည် မှောင်ယံ၌ ရှေ့သွားဖြစ်နိုင်၏။ နက်သောရေ၌ ထောက်တည်ရာ ဖြစ်နိုင်၏။ မြွေ ကျသော်လည်း တောင်ဝှေး၏အစွမ်းကြောင့် ရပ်တည်နိုင်၏။ထို့ကြောင့် တောင်ဝှေးသည် သားတို့အတွက် မြတ်သေး၏"။

ဤသို့ဗုဒ္ဓသင်ကြားပေးသည့်အတိုင်းရွတ်ဆိုသောအခါ သားတို့သည် ထိုဖခင်ပုဏ္ဏားအိုကို ကောင်းမွန်စွာ ပြန်လည်၍ လုပ်ကျွေးလေသည်။ (သဂါထာဝဂ္ဂသံယုတ်၊မဟာသာလသုတ်)။

ဗုဒ္ဓသည် လူသားသတ္တဝါတို့အား အကျိုးစီးပွား ချမ်းသာမှုကို အလွန်လိုလားသော ပုဂ္ဂိုလ်ဖြစ်လေသည်။ လူတို့၏ စိတ်မချမ်းမြေ့မှု၊ ဝမ်းနည်းဆင်းရဲမှု တို့ကို လိုလားသူ မဟုတ်ချေ။ အထူးအားဖြင့်ကား မိမိနှင့်စပ်လျဉ်း၍ စိတ်နှလုံး မသာကြည်ဖြစ်မည်ကို ပို၍ မလိုလားချေ။ ဗုဒ္ဓသည် ရွှေပန်းတိမ်သည်သားစုန္ဒ၏ ဝက်သားဆွမ်းကိုဘုဉ်းပေးပြီးနောက် ဝမ်းသွေးသွန်သောရောဂါသည် ပြင်းစွာဖြစ်၏။ ထိုရောဂါဖြင့်ပင် ပရိနိဗ္ဗာန်ပြုရအံ့နီးနီး ဖြစ်နေသော အချိန်ဖြစ်သည်၊ဗုဒ္ဓသာဝက ရဟန်းများအတွင်း၌လည်း 'စုန္ဒ၏ ဝက်သားဆွမ်းကို ဘုဉ်းပေး၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုရချေမည်' ဟူသော ယူဆမှုသည် ဖြစ်နေ၏။ ဤအကြောင်းကိုသိသော ဗုဒ္ဓသည် အရှင်အာနန္ဒာအား ခေါ်တော်မူပြီး ဤသို့မိန့်မှာကြားလေသည်။

"အာနန္ဒာ တစုံတယောက်သောသူသည် စုန္ဒအား 'အချင်းစုန္ဒ၊ သင်၏ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာ ဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူရ ချေ၏။ ထို့ကြောင့် သင့်ကား လာဘ်မကောင်းလေစွ။ အရမတော်လေစွ' ဟုဆို၍နှလုံးမသာယာခြင်းကိုလည်း ဖြစ်စေရာ၏" ။

"အာနန္ဒာ ထိုသို့ဖြစ်စေလျှင် စုန္ဒ၏ နှလုံးမသာယာခြင်းကို ဤသို့ဖြေဖျောက်ရမည်။ 'ဒါယကာစုန္ဒ သင်၏ဆွမ်းကို နောက်ဆုံးဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထို့ကြောင့် သင့်အား ကောင်းပါပေစွ။ အရတော်ပါပေ၏စွ။ စုန္ဒ မြတ်စွာဘုရားမျက်မှောက်တော်မှ ဤသို့ ကြားနာခံယူလိုက်ရ၏၊ အခြားဆွမ်းတို့ထက် အကျိုးအာနိသင်ကြီးမားသော ဆွမ်းတို့ကား နှစ်မျိုးသာ ရှိ၏။ အကြင်ဆွမ်းကို ဘုဉ်းပေး၍ မြတ်စွာဘုရား အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိ ဉာဏ်ကို ရတော်မူ၏။ ဤဆွမ်းကား တမျိုး။ အကြင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ခန္ဓာကြွင်း မရှိသော ငြိမ်းခြင်းသဘော အနုပါဒိသေသ နိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ဤဆွမ်းကား တမျိုး။ ဤသို့ နှစ်မျိုးသော ဆွမ်းတို့သာလျှင်ဖြစ်၏။ (ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်)။

ဗုဒ္ဓသည် မိန်းမများနှင့် စပ်လျဉ်း၍လည်း အလွန်အကျူး တဖက်သတ်နှိမ်ချခြင်းကို မပြုချေ၊ ပိဋကတ်တို့၌ မိန်းမများအား ထိုက်သင့်သော နေရာပေးပြီး အသိအမှတ်ပြုခြင်းတို့ကို တွေ့ရမည်ဖြစ်သည်။ ယောကျ်ား ရဟန္တာများ ရှိခဲ့သလို မိန်းမ ရဟန္တာများလည်းရှိလေသည်။ စင်စစ်အားဖြင့်ကား ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒသည်မိန်းမယောကျ်ားဟူ၍ ခွဲခြားသည်မဟုတ်ချေ။ အသိဉာဏ်၊သဒ္ဓါတရား၊နှင့်ပညာ၊ဝီရိယသမာဓိ သတိတို့ သည်သာ ဗုဒ္ဓဝါဒ၌ပဓါနဖြစ်လေသည်။ မိန်းမ ယောကျ်ားကား အကြောင်းမဟုတ်ချေ၊ နိဗ္ဗာန်ကို ရရှိမှု၌ယောကျ်ားအဖြစ်၊ မိန်းမအဖြစ်သည်အဓိကမဟုတ်ချေ၊ ဖလသမာပတ်ဉာဏ်ဖြစ်မှု၊ မဖြစ်မှုသည်သာအဓိကဖြစ်လေသည်။ ဤနေရာ၌သောမာဘိက္ခုနီမ၏

စကားကို အထူးအလေးထားသင့်လေသည်။ သောမာဘိက္ခုနီမ အား မာရ်နတ်က "ရောက်နိုင်ခဲသော အကြင်အရဟတ္တဖိုလ်သို့ သူတော်ကောင်းတို့သည် ရောက်အပ်၏။သင်သည် မိန်းမ၏လက် နှစ်သစ် မျှသောပညာဖြင့် ထို အရဟတ္တဖိုလ်သို့ ရောက်ခြင်း ငှာမတတ်နိုင်"ဟု ရွတ်ဆို၏။ ဘိက္ခုနီမက "ကောင်းစွာတည် ကြည်သော စိတ်၌ဖြစ်သသမာပတ်ဉာဏ်ဖြစ်သည်ရှိသော်တရားကို ကောင်းစွာမြင်သောသူအား မိန်းမအဖြစ်သည် အဘယ်ပြုအံ့ နည်း"ဟု ပြန်လည် ရွတ်ဆိုလေသည်။ (ယံယုတ္တ နိကာယ်ဘိ က္ခုနီသံယုတ်)။

ဇာတကများ ပိဋကတ်၏ အချို့သောနေရာတို့တွင် မိန်းမ များကိုချီးကျူးထားသည်တို့ကို အတော်အများများ တွေ့နိုင် လေသည်။ ဇာတ်အဋ္ဌကထာတို့၌ ယသော်ဓယာမင်းသမီးသည် နန်းအိမ်သို့ကြွလာသော ဗုဒ္ဓအား အခြားသူများကဲ့သို့ ထွက်ပြီး မဖူးမျှော်ပဲ အဆောင်တော်ထဲမှမထွက်ချေ။ အခြားသူများ က ဗုဒ္ဓကို ဖူးမျှော်ရန် တိုက်တွန်းသောအခါ၊ "အကယ်၍ ဗုဒ္ဓ ဘုရားရှင်သည်အကျွန်ုပ်တို့၏ကျေးဇူးကို မြော်၍ သနားတော်မူ ပါလျှင် အကျွန်ုပ်ထံသို့ ကြွလာတော်မူပါလိမ့်မည် ထိုအခါမှ သာ အကျွန်ုပ်ပူဇော်ပါတော့မည်"ဟု ဆို၍ထွက်မဖူးမြော်ချေ၊ ထိုအခါ ဗုဒ္ဓသည် ကြားသိပြီး အဂ္ဂသာဝကနှစ်ပါးနှင့် အတူ ယသော်ဓယာမင်းသမီးထံကြွပြီးအပူဇော် အဖူးမြော် ခံတော်မူ သည်ဆို၏။

မိန်းမများသည် ခန္ဓာဗေဒသဘောအရ ယောကျ်ားတို့နှင့် ခြားနားသလို ခြားနားသော အရည်အချင်းလည်း ရှိလေသည်။ ထိုသို့ သဘာဝအားလျော်စွာခြားနားသည်ကို အလိုကြီးသည်

ရမက်ကြီးသည်ဟုဆိုရန်မသင့်ချေ။ ဗုဒ္ဓနှင့်ဝါဒဗုဒ္ဓသည်ထိုအရာ၌ တဖတ်သတ်အမြင်အယူမရှိချေ။(အင်္ဂုတ္တရနိကာယ်ကေကနိပါတ် ရူပါဒိဝဂ်)ဤမိန်းမ၏အဆင်းအသံအနံ့၊ အရသာအတွေ့အထိ သည် ယောကျ်ား၏စိတ်ကိုသိမ်းကြုံးဆွဲငင်ယူနိုင်သလို ယောကျ်ား ၏ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိသည်လည်း မိန်းမ၏စိတ်ကို သိမ်းကြုံးဆွဲငင်ယူနိုင်သည်ဟု ဆိုထား၏။ မိန်းမ တို့အား တဖက်သတ်နှိမ်နယ်ထားသော စကားအသုံးအနှုန်းတို့ သည် အဌကထာနှင့်နောက်ပေါ် ဗုဒ္ဓဝါဒစာပေများ ရဟန်း ဘုန်းကြီးတို့၏စာပေများတွင်သာများစွာပါရှိ၏ ပိဋကတ်၌မပါ ရှိချေ။ ဤသို့ဖြစ်သည်မှာလည်း ရဟန်းဘုန်းကြီးတို့၏။ အယူအ မြင်ဟုသာ ယူဆမိ၏။ ထေရဂါထာ ထေရီဂါထာနှင့်အင်္ဂုတ္တိုရ် တေဒဂ္ဂဝဂ်ကိုကြည့်လျှင်ပင် ဗုဒ္ဓ၏ သဘောထားကို သိနိုင်လေ သည်။

ရဟန်းတို့သည်လည်း တဖက်သတ်နှိမ်နယ်ဖြစ်ပယ်သောအယူ အဆမရှိသင့်ချေ၊ မိမိ၏ရည်စူးသော ပန်းတိုင်အား လျော်စွာ သာလျှင် မိန်းမတို့၌ သိမှတ်ဆက်ဆံရလေမည်ဖြစ်သည်။ စင် စစ်ကား မိန်းမနှင့်စပ်လျဉ်း၍ မိမိ၏ အသိဉာဏ်ပညာ သမာဓိ စသည်တို့သည်သာပဓါနဖြစ်၏။ မိန်းမဟူသော သတ္တဝါ၏ သဘောသဘာဝအမူအကျင့်သည် အကြောင်းမဟုတ်ချေ။ ထို့ ကြောင့်ပင် ဗုဒ္ဓကပရိနိဗ္ဗာန်ပြုကာနီး၌အရှင်အာနန္ဒာက "အသျှင် ဘုရား မာတုဂါမနှင့်စပ်လျဉ်း၍အဘယ်သို့ကျင့်သုံးရမည်နည်း" ဟု လျှောက်ထား၏ ထိုအခါဗုဒ္ဓက 'အာနန္ဒာမတွေ့မြင်အောင် ကျင့်သုံးရမည် အကယ်၍ တွေ့မြင်ခဲ့သော် စကားမပြောဘဲနေ ရမည်၊ စကားပြောရသော် အမိရင်း စသည် (နှမရင်း၊ တို့ကဲ့သို့

သတိသက်ဝင်ပြီး ပြောဆိုရမည်”ဟု မိန့်ကြားခဲ့လေသည်။ ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်)။

မယားဟောင်းနှင့် သားဟောင်းတို့က အမျိုးမျိုး ဖျားယောင်းသော်လည်း မိမိအသိဉာဏ်ပညာအတိုင်း ပြုမူကျင့်သုံးပြီး ဆိတ်ဆိတ်နေကာမတုယ်တာ မကပ်ငြိသော အသျှင်သင်္ဂါမဇိသည် ဗုဒ္ဓ၏ချီးမွမ်းမှု ကိုခံယူလေသည်။(သင်္ဂါမဇိသုတ် ဥဒါန်၊ ပါဠိတော်) ပိဋကတ်၌ ဗုဒ္ဓသာဝကရဟန်းတို့သည် အမျိုးသမီးများကို အရှယ်အားလျော်စွာ အမိ နှမစသည်စိတ်စေတနာမွန်တို့ဖြင့် ဟောပြောကြသော အကြောင်းတို့ကို အတော်များများ တွေ့နိုင်လေသည်။

လူ့ဘဝတွင် ဖြစ်စဉ်က မယားဟောင်းတို့သည် ခြေတို့ကို တယုတယ ကျင်နာစွာ ဆုတ်နယ်ပွတ်သပ်ပြီး၊ “အသျှင်သားသည်နတ်သမီးတို့ကိုလိုလား၍ ဤအကျင့်တို့ကို ကျင့်ပါ သလော၊ ထိုနတ်သမီးတို့ကား အဘယ်မျှလှပါသနည်း” စသည့် စကားတို့ဖြင့် သွေးဆောင်လာသောမယားဟောင်းတို့ကိုအသျှင်ရဋ္ဌ ပါလသည် နှမ, ဟူသော စိတ်နှလုံးနှင့်ပင် “နှမတို့ငါသည် နတ်သမီးဟူသော အကြောင်းကြောင့် ကျင့်သုံးသည်မဟုတ် အရဟတ္တဖိုလ်ဟူသော အကြောင်းကြောင့်သာလျှင် ကျင့်သုံး၏”ဟု ပြန်လည် ပြောဟောခဲ့လေသည်။ အသျှင်ရဋ္ဌပါလသည် မိမိ၏ အသိဉာဏ်သမာဓိအား လျော်စွာပင်ရှု့ချင့်စဖွယ်အလှအပတို့ကို အဆန်းတကြယ်အပြေအပြစ် လိမ်းချယ်ဆင်သထားသော အမျိုးသမီးတို့အား သာယာဘွယ်အားဖြင့် ရှုမြင်မိသည် မဟုတ်ချေ။ ( မဇ္ဈိမနိကာယ် ရဋ္ဌပါလသုတ် )။ အထူးအားဖြင့် ဝိနည်းပိဋကတ်တွင် ရဟန်းယောကျ်ားတို့သည် ရဟန်းမိန်းမ ဘိက္ခုနီတို့

အားကြဲဝါဒပေးခြင်း တရားဓမ္မဒေသနာကြားခြင်းတို့၌ နှမ၊အမိ စသည်ဖြင့်သုံးစွဲခေါ်ဝေါ်ကြရလေသည်။

ဗုဒ္ဓဝါဒအရမာတုဂါမတို့ကိုတတ်နိုင်သမျှ ရှောင်ရှားရမည် ဖြစ်သော်လည်းမရှောင်လွှဲသာ၍တွေ့ဆုံပြောဟောရသောအခါ အမိနှမစသည်အမှတ်ဖြင့်သာ ပြောဟောရလေမည်ဖြစ်၏။ ထို့ ထက်ပို၍ ယုတ်ညံ့သူအဖြစ် ဖိနှိပ်သော အမြင်မျိုးကို မယူဆ ချေ။မိန်းမတို့၏သဘာဝသဘောတို့၌အပြစ်ဟုမမြင်ချေ။ တဏှာ ရာဂပွားစည်းခြင်းသည်အခြား ပုဂ္ဂိုလ်သတ္တဝါတဦးကြောင့် အဓိကမဟုတ်ဘဲ မိမိ၏စိတ်ဓါတ်တွင်သာပဓါနဖြစ်သည်။ စင်စစ် တဏှာ ပွားစည်းခြင်း နည်းပါး ခြင်းတို့သည် အသိဉာဏ် ပညာတည်ကြည်မှု ရင့်ကျက်မှု ကိလေသာစိတ်နည်းပါးမှု သမာဓိ ခိုင်မြဲမှုတို့အလျောက် ဖြစ်ရလေသည်။ ဗုဒ္ဓသာသနာ၌ ဘိက္ခုနီ များအဖြစ်တို့ကို လွယ်ကူစွာ အခွင့်မပြုခဲ့သည် မှန်သော်လည်း တဖက်သတ် ဖိနှိပ်ယူဆခြင်းမျိုး ဗုဒ္ဓဝါဒ၌ မရှိချေ။ သစ္စာ လေးပါးသည် ယောကျ်ားသားများအတွက် သက်သက်မဟုတ် သကဲ့သို့ ကာမတဏှာကိလေသာဟူသော တရားများသည်လည်း မိန်းမများကြောင့် ဖြစ်ရသည်ဟု တဖက်သတ် မဆိုခဲ့ချေ။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ မိမိ၏ တဏှာအနုသယတွင် အဝိဇ္ဇာဖုံးလွှမ်းသည့် အားလျော်စွာသော အမျိုးမျိုးသော အာရုံ တို့၌ တဏှာရာဂကိလေသတို့ တိုးပွားကြလေသည်။ အဖို—အမ တပ်မက်သော တဏှာ တရား သည် ကား မိန်းမ များ သည် ယောကျ်ားများအဖို့ တပ်မက်ဖွယ်ရာ သတ္တဝါ အာရုံ ဖြစ်သလို၊ ယောကျ်ား များ သည် လည်း မိန်းမများအဖို့ တပ်မက်ဖွယ်ရာ

အာရုံဖြစ်လေသည်။ စင်စစ် ဤသို့ အဖိုအမ အပြန်အလှန်တပ်မက် တတ်သော သဘော၌ တပ်မက်ဖွယ်ဖြစ်သော ကိလေသာ ကာမ ဂုဏ်အာရုံနှင့် တပ်မက်တတ်သောတဏှာတို့သည်သာ ပဓာန ဖြစ် လေသည်။ အဖိုသဘာဝ အမသဘာဝသည် ပဓာနမဟုတ်ချေ။

သာကီယနွယ်ဖွား ဗုဒ္ဓတပည့်သားရဟန်းတို့ဘဝသည် စင်စစ် လောကနှင့် ကင်းပြတ်လှသောဘဝ ဖြစ်သည်။ ရဟန်းဘဝသို့ ဝင်ရောက်သူသည် အလိုဆန္ဒများ၊ မြှော်မှန်းမှုများ၊ ကြီးမြင့် လိုမှုများ စသည်တို့နှင့်အတူ ကြီးစွာသော စွန့်လွှတ်မှု မျိုးကို စွန့်လွှတ်ရလေသည်။ ချစ်ရေးချစ်ရာနှင့် စီးပွားဥစ္စာ စသည်တို့ ကိုကား ပြတ်သားစွာစွန့်လွှတ်ရလေသည်။ ဤသို့ စွန့်လွှတ်ခြင်း သည် မိမိ၏အသိဉာဏ် စေတနာ သဒ္ဓါတရားအရသာ ဖြစ်ရလေ သည်။ ဥပမာ မြန်မာစာပေလောက၌ ဘုရင်တဆူကဲ့သို့ဖြစ်သော ရှင်မဟာရဋ္ဌသာရအကျော်သည် အရှုးအမူးချစ်ခဲ့ရသော ငယ် ချစ်ဦးဝဏ္ဏပဘာ လှကလျာ ယမင်းအား ချစ်ရေးချစ်ရာတို့ကို ကဗျာလင်္ကာတို့ဖြင့် စီကုံးတင်သခဲ့သည်။ နောက်ဆုံး မိမိ၏အသိ ဉာဏ် အားလျော်စွာ ဝေဖန်ဆုံးဖြတ်ပြီး သာသနာ့ဝန်ထမ်း ရဟန်းအဖြစ် သာသနာ၌ မွေ့လျော်ရန် ပိုင်းဖြတ်သောအခါ ငယ်ချစ်ဦး ဝဏ္ဏပဘာကိုစွန့်လွှတ်ရလေသည်။ ဤအကြောင်းကို ကဗျာပညာရှင်ဖြစ်သော ရှင်မဟာရဋ္ဌသာရသည် ကဗျာဖြင့် ပင် မှတ်တမ်းတင်ခဲ့သည်။ "စက်လည်ရဟတ်၊ တပတ်ပတ်လျှင်၊ အနတ်ဒုက္ခ၊ အနိစ္စလည်းဟူ၊ နှလုံးမူစွ၊ ပေးလှူစွန့်ကြ၊ 'ဤဘဝ တွင် နှမလက်လျှော့ နေလေတော့' ဟု၊ ချစ်ပေါ့မကြုံ" သမုတိ ရဟန်းမို့ အမျှင်တန်းသေးသည့် သမုဒယဖြင့် ဤသို့ကဗျာစာ

သခဲ့လေသည်။ စင်စစ်ကား ဤသို့ပင် အသိဉာဏ်ပညာကို အလေးထားဦးစားပေး၍ ဗုဒ္ဓသာသနာ့ဝန်ကို ထမ်းဆောင်ရပေမည်။ သမုတိပုဂ္ဂိုလ်မို့ သမုဒယန္ဒယ်မည် ဖြစ်သော်လည်း အရဟတ္တဖိုလ်ကို တကယ်လိုလားပါက ကြီးစွာသောစွန့်လွှတ်မှုကို ပြုကြရလေမည်သာဖြစ်သည်။

## ၃။ ဗုဒ္ဓနှင့်ခေတ်ပြိုင်ဂိုဏ်းများ။

လူ့သမိုင်းကြောင်းတလျှောက် ယနေ့တိုင်ပေါ်ထွန်းခဲ့သော များစွာသောဘာသာအယူဝါဒ ဒဿနိကအမြင်သီအိုရီစသည်တို့သည် မည်သည့်အခါမှ တခုဘေးသာမှန်ကန်ချက် ဘောင်အတွင်းမှ အယူအမြင် တူညီစွာမပေါ်ထွန်းခဲ့ချေ နောင်လာလတ္တံ့သော အနာဂတ်လူ့သမိုင်းတွင်လည်း ပေါ်ထွန်းလေမည်မဟုတ်ချေ။ လောကအမြင်အယူတို့သည် အများအပြားပေါ်ထွန်းခဲ့သလို ကွဲပြားခြားနားသောအယူအဆသဘောတရားတို့သည်လည်းအသီးသီးရှိလေသည်။ လောကုတ္တရာဖြစ်သော ဘာသာအယူဝါဒတို့သည်လည်း ထို့အတူသာလျှင်ဖြစ်သည်။ ဤသို့ ဖြစ်ရသည်မှာ လောက၏ ဖြစ်စဉ်တရား နိယာမဓမ္မအဖြစ် ယူဆရမည် ဖြစ်တန်သည်။

သမ္မာသမ္ဗုဒ္ဓ သို့မဟုတ် ဗုဒ္ဓဂေါတမနှင့် ခေတ်ပြိုင်ပေါ်ထွန်းတည်ရှိခဲ့သော ဘာသာအယူဝါဒတို့သည် အများအပြား ရှိလေသည်။ ကမ္ဘာ့ဥ်ကား ဗုဒ္ဓနှင့် မရှေးမနှောင်း ပေါ်ပေါက်ခဲ့သော ဘာသာအယူဝါဒများ၊ တွေးခေါ်မြော်မြင်မှုများတို့ ရှိလေသည်။ ဥပမာ ဇိုရိုအက်စတား (Zoroaster) ဘီစီ-၇၀၀ ခန့်၊ ကွန်ဖြူးရှပ်စ် (Confucius) ၅၅၁-၄၇၉-ဘီစီ၊ လာအိုဇူ (Lao Tzu) ဘီစီ-၆၀၀ ခန့် ပိုင်သာရိုးရတ်စ် (Pythagoras) ဘီစီ ၅၃၂ တို့၏အမြင် အယူအဆ အတွေးအခေါ်တို့သည် ကမ္ဘာ့ဥ် ဗုဒ္ဓ ဗုဒ္ဓါဒတို့နှင့် မရှေးမနှောင်း ပေါ်ခဲ့သည်များဖြစ်လေသည်။ သို့သော် ၎င်းတို့အမြင် အယူအဆများနှင့် ဗုဒ္ဓဝါဒ

သည်ကား ခြားနားလှသည်။ ဦးတည်ချက်ချင်း လုံးဝကွဲပြား လေသည်။ ဇိုရိုအတ်စတား၏ အယူဝါဒသည် တူသယောင် ယောင်ရှိသော်လည်း ခြားနားလှလေသည်။

ဗုဒ္ဓနှင့် ခေတ်ပြိုင် အယူဘာသာဝါဒများကို လေ့လာပါက ဘီစီ ၆၀၀-စုတဝိုက်၌ အိန္ဒိယပြည်မြောက်ပိုင်းတွင် ပေါ်ထွန်း ခဲ့သော ဂိုဏ်းဂဏဦးစီးတို့၏ အယူဝါဒများကိုသာ သေ့လာ ရမည်ဖြစ်သည်။ သို့သော်လည်း ထိုအခါက မဇ္ဈိမဒေသတဝိုက် တွင် ပေါ်ပေါက်ခဲ့သောအယူဝါဒများအားလုံးကို မဆိုထားဘိ ဗုဒ္ဓစာပေတို့တွင်ပါရှိသော ဂိုဏ်းဆရာကြီးတို့၏ အယူဝါဒကိုပင် ပြည့်စုံတိကျစွာ မသိရချေ။ ဗုဒ္ဓစာပေနှင့် ဂျိန်းစာပေတို့တွင် ထို ပုဂ္ဂိုလ်ကြီးတို့၏ အယူအဆအချို့ကို တွေ့ရသည်ဆို၏။ သို့သော် ဆန့်ကျင်ဘက်မလိုလားသူများ၏စာပေတို့၌ပါရှိသဖြင့် သူတသီ တို့လက်ခံလိုဟန်မရှိချေ။ သို့သော် တိကျပြည့်စုံစွာ မသိနိုင်ခင် သိမြင်နိုင်သမျှကိုသာ လေ့လာရမည်ဖြစ်ပေသည်။

ဒီဃနိကာယ် ဗြဟ္မဇာလသုတ်၌ လာသော အယူဝါဒများကို ထောက်ရှုလျှင် ဘီစီ ၆-ရာစုတဝိုက်၌ ပေါ်ပေါက်ခဲ့သော အိန္ဒိယ ပြည် မဇ္ဈိမဒေသ၏ ဘာသာအယူဝါဒများကို မှန်းဆတွေးမြင် နိုင်လေသည်။ ထိုသုတ်၌ ပြဆိုထားသော အယူဝါဒတို့မှာ ခြောက်ဆယ့်နှစ်မျိုး ရှိလေသည်။ ခြောက်ဆယ့်နှစ်မျိုးတွင် ရှေးအဖို့ကို စွဲ၍ဖြစ်သော "ပုဗ္ဗန္တာနုဒိဋ္ဌိ" ၁၈-မျိုး၊ နောက်အဖို့ ကိုစွဲ၍ဖြစ်သော "အပရန္တာနုဒိဋ္ဌိ" ၄၄ မျိုးတို့ကိုပြဆိုထားလေ သည်။ "သဿတဒိဋ္ဌိ" တည်မြဲအယူလေးမျိုးသည် ထိုစဉ်က ရှိခဲ့ သော အတ္တအယူအဆ၊အတ္တဝါဒများ ဖြစ်ကောင်းဖြစ်ပေမည်။ ထိုသို့ တည်မြဲအယူရှိခြင်းသည် သမဏဗြာဟ္မဏတို့ ပြင်းစွာ အား

ထုတ် ကျင့်ကြံသဖြင့်ရင်း၊ တွေးတောကြံဆသဖြင့်ရင်း သိမြင်ဖြစ်ပေါ်လာသော အယူအဆ ဖြစ်သည်ဟု ဆိုသည်။

ထိုအယူအဆရှိသူတို့၏အယူအဆကား“အတ္တသည်ရင်း၊လောကသည်ရင်းမြဲ၏ မြုံ၏တောင်ထွဋ်ကဲ့သို့တည်၏။ ခိုင်မြဲသောတံခါးတိုင်ကဲ့သို့တည်၏။ထိုသတ္တဝါတို့သာလျှင် တဘဝမှတဘဝသို့ ပြေးသွားကုန်၏။ ကျင်လည်ကုန်၏။ သေကုန်၏။ ဖြစ်ပေါ်ကုန်၏အတ္တနှင့်လောကတို့သာလျှင်မြဲသောအရာတို့နှင့် တူစွာအမြဲရှိနေသည်သာတည်း”ဟု ယူဆယုံကြည်ကြလေသည်။

ကေစွသဿတဒိဋ္ဌိ အချို့ တည်မြဲ အယူဝါဒ တို့သည် ကား ဗြဟ္မဏတို့၏မဟာဗြဟ္မာဝါဒ ဖြစ်ကောင်းဖြစ်ပေမည်။ သို့မဟုတ် ဗုဒ္ဓသည် မဟာဗြဟ္မာ(ဖန်ဆင်းရှင် ဣဿရနိမ္မာနဝါဒကိုဟာသရသပါစွာ ဟောကြားခြင်းဖြစ်ကောင်းဖြစ်ပေမည်။“ဤလောကပျက်စီးသောအခါသတ္တဝါတို့သည် များသောအားဖြင့် အာဘဿရဗြဟ္မာဘုံသို့ ရောက်ကုန်ဖြစ်ကုန်၏။ ထိုသူတို့သည်ထိုဘုံ၌ကာလကြာရှည်စွာဖြစ်တည်၏။ ရှည်သောကာလများလွန်သော် ဤလောကသည် ဖြစ်၏။

ထိုအခါ တိတ်ဆိတ်သော ဗြဟ္မာ့ ဗိမာန် သည် ထင်ရှားဖြစ်၏။ တဦးတယောက်သော သတ္တဝါသည် အာဘဿရဘုံမှ သေ၍ ဤလောက၏ တိတ်ဆိတ်သော ဗြဟ္မာဗိမာန်၌ဖြစ်၏။ ထိုသတ္တဝါသည်တယောက်အထီး တည်း ကြာမြင့်စွာ နေရသောအခါ ပျင်းရိမမွေ့မလျော်ဖြစ်လာ၏။ထို့ကြောင့်“တပါးသောသတ္တဝါတို့သည် ဤဘုံသို့ ရောက်လာဘိမူ ကောင်းလေစွ”ဟု တောင့်တသည်ဆို၏။ ထိုစဉ်တပါးသောသတ္တဝါတို့သည် အာဘဿရဘုံမှသေခဲ့၍ ဤလောက ဗြဟ္မာ့ဗိမာန်၌ဖြစ်ပေါ်ကုန်ကြ

၏။ ဆိုသို့သောအခါ ရှေးဦးဖြစ်နှင့်သော သတ္တဝါသည် ဤသို့အကြံဖြစ်သည်ဆို၏။

"ငါသည် ဗြဟ္မာဖြစ်၏။ မဟာဗြဟ္မာဖြစ်၏။ လွှမ်းမိုးနိုင်သူဖြစ်၏။ မည်သူကမျှမလွှမ်းမိုးနိုင်သူဖြစ်၏။ စင်စစ်အလုံးစုံကိုမြင်သူဖြစ်၏ အလိုအတိုင်း ဖြစ်စေနိုင်သူဖြစ်၏။ အစိုးရသူဖြစ်၏။ ပြုသူဖြစ်၏။ ဖန်ဆင်းသူဖြစ်၏။ အမြတ်ဆုံး ဖြစ်၏။ စီမံသူဖြစ်၏။ ချာန်၌လေ့လာပြီးသူဖြစ်၏။ ဖြစ်ပြီးဖြစ်ဆဲသတ္တဝါတို့၏အဖဖြစ်၏။ ဤသတ္တဝါတို့ကို ငါဖန်ဆင်းထား၏။ အဘယ်ကြောင့်ဆိုသော် "တပါးသောသတ္တဝါတို့သည်လည်း ဤဘုံသို့ ရောက်လာဘိမူကောင်းလေစွ"ဟု ငါအားရှေး၌အကြံဖြစ်ခဲ့၏။ ငါ့အား ဤသို့စိတ်တခြင်းလည်းဖြစ်၏။ ဤသတ္တဝါတို့သည်လည်း ဤဘုံသို့ရောက်လာကုန်၏။" နောက်မှ ဖြစ်ပေါ်လာသော သတ္တဝါတို့သည်လည်း ဤသို့အကြံဖြစ်သည်ဆိုပြန်၏။

"ဤအသျှင်သည်ဗြဟ္မာဖြစ်၏။ မဟာဗြဟ္မာဖြစ်၏။ လွှမ်းမိုးနိုင်သူဖြစ်၏။ မည်သူကမျှမလွှမ်းမိုးနိုင်သူဖြစ်၏။ စင်စစ်အလုံးစုံကိုမြင်သူဖြစ်၏။ အလိုအတိုင်းဖြစ်စေနိုင်သူဖြစ်၏ အစိုးရသူဖြစ်၏။ ပြုသူဖြစ်၏။ ဖန်ဆင်းသူဖြစ်၏။ အမြတ်ဆုံးဖြစ်၏။ စီမံသူဖြစ်၏။ ချာန်၌လေ့လာပြီး သူဖြစ်၏ ဖြစ်ပြီးဖြစ်ဆဲသတ္တဝါတို့၏ အဖဖြစ်၏။ ငါတို့ကိုဤအရှင်ဗြဟ္မာဖန်ဆင်းထား၏၊ အဘယ်ကြောင့် ဆိုသော်"ဤဘုံ၌ဤဗြဟ္မာကြီး ရှေးဦးစွာဖြစ်ပေါ်နေသည်ကို ငါတို့မြင်ရကုန်၏" ငါတို့သည်ကား နောက်မှ ဖြစ်ပေါ် လာကုန်သည်"ဆို၏။

ဤသို့ပင်ဗုဒ္ဓသည် ဓကေစ္စသဿတဒိဋ္ဌိအယူဝါဒ၏ ပဌမအယူဝါဒကိုဟောကြားခဲ့သည်၊ ဤယူဝါဒလေးပါးလုံးကိုကြည့်ခြင်း

အားဖြင့်ထိုစဉ်က ဗြဟ္မဏ၊သမဏအချို့တို့ မဟာ ဗြဟ္မာအယူ ဝါဒကို ဘုံဘဝဌာနကာလနှင့်ဟာသရသပါစွာ ဟောခဲ့ကြောင်း မှာ သိသာလှလေသည်။ ဤအယူဝါဒများအပြင်"လောကသည် အဆုံးရှိ၏။ အဆုံးမရှိ၊ စသည်ဖြင့် ယုံကြည်ယူဆကြသော'အန္တာ နန္တဒိဋ္ဌိ'အယူအဆသည်လည်း ထိုစဉ်က ရှိလေသည်၊ မည်သည့် အကြောင်းအရာ ပြဿနာကိုမျှ တိကျရေရာစွာအယူမရှိ၊ အဖြေ အဆိုမရှိပဲ မရေမရာ မသေမချာ အယူအဆ ရှိသူများလည်း ထိုစဉ်ကရှိပေမည်။ ဥပမာ သဉ္စယ-ဗေလဋ္ဌပုတ္တ(သိဉ္စည်း ပရဗိုဇ်) ကဲ့သို့သော ပုဂ္ဂိုလ်မျိုးတို့ဖြစ်သည် ။အကယ်၍ ပြဿနာတခုခုနှင့် စပ်လျဉ်း၍ ၎င်းတို့၏အအယူဆကို မေးပါက ၎င်းတို့သည်"တပါး သော လောကရှိသလော့ဟု သင်-ငါ့ကိုမေးသော် 'တပါးသော လောကရှိ၏'ဟု ငါအယူရှိခဲ့လျှင် 'တပါးသော လောကရှိ၏'ဟု သင့်အားငါဖြေရာ၏။

သို့ရာတွင် ဤသို့ဟုလည်း ငါမယူ၊ ထိုသို့ဟုလည်း ငါမယူ၊ အခြားသို့ဟုလည်း ငါမယူ၊ ဤသို့၊ ထိုသို့၊ အခြားသို့ မဟုတ် ဟုလည်း ငါမယူ၊ ဤသို့၊ ထိုသို့၊ အခြား သို့မဟုတ် သည်မဟုတ် ဟုလည်း ငါမယူ"ဤသို့သောစကားတို့ကား ထိုသံသယ ဝါဒီတို့ ၏ လက်သုံးစကားတို့ဖြစ်သည်။ ၎င်းတို့ ဤ သို့ ဖြေကြားခြင်း သည် ပညာနုံသောကြောင့်၊ တွေဝေသောကြောင့် ဖြစ်သည်ဟု ဗုဒ္ဓကဆိုသည်။ အကြောင်းမဲ့အယူ၊'အဓိစ္စသမုပ္ပန္နဝါဒ' ရှိသူတို့ လည်းရှိလေသည်။ ထိုသူတို့၏ အယူကား "လောကသည်၎င်း အတ္တသည်၎င်း အကြောင်းမဲ့ဖြစ်ပေ၏။"ဟု အယူရှိသူတို့ဖြစ်လေ သည်။

'ဥစ္ဆေဒဝါဒ'သေလျှင်ပြတ်စဲသည်ဟု အယူရှိသူတို့သည်လည်း ထိုစဉ်က ရှိခဲ့လေသည်။ စင်စစ်ကား ၎င်းတို့သည် ရှေးဦးစွာသော ရုပ်ဝါဒီတို့ ဖြစ်လေသည်။ ဥပမာအဇိတကေသ ကမ္ဗလ၏ အယူအဆသည် ဤကဲ့သို့သော ရုပ်ဝါဒ အယူအဆဖြစ်သည်။ ၎င်းပြင် 'စာရ်ဝါက'( Carvaka ) ရုပ်ဝါဒသည်လည်း ဤကဲ့သို့သော အယူဝါဒသာဖြစ်လေသည်။ ဤစာရ်ဝါကရုပ်ဝါဒကျမ်းကို ဗုဒ္ဓဝါဒ ပါဠိစာပေတို့၌ 'လောကာယတကျမ်း'ဟု ခေါ်ဆိုသတ်မှတ်ကြလေသည်။ ဒစ္ဆေဒဝါဒီတို့၏ အယူအဆကား "အချင်း ဤအတ္တသည်ရုပ်ရှိ၏။ မဟာဘုတ်လေးပါး အစုအဝေး ဖြစ်၏။ မိဘတို့မှပေါက်ဖွား၏၊ ကိုယ်ကောင်ပျက်စီးလျှင် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးသည်မှ နောက်၌မရှိ၊ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝပြတ်စဲ၏"ဟုဆိုကြလေသည်။ ဗြဟ္မဇာလသုတ်၌ကား ဘုံဌာနအားဖြင့် ရောယှက် ယူဆထားသည့် အခြားသော ဥစ္ဆေဒဝါဒများဖြင့်ပါ ခုနစ်မျိုးပြဆိုထားလေသည်။

မျက်မှောက်နိဗ္ဗာန်အယူ "ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ" ရှိသူတို့လည်း ရှိချေသေး၏။ ၎င်းတို့၏ အယူအဆကား 'လောက နိဗ္ဗာန်' အယူအဆဖြစ်လေသည်။ မျက်မှောက် ကိုယ်ခန္ဓာနှင့်ကာမဂုဏ်အာရုံဝအီအောင် ခံစားနိုင်ခြင်းကိုပင် ၎င်းတို့က ပဓါနထားယူဆလေသည်။ ဘုံဌာနတို့ဖြင့်ယှဉ်တွဲပြီး အယူငါးမျိုးကို ပြဆိုထား၏။

"အချင်း ဤအတ္တသည်ကာမဂုဏ် ငါးပါးဖြင့်ကုံလုံပြည့်စုံစွာ ပျော်ရွှင်စံစားရ၏။ အချင်းမျက်မှောက် လောကီနိဗ္ဗာန်သို့ရောက်၏"ဟု ထိုသူတို့သည်ဤသို့ ဆိုလေ့ ယူလေ့ရှိကြလေသည်။ ထိုအယူဝါဒနှင့် ယူဆယုံကြည်သူတို့အား ဗုဒ္ဓသည် ဝိဋ္ဋိစ္စသမုပ္ပါဒ်

နှင့် ယှဉ်ပြဝေဖန်လေသည်။ ထိုပုဂ္ဂိုလ်တို့သည် မိမိတို့အယူဝါဒ၌ နှစ်ခြိုက် ဝမ်းသာသော ဝေဒနာဖြင့်ခံစားကြကုန်ရာမှ၊ တဏှာ, ဉပဒါန်,ဘဝ,စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် အစဉ်မှ မလွတ်ကင်းနိုင်ကြောင်းကို ဗုဒ္ဓသည်အကျယ်တဝန့် ဟောကြားထားလေသည်။ (ဒီဃနိကာယ်-ဗြဟ္မဇာလသုတ်)။

ဗုဒ္ဓ ဂေါတမနှင့် ခေတ်ပြိုင်ယှဉ်လျက် ပေါ်ပေါက်ခဲ့သော ဂိုဏ်းဆရာကြီးများကို ဗုဒ္ဓဝါဒီတို့သည် တိတ္ထိ ဆရာကြီး များ အဖြစ်သိကြလေသည်။ ဗုဒ္ဓဝါဒ ပိဋကတ်တို့နှင့် ဂျိန်းဝါဒစာပေတို့တွင် ၎င်းတို့အကြောင်း ပါသည် ဆိုသော်လည်း ပြည့်စုံ တိကျစွာ ပါရှိသည်မဟုတ်ချေ။ ပိဋကတ်တို့၌ကား ဒီဃနိကာယ် သီလက္ခန်ပါဠိတော်တွင် ၎င်းတို့၏ အယူအဆဝါဒတို့ ပါရှိလေသည်။ အိန္ဒိယပြည် မဇ္ဈိမဒေသတဝိုက်တွင် ဗုဒ္ဓနှင့်ယှဉ်ပြိုင်ပေါ်ထွန်းခဲ့သော ၎င်းပုဂ္ဂိုလ်များသည် ကိုယ်ပိုင်အယူဝါဒဂိုဏ်းဂဏ တပည့်တပန်းတို့ဖြင့်ထယ်ဝါစွာနေခဲ့ကြသောဂိုဏ်းခေါင်းဆောင်များဖြစ်လေသည်။ စင်စစ်ကား ထိုစဉ်က အိန္ဒိယပြည် မြောက်ပိုင်းတွင် ထိုမျှမက ပေါ်ပေါက်ခဲ့သော ဂိုဏ်းဂဏ အယူဝါဒများရှိမည်ဖြစ်သည်ဟု မှန်းဆရသော်လည်း ယနေ့ လုံးဝမသိရချေ၊ ဗုဒ္ဓဝါဒ ပိဋကတ်စာပေတို့တွင် ပါရှိသဖြင့်သာ ဤပုဂ္ဂိုလ်များအကြောင်းကို အနည်းအပါး သိရလေသည်။ ၎င်းတို့၏ဘဝဖြစ်စဉ်နှင့် အယူအဆများကို ၎င်းတို့၏ စာပေ အယူဝါဒ တရပ်အနေနှင့် မတွေ့ရသည်မှာ စင်စစ်ထိုစဉ်က ၎င်းတို့၏ အယူအဆများသည် မပြန့်ပွားသောကြောင့်၎င်း၊ သို့မဟုတ်ယုံကြည် လက်ခံသူ နည်းပါးသောကြောင့်၎င်း ဖြစ်ပေမည်။ ဤ သို့ ပင် ဖြစ်သော်လည်း ထိုတိတ္ထိဆရာကြီး ခြောက်ဦးတို့တွင် တူညီသော

တချက်ကား ၎င်းတို့အားလုံး ဝေဒယုံကြည်ချက်များကိုလက်မခံ တွန်းလှန်ကြသူများဖြစ်သည်။

ဇာတ်စံနစ်ကို ၎င်းတို့လက်မခံ ပယ်ဖျက်ထားကြသည်။ ယေဘုယျအားဖြင့်ကား ၎င်းတို့ အားလုံးသည် ဘဝသံသရာမှ ထွက်မြောက်မှုကို မိမိတို့ယူဆယုံကြည်ချက်အတိုင်း ဟောပြော ကျင့်သုံးကြသူများဖြစ်လေသည်။ ယူဆ ယုံကြည်မှုတို့တွင်လည်း တဦးနှင့်တဦးမတူညီကြချေ။ အသက်အရွယ်အားဖြင့်လည်း ဒီဃ ဒိကာယ် သာမည ဖလသုတ်လာ စကားများအရ ၎င်းတို့အား လုံး ဗုဒ္ဓထက် အသက်ကြီးရင့်သူများဖြစ်လေသည်။

၎င်းပုဂ္ဂိုလ်ကြီးတို့မှာ ပုရဏကဿပ, မက္ခလိဂေါသာလ, အဇိတကေသကမ္ဗလ, ပကုဓကစ္စာယန, နိဂဏ္ဌနာဋ္ဌပုတ္တ, သဥ္စယဗေလဋ္ဌပုတ္တ တို့ဖြစ်သည်။ မြန်မာဗုဒ္ဓဝါဒီတို့သည် ၎င်းတို့ကို တိတ္ထိ ဆရာကြီးခြောက်ပါးအဖြစ် သိထားကြသော်လည်း စင်စစ်၎င်းတို့သည် အယူဝါဒတီတွင် ကြံဆ၍ ဂိုဏ်းဂဏ တပည့်တပန်းတို့ဖြင့် နေခဲ့ကြသော ဝါဒရှင်ဂိုဏ်းဆရာ ဘုရားကြီးများဖြစ်လေသည်။

---

ပုရဏကဿပ၏ ဝါဒသည် ကံမဲ့ဝါဒ သို့မဟုတ် အဘောတုက ဝါဒဖြစ်သည်။ ပုရဏကဿပသည် ထိုခေတ်ဂိုဏ်းဆရာကြီးတို့တွင် အသက်အရွယ်အကြီးဆုံးသောသူဖြစ်လေသည်။ ပုရဏကဿပက "အလုံးစုံကိုသိ၏၊ မြင်၏၊ ငါသည် သွားနေစဉ်၎င်း၊ ရပ်နေစဉ်၎င်း၊ အိပ်နေစဉ်၎င်း၊ နိုးနေစဉ်၎င်း၊ အမြဲမပြတ် ဉာဏ်အမြင်သည် ရှေးရှုတည်၏"ဟု အကြွင်းမဲ့ဉာဏ်အမြင်ကို ဝန်ခံ၏၊ ၎င်းပြင် "အဆုံးမရှိသော ဉာဏ်ဖြင့် အဆုံးမရှိသော လောကကို

ငါသည် သိလျက် မြင်လျက်နေ၏”ဟုလည်း ဆိုသူဖြစ်သည်ဟူ၏။ (အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ်၊ လောကာယတိကသုတ်)။

ပူရဏကဿပ၏ အဆိုအမိန့်အယူအဆကား–

“မင်းကြီးပြုသူ၊ ပြုစေသူ၊ ဖြတ်သူ၊ ဖြတ်စေသူ၊ နှိပ်စက်သူ၊ နှိပ်စက်စေသူ၊ ပူဆွေးအောင်ပြုသူ၊ ပြုစေသူ၊ ပင်ပန်းအောင်ပြုသူ၊ ပြုစေသူ၊ တုန်လှုပ်သူ၊ တုန်လှုပ်စေသူ၊ အသက်ကိုသတ်သူ၊ သတ်စေသူ၊ ခိုးယူသူ၊ ခိုးယူစေသူ၊ အိမ်ကိုဖေါက်ထွင်းသူ၊ဖေါက်ထွင်းစေသူ၊ရွာကိုတိုက်ခိုက်လုယူသူ၊တိုက်ခိုက်လုယူစေသူ၊ဘာအိမ်တည်းကို တိုက်ခိုက်လုယူသူ၊ လုယူစေသူ၊ ခရီးလမ်း၌စောင့်၍လုယက်သူ၊ လုယက်စေသူ၊ သူ့မယားကိုသွားလာသူ၊ သွားလာစေသူ၊ မုသားပြောသူ၊ ပြောစေသူများသည် မ ကောင်း မှု ကို ပြုသော်လည်း ပြုသည်မမည်။ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်တုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အ သား ပုံ ဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှုဖြစ်ခြင်းမရှိ၊ ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်း၌နေသောသူတို့သည်လည်း (ဂင်္ဂါမြစ် တောင်ဘက်ကမ်းသားတို့သည် ရက်စက်ကြမ်းကြုတ်သူများ ဖြစ်သည်) အသက်ကိုသတ်လျက် သတ်စေလျက်၊ ဖြတ်လျက်ဖြတ်စေလျက်၊ နှိပ်စက်လျက်နှိပ်စက်စေလျက်သွားစေကာမူ ထိုအကြောင်းကြောင့်မကောင်းမှုမရှိ၊ မကောင်းမှုဖြစ်ခြင်းမရှိ၊ ဂင်္ဂါမြစ် မြောက်ဘက်ကမ်း၌နေသောသူတို့သည်လည်း(ဂင်္ဂါမြစ် မြောက်ဘက်ကမ်းသားတို့သည် အယူဘာသာဝါဒ ယုံကြည်မှုရှိပြီး ကျင့်သုံး ဆောက်တည်သော ဗြဟ္မဏဘာသာဝင်တို့ ဖြစ်တန်သည်) လှူလျက်လှူစေလျက်ပူဇော်

လျှက်၊ ပူဇော်စေလျှက် သွားစေကာမူ ထိုအကြောင်းကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်းမရှိ၊ အလှူပေးခြင်း၊ ဣန္ဒြေကို ဆုံးမခြင်း၊ သီလစောင့်စည်းခြင်း၊ အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်းမရှိ” ဤသို့ပူရဏကဿပသည် မိမိ၏အယူဝါဒကို အဇာတသတ်မင်းအား ပြောကြားလေသည်။ (ဒီဃနိကာယ်၊ သာမညဖလသုတ်)။

ဒီဃနိကာယ် ဗြဟ္မဇာလ သုတ်တွင်လာသော အဓိစ္စသမုပ္ပန္န ဝါဒ အကြောင်းမဲ့အယူသည် ပူရဏကဿပ၏ အယူအဆ ဖြစ်ကောင်း ဖြစ်ပေမည်။ ကဿပ၏ အယူဝါဒအရ ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူသည် မရှိချေ၊ ကောင်းကျိုး မကောင်းကျိုး တို့သည်လည်း ထို့အတူပင်ဖြစ်သည်။ လူ့အဖွဲ့အစည်းအနေနှင့် ရှောင်ကျဉ်ရန် သတ်မှတ်ထားသော စည်းကမ်းများ ဘာသာ အယူဝါဒတို့၏ ယဉ်ကျေးမှုနှင့် ကျင့်စဉ်များသည် မည်သို့မျှ အဓိပ္ပါယ်မရှိဖြစ်၏။ အကြောင်းတရားနှင့် အကျိုးတရားတို့ကို ကဿပသည် လက်ခံသူမဟုတ်ချေ။ လူသားတဦး၏ အပြစ်ကင်းပ ဖြူစင်မှုနှင့် ညစ်နွမ်း အပြစ်ရှိမှုတို့သည် ကဿပ၏ အမြင်အယူ၌ မရှိချေ။

လောကအမြင်၌ပင် လူသားတို့က အပြစ်များ၊ ဆိုးယုတ် ညစ်ညမ်းမှုများအဖြစ် လက်ခံယူဆ ရှောင်ကျဉ်ကြသောမကောင်းမှုများကို အပြစ်မဖြစ်ဟု ကဿပက မိန့်ဆိုကာ မိမိ၏ ကံမဲ့ဝါဒကို အစွမ်းကုန် တင်ထားလေသည်။ ကဿပ၏ ဤအယူများသည် တမလွန်ဘဝ၌ အပြစ်မရှိဟု ဆိုလိုခြင်း ဖြစ်ကောင်းဖြစ်မည်ဟု ယူဆနိုင်သော်လည်း လူသား၏ မသိစိတ်, မောဟ, နှင့် ရန်လိုစိတ် ဒေါသ, ကာမစိတ်တဏှာ, တို့ကိုကား ယခုကဲ့သို့ဇက်လွှတ်၍အား

သစ်လောင်းမပေးသင့်ချေ။ ကဿပသည်ထိုစဉ် ကယျဉ်ပြိုင်အယူဝါဒတို့ကို တိုက်ခိုက်လို၍ ဤသို့ ဟောပြောသည်ဆိုစေ ၎င်း၏ အယူအဆဝါဒသည် လောက နှင့် ၎င်း၊ လောကုတ္တရာနှင့်၎င်း ဖြောင့်ဖြောင့်ကြီးဆန့်ကျင်လေသည်။

မက္ခလိဂေါသာလ။ ဂေါသာလကို မွေးဖွားသော ဇာတိကား သာဝတ္ထိပြည် အနီးတဝိုက်တွင်ဖြစ်သည်။ ဂေါသာလသည် အရွယ်ရောက်သောအခါ ပရိဗိုဇ် တဦးဖြစ်လာသည်။ ပရိဗိုဇ် အဖြစ် နှစ်ဆယ့်ငါးနှစ်တိုင်တိုင် လှည့်လည်ကာ အယူဝါဒတို့ကို ဟောပြောခဲ့လေသည်။ ပဌမ ခြောက်နှစ်တွင် ဂိုဏ်းဆရာကြီး တဦးဖြစ်သော မဟာဝီရနှင့် အတူ တပည့်ခံကာ နေထိုင်ခဲ့သည်ဆို၏၊ နောင်သောအခါ အယူဝါဒရေးရာ၌ ကွဲလွဲသဖြင့် မဟာဝီရ နှင့်ခွဲခွာခဲ့ကာ သာဝတ္ထိပြည်တွင် တရားကျင့်နေလေသည်။ ၎င်း နောက် ဇိန အဖြစ်သို့ရောက်ရှိပြီး ဂိုဏ်းတည်ထောင်ကာ ဂိုဏ်း ဆရာအဖြစ်နေ၏။ ဂေါသာလ၏ ဂိုဏ်းသည်အာဇီဝကဂိုဏ်းဖြစ် သည်။

ဂေါသာလထက် ရှေးကျသော အာဇီဝက ဂိုဏ်းဆရာကြီး နှစ်ဦးရှိသေး၏၊ ၎င်းတို့ကား ဝစ္ဆအနွယ်၌ ဖြစ်သော နန္ဒနှင့် သံကိစ္စနွယ်၌ဖြစ်သော ကိသ သံကိစ္စတို့ဖြစ်ကြသည်။ အာဇီဝက ဂိုဏ်းသားတို့သည် ရှေးဖြစ်ဟောခြင်း၊ နက္ခတ်ဟောခြင်း၊ ဗေဒင် တွက်ခြင်း အကြားအမြင်ပြောဟောခြင်း စသည့် အပြုအမူတို့ ဖြင့် အသက်မွေးဝမ်းကျောင်းကြသည်ဟုဆို၏။

သို့သော်လည်း ပြဆိုခဲ့သော တပကျင့်နည်း ကျင့်ဟန်တို့မှ ဆွမ်းခံခြင်းနှင့် ပတ်သက်သော အကျင့်များသည် အာဇီဝကတို့၏ အကျင့်များပင် ဖြစ်သည်။ ဂေါသာလ အာဇီဝက ရဟန်း

ဝတ်ခြင်းသည်ပင် သံသာရာမှ ထွက်မြောက်လို၍ မဟုတ်ပဲ ဝမ်းရေးအတွက်ကြောင့် အာဇီဝက ရဟန်းဝတ်သည်ဟု ဆိုကြသည်။ ဤသို့ဆိုပါက ဂေါသာလသည် ထိုခေတ်က လူတို့အထူးစိတ်ဝင်စားသည့် အကျင့်များကို မလွှဲရှောင်သာ၍ လိုက်နာကျင့်သုံးရခြင်းဖြစ်ပေမည်။ စင်စစ်အားဖြင့် ဂေါသလာ၏ ရေရေရာရာ ဟုတ် ဟုတ် ငြား ငြား မရှိသော အယူအဆကို ကြည့်လျှင်ပင် ဂေါသာလ ဝမ်းရေးကို ဦးစားပေးခြင်းသည် ဖြစ်တန်သည်။

"သတ္တဝါတို့သည် အကြောင်းမရှိ၊ အထောက်အပံ့ မရှိပဲ ညစ်ညူးကုန်၏၊စင်ကြယ်ကုန်၏၊ မိမိ၊သူတပါး၊ယောကျ်ားတို့၏ ပြုလုပ်မှုသည်မရှိ၊ စွမ်းအားလုံးလ၊ ဝိရိယ၊ တို့သည် မရှိ၊အလုံးစုံသောသက်ရှိ သတ္တဝါတို့သည် အစွမ်း၊ ခွန်အား၊ လုံ့လမရှိဖြစ်မြဲတိုင်း ဆုံစည်းသည့်အတိုင်းသာ ဖြစ်ကုန်၏။ ဇာတ်အထူးများ ခြောက်မျိုးတို့၌သာ သုခ ဒုက္ခကို ခံစားကြကုန်၏။တသန်း လေးသိန်း ခြောက်ထောင့် ခြောက်ရာသော သတ္တဝါမျိုးများနှင့် ငါးရာသောကံ၊ငါးပါးသောကံ၊ သုံးပါးသောကံများ၊ ပြည့်သောကံ၊ ထက်ဝက်သောကံများ၊ ခြောက်ဆယ့်နှစ်ပါးသော အကျင့်များ ၆၂ပါးသောအန္တရကပ်များ၊ခြောက်မျိုးသောဇာတ်အထူးများ ၈,ပါးသော ယောကျ်ားတို့၏ အရွယ်များ၊ ၄၉၀၀, သော အသက်မွေးမှုများ၊ ၄၉၀၀,သော ပရဗိုဇ်များ၊ ၄၉၀၀,သော နဂါးတို့နေရာများ၊ ၂၀၀၀,သော ဣန္ဒြေများ၊ ၃၀၀၀,သော ငရဲများ၊၃၆-မျိုးသော မြူဓါတ်တို့၏ တည်ရာများ။၇,မျိုးသော သညာရှိ ပင်္ဂသန္ဓေ၊ သညာမဲ့ ပင်္ဂသန္ဓေ၊ အဆစ်ပင်္ဂသန္ဓေများ၊ ၇,မျိုးသော နတ်များ၊လူများ၊ မြေဘုတ်ဘီလူးများ၊ ၇,ခုသော အိုင်ကြီးများ၊အဖုကြီးများ၊ ၇၀၀,သော အဖုငယ်များ၊ ၇,ခု

သော ချောက်ကြီးများ၊ ၇၀၀,သော ချောက်ငယ်များ၊ ၇,ခု သော အိုင်မက်ကြီးများ၊ ၇၀၀,သော အိုင်မက်ငယ်များ၊ ရှစ်သန်း လေးသိန်းသော မဟာကပ်များရှိကုန်၏။ ယင်းမဟာကပ်ပတ်လုံး လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ ပြေးသွား ကျင်လည်၍ ဆင်ရဲကုန်ဆုံးခြင်းကိုပြုလတ္တံ့။ ထိုအတွင်း ဆင်းရဲကုန်ဆုံးခြင်းဟူသည်မရှိ။ သီလများ၊ ကျင့်ဝတ်များ၊ ခြိုးခြံမှုများ၊ အကျင့်မြတ်များဖြင့် မရင့်သေးသော ကံကို ရင့်စေမည်။ ရင့်ပြီးသော ကံကိုလည်း တွေ့၍တွေ့၍ ပျက်စီးစေမည်ဟု ဤသို့ပြုပြင်နိုင်စွမ်းမရှိ၊ သုခ- ဒုက္ခသည် စရွတ်တောင်းဖြင့် ခြင်ထားသကဲ့သို့ တိကျစွာရှိ၏။

သံသရာသည် အပိုင်းအခြား ပြုထားပြီးဖြစ်၏။အတိုးအဆုတ် အလွန်အဟုတ်မရှိ။ ချည်လုံးကို ဖြစ်လိုက် သော်ချည်ရှိသရွေ့သာ ပြေးလျက်သွားသကဲ့သို့ ဤအတူ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ ပြေးသွား ကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုကြလတ္တံ့" ဂေါသာလသည် ဤသို့ မိမိ၏အယူအဆကို အဇာတသတ် မင်းအား ပြောကြားလေသည်။ (ဒီဃနိကာယ်= သာမညဖလသုတ်)။

ဂေါသာလပညတ်သော အမျိုးခြောက်မျိုးတို့မှာ ကဏှ နီလ,လောဟိတ, ဟလိဒ္ဒ, သုက္က,ပရမသုက္က,တို့ဖြစ်သည်။အမည်းရောင်ကဏှတွင် မုဆိုးများ၊တံငါသည်များ၊ငှက်ခတ်သမားများတို့ဖြစ်၏။ နီလအညိုရောင်တွင်ဗုဒ္ဓ၏ရဟန်းများနှင့် တပကျင့်ကျင့်သောရဟန်းများပါဝင်၏။

အနီရောင်လောဟိတတွင် နိဂဏ္ဌနာဋ်ပုတ္တ၏ဂျိန်းရဟန်းများ၊ ဟလိဒ္ဒအဝါရောင်တွင် အာဇီဝကနှင့် အစေလကတို့၏ဒါယကာ

များ၊ ဥပါသကာများ၊ အဖြူရောင် သုက္ကတွင် ဝစ္ဆနွယ်၌ ဖြစ်သော နန္ဒနှင့် သံကိစ္စနွယ်၌ ဖြစ်သော ကိသကဲ့သို့သော အာဇီဝကရဟန်းများဖြစ်၏။ ပရမသုက္ကအလွန်ဖြူသောအရောင်တွင် မိမိ၏ အာဇီဝကရဟန်းများဟု ပညတ်ထားလေသည်။

ဂေါသာလသည် မိမိဆရာ မဟာဝီရနှင့်အတူနေစဉ် တနေ့တွင် လူများတက်နင်းခြင်းခံရသော အညှောင့်တခု ပြန်လည်ရှင်သန် ပေါက်ရောက်လာသည်ကို တွေ့လိုက်ရသည်။ ထိုအခါမှစ၍ ဂေါသလာသည် အမြင်တမျိုးပြောင်းလဲသွား၏။ဇီဝိတိန္ဒြေသည် မပျက်စီး၊ အသက်ရှင်လျက်သာရှိ၏။ ပျက်စီးခြင်း, သေဆုံးခြင်း ဟူသည် မရှိဟု ဆုံးဖြတ်ယူဆသည်ဆို၏။ ထို့ကြောင့်ပင် ဂေါသာလသည် လူသားတိုင်း ဘဝသံသရာကျင်လည်မှုကို တိကျသော အပိုင်းအခြားအရ ကျင်လည် ဖြစ်ပျက်ရလေသည်။ လူသားတို့ ကျင်လည်ရမည်မြစ်သော ဘဝသံသရာကား အပိုင်းအခြား အကန့်အကတ်နှင့် တိကျစွာရှိလေသည်ဟု ယူဆံပြောဆိုခြင်း ဖြစ်လေသည်။

ဤသို့ ယူဆဟောပြောသော ဂေါသာလသည် ၎င်း၏လုပ်ရပ်နှင့် ၎င်း၏ယူဆဟောပြောချက်တို့မှာ တခြားစီပင် ဖြစ်သည်။ လူသားတို့သည် မည်သို့သော အကျင့်များနှင့်မျှ ပြုပြင်နိုင်ခြင်း မရှိဟု ၎င်းကိုယ်တိုင်ဟောကြားမိန့်ဆိုသော်လည်း အာဇီဝကဂိုဏ်းဝင် ပရဗိုဇ်တို့သည် အလွန်ဇီဇာများသူတို့ဖြစ်သည်။ တပအကျင့်များမှ ဆွမ်းခံခြင်း၌ ရှောင်ကျဉ်ခြင်း၊ အစားအစာစားရာတွင် ခြိုးခြံခြင်းတို့သည် ၎င်းတို့၏ အကျင့်အပြုများဖြစ်သေသည်။

စင်စစ် ဤသို့ကျင့်သုံးခြင်းကို ဂေါသာလသည် ယုံကြည်စိတ်ပါမှုမရှိသော်လည်း ထိုခေတ်က လူတို့စိတ်၌ အံ့သြအောင် ဤသို့မှမကျင့်လျှင် ဝမ်းရေး ခက်ခဲမည်ကိုသိသဖြင့် ကျင့်သုံးလိုက်နာခြင်းဖြစ်လေသည်။ ထို့ကြောင့်လည်း သုတေသီတို့က ၎င်းကို "အချောင်သမား, ဗိုက်သမား,အဖြစ် ယူဆကြခြင်းဖြစ်သည်။

ဤသို့ လူအများမျက်စိကျအောင်၊ စိတ်ညွတ်အောင် ခြိုးခြံသော အကျင့်များ ကျင့်ရသော်လည်း မကြာ မကြာ အလွန်မွန်မြတ်ကောင်းမွန်သော စားဖွယ်သောက်ဖွယ်,ခဲဖွယ်လျက်ဖွယ်တို့ကို ဤကိုယ်ခန္ဓာကိုအားရှိရန်,အဆီ တိုးစေရန်စားသည်ဆို၏။ (မဟာသစ္စကသုတ်—မဇ္ဈိမနိကာယ်)။

အဇိတကေသကမ္ဗလသည်လည်း ဂိုဏ်းဆရာ အယူဝါဒရှင်ကြီးတဦးပင်ဖြစ်သည်။ ၎င်း၏ အယူအဆ သည်ကား ဥစ္ဆေဒရုပ်ဝါဒဖြစ်သည်။ စင်စစ် ၎င်း၏ဝါဒသည် ကိုယ်ကျင့် တရားကင်းသော ရုပ်ဝါဒဖြစ်လေသည်။ အိန္ဒိယပြည်တွင် ပဌမဦးစွာ ရုပ်ဝါဒကို ထူထောင်တီထွင်သူဖြစ်လေသည်။

၎င်း၏အမည်ရင်းသည် အဇိတဟူ၍ဖြစ်သော်လည်း လူတို့၏ ဆံပင်များဖြင့် ရက်လုပ်သော ကမ္ဗလာကို အမြဲဝတ်ရုံထားသဖြင့် အဇိတကေသကမ္ဗလဟူ၍ အမည်တွင်လေသည်။ ၎င်း၏ ရုပ်ဝါဒအယူသည် "စာရ်ဝါက" (Carvaka) ၏ တမလွန်ဘဝမရှိဟု ယူဆသည့်ရုပ်ဝါဒနှင့်တူလေသည်။

"ပေးလှူခြင်း၏အကျိုးသည် မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ဟုံးပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည်မရှိ၊ ဤလောကသည် မရှိ၊ တပါးသော လောက

သည်မရှိ၊ အမိအဖတို့၌ပြုသော အကျိုးတရားသည်မရှိ၊ သေ၍တဖန်ဖြစ်သောသတ္တဝါတို့သည်မရှိကုန်။ ဤလောက၊ တပါးသောလောကတို့ကိုကိုယ်တိုင်ထူးသောဉာဏ်အမြင်ဖြင့် သိ၍မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သည့်အရိယမဂ်သို့ရောက်ကုန်သော, ကောင်းမြတ်သော အကျင့်စာရိတ္တရှိကုန်သော သမဏ ပြဟ္မဏတို့သည် လောက၌မရှိကုန်။ သတ္တဝါသည် မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏။ သေသောအခါ မြေဓါတ်သည် မြေဓါတ် အစုသို့ရင်း၊ ရေဓါတ် သည် ရေဓါတ် အစုသို့ရင်း, လေဓါတ်သည် လေဓါတ်အစုသို့ရင်း ဆိုက်ရောက်၏။နာမ်ဣန္ဒြေတို့သည် ကောင်းကင်သို့ပြောင်းရွေ့ကုန်၏။ညောင်စောင်းလျှင်ငါးခုမြောက်သော ယောကျ်ားတို့သည် သူသေကောင်ကို ယူ၍သွားကုန်၏။ သင်းချိုင်း တိုင်အောင် သူသေကောင်တို့ သည် ထင်ကုန်၏။ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ရှိကုန်၏။ အလှူတို့သည် ပြာအဆုံးရှိကုန်၏။ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထား၏။အချို့သူတို့သည် ပေးလှူခြင်း၏အကျိုးတရား ရှိကုန်၏ဟု ဟောပြောကုန်၏။ ထိုသူတို့၏စကားသည် အချည်းနှီး ဖြစ်၏။ လူမိုက်ဖြစ်စေ, ပညာရှိဖြစ်စေ, ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်စဲကုန်၏။ ပျက်စီးကုန်၏။ သေသည်မှနောက်၌ မရှိကုန်" (ဒီဃနိကာယ်–သာမညဖလသုတ်)။ ဤသည်ကား....အဇိတ၏အယူဝါဒ အယူအဆဖြစ်လေ၏။

စင်စစ်ကား....အဇိတ၏ ရုပ်ဝါဒသည် အကြမ်း ဆုံး သော ရုပ်ဝါဒဖြစ်လေသည်။ ၎င်းသည် သေလျှင်ပြတ်စဲ၏။ တမလွန်ဘဝမရှိဟုဆိုပြီး ထိုစဉ်က အများသော ဘာသာဝါဒများ, ဂိုဏ်းဆရာများကို လူမိုက်တို့ဟုဆိုထား၏။ သေလျှင်ပြတ်စဲ၏ဆို

ပြီး ကိုယ်ကျင့်တရားတို့ကို အဇိတသည် ပစ်ပယ်လိုက်လေသည်။ မျက်မှောက်ဘဝ၌ ကိုယ်ကျင့် တရားများသည် တမလွန်ဘဝ အတွက်ဟုယူဆထားဟန်တူသည်။

အဇိတသည် လူသား၏ဘဝကို မီးနေခန်းနှင့် ခေါင်းကြား ဟုသတ်မှတ်ယူဆသူဖြစ်သည်။ ထိုသို့ ယူဆသော အဇိတသည် ထိုစဉ်က ပရိဗိုဇ်တဦးကဲ့သို့ ပြုမူကျင့်ကြံနေထိုင်သည်မှာ အံ့စရာ ပင်ဖြစ်သည်။

"ကေသ ကမ္ဗလာသည် အေးသောရာသီ၌ အလွန်အေး၏။ ပူအိုက်သော ရာသီ၌ အလွန် ပူအိုက်၏။ အဆင်းမလှ, အနံ့ မကောင်း၊ ကြမ်းတမ်းသော အတွေ့ရှိ၏။ ကေသ ကမ္ဗလာသည် အဝတ်တကာတို့တွင် အယုတ်ညံ့ဆုံးသော အဝတ် ဖြစ်သည်ဟု ဗုဒ္ဓသည် ဟောထား၏"။ (ကေသကမ္ဗလသုတ်-အင်္ဂုတ္တိုရ်)။

သို့သော် အဇိတသည် ဤသို့သောသဘောရှိသော ကေသ ကမ္ဗလာကိုခြုံလွှမ်းဝတ်ရုံလျက်နေလေ၏။ ဥစ္ဆေဒရုပ်ဝါဒသမား ဖြစ်သောအဇိတသည် ကေသကမ္ဗလာကြီးကိုဒုက္ခခံပြီးဝတ်ရုံနေ သည်မှာ ဝမ်းရေးအတွက်ကြောင့်ဖြစ်သည်ဟု ယူဆမိလေသည်။ သို့မဟုတ် ဤသို့မှ လူတို့စိတ်ဝင်စား အံ့ဩလောက်သော အပြု အမူကို မပြုစွမ်း နိုင်ပါက အဇိတ၏ ရုပ်ဝါဒသည် ရှေးဦး အိန္ဒိယလူ့ဘောင်တွင် တာစားအံ့မထင်ချေ။

ပကုဓကစ္စာယနသည်မည်သည့်အခါမှ ရေအေးကို မသောက် သုံးချေ၊ မြစ်ချောင်းတခုကို ဖြတ်ကျော် ပါကလည်း အပြစ် ကျူးလွန်ရာ ရောက်သည်ဟု ယူဆယုံကြည်သူ ဖြစ်သည်ဆို၏။ ဝင်စစ်ကစ္စာယန သည် အစွန်း ရောက် အတ္တ သ မား ဖြစ်သလို ဥစ္ဆေဒဝါဒကိုလည်း လက်ခံ ယုံကြည် လေသည်။ ၎င်း၏ အယူ

ဝါဒသည်ဥစ္ဆေဒဝါဒနှင့်သဿတဝါဒတို့ ရောစပ်နေလေသည်။

"ခုနစ်ပါးသော အစုတို့သည် ပြုလုပ်ထားသည်မဟုတ်ကုန်၊ ပြုလုပ်ထားစေသည် မဟုတ်ကုန်၊ ဖန်ဆင်းထားသည် ဖန်ဆင်းထားစေသည် မဟုတ်ကုန်။ မြုံကုန်၏၊ တောင်ထွဋ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏၊ ထိုအစုတို့သည်မတုန်လှုပ် မဖောက်ပြန်ကုန်၊ အချင်းချင်း မညှဉ်းဆဲနိုင်ကုန်၊ အချင်းချင်း ချမ်းသာရန် ဆင်းရဲရန်၊ချမ်းသာဆင်းရဲဖြစ်စေရန် မတတ်နိုင်ကုန်၊ ထိုခုနစ်ပါးတို့ကား မြေအစု၊ရေအစု၊ မီးအစု၊ လေအစု၊ ချမ်းသာ၊ဆင်းရဲ၊ အသက်တို့တည်း။

ဤခုနစ်ပါးသော အစုတို့သည် ပြုလုပ်ထားသည်၊ ပြုလုပ်ထားစေသည် မဟုတ်ကုန်၊ ဖန်ဆင်းထားသည် ဖန်ဆင်းထားစေသည် မဟုတ်ကုန်။ မြုံ၏ တောင်ထွဋ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏၊ ထိုအစုတို့သည် မဖောက်ပြန်မတုန်လှုပ်ကုန်၊ အချင်းချင်း မညှဉ်းဆဲ နိုင်ကုန်၊ ချမ်းသာဆင်းရဲစသည်တို့ကို အချင်းချင်း မပြုနိုင်ကုန်၊ ထိုအစုတို့၌ သတ်သူသတ်စေသူ၊ ကြားသူကြားစေသူ၊ သိသူ သိစေသူများ မရှိကုန်၊ ထက်စွာသော လက်နက်ဖြင့် ဦးခေါင်းကိုဖြတ်စေကာမူ တဦး တယောက် သည် တဦး တယောက် ကို သတ်သည်မမည်၊ လက်နက် သည် ခုနစ်ပါးသော အစုတို့၏ အကြား ဟင်းလင်းသို့ ကျရောက်၏။" (သာမညဖလသုတ်=ဒီဃနိကာယ်။)

ကစ္စာယနသည်ခုနှစ်ပါးသော တရားအစုတို့ကို အတ္တအဖြစ်ယူဆလေသည်။ ၎င်းသည် သုခနှင့် ဒုက္ခ၊ ဇီ ဝတို့ကို အသိအမှတ်ပြု၏၊ သို့သော် နာမ်တရားကိုကား တသိအမှတ်ပြုဟန်မတူချေ၊

၎င်းဆိုသော သုခ–ဒုက္ခကို ဇီဝကပင် ခံစားသည် ဟု ဆိုလို သလား မသိ။ သတ္တဝါ တဦးက သတ္တဝါတဦးကို သတ်ဖြတ် ရာ၌ တရားခံကို လက်နက်ဟုသာ သတ်မှတ်ခြင်းသည် ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးကို မရှိဟုဆိုလိုခြင်းပင် ဖြစ်တန်သည်။ ထို့ကြောင့်ပင် ရှပ်ဆန်လွန်းသွားပြန်၏။ စင်စစ်ကားကစ္စာယန ၏ ဝါဒသည် သဿတဝါဒလည်း လုံးလုံးမဖြစ် ဥစ္ဆေဒဝါဒ လည်း မပီပြင်ဖြစ်၏။ ၎င်းအဖို့ ခုနစ်ပါးသော အစုအဝေးတို့မှ တပါးကမ္ဘ၊ ဝိပါက, တမလွန် ဘဝ,တို့သည် ပဓါနမဟုတ်ချေ။

နိဂဏ္ဌနာဋပုတ္တ၏ ဝါဒသည် စတုယာမသံဝရဝါဒဖြစ်လေ သည်၊ နိဂဏ္ဌနာဋပုတ္တသည် ထိုစဉ်ကဂိုဏ်း ဆရာကြီး တို့တွင် အတော်ထင်ရှားသော ပုဂ္ဂိုလ်တဦးဖြစ်လေသည်။ ဘီစီ-၆ရာစု က အိန္ဒိယတွင် နာဋပုတ္တ၏ ဝါဒသည် အတော်လေး ပြန့်ပွား ခဲ့သဖြင့် ယနေ့တိုင်အောင်ပင် အိန္ဒိယပြည်၌ ရှိနေနိုင်ခြင်းဖြစ် လေသည်။ ဂျိန်းသုတ္တများသည် ၎င်း၏ အယူဝါဒ များပင် ဖြစ် လေ သည်။ ဂျိန်း စာ ပေ ၌မူ ၎င်း ၏ အ မည် သည် မဟာဝီရဟု တွင်၏၊ မ ဟာ ဝီ ရ (နာဋပုတ္တ)ကို ဝေသာလီ ပြည်အနီး ရွာတရွာတွင် ဖွားမြင်လေသည်။ အမျိုးအနွယ်အား ဖြင့်ကား ခတ္တိယနွယ်ဝင် ဇညာတိက မင်းမျိုး ဖြစ်လေသည်။ မဟာဝီရသည် အိမ်ထောင်ရှင် ဘဝ ရောက်မှ တောထွက်ကာ တရားအားထုတ်သူ ဖြစ်လေသည်။ တပအကျင့် ကမ္မဋ္ဌာန်းဘို့ကို တဆယ့်နှစ်နှစ်တိုင်တိုင် ကျင့်သုံးပြီးနောက် ဇိနဘုရားအဖြစ်သို့ ရောက်သည်ဆို၏။ ဂျိန်း ဘာ သာ ဝင် တို့ သည် တဏှာရာဂကို နှိမ်နင်း အောင်မြင်နိုင်သူများ အဖြစ် မိမိကိုယ်ကို ယူဆကာ ဇိနဟူသောအမည်နာမံကို ခံယူကြလေသည်။မိမိဆရာဖြစ်သော

သ္တာပနာထ၏ အယူအဆ တို့ကို လက် ခံ ကာ မဟာဝီရသည် ဂျိန်း ဘာ သာ ကို တည် ထောင် ခဲ့ လေ သည်။ မဟာဝီရသည် မိုးရာသီတို့၌ ဝေသာလီနှင့် သာဝတ္ထိမြို့တို့တွင် နေပြီး အခြား ကာလများတွင်ကား မဇ္ဈိမဒေသ တခိုတွင် လှည့်လည်၍တရား ဟောပြောလေသည်။ နှစ်ပေါင်း ၃၀ တိုင်အောင် ကောသလ, မဂဓ, ဝိဒေဟ, အင်္ဂတိုင်း, တို့တွင် ဟော ပြော ပြီး နောက်ဆုံး မဟာဝီရသည် ပါဝါ မြို့၌ ပျံလွန်တော် မူလေသည်။

"မင်းကြီး ဤလောကတွင် နိဂဏ္ဌသည် လေးမျိုးသော စောင့် စည်း ခြင်း ဖြင့် စောင့် စည်း ၏၊ မင်းကြီး နိဂဏ္ဌသည် လေးမျိုးသော စောင့်စည်း ခြင်းဖြင့် အဘယ်သို့ စောင့်စည်း သနည်းဟူမူ၊ မင်းကြီး ဤလောက၌ နိဂဏ္ဌသည် အလုံးစုံသော ရေအေးကို တားမြစ်၏၊ မကောင်းမှုကို အလုံးစုံ တားမြစ် ၏၊ ဤသို့အလုံးစုံတားမြစ်ခြင်းဖြင့် ပယ်ခွာပြီးဖြစ်၏၊ မကောင်းမှုကို အလုံးစုံ တားမြစ်ခြင်းဖြင့် လွတ် မြောက် မှုကို တွေ့ပြီးဖြစ်၏၊ မင်းကြီး ဤလေးမျိုးသော စောင့် စည်း ခြင်းဖြင့် စောင့်စည်း ပြီးသော ဤ(နိဂဏ္ဌနာဋပုတ္တသည် အထွဋ် အထိပ်သို့ ရောက် သော စိတ်ရှိသူ, စောင့် စည်း သော စိတ် ရှိသူ, တည်ကြည် သောစိတ်ရှိသူ,ဟုဆိုအပ်၏)" (ဒီဃနိကာယ်၊ သာမညဖလသုတ်)

နိဂဏ္ဌနာဋပုတ္တသည် အကြွင်းမဲ့သော ဉာဏ်အမြင် အမြဲရှိ ခြင်းကို မိမိသန္တာန်၌ရှိသည်ဟု ဝန်ခံသူဖြစ်၏။ နိဂဏ္ဌနာဋ ပုတ္တ ကား အတ္တဝါဒီဖြစ်ပြီး ဤသို့သွားနေစဉ်၊ ရပ်နေစဉ် အိပ်နေစဉ် နိုးနေစဉ်တို့၌ အမြဲမပြတ် ဉာဏ်အမြင် ရှေးရှုတည်ခြင်း ကိုဝန် ခံ၏၊ကံမဲ့ဝါဒီဖြစ် သော ပုရဏကဿပသည်လည်းဤသို့သော ဉာဏ်အမြင်ကို ဝန်ခံလေသည်။ အယူဝါဒ ဆန့်ကျင်ကျောခိုင်း

သော ထိုပုဂ္ဂိုလ်နှစ်ဦးတို့၏ တူညီသော အကြွင်းမဲ့ဉာဏ်အမြင် ဝန်ခံမှု၌ အိန္ဒိယ ရှေးဟောင်း ရုပ်ဝါဒီ ပုဏ္ဏားနှစ်ဦးတို့သည် နားမလည်နိုင်သဖြင့် ဗုဒ္ဓကို မေးလျှောက်လေ၏၊ သို့သော်ဗုဒ္ဓက မည်သူက မှန်သည်ဟူ၍ မဆိုချေ။ (လောကာယတိကသုတ်–နဝကနိပါတ်–အင်္ဂုတ္တိုရ်)။

ဤလောက၌အလုံးစုံသော ပုဂ္ဂိုလ်သတ္တဝါတို့သည် သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတို့ကို ခံစား၏၊ ထို ခံစား မှု ဟူ သမျှ သည် ရှေးကပြုခဲ့သောအတိတ်ကံကြောင့်ဖြစ်၏၊ထို့ကြောင့်ပဥ္စာတာပ အကျင့်ဖြင့် ကံဟောင်းတို့ကို ကင်းပျောက်စေလျက် ကံသစ်တို့ကို လည်း မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်ပွား ခြင်း မ ရှိ တော့ချေ။ နောင်အခါ၌ မ ဖြစ် ပွား ခြင်း ကြောင့်ကံ ကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏၊ ဆင်းရဲ ကုန် ခြင်း ကြောင့် ခံစားမှုကုန်၏၊ ခံစားမှုကုန်ခြင်းကြောင့်၊ ထိုဆင်းရဲဒုက္ခအလုံးစုံ သည် ကျေပျက်လတ္တံ့ ဟုနိဂဏ္ဌတို့သည် ဤသို့ယူဆကြလေ သည်။ ပိဋကတ်၌ကား နိဂဏ္ဌနာဋပုတ္တနှင့် ဗုဒ္ဓတို့တွေ့ဆုံ ဆွေးနွေးကြောင်း မလာသော်လည်း ၎င်း၏ တပည့်များဖြင့် ဆွေးနွေးခန်းကား အများအပြား ပါလေသည်။ အထူး အား ဖြင့် နိဂဏ္ဌနာဋပုတ္တ၏ သာဝက ကြီး တ ဦး ဖြစ်သော သီဟ စစ်သူကြီးနှင့် ဆွေးနွေးမှုက ပိုပြီးထင်ရှား၏။

မိမိကိုယ်ကို ညှဉ်းပန်းခြင်း၊ သူ့အသက် မသတ်ခြင်း၊ သူ့ ဥစ္စာမခိုးယူခြင်း၊ လိမ်လည်မပြောခြင်း၊ ကိုယ်နှုတ်ကို စင်ကြယ် စေခြင်း တို့သည် နိဂဏ္ဌတို့၏ ပဥ္စာ တပ အကျင့် ဖြစ်လေသည်။ မဟာဝိဟာရဂိုဏ်းသည်ဤသို့ဝါဒအမျိုးမျိုးကိုစောင့်စည်းခြင်း ဖြင့် ပြုမူကျင့်သုံးကြ၏။ ၎င်းတို့သည် သစ်ပင်ပန်းမာလ် စသည်

တို့ကို ထိခိုက်ပျက်စီးစေခြင်းမှရှောင်၏။ ရေအေးကို သောက်သုံးလျှင်လည်း ရေစစ်နှင့်စစ်ပြီးမှ သောက်သုံးကြ၏။ ဤသို့ပြုမူကြခြင်းမှာ သစ်ပင်ပန်းမာလ် ရေအေး စသည်တို့၌ အတ္တဇီဝရှိသည်ဟု ယူဆကြသူများဖြစ်သောကြောင့်ဖြစ်လေသည်။ နောက်ဆုံး ကြေ် လျှောက်ကြရာ၌ပင် တံမျက်လှည်းပြီးမှသာ လျှောက်ကြရလေသည်။

ဤသို့ လွန်ကဲသော အယူအဆတို့ကြောင့်ပင် မဟာဝီရ၏ အယူဝါဒ ဂျိန်းဘာသာသည် မပြန့်ပွားစေခြင်းဖြစ်ရလေသည်။ ၎င်းတို့၏ ပြင်းထန်သော တပအကျင့်များကို (မဇ္ဈိမနိကာယ်-ဒေဝဒဟသုတ်၊ ဒီဃနိကာယ် မဟာသီဟနာဒသုတ်) တို့တွင် ပြဆိုထားလေသည်။

မဟာဝီရ၏ ဂျိန်းဝါဒနှင့် ဗုဒ္ဓဝါဒတို့သည် ဆက်စပ်ရစ်ပတ်ခဲ့သည်။ သို့မဟုတ် ဂျိန်းတို့၏အယူကို ရှေးဦးစွာ ဗုဒ္ဓဝါဒီတို့ယူသည်။ ဗုဒ္ဓဝါဒကို ဂျိန်းတို့ယူသည် စသည်ဖြင့် ယူဆကောင်းယူဆနိုင်လေသည်။ ဗုဒ္ဓဝါဒနှင့် ဂျိန်းတို့၏ အယူအဆတို့တွင် အချို့သော အကြောင်းအရာ တို့သည် တူညီကြသော်လည်း အခြေခံတရားများနှင့် အဓိက အချက်တို့တွင် ကွဲလွဲလေသည်။ ခေတ်ပြိုင်ပေါ်ထွန်းခဲ့သော အယူဝါဒများဖြစ်သဖြင့် ဆက်စပ်မှု ရှိ,မရှိ အတိအကျမသိနိုင်ချေ။

ဤသို့သော ပြဿနာနှင့် စပ်လျဉ်းပါက (ဒီဃနိကာယ်—ကဿပသီဟနာဒသုတ်) ၌ ကဿပ တက္ကတွန်းကို ဗုဒ္ဓ မိန့်ကြားသောစကားများကို ထောက်ဆပြီး နားလည်ရလေမည်ဖြစ်၏။

သဥ္စယဗေလဋ္ဌပုတ္တသည် အသျှင် သာရိပုတြာနှင့် အသျှင်မောဂ္ဂလန်တို့၏ လက်ဦးဆရာဖြစ်သော သိဥ္စည်းပရဗိုဇ်ပင် ဖြစ်

သည်။ ၎င်း၏အယူဝါဒကား အမရာဝိက္ခေပဝါဒ ဖြစ်သည်။ ၎င်း၏ဖခင်သည် ဗေလဋ္ဌပုတ္တဖြစ်သည်။ ၎င်း၏စူးယှသော ဝေဖန်ဉာဏ်ကြောင့်လည်း သဉ္စယသည် ထင်ရှား ကျော်ကြားလာသည်ဆို၏။ နောက်ဆုံး အတွေး အခေါ် မြင့်မားကာ ကိုယ်ကျင့်တရားနှင့်ပတ်သက်သောပြဿနာတို့ကို မဖြေကြားနိုင်တော့သည့်အခြေသို့ရောက်သွားသည်ဆို၏။

"တပါးသော လောက ရှိသလောဟု သင်ငါ့ကို မေးသော် တပါးသော လောကရှိ၏ဟု ငါ အယူရှိခဲ့လျှင် တပါးလောက ရှိ၏ဟု သင့်အားငါဖြေရာ၏။သို့ရာတွင် ဤသို့ဟုလည်း ငါမယူ၊ ထိုသို့ဟုလည်း ငါမယူ၊ ဤသို့ ထိုသို့ အခြား သို့မဟုတ်ဟုလည်း ငါမယူ၊ ဤသို့ ထိုသို့ အခြား သို့မဟုတ်သည် မဟုတ်ဟုလည်း ငါမယူ" (ဒီဃနိကာယ်- သာမညဖလသုတ်)။ သဉ္စယသည် မည်သည့်ပြဿနာမဆို ဤသို့သာဖြေကြားသူဖြစ်သည်။ ၎င်း၏ အယူအဆ မည်သို့ရှိသည်ကို မမှန်းဆနိုင်ချေ။

ဗုဒ္ဓက သဉ္စယ၏ဝါဒကို အမရာဝိက္ခေပဝါဒ, ငါးရှဉ့်ကဲ့သို့ ပျံလွင့်သောဝါဒဟု ဟောခဲ့၏။ အလွန်တွေဝေသည်၊ ကုသိုလ်အကုသိုလ်မသိ၊ ခေါင်းရှောင်သည် စသည်ဖြင့် ဟောကြား၏။ ဒီဃနိကာယ် ဗြဟ္မဇာလသုတ်၌လာသော အမရာဝိက္ခေပ ဝါဒသည် သဉ္စယ၏အယူအဆိုဖြစ်၏။သဉ္စယ အတွေးအခေါ်အလွန်ကြီးမားသည်ဆိုစေ ဗုဒ္ဓဝါဒစာပေမှ သိရသမျှ ၎င်း၏ အယူအဆိုတို့ကာ အဆုံးမရှိပျံလွင့်အယူဖြစ်လေသည်။

အကျိုး ဒေသနာ ပဋိစ္စသမုပ္ပါဒ်ကို လက်ခံမည် မဟုတ်ချေ။ တကယ်တန်း ဗုဒ္ဓဝါဒကို လေ့လာလိုပါက ထိုအယူသုံးမျိုးတွင် မိမိတချိုးမျိုးကို ယုံကြည်သက်ဝင်နေစေကာမူ တကန့်စီခြားပြီး လေ့လာသင့်၏၊ အယူအစွဲကင်းကင်းနှင့် လေ့လာပါက ပဋိစ္စသမုပ္ပါဒ် ဒေသနာ၏အမှန်သဘောကို သိနားလည်ရန် မခဲယဉ်းချေ။

ဗုဒ္ဓ၏ အနတ္တဓမ္မကမ္မဝိပါက အယူအဆတို့ကို နားလည်သိရှိရန်၌သည်း ပဋိစ္စသမုပ္ပါဒ် ဒေသနာသည် အရေးပါလေသည်။ ဗုဒ္ဓက ပယ်ရန် ဟောခဲ့သော အယူ သုံးမျိုးသည် လူသား၏ အစွမ်းသတ္တိများကို အသိအမှတ်မပြုချေ။ လူသား ၏ အစွမ်းအမှုလုပ်ဆောင်ချက်တို့သည် ပုံချစီမံပြီးသားများအဖြစ် ယူဆရမည်ဖြစ်သည်။ မိမိကိုယ်ကို အားကိုးရန် ဟောကြားသော ဗုဒ္ဓက ထိုအယူတို့ကိုပယ်သည်မှာ စင်စစ်မဆန်းလှချေ။

ထိုအယူအဆသုံးမျိုးတို့၏ အကြောင်းကို (အင်္ဂုတ္တိုရ်-တိကနိပါတ်၊ မဟာဝဂ်၊ တိတ္ထာယတနသုတ်)၌ အကျယ်ပြသားလေသည်။ ထိုအယူသုံးမျိုးတို့မှာ ပုဗ္ဗေကတဟေတုဝါဒ၊ ဣဿရနိမ္မာနဟေတုဝါဒ၊ 'အဟေတုအပစ္စယဝါဒ' တို့ ဖြစ်လေသည်။ ၎င်းတို့၏ အလိုအရဆိုလျှင် လူသားတို့၏ သုခ ခံစားမှု၊ ဒုက္ခကြုံတွေ့ရမှုစသည်တို့သည် ထိုသုံးမျိုးသော အကြောင်းတို့တွင် တကြောင်းကြောင်းကြောင့် ဖြစ်ပေသည်။

ပုဗ္ဗေကတဟေတု ဝါဒသည် နိဂဏ္ဌတို့၏ အယူအဆ ဖြစ်ပြီး၊ ဣဿရနိမ္မာနဝါဒသည် ဗြဟ္မဏတို့၏ မဟာဗြဟ္မာ ဝါဒ ဖြစ်၏။ အဟေတုအပစ္စယ ဝါဒသည် ထိုအခါက ပေါ်ပေါက်ခဲ့သောရုပ်ဝါဒ သမားတို့၏ အကြမ်းစား ရုပ်ဝါဒ ဖြစ်လေသည်။

ပုဗ္ဗေကတ ဟေတုဝါဒသည် ရှေးကပြုခဲ့သော အကြောင်းကံ၊ အတိတ်ကံကို စွဲယူသော အယူဝါဒတခု ဖြစ်လေသည်။ လူတို့၏ ချမ်းသာမှု၊ ဆင်းရဲမှုတို့မှစပြီး၊ လူတို့၏ အားလုံးသော ကွာခြားမှုတို့သည် ရှေးဘဝက ပြုခဲ့သော အတိတ်ကံကြောင့်သာဖြစ်လေသည်။ ရှေးအတိတ်ဘဝမှ ပြုခဲ့သော ကုသိုလ် အကုသိုလ်ကံတို့ကြောင့်သာ ယခုမျက်မှောက်ဘဝတွင် ဖြစ်နေရခြင်းဟု ဆိုလိုပေသည်။ လူသား၏ဘဝ အစမှ အဆုံးသို့ တိုင်ပင်အတိတ်ဘဝမှ ပြုခဲ့သော ကံတို့က ပုံစံချထားပြီး ဖြစ်ပေသည်။ အတိတ်ဘဝကံ စီမံထားသည့်အတိုင်းသာ လူသားသည်ဖြစ်ရချေမည်။ နိဂဏ္ဌနာဋပုတ္တ၏ အယူဝါဒသည် ဤသို့သော အယူ ဝါဒဖြစ်သည်။ နိဂဏ္ဌတို့သည် အတိတ်ဘဝမှ မကောင်းမှု ကံများကို ဆိုးဝါးစပ်ရှားသော တပ အကျင့်တို့ဖြင့် ကုန်ပျောက်စေပြီး ကံသစ်တို့ မဖြစ်ရန် ကိုယ်၊ နှုတ်၊ စိတ် စသည်တို့ဖြင့် စောင့်စည်းနေလျက် ကျင့်သူများဖြစ်ကြသည်။ မြန်မာ ဗုဒ္ဓဝါဒီတို့၏ အပြုအကျင့်တို့သည် ပုဗ္ဗေကတဟေတုအယူမှ မည်မျှ ကင်းလွတ်ကြပါသနည်းဟုဆင်ခြင်စဉ်းစားသင့်လေသည်။ အမှန်ဆိုရလျှင် ပုဗ္ဗေကတ ဟေတု ဝါဒကို စွဲယူနေသူတို့ များလှ လေသည်။ လောက၌ ကမ္မဝိပါကကြောင့်ဖြစ်လာသော အကြောင်း တရားတို့ကို အတိတ်ကံကြောင့်ဟု ဆိုနေကြလေ၏။ လူတယောက်၏ သေဆုံးမှုကိုပင် အတိတ်ဘဝမှ ကံ ကုန်ခြင်း၊ သီလ ကုန်ခြင်းကြောင့်ဟု ယူဆနေကြသည်။ တချိန်က ရွှေလင်ဗန်းနှင့် အချင်းဆေးသည့် မင်းဆွေးဆိုသော ပဒေသရာဇ်တို့ ဘုန်းလက်ရုံးနေသို့တောက်ပနိုင်ခြင်းတို့သည် ဤပုဗ္ဗေကတဟေတု ဝါဒ ယုံကြည်မှုက အကြောင်းတခုဖြစ်ခဲ့ချေမည်။

ဗုဒ္ဓဝါဒီတို့သည် ပုဗ္ဗေကတဟေတု အယူကို အထူး ဆင်ခြင်သုံးသပ် သင့်လေသည်။ ဥပမာ – မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက်ခံကိုလိုနီဘဝနှင့်ကျွန်ဖြစ်ရခြင်းသည် ရှေးဘဝများက ပြုခဲ့သော မြန်မာတို့၏ အတိတ်ကံကြောင့် မဖြစ်နိုင်ချေ။ ဗြိတိသျှတို့၏ကိုလိုနီချဲ့ထွင်လိုမှု၊ စီးပွားရေး လောဘဇောတိုက်မှု လက်နက်၊ ရေတပ်စသည်တို့ ကောင်းမွန် တောင့်တင်းမှုတို့သာ အကြောင်းမှန်တို့ဖြစ်ချေသည်။ဘီအိုစီ, စတီးဘရားသား, ဘုံဘေဘားမားစသော ဗြိတိသျှကုမ္ပဏီကြီးငယ်တို့ မြန်မာနိုင်ငံမှ စပါး ရေနံ ကျွန်းသစ်တို့နှင့် အမြတ်ထုတ်ယူပြီး သူဌေးကြီးများ လုပ်သွားခြင်းသည် ၎င်းတို့၏အတိတ်ဘဝကံ၏ အကျိုးပေးကောင်းမှုကြောင့် မဟုတ်ချေ။ ၎င်းတို့အစိုးရက သခင်အဖြစ်၊ဘုရင်တဆူအဖြစ် လုပ်နေနိုင်သောကြောင့်သာ ဖြစ်လေသည်။ ထိုကုမ္ပဏီသူဌေးကြီးများက မိမိတို့ အတိတ်ကံကြောင့် ဤသို့ ချမ်းသာခြင်းဖြစ်သည်ဟုဆိုလျှင် မြန်မာတို့ လက်ခံနိုင်မည် မဟုတ်ချေ။ အမှန်အားဖြင့်လည်း လက်နက်အားကိုးနှင့် စစ်ပွဲ သုံးကြိမ်တိုက်ပြီး မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ခြင်းအကြောင်းကသာ အဓိကဖြစ်လေ၏။ လူသားတို့၏ သမိုင်းအရ ဆိုပါကလည်း ပုဗ္ဗေကတဟေတုဝါဒသည် 'စင်စစ် လိုလားအပ်သည် မဟုတ်ချေ။ ကမ္ဘာပေါ်တွင် ဆင်းရဲမွဲတေနေသူများ၊' ငတ်နေသူများသည် စီးပွားရေး၏ စံနစ် ဒဏ်ချက် ကြောင့်သာဖြစ်၏။ အတိတ်ကံနှင့် လုံးဝမသက်ဆိုင်ချေ။ကမ္ဘာမီလျံနာသူဌေးကြီး၏ ချမ်းသာ ပေါကြွယ်မှုနှင့် ဆင်းရဲမွဲတေသူတဦး၏ စုတ်ချာပြတ်သတ်မှု တို့သည် ပုဗ္ဗေကတဟေတု ရှေးအတိတ်ဘဝမှ ကံအကြောင်းတရားနှင့် မည်သို့မျှမပတ်သက်ချေ။

လောကကို အစိုးရသော ပိုင်သသော အနန္တတန်ခိုးရှင်၊ ဖန်ဆင်းရှင်ဝါဒသည်‘ဣဿရနိမ္မာနဟေတုဝါဒ’ ဖြစ်လေသည်။ ဤဝါဒကိုဗုဒ္ဓလက်ထက်က ဗြဟ္မဏတို့၏မဟာဗြဟ္မာဝါဒကိုရည်ရွယ်ခဲ့သော်လည်း ယနေ့ကာလတွင် အတော်ကျယ်ပြန့်စွာ သက်ဆိုင်နေလေသည်။ စင်စစ် ဤအယူဝါဒသည် အတ္တ အယူမှန်သမျှတို့နှင့် သက်ဆိုင်နေလေသည်။ ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကဟူသော လောကကြီးသုံးပါးသည် ဖန်ဆင်းရှင်၏လက်ရာပင် ဖြစ်လေသည်။ လူတို့ ဒုက္ခတရားများ ကြုံတွေ့ခံစားရခြင်းစသည်တို့သည် ဖန်ဆင်းရှင်၏ အလိုတော်သာ ဖြစ်သည်။

ကမ္ဘာလောကကြီးတွင် စင်စစ်အားဖြင့်ဖန်ဆင်းရှင်ဖြစ်သော (ဗြဟ္မာ)၊ (ဝိညာဉ်တော်)သာ ပရမတ္ထအားဖြင့် တကယ်ရှိသော အရာ ဖြစ်ပေသည်။ ထိုဖန်ဆင်းရှင်မှလွဲ၍အခြားသော အရာတို့သည် တန်ခိုးတော်၏ အရိပ်အရောင်မျှသာဖြစ်လေသည် စသည်ဖြင့် ဤသဘောတို့သည် ဣဿရနိမ္မာနဟေတုဝါဒဖြစ်လေသည်။ လူသားတို့၏ကမ္ဘာတွင် စစ်ပွဲကြီးများ ပေါ်ပေါက်ခဲ့သည်။ ထိုစစ်ပွဲကြီးများသည် ဣဿရနိမ္မာနဟေတု ဝါဒအရဆိုလျှင် ဖန်ဆင်းရှင် ဖန်ဆင်းသောကြောင့်သာ ဖြစ်ပေသည်။ အခြားသော စစ်ပွဲများကိုတော့ မဆိုနိုင် “ကရူးဆိပ် စစ်ပွဲ“Crusad War A.D. 1096.” သည်ကား ဖန်ဆင်းရှင်ကြောင့် ဖြစ်ကောင်း ဖြစ်ပေမည်။ ပထမနှင့် ဒုတိယ ကမ္ဘာစစ်ပွဲကြီးများ သည်ကား ယေဘုယျအားဖြင့် ဂျာမနီမှ ကိုင်ဇာ ဘုရင်တို့နှင့် ဟစ်တလာ၏ လောဘဇောဲ တိုက်မှုများကြောင့်သာ ဖြစ်ပေသည်။

လူသားတို့၏ ကံကြမ္မာစသည်တို့သည် ထိုဖန်ဆင်းရှင် အယူအဆအရ လူသားက ပြုမူစွမ်းဆောင်သည် မဟုတ်ချေ။ ထို နိစ္စ

ထာဝရတည်မြဲသော အနန္တ တန်ခိုးရှင်ကြောင့်သာ ဆိုရမည်။ ဥရောပတိုက်တွင်အလယ်ခေတ်ကလူများစွာတို့သည်ဆင်းရဲတွင်းနက်ပြီး နေကြရသည်။ ထိုအခါက သာသနာ ဝါဒသည် လူတို့အား အလွန်ဖိစီးလေသည်။ ဣဿရနိမ္မာန ဝါဒအရ ဤသို့ဖြစ်ရခြင်းသည် အလိုတော် အတိုင်း ဟုသာ ဆိုရချေ တော့မည်။ သဘာဝ တရားများကြောင့် လူတို့ ဒုက္ခကြုံတွေ့ရခြင်း၊ စီးပွားရေး စနစ်ကြောင့်ရင်း၊ သဘာဝ ဒဏ်များကြောင့်ရင်း၊ စစ်ပွဲများကြောင့်ရင်း၊ မတရားဖိနှိပ်မှုများကြောင့်ရင်း သုခချမ်းသာ ခံစံရသူများ၊ အလွန်ချမ်းသာ ကြွယ်ဝသူများနှင့် စားစရာမရှိ၍ ငတ်သေအံ့မူးမူး လူများ၊ ဆင်းရဲ မွဲတေသူများ စသည်တို့သည် ဣဿရနိမ္မာန အနန္တ တန်ခိုးရှင်၏အလိုတော်အတိုင်း ဖန်ဆင်းမှုဟု ဆိုကောင်း ဆိုချေမည်။

တတိယအယူအဆကား၊ အဟေတု အပစ္စယအကြောင်းမရှိ အထောက်အပံ့မရှိဟူသော အယူအဆ ဖြစ်သည်။ ယနေ့ကာလတွင် ဤသို့သောအယူအဆမျိုးယူဆမှုကို မတွေ့ရတော့ချေ၊ စင်စစ်အားဖြင့်ဤအယူဝါဒသည်အကြမ်းစားဝါဒတခုသာဖြစ်လေသည်။ အသိဉာဏ်မည်မျှပင်ရှိစေကာမူ ဤလို အယူအဆမျိုးကို လက်ခံယုံကြည်ရန်မှာ ခဲယဉ်းလှသည်။ ဗုဒ္ဓလက်ထက်က ဤအယူအဆမျိုးတို့ရှိလေသည်။ ပိဋကတ်၌ တိတ္ထိ ဆရာကြီးတဦးအဖြစ်ထင်ရှားခဲ့သော ပူရာဏကဿပသည်ဤအယူအဆရှိသူဖြစ်သည်။ ပူရာဏကဿပသည် ဆရာကြီးတဦး အဖြစ်နှင့် ဂိုဏ်းဂဏ တည်ထောင်၍ တပည့်လက်သားတို့နှင့် နေနိုင်ခဲ့သည်ကို ထောက်ဆပြီးဤအယူအဆကို ဘီစီ-၆ ရာစုက အိန္ဒိယဒေသတွင် လူအတော်များများ လက်ခံ ယုံကြည်ကြသည်ကို သိရှိနိုင်လေသည်။ ဒီဃ

နိကာယ် သာမညဖလသုတ်တွင် ပါဝင်သော အဓိစ္စ သမုပ္ပန္န ဝါဒသည် တနည်းအားဖြင့် ဤဝါဒပင် ဖြစ်လေသည်။ ဗုဒ္ဓ ဤဒေသနာကို ဟောခြင်းသည် အဇိတကေသ ကမ္ဗလ၏အယူ ဝါဒဖြစ်သော ရုပ်ဝါဒကိုပင် ရည်ရွယ်ခဲ့ဟန်တူ၏။

အဇိတဝါဒသည် ဘီစီ-၆ ရာစု၌ အိန္ဒိယတွင်တိုးတက်သည် ဟု ဆိုနိုင်သော ရုပ်ဝါဒဖြစ်သည်။အဇိတဝါဒသည်စာရ်ဝါက ရုပ်ဝါဒ Carvaka နှင့် တူလေသည်။ စာရ်ဝါက ရုပ်ဝါဒသည် ပိဋကတ်တွင် ဗြာဟ္မဏတို့တတ်အပ်သော အတတ်တို့တွင် တခု အပါအဝင်အဖြစ် ပြဆို ထားလေသည်။ ဘုရားမရှိ၊ ဘဝမရှိ စသည်ဖြင့်ပခက်နှင့်ခေါင်းကြားကိုသာအရေးထားသောဝါဒကို အဇိတ ကေသကမ္ဗလက ယူဆလေ၏။ ၎င်းသည် ကုသိုလ်ကံ အကုသိုလ်ကံ ဟုဆိုအပ်သော အသက်သတ်မှု၊ ခိုးမှု၊ သူတပါး သားမယား သွားလာမှုတို့ကို မတားမြစ်ဘဲခွင့်ပြုသည်။ လောက အပြစ်၊ သံသရာအပြစ် မရှိဟု ပြောဟောလေသည်။ အဇိတ ရုပ်ဝါဒသည် ကမ္ဘာတွင် ပထမဆုံးပေါ်ပေါက်ခဲ့သောရုပ်ဝါဒ ဖြစ်၏။ ယနေ့အမြင်အားဖြင့် ၎င်းဝါဒသည် ရုပ်ကြမ်းဝါဒဖြစ် ကောင်းဖြစ်ပေမည်။ အဇိတရုပ်ဝါဒသည် သိပ္ပံပညာဟူသော အမှီကို မရရှိသဖြင့် ရုပ်ကြမ်းဝါဒဟူ ဆိုရမည် ဖြစ်သော်လည်း တမလွန်ဘဝ အယူအဆ ဘာသာရေးခံယူမှု စသည်တို့၌ ယနေ့ ကာလ ရုပ်ဝါဒနှင့် ခြားနားလှသည် မဟုတ်ချေ။

ဤအယူဝါဒ သုံးမျိုးတို့သည် လူသား၏ အစွမ်းအစများ အရေးပါမှုများကို အသိအမှတ်ပြုသည်မဟုတ်ချေ။တတိယဝါဒ သည်လည်း လူတို့အား အခြားသောသက်မဲ့တို့နှင့် တန်းတူထား ခြင်းဖြစ်လေသည်။ လူတို့၏ အသိဉာဏ်မြင့်မားမှု အကြောင်း

အကျိုး၊ အကောင်းအဆိုး သိမြင်မှုစသော လူပီသသော အချည်အသေး တို့ကို ပမာနမထားချေ။ လူသားတို့၏ ကိုယ်ကျင့်တရားအရာ၌ တမလွန်ဘဝဘုံခန်း၊ ငရဲခန်း စသည်တို့ဖြင့် ထိန်းသိမ်းခြင်းသည် မလိုလားအပ်သည် မှန်သော်လည်း ကိုယ်ကျင့်တရားကောင်းမွန်မှု ရှိသည်ကို လက်ခံရချေမည်။ တမလွန်ဘဝ မရှိစသည်ဖြင့် မျက်မှောက်ဘဝကိုသာ အလေးထားခြင်းသည် လူတို့အား ကာမဂုဏ် အာရုံတရားတို့ကို ခံစားရှာဖွေရာ၌ အထိမ်းမဲ့အဖြစ်သို့ရောက်စေသည်။ ဤဘဝဤကိုယ်အဖြစ်မှ သေဆုံးလျှင်ဘဝပြတ်သည်၊ တမလွန်ဘဝမရှိ၊ မျက်မှောက်ဘဝ၌ ကာမဂုဏ်အာရုံများကို ရနိုင်သမျှ ဝဝခံစားလိုသောအယူသည်ဥစ္ဆေဒဒိဋ္ဌိဖြစ်လေသည်။ ဘဝသံသရာမရှိဟူ၍ မည်သူမျှမပြောနိုင်ချေ။

ဗုဒ္ဓအလိုအရ လူသားသည် မိမိ၏ပစ္စက္ခ မျက်မှောက်ဘဝအဖြစ်၌သာ ပမာနထားရမည်ဖြစ်သည်။ တမလွန်ဘဝစသည်တို့သည် ဗုဒ္ဓ၏အမြင်အားဖြင့် တမ်းတစွဲယူနေစရာမလိုချေ။ ပုထုဇဉ်တို့အဖို့ တမလွန်ဘဝ အယူအဆ ရှိမှုသည် ကောင်းသောအချင်းအရာ တခုအဖြစ် ဆိုထားလေသည်။ (ကေသမုတ္တိသုတ်၊ ကာလာမသုတ်, တိကနိပါတ်၊ အင်္ဂုတ္တိုရ်)။

ဗုဒ္ဓသည် လူသား၏အစွမ်း၊အရည်အသွေးကိုလေးစားသည်။ လူသားတို့အား မိမိကိုယ်ကိုသာ မိမိ အားကိုးရာ၏ဟု ဆိုတော်မူသည်။ ထို့ကြောင့်ပင် လူသား၏ အစွမ်းဝိရိယ စသည်တို့ကို ပယ်သော ထိုဝါဒမျိုးကို လက်မခံခြင်းဖြစ်လေသည်။ "ရဟန်းတို့- ပုဗ္ဗေကတဟေတု ရေးကပြုခဲ့သော အတိတ်က အကြောင်းကိုသာ စွဲလန်း ယုံကြည်ကြ သူ တို့အား ဣဿရနိမ္မာနဟေတု, လောကကို အစိုးရသူ၏ ဖန် ဆင်း ခြင်း ကို သာ လျှင် စွဲလန်း

ယုံကြည်ကြသူတို့အား၊ အဟေတု အပစ္စယဟေတု အကြောင်း မရှိအထောက် အပံ့မရှိခြင်းကိုသာလျှင် စွဲလန်းယုံကြည်ကြသူ တို့အား ဤအမှုကိစ္စကို ပြုလုပ်ရန် သော် ၎င်း မပြုလုပ်ရန် သော်၎င်း အလိုဆန္ဒသည်၎င်း၊ အားထုတ်မှု ဝိရိယသည်၎င်း မဖြစ်တော့ချေ၊ (တိတ္ထာယတနသုတ်-အင်္ဂုတ္တိုရ်။)

ရှေးအတိတ်ဘဝက တို့ဒုံတိုင်း ခံစားစံစားရသည်။ တန်ခိုး ရှင်ပြဟ္မ ထာဝရဘုရား စသည်တို့၏ ဖန်ဆင်းမှုဟူသော အလို အတိုင်း ဖြစ်ပျက်နေကြသည်။ လူတို့ကြုံတွေ့နေရသောချမ်းသာ ခံစားမှု ဆင်းရဲခံစားမှုတို့သည် အကြောင်းမဲ့ အထောက်အပံ့ မဲ့ဖြစ်သည်။ ဤသဘောတရားတို့သည် အကြောင်းအကျိုး တရား ပဋိစ္စသမုပ္ပါဒ်နှင့် ဆန့်ကျင်လှသည်။ လောက အမြင်နှင့် ကြည့်လျှင်လည်း လူသားသည် အသုံးခံသက်သက်မျှသာ ဖြစ် သော သက်ရှိဒံ့ရုပ်ကဲ့သို့ ဖြစ်ချေသည်။ 'အတ္တာဟိ အတ္တနောနာထော'ဟူသောဒေသနာအရလူသည်မိမိအကျိုးစီးပွားအတွက် မိမိသည်သာ မိမိ၏ ကိုးကွယ်ရာ ဖြစ်သည်။ မိမိအကျိုး စီးပွား အတွက် မိမိကိုယ်ကိုသာ အားကိုးရမည်။ ဤအမြင်သည် ဗုဒ္ဓ၏ အမြင်ပင်ဖြစ်သည်။ အမှန်အားဖြင့်သည်း လူသည်မိမိ၏ကောင်း ကျိုး ဆိုးပြစ်များအတွက် မိမိသည်သာ ပဓါန ဖြစ်လေသည်။ သမိုင်းအမြင်အရလည်း လူသည်လွန်ခဲ့သော နှစ်ပေါင်း လေးငါး သောင်း မတိုးတက်သော သတ္တဝါအဖြစ်မှ ယနေ့ဘိုင်မိမိကိုယ်ကို မိမိထိန်းကြောင်းလာခဲ့သူဖြစ်သည်။ ယနေ့အလွန်အသိဉာဏ်ဘိုး တက်နေသော လူတို့သည် စင်စစ် မိမိကိုယ်ကို မိမိကိုးစား ထိန်း သိမ်းလာသူများဖြစ်လေသည်။ ထို့ကြောင့်ပင် ဗုဒ္ဓသည်နှစ်ဘက် မြင်အားဖြင့် လူတို့အား မိမိကိုယ်ကို မိမိကောင်းမွန်စွာအားကိုး

မြန်မာနိုင်ငံသရေခေတ္တရာခေတ်၊ ပုဂံခေတ်မှ ရှေးဟောင်း ဘာသာရေး ပစ္စည်းအချို့တို့တွင်လည်း ထိုဂါထာ ရေးထားသည်ကို တွေ့ရလေသည်။ အခြားသော ဘာသာတို့၏ သဘောကို မဆိုနိုင်သော်လည်း ဗုဒ္ဓဘာသာ ဗုဒ္ဓဝါဒ၌ အကြောင်းတရားတည်ပမါနကျလေသည်၊

ဗုဒ္ဓဝါဒ၌ အကြောင်းတရားကို သိမြင်မှုသည် အရေးကြီးတည်မှာ သစ္စာလေးပါးကို ကြည့်လျှင်ပင် ထင်ရှားလေသည်။ အကြောင်းတရားကို သိမြင်ရန် အရေးကြီးသည်မှာ ပိဋကတ်တွင် ဟောထားသော ဒေသနာဓမ္မတို့ကို ကြည့်ခြင်းအားဖြင့် သိသာလှသည်။ထို့ကြောင့်ပင် ဗုဒ္ဓဃောသဆရာသည် "ဓမ္မောတိ ဟေတု- ဓမ္မော ဟူသည် အကြောင်းတရားပင်တည်း" ဟု မိန့်ဆိုခြင်း ဖြစ်လေသည်။

ဗုဒ္ဓဝါဒ၌ အကြောင်းအကျိုးနိယာမတရား အရေးပါခြင်းသည် စင်စစ် အံ့ဩစရာမလိုချေ။ ဗုဒ္ဓသည်ဆိုခဲ့သော ဖန်ဆင်းရှင်စသောအကြောင်းအကျိုးကင်းသည့်ဝါဒကို လက်ခံသည်မဟုတ်ချေ။ ဗုဒ္ဓ၏ရည်ရွယ်ချက်နှင့် ဗုဒ္ဓ၏ဦးတည်ချက်သည် လူတို့အား ဒုက္ခတရားများ မှ ကင်းလွတ်စေလိုသော ရည်ရွယ်ချက် ဖြစ်လေသည်။ လူသားသည် ဒုက္ခတရားများမှ လွတ်မြောက်အောင် ကျိုးစားရာ၌လည်း မိမိသည်ပမါနဖြစ်လေသည်။

လူတို့ဆင်းရဲဒုက္ခရောက်ရခြင်းသည်ဖန်ဆင်းရှင်ထာဝရ ဘုရားစသော အနန္တတန်ခိုးရှင်များ အတိတ်ဘဝကံများ ကြောင့်ဟုဆိုခြင်းကို ဗုဒ္ဓဝါဒသည် အသိအမှတ်ပြုသည်မဟုတ်ချေ။ဆင်းရဲဒုက္ခသည် လူသားတို့တွင်ရှိသော တဏှာတရားကြောင့် ဖြစ်သည်ဟု ဗုဒ္ဓဝါဒကဆိုလေသည်။ တဏှာသည် အကြောင်းတရားဖြစ်

တရားကို မိမိနှစ်သက် ကျင့်သုံးကြောင်း ဖြေကြားသဖြင့် ဥပတိဿက တရားဒေသနာကို အမြွက်မျှဟောပြရန် တောင်းပန်လေသည်။ ထိုအခါ အရှင်အဿဇိသည် "ယေဓမ္မာဟေတုပ္ပဘဝါ" အစရှိသော ဂါထာကိုဟောပြသဖြင့် ဂါထာ၏အဆုံး၌ ဥပတိဿသည် သောတာပတ္တိမဂ်၌ တည်လေသည်။ ဤဂါထာသည် သစ္စာလေးပါးကို အကျဉ်းပြသော ဂါထာ ဖြစ်လေသည်။

"အကြင်တရားတို့သည် အကြောင်းလျှင် အစမှန် ရှိကုန်၏။ ထိုတရားတို့၏ အကြောင်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။ အကြင်တရားတို့၏ ချုပ်ငြိမ်းခြင်းသည် ရှိ၏။ ထိုတရားတို့၏ ချုပ်ငြိမ်းခြင်းကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။" ဤသို့ဂါထာ၏ အနက်အဓိပ္ပါယ်သည် အကြောင်းတရားကို အဓိကပြသောဒေသနာဖြစ်လေသည်။ ဤယေဓမ္မာ ဟေတုပ္ပဘဝါအစရှိသောဂါထာသည် ဗုဒ္ဓသမိုင်း၌ အလွန်ကျော်ကြားထင်ပေါ်သော ဂါထာဖြစ်သည်။ ဗုဒ္ဓဝါဒီအားလုံး, ဂိုဏ်းအားလုံးသည် ထိုဂါထာကို အလေးအမြတ် ထားကြ၏။ ထိုဂါထာကို ဗုဒ္ဓဘာသာ နိုင်ငံတိုင်းပင် စေတီပုထိုး စသောဘာသာရေးအဆောက်အဦတို့၌ ဘာသာ အမျိုးမျိုးဖြင့် ရေးသားထွင်းထု ထားကြလေသည်။

ကျောက်စာမြေပြားပုံနှိပ်ချပ်များ၊ ရွှေပြား, ငွေပြားများ၊ ရွှေကြုပ်, ငွေကြုပ် စသည်တို့တွင် အများအပြားရေးသားထားကြလေသည်။အိန္ဒိယပြည်ဘီဟာ(Bihar)နယ်ရှိ ရှေးက အလွန်ထင်ရှားခဲ့သော ဗုဒ္ဓ တက္ကသိုလ်ကြီးတခု ဖြစ်သော နာလန္ဒ (Nalanda)ကျောင်းတော်ရာ၌ မြေပြားပုံနှိပ် မီးဖုတ်ထားသော တံဆိပ်များတွင် ထိုဂါထာ ပါရှိလေသည်။

မြန်မာနိုင်ငံသရေခေတ္တရာခေတ်၊ ပုဂံခေတ်မှ ရှေးဟောင်း ဘာသာရေး ပစ္စည်းအချို့တို့တွင်လည်း ထိုဂါထာ ရေးထားသည်ကို တွေ့ရလေသည်။ အခြားသော ဘာသာတို့၏ သဘောကို မဆိုနိုင်သော်လည်း ဗုဒ္ဓဘာသာ ဗုဒ္ဓဝါဒ၌ အကြောင်းတရားတည်ပမဲါနကျလေသည်၊

ဗုဒ္ဓဝါဒ၌ အကြောင်းတရားကို သိမြင်မှုသည် အရေးကြီးတည်းမှာ သစ္စာလေးပါးကို ကြည့်လျှင်ပင် ထင်ရှားလေသည်။ အကြောင်းတရားကို သိမြင်ရန် အရေးကြီးသည်မှာ ပိဋကတ်တွင် ဟောထားသော ဒေသနာဓမ္မတို့ကို ကြည့်ခြင်းအားဖြင့် သိသာလှသည်။ထို့ကြောင့်ပင် ဗုဒ္ဓဃောသဆရာသည် "ဓမ္မောတိ ဟေတု-ဓမ္မော ဟူသည် အကြောင်းတရားပင်တည်း" ဟု မိန့်ဆိုခြင်း ဖြစ်လေသည်။

ဗုဒ္ဓဝါဒ၌ အကြောင်းအကျိုးနိယာမတရား အရေးပါခြင်းသည် စင်စစ် အံ့သြစရာမလိုချေ။ ဗုဒ္ဓသည်ဆိုခဲ့သော ဖန်ဆင်းရှင်စသောအကြောင်းအကျိုးကင်းသည့်ဝါဒကို လက်ခံသည်မဟုတ်ချေ။ ဗုဒ္ဓ၏ရည်ရွယ်ချက်နှင့် ဗုဒ္ဓ၏ဦးတည်ချက်သည် လူတို့အား ဒုက္ခတရားများမှ ကင်းလွတ်စေလိုသော ရည်ရွယ်ချက် ဖြစ်လေသည်။ လူသားသည် ဒုက္ခတရားများမှ လွတ်မြောက်အောင် ကျိုးစားရာ၌လည်း မိမိသည်ပမဲါနဖြစ်လေသည်။

လူတို့ဆင်းရဲဒုက္ခရောက်ရခြင်းသည်ဖန်ဆင်းရှင်ထာဝရ ဘုရားစသော အနန္တတန်ခိုးရှင်များ အတိတ်ဘဝကံများ ကြောင့်ဟုဆိုခြင်းကို ဗုဒ္ဓဝါဒသည် အသိအမှတ်ပြုသည်မဟုတ်ချေ။ဆင်းရဲဒုက္ခသည် လူသားတို့တွင်ရှိသော တဏှာတရားကြောင့် ဖြစ်သည်ဟု ဗုဒ္ဓဝါဒကဆိုလေသည်။ တဏှာသည် အကြောင်းတရားဖြစ်

ပြီး ဒုက္ခဆင်းရဲသည့် အကျိုးတရား ဖြစ်သည်ဟု အကြောင်း အကျိုးနိယာမအားဖြင့် ဗုဒ္ဓဝါဒကဆိုလေ၏။ ဗုဒ္ဓဝါဒ၏ ပန်း တိုင်ဖြစ်သော နိဗ္ဗာန်တရားသည် တဏှာ ကင်းစင်မှ သာလျှင် ရနိုင်သောဓမ္မတခုဖြစ်လေသည်။

ဗုဒ္ဓ၏အဆုံးအမ, အဆိုအမိန့် ဒေသနာများ အတိုင်း လိုက် နာကျင့်သုံးသူ၏ အဓိကအကြောင်းသည် မည်သို့သော တဏှာ တရားမျှမဖြစ်ပေါ်စေရန် ကင်းပြတ်စေရန်သာ ဖြစ်လေသည်။ ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိသောအခါ ကျူးရင့်သောဥဒါန်းကို ကြည့်လျှင်ပင် တဏှာကို ပယ်သတ်မှုသည် ဗုဒ္ဓဝါဒ၌ မည်မျှ ပဓါနကျအရေးပါသည်ကို သိနိုင်လေသည်။ "အဖန်ဖန် ပဋိ သန္ဓေနေရခြင်းသည် ဆင်းရဲလှစွာသော ကြောင့် ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သူကို ရှာသော ငါသည် (ထိုတဏှာ လက် သမား)ကို မြင်နိုင်သောဉာဏ်ကို မရသေးသဖြင့် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ခဲ့ရပြီ။ ခန္ဓာအိမ်ကို ဆောက်လုပ်တတ် သော ဟယ်-တဏှာလက်သမား- ငါသည် သင့်ကို(ပညာမျက်စိ ဖြင့်) ယခုမြင်အပ်ပြီ၊ ခန္ဓာအိမ်ကို နောက်တဖန် သင်ဆောက် လုပ်ရတော့မည်မဟုတ်၊ သင်၏ကိလေသာတည်းဟူသော အခြင် ရနယ်အားလုံးကို ငါချိုးဖြတ်ပြီ အဝိဇ္ဇာ တည်းဟူသော အိမ် အထွဋ်ကိုကို ဖျက်ဆီးအပ်ပြီ ငါ၏စိတ်သည် ပြုပြင်ခြင်း ကင်းရာ နိဗ္ဗာန်သို့ရောက်ပြီ တဏှာကုန်ရာ ကုန်ကြောင်း အရဟတ္တဖိုလ် ကိုရပြီ"(ဓမ္မပဒ- ၁၅၃-၁၅၄)။

ရင်းပြင် ဗုဒ္ဓသည် ပွင့်သစ်စဘုရားအဖြစ် ဂယာနှင့် ဗောဓိ ပင်အကြား ခရီးရှည်သွားစဉ် ဥပက အာဇီဝက တက္ကတွန်းနှင့် လမ်းတွင် တွေ့ဆုံရာ၌သည်း ဥပက၏ အမေးကို ဖြေကြားရာ၌

မိမိ၏ သဗ္ဗညုတအဖြစ်နှင့် တဏှာကို အောင် ကုန် သည့်အဖြစ်ကို ဤသို့ဖော်ပြခဲ့လေသည်။

"ဥပက- ငါသည် အလုံးစုံကိုလွှမ်းမိုးနိုင်၏၊ အလုံးစုံကိုသိ၏၊ တရားအားလုံးတို့၌ ကိလေသာဖြင့်မလိမ်းကျံ၊ အလုံးစုံကို စွန့်အပ်ပြီး တဏှာ၏ကုန်ရာ နိဗ္ဗာန်ကို အာရုံ ပြု ရ သော ကြောင့် ကိလေသာမှလွတ်ပြီ၊ ကိုယ်တိုင်အထူးသိမြင်ပြီးဖြစ်၍ အဘယ်သူကို ဆရာဟုညွှန်ရအံ့နည်း" (ဗောဓိရာဇကုမာရသုတ်– မဇ္ဈိမနိကာယ်)။

ကမ္ဘာပေါ်တွင် ဘာသာ-များ အများအပြား ပေါ်ပေါက်ခဲ့ လေ သည်။ ယ နေ့ တိုင် လည်း လူသားတို့သည် ဘာသာအမျိုးမျိုးတို့ကို လက်ခံ ယုံ ကြည် နေ ကြ သည်။ ဗုဒ္ဓဝါဒသည် ထိုအခြားသောဘာသာတို့နှင့်ခြားနားလှလေသည်။စစ်မှန်သော ဗုဒ္ဓဝါဒီသည်လည်းအခြားဝါဒီတို့နှင့်ကွာသေသည်။အခြားသော ဘာသာတို့သည် လူတို့၏ဆင်းရဲဒုက္ခတရားများ ခံစားနေရသည်ကို အကြောင်းတရားမရှာချေ။ ထိုဆင်းရဲ ဒုက္ခများ ကို သေသည်မှ နောက်တမလွန်ဘဝ၌သာ ချုပ်ငြိမ်းနိုင်သည်ဟု များသောအားဖြင့် ယူဆသောဘာသာတို့သာဖြစ်လေသည်။ ထိုသို့ယူဆခြင်းသည် လူသားတို့ ဒုက္ခတရား ခံစား ကြုံတွေ့ခြင်းသည် တဏှာကြောင့်ဟူသော အမြင်အယူကို မတွေ့မြင်ခြင်းကြောင့် ဖြစ်နိုင်၏၊ ဗုဒ္ဓဝါဒကား တဏှာကို လူတို့၏ဒုက္ခတရား ဖြစ်ခြင်း၌ ပဓါနအကြောင်းတရားအဖြစ်မြင်လေ၏။

လူတို့၏ဒုက္ခကင်းငြိမ်းမှုကိုလည်း ပစ္စက္ခဘဝတွင်သာ သန္ဒိဋ္ဌိကအဖြစ်ပြဆိုထားလေသည်။ ဤသည်ပင် အခြားသော ဘာသာတို့နှင့် ဗုဒ္ဓဝါဒ၏ကြီးစွာသော ခြားနားချက်ပင် ဖြစ်လေ

သည်။ အခြားသောဘာသာတို့သည် တဏှာကိုအပြစ်အားဖြင့် မမြင်ဘဲ တဏှာ၏လိုလေသေးမရှိ ပြည့်စုံမှုကိုပင် သုခဟု ယူဆ မှတ်ယုံကြလေသည်။ ဗုဒ္ဓဝါဒသည် တဏှာကို ဒုက္ခတရားအဖြစ် ယူဆလေသည်။ တဏှာ၏ ကင်းငြိမ်းရှင်းပြတ်မှုကို သုခ အဖြစ် ဆိုထားလေသည်။

ပိဋကတ်တို့၌ တဏှာနှင့် ပတ်သက် ပြီး ဒုက္ခ၏ အကြောင်း တရားအဖြစ်နှင့် တဏှာကိုအပြစ်အားဖြင့် ဟောထားသော ဒေသနာတို့သည် များလှလေသည်။ တဏှာသည် သမုဒယ သစ္စာ ဖြစ်သည်ကို ဗုဒ္ဓဝါဒီတိုင်းပင်သိကြသည်။ တဏှာကို ဒုက္ခတရား ၏ အကြောင်းရင်းအဖြစ် ရှုမြင်သော ဗုဒ္ဓဝါဒ၌ သမုဒယသစ္စာ သည် နက်ရှိုင်းလှသည်။ လူတို့၏ သမုဒယသစ္စာကို နားလည်နိုင် ခဲသလို ဒုက္ခ၏အကြောင်းတရားအဖြစ် လက်ခံရန်လည်း ခဲယဉ်း ကြပေလိမ့်မည်။

ဤအရာ၌ အစွဲကင်းသောလူသားတို့၏ စဉ်းစား ဆင်ခြင် တတ်သော အသိဉာဏ်သည် အရေးပါ၏။ အနောက်နိုင်ငံသား တဦးဖြစ်သော ဗုဒ္ဓဝါဒပညာရှင် "ဂျေဘီပရက်"(J.B.Pratt) သည် သမုဒယ၏ လေးနက်မှန်ကန်မှုကို လက်ခံပြီး ဆင်းရဲဒုက္ခ ၏ အကြောင်းတရားတခုအဖြစ်ပါလက်ခံလေသည်။ တဏှာကို ပယ်သတ်လျှင် ဆင်းရဲဒုက္ခမှ ငြိမ်းအေးမည်ကို သိမြင်လေသည်။ စင်စစ်အားဖြင့် ဤသည်မှာ အံ့ဩစရာမဟုတ်ချေ။ အသိဉာဏ် ရင့်ကျက်သူတိုင်းပင် တဏှာကို ဆင်းရဲဒုက္ခ၏ အကြောင်းတရား သမုဒယသစ္စာအဖြစ် သိမြင်ပြီး တဏှာ ချုပ်ပြတ် လျှင် ဆင်းရဲ ဒုက္ခမှ ငြိမ်းအေးမည်ကို သိနားလည်ကြမည်ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် အင်္ဂါ တဆယ့် နှစ်ပါးဖြင့် ယေဘုယျ ပြထားသော်လည်း ပဓါန အကြောင်းတရားကား တကျွာသာလျှင်ဖြစ်လေသည်။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့တွင် ပထမဆုံးအင်္ဂါကား အဝိဇ္ဇာဖြစ်လေသည်။ အဝိဇ္ဇာဟူသည် သစ္စာလေးပါးကို မသိခြင်းဟု ဗုဒ္ဓဝါဒီတို့ နားလည်ကြသည်။ဗုဒ္ဓဝါဒ အလိုအရဆိုလျှင် အဝိဇ္ဇာသည် သစ္စာလေးပါးကို မသိမြင် ဟူသော အဓိပ္ပါယ်ကို ဆောင်လေသည်။ အဝိဇ္ဇာ ဖြစ် ကြောင်းကား- ကာမ,ဘဝ,ဒိဋ္ဌိ, အဝိဇ္ဇာဟူသော အာသဝေါတရား လေးပါးတို့ဖြစ်သည်။ ထိုအာသဝေါတရား လေးပါးတို့သည် တကျွာ အကြောင်းခံတရားတို့ဖြစ်လေသည်။

"အတိတ်အနာဂါတ် ပစ္စုပ္ပန်ကာလတို့၌ မိမိ၏ဖြစ်မှု, မဖြစ်မှု၊ အဘယ်သူဖြစ်ခြင်း, အဘယ်သို့ဖြစ်ခြင်း, အဘယ်မှလာသည်, အဘယ်သို့ သွားလတ္တံ့နည်း" စသည်ဖြင့် တွေးတော ယုံမှားမှုနှင့်အတူ အတ္တအယူသို့ အကြောင်းအမျိုးမျိုးနှင့် သက်ဝင်ကာ အတ္တအယူရှိ၏။ ဤသို့အားဖြင့် ဒိဋ္ဌာသဝမှုစ၍ ကာမာသဝ၊ ဘဝါသဝ၊အဝိဇ္ဇာသဝတို့ဖြစ်လေသည်။ (သဗ္ဗာသဝသုတ်-မဇ္ဈိမနိကာယ်)။

ဤသို့ ဗုဒ္ဓသည် အာသဝတို့၏ ဖြစ် ကြောင်း ကို ဟောထား၏။ အာသဝ အကြောင်းခံသော အဝိဇ္ဇာသည် အဓိက အားဖြင့် အနတ္တကို မသိမြင်မှုသာဖြစ်သည်။ အနတ္တဓမ္မကို မမြင်ခြင်း, လက်မခံနိုင်ခြင်းသည် အဝိဇ္ဇာပင်ဖြစ်သည်ဟု ဆိုရမည် ဖြစ်၏။

တခါက ရဟန်းတပါးသည် ဗုဒ္ဓအား ဤသို့မေးလျှောက်၏၊ "အသျှင်ဘုရား— အဝိဇ္ဇာ—အဝိဇ္ဇာ ဟု ဆိုအပ်ပါ၏။ အဘယ်

သည် အဝိဇ္ဇာပါနည်း၊ အဘယ်မျှ အဝိဇ္ဇာသို့ ရောက် သူ ဖြစ်ပါသနည်း"။

"ရဟန်းဤလောက၌ အကြားအမြင်မရှိသော ပုထုဇဉ်သည် ဖြစ်ခြင်းသဘောရှိသော ရုပ်ကို ဖြစ်ခြင်းသဘောရှိသော ရုပ်ဟု ဟုတ်တိုင်းမှန်စွာ မသိ။ ပျက်ခြင်းသဘောရှိသော ရုပ်ကိုပျက်ခြင်း သဘောရှိသောရုပ်ဟု ဟုတ်တိုင်းမှန်စွာမသိ။ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော ရုပ်ကို ဖြစ်ခြင်းပျက်ခြင်း၊ သဘော ရှိသောရုပ်ဟု ဟုတ်တိုင်းမှန်စွာမသိ။ (ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်) တို့၌လည်း ဤအတူ၊ ရဟန်း ဤသည်ကို အဝိဇ္ဇာဟု ဆိုအပ်၏။ ဤမျှဖြင့် အဝိဇ္ဇာသို့ရောက်သူဖြစ်၏"။ (အဝိဇ္ဇာဝဂ်၊ ၂မုဒယဓမ္မသုတ်၊ ခန္ဓာဝဂ္ဂသံယုတ်)။

အရှင် သာရိပုတ္တရာ သည်လည်း အရှင်မဟာကောဋ္ဌိက ကို ဤဒေသနာအတိုင်းပင် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန် တော၌ ဟောပြောပြလေသည်။ (ဒုတိယသမုဒယဓမ္မသုတ်၊ ခန္ဓဝဂ္ဂသံသုတ်)။ (ခန္ဓဝဂ္ဂသံယုတ်၊ ပထမအဿာဒသုတ်)။ (ပထမ သမုဒယသုတ်၊ ခန္ဓဝဂ္ဂသံယုတ်)။ ဤကဲ့သို့ပင် ဤသုတ်များ၌ လည်း ဆိုထားလေသည်။ အဝိဇ္ဇာသည် သစ္စာလေးပါးကို မသိ မြင်ဟု ဆိုသော်လည်း အဓိကအားဖြင့် အနတ္တဓမ္မကို မသိမှုပင် ဖြစ်လေသည်။ အနတ္တဓမ္မကိုမသိမှုသည် ဗုဒ္ဓဝါဒ၌ ကြီးစွာသော အပိတ်အပင် အတားအဆီးကြီးဖြစ်လေသည်။ ဤသည်မှာ အံ့သြစရာမဟုတ်ချေ။ သစ္စာလေးပါးသည် အနတ္တဓမ္မ၌ အခြေခံသောကြောင့် ဖြစ်လေသည်။

## ၂။ ဝေါဟာရအဓိပ္ပါယ်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ သင်္ခါရသည် အဝိဇ္ဇာ အကြောင်းခံကြောင့်ဖြစ်သော တရားဖြစ်၏။ သင်္ခါရ၏အဓိပ္ပါယ်ကား ပြုပြင်စီရင်မှုဟု အဓိပ္ပါယ်ရလေသည်။ ဝိဘင်းပါဠိတော်၌ 'ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ, ကာယသင်္ခါရ, စိတ္တသင်္ခါရ၊ ဝစီသင်္ခါရ ဟု ခွဲခြက်ပါးပြထားသည်။ သုတ္တန်ပိဋကတ်၌ကား အများအားဖြင့် 'ကာယသင်္ခါရ၊ စိတ္တသင်္ခါရ၊ ဝစီသင်္ခါရ ဟူ၍ သုံးမျိုးပြထားလေသည်။ ပုည, အပုည, အနေဉ္ဇ ဟူသော သင်္ခါရသုံးပါးတို့သည် ကုသိုလ်၊ အကုသိုလ် စသော ကံတို့၏ အစွမ်းအားဖြင့်သာ ဆိုထားသော အမည်တို့ ဖြစ်သည်။

စင်စင်အားဖြင့် ကာယ၊ စိတ္တ၊ ဝစီ ဟူသော ပဓာန သင်္ခါရတို့၌သာ အကြောင်းခံဖြစ်လေသည်။ ထိုပဓာန သင်္ခါရသုံးပါးတို့၏ စေ့ဆော်မှုနှင့် အတူဖြစ်သော ကမ္မ အချင်းအရာတို့သာ ဖြစ်လေသည်။ ၎င်းကမ္မသင်္ခါရတို့ကို ဘုံဌာနအားဖြင့်သတ်မှတ်ပြီး ဇာတိအကြောင်းခံ ဒုက္ခတရားတို့နှင့် စပ်ဟပ်၍ ရှင်းပြယူဆခြင်းသည် ဘုံဘဝ စွဲလမ်းတပ်မက်မှုကို အလေးမထားသော ဗုဒ္ဓဝါဒနှင့် သင့်တန်သည်ဟု မဆိုနိုင်ချေ။ စင်စစ် ဗုဒ္ဓသည် ထို ပုည အပုည အနေဉ္ဇ ဟူသော သင်္ခါရတို့ကို ဘုံဘဝတို့အား ရည်စူးပြီး ဟောသည်မဟုတ်ချေ။ လူတို့၏တပ်မက်မှု တဏှာအလျောက် ပြုစီရင်သော သဘောအား လျော်စွာသာ ဟောခြင်း ဖြစ်တန်သည်။

"ရဟန်းတို့ အဝိဇ္ဇာရှိသောပုဂ္ဂိုလ်သည် ကုသိုလ်သင်္ခါရကို ပြုစီရင်သည်ဖြစ်အံ့၊ ကုသိုလ်ဝိညာဏ်ဖြစ်၏။ အကုသိုလ်သင်္ခါရကို ပြုစီရင်သည်ဖြစ်အံ့။ အကုသိုလ်ဝိညာဏ်ဖြစ်၏။ (အရူပ) ကုသိုလ် သင်္ခါရကို ပြုစီရင်သည် ဖြစ်အံ့။ (အရူပ)၊ (ကုသိုလ် ဝိညာဏ်) အရူပဝိညာဏ်ဖြစ်၏။ ရဟန်းတို့ ရဟန်းသည် အကြင်အခါ သိမှု ဝိဇ္ဇာကိုပယ်အပ်ပြီ အသိဉာဏ်ဝိဇ္ဇာဖြစ်ပေါ်လာပြီ။ ထိုအခါ ရဟန်းသည် မသိမှုအဝိဇ္ဇာကင်း၍ အသိဉာဏ်ဝိဇ္ဇာ ဖြစ်ပေါ်ခြင်း ကြောင့် ပုညာဘိသင်္ခါရကိုမပြု၊ အပုညာဘိသင်္ခါရကိုမပြု၊ အာ နေဉ္ဇာဘိ သင်္ခါရကို မပြု။ မပြုသည်ရှိသော် မစွဲဆော်သည် ရှိသော် လောက၌ တစုံတခုကိုမျှ (တဏှာဒိဋ္ဌိတို့ဖြင့်) မစွဲလမ်း၊ မစွဲလန်းသည်ရှိသော် မတပ်မက်။ မတပ်မက်သည်ရှိသော် မျက် မှောက်ဘဝ၌ပင် ကိလေသာ ချုပ်ငြိမ်း၏"။ (ဗရိဝီမံသနသုတ်၊ နိဒါနဝဂ္ဂသံယုတ်)။

လူတို့သည် စင်စစ်အားဖြင့် တဏှာအနုသယရှိသော တဏှာ သတ္တဝါတို့ဖြစ်သည်။ အခြားသော သက်ရှိ သတ္တဝါတို့ဘွင်လည်း တဏှာတရားသည် ထို့အတူ အကြောင်းခံအဓိကဖြစ်သော်လည်း လူနှင့်ကား ကွာဟလှသည်။ အသိဉာဏ်အတွေးအခေါ်၌ အခြား သောသတ္တဝါတို့ထက် အလွန် မြင့်မား အထက်တန်းကျသော လူသား၏ တဏှာအနုသယသည်သည်း အခြား သက်ရှိတို့ထက် မြင့်မား ကြီးကျယ်လေသည်။ စင်စစ် လူတို့၏ တဏှာအလိုရမ္မက် တပ်မက်မှုတို့ကို တိုင်းတာသတ်မှတ်၍ ရစကောင်းသည် မဟုတ် ချေ။ ကမ္ဘာတွင် လူများစု ယုံကြည်နေသော ဘာသာတို့၏သ ဘောအသွင်ကို ကြည့်ဆင်ခြင်လျှင် လူတို့အား 'အလိုပြည့်ဝစေမှု' ဟူသော မက်လုံးရှိသော ဘာသာကိုသာ ဖြစ်လေသည်ကို အမှန်

အတိုင်း ဆိုရမည်သာ ဖြစ်သည်။ 'သန္ဒိဋ္ဌိကော အကာလိကော' စသော ဂုဏ်တို့နှင့် ပြည့်စုံသော ဗုဒ္ဓဝါဒ သည်ပင် ထိုသဘော ကို လူပုဂ္ဂိုလ်အလိုက် ဆန့်ကျင်ပယ်ခဲ့သည် မဟုတ်ချေ။ ဗုဒ္ဓ ပရိ နိဗ္ဗာန် စံလွန်သည်၏နောက်ပိုင်းတွင် ဗုဒ္ဓဝါဒီ ပညာရှင် မထေရ် တို့၏သါသနာအရှည်တည်တန့်နိုင်စေရန်ဟူသောအရှည်ရှယ်ချက် ဖြင့် လူတို့၏အလိုဘိုကို ဗုဒ္ဓ ဝါဒအား အထောက် အပံ့ ပေး နိုင်သော အခြင်းအရာတို့နှင့် သတ်မှတ်ပေးခဲ့ခြင်းဖြစ်တန်သည်။

လူတို့သည်မိမိတို့ဘဝ မိမိတို့ပတ်ဝန်းကျင်တွင် ရုန်းကန်လှုပ် ရှားနေရမှုကို စင်စစ်အားဖြင့် ဆင်းရဲဒုက္ခအဖြစ် မြင်နိုင်ခဲလေ သည်။ အစားကောင်းကောင်း တပွဲစားရမှုအတွက် သုံးနာရီမျှ ပင်ပန်းကြီးစွာလုပ်ကိုင်ရခြင်းကို လုပ်ကိုင်စဉ်၌ရှင်း၊ အစာစား စဉ်၌ရှင်း ဆင်းရဲဒုက္ခအဖြစ် မြင်ရန် ခဲယဉ်းလှ၏၊နာမှု၊အိုမှု၊သေမှု တို့သည် စင်စစ်အားဖြင့် ချမ်းသာသုခတရားများ မဟုတ်ချေ။ လူတိုင်းတနေ့နေ့ တချိန်ချိန်တွင် မလွဲကေန် ကြုံရမည့် ဆင်းရဲ ဒုက္ခတရားများဖြစ်သည်။ ကျန်းမာနေစဉ် အသက်ရှင်နေစဉ်၌ လူတို့သည် ထိုတရားများကို မေ့ပျောက် ထားနိုင် ကြသည်။ မကျန်းမာသောအခါမှသာ ဆင်းရဲဒုက္ခအဖြစ် နားလည်သိမှတ် သည်၊ နက်ဖြန် သဘက် သေမည်ဆိုသောအခါမှပင် မရဏ ဒုက္ခကိုခံစားသိမှတ်ကြသည်၊ ယနေ့ကျန်းမာစွာ လွတ်လပ်နေသူ တဦးသည်သေမှုဆင်းရဲကိုကြောက်မည်မဟုတ်ချေ၊သို့သော်မနက် ဖြန်ကိုးစင်တက်ရမည့် ကြိုးသမားတရားခံကား မရဏဆင်းရဲကို ကောင်းစားစွာပင် ခံစားနေရမည် ဖြစ်သည်။ ထို့ကြောင့်ပင် လူ့ဘဝထက် အဆပေါင်းများစွာ သာလွန် ကောင်းမွန်သော ဘဝတို့ကို လူတို့ဘွယ်တာကြခြင်းဖြစ်သည်။ နှစ်ပေါင်းသိန်းသန်း

ကုဋေချီပြီး ရှည်ကြာသော ထိုဘုံဌာနတို့၌ ရှိသည်ဆိုသော ဇရာမရဏ ဒုက္ခတို့ကို လူသည် အဘယ်မှာကြောက်မည်နည်း၊ ဆင်းရဲပင်ပန်းမှု ပြီးတီးသော မျက်မှောက်ဘဝ၏ သက်တမ်းငါးဆယ်ခြောက်ဆယ်ဟူသော သေမှုဆင်းရဲကိုပင် မသိမမြင် မကြောက်ကြချေ။

"ဖြစ်ပေါ်လာသောဆင်းရဲဟူသမျှ အားလုံးတို့သည် သင်္ခါရဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာ၏၊ သင်္ခါရတို့၏သာချုပ်ခြင်းကြောင့်ဆင်းရဲဖြစ်ခြင်းမရှိ"၊(ဒွယတနာနုပဿနာသုတ်သုတ္တနိပါတ်)၊ဤဂါထာကို ဗုဒ္ဓဝါဒအမြင်ဖြင့် ကောင်းစွာသိမြင်ဘိုသင့်လေသည်၊ စင်စစ်အားဖြင့် တပ်မက်မှုမကင်းသော ပြုစီရင်မှုတို့ကို ဆိုလိုထားခြင်းဖြစ်လေသည်၊ကုသိုလ်ကောင်းမှု ပြုသောအလေ့အထသည် မြန်မာဗုဒ္ဓဝါဒီတို့တွင် ထင်ရှားစွာ တွေ့ရလေသည်၊ ထိုလူတို့သည် တပ်မက်မှုကင်းသည်၊ ထင်ပေါ်ကျော်ကြားမှုမရှိဟု ယူဆနိုင်စရာကား မဖြစ်ချေ၊ အနည်းနည်းသောတပ်မက်မှုတို့နှင့် ကုသိုလ်အမှုပြုခြင်းသည်အမှန်အားဖြင့် ကောင်းသောသဘောဟု ဆိုရန် ခက်သည်။

ဗုဒ္ဓဝါဒအရကြည့်လျှင် အလွန်မလိုလားအပ်သော အပြုအမူဖြစ်လေသည်၊ (ကာမသုဂတိဘုံ၊အခြားသော ဘုံတို့၌ ဖြစ်၍သံသရာမှ ထွက်မြောက်ရာ မဟုတ်သော ဝဋ္ဋနိဿိတဒါန စသည်ဖြစ်ခြင်းကိုမဆိုလိုပါ)၊ ဗုဒ္ဓ၏အနတ္တဓမ္မကို လက်ခံ ယုံကြည်သောပုဂ္ဂိုလ်တို့ပင်ဖြစ်သော်လည်း မြန်မာ ဗုဒ္ဓဝါဒီတို့၏ အလှူဒါနတို့သည် တပ်မက်မှု လွှန်ကဲသည်တို့ကို တွေ့ရလေသည်၊ အလှူဒါနပြုရာ၌မိမိ၏ အလှူရှင်ဟူသောထင်ပေါ်မှု၊မိမိသာပေးလှူနိုင်သည်ဆိုသောအလို၊ ငါလိုကြီးကြီးကျယ်ကျယ် မည်သူလှူနိုင်သနည်း

စသောမာန စသည်ဖြင့် နောက်ဆုံး ဘုံဘဝတို့၌ ခံစား စံစား လိုမှုဟူသော စွဲမှုတဏှာတို့သည် အများဆုံးတွေ့ရသော အချင်းအရာ အသွင်အယူတို့ ဖြစ်လေသည်။ အချို့သော ရဟန်းတို့က လည်း တရားဓမ္မဟောကြားရာ၌ ထိုဘုံဌာနတို့၏ ချမ်းသာသုခနှင့် ပြည့်စုံကုံလုံမှု၊မည်သို့ရောက်နိုင်မှုစသည်ဖြင့် ဟောပြောကာ ဗုဒ္ဓ၏ ဓမ္မဂုဏ်ဖြစ်သော သန္ဒိဋ္ဌိကော-အကာလိကော စသည် တို့မှ လမ်းလွဲ မျက်ခြေပြတ်နေကြသည်၊ ဗုဒ္ဓဝါဒ၌ တပ်မက်မှုကို မည်သို့သော သဘောအနေအထားနှင့်မျှ လက်ခံသည် မဟုတ်ချေ၊ ပုညအပုည အာနေဉ္ဇဟူသော ပြုပြင်စီရင်မှုသင်္ခါရတို့သည် လူတို့၏ တပ်မက်မှုတို့မှ စေ့ဆော်သော အချင်းအရာ အားဖြင့် ဖြစ်သည်ကိုသိသင့်၏၊ ဤသင်္ခါရပြုပြင်စီရင်မှုတို့သည် ကမ္မအခြင်းအရာအားဖြင့်ဖြစ်သော တပ်မက်မှု စေ့ဆော်သောအကြောင်းတို့သာ ဖြစ်သည်ကို ဗုဒ္ဓဝါဒီသည် သတိမူသင့်သည်၊ ထိုသဘောအယူတို့ကို ဗုဒ္ဓသည် လိုလားသည် မဟုတ်ချေ၊ ထို့ကြောင့်ပင် ဗုဒ္ဓဝါဒသမိုင်း၌ ရှေးအကျဆုံး သောဒေသနာတို့တွင် ဗုဒ္ဓသည် ဤသို့ ဟောခဲ့ခြင်းဖြစ်လေသည်။

"လော၌များသော သဘောရှိကုန်သောဆင်းရဲဒုက္ခ ဟူသမျှတို့ သည် ကုသိုလ်ကံ-အကုသိုလ်ကံ ဟူသော အ ကြောင်းကြောင့်ဖြစ်ပေါ်ကုန်၏၊ မသိသည်ဖြစ်၍ (လောကီ)ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ပြုသော ပညာနည်းသူသည် အဖန်တလဲလဲ ဆင်းရဲသို့ကပ်ရောက်ရ၏၊ ထို့ကြောင့် ပိုင်းခြား၍ သိဘတ်သူသည် ဝဋ်ဆင်းရဲ၏ဖြစ်ကြောင်းကို ရှုမှတ်ဆင်ခြင်လျက် ကုသိုလ်

က' အကုသိုလ်ကိုမပြုလုပ်ရာ”( ဒွယတနာနုပဿနာသုတ်=သုတ္တနိပါတ်)။

“ပုဏ္ဏက အကြင်သူတို့သည် လူနတ်ပြဟ္မာ အဖြစ်ကိုတောင့်တကုန်၏၊ လူ့ဘဝဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၊ အလှူ၏အကျိုးအာနိသင်ကို ချီမွမ်းကုန်၏၊ မြွက်ဆိုကမ်း တကုန်၏။ ပူဇော် ပသကြကုန်၏၊ လူ နတ် ပြဟ္မာ အဖြစ် ရ မှုကိုးစွဲ၍ ကာမတို့ကို တမ်းတကုန်၏၊ ထိုသူတို့သည် ပူဇော်မှုကို အားထုတ်ကြ ကုန်သော်လည်း ဘဝကို တပ်စွန်းမှု တဏှာဖြင့် တပ်မက်ကုန်သောကြောင့် ပဋိသန္ဓေမှု၊ အိုမှု စသောဝဋ်ဆင်းရဲကို မလွန်မြောက်နိုင်ကုန်ဟုငါဆို၏။(ပါရာယနဝဂ်၊ ပုဏ္ဏကမာဏဝပုစ္ဆာ- သုတ္တနိပါတ်)။

ဗုဒ္ဓဝါဒ၌ တပ်မက်မှုတဏှာကို ဆင်းရဲဒုက္ခ၏အကြောင်း တရားအဖြစ်ယူဆ ဟောကြားထားသည်ကို အထူးဆိုဘွယ်ပင် မလိုချေ။ လူတို့သည်လည်း အမှန်အားဖြင့် တဏှာတရားများကြောင့်ပင် ဆင်းရဲဒုက္ခကိုတွေ့နေရခြင်း ဖြစ်လေသည်မှာ တကယ်တန်းစဉ်းစားဆင်ခြင်လျှင် သိသာလှ၏၊ လူတို့တွင် ကိန်းဝပ်နေသော တဏှာ အနုသယ၏ အဓိပ္ပါယ်သဘောသည် ကျယ်ဝန်းလှ လေသည်၊ အလိုဆန္ဒနှင့် တဏှာလောဘသဘောကို ကွဲပြားစွာ သိသင့်လေသည်၊ စင်စစ်အားဖြင့် တဏှာနှင့် ဆန္ဒသည် ခြားနားလေသည်၊တခါတရံ၌ တဏှာနေရာတွင် ဆန္ဒကို ပိဋကတ်၌သုံးစွဲထားခြင်းရှိ၏၊ ဤသို့သုံးစွဲထားခြင်းသည် ယုတ်ညံ့သောဆန္ဒများသည် တဏှာနှင့် ခြားနားသည် မဟုတ်သောကြောင့် ဖြစ်လေသည်၊ ဆန္ဒသည် ကောင်းမွန်သော စေတနာတရား၏ အခြင်း အရာတခုပင် ဖြစ်လေသည်၊ မပြင်းပြသည့် အသိနှင့် ယှဉ်

သော အလိုရှိမှုသည် ဆန္ဒဖြစ်လေသည်၊ ဆန္ဒသည် စေတသိက် တရားဖြစ်သဖြင့် တသမတ်ထည်းသော ပင်ကိုယ်သဘောမရှိချေ၊ မရှိ နွမ်းပါးသူများ၊ ဒုက္ခရောက်သူများကို ကူညီလိုခြင်းသည် ကောင်းသောဆန္ဒ သမာဆန္ဒဖြစ်သည်၊ ကာမဂုဏ်ခံစားလိုခြင်း ဆန္ဒသည်မကောင်းသောဆန္ဒဖြစ်လေသည်၊ တနည်း အားဖြင့် တဏှာဖြစ်သည်၊ ထိုအခါ အကုသိုလ်ဆန္ဒဖြစ်လေသည်၊ ဗုဒ္ဓဝါဒ သည် ကောင်းသော ဆန္ဒများကို လက်ခံ၍ တဏှာအဖြစ်မယူဆ သည်မှာ များစွာသော ဝေဒနာတို့ကို ထောက်၍ သိနိုင်လေ သည်။ ထို့ကြောင့်တဏှာနှင့်ဆန္ဒသည် ခြားနား ကွဲပြားခြင်း ဖြစ်လေသည်။

အဝိဇ္ဇာ အကြောင်းကြောင့် ဖြစ်ပေါ်လာသော သင်္ခါရကို သုတ္တန်တို့၌ များသောအားဖြင့် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရဟုဆို၏။ ထိုသင်္ခါရတို့သည်ပင်ပြုပြင်စီရင်မှု သင်္ခါရဟူ သောအဓိပ္ပါယ်၌ပဓါန ကျလေသည်။ "ဒါယကာ ဝိသာခ ထွက် သက်ဝင်သက်တို့သည် ကိုယ်ဖြင့် ပြုစီရင်မှု ကာယသင်္ခါရ မည်၏၊ ဝိတက် ဝိစာရတို့သည် နှုတ်ကိုစီရင်မှု 'ဝစီသင်္ခါရ' မည် ၏၊ သညာဝေဒနာတို့သည် စိတ်ဖြင့်ပြုစီရင်မှု 'စိတ္တသင်္ခါရ'မည် ၏။ ဒါယကာဝိသာခ ထွက်သက်ဝင်သက်တရားတို့သည် ကိုယ်၌ ဖြစ်ကုန်၏။ ကိုယ်နှင့်စပ်ကုန်၏။ ထို့ကြောင့် ထွက်သက်ဝင်သက် တို့သည် ကိုယ်ဖြင့်ပြုစီရင်မှု 'ကာယသင်္ခါရ' မည်၏၊ ဒါယကာ ဝိသာခ၊ ရှေးဦးကပင် ကြံစည်စဉ်းစား၍ နောက်မှ စကားကို မြွက်ဆို၏။

ထို့ကြောင့် ဝိတက်ဝိစာရတို့သည် နှုတ်ကိုပြု စီရင်မှု၊ ဝစီ သင်္ခါရ မည်၏၊ ထိုသညာ ဝေဒနာ တရားတို့သည်၊ စိတ်၌ ဖြစ်

ကုန်၏၊ စိတ်နှင့်စပ်ကုန်၏။ ထို့ကြောင့် သညာဝေဒနာတို့သည် စိတ်ဖြင့် ပြုစီရင်မှု'စိတ္တသင်္ခါရ' တို့မည်၏" (စူဠဝေဒလ္လသုတ် မဇ္ဈိမနိကာယ်)။

ဤသို့ပင် ကာယသင်္ခါရ၊ စိတ္တသင်္ခါရ၊ ဝစီသင်္ခါရတို့၏ သဘော အဓိပ္ပါယ်ကို ပိဋကကဏ်၌ ဖွင့်ဆိုထားလေသည်၊ ၎င်းအပြင် သင်္ခါရတရားတို့၏ ထိုကဲ့သို့ အဓိပ္ပါယ် အဆိုတို့သည်လည်း ရှိလေသေး၏။

"ရဟန်းတို့ ပြုစီရင်မှု သင်္ခါရတို့ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ပြုစီရင်မှု သင်္ခါရတို့သည် ဤသုံးပါးတို့တည်း။ကိုယ်ဖြင့်ပြုစီရင်မှု 'ကာယသင်္ခါရ' နှုတ်ဖြင့်ပြုစီရင်မှု 'ဝစီသင်္ခါရ'စိတ်ဖြင့်ပြုစီရင်မှု 'စိတ္တသင်္ခါရ'တို့တည်း" (ပစ္စယသုတ် နိဒါနဝဂ္ဂသံယုတ်)။

ထိုသင်္ခါရတို့သည် စေ့ဆော်မှုအကြောင်းခံ တရားတို့ဖြစ်ကြလေသည်၊ မိမိသည်၎င်း ပြုလုပ်၏၊ သို့မဟုတ် အခြားသူတို့သည်လည်း ပြုလုပ်၏ ဟုဆို၏၊ ထိုစေ့ဆော်မှုစသော အကြောင်းများကြောင့် လူတို့သည် ချမ်းသာဆင်းရဲဟူသော သုခဒုက္ခတို့ကိုခံစားရသည်ဟုဆိုလေသည်။

"ရဟန်းတို့ မသိခြင်း အဝိဇ္ဇာဟူသော အကြောင်းကြောင့်သာလျှင် ကိုယ်ရှိသတ်သော် ကိုယ်၌ဖြစ်သော လုံ့ဆော်မှု စေတနာဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲသည် ဖြစ်ပေ၏။ ရဟန်းတို့နှုတ်ရှိ လတ်သော်နှုတ်၌ ဖြစ်သောလုံ့ဆော်မှုစေတနာဟူသော၊ အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည်ဖြစ်ပေ၏၊ ရဟန်းတို့၏ စိတ်ရှိလတ်သော် စိတ်၌ဖြစ်သောလုံ့ဆော်မှု စေတနာဟူသော အ

ကြောင်းကြောင့် မိမိသန္တာန်၌ စိတ်ချမ်းသာ ဆင်းရဲသည်ဖြစ်ပေါ်၏" (စေတနာသုတ်– အင်္ဂုတ္တိုရ်စတုက္ကနိပါတ်)။

သံယုတ်နိကာယ်၌လည်းထိုကဲ့သို့ချမ်းသာဆင်းရဲခံစားရပုံကို ပြဆိုပြီး၊ ထိုသင်္ခါရ တရားတို့သည် မိမိကြောင့်ရင်း၊ သူတပါးတို့ကြောင့်ရင်း ဖြစ်နိုင်သည်ကို ပြဆိုထားလေသည်။ ၎င်းပြင် ထိုသင်္ခါရ တရားတို့ကို လူတို့သည်သိလျက်လည်း ပြုခြင်းရှိ၏။ မသိဘဲလည်း ပြုခြင်းရှိ၏ဟု ဆိုထား၏။

"အာနန္ဒာ–အကြင်ကိုယ်ဖြင့် ပြုစီရင်မှု ကာယသင်္ခါရဟူသော အကြောင်းကြောင့် မိမိသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်၏၊ ထိုကိုယ်ဖြင့်ပြုစီရင်မှု ကာယသင်္ခါရကို ကိုယ်တိုင်မှုလည်း ပြုစီရင်၏၊ သူတပါးတို့မှုလည်း ပြုစီရင်၏၊ ကောင်းစွာ သိသည် ဖြစ်၍မှုလည်း ပြုစီရင်၏၊ မသိမှု၍လည်း ပြုစီရင်၏" (ဘူမိဇသုတ် နိဒါနဝဂ္ဂသံသုတ်)။

လူသားတို့သည် မိမိ၏ အပြုအမူများ(သင်္ခါရများ) ကြောင့် မိမိသည်သာချမ်းသာမှု၊ ဆင်းရဲမှုတို့ကို ခံစားရသည်ဟုဆိုလေသည်။လူတို့သည် အကြောင်းကြောင်းတို့ကြောင့်အပြုအမူအမျိုးမျိုးကို ပြုမူကြလေသည်။ စိတ်ပညာ စာအုပ်တို့၌ လူတို့၏ အပြုအမူကို "စေ့ဆော်တိုက်တွန်းမှု" (Motivation) တို့ကြောင့်ဟု ဆိုထားလေသည်။ လူတို့၏ အပြုအမူများသည် မွေးကတည်းက ပါလာကြသည်များ မဟုတ်ဟုဆိုသည်၊လူသည် မိမိ၏ အာရုံခံမျာနှင့် အာရုံထိတွေ့သိရှိရာမှ စေ့ဆော်မှုတို့ ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။ ယေဘုယျအားဖြင့် စိတ်ပညာရှင်တို့သည် လူတို့အားစေ့ဆော်တိုက်တွန်းသော စိတ်သဘာဝတို့ကို "မိခင်စိတ်ဂါတ်၊ ရေငတ်ခြင်း၊ ဆာလောင်ခြင်း၊ လိင်ရာဂ

စိတ်၊ စူးစမ်းရှာဖွေခြင်း” စသည်ဖြင့် ခွဲခြား ပြဆို ထားကြသည်၊ စိတ်ပညာရှင်တို့သည် တဦးနှင့်တဦးတို့၏ စေ့ဆော်တိုက်တွန်းမှု စာရင်းတို့သည် မတူချေ၊ စေ့ဆော် တိုက်တွန်းမှုနှင့်ပတ်သက်၍ အဆိုအားလုံးကို လေ့လာခဲ့သော “အဲလဗတ်တီပေါဖင်ဗာဂါး”(Albert.T. Poffenberger.) ဆိုသူက ဤသို့ နိဂုံးချုပ်ဖော်ပြသည်မှာ “နာဗ်ကြော လှုံ့ဆော်မှုများဖြစ်ကြသော မြင်သိမှု၊ ကြားသိမှု၊ တွေ့သိမှု၊ စသည်တို့၏လှုံ့ဆော်ခြင်း၊ ရှာဖွေခြင်း၊ စူးစမ်းကိုင်တွယ်ခြင်း၊ အသိ အမှတ်ပြုခြင်းကို ခံယူလိုခြင်း၊ မိမိကိုယ် မိမိအားထား ယုံကြည်ခြင်း၊ လှမ်းမိုးလိုခြင်း၊ ကြင်နာသနားတတ်ခြင်း၊ ကြင်နာသနားခြင်းကိုခံယူလိုခြင်း၊ လုံခြုံမှုနှင့် အကာအကွယ် ပါဝင်သော မိမိ၏သက်သာမှုကို ရယူလိုခြင်း၊ စိတ်သဘော တူညီသူများနှင့် ပေါင်းဖော်လိုခြင်းစသည်တို့ ဖြစ်သည်ဆို၏”။ ဤသည်ကား လောကစိတ်ပညာရှင်တို့၏ လူ၏ အပြုအမူနှင့် ပတ်သက်၍ဖြစ်စေသော စေ့ဆော်တိုက်တွန်းမှုတို့ဖြစ်လေသည်။

သင်္ခါရသည် အထူးအားဖြင့် ဗုဒ္ဓဝါဒီတို့ နားလည်ထားသည်အတိုင်း ငုံပြီး အဓိပ္ပါယ် ကျယ်ဝန်းနက်ရှိုင်းလေသည်၊ ဗုဒ္ဓဝါဒအလိုအားဖြင့် လူတို့ပြုသော ကမ္မအမှုတို့သည်ပဓါနအားဖြင့် စေတနာ အကြောင်းခံဖြစ်လေသည်၊ စေတနာ၊ ဆန္ဒ၊ အလိုများ စသည်တို့မှာ လူတိုင်း၏ကမ္မ၌ အဓိက အကြောင်းခံတို့ဖြစ်လေသည်၊ လူတဦး၏ အပြုအမူ၏ ပတ်ဝန်းကျင် အခြေဆက်ဆံရသောလူများ စသည်တို့နှင့်ယှက်နွယ် ဖြစ်လာခြင်းကို ကမ္မဟုဆိုရမည်ဖြစ်သည်။ ဤကမ္မတို့ပင် ထိုသူ၏ ဘဝအခြေအနေကို ဖန်တီးပြုပြင်ပေလိမ့်မည်၊ ထို့အတူပင် သင်္ခါရ တရား

ပြုပြင်စီရင်မှုသည် လူတဦး၏ အဇ္ဈတ္တဗဟိဒ္ဓမျာနှင့်ပါ ဆက်စပ်နေသည်ကို သတိမူသင့်လေသည်၊လူ၏ အတွင်းသန္တာန် သဘာဝ အပသဏ္ဍာန် သဘောတို့နှင့် တွေးဆယူမှုသာလျှင် သခါရ၏ အဓိပ္ပါယ်ကိုကောင်းစွာ နားလည်လေမည်။ ရေးသားခဲ့သော ဒေသနာများကို ထောက်ဆပြီး ထိုအဇ္ဈတ္တဗဟိဒ္ဓတို့နှင့် အတူ သင်္ခါရသဘောကို သိမြင်နိုင်တန်ကောင်းသည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတွင် ဝိညာဏ်သည် အကြောင်းတရားကြောင့် ဖြစ်ပေါ်သော တရားအဖြစ် ဟောထားလေသည်။ ဤသို့ဟောကြားခဲ့သဖြင့် ဝိညာဏ်၌ အတ္တသဘာဝမရှိသည်မှာ ထင်ရှားလှသည်။ သို့သော် ဗုဒ္ဓဝါဒီတို့သည် အနတ္တဓမ္မကို လက်ခံကြသော်လည်း ဝိညာဏ်၏ အနတ္တသဘောကို ထင်မြင် နိုင်ကြဟန်မရှိချေ။ ဝိညာဏ်နှင့် နာမ်တရားတို့ကိုလည်း ကွဲပြား'စွာသိဟန်မတူချေ။ ဥပမာ - လူတယောက် သေဆုံးလျှင် အိမ်၌ ခုနစ်ရက်နေသည်၊ ဝိညာဉ်ချုပ်သွားပြီ ဘဝပြောင်းကူးသွားပြီ(ဝိညာဉ်ကြီးက ပြောင်းကူးသွားခြင်း)စသည်ဖြင့် အယူရှိကြသည်။ ရက်လည် ဆွမ်းသွတ်၊ သရဏဂုံတင် စသော လူသေရာ၌ပြုကျင့်သော ဘာသာရေးပွဲတို့တွင် ထိုသေသူအား ခေါ်ဆောင်ခြင်း၊ တရားနာစေခြင်း၊ အမျှပေးဝေ၍ သာဓုခေါ်စေခြင်း စသည်တို့ဖြစ်၏။ ဤအယူ အကျင့်တို့သည် အနတ္တ စသော စကားလုံး များကို တတွတ်တွတ် ရွတ်ဆိုနေသော ဗုဒ္ဓဝါဒီ အချို့တို့၏ ဝိညာဉ်၏ သဘာဝကို နားမလည် မသိရှိခြင်းကြောင့် ဖြစ်သည်။ သေသူ ဝိညာဉ်ကူးပြောင်းခြင်း၊ နာမ်ဖြင့် တမလွန်ဘဝ (ပရလောက) သို့ ကူးပြောင်းရောက်ရှိခြင်း၊ (ဝိညာဉ်) ကူးပြောင်း ကျင်လည်ခြင်းသည် စင်စစ်အားဖြင့် ဗုဒ္ဓဝါဒအယူအဆမဟုတ်ချေ။

အတိုင်းမသိ၊ အကန့်အသတ်မရှိ တန်ခိုးရှိသော ဝိညာဉ်စသည်ကို ဗုဒ္ဓသည် လက်ခံသည် မဟုတ်ချေ။ ခန္ဓာငါးပါး ရုပ်နာမ်ဘာရားဟူသမျှကို အနတ္တဓမ္မဟုဟောကြားခဲ့သော ဗုဒ္ဓသည် နာမ်သဘာဝတခုအား ထာဝရ နိစ္စအတ္တအဖြစ် ယူဆရန်မှာ အလွန်မအပ်စပ်လှသည့် အဖြစ်ပင်ဖြစ်၏။နာမ်သဘာဝနှင့် ဝိညာဏ်သည် မတူခြားနား လှလေသည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ နာမ်နှင့်ရုပ်သည် အတူတကွဖြစ်သော ဓမ္မတို့ဖြစ်၏။ဝိညာဏ်သည် နာမ်ရုပ်၏အကြောင်းခံဖြစ်သလို နာမ်ရုပ်သည်လည်း ဝိညာဏ်၏ အကြောင်းခံဖြစ်၏။နာမ်(စိတ်)သည် ဓမ္မပဒ၌ ဟောထားသကဲ့သို့ပင် 'အလွန်လျင်မြန်ခြင်း၊ အလွန်သိမ်မွေ့ခြင်း၊ အလိုရှိရာ အာရုံ၌ကျလေ့ ညွတ်လေ့ရှိခြင်း'သည် နာမ်၏ သဘာဝ သဘောတို့ဖြစ်လေ၏။

စက္ခုစသောအတွင်း အာယတနခြောက်ပါးတို့နှင့် ရူပါရုံစသော အပအာရုံတရားများ ထိခိုက်ကြုံတွေ့မှုကြောင့် ဖြစ်ပေါ်လာသော အာရုံသိစိတ်သည် ဝိညာဏ်ဖြစ်လေသည်။ ဤသို့ အကြောင်းတရား အရင်းခံကြောင့်ဖြစ်သော ဝိညာဏ်သည် အနတ္တဓမ္မဖြစ်သည်မှာ သံသယဖြစ်ရန်မလိုချေ။ အကြောင်းမဲ့ဖြစ်ပေါ်လာသည်ဆိုသောတရားတို့သည် အတ္တဟုဆိုရန် ဖြစ်ကောင်းဖြစ်မည်။အကြောင်းခံအကျိုးဆက်အရ ဖြစ်ပေါ်လာသောဓမ္မတို့ကို အတ္တအဖြစ်ဆိုရန်မှာ ခဲယဉ်းလှသော သဘာဝမမှန်သည့် အယူအပြုပင်ဖြစ်လေသည်။ သို့သော်လည်း အတ္တအယူအဆရှိသော ပုဂ္ဂိုလ်တို့သည် ဝိညာဏ်ကို အတ္တသဘာဝအားဖြင့်သာ ယူဆကြသည်။ပိဋကတ်၌ "ဝိညာဏ်သည် အမိဝမ်းသို့ သက်ရောက်မှသာ နာမ်ရုပ်ဖြစ်သည်"(ဒီဃနိကာယ်,မဟာဝဂ္ဂ)လာ ဗုဒ္ဓ၏စကားကို

ကြည့်ပြီး ထိုအတ္တစွဲပုဂ္ဂိုလ်တို့သည် ဝိညာဏ်ကိုအတ္တအဖြစ်သုံးသပ်ဆင်ခြင်မှုများမိကြချေမည်။ စင်စစ် ဗုဒ္ဓသည် မဟာနိဒါနသုတ်၌ ဝိညာဏ်၏ အတ္တအဖြစ်ကို မိန့်ကြားခြင်းမဟုတ်ချေ။ ဝိညာဏ်၏ အကြောင်းခံ အကျိုးဆက်သဘောကို သိသာထင်ရှားအောင် ဟောခြင်းသာဖြစ်လေသည်။ "ပရိနိဗ္ဗာန်ပြုသော ရဟန္တာ၏ ဝိညာဏ်ကို မာရ်နတ်ကရှာသည်ဆိုခြင်း" စသော ဒေသနာတို့သည်သည်း ရဟန္တာ၏ဘဝသစ်တဖန် မရှိမှု၊တဏှာကင်းပြတ်မှုကို ထင်ရှားအောင်ဆိုတော်မူခဲ့ခြင်းဖြစ်သည်။

ဝိညာဏ်၏အတ္တအဖြစ်ကိုဆိုလိုခြင်း မဟုတ်ချေ။ ဗုဒ္ဓဝါဒအရ ဝိညာဏ်သည် အကြောင်းတရား ကင်း၍မဖြစ်သည်မှာ ထင်ရှားလှ၏။စင်စစ်ဝိညာဏ်သည် ဝေဒနာ၊သညာ စသောနာမ်တရားတို့မှကင်း၍ပင်မဖြစ်နိုင်ချေ။

ဗုဒ္ဓဝါဒကို အနတ္တဝါဒအဖြစ် လက်မခံလိုသူများ ဗုဒ္ဓဝါဒီ အတ္တယူဆမှုရှိသောသူများနှင့် အခြားသော အတ္တဝါဒီစစ်စစ်တို့သည်ဝိညာဏ်ကိုအတ္တအဖြစ်မှတ်ယူကြသည်။

ဝိညာဏ်သည် အကြောင်းတရားကြောင့် ဖြစ်ပေါ်သော တရားအဖြစ် လက်ခံပါက မည်သည့်နည်းနှင့်မျှ ထိုဝိညာဏ်ကို အတ္တအဖြစ်ယူဆ၍မရနိုင်ချေ၊ ဓမ္မပဒ၌ ပထမဦးစွာပါရှိသောဂါထာနှစ်ပုဒ်သည် "နာမ်ခန္ဓာလေးပါးတို့သည် စိတ်လျှင်ရှေ့သွားရှိကုန်၏၊စိတ်လျှင်အကြီးအမှူးရှိကုန်၏၊စိတ်ဖြင့်ပြီးကုန်၏" စသည်ဖြင့် လူသားတို့တွင် စိတ်ပဓါနကျသည်ကို ပြဆိုထားသော သဘောသည် အတ္တအယူအဆရှိသူတို့ ထင်မှတ်မှားစရာပင်ဖြစ်သည်။ ၎င်းပြင် (သဠာယတနသံယုတ် — ကိံသုကသုတ်)၌လည်း မနောဝိညာဏ်စိတ်ကိုနာမ်တရားတို့၏ အကြီးအမှူးဘုရင်အဖြစ် ဟော

ထားသော ဒေသနာရှိ၏၊ ထိုဒေသနာတို့သည် အတ္တ အယူသန်သူ တို့အဖို့ဝိညာဏ်အားအတ္တသဘာဝအဖြစ် တွေးဆယူစေနိုင်သော သဘောတို့ ပါရှိလေသည် စင်စစ်ထိုဒေသနာတို့သည် နာမ်တရား တို့၌ မနောဝိညာဏ်စိတ်သည် ပဓါနကျသည်ဆို သောအချက်ကိုပြ ဆိုခြင်းဖြစ်သည်။ ဝိညာဏ်စိတ်ကိုအတ္တသဘာဝမြဲသောကူးပြောင်း ကျင်လည်သော တန်ခိုးအမျိုးမျိုးရှိသော နာမ်တရားအဖြစ်ယူဆ စရာအကြောင်းလုံးဝမပါချေ။ ဗုဒ္ဓ၏ဟောခဲ့သော ဒေသနာတို့၌ အများ ပြားပါရှိသည် ကားမနောဝိညာဏ်သည်အကြောင်း တ ရားတို့ကိုစွဲ၍ဖြစ်၏ ထိုအကြောင်းတရားတို့ချုပ်လျှင်ချုပ်၏ဟုဟော ထားသောဒေသနာတို့သာရှိလေသည်။ အတ္တဝါဒီတို့သည်မနော ဝိညာဏ်ကို အတ္တအဖြစ်စွဲယူခြင်း၌ ဒီဋ္ဌိပါဒါန်ဆန်သောသဘော သည် အဓိကပါရှိချေမည် မနောဝိညာဏ်သည် အမှန်အားဖြင့် အတ္တမဟုတ်သခဲ့ါရမမှုဖြစ်သလိုဗုဒ္ဓ၏ အနတ္တဝါဒသည်လည်းနတ္ထိ ကဝါဒမဟုတ်ကြောင်းသိသင့်သည် ဗုဒ္ဓ၏အနတ္တဓမ္မဒေသနာအရ ပရမတ္ထအားဖြင့်ပုဂ္ဂိုလ်သတ္တဝါ ဇီဝ—အတ္တစသည်ကိုမရအပ်ချေ လူတို့သည်စင်စစ်အားဖြင့် ခန္ဓာငါးပါးအစုအဝေး၌သာ ဖြစ် ချေသည်။ ထိုခန္ဓာငါးပါးအစုအဝေး၌ နာမ်တရားဖြစ်သောစိတ် စေတသိတ် သညာ ဝေဒနာတို့သည် ထိုဒေသနာများအရအထိန်း မရှိမဖြစ်ချင်ရာဖြစ်နေသော တရားများမဟုတ်ပဲ မနောဝိညာဏ်၏ ကွပ်ကဲထိန်းကြောင်းမှု အတိုင်း စိတ်သဘာဝအား လျော်ညီစွာ ဖြစ်နေကြောင်းကိုပြလေသည်။

ဗုဒ္ဓဝါဒသည် စိတ်ဖြစ်စဉ် အကြောင်းကို နားလည်သိရှိမှု အါး လေ့လာရန် အားပေးလေသည်၊ အမှန် အားဖြင့်လည်း ဗုဒ္ဓ၏ အနတ္တဓမ္မကို သိမြင်နိုင်ရန်မှာ စိတ်ဖြစ်စဉ်ကို သိနား

လည်မှုသည်အရေးကြီးလှ၏။လူတို့သည် မိမိ၏ ရုပ်တရားတို့အား အနတ္တအဖြစ်သိရန်မှာ သဘာဝတရား သဘောအရ မခဲယဉ်းတန်ခြေ၊ နာမ်တရားများကို အနတ္တ ဓမ္မအဖြစ် သိမြင် ရန်ကား လွန်စွာခဲယဉ်းလှပေသည်။ ယနေ့ အနတ္တ ဓမ္မကို လက်ခံသည် ဆိုသော ဗုဒ္ဓဝါဒီတို့သည် နာမ်တရားကို သံသရာ ကျင်လည်သော အတ္တ ဆန်ဆန် သဘောတရားအဖြစ် ယူဆထင်မှတ်နေခြင်းသည် များစွာ ရှိလေသည်၊ ထို့ကြောင့်ပင် (သံယုတ္တနိကါယ်သဠာယတန သံယုတ်နှင့်)အခြားဒေသနာများ၌ အာယတနအကြောင်း အကျယ်ဟောထားခဲ့လေသည်။ ထိုသို့ဟောထားခြင်းသည် စိတ်ဖြစ်စဉ်ကိုလေ့လာစေလို၊ သိစေလိုသောကြောင့်ပင် ဖြစ်သည်။

ဤသို့ စိတ်သဘာဝဖြစ်စဉ်ကို လေ့လာမှုသည် ဗုဒ္ဓါဝဒတခုသည်သာလျှင် အရေးထား ဦးစားပေးလေသည်။ အခြားသော အတ္တဝါဒဘာသာရေးတို့သည်ကား စိတ် ဖြစ်စဉ်ကို လေ့လာမှုအား လိုလားအပ်သည်မဟုတ်ချေ။ ၎င်းတို့အဖို့ မြင်မှု, ကြားမှု သိမှု စသည်တို့၌ လေ့လာသိရှိမှုသည် ပဓါနမဟုတ်ပဲ ထိုသို့ မြင်သော,ကြားသော,သိသော ပုဂ္ဂိုလ်အတ္တကိုသာ ပဓါနထားလေသည်။၎င်းပြင် မနောဝိညာဏ်သည်သာလျှင်ပဓါနအရှိ သဘာဝ အတ္တအဖြစ် စူးစမ်းသိမြင်ရန်နှင့်ဖန်ဆင်းရှင်၏အန္တတန်ခိုးရှိသော ဝိညာဏ်ကိုသာလျှင် အဓိက ထားကြလေသည်။ ထို့ကြောင့်ပင် ကမ္ဘာ၌ထင်ရှားသော အတ္တဝါဒီစစ်စစ်ကြီးတို့သည် ဝိညာဏ်ကို အတ္တအစစ်အနှစ်အဖြစ် မိန့်ဆိုခဲ့ကြခြင်းဖြစ်လေသည်။

"တွေးတောတတ်သော အရှိတရားစိတ်နှင့် ၎င်းတို့၏ အနုမာနမှ တပါးအခြား ဘာမျှမတည်ရှိချေ။ ဗဟိဒ္ဓကမ္ဘာလောက

သည် စိတ်ကိုအမှီမပြုဘဲ သီးသန့်မတည်ရှိချေ။ အရာ ဝတ္ထုတို့သည် စိတ်ဖြင့်တွေ့ထိ မြင်ရသလောက်သာလျှင် တည်ရှိကြကုန်၏။ ထာဝရဘုရားသခင်၏စိတ်သည် အရာခပ်သိမ်းကို သိမြင်၏။" (George Berkeley ၁၆၈၅-၁၇၅၃)။

"စိတ်နှင့်သတ္တဝါသိသူနှင့် ဂမ္ဘာလောကတို့သည် အချင်းချင်းဆက်စပ်လျက်တည်နေကြကုန်၏၊ တခုမရှိပဲ အခြားတခု မရှိနိုင်၊ ၎င်းတို့သည် အမြဲတစေ မချအားဖြင့် အချင်းချင်းဆက်စပ်လျက်တည်နေကြကုန်၏။ ထိုသို့ဆက်စပ်ရာ၌ ဝိညာဏဓါတ်သည် ပဓါနအချက်ဖြစ်သည်"။ (Richard Avenarius ၁၈၄၃-၁၈၉၆)။

ဤသို့သော အယူအဆတို့သည် အတ္တဝါဒီ စစ်စစ်တို့၏ အယူအဆယုံကြည်မှုတို့ပင်ဖြစ်သည်။ ၎င်းတို့၏အလိုအားဖြင့် လူတဦးတယောက်၏ စိတ်သဘာဝမှ အပဖြစ်သော ဗဟိဒ္ဓ တရားများသည် စဉ်းစားတွေးတောတတ်သော ပုဂ္ဂိုလ်သတ္တဝါ အတ္တမရှိပဲ တည်ရှိနိုင်သည်မဟုတ်ချေ။ လူတို့၏ အတွင်း သန္တာန်၌ ဝိညာဏ်ဖြစ်ပေါ်သမျှ အပအာရုံတရားများရှိသည်ဟု (ပုဂ္ဂလ)ဝိညာဏ်ကို ပဓါနအရှိသဘောအတ္တအဖြစ်ဆိုခြင်းဖြစ်၏။ဖန်ဆင်းရှင် ဟူသော ထာဝရဘုရား၏ ဝိညာဉ်သည်ကား အတိုင်းမသိ တန်ခိုးအစွမ်းသတ္တိနှင့် ပြည့်စုံသည်ဟု ယူဆသော ဖန်ဆင်းရှင် အတ္တအယူအဆဖြစ်သည်၎င်းတို့၏ အလိုအယူအဆ အားဖြင့် ဝိညာဏ်သည်သာ တကယ့်အရှိသဘာဝဖြစ်သည့် အတ္တပင် ဖြစ်လေသည်။

ဤသို့အခြားသော ဘာသာအယူရှိသူများသည် ဝိညာဏ်ကို အတ္တအဖြစ်တွေးဆယုံကြည်ကြသည်မှာ စင်စစ်အံ့သြစရာမဟုတ်ချေ။ လူတို့သည် တဏှာအနုသယကြောင့် မိမိ၏ခန္ဓာငါးပါး

တို့၌ တွယ်တာတပ်မက်မှုသည် ပြင်းပြလှသည်။ ထိုသို့တပ်မက်မှု ပြင်းပြသည်နှင့်အတူ အတ္တစွဲယူမှုသည် ပြင်းစွာပေါ်ပေါက်လာ၏။ ထိုအတ္တဟု စွဲမြဲယူဆမှုသည်ပင် တပြန်အားဖြင့် တပ်မက်မှုကို ပွားစည်းစေကာ အတ္တအယူစွဲသည် ကြီးမားပြန်လေသည်ဟု ဗုဒ္ဓကမိန့်ဆိုခဲ့လေသည်။

"ရဟန်းတို့....အကြားအမြင်မရှိသော ပုထုဇဉ်သည် စိတ်ဟူ၍ဇင်း၊မနောဟူ၍ဇင်း၊ ဝိညာဏ်ဟူ၍ဇင်း၊ဆိုအပ်သောသဘောတရား၌ ငြီးငွေ့ခြင်းငှာမစွမ်းနိုင်၊ တပ်ခြင်းကင်းခြင်းငှာ မစွမ်းနိုင်၊လွတ်လိုခြင်းငှာမစွမ်းနိုင်၊ထိုသို့ မစွမ်းနိုင်ခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟန်းတို့အကြားအမြင် မရှိသော ပုထုဇဉ်သည် စိတ် ဟူ သော သဘောတရားကို ဤသည်ကား ငါ၏ ဥစ္စာဖြစ်၏၊ဤသည်ကားငါဖြစ်၏၊ဤသည်ကား ငါ၏အတ္တတည်းဟုရှည်စွာသော ကာလပတ်လုံး (တဏှာဒိဋ္ဌိဖြင့်) စွဲယူ အပ်၏၊ မြတ်နိုးအပ်၏၊ 'မှားသောအားဖြင့် သုံးသပ်အပ်၏။ ထို့ကြောင့် အကြားအမြင်မရှိသော ပုထုဇဉ်သည် ထိုစိတ်ဟူသော သဘောတရား၌ ငြီးငွေ့ခြင်းငှာ မစွမ်းနိုင်၊ တပ်ခြင်း ကင်းခြင်းငှာ မစွမ်းနိုင်၊ လွတ်လိုခြင်းငှာ မစွမ်းနိုင် (အဿုတဝါသုတ်-နိဒါနဝဂ္ဂသံယုတ်)။

ဗုဒ္ဓ မိန့်ကြားသကဲ့သို့ပင် ဝိညာဏ်တရားကို လူတို့အနတ္တအားဖြင့် လက်မခံနိုင်ခြင်းသည် ပုထုဇဉ်သဘာဝမို့ ရှိစေတန်ကောင်း၏၊ ဗုဒ္ဓလက်ထက်က ဝိညာဏ်ကို အနတ္တအဖြစ်လက်မခံနိုင်သော ဘာသာအယူအဆတို့သည် ရှိလေသည်ဖြစ်မည်။ ဗုဒ္ဓ၏ တပည့်ရဟန်းများထဲမှပင် ဝိညာဏ်ကို အနတ္တအဖြစ် မသိ

သော ပုဂ္ဂိုလ်များရှိသည်မှာ ပိဋကတ်တွင်ထင်ရှားသည် "သံယုတ္တနိကာယ်နိဒါနဝဂ္ဂသံယုတ်၊ သဠာယတနသံယုတ်" စသည်တို့၌ဝိညာဏ်၏ အတ္တမဟုတ်ကြောင်းမှာ အများအပြား ထင်ရှားသိသာလှ၏။ ထိုသို့ပင် ဝိညာဏ်၏ အနတ္တအဖြစ်ကို ဗုဒ္ဓအများအပြား ဟောခဲ့သော်လည်း ဗုဒ္ဓလက်ထက်က သာတိမည်သော ရဟန်းသည် "ဝိညာဏ်ပင်လျှင် ပြောင်းသွား၏၊ ကျင်လည်၏၊ ဝိညာဏ်မှတပါး အခြားသော အရာမရှိ" စသည်ဖြင့် ထာဝရအတ္တဝိညာဏ် အယူရှိနေလေသည်။ထိုသာတိရဟန်း၏ ယူဆမှုသည် 'ဘာကလေး' 'အဗင်နာရိယပ်စ်'တို့၏ အယူအဆနှင့် ခြားနားလှသည် မဟုတ်ချေ၊ ဗုဒ္ဓသည် ထိုသာတိရဟန်းအား မေးမြန်းပြီး ရဟန်းအများတို့ရှေ့တွင် စိစစ် မိန့်ကြားခဲ့သည်။ ထိုဗုဒ္ဓမိန့်ကြားခဲ့သော စကားတို့သည် ဝိညာဏ်ကို အတ္တအဖြစ် ပဓါနအရှိတရားအဖြစ် ယူဆသူတို့ အထူးသတိပြုသင့်လေသည်၊ ဗုဒ္ဓက တံငါသည်သား သာတိရဟန်းအား။

"သာတိ သင်ပြောသော ဝိညာဏ်သည် အဘယ်နည်း"ဟု မေး၏။ ထိုအခါ သာတိရဟန်းက....

"အသျှင်ဘုရား၊ပြောဆိုတတ်သောသဘော၊သိတတ်သောသဘော၊ ထိုထိုဘဝတို့၌ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ အကျိုးကို ခံစားတတ်သော သဘောဖြစ်ပါသည်"ဟု လျှောက်၏။

"(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား၊ အဘယ်မည်သောသူအား ငါ၏ဤသို့ တရားဟောအပ်သည်ကိုသင်သိသနည်း၊အချည်းနှီးဖြစ်သောယောကျ်ား 'ငါ

ဘုရားသည်၊ဝိညာဏ်သည် အကြောင်းကိုစွဲ၍ ဖြစ်၏”
အကြောင်းကို ကြဉ်၍ ဝိညာဏ်ဖြစ်ခြင်းသည် မရှိဟု များစွာသော အကြောင်းဖြင့် ဟောကြားသည် မဟုတ်လော၊ အချည်း အနှီး ဖြစ်သော ဟောကျား ထိုသို့ဟောထားပါလျက် သင်သည် မိမိအမှားကို ယူဆခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲ၏၊ မိမိကိုယ်ကိုလည်း ဖြိုဖျက်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွား စေ၏။ (မဂ်ဖိုလ်မှ) အချည်းအနှီး ဖြစ်သော ဟောကျား ထိုအမှားကို ယူဆခြင်းဖြင့် သင်အား ရှည်ကြာစွာသော ကာလပတ်လုံး အစီးအပွားမဲ့ခြင်း၊ဆင်းရဲခြင်းငှာ ဖြစ်လတံ့။

ထို့နောက် ဗုဒ္ဓသည် ရဟန်းတို့အား မေးမြန်းပြီး ဝိညာဏ်ဖြစ်ပုံကိုဤသို့ ဥပမာနှင့် ဟောတော်မူ၏။

“ရဟန်းတို့ အကြင်အကြောင်းကိုသာလျှင် စွဲ၍သိမှု ဝိညာဏ်ဖြစ်ပေါ်လာ၏။ထိုထိုအကြောင်းဖြင့်သာလျှင် ဝိညာဏ်ဟု ခေါ်ဝေါ်ခြင်းသို့ရောက်၏။ မျက်စိနှင့်အဆင်းတို့ကို စွဲ၍သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏။ မျက်စိသိ(စက္ခုဝိညာဏ်)ဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ရောက်၏။ နားနှင့်အသံတို့ကို စွဲ၍သာလျှင် သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏။ နားသိဟူ၍သာလျှင်ခေါ်ဝေါ်ခြင်းသို့ရောက်၏။နှာခေါင်းနှင့်အနံ့တို့ကိုစွဲ၍သာလျှင် သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏။ နှာခေါင်းသိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ရောက်၏၊လျှာနှင့်အရသာတို့ကိုစွဲ၍သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏။ လျှာသိဟူ၍သာလျှင် ခေါ်ခြင်းသို့ရောက်၏။ ကိုယ်နှင့် အတွေ့

အထိတို့ကိုစွဲ၍သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏၊ကိုယ်သိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ရောက်၏။ စိတ်နှင့်သဘာဝဓမ္မများကိုစွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏။ စိတ်သိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ရောက်၏"

"ရဟန်းတို့ ဥပမာသော်ကား အကြင်အကြင် အကြောင်းကိုသာလျှင်စွဲ၍ မီးသည်တောက်လောင်၏။ ထိုထိုအကြောင်းအားဖြင့်သာလျှင် ခေါ်ဝေါ်ခြင်းသို့ရောက်၏"စသည်ဖြင့် သစ်သားမီး၊ ထင်းမီး၊ ဝါးခြမ်းမီး၊ မြက်မီး၊ နွားချေးမီး၊ ဖွဲမီး၊ အမှိုက်မီးတို့ကို ဥပမာတင်စား၍ ဟောထားတော်မူ၏" (မဟာတဏှာသင်္ခယသုတ် ပဏ္ဏာသမနိကာယ်)။

ဤဒေသနာများကိုထောက်ဆပြီးဝိညာဏ်သည်အကြောင်းခံတရားကြောင့်ဖြစ်လာသော အကျိုးတရားတခုဖြစ်သည်မှာ ထင်ရှားသည်။ ထို့ကြောင့် ဝိညာဏ်သည် လူတို့အား ပင်ကိုယ်ပါတရား အတ္တသဘော မဟုတ်သလို ဖန်ဆင်းမှု အတိတ်ကံ၊ အကြောင်းမဲ့စသော သဘောအယူတို့ကဲ့သို့ ဖြစ်လာသောတရားမဟုတ်ချေ။ လူတို့၏ ပသာဒအာရုံခံအင်္ဂါများနှင့် ဗဟိဒ္ဓအာရုံများ ထိကြုံတွေ့ဆုံခြင်းကြောင့်ဖြစ်ပေါ်လာသောနာမ်သဘာဝတခုဖြစ်လေသည်။ မျက်စိ၊နား၊လျှာ၊နှာခေါင်း၊ ကိုယ်၊မနောတို့နှင့် ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖေါဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံ ထိတွေ့ရာမှ ဖြစ်ပေါ်လာသော အာရုံသိစိတ်သည် ဝိညာဏ်ပင်ဖြစ်သည်။ တကယ်တန်းတွေးဆလျှင် အကြောင်းအကျိုး အစဉ်အားဖြင့် အချင်းချင်းထိစပ်ပြီးဖြစ်ပေါ်လာသော တရားဖြစ်သည်။ ဤသို့ အကြောင်းအကျိုးအစဉ်အားဖြင့် လူသားအခြေအနေနှင့် လိုက်

ဖက်ညီညွတ်စွာရှိခြင်းပင် လူနှင့်ပတ်ဝန်းကျင်တရားတို့၏ အညီမညီ ဆက်သွယ်မှုတခုဖြစ်၏။

ရုပ်ဝတ္ထုဖြစ်သော လှုံ့ဆော်မှုများနှင့် ယင်းတို့ကြောင့်ဖြစ်ပေါ်လာသော အာရုံသိမှုတို့ တခုနှင့်တခု မည်သို့ကြောင်းကျိုးဆက်သွယ်နေသည်ကို လေ့လာသော ပညာရပ်သည် 'စိတ္တရူပဗေဒဟူသော ပညာရပ်ဖြစ်သည်။ စိတ္တရူပဗေဒ ပညာရှင်များတွင် အာရုံသိသတ္တိနှင့် အပူအမှုတို့ကို လေ့လာသော ပညာကျော်များကား'လစ်ပဇစ်တက္ကသိုလ် (Leipzig University)မှ အန်းဟိုင်းရစ်ဝေးဗား (Ernst Heinrich Weber) ပါမောက္ခ။ ရူပဗေဒပညာရှင် ဂုစတပ်သီအိုဒေါ်ဖက်ချနာ (Gustav Theodor Fechner)၁၉-ရာစု ဂျာမနီသိပ္ပံပညာလောကတွင် ကျော်ကြားသော ဗွန်ဟင်းမဟို့ (Von Helmholtz)အင်္ဂလိပ်လူမျိုး ရူပဗေဒပညာရှင် သောမတ်ယန်း (Thomas Young)စသော ဤပုဂ္ဂိုလ်တို့သည် ရှေးဦး စိတ္တရူပဗေဒသုံးရှင်များဖြစ်သည်။ ၎င်းတို့အပြင် အခြားသော ပုဂ္ဂိုလ်ကျော်များလည်းရှိသေး၏။

ထိုပညာရှင်တို့သည် စိတ်နှင့်ကိုယ် ဆက်သွယ်မှုကိုရှာဖွေသူများ၊ အာရုံသိသတ္တိများကို စူးစမ်းသူများဖြစ်ကြသည့် ခန္ဓာကိစ္စဗေဒပညာရှင်တို့အဆိုအရ အာရုံသိဆယ်မျိုး၊ သို့မဟုတ် ဆယ့်နှစ်မျိုးရှိကြောင်း ပြဆိုခဲ့ကြ၏။ ၎င်းတို့အလိုအရ "ဖိမှုသိခြင်း၊ နာမှုသိခြင်း၊ ပူမှုသိခြင်း၊ အေးမှုသိခြင်းဟူသော အရေပြားသိခြင်းလေးမျိုး၊ လှုပ်ရှားအာရုံခေါ် ကြွက်သားစိုင် သိစွမ်းခြင်းနှင့်မြင်ခြင်း၊ ကြားခြင်း၊ အရသာသိခြင်း၊ အနံ့သိခြင်း"တို့ဖြစ်ကြသည်ဟုဆို၏။ ဤပုဂ္ဂိုလ်တို့သည် လောကသိပ္ပံ ပညာနယ်မှပညာ

ရှင်များဖြစ်ကြသည်။ ၎င်းတို့သည် တဦးနှင့်တဦး ယူဆတင်ပြမှု အနည်းငယ်ကွာကြသော်လည်း အဓိကအားဖြင့် လူတို့၏ အာရုံခံ အင်္ဂါများနှင့် အပအာရုံများ ထိတွေ့မှုကြောင့် ဖြစ်ပေါ်ခြင်း အာရုံသိမှုကိုကား လက်ခံယုံကြည်ကြလေသည်။ 'ဆင်ဆိုရီနာဗ်' (Sensory Nerve) ခေါ် အာရုံသိနာဗ်ကြောများနှင့် "မော်တာနာဗ်"(Motor Nerve)ခေါ် လှုပ်ရှားမှု နာဗ်ကြောများသည် လူတို့၏သိမှု၊ ပြုမှုတို့၌ အဓိကအကြောင်းတို့ဖြစ်လေသည်။ နောင်တချိန်တွင် စိတ်နှင့်ကိုယ် ဆက်သွယ်မှုအာရုံသိမှုများကို စိတ္တရူပဗေဒပညာရှင်များ၊ ခန္ဓာကိစ္စဗေဒပညာရှင်များက ပိုပြီး တိကျစွာ တင်ပြနိုင်ကြပေလိမ့်မည်။

လောကအမြင်အရလည်း ဝိညာဏ်ဟူသောသိစိတ်၊ (အာရုံသိစိတ်)သည် လူတို့၏ အာရုံခံအင်္ဂါများနှင့် ဗဟိဒ္ဓအာရုံများ တွေ့ထိရာမှ ပေါ်ပေါက်လာသော စိတ်သဘာဝတမျိုးဖြစ်လေ၏။ ထို့ကြောင့် လောကသိပ္ပံပညာရှင်တို့သည် ဝိညာဏ် (အာရုံသိစိတ်)ကို အတ္တအဖြစ် လုံးဝလက်မခံကြချေ။ ဗုဒ္ဓဝါဒ၌လည်း ဝိညာဏ်သည် အကြောင်းအကျိုးအစဉ်အားဖြင့် ဖြစ်ပေါ်လာသော စိတ်တရားတခုအဖြစ်သာ သိမှတ်မိန့်ဆိုလေသည်။ ဝိညာဏ၏ မြဲမှု၊ ကျင်လည်မှု၊ တည်တံ့မှု သဘောကို ငြင်းပယ်သည်မှာ သာတိ ရဟန်း၏အကြောင်းကိုကြည့်လျှင်ပင် သိသာနိုင်လေ၏။ သဘာဝဓမ္မတို့၏ အမှန်နိယာမသည် ပရမတ္ထသစ္စာအားဖြင့် တခုသာလျှင် ရှိလေသည်။ အမှန် အမျိုးမျိုးမရှိနိုင်ချေ။ မည်ကဲ့သို့သော ရှုမြင်မှုမှ ရှုကြည့်သည်ဖြစ်စေ၊ တခုသော ထိုအမှန်တရားကိုသာ တွေ့ရှိရမည်ဖြစ်သည်။ သိပ္ပံပညာတခု၏ အမှန်တရား တွေ့ရှိမှုနှင့် ဘာသာတခု၏သိမြင်မှုသည် ခြားနားသောအမှုအပြု

တို့ရှိသော်လည်း အဓိကအားဖြင့်ကား သဘောတရားအမှန်ကို ပြကြပြီး မတူသောဦးတည်ချက်၊ ရည်ရွယ်ချက်များ ရှိသည်မှာ မဆန်းချေ။

ဝိညာဏ်သည် မမြဲသော အတ္တမဟုတ်သော သင်္ခါရတရား အနတ္တတရားဖြစ်သည်မှာ အထူးဆိုဖွယ်ပင်မလိုချေ။ အကြောင်း အကျိုးအစဉ်အားဖြင့် ဖြစ်ပေါ်လာသော တရားမှန်သမျှ တည်မြဲမှု၊အတ္တသဘောမရှိသည်မှာ အံ့သြစရာမဟုတ်ချေ။လူတို့ကား တဏှာအနုသယကင်းပြတ်နိုင်ခဲသလို အတ္တစွဲလည်းကြီးမားလှသည်။ ထိုအတ္တစွဲကြီးမားမှုကြောင့်ပင် အမှန်သဘာဝကို မမြင်နိုင်ကြ ခြင်းဖြစ်လေသည်။ ဗုဒ္ဓဝါဒ၌ ဝိညာဏ်၏ အတ္တမဟုတ်ကြောင်း ဟောထားသော ဒေသနာတို့သည် ပိဋကတ်တွင် များစွာရှိလေ သည်။ပို၍ပြတ်သားထင်ရှားသောဒေသနာတခုကား "ရဟန်းတို့ စိတ်ဟူ၍၎င်း၊ မနောဟူ၍၎င်း၊ ဝိညာဏ်ဟူ၍၎င်း ဆိုအပ်သော သဘောတရားသည် ညဉ့်၌၎င်း၊နေ့၌၎င်း တခြားသာပါးသာလျှင် ဖြစ်၏။ တခြားတပါးသည် ချုပ်၏။ရဟန်းတို့ ဥပမာသော်ကား ကြီးစွာသော တောအုပ်၌ လှည့်လည်သော မျောက်သည် သစ် ကိုင်းကို ကိုင်ရာ၏၊ ထိုသစ်ကိုင်းကိုလွှတ်၍ တပါးသော သစ် ကိုင်းကို ကိုင်ရာ၏၊ ထိုသစ်ကိုင်းကိုပင် လွှတ်ပြန်၍တပါးသော သစ်ကိုင်းကို ကိုင်ယူပြန်ရာ၏၊ ရဟန်းတို့ ဤအတူသာလျှင် စိတ်ဟူ၍၎င်း၊ မနောဟူ၍၎င်း၊ ဝိညာဏ်ဟူ၍၎င်း၊ ဆိုအပ် သော သဘောတရားသည် ညဉ့်၌၎င်း၊ နေ့၌၎င်း၊ တခြား တပါးသာလျှင်ဖြစ်၏။ တခြားတပါးသည်ချုပ်၏" (အဿုတဝါ သုတ်-နိဒါနဝဂ္ဂသံယုတ် ။

အသျှင်ကောဏ္ဍိက အမေးကို ဖြေကြားရာ၌လည်း၊ အသျှင်သာရိပုတြာသည်ဝိညာဏ်ကိုအကြောင်းတရားကြောင့် ဖြစ်သည်ဟုဆို၏၊” ငါသျှင်ကောဏ္ဍိက ဝိညာဏ်ကို မိမိပြုအပ်သည်မဟုတ် သူတပါးပြုအပ်သည်မဟုတ်၊မိမိသူတပါး နှစ်ဦး သားတို့ ပြုအပ်သည်မဟုတ်၊ မိမိသူတပါး နှစ်ဦးသားတို့ ပြုအပ်သည် မဟုတ်ပဲ အကြောင်းမဲ့ ဖြစ်သည်လည်းမဟုတ် စင်စစ် သော်ကား နာမ်ရုပ်အကြောင်းကြောင့် ဝိညာဏ်ဖြစ်၏။ (နဠကလာပိသုတ်— နိဒါဝဂ္ဂသံယုတ်)၊ (ဒီဃနိကာယ်၊ မဟာနိဒါနသုတ်၌)လည်း ဝိညာဏ်နှင့် နာမ်ရုပ်တို့ကို အပြန်အလှန် အကြောင်းခံတရား၊ အကျိုးဆက် အကြောင်းတရား အဖြစ်ဟောထား၏။ထို့ကြောင့် ပင်“ရဟန်းတို့၊ ထိုငါ့အား၌အကြံသည်ဖြစ်၏။ အကြင်နာမ်ရုပ် ချုပ်ခြင်းကြောင့် ဝိညာဏ်သည် ချုပ်၏၊ ဝိညာဏ်ချုပ်ခြင်း ကြောင့် နာမ်ရုပ်ချုပ်၏၊ နာမ်ရုပ် ချုပ်ခြင်းကြောင့် သဠာယတနချုပ်၏၊ပ—(နဂရသုတ်-နိဒါနဝဂ္ဂသံယုတ်)၊ဗုဒ္ဓသည်ဝိညာဏ်နှင့်နာမ်ရုပ်တို့၏ အပြန်အလှန် ဆက်စပ်မှုကို ဟောကြားလေ၏။ဝိညာဏ်နှင့် နမ်ရုပ်တို့ အချင်းချင်း အမှီပြုမှုကို ပိဋကတ်၌ အချင်းချင်းမှီပြီး တည်နေသော ကျူစီး နှစ်စီးနှင့် ဉပမာပြဆိုထား၏။

”ငါ့သျှင်-ဉပမာသော်ကား ကျူစည်းနှစ်စည်းတို့သည် အချင်းချင်းမှီ၍ တည်ကုန်ရာ၏၊ငါ့သျှင်ဤအတူသာလျှင် နာမ်ရုပ်အကြောင်းကြောင့်၊ ဝိညာဏ်ဖြစ်၏၊ ဝိညာဏ် အကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်၏။ ပ၊ ငါ့သျှင် ထိုကျူစီးတို့တွင် တစည်းကို အကယ်၍ ဆွဲဌြားအံ့၊အခြားတစည်းသည် လဲကျရာ၏၊ ငါ့သျှင်အတူသာလျှင် နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်

၏၊ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။ပ၊"( နဠကလာပိသုတ်-နိဒါနဝဂ္ဂသံယုတ်)။

လူတို့သည် တဏှာအနုသယသတ္တဝါများဖြစ်သည်မှာ အထူးရေးနေရန်ပင် မလိုချေ၊ ဗုဒ္ဓဝါဒ၌ ဒုက္ခတရားသည် တဏှာကြောင့်ဖြစ်သည်ဟု ဆိုထားသည်မှာ သစ္စာလေးပါးတွင်ထင်ရှား၏။ လူတို့၏ ဒုက္ခတရားဖြစ်ရသောအကြောင်းတို့သည် အလွန်များပြားစွာရှိလေမည်။ မည်သို့ပင် ရှိသော်လည်း အဓိကအားဖြင့်ကား တဏှာအကြောင်းခံကြောင့်သာ ဖြစ်လေသည်၊ ဤ၌ တဏှာကို ကာမတဏှာ၊ ဘဝတဏှာ၊ဝိဘဝတဏှာဟု သုံးပါး ဆိုထားလေသည်။ ကာမတဏှာနှင့်ဘဝတဏှာတို့၏ သဘောအဓိပ္ပါယ်သည် ဗုဒ္ဓဝါဒီတို့အဖို့ ပီပြင် ထင်ရှားလှလေသည်။ ဝိဘဝတဏှာသည် ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သောတဏှာ (သေလျှင်ဘဝပြတ်သည်၌ တပ်မက်မှု) ဖြစ်ကြောင်း အဋ္ဌကထာတို့၏အဆိုကို ဗုဒ္ဓဝါဒီတိုင်းပင် နားလည်သိရှိကြလေသည်၊ ဝိဘဝတဏှာ၏အဓိပ္ပါယ်ကို ဤအဋ္ဌကထာ ဆရာတို့ အဆိုအတိုင်းဗုဒ္ဓဝါဒပညာရှင်များ မကျေနပ်ကြချေ။ "ဝိ"သဒ္ဒါ၏ အဓိပ္ပါယ်ကား လေးနက်ခြင်း၊ ပြန့်ပြောခြင်း အထူးထူးဖြစ်ခြင်းစသောသဘောကိုဆောင်လေသည်၊ သို့သော်လည်း သဒ္ဒါသဘောကိုအဓိကမထားပဲ၊ ဗုဒ္ဓဝါဒသဘောကို ကြည့်ဆင်ခြင်ပြီးဗုဒ္ဓဆိုလိုသော ဝိဘဝတဏှာ အဓိပ္ပါယ်ကို ယူသခြင်းက သင့်လေမည်။ ဗုဒ္ဓသည် တပ်မက်မှု တဏှာဟူသမျှကိုပယ်ရန်ဟောသောပုဂ္ဂိုလ်ဖြစ်သည်။ လူတို့၏ကာမဂုဏ် အာရုံတပ်မက်မှု၊ တဏှာမှစပြီးမြင့်မားသောတဏှာဖြစ်သည့် လူသား လူ့ဘဝထက်သာသောပုဂ္ဂိုလ်အဖြစ် ဘဝတို့ကို တပ်မက်မှုတို့အားပယ်ရန်၊ မလိုလား မ

တပ်မက်ရန် အထူးဟောခဲ့လေသည်။ လူတို့သည် တန်ခိုးအာဏာများ၊ စည်းစိမ်ချမ်းသာများ၊ အချွေအရံပေါများမှု၊ သာမန်လူတို့ထက် ထူးကဲမှုစသည်တို့ကို လိုလားသူများဖြစ်သည်။ ထို့ကြောင့်ပင် ထိုအဖြစ်ထိုဘဝများကိုတပ်မက်တောင်းတမှုတို့သည် ဝိဘဝတဏှာတွင်အကြုံးဝင်လေမည်။ လူ့ဘဝသေလျှင်ဘဝပြတ်သည်ဟု စွဲယူသူတို့သည်လည်း ၎င်းတို့အဖို့ မီးဖွားခန်းနှင့် ခေါင်းကြားသည်သာအဓိကဖြစ်လေသည်။ ထို့ကြောင့် မီးဖွားခန်းမှ ခေါင်းကြားမရောက်မီ အချိန်၌ ကာမဂုဏ်အာရုံတို့ကို ရသလောက်ထင်သလို ခံစားမည်။ စံစားမည်မှာ ကောန်မလွဲချေ။ ဤသို့မသေခင် ကာမဂုဏ်စည်းစိမ်များကို မီးကုန်ယမ်းကုန် အစွမ်းကုန်ခံစား၊ သေလျှင်ဘဝပြတ်သည်ဟူသောအယူ ရုပ်ဝါဒီတို့၏အယူ) သည်လည်း ဝိဘဝတဏှာသာဖြစ်ချေသည်။ ဗုဒ္ဓလက်ထက်က ဗြဟ္မဏတို့၏ ယုံကြည်မှုသည် ဗြဟ္မာအဖြစ် ဗြဟ္မာနှင့် ပေါင်းဖော်နိုင်ရန် စွဲယူကျင့်ကြံခြင်း စသည်တို့သည် လက်ရှိလူ့ဘဝထက် သာလွန်ကောင်းမွန်သော အခြေအနေဘဝကို တပ်မက်မှုပင်ဖြစ်သည်။ အဇိတကေသကမ္ဗလ၏ ရုပ်ဝါဒ အယူအဆနှင့် ပုရာဏကဿပ၏ဝါဒတို့သည်"သေလျှင်ဘဝပြတ်သည်၊ မသေခင်ထင်သလိုနေ"ဟူသော ဥစ္ဆေဒဝါဒတို့ဖြစ်၏။ ဗုဒ္ဓ၏ဝိဘဝတဏှာသည် ဤအယူအဆတို့မှ တနည်းအားဖြင့် အကြောင်းခံ၍ပေါ်လာတန်သည်ဖြစ်ကောင်းဖြစ်ပေမည်။

တဏှာ အကြောင်း ကြောင့် ဥပါဒါန်ဖြစ်သည်ဟု ပဋိစ္စသမုပ္ပါဒ်ဒေသနာတွင်ဆိုထား၏။ တဏှာ၏ပွားများရင့်သန်ပြင်းပြမှုသည်ပင် ဥပါဒါန်ဖြစ်လေသည်။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်ဟူ၍ဥပါဒါန်လေးမျိုးရှိလေ

သည်။ ကာမဂုဏ်ကိုပြင်းပြစွာ စွဲလန်းမှုသည် ကာမုပါဒါန်ဖြစ်သည်။ မိမိယုံကြည်သက်ဝင်သော အယူအဆတရပ်ရပ်ကို ဧဝကန်အမှန်ဟု ဆုံးဖြတ်ချက်စွဲလန်း ယူဆမှုသည် 'ဒိဋ္ဌုပါဒါန်' ဖြစ်၏။(သုတ္တနိပါတ်-အဋ္ဌကဝဂ်-မာဂဏ္ဍိယသုတ်)၌ ဆုံးဖြတ်ယူဆမှုဒိဋ္ဌိ၊ကြံစည်ယူဆမှု မိစ္ဆာ၊ ဟုပြန်ဆိုထား၏ (ဆဋ္ဌမူ)။ဗုဒ္ဓ၏ ဒေသနာဓမ္မတို့သည် သန္ဒိဋ္ဌိကော၊အကာလိကော၊ ဧဟိပဿိကောစသော ဂုဏ်တို့နှင့် ပြည့်စုံသည်မှာ ဗုဒ္ဓသည်"ကြံစည် တွေးတောမှုသက်သက်မျှဖြင့် သစ္စာလေးပါးကို တွေ့ရှိသိမြင်ခဲ့သည် မဟုတ်ချေ၊မိမိကိုယ်တိုင်လေ့လာလိုက်စားပြီး ခြောက်နှစ်နီးပါးမျှ ကိုယ်တွေ့ပြင်းစွာအားထုတ်ပြီး သိမြင်ခဲ့ရသော ဒေသနာဓမ္မတို့ဖြစ်သည်။ဆိုခဲ့သောတရားတော်၏ ဂုဏ်အင်္ဂါအနှစ်အစစ်တို့နှင့် မပြည့်စုံသောအတွေးအခေါ် အယူအဆ၊ကြံစည်သုံးသပ်မှု သက်သက်မျှသာဖြစ်သော ဝါဒတို့ကိုစွဲလန်းမှုအား ဗုဒ္ဓမလိုလားပယ်သည်မှာ သံသယရှိရန်မလိုချေ။ စင်စစ်ဗုဒ္ဓသည် ဒုက္ခရောက်နေသော လူသားတို့အား မျက်မှောက်ဘဝ၌ပင် ချမ်းသာသုခကိုရရှိခံစားရန် ဟောပြောညွှန်ပြသော ပုဂ္ဂိုလ်အာဇာနီဖြစ်လေသည်။

အကျင့်သီလကို လိုသည်ထက် ပိုမိုယုံကြည် စွဲလန်းလျက် 'စောင့်ထိန်းမှု၊ ဆောက်တည်မှု တို့ဖြင့်၎င်း၊ ခိုးခြံသော အကျင့်ဖြင့်၎င်း၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိ၍ 'သံသရာမှလွတ်မြောက်နိုင်၏' စင်ကြယ်၏ဟုစွဲလန်းမှုသည် 'သီလဗ္ဗတုပါဒါန်' ဖြစ်လေသည်။ ဝိသုဒ္ဓိမဂ်ကျမ်း၌ မွေသင်္ဂဏီကျမ်းကို ကိုးကားပြီး နွား- ခွေးစသည်တို့၏အကျင့်ကို စင်ကြယ်၏ဟုစွဲလန်းခြင်းသည် သီလဗ္ဗတုပါဒါန်ဟုဆိုထား၏။ ဤအဆိုအမိန့်ကို ယနေ့ ဗုဒ္ဓဝါဒီတို့သည်

လက်ခံကောင်းမှ လက်ခံပေမည်။ ဤအဆိုသည် ဘီစီခြောက်ရာစုတဝိုက် အိန္ဒိယဘာသာရေးလောကတွင် အချို့သော တိတ္ထိပရဗိုဇ်၊ တက္ကတွန်းတို့၏ အမူအကျင့်တို့ဖြစ်လေသည်။ ယနေ့ အိန္ဒိယတွင်ပင် ၎င်းနှင့်ဆင်တူသောအကျင့်ရှိသည့် အချို့သော ဆာဒူးများ၊ ဖကီးများ၊ ယောဂီများကိုသာ၊ တွေ့နိုင်တော့၏။ ယနေ့လူတို့တွင် ထိုအကျင့်မျိုးသည် လုံးဝမရှိတော့ချေ။ အကယ်၍ ရှိသည်ဆိုစေဦး၊ လူတို့ကလက်ခံကြမည်မဟုတ်ချေ၊

သို့သော် သီလဗ္ဗတုပါဒါန်၏ အဓိပ္ပာယ်ကား ကျယ်ဝန်းလှသည်။ ဗုဒ္ဓ၏ဒေသနာစကားမို့ ဗုဒ္ဓလက်ထက်ကရှိသော နွားအကျင့်၊ ခွေးအကျင့်ဖြင့် စင်ကြယ်၏ဟုယူဆသော အယူမှစပြီး ပါဝင်လေ၏။ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ရေစက်ချခြင်း၊ မင်္ဂလာ သြဘာစာဖတ်ခြင်း၊ ဗလိနတ်စာကျွေးခြင်း၊ ဘုရားကိုးဆူပူဇော်ခြင်း၊အတိတ်ကောက်ခြင်း၊နိမိတ်ကောက်ခြင်းစသည်ဖြင့် ယနေ့ ပြုမူနေသော အကြောင်းတို့ပါ အကျုံးဝင်လေသည်။ ဥပမာ (ဒီဃနိကာယ်ပါထိကသုတ်)၌ အဝတ်မဝတ်သော ကောရခတ္တိယ တက္ကတွန်းသည် ခွေးကျင့်ကျင့်သူဖြစ်လေသည်။ ခွေးကဲ့သို့ပင် လေးဘက်ထောက်သွား၏။ မြေ၌ချထားသောအစာကို ပါးစပ်ဖြင့်ဟပ်ပြီးစား၏။ 'ကောလိယသား' နွားကျင့်ကျင့်သော'ပုဏ္ဏ' နှင့် ခွေးကျင့်ကျင့်သော 'သေနိယ' တို့ကဲ့သို့သော ပုဂ္ဂိုလ်တို့သည် ထိုစဉ် ဘီစီ ၆ ရာစုက အိန္ဒိယတွင်ရှိလေ၏။ (မဇ္ဈိမနိကာယ်-ကုက္ကုရဝတိကသုတ်)။ ၎င်းပြင် ပိဋကတ်၌လာသော ပရဗိုဇ်တို့၏ ချိုးခြံသောအကျင့်များသည်လည်း အကျုံးဝင်လေသည်။ ယနေ့ ဗုဒ္ဓဝါဒီတို့သည် သီလဗ္ဗတုပါဒါန်၏ အဓိပ္ပာယ်ကျယ်ဝန်းသလို အခြေအနေနှင့် ကိုက်ညီအောင် ယူဆခြင်းသည်သာ သင့်

လေသည်။ သုတ္တနိပါတ်၌ ဗုဒ္ဓမိန့်ကြားသောစကားတို့သည် ဤသီလဗ္ဗတုပါဒါန်၌ပါဝင်သော ဒေသနာများဖြစ်သည်ကိုသိသင့်လေသည်။ “နန္ဒ- ဤသမဏဗြဟ္မဏအားလုံးတို့သည် မြင်မှုဖြင့်လည်းစင်ကြယ်၏ဟု ဆိုကြကုန်၏။ ‘စောင့်ထိန်းမှုသီလဆောက်တည်မှုဝတ်’ ဖြင့်လည်း စင်ကြယ်၏ဟုဆိုကြကုန်၏။ ထိုသမဏ၊ ဗြဟ္မဏတို့သည် မိမိအယူ၌ယူ၍ စောင့်စည်းနေထိုင်ကြစေကာမူ ထိုသမဏ ဗြဟ္မဏတို့သည် ပဋိသန္ဓေနေမှု၊ အိုမှုကို မကူးမြောက်နိုင်။

“ထိုသမဏ ‘ဗြဟ္မဏတို့ကို ဇာတိဇရာတို့သည် ပိတ်ဖုံးအပ်ကုန်သည်ဟုမဆို၊ ဤလောက၌ အကြင်သူတို့သည် အာရုံငါးပါးတို့ဖြင့် စင်ကြယ်၏ဟူသောအယူ၊စောင့်ထိန်းမှုသီလ ဆောက်တည်မှုဝတဖြင့် စင်ကြယ်၏ဟူသော အယူအားလုံးကို ပယ်စွန့်၍ များသောအပြားရှိသော ကောတုဟာလမင်္ဂလာ အားလုံးကို ပယ်စွန့်နိုင်၍ တပ်မက်မှုတဏှာကို ပိုင်းခြားသိလျက် အာသဝကင်းကုန်၏။ ထိုသူတို့ကို သံသရာအယဉ်ဩဃမှ လွတ်မြောက်ကုန်၏ဟု ငါဆို၏။”(သုတ္တနိပါတ်-ပါရာယနဝဂ် နန္ဒမာဏဝပုစ္ဆာ)။

## ၃။ အင်္ဂါအယူအဆ

ပိဋကတ်တို့၌ ပဋိစ္စသမုပ္ပါဒ် ဒေသနာသည် အလွန် နက်နဲသောဒေသနာဝမ္မ အဖြစ်လာလေသည်။ အမှန် အားဖြင့် လည်း ဗုဒ္ဓဝါဒ၌ဗုဒ္ဓဒေသနာတခုဖြစ်သော ပဋိစ္စသမုပ္ပါဒ်ဒေသနာ သည် နားလည်နိုင်ခဲလှသော ဒေသနာ တခု ဖြစ် လေသည်။ ပဋိစ္စသမုပ္ပါဒ်နှင့်ပတ်သက်ပြီး ဗုဒ္ဓဝါဒီများ၊ ဗုဒ္ဓဝါဒ ပညာရှင် သုတေသီများတို့သည် အဓိပ္ပါယ်အမျိုးမျိုး၊ အယူအဆ အမျိုးမျိုး ဖွင့်ဆိုနေကြလေသည်၊ ဤသို့ပင် ယူဆမှုများ ကွဲပြားနေသော်လည်း ပိဋကတ်၌လာရှိသော အားလုံးသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတို့၏ဦးတည်ဆိုလိုချက်မှာ တဏှာ အကြောင်း ခံကြောင့် ဒုက္ခအမျိုးမျိုးဖြစ်ပုံအချင်းအရာကို ပြသော ဒေသနာတို့သာဖြစ်သည်ကိုသိနိုင်၏။

မြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိပြီး ဗောဓိပင်ရင်း၌ ခုနှစ်ရက်စံနေလျက် ဗုဒ္ဓဂေါတမသည် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ၊ပဋိလုံ ဆင်ခြင်သုံးသပ်သည်ဟု ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂပါဠိတော်တွင်လာလေသည်။ ဒီဃနိကာယ် မဟာပဒါန သုတ်၌ လည်း ဝိပဿီမြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင် သုံးသပ်သည်ဟုထိုထား၏။ နိဒါနသံယုတ် ဗုဒ္ဓဝဂ်၌လာသော သုတ်များ အရဝိပဿီ၊ သိခီ၊ဝေဿဘူ၊ စသော ရှေးဘုရား ရှင်တို့သည်လည်းပဋိစ္စသမုပ္ပါဒ်ကို သုံးသပ်ဆင်ခြင်သည်ဆို၏။ ထို့ကြောင့် ပင်ဗုဒ္ဓသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ရှေးကရှိပြီးသား လမ်းဟောင်းနှင့်ဥပမာပြုပြီး ဟောကြားခြင်းဖြစ်လေမည်။

အနောက်နိုင်ငံဗုဒ္ဓဝါဒ သုတေသီပညာရှင်တို့သည်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို အမျိုးမျိုးယူဆ တွေးကြံကြလေသည်။ ပဋိစ္စသမုပ္ပါဒ်နှင့်အလားတူသော တရားမျိုးကို အိန္ဒိယဘာသာ တို့၌လည်းတွေ့ရသည်ဟု ဆိုကြ၏၊ ဗုဒ္ဓကိုယ်တော်တိုင်ပင် ပဋိစ္စသမုပ္ပါဒ်ကိုရှိပြီးသား လမ်းဟောင်းဟု ဥပမာပြု ဟောကြားခဲ့သဖြင့်ဗုဒ္ဓမတိုင်မီ အိန္ဒိယဘာသာရေးလောကတွင် ပဋိစ္စ သမုပ္ပါဒ်ကဲ့သို့သောတရားမျိုးရှိကောင်း ရှိလေမည်၊ သို့သော်ဗုဒ္ဓ၏ပဋိစ္စသမုပ္ပါဒ်ဒေသနာနှင့်ကား ဟပ်ဟပ်စပ်စပ် တူအံ့ မထင် ချေ၊ သစ္စာလေးပါးတရားနှင့် ကိုက်ညီလျော်ကန်သော ပဋိစ္စသမုပ္ပါဒ်ဒေသနာသည်ကား အမှန်အားဖြင့် ဗုဒ္ဓ၏ သဗ္ဗညု ဉာဏ်တော်ဖြင့် သိမြင်ခဲ့သော ဒေသနာ ဖြစ်မည်၊ ထို့ကြောင့် ပင် ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် အခြားအခြားသော ဘာသာ အယူတို့နှင့်ခြားနားသည့် ဗုဒ္ဓ၏ အနတ္တဓမ္မ ဒေသနာနှင့် အကြောင်းအကျိုးဆက်သွယ်နေခြင်း ဖြစ်နေလေသည်။

အချို့သော အနောက်နိုင်ငံ ပညာရှင် များ သည် ပဋိစ္စသမုပ္ပါဒ်ကို လူတို့၏မီးဖွားခန်းမှခေါင်းကြား၌ ဖြစ်သောလူသား၏ ပစ္စက္ခ မျက်မှောက်ဘဝ ဒေသနာအဖြစ် ယူဆကြသေးသည်။ ဤသို့ယူဆသော ပုဂ္ဂိုလ်တို့သည် တဦးတယောက်မျှ မကချေ၊ အနောက်တိုင်းမှသာမက အရှေ့တိုင်း ဗုဒ္ဓပွင့်တော်မူရာနိုင်ငံမှ ပုဂ္ဂိုလ်တို့သည်လည်း ပါလေသည်၊ ဤသို့ ပဋိစ္စသမုပ္ပါဒ်သည် လူသား၏မွေးသည်မှသေသည်အထိ ဘဝခရီး၏ ကြုံတွေ့ရသော အဖြစ်အပျက်များကိုသာပြသော၊ လူသား၏မျက်မှောက်တဘဝ ဒေသနာဟူသော ယူဆမှုကို ဗုဒ္ဓဝါဒီ အများစုတို့သည် လက်ခံကြမည်မဟုတ်ချေ၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် ဘဝ သံသရာ

ကျင်လည်မှုကို ပြသောတရားအဖြစ် သိရှိနားလည် ထားသော ကြောင့်ဖြစ်သည်၊ပိဋကတ်တို့၌ ပဋိစ္စသမုပ္ပါဒ်ကို ဘဝ သံသရာ ကျင်လည်ကြောင်းပြသော ဒေသနာအဖြစ် ဟောထား သော သုတ်တို့သည် အတော်များများ ပါရှိလေသည်။ ၎င်းကဲ့ သို့ပင် လူသား၏မျက်မှောက်ဘဝ၏ ကြုံရဆုံရသော အဖြစ်အပျက်များ ကိုပြသောဒေသနာ အဖြစ် ယူဆနိုင်သော သုတ်အချို့ လည်း ပိဋကတ်တွင်ပါရှိလေသည်၊ အမှန်အားဖြင့်ဗုဒ္ဓ၏ အားလုံးသော ဒေသနာဓမ္မတို့ကိုပါထောက်ဆပြီး ပဋိစ္စသမုပ္ပါဒ်ကို ယူဆမှတ် သားသင့်လေသည်။

"ဗုဒ္ဓ၏ဒေသနာဓမ္မတို့သည် ယနေ့ အသစ်အသစ်တွေ့မြင်သိ ရှိနေသော သိပ္ပံပညာဖြင့် ကိုက်ညီမှု၊ တူညီမှုသည်ပဓာနမဟုတ် ချေ၊ဗုဒ္ဓတကယ်ဟောခဲ့သော ဒေသနာ ဓမ္မတို့ကို အမှန်အတိုင်း သိရမှုသည်သာ ပဓာနဖြစ်လေသည်။ သိပ္ပံ ပညာသည် လောက ပညာတရပ်၏တိုးတက်မှုဖြစ်ပြီး၊ လောက ဝပြော သာယာရေး ကိုသာဦးတည်သောပညာရပ် ဖြစ်လေသည်၊ ဗုဒ္ဓဝါဒသည်ကား လောကနှင့်ခြားနားသော လောကုတ္တရာ ပညာရပ်ဖြစ်ပြီးလော ကမှ လွတ်မြောက်မှု၊ ကင်းပြတ်မှုကို ဦးတည်လေသည်၊ ထို့ ကြောင့်ပင် လူ မည်သို့ဖြစ်ပေါ်လာသည်၊စကြာဝဠာကြီး မည် ပုံတည်ရှိနေသည်၊ အသက်ဟူသည် မည်သည့်အရာ ဖြစ်သည်ဆို သောပြဿနာတို့ကို ဖြေရှင်းရန်မှာ သိပ္ပံပညာဖြစ်သည်။ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒတို့ မဟုတ်ချေ။ လူတို့၏တဏှာလောဘ အရင်းခံသော ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်ရာကို ရှာဖွေပြသွန်းခြင်းသည်ဗုဒ္ဓ နှင့်ဗုဒ္ဓဝါဒ၏ အလုပ်သာဖြစ်သည်။ သိပ္ပံ ပညာ၏ အရာ ဌာန မဟုတ်ချေ၊ထို့ကြောင့် ကျွန်ုပ်တို့သည် ဗုဒ္ဓဝါဒကို ဗုဒ္ဓဟောခဲ့

သည့်အတိုင်း အမှန်သိရှိဘို့သာပဓာနဖြစ်သည်၊ သို့မှသာ, လောကမှလွတ်မြောက်ရာ ငြိမ်းအေးမှု နိဗ္ဗာန်ကို ရရှိခံစား လိုသောလူသားသည် ဘီစီ-ခြောက်ရာစု အိန္ဒိယပြည်မှ ဗုဒ္ဓ၏သာဝကသာဝိကာမ၊ အိန္ဒိယသား-အိန္ဒိယသူတို့ကဲ့သို့ ဒိဋ္ဌဆတ်ဆတ် သိမြင်ခံစားနိုင်ပေမည်။"

အင်္ဂါတဆယ့်နှစ်ပါးရှိသော ပဋိစ္စ သမုပ္ပါဒ်သည် လူသား၏မျက်မှောက်ဘဝတခုတည်းကို ပြသောတရား မဟုတ် တန်ချေ၊ အတိတ်ကာလ၌ အဝိဇ္ဇာသင်္ခါရတို့ရှိ၏။ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဉပါဒါန်တို့ကိုပစ္စုပ္ပန်ကာလ၌ထား၏။ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏကို အနာဂါတ်ကာလအဖြစ်ထားကာပြဆိုထားကြသည်။ ဤသို့အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်ဟူ၍ဘဝသုံးခု ပိုင်းခြားပြခြင်းသည် ပြည့်စုံမှန်ကန်သည်ဟုမဆိုသာချေ၊ စောဒကတက်ဖွယ် အများ အပြား ပါရှိနေလေသည်။မျက်မှောက်ကာလ ပစ္စုပ္ပန်ဘဝ၌ ဘဝ၊ ဇာတိ၊ဇရာ၊ မရဏတို့ကို လူသားတို့ တွေ့ကြုံနေပါလျက် အဘယ် ကြောင့် အနာဂတ်ကာလ၌ ပြဆိုထားပါသနည်း၊ထိုတရား များသည် လူဟူ၍ဖြစ်တိုင်းဖြစ်တိုင်းပါရှိသော တရားများဖြစ်သည်မဟုတ်ပါလော၊ ဝိညာဉ်၊နာမ်ရုပ်၊ သဠာယတန စသောတရားတို့သည်ဘဝတိုင်းပါရှိသော တရားများ ဖြစ်ပါလျက် ပစ္စုပ္ပန် ဘဝ၌သာ၊ ဘာကြောင့် ပြထားပါသနည်း စသည်ဖြင့် မေးဖွယ်သည် များလှ၏။ စင်စစ်ဤသို့ ပိုင်းခြားထားခြင်းသည် ရှေးအာရှဗုဒ္ဓဝါဒီတို့ယုံကြည်ချက်အတိုင်း ပိုင်းခြားထားခြင်း ဖြစ်လေသည်။ အိန္ဒိယနိုင်ငံဟိုက် ဒြာဘတ်နယ်ရှိ အဂျန်တာ(Ajanta)ဂူ၏ နံရံ ပေါ်မှ ပဋိစ္စသမုပ္ပါဒ်ပန်းချီကားများနှင့် အခြား ဂျပန်၊ တိဗက်ဗုဒ္ဓ

ပန်းချီကားတို့တွင် ထိုကဲ့သို့ ပိုင်းခြားပြီး ရေးဆွဲ ထားကြသည် ဆို၏။ထိုအဂျန်တာဂူတို့သည် ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနှစ်ပေါင်း-၃၀၀ ကျော်မှပေါ်ပေါက်လာသော ဗုဒ္ဓဝါဒီ ရဟန်းတို့၏ ဂူကျောင်း များဖြစ်လေသည်။

အင်္ဂါဆယ့်နှစ်ပါး ပိုင်းခြားထားသော ဘဝသံသရာ ကျင် လည်ပုံပြသော ပဋိစ္စသမုပ္ပါဒ်၌ ဤသို့စောဒနာဖွယ်ရာများရှိ သဖြင့် ဘဝသံသရာကျင်လည်ပုံပြသော ဒေသနာအဖြစ် မဟုတ် ဟု ယူဆရန်မဖြစ်ချေ၊ ရှေးဘဝမှ အဝိဇ္ဇာမကင်း သင်္ခါရမရှင်းပဲ တဏှာ ဥပါဒါန်တန်းလန်းနှင့် သေဆုံးသော ပုဂ္ဂိုလ်အဖို့ ဘဝ အသစ်တဖန်ဖြစ်ရသည်နှင့်အတူ အဝိဇ္ဇာ သင်္ခါရတရားတို့ကား ရှိနေမည်သာဖြစ်သည်၊ ရှေးဘဝကလည်း ထိုသူ့အား အဝိဇ္ဇာ သင်္ခါရ၊ ဝိညာဏ်၊နာမ် ရုပ်၊ စသည်မှ ဇရာမရဏ၊ သောကစသည် တို့ဖြစ်ခဲ့သည်၊ ယခုဘဝ၌လည်း ဤအတူပင်အားလုံးသောတရား တို့ဖြစ်ချေမည်ဖြစ်သည်။ ဗုဒ္ဓဝါဒအရ ထိုသူအားအဝိဇ္ဇာ၊ သင်္ခါ ရ မကင်းမရှင်းပဲ တဏှာ ဥပါဒါန်တန်းလန်းကပ်လျက်ပါလာ သောကြောင့် ဤသို့ဘဝသစ်ဖြစ်ရသည်ဟု ဆိုရမည်ဖြစ်သည်၊ ဝိညာဏ် နာမ်ရုပ်၊ သဠာယတန စသည်နှင့်ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ စသည်တို့ဖြစ်ခဲ့သော်လည်း အဓိကဆိုရန်မဟုတ်ချေ၊မျက် မှောက် ပုဂ္ဂိုလ်အဖို့ အကြောင်းအကျိုးသိမြင်ဖို့နှင့်အနုလုံ ဓမ္မကို နှစ်ကားစွာ ပညာသိ သိဖို့သာ ပဓါနဖြစ်သည်။ ထိုသို့သိမြင်ပါ က အဝိဇ္ဇာ သင်္ခါရတို့ ကင်းရှင်းပေမည်၊ဘဝ၊ဇာတိ၊ဇရာ၊မရဏ ဟူသည် တဖန်အသစ်မရှိနိုင်တော့ချေ၊ ဤသို့အတိတ်ပစ္စုပ္ပန် အနာဂတ်ဟု ဘဝ သုံးပါး ပိုင်းပြခြင်းသည် ဆိုင်ရာ ဘဝ၌ အဓိက ပဓာနကျသော အကြောင်းအကျိုး အင်္ဂါများသာ ပြခြင်း

ဖြစ်တန်သည်၊ တဘာဝ၌ပါသော အင်္ဂါမှတပါး အခြားအင်္ဂါ များ လုံးဝမဖြစ်ဟူသည်ကဲ့သို့ တရားသေဆိုဟန် မတူချေ၊ ဗုဒ္ဓ လက်ခံ ဟောကြားခဲ့သော အဟူအဆ ဒေသနာ ဓမ္မတို့အတိုင်း တွေးဆယူခြင်းသည်သာ သင့်တော်မည်ဟုဆိုရချေမည်။

ပဋိစ္စ သမုပ္ပါဒ် ဒေသနာ၏ အယူအဆနှင့် ပါတ်သက်၍အယူ အဆ မတူညီကြခြင်းသည် ပိဋကတ်၌ ပါရှိသော ပဋိစ္စသမုပ္ပါဒ် ဒေသနာ၏ အင်္ဂါမညီညွတ်မှုကြောင့်ပင်ဖြစ်လေမည်၊ ထိုအင်္ဂါ မညီမှုကို အကြောင်းပြုပြီး မိမိ၏ အတွင်းသန္တာန်၌ရှိသော ဆန္ဒ အလိုတရားအတိုင်း ပြန်ဆိုခြင်း၊ ယူဆခြင်းဖြစ်ချေမည်။ ပဋိစ္စ သမုပ္ပါဒ် ဒေသနာ၏ အင်္ဂါနှင့် ပတ်သက်၍ မတူမှုကို အတော် များများ တွေ့ရ၏(ဒီဃနိကာယ်-မဟာပဒါနသုတ်)လာ ပဋိစ္စ သမုပ္ပါဒ်သည် အဝိဇ္ဇာနှင့် သင်္ခါရမပါရှိချေ။ "ငါသည်၊ ရုပ်၊ ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်ကိုသာလျှင် စွဲလမ်းသည်ဖြစ်၍ စွဲလမ်းဘူး၏၊ထိုငါ့အားစွဲလန်းမှု ဥပါဒါန်ဟူသော အကြောင်း ကြောင့် ဘဝသည်ဖြစ်ပေ၏၊ ဘဝဟူသော အကြောင်း ကြောင့်။ ပ။ ဇာတိ၊ ဇရာ၊ မရဏ၊သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့သည်ဖြစ်ကုန်၏"ဟု (မဇ္ဈိမနိကာယ်— မာဂဏ္ဍိယသုတ်)တွင် ခန္ဓာငါးပါး၌ စွဲလန်းမှု ဥပါဒါန် ဖြစ်ရာမှ ဘဝ၊ဇာတိ၊စသည်တို့ဖြစ်ပုံ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ဟော ထားလေသည်။ ဗုဒ္ဓ၏ ပိဋကတ်သမိုင်း၌ ရှေးကျသည်ဆိုသော (သုတ္တနိပါတ်—ပါရာယနဝဂ်)၌လည်း "မေတ္တဂူ–ဆင်းရဲ၏ ဖြစ် ကြောင်း အစကို ငါ့အား သင်မေး၏။ ထိုဆင်းရဲဖြစ်ကြောင်း အစကို ငါသိသည့်အတိုင်း သင့်အား ဟောကြားအံ့၊ လောက ၌ အများအပြားအားဖြင့် ဖြစ်ကုန်သော ဆင်းရဲအားလုံးတို့သည်

ကံကိလေသာ စသည့်ဥပဓိဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာကုန်၏”။ “အကြင်သူသည် ပညာမဲ့သည်ဖြစ်၍ ကံကိလေသာစသော ဥပဓိကို ပြုလုပ်၏။ ပညာမဲ့သော ထိုသူသည် အဖန်တလဲလဲပဋိသန္ဓေနေခြင်း၊ စသောဆင်းရဲသို့ရောက်ရ၏။ ထို့ကြောင့် ဇာတိစသော ဝဋ်ဆင်းရဲ၏ဖြစ်ကြောင်းကို အဖန်ဖန်ရှုဆင်ခြင်လျက် အနိစ္စစသည်ကို ပိုင်းခြားသိသည်ဖြစ်၍ ကံကိလေသာ စသော ဥပဓိကို မပြုလုပ်ရာ။”ဤဒေသနာ၌ ကံကိလေသာဥပဓိကြောင့် ဆင်းရဲဒုက္ခတို့ဖြစ်သည်ဟုထိုထားလေသည်။ အင်္ဂါအားဖြင့်ကား တဆယ့်နှစ်ပါး မပြည့်ချေ။

'အင်္ဂါတဆယ့်နှစ်ပါးမပြည့်သော ပဋိစ္စသမုပ္ပါဒ် ဒေသနာ' တို့ကို သံယုတ္တနိကာယ် နိဒါန ဝဂ္ဂသံယုတ်၌ အတော်များများ တွေ့ရလေသည်၊ သုတ္တန် တခု၌ အဟာရလေးမျိုးတို့၏ ဝိညာဏအဟာရမှစပြီး ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ဟောထား၏။ “ဝိညာဏ အဟာရသည် နောင်တဖန် ဘဝသစ်၌ဖြစ်ကြောင်း ဖြစ်၏။ ဝိညာဏအဟာရဖြစ်သည်ရှိသော် တည်ရာအာယတန ခြောက်ပါးဖြစ်၏။ အာယတနအကြောင်းခံကြောင့် တွေ့ထိမှု ဖဿဖြစ်၏။ ဖဿအကြောင်းခံကြောင့် ခံစားမှုဝေဒနာဖြစ်၏၊ ဝေဒနာအကြောင်းခံကြောင့် တပ်မက်မှုတဏှာဖြစ်၏၊ တဏှာအကြောင်းခံကြောင့် ပြင်းစွာစွဲလန်းမှု ဥပါဒါန်ဖြစ်၏။ ထိုဥပါဒါန်ကြောင့် ဘဝဖြစ်၏။ ၎င်းနောက် ဇာတိ(စသည်ဖြစ်၍)အလုံးစုံသောဆင်းရဲအစုသည်ဖြစ်”၏ (မောဠိယ ဖဂ္ဂုနသုတ်–နိဒါနဝဂ္ဂသံယုတ်)။

“ရဟန်းတို့ မသိမှုအဝိဇ္ဇာ အပိတ်အပင်ခံရသော တပ်မက်မှု တဏှာနှင့်ယှဉ်သော သူမိုက်အား ဤသို့ဤကိုယ်သည် ဖြစ်ပေါ်လာ၏။ဤသို့လျှင်ဤကိုယ်၎င်း၊အပသန္တာန်၌နာမ်ရုပ်၎င်း၊ဤသို့

အားဖြင့် ဤနှစ်ပါးစုံသည်ဖြစ်၏။ နှစ်ပါးစုံကိုရင်း အာယတနခြောက်ပါးကိုရင်း၊ စွဲ၍တွေ့ထိမှုဖဿဖြစ်၏၊ ယင်းဖဿယတနခြောက်ပါးတို့ဖြင့်ရင်း၊ထိုခြောက်ပါးတို့တွင် တပါးပါးဖြင့်ရင်း၊ တွေ့ထိသော သူမိုက်သည် ချမ်းသာဆင်းရဲကို ခံစား၏” ဗာလပဏ္ဍိတသုတ်– နိဒါနဝဂ္ဂသံယုတ်)။ ဤသုတ္တန်ကား အဝိဇ္ဇာ တဏှာမှစပြီး ဟောသော ပဋိစ္စသမုပ္ပါဒ် ဒေသနာဖြစ်လေသည်။ အင်္ဂါအားဖြင့် ရေတွက်လျှင် တဆယ့်နှစ်ပါး မပြည့်ချေ၊ဤသုတ်၌ပင် တဏှာမကင်းပဲ၊ မကုန်ခမ်းပဲသေသော် ခန္ဓာကိုယ်ကိုတဖန်ရပြန်၏ဟု ဆိုကာ ပဋိစ္စသမုပ္ပါဒ်၏ ဒုက္ခတရားတို့ကို ဆက်ပြီး ဟောထားသေး၏။

နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၌ပင် အထူးထူးသော ဆင်းရဲဒုက္ခဟူသမျှတို့သည် ခန္ဓာဟူသော ဥပဓိလျှင် အမွန်အစရှိ၏။ ထိုခန္ဓာဟူသော ဥပဓိသည်လည်း တဏှာလျှင် အကြောင်းရှိ၏ဟု တဏှာခန္ဓာတို့မှစပြီး ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ဗုဒ္ဓဟောထားလေသည်၊ ၎င်း၌လည်း အင်္ဂါတဆယ့်နှစ်ပါးမရှိချေ။ “သုံးသပ်သော ထိုရဟန်းသည်များသောအပြားရှိသော အထူးထူးသော အိုမှု၊သေမှုဟူသော လောက၌ဖြစ်ပေါ်သည့် ဤဆင်းရဲသည်ကား ခန္ဓာဟူသော ဥပဓိလျှင် အကြောင်းရှိ၏။ ဥပဓိလျှင်ဖြစ်ပေါ်ကြောင်းရှိ၏။ ဥပဓိလျှင် အမွန်အစရှိ၏။ ခန္ဓာဟူသော ဥပဓိရှိသော် အိုမှု–သေမှုဖြစ်၏၊ သုံးသပ်သော ထိုရဟန်းသည် ခန္ဓာဟူသော ဥပဓိသည် တဏှာလျှင်အကြောင်းရင်းရှိ၏၊တဏှာလျှင် ဖြစ်ပေါ်ကြောင်းရှိ၏၊ လဏှာကြောင့် ဖြစ်၏၊ တဏှာလျှင် အမွန်အစရှိ၏။ တဏှာရှိသော် ခန္ဓာဟူသော ဥပဓိဖြစ်၏”
(သမ္ဖဿသုတ်–နိဒါနဝဂ္ဂသံယုတ် ။

တဏှာ ဥပါဒါန်တို့မှစပြီး ဇရာ, မရဏ, သောက, စသည်ဖြင့် ဆင်းရဲဒုက္ခအစုတို့ဖြစ်ပုံကို ဟောထားသော ပဋိစ္စသမုပ္ပါဒ်ဒေသနာ သည်လည်း ရှိသေး၏၊ "ရဟန်းတို့ ဥပါဒါန်၏အကြောင်းဖြစ်သော တေဘူမိက တရားတို့၌ သာယာဖွယ်ဟုရှုသည်ဖြစ်၍ နေသော သူအား တပ်မက်မှုတဏှာ ပွား၏၊ တပ်မက်မှု တဏှာအကြောင်း ခံကြောင့် ပြင်းစွာ စွဲလန်းမှု ဥပါဒါန်ဖြစ်၏၊ ဥပါဒါန် အကြောင်း ခံကြောင့် ဘဝ ဖြစ်၏၊ ဘဝအကြောင်းခံကြောင့် ပဋိသန္ဓေနေမှု ဇာတိ ဖြစ်၏၊ ဇာတိအကြောင်းခံကြောင့် အိုခြင်းဇရာ၊ သေခြင်းမရဏ၊ စိုးရိမ်ခြင်းသောက၊ ငိုကြွေးခြင်းပရိဒေဝ၊ ဆင်းရဲခြင်းဒုက္ခနှင့် မသာခြင်းဒေါမနဿ၊ ပြင်းစွာ ပင်ပန်းခြင်း ဥပါယာသတို့ ဖြစ်ကုန်၏။ ဤသို့လျှင်အလုံးစုံသောဆင်းရဲအစုသည်ဖြစ်၏" (ဥပါဒါနသုတ်- နိဒါနဝဂ္ဂ သံယုတ်။ ၎င်းဒုက္ခဝဂ် — နိဒါနဝဂ္ဂ သံယုတ် ၌ပင် (သံယောဇနသုတ်) (ဒုတိယ သံယောဇနသုတ်) ( မဟာရုက္ခသုတ်) (ဒုတိယ မဟာရုက္ခသုတ်) တို့၌လည်း ဥပါဒါနသုတ်ကဲ့သို့ပင် ဟောထားလေသည်။ ထိုသုတ်များ၌ အင်္ဂါတဆယ့်နှစ်ပါး မပြည့်သော်လည်း ဥပမာများဖြင့် အကျအနဟောထားလေသည်။ ဤသုတ်ရှိ သံယောဇဉ်၏ အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟုရှုသည်ဖြစ်၍နေသည်မှ တဏှာပွား၏။ တဏှာ အကြောင်းခံကြောင့် စသည်ဖြင့် ဟောထားလေသည်။ ဤသုတ်များသည် စင်စစ်အားဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာသုတ်များ ဖြစ်လေသည်။ သို့သော် အင်္ဂါ တဆယ့်နှစ်ပါး မပြည့်ချေ။ ဤသုတ်များသည် တဏှာ ဥပါဒါန်မှ အစပြုပြီး

ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ဟောကြားသော သုတ်မျိုးဖြစ်လေသည်။

ဤနိဒါန ဝဂ္ဂသံယုတ်- ဒုက္ခဝဂ်၊ အချို့သောသုတ်တို့တွင် နာမ်ရုပ်၊ ဝိညာဏ်တို့မှစပြီး ဟောထားသောသုတ်များလည်း ရှိလေသည်။ "ရဟန်းတို့ သံယောဇဉ်၏အကြောင်းဖြစ်သော တေဘူမိကတရားတို့၌ သာယာဖွယ်ဟုရှုသည်ဖြစ်၍ နေသောသူအား နာမ်ရုပ်၏သက်ဝင်ခြင်းသည်ဖြစ်၏၊နာမ်ရုပ်အကြောင်းခံကြောင့် တည်ရာအာယတန ခြောက်ပါး သဠာယတနဖြစ်၏။ပ-ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုသည် ဖြစ်၏၊"(နာမရူပသုတ်-နိဒါနဝဂ္ဂသံယုတ်) "ရဟန်းတို့ သံယောဇဉ်အကြောင်းဖြစ်သော တေဘူမိက တရားတို့၌သာယာဖွယ်ဟု ရှုသည်ဖြစ်၍နေသော သူအား ဝိညာဏ်၏ သက်ဝင်ခြင်းဖြစ်၏"၊(ထို့အတူပင်) (ဝိညာဏသုတ်-နိဒါန ဝဂ္ဂသံယုတ်)၊ ဤသုတ်များ သည်လည်း ပဋိစ္စသမုပ္ပါဒ်ဒေသနာသုတ်များဖြစ်လေသည်။ အင်္ဂါအားဖြင့် တဆယ့်နှစ်ပါး မပြည့်ချေ။ နာမ်ရုပ်၊ဝိညာဏ်တို့မှစပြီးဟောထားလေ၏။

ဝိညာဏကိုအစချီပြီး ဟောသော်လည်း ဝိညာဏ်နှင့် ဘဝအကြား အင်္ဂါများကို ဖေါ်ပြမထားသော သုတ်လည်းရှိသေး၏။ "ရဟန်းတို့ အကြင်စေ့ဆော်မှုကို စေ့ဆော်၏။ အကြင် ကြံစည်မှုကိုကြံစည်၏။ အကြင်ကိန်းအောင်းတတ်သော တရားလည်း ကိန်းအောင်း၏။ ဤစေ့ဆော်မှုသည် ဝိညာဏ်တည်ရန်အကြောင်းဖြစ်၏။ အကြောင်းရှိသော် ဝိညာဏ်တည်မှုဖြစ်၏။ ထိုကမ္မဝိညာဏ် တည်သည်ရှိသော်စည်ပင်သည်ရှိသော် နောင်တဖန်ဘဝသစ်ဖြစ်၏။ နောင်တဖန် ဘဝသစ် ဖြစ်ခြင်းရှိခဲ့သော် နောင်အခါ၌ ပဋိသန္ဓေနေခြင်း၊အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊

ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့ဖြစ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်၏။” (စေတနာသုတ် နိဒါနဝဂ္ဂသံယုတ်)။ (ဒုတိယစေတနာသုတ်– နိဒါနဝဂ္ဂသံယုတ်)၌ ကမ္မဝိညာဏ်တည်သည်မှ နာမ်ရုပ်၊သဠာယတန၊ ဖဿ၊ ဝေဒနာ စသည်ဖြင့်ဟောထား၏။ (တတိယ စေတနာသုတ်–နိဒါနဝဂ္ဂသံယုတ်)၌ “ကမ္မဝိညာဏ်တည်သည်မှ ညွတ်ခြင်းတဏှာဖြစ်၏။ ညွတ်ခြင်း တဏှာရှိသော် လားရာဂတိဖြစ်၏။ လားရာ ဂတိရှိသော် စုတိပဋိသန္ဓေဖြစ်၏၊ စုတိပဋိသန္ဓေရှိသော် နောင်အခါ၌ ဇာတိဇရာ၊ မရဏ၊ သောက စသည်ဖြင့် ဤသို့လျှင် အလုံးစုံသောဆင်းရဲအစုဖြစ်၏”ဟု ဘဝဂတိအချင်းအရာကို ပဓာနအားဖြင့် ပြပြီး ဟောထားလေသည်။

ဗုဒ္ဓဝါဒသုတေသီပညာရှင်တို့၏ အလိုအားဖြင့် ဤသုတ်များသည် အင်္ဂါတဆယ့်နှစ်ပါးပြည့်စုံသောသုတ်များထက် ရှေးကျသည်ဟု ဆိုကြသည်။ ၎င်းတို့က “ပို၍ ရှေးကျသော ပဋိစ္စသမုပ္ပါဒ်ဒေသနာသုတ်များ”တွင်“ဒုက္ခ၏အရင်းမူလအကြောင်းအရာ”အဖြစ် တဏှာ၊ ဆန္ဒ၊ ဥပဓိ၊ ဥပါဒါန စသည်ဖြင့် ရှင်းရှင်းဖော်ပြထားသောသုတ်များဖြစ်သည်ဟုဆိုကြ၏။ ထိုသုတ်များကား ဗာလပဏ္ဍိတသုတ်၊ ဥပါဒါနိယသုတ်၊ သမ္ဗဿသုတ်၊ သုတ္တနိပါတ်ပါရာယနဝဂ်မှ အချို့သုတ်များ။ ဗုဒ္ဓက“ငါ့သျှင်တို့ ဆင်းရဲဒုက္ခကို စွဲ၍ဖြစ်သော ပဋိစ္စ သမုပ္ပန္နတရားဟူ၍ ငါဟောအပ်၏။ အဘယ်ကို စွဲ၍ဖြစ်သနည်း။ ဖဿကို စွဲ၍ဖြစ်၏”ဟူသော ဗုဒ္ဓစကားပါရှိသည့် အညတိတ္ထိယသုတ်တို့ဖြစ်လေသည်။ သုတ္တနိပါတ်-အဋ္ဌကဝဂ်၊ ဂုဟဋ္ဌသုတ်၌လည်း အလို၊ သာတ၊ ကာမ၊ တပ်မက်မှု၊ဆန္ဒ၊ဖဿ၊သညာစသည်တို့ဖြင့်ဟောထား၏။ဤသုတ်

သည် အင်္ဂါအားဖြင့် တဆယ့်နှစ်ပါးမပြည့်သော်လည်း 'ပိဋကတ်သမိုင်း'တွင်ရှေးအကျဆုံးဟုသတ်မှတ်ထားကြသည်။ထိုရှေးကျလှသောသုတ္တနိပါတ်၌ပင် အင်္ဂါအများအပြားရှိသော ပဋိစ္စသမုပ္ပါဒ်ဒေသနာကို တွေ့ရသေးသည်။ ၎င်းသုတ်၌ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ဖဿ၊ ဝေဒနာ၊တဏှာ၊ ဥပါဒါန်၊ဘဝတို့မှစပြီးအားထုတ်အပ်သောကံ အာရမ္ဘ၊ အဟာရ၊ နိဿယ၊ မာန၊ ဣဉ္စိ၊ ရူပဘဝ၊ နာမရူပ စသည်တို့အားဖြင့် ဆင်းရဲဖြစ်ကြောင်း၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို အင်္ဂါအများအပြားဖြင့် ဟောထားလေသည်။" (သုတ္တနိပါတ်—မဟာဝဂ်— ဒွယတာနုပဿနာသုတ်)။

ရှေးကျလှသည်ဟုဆိုသော ဤပဋိစ္စသမုပ္ပါဒ် ဒေသနာသုတ်တို့ကိုထောက်ဆပြီး ပဋိစ္စသမုပ္ပါဒ်ဒေသနာသည်မူလအစက မျက်မှောက် ပစ္စုပ္ပန်ဘဝကိုသာ ရည်ညွှန်းသော ဒေသနာ ဖြစ်သည်ဟုဆိုကဆိုကောင်းဆိုနိုင်သလို၊ ဘဝသုံးပါးကို ပြသော ဒေသနာအဖြစ်ယူဆပါကလည်း ယူဆနိုင်ကောင်း၏၊ ပိဋကတ် တွင် အင်္ဂါတဆယ့်နှစ်ပါး ပြည့်ဝစုံလင်သော ပဋိစ္စသမုပ္ပါဒ် ဒေသနာတို့သည်လည်း အများအပြားရှိသေသည်။ သို့သော်၎င်းတို့ကို နှောင်းပိုင်းကျမှ ပါဠိပိဋကတ်တွင်းသို့ ရောက်ရှိသောဒေသနာများဟု ပဋိစ္စသမုပ္ပါဒ်ကို မျက်မှောက် ပစ္စုပ္ပန်ဘဝ ဒေသနာအဖြစ်ယူဆသူတို့က ဆိုကြသည်။ ထိုပုဂ္ဂိုလ်တို့၏ အလိုအရ ရှေးကျသောပဋိစ္စသမုပ္ပါဒ် ဒေသနာတို့တွင် နာမရူပ၊ သဠာယတန ဇာတိ၊ဇရာမရဏတို့မပါဟုဆိုကြသည်။ ဤအင်္ဂါတို့သည် ပုဂ္ဂိုလ်တဦးတယောက် ဘဝကူးပြောင်းရာဝယ် ကိုယ်ခန္ဓာကို ဖန်တီးမှုတမလွန်ဘဝ ကံကြမ္မာစသည်ကို ပြမှုတို့ ဖြစ်သည်ဟု ဆိုလေသည်။

သို့သော် ထိုအင်္ဂါတို့သည် တမလွန်ဘဝကူးပြောင်းမှုစသည်တို့နှင့်သာသက်ဆိုင်သည် မဟုတ်ချေ၊ ဥပမာ သဋ္ဌာယတန၊ဇရာမရဏတို့သည် မျက်မှောက်ဘဝ၌ပင် ဖြစ်ရှိနေသော တရားများဖြစ်သည်၊ ရှေးကျသည်ဟု ဆိုသော ပဋိစ္စသမုပ္ပါဒ် သုတ်တို့ကိုကြည့်ပါကမျက်မှောက်ပစ္စုပ္ပန်ဘဝကို သာ တိကျစွာပြသည်ကိုမတွေ့ရချေ။ ဤပဋိစ္စသမုပ္ပါဒ် ဒေသနာ၏ ဘဝသံသရာလည်မှုကိုပြခြင်း-မပြခြင်း ပြဿနာသည် ဗုဒ္ဓဝါဒအားဖြင့် ဆိုရလျှင် လိုလားအပ်သော ပြဿနာမဟုတ်ချေ၊ ဗုဒ္ဓသည် ဘဝ သံသရာကိုမပယ်ခဲ့ခြင်းနှင့် တဏှာ ဥပါဒါန်ကြောင့် တဖန် ဘဝသစ်၌ဖြစ်ခြင်းကိုပိဋကတ်၌ ဟောထားသည်ကို အများအပြား တွေ့နိုင်လေသည်။ စင်စစ်အားဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် တဏှာကြောင့်ဆင်းရဲဒုက္ခစသည်တို့ ဖြစ်ပုံကို ပြသောဒေသနာသာဖြစ်သည်၊ သစ္စာလေးပါးနှင့် ကြည့်ပါကလည်း သမုဒယသစ္စာနှင့်နိရောဓသစ္စာတို့ကို ထောက်ပြခြင်း ဖြစ်သည်။ ပဋိစ္စ သမုပ္ပါဒ်ဒေသနာသည်တဏှာမူလကြောင့် ဒုက္ခဆင်းရဲဖြစ်ခြင်းကိုပြသည်၊ သမုဒယသစ္စာနှင့် နိရောဓ သစ္စာတို့အား အကြောင်း အကျိုးအားဖြင့် ပီပြင်စွာရှင်းပြသော ဒေသနာအဖြစ်သာ မှတ်ယူရလေသည်။

ပဋိစ္စသမုပ္ပါဒ်၏ ဘဝသံသရာ ကျင်လည်မှု ပြသည် မပြသည်ဆိုခြင်းသည် ဒေသနာ၏အင်္ဂါများ ညီညွတ် တူညီမှု မရှိသောကြောင့်ပင်ဖြစ်သည်၊ ပဋိစ္စသမုပ္ပါဒ်၏ ရှေးဦးမူလဟု ဆိုသောဒေသနာကိုအခြေပြုပြီး နောက်ပေါ်ဟုဆိုသော ဒေသနာ တို့ကိုရှင်းပြခဲ့ဘန်ခြင်းသည် သင့်တင့်မှန်ကန်သည် မဟုတ်ချေ၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ပစ္စုပ္ပန်မျက်မှောက် ဘဝ ပြသော ဒေသ

နာအဖြစ် ယူဆကြသောသူတို့သည် အနောက်တိုင်းမှ ဗုဒ္ဓဝါဒီပညာရှင်တို့ဖြစ်သည်။ ဥပမာဒေါက်တာကွန်ဇီ(Dr Conze)ကဲ့သို့သောပုဂ္ဂိုလ်မျိုးဖြစ်၏။ "၎င်းကပဋိစ္စသမုပ္ပါဒ်ဒေသနာ၏ဘာဝသုံးပါးခွဲခြားပြခြင်းသည် ပိဋကတ်ဆရာတို့ ညာဏ်ကစားချဲ့ထွင်ထားခြင်းဖြစ်တန်သည်" ဟုပင် ဆိုထား၏။

ဗုဒ္ဓသည်တဏှာ အကြောင်းခံကြောင့် ဖြစ်သော ဒုက္ခတရားတို့ကို အများအပြားဟောခဲ့သည်မှာ ထင်ရှားသည်။ ထိုသို့ဟောကြားရာ၌ အကြောင်းကြောင်းကိုထောက်ဆပြီး တူညီမှုမရှိသောစကားစဉ်များနှင့် ဟောကြားခဲ့သည်မှာ ထင်ရှားလှသည်၊ ဥပမာရွေးကျသည်ဟု ဆိုသော သုတ်များတွင်ပင် ကာမကိလေသာစသော ဥပမိဟူသော အကြောင်းကြောင့် ဆင်းရဲဒုက္ခအားလုံးတို့ ဖြစ်သည်ဟု သုတ္တနိပါတ်- ပါရာယနဝဂ်-မေတ္တာဂူလုလင်အား ဟောကြားပြီး၊ အခြားသုတ်တို့တွင် (ဥပဒါနိယသုတ်၊ဗာလပဏ္ဍိတသုတ် စသည်)၌ကား ထိုသို့ မဟောခဲ့ချေ။ ထို့ကြောင့်ပင် ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ဗုဒ္ဓသည်အင်္ဂါတဆယ့်နှစ်ပါးအစီအစဉ်ဖြင့် တိကျစွာ မဟောခဲ့ခြင်းမှာ သိသာလေသည်၊

အဓိကဆိုလိုသော အချက်မှာ တဏှာကြောင့် ဆင်းရဲဒုက္ခဖြစ်မှုနှင့် သမုဒယသစ္စာ၊ နိရောဓသစ္စာတို့ကို ထင်မြင်စေရန်အကြောင်းအကျိုး နိယာမအားဖြင့် အမျိုးမျိုး အနည်းနည်းဟောခဲ့ခြင်းဖြစ်ပေမည်၊ ဤသို့အမျိုးမျိုးအနည်းနည်း ဟောခဲ့သောဒေသနာတို့သည် အင်္ဂါအားဖြင့် တူညီတိကျမှုရှိရန် မှာခဲယဉ်းလှလေသည်။ထို့ကြောင့်ပင် ပိဋကတ်မှ များစွာသောအင်္ဂါမတူညီသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတို့ကို ညီညွတ်တိကျသော

အင်္ဂါနှင့်အကြောင်းအကျိုး အသွယ်အယှက် အဆက်အစပ်တို့ ကိုဝိဝါဒကွဲပြားမနေပဲ ဗုဒ္ဓဆိုလိုသော ဦးတည်ချက်ကို သိရှိရန် ပဓာနဖြစ်လေသည်။ သို့မှသာ ဗုဒ္ဓဝါဒ၏ ဆင်းရဲဒုက္ခသည်တဏှာကြောင့်ဖြစ်သည် ဆိုသောအချက်ကို သိရှိပြီး နိရောဓသစ္စာကို သိမြင်နိုင်ပေမည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာသည် တဏှာကြောင့် ဒုက္ခတရားများဖြစ်ပေါ်ခံစားရမှုကို ပြသသော ဒေသနာဖြစ်သည်မှာ ထင်ရှားလှသည်၊ အထူးဆိုဖွယ်ပင် မလိုချေ။ ဒီဃနိကာယ်မဟာနိဒါနသုတ်တွင်"တဏှာပဋိစ္စ ပရိယေသနာ၊ ပရိယေသနံ ပဋိစ္စလာဘော၊လာဘံ ပဋိစ္စဝိနိစ္ဆယော"စသည်ဖြင့် တပ်မက်မှုတဏှာကို စွဲ၍ ရှာမှီးကြသည်၊ရှာမှီးမှုကိုစွဲမှီ၍ ရရှိသည်၊ရရှိမှုကိုစွဲမှီ၍အသုံးချရန်စိတ်ပိုင်း ဖြတ်ခြင်းဖြစ်သည်စသည်ဖြင့်လူသားတို့၏လူမှုရေးသဘောအရ ပစ္စည်းဥစ္စာရှာမှီးမှုကိုပင်တဏှာအရင်းခံဖြစ်ပါက ဒုက္ခဆင်းရဲဖြစ်ပုံကို အကြောင်းအကျိုးအားဖြင့်ဟောထားလေ၏၊ လောကအမြင်အားဖြင့်ဆိုပါက လူသားတို့၏ မိမိနှင့် မိမိမိသားစုအတွက် စား,ဝတ်,နေမှု ပြည့်စုံဖူလုံရန် ပစ္စည်းရှာဖွေမှုသည်'မလွဲမသွေ ထမ်းဆောင်ရမည်ဖြစ်သော လူမှုရေးတာဝန်များ' ဖြစ်လေသည်၊ သို့သော်ဗုဒ္ဓကား လူသားတို့၏ လောကုတ္တရာအကျိုးကျေးဇူးအတွက် ပစ္စည်းဥစ္စာရှာမှီးမှုကိုဒုက္ခအဖြစ်ဟောကြားခြင်းဖြစ်လေသည်မဟုတ်၊တဏှာပြင်းပြင်းနှင့် ပစ္စည်းဥစ္စာ ရှာမှီးသူများကိုသာ အဓိကဆိုလိုပေသည်၊ လူ့လောကလူမှု အသိုင်းအဝန်း တွင်မျှတလျှောက်ပတ်ရုံရရှိပြီး နှစ်သိမ့်ရောင့်ရဲလွယ်သူတို့ကို ဆိုလိုဟန်မရှိချေ၊ မျှတရုံရောင့်ရဲလွယ်နိုင်မှု

သည် လောကုတ္တရာကျင့်စဉ်တခုအဖြစ် ဗုဒ္ဓဝါဒ စာပေတို့၌ဆို ထားလေသည်။

စင်စစ်အားဖြင့်သော်ကား လူတို့တွင်ရောင့်ရဲလွယ်နိုင်သူများ ရသမျှ ရှိသရွေ့နှင့် တင်းတိမ်ကျေနပ်နိုင်သူများသည် ရှားမှရှား လှသည်။ တိုးတက်လာသော သိပ္ပံပညာနှင့်အတူ လူသုံးပစ္စည်း များကို အမျိုးအပြား ထုတ်လုပ်နိုင်သလောက် လူမှုရေးတာဝန် သည်လည်း များပြားကျယ်ဝန်းလာလေသည်။ ယနေ့လူနေမှု အဆင့်အတန်းသည် ကုန်လွန်ခဲ့သော ရာစုနှစ်မှ လူနေမှုအဆင့် အတန်းနှင့် လုံးဝခြားနားလေသည်။ ယနေ့လူနေမှု အဆင့် အတန်းမြင့်မားတိုးတက်သည်နှင့်အတူ၊ လူတို့၏ လောဘတရား သည်လည်း ပွားစည်းမြင့်မားလှလေသည်၊ ယနေ့လူတိုင်းပင် လူသုံးပစ္စည်း ပြည့်စုံမှု ဇိမ်ကျကျနေထိုင်နိုင်မှုအတွက် တဏှာ လောဘရမ္မက်တို့ဖြင့် ရောက်ယက်ခတ်အောင် ရှာဖွေလုပ်ကိုင် နေကြရသည်။ တဏှာလောဘနှင့်ပတ်သက်လျှင်'အရင်းရှင်နိုင်ငံ တို့မှလူများ'နှင့်'ကွန်မြူနစ်နိုင်ငံတို့မှလူများ' မည်သို့မျှ ကွာခြား မှုမရှိချေ။ မိမိတို့လိုက်နာကျင့်သုံးသော စနစ်၏ ဥပဒေစည်း ကမ်း အလျောက်သာကွာဟမှုရှိလေ၏။

ဤနေရာ၌ ဗုဒ္ဓဝါဒအမြင်အရကြည့်လျှင် အားလုံး တူညီ သော လောဘသားများသာဖြစ်လေသည်။ တရားသည် မတရား သည်၊ မျှတသည်၊ မမျှတသည်၊ စသောလူမှုရေးအမြင် အယူအဆ မရှိချေ။ မျက်မှောက်လောက အနေအထား၌လည်း အမေရိကန် မှ အရင်းရှင်'သန်းကြွယ်သူဌေးကြီးများ'က မိမိတို့ ချမ်းသာ တိုးပွားအောင် ကြိုးစားလုပ်သလို ဆိုဗီယက်ရုရှားမှ အစိုးရ ကလည်း မိမိနိုင်ငံ၏ ဝင်ငွေတိုးတက်မြင့်မားအောင် ကြိုးစား

သည်သာဖြစ်သည်၊ အခြားနိုင်ငံနယ်မြေတို့တွင် မိမိတို့အတွက်
အကျိုးရှိမည့် လုပ်ငန်းဒေသနယ်ပယ်တို့ကို အမေရိကန်သူဌေး
ကြီးများ မက်မောသလို ဆိုဗီယက် အစိုးရသည်လည်း ထို့အတူ
ပင် တပ်မက်လေသည်။

လူပုဂ္ဂိုလ်အားဖြင့် တဦးချင်းကြည့်ပါကလည်း လက်ဖြန့်ခံ
တောင်းစားရသော သူတောင်းစားသည် သူဌေးသူကြွယ်ကြီး
ဖြစ်လိုသကဲ့သို့ မီလျံနာ သူဌေးကြီးသည်လည်း ရှိသည်ထက်
အတိုင်း မသိ ပိုမိုပြီး ချမ်းသာလိုသည်သာ ဖြစ်သည်။ မိမိ၏
တပ်မက်မှုတဏှာ ရှိလျှင် ရှိသလောက် ပစ္စည်း ဥစ္စာတို့၌ တပ်
မက် တွယ်တာ ခြင်း သည် လူ့သဘောပင် ဖြစ်သည်။ တဏှာ
အ နု သ ယ ရှိသော သတ္တဝါ ဖြစ်သောကြောင့်သာ ဤသို့....
သဘာဝရှိလေခြင်း ဖြစ်သည်။ စင်စစ်အားဖြင့် လူသားတို့တွင်
မိ မိ ၏ တဏှာလောဘ အ တိုင်း အ တာ အလိုက် ဒုက္ခတရား
သည် အရိပ်ကဲ့သို့ လိုက်နေလေသည်။ ထို့ကြောင့်ပင် ဗုဒ္ဓက
ဥစ္စာ စည်းစိမ် တို့၌ တပ်မက်မောခြင်းကို လှေကွဲ ဥပမာဖြင့်
ဟောကြားခဲ့၏။"အကြင်သူသည် လယ်ယာမြေ၊ အိမ်၊ ရွှေငွေ၊
နွားမြင်း ကျွန်အမှုလုပ် မိန်းမ၊ ဆွေမျိုးတို့နှင့် အခြား ကာ
မဂုဏ်မျိုးတို့ကို တပ်မက်မော၏၊ အားမရှိသော ကိလေသာတို့
သည် ထိုပုဂ္ဂိုလ်ကို နှိပ်စက်ကုန်၏။ ထိုထိုဘေးရန်တို့နှိပ်စက်ခံ
ရခြင်းကြောင့် ရေသည် လှေကွဲသို့မပြတ်ဝင်ဘိသကဲ့သို့ ဆင်းရဲ
သည် ထိုပုဂ္ဂိုလ်ကို မပြတ်လိုက်နေတော့၏" (သုတ္တနိပါတ်-
အဋ္ဌကဝဂ်-ကာမသုတ်)။

ကမ္ဘာ့သမိုင်းတွင် ဘာသာတရားတို့သည် အသီးသီးပေါ်
ပေါက်ခဲ့ကြသည်။ 'တဏှာကိလေသာတရား'တို့ကို ဆင်းရဲ ဒုက္ခ

အကြောင်းတရားအဖြစ် ဟောကြားခဲ့သူမှာ သမိုင်း၌ ဗုဒ္ဓသည် သာလျှင်ဖြစ်သည်။ ကာမတရားတို့၏ အပြစ်များအကျိုးယုတ်မှု များကို ဗုဒ္ဓသည် အနည်းနည်းဖြင့် ဟောကြားခဲ့သည်။ သို့သော် ဗုဒ္ဓဝါဒီတို့အပါအဝင် လူတို့သည် ယနေ့ထိ တဏှာကာမဂုဏ်တို့ ကို ဒုက္ခဖြစ်ကြောင်း တရားအဖြစ် တကယ်သိမြင်လက်ခံကြ သည် မဟုတ်ချေ။

ဗုဒ္ဓလက်ထက် အိန္ဒိယပြည် မဇ္ဈိမ ဒေသ၌ ကာမဂုဏ်တရား ခံစားခြင်းသည် မည်သို့မျှ အကျိုးအပြစ်မရှိဟု အယူရှိသောပရ ဗိုဇ်၊ ဗြဟ္မဏ အချို့တို့ရှိသည်ဟု ပိဋကတ်တွင် လာလေသည်။ ထိုပုဂ္ဂိုလ်တို့သည် မိမိတို့အယူအဆအတိုင်းပင် သက်ဝင်ပြီး ဆံ ကျစ်ထုံးသော ပရဗိုဇ်မတို့နှင့် ထင်သလို ကာမဂုဏ်ခံစားပျော် ပါး ကြ သည် ဆို ၏ ယနေ့ရုပ်ဝါဒီများ ဘာသာ မဲ့ များတို့သည် လည်း တဏှာကာမ တရားတို့ကို ဒုက္ခ၏ အကြောင်းတရားများ အဖြစ်လက်ခံကောင်းမှ လက်ခံကြပေမည်။ သို့တော် သိတ်မကြာ လှသေးသောကာလ ၁၉၆၃-ခုနှစ်ကပင် ဗြိတိသျှ ဝန်ကြီးတဦး ဖြစ်သူ ဂျွန်ပရိုမူဖိုနှင့်ပြည့်တန်ဆာ ငှက်မလေး ခစ္စရတင်ကီလာ တို့၏အဖြစ်က တဏှာကာမ တရားတို့သည် ဒုက္ခ၏ အကြောင်း တရားဖြစ်သည်ကို သက်သေခံသွားလေသည်။ ထိုပြဿနာကြောင့် ဗြိတိသျှနိုင်ငံ ကွန်ဆာဗေးတစ်အစိုးရ အဖွဲ့ကြီးသည်ပြုတ်ကျသွား ရှာသည်၊ ဝန်ကြီးခမြာမှာလည်း အလွန်ကြီးမားသော ဒုက္ခကြီး နှင့်ရင်ဆိုင်ခံစား သွားရတော့သည်၊ ကမ္ဘာ့နိုင်ငံရေးလောကကြီး ခုတလုံးတုံလှုပ်သွားသည်၊ အနောက်မှ နိုင်ငံကြီးတို့မျက်လုံးပြူးရ သောအဖြစ်သို့ ရောက်သွားရသည်၊အထူးအားဖြင့်ကာယက ရှင် ဗြိတိသျှနိုင်ငံသည် အစိုးရိမ်ဆုံးဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါ တဦး

တယောက်ချင်းအနေနှင့်ဆိုပါမူ အထူးပြောဘွယ်ပင် မလိုတော့ချေ၊ ထို့ကြောင့်ပင် ဗုဒ္ဓက တဏှာ ကာမကြောင့် စိုးရိမ်မှု၊ ကြောက်ရွံ့မှုဖြစ်ရသည်ဟုဆိုထား၏။

"ကာမကြောင့် စိုးရိမ်ရမှုဖြစ်ရ၏၊ ကာမကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏၊ ကာမမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု၊ ကြောက်ရွံ့မှု ရှိတော့အံ့နည်း" "တဏှာကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ တဏှာကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ တဏှာမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု၊ ကြောက်ရွံ့မှု ရှိတော့အံ့နည်း" (ဓမ္မပဒ ၂၁၅-၂၁၆)။

တပ်မက်မှု လိုချင်မှုဟူသော တဏှာလောဘ စိတ်တို့သည် လူတို့၏ အနုသယစိတ်များဖြစ်လေသည်။ အသိဉာဏ်မြင့်မှု၊ မမြင့်မှုသည် ထိုစိတ်တို့ ရော့နည်းမှု၊ တိုးပွားမှုကို မပြုစွမ်း နိုင်ချေ။ ထိုစိတ်တို့၏ အရည်အသွေး ပြောင်းလဲ ခြားနားမှုကိုကား ဖန်တီးလေသည်၊ နှစ်ဆယ်ရာစု နောက်ပိုင်း ယနေ့ လူတို့၏ တဏှာလောဘစိတ်နှင့် ပြန်ခဲ့သည့်နှစ်ပေါင်း လေးငါးသောင်းမှ ကျောက်ခေတ်လူတို့၏ တဏှာလောဘစိတ်တို့သည် အရည်အသွေးမှတပါး မခြားနားချေ။ အမှန်ဆိုရလျှင် မြင့်မားသော အသိဉာဏ်နှင့်အတူ ယနေ့လူတို့က အဆများစွာ ပိုလွန်လေသည်၊ ကျောက်စွန်း ကျောက်ပဲ့လေးများကို လက်နက်ကိရိယာအဖြစ် ကိုင်ဆောင်သုံးစွဲသော ကျောက်ခေတ် လူသားတို့သည် တစုနှင့်တစု၊ တအုပ်စုနှင့် တအုပ်စု တိုက်ခိုက် သတ်ဖြတ်ပြီး၊ အမဲသား ငါးဟူသော အစားအစာတို့ကို လုယက် ကြသည်ဟု သမိုင်းပညာရှင်တို့က ဆိုသည်။

ထိုသူတို့၏ တိုက်ခိုက်ရမှုတို့သည် တဏှာလောဘအကြောင်းခံကြောင့်ဖြစ်လေသည်၊ မယဉ်ကျေးသော အရိုင်းအစိုင်းများမို့ တိုက်ခိုက်သတ်ဖြတ်သည်ဟု မဆိုနိုင်ချေ။ အကယ်၍ ထိုသို့ဆိုပါက ယနေ့လူတို့သည် အလွန်အလွန်ရိုင်းစိုင်းလှသော လူများဟု ဆိုရချေမည်ဖြစ်သည်။

အဘယ့်ကြောင့်နည်းဟူမူ ယနေ့လူတို့သည် လူသားများကို အစုလိုက်အပြုံလိုက် သေစေနိုင်လောက်သော လက်နက်များမှစပြီး သန်းချီသေနိုင်သော အနုမြူလိုလက်နက်မျိုးကိုပင် သုံးပြုနေလေပြီဖြစ်၏။ သတ်လည်းသတ်ခဲ့သည် လုလည်းလုခဲ့သည်၊ ယခုလည်း သတ်ဆဲလုဆဲဖြစ်သည်၊ နောင်ကိုလည်း သတ်ဦးမည် လုဦးမည်သာဖြစ်သည်။ တိုက်ခိုက် သတ်ဖြတ်မှုနည်းပါးသူတို့ကိုသာ လူယဉ်ကျေး၊ လူသူတော်ကောင်းအဖြစ် သတ်မှတ်ပါက ယနေ့လူတို့သည် ထိုကျောက်ခေတ်မှ လူသားတို့ကို ဆည်းကပ်ကိုးကွယ်သင့်သည်မှာ အမှန်ပင်ဖြစ်ပေမည်။

ကမ္ဘာ့သမိုင်းတွင် လူတွေကို နွားများကဲ့သို့ ခြံလှောင်ကာ မိမိအကျိုးစီးပွားအတွက် ခိုင်းစေသော လူကျွန်စံနစ်ကြီးသည် ပေါ်ပေါက်ခဲ့သည်၊ ထိုလူကျွန်စံနစ်ကို အီဂျစ်တို့က ကန့်လန့်ကာဖွင့် ပေးခဲ့သော်လည်း ရောမတို့ကသာ ဇာတ်လိုက်အဖြစ် အဓိက အသုံးတော်ခံခဲ့ကြသည်။

လူကျွန်ကုန်သည်တပိုင်းဖြစ်သော ရောမစစ်ဘုရင်ကြီးများ၊ ငွေရှင်ကြေးရှင် ကျွန်ကုန်သည်ကြီးများသည်၊ ဈေးကွင်း ဈေးကွက်များဖွင့်ပြီး လူကျွန်များကို ရောင်းဝယ် ဖေါက်ကားကြသည်။ ရောမကျွန်အရှင် ကျွန်သခင်များ၏ တဏှာလောဘ အတောမသတ်နိုင်မှုကို ဖြည့်သောအားဖြင့် အရှေ့နိုင်ငံမှ လူ

သတ္တဝါတို့သည် ကျွန်အဖြစ် လောကငရဲ ခံစားခဲ့ကြရ၏၊ ထို အရှေ့နိုင်ငံတို့သည် ရောမစစ်ဘုရင်တို့၏ ကျွန်ဈေးကွက်သို့ လူ ရောင်းကုန်များ တင်ပို့နိုင်သော ဌာနကြီးများ ဖြစ်လေ သည်။ ရောမ စစ်ဘုရင်တို့သည် စစ်ပွဲများဖြင့် လူကျွန်များ ကို အများအပြား ရရှိလေသည်။ ကမ္ဘာ့သမိုင်းတွင် ရောမ တို့၏ လူကျွန်ပြုမှု စံနစ်သည် အထင်ရှားဆုံးဖြစ်သည်။

ရောမတို့၏ ကျွန်စံနစ်လောက် နီးနီး ပြောင်မြောက် စွာ ကျွန်ပြုမှုများသည် အေဒီ—၁၆-၁၇ရာစု နှစ်များအတွင်း ဥရောပတိုက်၌ ပေါ်ထွန်းခဲ့သည်၊ သို့သော် အရှင်သခင် လုပ်သူ များသည် အနန္တတန်ခိုးရှင်၏ မဟာဂရုဏာ မေတ္တာတော် ကို ခံယူယုံကြည်သော ရောမလူ့ယဉ်ကျေးများဖြစ်၏၊ ၎င်းတို့ သည် တဏှာဒလာဘကို ဒုက္ခဆင်းရဲ၏ အကြောင်းတရား အနေ နှင့် မယုံကြည်ကြချေ။

ဇိမ်ကျကျ ပကာသနရှိရှိနှင့် ကာမဂုဏ်အာရုံခံစား စံစား၍ စည်းစိမ်ပြည့်စုံစွာနေနိုင်ရန် တဏှာရမက် ငန်းငန်း တက်ခဲ့ကြ သည်။ ထိုသူတို့သည် လူအမဲလိုက် မုဆိုးကြီးများအဖြစ် လူအမဲ များကို ဖမ်းဆီး ကျွန်ပြုခဲ့ကြသည်။ အာဖရိက အနောက် ဖက် ကမ်းရိုးတန်းတလျှောက်ဒေသတို့သည် မနုဿ မုဆိုးကြီးတို့ ၏ အမဲလိုက်ကွင်းကြီးများဖြစ်သည်၊ ကပ္ပလီ လူမျိုးတို့သည် လူ သားစစ်စစ်မှ သားသမင်းတို့ကဲ့သို့ အမဲသတ္တဝါများ ဖြစ်ကာ မနုဿ မုဆိုးတို့လက်မှ လွတ်ရန်ပုန်းရှောင်နေရသည်။ သို့သော် တပ်ထောင်တာ ဗိုလ်ထုနှင့်တောနင်းပြီး လူဖမ်းသော မနုဿ မုဆိုးတို့လက်မှကာမလွတ်ချေ။

မနုဿမုဆိုးတို့လက်တွင်းသို့ ရာထောင်ချီပြီး ပါရိုကါသဘော်ာ များဖြင့် ကျွန်ဈေးကွက်သို့ အပို့ခံရသည်၊ ထိုကျွန်ဖြစ်ရသော ကပ္ပလီတို့သည် အမေရိကန် မြေရိုင်းကြီးတို့တွင် နွားမြင်းတို့ကဲ့သို့ အလုပ်လုပ်ကြရသည်၊ မည်မျှ ကြွယ်ဝ ချမ်းသာသည်ဖြစ်စေ၊ အရှင်သခင်တို့၏ တဏှာလောဘကား အတောမသုတ်ချေ၊ ဗုဒ္ဓက တဏှာလောဘသည် သူတပါးကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကိုလည်း ဖျက်ဆီးသည်ဟု ဆိုထားတော်မူ၏။

"စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီး၏၊ နိဗ္ဗာန်ဟူသော ကမ်းကို ရှာမှီးသူတို့ကိုကား မဖျက်ဆီးနိုင်ကုန်၊ ပညာမဲ့ သူသည် စည်းစိမ်ဥစ္စာ၌ တတ်မက်ခြင်း၊ တဏှာလောဘဖြင့် သူတပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကိုလည်း ဖျက်ဆီး တတ်၏" (ဓမ္မပဒ) ဗုဒ္ဓ၏ ဒေသနာတို့သည်ကား မှန်လှသည်၊ သို့သော် မည်သို့တိုင်သည် ထိမှန်သည်ကို စောင့်ကြည့်ခြင်း၊ ဆင်ခြင်ခြင်းဖြင့် သိနိုင်လေမည်။

"မဟာနာမ်၊ ကာမအထောက်အပံ့၊ ကာမအရင်းခံ၊ ကာမတည်ရာ၊ ကာမတရားတို့ကြောင့်သာလျှင် မင်းအချင်းချင်း၊ ရေမြေ့ရှင်အချင်းချင်း၊ ပုဏ္ဏားအချင်းချင်း၊ သူကြွယ်အချင်းချင်း၊ငြင်းခုန်ကြကုန်၏၊ သားအမိ,အချင်းချင်း၊ သားအဖ အချင်းချင်း၊ ညီအစ်ကို မောင်နှမ အချင်းချင်း၊ အပေါင်းအဖေါ် အချင်းချင်း၊ ငြင်းခုန်ကြကုန်၏ အချင်းချင်း လက်ဖြင့် ပုတ်ခတ်ကုန်၏။ ခဲတို့ဖြင့် ပေါက်ကုန်၏၊ တုတ်တို့ဖြင့်လည်း ရိုက်ကြကုန်၏။ ဓါးလက်နက်တို့ဖြင့်လည်း ထိုးခုတ်ကြကုန်၏။ ထိုသူတို့သည် ထိုဖြစ်ရာအရပ်၌ သေခြင်းသို့လည်း ရောက် ကြကုန်၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်

၏။ (စူဠဒုက္ခက္ခန္ဓသုတ်-မဇ္ဈိမနိကာယ်) ဤကဲ့သို့ပင် ကမ္ဘာကြီးသည် ဖြစ်ပျက်နေကြရသည့် လူတို့သည်ငြင်းခုန်တိုက်ခိုက် နေကြရသည်။

ဥပမာ အင်္ဂလိပ် မြန်မာ တတိယစစ်ပွဲမတိုင်မီ မြန်မာတို့သူ့ကျွန်ဖြစ်အံ့မူးမူးတွင် မြန်မာနိုင်ငံကို လုံး၀ သိမ်းပိုက်လိုသော အင်္ဂလိပ်နှင့် ရသမျှ ယူလိုက်ချင်သေးသော ပြင်သစ်တို့စောင်ကြ၊ ရန်ထောင်ကြပုံကို မြန်မာတို့သိလေမည်။ အေဒီ ၁၆–၁၇ ရာစုနှစ်အတွင်း အာရှ အာဖရိကတို့တွင် ဖြစ်ပွားသော စပိန်နှင့်ဗြိတိန်စစ်ပွဲ၊ ပေါ်တူဂီနှင့် ဒတ်ချ်စစ်ပွဲ၊ ဗြိတိန်နှင့် ပေါ်တူဂီစစ်ပွဲ၊ ဒတ်ချ်နှင့်စပိန်စစ်ပွဲ၊ ပြင်သစ်နှင့် ဗြိတိန်စစ်ပွဲတို့သည် ကိုလိုနီ နယ်လုရာမှ အချင်းချင်းတိုက်ခိုက်ရသောစစ်ပွဲများ ဖြစ်သည်။

ပြင်သစ်နှင့်ဗြိတိန်တို့ ၁၇၅၆–ခုမှ ၁၇၆၃-ခုထိ ဖြစ်ပွားသော ၇ နှစ်ကြာစစ်ပွဲသည် အာရှတိုက်ကြီးကို ဈေးကွက် အဖြစ် ဥစ္စာစီးပွားရှာမှီးရာ၌ အရေးပါသော လမ်းကြောင်းဖြစ်သည့် အာဖရိကတောင်စွန်းအငူ ဒေသတို့ကြောင့် အကြီး အကျယ်စကားများပြီးမှ တိုက်ခိုက်ရန်ဖြစ်ရသော စစ်ပွဲဖြစ်သည်။ ပထမ ကမ္ဘာ စစ် ကြီး ဖြစ် ရ ခြင်း သည် လည်း စီး ပွားရေး ခိုင် ခန့် ပြီး ကို လို နီ ပိုင်ဆိုင် မှု တွင် မကျေ နပ် စ ဖွယ် ဖြစ် သော လောဘ ဇော မသတ်နိုင်မှု၊ အမျိုး မာန် တက်မှုတို့နှင့် အင်္ဂလိပ်တို့၏ ကျယ်ပြန့်သော ကိုလိုနီသခင် အင်ပါယာအရှင်အဖြစ် လူလယ်ကျမှုတို့ကြောင့်ဖြစ်လေသည်။ ဒုတိယ ကမ္ဘာစစ်သည်လည်း ဟစ်တလာ၏ ငါဟူသော အမျိုးသား မာန် သူရဲ

ကောင်းဝါဒတို့က အဓိကဖြစ်လေသည်။နောက်ဆုံးဆန်းစစ်လျှင် တဏှာလောဘကြောင့်သာဖြစ်သည်ကိုတွေ့ရလေမည်ဖြစ်သည်။

ထို့ကြောင့်ပင် ဗုဒ္ဓသည် အရှင်အာနန္ဒာအား“အနန္ဒာ-ဤသို့လျှင် ခံစားခြင်းဝေဒနာကိုစွဲ၍ တပ်မက်ခြင်းတဏှာဖြစ်၏။ တပ်မက်ခြင်းကိုစွဲ၍ ရှာမှီးခြင်းဖြစ်၏။ ရှာမှီးခြင်းကိုစွဲ၍ရခြင်းဖြစ်၏။ ရခြင်းကိုစွဲ၍ အသုံးချရန် စိတ်ပိုင်းဖြတ်ခြင်းဖြစ်၏။ စိတ်ပိုင်းဖြတ်ခြင်းကိုစွဲ၍ နှစ်သက်တပ်စွဲခြင်း ဆန္ဒရာဂသည် ဖြစ်၏။ ဆန္ဒရာဂကိုစွဲ၍ ငါ့ဟာဟု မြဲမြံစွာဆုံးဖြတ်ခြင်းဖြစ်၏။ ဆုံးဖြတ်ခြင်းကိုစွဲ၍ သိမ်းပိုက်ခြင်းဖြစ်၏။သိမ်းပိုက်ခြင်းကိုစွဲ၍ ဝန်တိုခြင်းဖြစ်၏။ ဝန်တိုခြင်းကိုစွဲ၍ စောက်ရှောက်ခြင်းသည်ဖြစ်၏။စောက်ရှောက်ခြင်းဟူသော အကြောင်းကြောင့် ထုတ်ဆောင်ရခြင်း,လက်နက်ဆောင်ရခြင်း, ခိုက်ရန်ဖြစ်ခြင်း, ဆန့်ကျင်ခြင်း, ငြင်းခုံခြင်း, မခံသာအောင်ပြောဆိုခြင်း, ဂုံးတိုက်ခြင်း, မဟုတ်မမှန်ပြောခြင်း, ဟူသော ယုတ်မာသောအကုသိုလ်တရားများစွာတို့သည် ဖြစ်ကုန်၏”။ (မဟာနိဒါနသုတ်- ဒီဃနိကာယ်)။

ဤသည်တို့ကား....တဏှာအရင်းခံသော ပစ္စည်းဥစ္စာရှာမှီးရာ၌ အကြောင်းအကျိုးအားဖြင့် ဒုက္ခဆင့်ရဲဖြစ်ပုံကို ဟောကြားသော ပဋိစ္စသမုပ္ပါဒ်ဒေသနာပင်ဖြစ်လေတော့သည်။

x x x

# လူသား

## ၁။ ကမ္မဝိပါက။

ကမ္မ ဝါဒ အယူအဆသည် ဗုဒ္ဓမပေါ်မီ အခါက အိန္ဒိယပြည် မဇ္ဈိမဒေသတဝိုက်တွင်ရှိခဲ့ဟန်မတူချေ။ အကယ်၍ ဘာသာရေး လောက ဘာသာရေးစာပေတို့တွင် ရှိသည်ဆိုပါကလည်း ရှိသည် ဆိုရုံမျှလောက်သာ ရှိခဲ့ချေမည်။ ပါဠိစာပေနှင့် ဂျိန်းစာပေတို့ တွင် ကာယကမ္မ,ဝစီကမ္မ,မနောကမ္မ, ဟူသောကမ္မ ဝါဒ စကား များ သုံးစွဲထားလေသည်။

ကမ္မဝါဒကို ဗုဒ္ဓသည် လက်ခံခဲ့သည်မှာ ပိဋကတ်တွင် ထင် ရှား၏။ ထိုဗုဒ္ဓလက်ခံခဲ့သော ကမ္မဝါဒသည် ယနေ့အများသော ဗုဒ္ဓဝါဒီတို့ သိမြင် နားလည် ထားသော ကမ္မ ဝါဒမျိုးလည်း မဟုတ်ချေ။ ဂျိန်းဝါဒီတို့၏ ကမ္မဝါဒ အယူအဆ မျိုးလည်း မဟုတ်ချေ။ ကမ္မဝါဒ၏အဓိပ္ပါယ်သည် နက် နဲ ကျယ်ဝန်းလေ သည်။

ဗုဒ္ဓသည် များသောအားဖြင့် အခြားသူတို့၏ဝါဒများ, အယူ များကို မဝေဖန်, မချေဖျက်ပဲ ဆိတ်ဆိတ် နေလေ့ ရှိသော ပုဂ္ဂိုလ်ဖြစ်လေသည်။ သို့သော်လည်း ကမ္မဝါဒကို ပယ် သော မက္ခလိ ဂေါသာလ၏ အယူအဆ ကို ကား ကဲ့ရဲ့ ရှုံ့ချခဲ့လေ သည်။

"ရဟန်းတို့— များစွာကုန်သော သမဏ,ပြဟ္မဏတို့၏ အယူ ဝါဒဟူသမျှတွင် မက္ခလိဂေါသာလ၏ အယူဝါဒကို အယုတ်ညံ့

ဆုံးဟုဆိုထိုက်၏။ ရဟန်းတို့— မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သော ယောကျ်ားမက္ခလိဂေါသာလသည် ကုသိုလ်ကံ, အကုသိုလ်ကံ သည်မရှိ။ ကုသိုလ်ကံ,အကုသိုလ်ကံ၏ အကျိုးသည် မရှိ။ အား ထုတ်အပ်သောဝီရိယအကျိုးသည် မရှိဟုဆိုလေ့ရှိ၏။ဤသို့ယူလေ့ ရှိ၏။ ရဟန်းတို့- မြစ်ဆုံမြစ်ဝ၌ ထောင် ထားသော မြှုံးသည် များစွာကုန်သော ငါးတို့၏ အစီးအပွားမဲ့ရန်,ဆင်းရဲရန်, အကျိုး မရှိရန်, ပျက် စီးရန် ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် လူထောင်မြှုံးကဲ့သို့ လောက၌ ဖြစ်ပေါ်လာသော အချည်းနှီး ဖြစ်သော ယောကျ်ား မက္ခလိဂေါသာလသည် များ စွာ သော သတ္တဝါတို့၏ အစီးအပွားမဲ့ရန် ဆင်းရဲရန်,အကျိုးမရှိရန်,ပျက်စီး ရန်ဖြစ်၏"။ (အင်္ဂုတ္တိုရ်-တိကနိပါတ်- ကေသကမ္ဗလသုတ်)။

ဗုဒ္ဓသည် မက္ခလိဂေါသာလ၏ ကံမဲ့ဝါဒကို ဤ သို့ ရှုတ် ချ တော်မူခဲ့သည်မှာ ကံမဲ့ဝါဒသည် လူတို့၏အကျိုးစီးပွား ပျက် စီးဆုတ်ယုတ်စေသောကြောင့်သာဖြစ်သည်။ ကံမဲ့ ဝါဒသည် လူသားတို့၏အကျိုးစီးပွားနှင့် မဟပ်စပ်လှသည်မှာ လူ့လောက ကြီးသည် စင်စစ် အား ဖြင့် ကမ္မ ဝိပါကများဖြင့် အပြန်ပြန် အလှန်လှန် နွယ်ယှက်နေသောကြောင့်ဖြစ်သည်။ ဗုဒ္ဓသည် ကမ္မ ဝါဒကို လက်ခံသည်မှာလည်း လူ့လောကကြီးတွင် ကမ္မဝိပါက များ တကယ်ရှိသောကြောင့်ပင်ဖြစ်လေမည်။ ဥပမာ....ထိုကေသ ကမ္ဗလသုတ်၌ပင် ကမ္မဝါဒ,ကမ္မဝိပါကများကို ဗုဒ္ဓကိုယ်တိုင် မိန့် သောစကားများဖြင့် လက်ခံကြောင်း ထင်ရှားလေသည်။

"ရဟန်းတို့...ယခုအခါ၌ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ငါ သည်လည်း ကုသိုလ်ကံ, အကုသိုလ်ကံသည်ရှိ၏။ ကုသိုလ်ကံ,

အကုသိုလ်ကံ၏အကျိုးသည်ရှိ၏။ အားထုတ်အပ်သောဝိရိယ၏ အကျိုးသည်ရှိ၏ဟု ငါဟော၏"။

ဗုဒ္ဓဝါဒ၌ ကမ္မဝါဒသည် ပဓါနကျလှသည်။ ကမ္မဝိပါက (အမှုလုပ်၏အကျိုးအာနိသင်) ကို ယုံကြည်မှုသည် ဗုဒ္ဓဝါဒ၌ အလွန်အရေးကြီးလေသည်။ ဗုဒ္ဓ၏သစ္စာလေးပါး စသော အားလုံးသော ဒေသနာဓမ္မတို့သည် ကမ္မဝိပါက ပေါ်တွင် အခြေတည်ထားသည်ကို ဆင်ခြင်ဝေဖန်လျှင် သိနိုင်သေသည်။

ထို့ကြောင့်ပင် (မဇ္ဈိမနိကာယ်- တေဝိဇ္ဇဝစ္ဆသုတ်)၌ ကမ္မဝါဒီ၊ ကိရိယဝါဒီဖြစ်သည့် တဦးသော အာဇီဝက သည်သာလျှင် နတ်ပြည်သို့ရောက်ရ၏။ အခြားသော အာဇီဝက တစုံတယောက်မျှ နတ်ပြည်သို့ မရောက်ဟု ဝစ္ဆပရိဗိုဇ်ကို မိန့်ကြား လေသည်။ ကမ္မဝိပါက ယုံကြည်မှုသည် မည်မျှအရေးပါသနည်းဟု ဆိုသော် (ဝိနည်းပိဋကတ် မဟာဝဂ္ဂ)၌ ကမ္မဝါဒီများဖြစ်ကြသော မီးလုပ်ကျွေးသည့် တိတ္ထိရသေ့တို့အား ပရိဝါသ်မပေးပဲ (လေးလ မဆိုင်းငံ့စေရပဲ)ရဟန်းခံပေးရန် ခွင့်ပြုခဲ့လေသည်။

ဤကဲ့သို့သော ဗုဒ္ဓဒေသနာစကားများဖြင့်ပင် ကမ္မဝိပါက ယုံကြည်မှုသည် ဗုဒ္ဓဝါဒ၌ အလွန် အရေးပါသည်ကို သိနိုင်လေသည်။ ကမ္မဝိပါကကို ပိုပြီးသင်ရှားစေသော ဗုဒ္ဓ၏ဒေသနာတခုကား—"လုလင် သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာရှိကုန်၏၊ ကံ၏ အမွေတို့ဖြစ်ကုန်၏၊ ကံသာလျှင် အကြောင်းရှိကုန်၏။ ကံသာလျှင်ဆွေမျိုးရှိကုန်၏၊ကံသာလျှင် မှီရာရှိကုန်၏၊အယုတ်အမြတ်ဖြစ်ခြင်းငှာ သတ္တဝါတို့ကို ကံသာလျှင် ဝေဖန်၏"။ (စူဠကမ္မဝိဘင်္ဂသုတ်- မဇ္ဈိမနိကာယ်)။

ဤသို့လျှင် ဗုဒ္ဓသည် တောဒေးယျပုဏ္ဏားရဲ့သား သုဘလုလင်ကို မိန့်ကြားခဲ့လေသည်။ ဥပမာ ဗုဒ္ဓဒေသနာ၌ လူတို့၏အယုတ်အမြတ်ဖြစ်ခြင်းသည် ကံကြောင့်သာ ဖြစ်၏ဟု မိန့်ကြား၏၊ လောကလူ့ဘုံ၌ တံငါအလုပ်နှင့် အသက်မွေးဝမ်းကြောင်းမှုပြုပြီးနေသူကို တံငါဟုဆိုပြီး၊ စိုက်ပျိုးရေးနှင့် ဝမ်းကြောင်းသူကိုတောင်သူ ယာသမားသူလယ်သမားဟုခေါ်၏၊ဟစ်တလာသည် ဒုတိယကမ္ဘာစစ်ကြီး၏ တစ်တရားခံ ရာဇဝတ်ကောင်ဖြင့်သော်လည်း၊ဦးသန့်သည် ယနေ့ကမ္ဘာ၏ ငြိမ်းချမ်းရေး ဗိသုကာဖြစ်၏။

ဗုဒ္ဓသည် ကမ္မဝါဒကို လက်ခံသည်မှာ ကမ္မဝိပါက အဟူအဆ ဗုဒ္ဓဝါဒ၌ ပဓါနကျသည်တို့ဆင်ခြင်ခြင်းအားဖြင့် သိနိုင်လေသည်။ သို့သော် ဗုဒ္ဓလက်ခံသော ကမ္မဝိပါကသည်ကား ဂျိန်းဝါဒီတို့ ယူဆယုံကြည်သော ကမ္မဝါဒမျိုးလည်း မဟုတ်ချေ၊ ဂျိန်းဝါဒီ နိဂဏ္ဌတို့၏ အယူကား "ဤပုဂ္ဂိုလ်သတ္တဝါသည် အလုံးစုံသော သုခ, ဒုက္ခ, ဥပက္ခော ဝေဒနာကို ခံစား၏။ ယင်းခံစားမှု ဟူသမျှသည် ရှေးကပြုခဲ့သော အတိတ်ကံကြောင့်ဖြစ်၏။ ထို့ကြောင့် ပဉ္စာတပ အကျင့်ဖြင့် ကံဟောင်းတို့ကို ကင်းပျောက်စေလျက် ကံသစ်တို့ကိုလည်း နောက်ထပ် မပြုလုပ်ခြင်းကြောင့် နောင်အခါ၌ ဖြစ်ပွားခြင်း မရှိတော့ပြီ၊ နောင်အခါ၌ မဖြစ်ပွားခြင်းကြောင့် ကံကုန်၏။ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏၊ ဆင်းရဲကုန်ခြင်းကြောင့် ခံစားမှုကုန်၏။ ခံစားမှုကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခ အလုံးစုံသည် ကြေပျက်လတ္တံ့" (ဒေဝဒဟသုတ်—မဇ္ဈိမနိကာယ်) ဤသို့သော ကမ္မဝါဒကို ဗုဒ္ဓ ပယ်သည်မှာ ဤသုတ်၌ပင် ထင်ရှားလှသည်။

ရှင်းပြင် (အင်္ဂုတ္တိုရ်-တိကနိပါတ် တိတ္ထာယတနသုတ်)၌ ဆိုထားသော "ဤသတ္တဝါသည် အလုံးစုံသော သုခ, ဒုက္ခ, ဥပေက္ခာ, ဝေဒနာတို့ကို ခံစားရခြင်းသည် ရှေးက ပြုခဲ့သော အကြောင်းကြောင့်သာဖြစ်၏" ဟူသော သဗ္ဗပုဗ္ဗေကတဟေတုဝါဒ တို့ကဲ့လည်း မဟုတ်ချေ။ ဤအကြောင်းကို ယခုနေ့ ဗုဒ္ဓဝါဒီတို့သည် အထူးအလေးထား စဉ်းစားသင့်လေသည်။

ဗုဒ္ဓ၏ ကံကမ္မ ဝိပါက(ကံ ကံ၏ အကျိုး)ကို ယုံကြည်ပါသည်ဆိုသော ဗုဒ္ဓဝါဒီတို့သည် ဗုဒ္ဓဆိုလိုသော ကမ္မဝိပါကနှင့် သဗ္ဗပုဗ္ဗေကတဟေတုဝါဒတို့ရောထွေးလိမ်ရှုတ်နေကြသည်။ ဤတိတ္ထာယ တနသုတ်လာ ဗုဒ္ဓ၏ စကားများသည်၊ လူသတ္တဝါ တဦးတယောက်၏ ယခုလက်ရှိ ဘဝအခြေအနေကို အတိတ် ဘဝကံများကသာ ပြုပြင်စီမံသည်ဟူသော အယူကို ပယ်လေသည်။ ဗုဒ္ဓဆိုလိုလက်ခံသော ကမ္မဝါဒသည် လူတဦး၏ အတိတ်ကာလများကိုသာ ရည်ညွှန်းသည် မဟုတ်ချေ၊ မျက်မှောက် ဘဝကမ္မဝိပါကကိုသာရည်ညွှန်းရင်း ဖြစ်ပေသည်။

ဗုဒ္ဓသည် ဂျိန်းဝါဒီတို့၏ ကမ္မအယူအဆကို လက်မခံသလို၊ လူသား၏ ဘဝအခြေအနေတို့ကို အတိတ်ဘဝကံ တို့ကသာ ပြုပြင်စီမံသည်ဆိုသော ပုဗ္ဗေကတဟေတုဝါဒကို ပြတ်သားစွာ ပယ် လေသည်မှာ "တိတ္ထာယတနသုတ်တွင်ပင် ထင်ရှားလေသည်၊ ထိုသုတ်၌ ဗုဒ္ဓပယ်ခဲ့သော အကရိယဒိဋ္ဌိ သုံးမျိုးတို့မှာ "လူသားသတ္တဝါတို့၏ ချမ်းသာခံစားခြင်း၊ ဆင်းရဲခံစားခြင်း၊ လျစ်လျူရှု ခံစားခြင်းဟူသော ခံစားမှုအားလုံးကို ခံစားခြင်းသည် ရှေးက ပြုခဲ့သော အကြောင်းကံ (အတိတ်ကံ) ကြောင့်သာလျှင်ဖြစ်၏ဟု ဟူဆယုံကြည်၍ လောကကို အစိုးရသူ (ထာ

ဝရ ဘုရားပြုဟူ၍) စသည့်သို့ ဖန်ဆင်းမှုကြောင့်သာလျှင် ဖြစ်၏ဟု ယူ ဆယုံကြည်မှု၊ အကြောင်းမရှိ အထောက်အပံ့ မရှိဟူသော ယူဆယုံကြည်မှုတို့တည်း” (တိတ္ထာယတနသုတ်၊ တိကနိပါတ် အင်္ဂုတ္တိုရ်)။

ဤဒေသများကိုထောက်ဆသော် လူသားသတ္တဝါ၏ ဘဝအခြေအနေကို လူသားသည် ဖန်တီး ပြုလုပ်သည်ဟူသည်မှာ ထင်ရှားသည်။ ဗုဒ္ဓကမ္မဝါဒအရ လူသားသည် အပြုပြင်ခံ သတ္တဝါမဟုတ်ချေ၊ ပြုပြင်စီမံသော ပုဂ္ဂိုလ်သတ္တဝါ ဖြစ်လေသည်။ အတိတ်ကာလမှ အမှုများကို တွေးဆသုံးသပ်ပြီး အနာဂါတ်အတွက် မျှော်လင့်ချက်နှင့်အတူ ပစ္စုပ္ပန်တွင် ကမ္မများကို ပြုလုပ်သူဖြစ်၏၊ မိမိ၏ ကမ္မဝိပါက အတိုင်းသာ ဖြစ်ပျက်ရချေမည်ဖြစ်သည်၊ လူသားသတ္တဝါ၏ မျက်မှောက် ဘဝအခြေ အနေကို အတိတ်ဘဝကံတို့က ပြုပြင်စီမံသည်ဆိုခြင်းမှာ ကွာဟလှသော ယူဆချက်ဖြစ်သည်။ စင်စစ် ၎င်းယူဆမှုသည် ဗုဒ္ဓပယ်ခဲ့သော ယူဆမှုဖြစ်လေသည်။

ဗုဒ္ဓသည် ပုဗ္ဗေကတဟေတုဝါဒကို ပယ်ခဲ့သည်။ သို့သော် အထူးအားဖြင့် ဗုဒ္ဓဝါဒ စာပေများဖြစ်သော ဇာတ်နိပါတ်အဋ္ဌကထာတို့တွင် ကောင်းမှု မကောင်းမှုများဒိဋ္ဌဓမ္မ အကျိုးပေးမှုကို ဖေါ်ပြမထားဘဲ အတိတ်ကံစွဲယူမှုနှင့် တမလွန်ဘဝခံစားရမည့် ကောင်းကျိုးဆိုးပြစ်များကိုသာ အများအားဖြင့် ဖေါ်ပြထားကြလေသည်။ ထိုစာပေတို့၌ တခုခုသော မကောင်းမှုကံကို တခု သောဘဝ၌ ပြုခဲ့မိသဖြင့် ထိုအမှု၏ အကျိုးကို ဘဝများစွာ သံသရာ၌ အမြဲမသွေဒလစပ် ခံစားရသော ပုဂ္ဂိုလ်တို့၏ အဖြစ်သာဓကများရှိလေသည်။ ထို့ကြောင့်ပင် ၎င်း၏ စာပေ

များ၌ ပုဗ္ဗေကတဟေတုဝါဒ မကင်းဟုပင် ယူဆစရာ ဖြစ်လေသည်။

အပါဒါနိကျမ်း၌လည်း ထိုကဲ့သို့သော ယူဆမှု အငွေ့အသက်များကင်းသည်ဟု မဆိုနိုင်ချေ။ဗုဒ္ဓအားစိဉ္စာမာနက စွပ်စွဲခြင်း၊ ခေါင်းခဲခြင်း၊ ဒေဝဒတ်က သေကြောင်းကြံစည်ခြင်း၊ စသည်တို့သည် ဗုဒ္ဓ၏ အတိတ်ဘဝ မကောင်းမှုများ၏ ဝိပါတ်ဝဋ်များကြောင့်၊ ဖြစ်သည်ဟု ဆိုထားလေသည်။ ဗုဒ္ဓ၏ဝိပါတ်တော်ဆယ့်နှစ်ပါး စသည်တို့ကို ဖော်ပြထားလေသည်။ စင်စစ်ဤအယူအဆတို့သည် ပုဗ္ဗေကတဟေတု အယူအဆ မဖြစ်ပါဟု မဆိုနိုင်ချေ။အပါဒါနိကျမ်းသည် ဘီစီ—၃ ရာစု ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း သုံးရာကျော်မှ ပေါ်ပေါက်လာသော ကျမ်းဖြစ်သည်ဟု အနောက်ပိုင်း ပါဠိပညာရှင်တို့က ယူဆလေသည်။ ၎င်းထက် အနည်းငယ် ရှေးဦးကျသော ကထာဝတ္ထုကျမ်း၌ကား "အသက်ရှည်ခြင်း၊ အရုပ်ဆိုးခြင်း စသည်တို့သည် ကံကြောင်းဖြစ်သည် ဆိုသောအယူတို့သည် သမ္မတိယ, အန္ဓက, မဟာသံဃိက,စသောဗုဒ္ဓဝါဒီ ဂိုဏ်းတို့၏ အယူများဖြစ်သည်ဟု ကထာဝတ္ထုဆရာက ဆိုထားလေသည်။ (ဘီစီ-၃ ရာစု အိန္ဒိယပြည်အနောက်ပိုင်းရှိ အချို့သော ဗုဒ္ဓဝါဒီဂိုဏ်းများဖြစ်၏)။

ဤနေရာ၌ ဘီစီ တစ်ရာစုလောက်တွင် ပေါ်ပေါက်သည်ဟု ယူဆရသော မိလိန္ဒပဉှာကျမ်း၌ အရှင်နာဂသေန၏ အဖြေတို့ကိုကြည့်လျှင် အပါဒါနိဆရာ၏ အယူကို ချေပ ထားသည်အား တွေ့နိုင်၏။

မိလိန္ဒမင်း "အသျှင်ဘုရား နာဂသေန မြတ်စွာဘုရားသည် အကုသိုလ်အားလုံး ကုန်ခမ်းလောင်ကျွမ်းစေ၍ သဗ္ဗညု၊ အဖြစ်

သို့ ရောက်တော်မူပါသလော၊ ထိုသို့မဟုတ် အကုသိုလ်တို့ကို အကြွင်းသားလျက် သဗ္ဗညုအဖြစ်သို့ ရောက်တော်မူပါသလော”

သျှင်နာဂသေန “မင်းမြတ်, မြတ်စွာဘုရားသည် အကုသိုလ်အားလုံးကို ကုန်ခမ်းလောင်ကျွမ်းစေ၍ သဗ္ဗညုအဖြစ်သို့ရောက်၏၊ မြတ်စွာ ဘုရားအား အကုသိုလ်အကြွင်းအကျန်မရှိ”။

မိလိန္ဒမင်း၊ “အရှင်ဘုရား မြတ်စွာဘုရား၏ ကိုယ်၌ ဒုက္ခဝေဒနာတို့သည် ဖြစ်ဘူးကုန်သည် မဟုတ်ပါလော”။

သျှင်နာဂသေန“မင်းမြတ် ဖြစ်ဘူးကုန်၏၊ ရာဇဂြိုဟ်ပြည်၌ သိတင်းသုံးစဉ် ကျောက်ချပ်လွှာသည် မြတ်စွာဘုရား၏ ခြေတော်ကို ထိခိုက်ဖေါက်ခွဲအပ်၏၊ ဝမ်းသွေးသွန်သော ရောဂါ ဖြစ်၏၊ကိုယ်တော်သည် တောင့်တင်းခက်မာသည်ရှိသော် ဇီဝက ဆေးဆရာသည် ဝမ်းလျှောခြင်းကို ပြုအပ်၏- လေနာ ဖြစ်လတ်သော် အလုပ်အကြွေး မထေရ်သည် ရေနွေးကိုရှာမှီး စီရင်အပ်၏”။

မိလိန္ဒ“အသျှင်ဘုရား နာဂသေန၊ မြတ်စွာဘုရားသည် အကုသိုလ်ကံ အားလုံးကို ကုန်ခမ်းစေ၍ သဗ္ဗညု ဘုရားအဖြစ်သို့ အကယ်၍ ရောက်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်မူ ဘုရားရှင်အား ခြေတော်ကို ကျောက်ချပ်လွှာထိခိုက်ဖေါက်ခွဲခြင်း၊ ဝမ်းသွေးသွန်သော အနာဖြစ်ခြင်းတို့သည် မှား၏။ အသျှင်ဘုရား ကံနှင့်ကင်း၍ ခံစားမှု ဝေဒနာသည်မရှိ၊ ထိုခံစားမှု ဝေဒနာအားလုံးသည် ကံလျှင်အကြောင်းရင်း ရှိ၏၊ ထိုဝေဒနာကို ကံကြောင့်သာလျှင် ခံစားရသည် မဟုတ်ပါလော”၊

အသျှင်နာဂသေန“မင်းမြတ်ခံစားရမှု ဝေဒနာအားလုံးသည် ကံလျှင် အကြောင်းရင်း ရှိသည်မဟုတ်၊ လေ-သည်းခြေ-သလိပ်၊

သန္နိပါတိ- (ငှင်းသုံးပါး စုဝေးဖြစ်မှု) ဥတု၊ အစာအဟာရ၊ လုံ့လ-ကံ-ဟူသောဤရှစ်ပါးသော အကြောင်းတို့ကြောင့် ခံစားမှု ဝေဒနာတို့သည်ဖြစ်တတ်ကုန်၏။ မင်းမြတ် ထိုခံစားမှု အနာအားလုံးသည် ကံကြောင့်သာလျှင် အကယ်၍ ဖြစ်ကုန်ငြားအံ့၊ ထိုအနာတို့၏ လက္ခဏာအသီးသီးသည် မဖြစ်ပေကုန်ရာ၊ မင်းမြတ် လုံ့လကြောင့်ဖြစ်သော ဝေဒနာသည်ကား ပစ္စုပ္ပန်တွင် ပြုလုပ်အပ်သော အမှုကြောင့်ဖြစ်သော ဝေဒနာရှိ၏၊ ရှေးကံအကျိုးဖြစ်သော ဝေဒနာသည်ရှိ၏၊ ကံ၏ အကျိုးကြောင့် ဖြစ်သော ဝေဒနာသည်ရှေး၌ပြုလုပ်အပ်သော ကံကြောင့်ဖြစ်၏၊ ဤသို့ ကံအကျိုးကြောင့်ဖြစ်သော ဝေဒနာသည်နည်း၏။ ထိုမှကြွင်းသော အကြောင်းကြောင့်ဖြစ်သော ဝေဒနာများ၏။

ထိုသို့ ဝေဒနာဖြစ်ရာ၌ သူမိုက်တို့သည် "အလုံးစုံသော ဝေဒနာကို ကံအကျိုးကြောင့်သာဖြစ်ကုန်သည်" ဟု အယူသည်းကြကုန်၏။

"မင်းမြတ် ခြေတော်ကိုကျောက်ချပ် လွှာ ထိခိုက်ခြင်း သည် မကောင်းမှုကံကြောင့် ကျသည်ဖြစ်သည်မဟုတ်၊ လုံ့လကြောင့်သာဖြစ်၏။ဒေဝဒတ်သည် ရန်ညှိုးဖြင့် ကြီးမားသော ကျောက်လုံးကို ယန္တရားဖြင့်ယူ၍ မြတ်စွာဘုရား၏ဦးခေါင်းထက်၌ ချအံ့ဟု လွှတ်လိုက်၏။ ဘုရားထံသို့မရောက်မီ၌ ကျောက်တောင်ထွဋ်နှစ်ခုနှင့်တိုက်မိပြီး ကျောက်ချပ်လွှာသည် ကွဲထွက်ကာ စင်ကျလျက် မြတ်စွာဘုရား၏ခြေတော်၌ကျ၏" (မိလိန္ဒပဉှာ-ဣဒ္ဓိဗလဝဂ်-အကာလမရဏပဉှာ)။

အရှင်နာဂသေနသည် ဥပမာ အများအပြားပြပြီး ဖြေဆိုရုံမျှမက ပို၍ပြီးတိကျခိုင်မာစေရန် သံယုတ္တနိကာယ်မှဗုဒ္ဓဟောကြား

ခဲ့သော ဒေသနာသုတ် တခုကိုပါ ကိုးကားလျက် မိလိန္ဒမင်းအား ဖြေကြားလေသည်။ ထိုသုတ်သည် ပုဗ္ဗေကတ ဟေတုအယူရှိသော အတိတ်က°ဝါဒီတို့ အထူးသတိပြုသင့်လေသည်။ ယနေ့အများသော ဗုဒ္ဓဝါဒီအမည်ခံသော ပုဗ္ဗေကတ ဟေတု သမားများသည်လည်း သတိထားစဉ်းစားသင့်လေသည်။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ်ကဖြစ်သည်။ ထိုအခါ မောဠိယသီဝကမည်သော ပရိဗိုဇ်သည် ဗုဒ္ဓအား ဤသို့ မေးလျှောက်၏။

"အသျှင်ဂေါတမ- ဤသတ္တဝါပုဂ္ဂိုလ်သည် တစုံတခုသော သုခကိုဖြစ်စေ၊ ဒုက္ခကိုဖြစ်စေ၊ ဥပေက္ခာကို ဖြစ်စေ ခံစား၏။ ထိုအားလုံးသည် ရှေးက°အကြောင်းကြောင့် ဖြစ်၏ဟု ဆိုလေ့ရှိကုန်သောဤသို့ယူလေ့ ရှိကုန်သော အချို့သော သမဏ, ဗြာဟ္မဏတို့သည်ရှိကြကုန်၏။ ဤအရာ၌ အသျှင်ဂေါတမသည် အဘယ်သို့ဆိုပါသနည်း"။

"သီဝက- ဤလောက၌ သည်းခြေလျှင်ဖြစ်ကြောင်း ရှိကုန်သော အချို့သောဝေဒနာတို့သည် ဖြစ်ကုန်၏။ သလိပ်လျှင် ဖြစ်ကြောင်းရှိသော အချို့သောဝေဒနာတို့သည်ဖြစ်ကုန်၏။ လေလျှင်ဖြစ်ကြောင်းရှိသော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏။သည်းခြေ, သလိပ်, လေ သုံးပါး ပေါင်းဆုံခြင်းကြောင့်လျှင် ဖြစ်ကြောင်းရှိသော အချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏။ ဥတုဖေါက်ပြန်ခြင်းလျှင် ဖြစ်ကြောင်းရှိသော ဝေဒနာတို့သည် ဖြစ်ကုန်၏။ မညီမညွတ်ဆောင်ရွက်ခြင်းကြောင့်လည်း ဝေဒနာတို့သည် ဖြစ်ကုန်၏၊ သူတပါးတို့ လုံ့လ ပယောဂကြောင့်လည်း ဝေဒနာတို့သည် ဖြစ်ကုန်၏။ က°၏ အကျိုးကြောင့်

လည်း ဝေဒနာတို့သည် ဖြစ်ကုန်၏။ ဤအကြောင်းကို ဤသို့ ကိုယ်တိုင်လည်း သိအပ်၏။ သီဝက ဤလောက၌ ကံ၏အကျိုး ကြောင့် ဖြစ် ကုန် သော အချို့သော ဝေဒနာ တို့ သည် ဖြစ် ကုန်၏ ဟူသော ဤအကြောင်းကို လောကသည်လည်း အမှန်ဟု သမုတ်အပ်၏။ သီဝက ထိုသို့ဖြစ်ရာ ဤသတ္တဝါ ပုဂ္ဂိုလ်သည် တစုံတခုသော သုခကိုဖြစ်စေ၊ ဒုက္ခဖြစ်စေ၊ ဥပေက္ခာကို ဖြစ်စေ၊ ခံစား၏။ ထိုအားလုံးသည် ရှေးကံကြောင့် ဖြစ်၏ဟု ဤသို့ ဆိုလေ့ရှိကုန်သော သမဏဗြာဟ္မဏတို့သည် ကိုယ်တိုင် သိအပ် သည်ကိုလည်း ကျော်လွန်ကုန်၏။ လောက၌ အမှန်ဟု သမုတ် အပ်သည်ကိုလည်း ကျော်လွန်ကုန်၏။ ထိုသို့ ဖြစ် သော ကြောင့် ထိုသမဏဗြာဟ္မဏတို့၏စကားကို အမှားဟု ငါဆို၏"။ (သီဝက သုတ်- ဝေဒနာသံယုတ်)။

ဤဒေသနာသုတ္တန်၌ ဝေဒနာ ဖြစ်ကြောင်း၏ အကြောင်း တရားတခုအဖြစ် ကံကို ပြ ဆို ထား သော် လည်း ထိုကံသည် ပုဗ္ဗေကတ ဟေတု ရှေးရှေးဘဝက ပြုခဲ့သော အကြောင်းကံကို မဆိုလိုချေ။ ပစ္စက္ခကမ္မ ဝိပါကကိုသာ ဆိုလိုခြင်း ဖြစ်ပေ သည်။ ကမ္မဝိပါကပြုလုပ်ခြင်း၏ အကျိုးတရားသည် အတိတ် ဘဝကံ အကျုံးဝင်သည်ဟုဆိုနိုင်သော်လည်း သန္ဒိဋ္ဌိက၊ အကာလိက ဂုဏ် တော်စသည်တို့နှင့်ပြည့်စုံသော ဗုဒ္ဓဓမ္မ ဒေသနာတို့နှင့် အညီ အ တိတ်ဘဝအမှုများထက်မျက်မှောက်ဘဝအမှုများကိုသာအလေး ထားဆိုလိုခြင်းဖြစ်သည်ဟု ယူဆရပေမည်။ ၎င်းပြင် ဗုဒ္ဓ ဆိုလို သောကံသည် ကောင်းမှုကံ၊ မကောင်းမှုကံမျှသာမက လူသား တို့ပြုလုပ်သော အမှု၏ကံအားလုံးကို ဆိုလိုခြင်းဖြစ်ပေသည်။

လူတို့ပြုသော အမှုကိစ္စဟူသမျှကို ကုသိုလ်ကံ၊ အကုသိုလ်ကံ

ဟူ၍ အမြဲသတ်မှတ်မရနိုင်ချေ။ ကုသလ ကမ္မ, အကုသလကမ္မ,မှ လွတ်သောကံများသည်လည်း လူ့လောကတွင် အများအပြား အားဖြင့် ထူးထွေစွာရှိလေသည်။ထိုအားလုံးသော ကမ္မအမှုများ သည်သာ လူသားတို့၏ အခြေအနေ ဘဝတို့ကို ဖန်တီးနေခြင်း ဖြစ်ပေသည်။

လူသား လောကတွင် အရေးပါ ပဓါနကျသော ထိုကမ္မ အားလုံးကို ထည့်သွင်းစဉ်းစားယူဆပါမှ ဗုဒ္ဓ၏ဆိုလိုရင်းနှင့်ကိုက် ညီပေမည်။သို့မှသာ အကြောင်းအကျိုးနိယာမ တရားကိုအလေး အနက်ဟောခဲ့သော ဗုဒ္ဓ၏ကမ္မဝါဒသည်ဗုဒ္ဓ၏အကြောင်းအကျိုး နိယာမ ဒေသနာနှင့် ဟပ်စပ် ညီညွတ် လိုက် လျောမှု ရှိ လေမည် ဖြစ်သည်။

ကမ္မဝါဒ၌ အတိတ်ဘဝအမှုများသည် အ ကျုံး ဝင် သော် လည်း ပစ္စုပ္ပါန်အမှုများနှင့် စာသော် အရေးပါ ပဓါန ကျ လှ သည်မဟုတ်ချေ။ မျက်မှောက်ဘဝ အဖြစ်အပျက်တို့တွင်အတိတ် ဘဝကံ၏ အကျိုးဟုယုံကြည်ခြင်း၊ပစ္စုပ္ပန်အမှုများက တမလွန် ဘဝ၌ အကျိုးပေးမည်ဟု ယုံကြည်ခြင်းတို့သည် ယနေ့ ဗုဒ္ဓဝါဒီ လောကတွင် ထင်ရှားလှသည်။

တမလွန်ဘဝချမ်းသာမှုအတွက် သံသရာအထုပ်အထယ်လေး များရှိစေရန် ပြုမူခြင်း စသည်နှင့် တမလွန်ဘဝ အပါယ်တံခါး ပိတ်စေရန် ဝိပဿနာအားထုတ်ပွားများသည်ဆိုသော အမူအပြု တို့ဖြင့်ပင်အစွဲသည်ထင်ရှား၏။ဤသို့ယူဆမှုတို့သည် ဘဝ သံသရာ အယူအဆနှင့် ဆက်စပ်နေလေသည်။ အတိတ်ဘဝ အနာဂါတ် ဘဝ စသည်တို့ကို မစွဲလမ်းအပ်ကြောင်း ဗုဒ္ဓသည် အများ အပြား ဟောခဲ့လေသည်။

အတိတ်ဘဝ,အနာဂါတ်ဘဝ,စသည့်စွဲလမ်းမှုသည် ဗုဒ္ဓဝါဒ မဟုတ်ကြောင်း ဘဝသံသရာအခန်းတွင် ဒေသနာအများအပြား ဖြင့် ထင်ရှား၏။ ဗုဒ္ဓဝါဒီ အမည်ခံသော်လည်း အတိတ်ဘဝ, အနာဂါတ်ဘဝ စသည်တို့ကို စွဲလမ်းတမ်းတနေပါက ဗုဒ္ဓဝါဒ နှင့် တခြားစီဖြစ်နေပေမည်။ ပိဋကတ်သမိုင်းတွင် ခိုင်မာရှေးကျ သော သုတ္တန်တို့၌ ဗုဒ္ဓသည် အတိတ်ဘဝ, အနာဂါတ် ဘဝတို့ကို မစွဲလမ်းမတပ်မက်အပ်ကြောင်း အတိအလင်း ဟောကြားထား လေသည်။

"ဓေါတက, ပစ္စုပ္ပန်, အတိတ်, အနာဂါတ်, စသော တရား အားလုံးကိုအနိစ္စစသော အပြားအားဖြင့်သင်သိ၏။ လောက၌ ထိုတရားအားလုံးကို ကပ်ငြိတတ်သောတရားဟုသိ၍ ဘဝ ကြီး ငယ်၌ ဖြစ်ခြင်းငှာ တပ်မက်တွယ်တာမှု တဏှာကိုမပြုလေလင့်"။ (ဓေါတကမာဏဝပုစ္ဆာ-ပါရာယနဝဂ်သုတ္တနိပါတ်)။

"ဘဒြာဝုဓ အနာဂါတ်၌ရင်း၊ အတိတ်၌ရင်း၊ ပစ္စုပ္ပန်၌ရင်း စွဲယူမှုတဏှာအားလုံးကို ပယ်ဖြောက်ရာ၏။ မှန်၏၊ လောက၌ အကြင်,အကြင် ရုပ်ဝေဒနာစသော တရားကိုစွဲယူကုန်၏။ ထိုထို တရားဖြင့်သာလျှင် မာန်သည် သတ္တဝါသို့အစဉ်လိုက်၏"(ဘဒြာ ဝုဓ မာဏပုစ္ဆာ၊ ပါရာယနဝဂ်၊ သုတ္တနိပါတ်)။

"မေတ္တာဂူ ပစ္စုပ္ပန်၊အတိတ်၊အနာဂါတ်စသော တရားအား လုံးကို(အနိစ္စအားဖြင့်)သင်သိ၏။ထိုတရားအားလုံးတို့၌ နှစ်သက် မှုကိုရင်း၊ တဏှာဒိဋ္ဌိဟူသော တည်ရာအိမ်ကိုရင်း၊ အဘိသင်္ခါရ ဝိညာဏ်ကိုရင်း ပယ်နှုတ်လေလော့၊ထိုသို့ပယ်နှုတ်နိုင်သည်ရှိသော် ဘဝ၌မတည်ရာ" (မေတ္တာဂူမာဏဝပုစ္ဆာ ပါရာယနဝဂ် သုတ္တ နိပါတ်)။

ဤဒေသနာတို့ကို ကြည့်ရှုဆင်ခြင်လျှင် ဗုဒ္ဓသည်အတိတ်၊ အနာဂါတ်စသည်တို့၌ စွဲလန်းတပ်မက်မှုကိုပင် မလိုလားအပ်ဟူသည်ကို တွေ့ရချေမည်။ ဗုဒ္ဓဝါဒအရ အတိတ်ဘဝကံကို စွဲယူမှုတမလွန်ဘဝအကျိုးကိုမက်မော၍ ယခုဘဝအမှုကိစ္စများ ပြုမှုမှုသည် စင်စစ် ဗုဒ္ဓဝါဒနှင့်ဆန့်ကျင်လှ၏။ ဗုဒ္ဓဝါဒ၌ တပ်မက်မှုအစွဲတပ်မက်မှုဥပါဒါန်ရှိခြင်းသည် လိုလားအပ်သည်မဟုတ်ချေ။ ဘဝသံသရာ စွဲယူမှုနှင့်စပ်သော ကံ,ကံ၏အကျိုးကို ယုံကြည်သက်ဝင်မှုသည် စင်စစ်အားဖြင့် ဗုဒ္ဓဟောခဲ့သောသမ္မာဒိဋ္ဌိနှစ်မျိုးတို့တွင် အာသဝေါတရားတို့၏ အာရုံဖြစ်သော လောက သမ္မာဒိဋ္ဌိပင်ဖြစ်လေသည်။ 'အရိယာမဂ်၏ အစိတ်အပိုင်း ဖြစ်သော လောကုတ္တရာ သမ္မာဒိဋ္ဌိ'မဟုတ်ချေ။

ဗုဒ္ဓက သမ္မာဒိဋ္ဌိနှစ်မျိုးကို ဟောထားသည်မှာ "ရဟန်းတို့ ငါသည် မှန်စွာသိခြင်း" သမ္မာဒိဋ္ဌိနှစ်မျိုးရှိ၏ဟူ၍ ဟော၏။ ရဟန်းတို့ အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကိုပေးတတ်သော မှန်စွာသိမြင်ခြင်း၊ သမ္မာဒိဋ္ဌိသည်ရှိ၏၊ ရဟန်းတို့ အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်၍ လောကုတ္တရာမည်သော အရိယမဂ်၏ အစိတ်အပိုင်းဖြစ်သော မှန်စွာသိမြင်ခြင်း သမ္မာဒိဋ္ဌိသည်ရှိ၏။" (မဟာစတ္တာရီသကသုတ်၊ မဇ္ဈိမနိကာယ်)(လောက သမ္မာဒိဋ္ဌိကား အလှူ၏အကျိုး ယဇ်ပူဇော်မှု၏အကျိုး၊ ဟုန်းပူဇော်ခြင်းအကျိုး ကောင်းမှုကံမကောင်းမှုကံ၏အကျိုး၊'ဤလောက တပါးသောလောကရှိ၏ဟု သိမြင်ယူခြင်း၊ အမိအဖ ပြုစုကျွေးမွေးသောအကျိုး စသည်တို့ကို ဆိုလိုသည်)။(မဟာစတ္တာရီကသုတ်၊ မဇ္ဈိမနိကာယ်)။

ထိုကဲ့သို့သောကံ ကံ၏အကျိုးယုံကြည်မှုသည်ဗုဒ္ဓဝါဒ၏မဂ်ဖိုလ် အကျိုးမဟုတ်ချေ။ဗုဒ္ဓဝါဒသည် တမလွန်ဘဝ၌ ရရှိအပ်သော အကျိုးတရားကိုမျှော်မှန်းပြီး မြတ်သောအကျင့်ကိုကျင့် သုံးအပ်သည် မဟုတ်ချေ။ဗုဒ္ဓဝါဒ၌ တမလွန်ဘဝထက် အနတ္တတရားကို သိမြင်ပြီး မျက်မှောက်ဘဝ၌ နိဗ္ဗာန်ကို ရရှိခံစားမှုသည်သာ ပဓါနကျလေသည်။ ဤအကြောင်းသည် အင်္ဂုတ္တရပိဋကတ်ပါဠိတော်၏ မိန့်ကြားသောစကားဖြင့်ပင် ထင်ရှားလေသည်။

"မျက်မှောက်ဘဝ၌ခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား တမလွန်ဘဝ၌ ခံစားရမည့်အကျိုးရှိသော ကံဖြစ်ပါစေဟူ၍၎င်း၊ ရင့်ကျက်မှုခံစားရမည့် အကျိုးရှိသောကံသည် ငါ့အား မရင့်ကျက်မီ ခံစားရမည့်အကျိုးရှိသော ကံဖြစ်ပါစေဟူ၍၎င်း၊ ချမ်းချမ်းသာသာခံစားရမည့် အကျိုးရှိသောကံသည် ငါ့အား ဆင်းဆင်းရဲရဲ ခံစားရမည့်အကျိုးရှိသော ကံဖြစ်ပါစေဟူ၍၎င်း၊ များစွာခံစားရမည့် အကျိုးရှိသော ကံသည် ငါ့အား အနည်းငယ်ခံစားရမည့် အကျိုးရှိသော ကံဖြစ်ပါစေဟူ၍၎င်း၊ ခံစားရမည့်အကျိုးရှိသော ကံသည် ငါ့အား ခံစားရမည့်အကျိုးမရှိသော ကံဖြစ်ပါစေဟူ၍၎င်း၊ မျက်မှောက်ဘဝ၌ ခံစားရမည့်အကျိုးရှိသော ကံသည် တမလွန်ဘဝ၌ ခံစားရမည့်အကျိုးရှိသော ကံဖြစ်ပါစေဟူ၍၎င်း၊ ဤအကျိုးငှါ မြတ်စွာဘုရားအထံ၌မြတ်သော အကျင့်ကိုကျင့်သုံးသည် မဟုတ်ပါ။ငါ့သျှင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊မဂ္ဂသစ္စာတို့ကို မသိရမမြင်ရသေး၊ မရောက်ရသေး၊ မျက်မှောက်မပြုရသေး၊ ထိုးထွင်း၍မသိရသေးသောတရားကို သိနိုင်ရန်၊မြင်နိုင်ရန် ရောက်နိုင်ရန်၊ မျက်မှောက်ပြုနိုင်ရန်၊ ထိုးထွင်း၍ သိနိုင်ရန်

မြတ်စွာဘုရား၏အထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးနေပါ၏”(ကောဋ္ဌိကသုတ်၊ နဝကနိပါတ်၊ အင်္ဂုတ္တိုရ်)။

ဤဒေသနာတို့ကို ထောက်ဆလျှင် ဗုဒ္ဓဝါဒ၌ ကမ္မဝါဒအားဖြင့် အတိတ်၊ အနာဂါတ်စသည်တို့၌ စွဲယူမှု၊ မျှော်ကိုးမှု ရှိန်းနိုးတပ်မက်မှုတို့သည် မလိုလားအပ်ချေ။ ဗုဒ္ဓဝါဒီပီပြင် သူသည် သစ္စာလေးပါးကို သိမြင်မှုသည်သာ ပဓာနအဓိကဖြစ်လေသည်။ကမ္မဝါဒ၌ လိုသည်ထက်လွန်ကဲစွာ စွဲယူနေမှုသည် စင်စစ်အားဖြင့် ဗုဒ္ဓ၏ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး နိယာမ ဒေသနာကိုမသိ၊နားမလည်ခြင်းနှင့် အနတ္တဓမ္မကို မထင်နိုင်ခြင်းတို့သာ ဖြစ်ပေမည်။

လူတို့၌ ကမ္မဝါဒအစွဲလွန်ကဲမှုသည် ဘာသာတရားတို့၏ အမြင်ဖြင့် ကြည့်ပါက လောကတွင် အလွန်အံ့ဩလောက်အောင်ဖြစ်နေသောကြောင့် ဖြစ်ကောင်းဖြစ်ပေမည်။ လောက၌ လူကောင်းသူမွန်များ၊ တရားသဖြင့် ပြုမူနေထိုင် ကျင့်ကြံသော်လည်း ဆင်းရဲဒုက္ခရောက်နေပြီး၊ အချို့သော လူဆိုးလူယုတ်များ မတရားသဖြင့် ကြီးပွားချမ်းသာနေကြလေသည်။ ထိုသို့ဖြစ်နေသည်ကို လူတို့သည် မကျေနပ်သဖြင့် မိမိတို့ ယုံကြည်သော ဘာသာအားလျော်စွာ အဖြေရှာကြံလာကြပေမည်။ ဥပမာ– ခရစ်ယန်ဝါဒီတို့သည် ထာဝရဘုရားသခင်၏ အလိုတော်အတိုင်းဟု မှတ်ယူကြပြီး၊ ဗုဒ္ဓဘာသာဝင်တို့ကား အတိတ်ကံကြောင့်ဟု ဆိုကြလေမည်။စင်စစ် ဗုဒ္ဓလက်ခံသော ကမ္မဝိပါကကို နားမလည်သောကြောင့်သာ ဗုဒ္ဓဝါဒီတို့သည် အတိတ်ကံကို လက်ညှိုးညွှန်နေခြင်းဖြစ်သည်။တကယ်နားလည်ပါက ပစ္စက္ခဘဝ၏ ကမ္မဝိပါကအဖြစ် ရှုမြင်နားလည်နိုင်လေသည်။

မိဘက ချမ်းသာကြွယ်ဝသဖြင့် မွေးလာသော သားသမီးတို့သည်လည်း လူချမ်းသာလေးများဖြစ်သည်။ အကြောင်းတခုခုကြောင့် မွဲတေဆင်းရဲသွားလျှင် လူမွဲလေးများဖြစ်ပေမည်။ အကယ်၍ ၎င်းတို့၏ မိဘများသည် ဤသို့ချမ်းသာအောင် ပစ္စည်းဥစ္စာ မရှာမှီးခဲ့လျှင် ၎င်းတို့သည် လူချမ်းသာလေးများ မဖြစ်ခဲ့ချေ။ ပဓါနအားဖြင့် လူတို့အား ပစ္စုပ္ပန်ကမ္မတို့ကသာ ဖန်တီးလေသည်ဖြစ်၏။ အတိတ်ဘဝကံကို ငဲ့အပ်သော်လည်း အမှန်အားဖြင့် လူတို့၏ ချမ်းသာဆင်းရဲကို ဖန်တီးသော ပစ္စုပ္ပန်အကြောင်းတရားတို့မှာ မိမိ၏အပြုအမူ အခြားသူတို့၏ လုံ့လပယောဂပတ်ဝန်းကျင်တရားများ၊ ပတ်ဝန်းကျင် လူများစွာတို့၏ပယောဂရာသီဥတု သဘာဝတရားများ စသည်ဖြင့် များပြားထူးထွေလှသည်။ ဤသို့ ပစ္စုပ္ပန်အကြောင်းများအရေးပါ ပဓါနကျလှသော လူသားအား အတိတ်ကံသည် ငဲ့အပ်သည်မှတပါး မည်သို့မျှ ထိရောက်စွာ စွမ်းဆောင်နိုင်မည် မဟုတ်ချေ။

ယနေ့ကာလတွင် လူတို့၌ လောဘဒေါသ မောဟတရားများ ထူပြောများပြားမှုကြောင့် လူတို့သည် ဆင်းရဲဒုက္ခ ရောက်နေရသည်။ လူနေမှုစနစ်နှင့် စီးပွားရေးစနစ်များ မှားယွင်းနေသောကြောင့် လူကောင်းလူဆိုးအားလုံး ဆင်းရဲနေရခြင်းနှင့် သဘာဝတရား၏ ဒါဏ်ရာဒါဏ်ချက်တို့ကို အလူးအလဲ ခံစားနေရခြင်းတို့သည် လောက၏ပစ္စုပ္ပန်အမှုများကြောင့်သာဖြစ်သည်။ လူဆိုးလူသူတော်ကောင်း မခွဲခြားပဲ အကြောင်းကြောင်းတို့ဖြင့် ဒုက္ခရောက်နေရသော လူ့ဘုံလောကကြီး၌ လူသားအတွက်အတိတ်ဘဝကံ၏အကျိုးသည် မည်သို့များ ကောင်းကျိုး ဆိုးပြစ် အဖြစ်ခံစားနိုင်မည်နည်း။ လူ့လောက၌ ကမ္ဘာ့လူဆိုးကြီးများ ကောင်း

စားနေခြင်းနှင့် အပြစ်မဲ့များ ဒုက္ခရောက်နေခြင်းကို ကံစီမံသည့်အတိုင်းဖြစ်သည်။ ကံ၏အရာကို မကြံစည်အပ်ဟု အတိတ်ဘဝကံများကို ထောက်ပြနေမည့်အစား ဗုဒ္ဓ၏ ဒုက္ခသစ္စာကို ကျယ်ပြန့်စွာနားလည်သိမြင်ခြင်းက မှန်ကန်ပေမည်။

ဇာတကများ၊ အဋ္ဌကထာများတွင် မကောင်းမှု အကျိုးကို ဘဝပေါင်းများစွာခံစားရပုံများကို အတိတ်ကံ အကြောင်းကို ဆောင်ပြခြင်းများနှင့်အတူများစွာပါရှိလေသည်။ထိုကဲ့သို့သော အကြောင်းများကို ပိဋကတ်စာမပေတို့၌မတွေ့ရချေ။အလွန်နည်းပါးလှသောအချို့သုတ်တို့၌သာတွေ့ရလေ၏။ ထိုအယူသဘောတို့သည် အများအပြားသော ဗုဒ္ဓဒေသနာတို့နှင့် ဟပ်စပ်သည် မဟုတ်ချေ။

သုတ္တန်ဒေသနာတို့တွင် အတိတ် အကြောင်း ကို ဆောင်ရန် အလွန်သင့်လျော်သော အကြောင်းအရာတို့ကို တွေ့ကြုံရသော်လည်း ဗုဒ္ဓသည် အတိတ်အကြောင်း ဆောင်ခဲ့သည်ကို မတွေ့ရချေ။ထိုသို့အခါအခွင့်ကြုံသော်လည်း မဟောခဲ့ခြင်းသည် ယနေ့ယုံကြည်နေသောအတိတ်အယူအဆတို့၌ သံသယဖြစ်စရာအလွန်ကောင်းလေသည်။

ဥပမာ.... "ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ဗုဒ္ဓသီတင်းသုံးတော်မူစဉ်ဖြစ်၏။ ဥတေနမင်းဥယျာဉ်သို့ ထွက်သွားစဉ် နန်းတော်ကိုမီးလောင်လေ၏။ သာမာဝတီ အမှူးရှိသောမိန်းမငါးရာတို့သည်လည်း သေကြကုန်၏။ထိုအကြောင်းကိုဆွမ်းခံကြွရင်း ရဟန်းများကြားသိသဖြင့် ဗုဒ္ဓအားလျှောက်ထားကြကုန်၏။ထိုမိန်းမငါးရာတို့၏ လားရာဂတိကား အဘယ်ပါနည်း၊

တမလွန်ဘဝကား အဘယ်ပါနည်းဟု ရဟန်းတို့ မေးလျှောက်ကြ၏။

ထိုအခါ ဗုဒ္ဓသည် အတိတ်ကံကို လုံးဝမဟောကြားမူ၍ လားရာကိုလည်း မဟောကြားပဲ "ရဟန်းတို့.... ဤဥပါသိကာမအပေါင်းတို့တွင် သောတာပန် ဥပါသိကာမတို့သည် ရှိကုန်၏။ သကဒါဂါမိဥပါသိကာမတို့သည် ရှိကုန်၏။ အနာဂါမိ ဥပါသိကာမတို့သည် ရှိကုန်၏။ ရဟန်းတို့ အလုံးစုံသော ဥပါသိကာမတို့သည် အကျိုးမဲ့မဟုတ်ကုန်မူ၍ သေကြရကုန်၏"။ (ဥတေနသုတ်- ဥဒါန်းပါဠိတော်)။

ပရိဗိုဇ်အဖြစ် ဗုဒ္ဓနှင့်တွေ့ကာ ဗုဒ္ဓ၏တရားကိုကြားနာပြီး အာသဝေါကင်းသော ဗာဟိယမထေရ်သည် သားသယ်အမေနွားမ တွေ့သဖြင့် သေလေ၏။ ဗုဒ္ဓသည် အတိတ်ကံ အကြောင်း မည်သို့မျှ မဟောခဲ့ချေ။ (ဗောဓိဝဂ်ဗာဟိယသုတ်- ဥဒါန်းပါဠိတော်)။

ၐင်းပြင် အရုပ်ဆိုးသော ရဟန္တာတပါးနှင့်ပတ်သက်၍လည်း "ရဟန်းတို့၊ သင်တို့သည် များစွာသော ရဟန်းတို့၏ နောက်မှ လိုက်လာသော, မကောင်းသော အဆင်းရှိသော, မကောင်းသောအမြင်ရှိသော,ပုသော,အများအားဖြင့် ပုထုဇဉ် ရဟန်းတို့ ရှုံ့ချအပ်သော သဘောရှိသော ထိုရဟန်းကိုအဝေးကပင် မြင်ကြကုန်၏လော"။(အာရလကုဏ္ဍက ဘဒ္ဒိယသုတ်- ဥဒါန်းပါဠိတော်)။

ဤသို့သာ ဟောကြားခဲ့သည်။ ထိုရဟန္တာ၏ အတိတ်အကြောင်းကံကို လုံးဝမဟောခဲ့ချေ။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ဗုဒ္ဓသီတင်းသုံးနေတော်မူစဉ် ရဟန္တာတပါးဖြစ်သော

အသျှင်ဆန္ဒသည် ဓါးဖြင့် မိမိအသက်ကို ဆောင်လေသည်။ ထို အကြောင်းကို အသျှင်သာရိပုတြာက ဗုဒ္ဓအား လျှောက် ကြား သောအခါ "ပဋိသန္ဓေနေမှုသို့ ချည်းကပ်မှုသည် ဆန္ဒရဟန်းအား မရှိ၊ သာရိပုတြာဆန္ဒရဟန်းသည် ပဋိသန္ဓေသို့ချည်းကပ်ခြင်း မရှိပဲ ဆောင်လေပြီ" (ဆန္ဒသုတ်၊ သဠာယတနသံယုတ်) ဟု သာဟောသည်။ အတိတ်ကံအကြောင်းကို မဟောချေ။ ၎င်း အသျှင်ဆန္ဒ ရဟန်းကဲ့သို့ပင် အသျှင်ဂေါဓိကသည်မိမိအသက်ကို ဓါးလက်နက်ဖြင့် ဆောင်လေသည်။

ထိုအခါ ဗုဒ္ဓက "အမြစ်အရင်းနှင့် တကွသော တပ်မက်မှု တဏှာကိုနှုတ်ပါယ်၍ ဂေါဓိကသည် ပရိနိဗ္ဗာန်ပြု၏။ ပညာရှိတို့ သည် ဤသို့လျှင်ပြုကုန်၏။ မိမိ၏အသက်ကို အလိုမရှိကြကုန်" (ဂေါဓိကသုတ်၊ သဂါထာဝဂ္ဂသံယုတ်)။

ဤသို့သာဟောတော်မူသည်။ အတိတ်ကံအကြောင်းကို စိုး စဉ်းမျှပင်မဟောချေ။ဤဒေနာများသည် အတိတ်ကံအကြောင်း ကို ဆောင်ပြီး ဟောပါက အလွန်သင့်လျော်သော ဒေသနာတို့ ဖြစ်သော်သည်း ဗုဒ္ဓသည် မဟောခဲ့ချေ။ ထိုသို့ မဟောခဲ့ခြင်း သည် အတိတ်ကံစွဲယူမှုကို ဗုဒ္ဓပယ်တော်မူခြင်းသည် သိသာ၏။ အတိတ်ကံအကြောင်း စသည်တို့ကိုအရေးတယူအဆန်းတကျယ် ပြုဆိုထားသော စာပေတို့မှာလည်း ဇာတက အဋ္ဌကထာစသည် တို့သာဖြစ်လေ၏။

အစွဲဥပါဒါန် ရှိခြင်းသည် လူသားတို့ အဖို့ ကောင်း သော အခြင်းအရာမဟုတ်ချေ။ လူသားတို့သည် အကယ်၍ အတိတ် ကံအကြောင်းကိုသာစွဲယူနေပါကဘဝတိုးတက်မှုများလောကမှ လွတ်မြောက်မှုများ စသည်တို့သည်မဖြစ်နိုင်တော့ချေ။လူတို့အဖို့

၌လည်း တစုံတရာကို စွဲလမ်းနေပါက ထိုစွဲလမ်းမှု အကြောင်းခံ သောအကျိုးများသည် စင်စစ်ကောင်းကျိုးဖြစ်မည်မဟုတ်ချေ။ ဗုဒ္ဓ၏အလိုအားဖြင့်လည်းအတိတ်ဘဝကံကို အစွဲဉပါဒါန်ရှိအပ် သည်မဟုတ်ချေ။ အတိတ်ကံကို အစွဲဉပါဒါန်ရှိသော အယူဝါဒ သည်ကား ဗုဒ္ဓဝါဒမဟုတ်၊ဂျိန်းဝါဒီတို့၏အယူဝါဒဖြစ်လေသည်။ ထိုအတိတ်ကံစွဲယူသော ဂျိန်းဝါဒီတို့အား ဗုဒ္ဓကမိန့်ကြားသည် မှာ—

"ငါ့ရှင်နိဂဏ္ဌတို့, ငါတို့သည် ဤသို့ ဤသို့သော မကောင်း မှုကံကို ပြုခဲ့ကြဘူးကုန်ပြီဟု သင်တို့သိကြကုန်သလော"။ (ဒေဝ ဒဟာသုတ်၊ မဇ္ဈိမနိကာယ်)။ ဗုဒ္ဓသည် နိဂဏ္ဌတို့အား ဤသို့မေး မြန်းခြင်းသည် အတိတ်ဘဝကံ၌ စွဲလမ်းယူဆမှုကို ပြစ်တင်လို သောကြောင့်ဖြစ်လေသည်။

စင်စစ် အတိတ်ဘဝကံကို အဓိကစွဲယူဆမှုသည် နိဂဏ္ဌတို့၏ အယူအဆသာဖြစ်၏။ ထို့ကြောင့်ပင် ဂျိန်းရဟန်းတို့သည် ဗုဒ္ဓ အား အကရိယဝါဒီဖြစ်သည်ဟု စွပ်စွဲကြလေသည်။ ဂျိန်းတို့၏ သာဝကကြီးတဦးဖြစ်သော သီဟာစစ်သူကြီးသည် အကရိယဝါဒီ ဟုတ်,မဟုတ် မေးလျှောက်သည်ဆို၏။ (သီဟာသုတ်၊ အင်္ဂုတ္တ နိပါတ်၊အင်္ဂုတ္တိုရ်)။

နိဂဏ္ဌတို့ အယူကဲ့သို့ပင် ဗုဒ္ဓသည် ဗြဟ္မဏတို့၏ မဟာဗြဟ္မာ (ထာဝရဘုရား)ဝါဒအယူအဆကိုလည်း ကဲ့ရဲ့ပြစ်တင်လိုဟန် ရှိ သည်။ ထိုမဟာဗြဟ္မာ (ထာဝရဘုရား) ဝါဒနှင့် ပတ်သက်ပြီး မေးမြန်းချေပထားသည်မှာ ...

"စဝါသေဌ၊ဗေဒင်သုံးပုံဆောင်ပုဏ္ဏားတို့တွင် ဗြဟ္မာကို မျက်ဝါးထင်ထင်တွေ့မြင်ဘူးသော ပုဏ္ဏားတဦးတယောက်မျှ သော်လည်းရှိသလော၊ ဗြဟ္မာကိုမျက်ဝါးထင်ထင် တွေ့မြင်ဘူးသော ဗေဒင်သုံးပုံဆောင်ပုဏ္ဏားတို့၏ ဆရာ တဦးတယောက်မျှသော်လည်း ရှိသလော၊ဗြဟ္မာကို မျက်ဝါးထင်ထင်တွေ့မြင်ဘူးသော ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာ့ဆရာ တဦးတယောက်မျှ သော်သည်းရှိသလော၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာ ခုနစ်ဆက်တိုင်အောင် ဗြဟ္မာကို မျက်ဝါးထင်ထင် တွေ့မြင်ဘူးသော ဆရာ တဦးတယောက်မျှသော်သည်းရှိသလော"။ (တေဝိဇ္ဇသုတ်၊ ဒီဃနိကာယ်)။

ယနေ့ ဗုဒ္ဓဝါဒီတို့သည် မိမိတို့၏ပုဗ္ဗေကတဟေတု အယူရှိမှုကို ဆိုခဲ့သောအကြောင်းများကြောင့် ဗုဒ္ဓဝါဒ ဟုတ်မဟုတ်ဆိုသည်ကို သိသင့်လေသည်၊ အမှန်အားဖြင့် ပုဗ္ဗေကတဟေတုဝါဒသည် ဣဿရနိမ္မာန(ထာဝရဘုရားဖန်ဆင်းရှင်) ဝါဒကဲ့သို့ပင် ဗုဒ္ဓဝါဒမဟုတ်ချေ ကမ္မအယူအဆနှင့် ပတ်သတ်၍ ဗုဒ္ဓဝါဒီတို့သည် စွဲလန်းလွန်းလှသည်ဟု ဆိုသင့်လေသည်။ အဘယ်ကြောင့်နည်းမူ၊ ဗုဒ္ဓသည် အကုသလကမ္မဝိပါက ကုသလကမ္မဝိပါကတို့ကို အနာဂတ်၌ ခံစားရမည့်အချိန်၌ ဆင်းရဲဒုက္ခများဖြင့် မဟောကြားခဲ့သော်လည်း ဗုဒ္ဓဝါဒီတို့သည် တွဲဖက် စပ်ဟပ်ပြီး ကမ္မဝါးစွဲယူမှု ပြင်းပြနေကြလေသည် ဤသို့သော ဗုဒ္ဓဝါဒီတို့၏ အယူအဆတို့သည် ရှေးဦးမူလ ဗုဒ္ဓဝါဒ အစစ်ဖြစ်ပါ၏လောဟု သံသယရှိဖွယ် ဖြစ်လေသည်၊ ဤသို့သော အယူများကို ပိဋကတ်တွင် တွေ့ရသော်လည်း ဗုဒ္ဓဝါဒနှင့် အလွန်လိုက်လျော သဘာဝကျလှသော သုတ္တန်အချို့နှင့် ခြားနားလှလေ

သည်။ ဥပမာဖေါ်ပြခဲ့သော သီဝကသုတ်၌ ထိုအယူအဆများ လုံးဝ မပါရှိချေ၊ ၎င်းပြင်ဤသို့အယူအဆရှိသော ဗုဒ္ဓဝါဒီတို့ အထူးဆင်ခြင်သင့်သော သုတ္တန် တခုကား သန်မသုတ် ဖြစ်လေ သည်၊ ထိုသုတ်၌ ဆိုထားသည်မှာ ဗုဒ္ဓဝါဒီ ကမ္မစွဲ ပြင်းသူတို့ ယူဆသကဲ့သို့ အနာဂါတ် ကမ္မဝိပါကများကို ဟောမထားခြင်း ဖြစ်၏။

နိဂဏ္ဌတပည့်ဖြစ်သော အသိဗန္ဓက ၏သားရွာသူကြီးက ဗုဒ္ဓ မေးသဖြင့် နိဂဏ္ဌနာဋပုတ္တ၏ ဒဿနအယူအဆကို ဖြေကြားသည်မှာ၊ "အသျှင်ဘုရား နိဂဏ္ဌနာဋပုတ္တသည် အသက်ကို သတ်သူဟူသမျှ သည် အပယ်ကျ၏၊ ငရဲကျ၏၊ မပေးသည်ကို ခိုးယူသူ ဟူသမျှ သည် အပယ်ကျ၏၊ ငရဲကျ၏၊ ကာမတို့၌မှားယွင်းစွာ ကျင့်သူ ဟူသမျှသည်အပယ်ကျ၏၊ ငရဲကျ၏၊ မမှန်ပြောသူ ဟူသမျှသည် အပယ်ကျ၏၊ ငရဲကျ၏၊ များသော ထိုထိုကံကဆောင်သွား၏" ဟု လျှောက်ထား၏။

ဗုဒ္ဓက "ရွာသူကြီး နိဂဏ္ဌနာဋပုတ္တ၏ စကားအရ များသော ထိုထိုကံကဆောင်သွားခဲ့သော် တဦးတယောက်မျှအပယ်ကျသူ၊ ငရဲကျသူဟူ၍ မဖြစ်တော့လတ္တံ့၊ ရွာသူကြီး ဤလောက၌ အသက်သတ်သူ ဟူသမျှတို့သည်၊ ခိုးယူသူ ဟူသမျှတို့သည်၊ ကာမ တို့၌ ဖေါက်ပြန်စွာ ကျင့်သူဟူသမျှတို့သည်၊ မမှန်ပြောသူ ဟူသ မျှတို့သည်၊ အပယ်ကျ၏၊ ငရဲကျ၏ဟု အချို့သော ဆရာသည် ဆိုလေ့ ရှိယူလေ့ရှိ၏၊ ရွာသူကြီး ထိုဆရာကို ကြည်ညိုသော တပည့်အား ဤသို့အကြံသည်ဖြစ်၏။

အသက်ကို သတ်သူဟူသမျှသည် အပယ်ကျ၏၊ ငရဲကျ၏ဟု ငါ့ဆရာသည် ဆိုလေ့ရှိ၏၊ ယူလေ့ရှိ၏၊ အသက်ကို ငါ့သတ်

မိ၏၊ ငါသည်လည်း အပယ်ကျသူ ငရဲကျသူဖြစ်၏ဟု” အယူမှား ကိုရ၏၊ ရှာသူကြီး ထိုစကားကို မပယ်လျှင် ထိုစိတ်ကိုမပယ်လျှင် ထိုအယူကို မစွန့်လျှင် ဤအတူငရဲ၌ကျရ၏။

အကယ်၍ ထိုသူသည် မြတ်စွာသူရား၌ ကြည်ညိုသက်ဝင်၍ မြတ်စွာဘုရားသည် အသက်သတ်ခြင်း မပေးသည်ကို ခိုးယူခြင်း ကာမတို့၌ မှားယွင်းစွာကျင့်ခြင်း မုသား ပြောခြင်းတို့ကို အကြောင်းအမျိုးမျိုးဖြင့် ကဲ့ရဲ့တော်မူ၊ အထူးကဲ့ရဲ့တော်မူ၏။ ရှောင်ကြလော့ ဟုလည်းဟောတော်မူ၏၊ သူ့အသက်ကို ဤမျှ့ ဤမျှ ငါသတ်မိ၏၊ သူ့အသက်ကို ဤမျှ့ဤမျှ ငါသတ်မိခြင်း သည် မကောင်း၊ သို့သော်လည်း ငါသည် ထိုအကြောင်း ကြောင့် နှလုံးမသာယာဖြစ်ခဲ့ပါလျှင် ထိုမကောင်းမှုကို ငါမပြု ဟူ၍ ဖြစ်နိုင်လိမ့်မည် မဟုတ်ဟု ထိုသူသည် ဤသို့ ဆင်ခြင်၏။ ‘‘ထို အသက်သတ်ခြင်းကိုစွန့်၍ နောင်အခါ၌လည်း အသက်သတ် ခြင်းမှ ရှောင်ကြဉ်၏၊ ဤသို့ ထိုမကောင်းမှုကိုပယ်၏၊ ဤသို့ ထိုမကောင်းမှုမှ လွန်မြောက်၏’’။ (ခိုးခြင်း၊ ကာမတို့၌ မှားစွာ ကျင့်ခြင်း၊ မုသားပြောခြင်းတို့၌လည်း ထို့အတူပင်) (သဠာ ယတနဝဂ္ဂ-ဂါမဏိသံယုတ်-သင်္ခမသုတ်)။

ဤသင်္ခမသုတ်၌ ဗုဒ္ဓ၏ အယူအဆနှင့်ပတ်သက်ပြီး အာဇီဝ တသတ်မင်းကို ဗုဒ္ဓမိန့်ကြားသော စကားတို့အား အထူးဆင်ခြင် စဉ်းစားသင့်လေသည်၊ အများသော ဗုဒ္ဓဝါဒီတို့ သိရှိကြသည့် အတိုင်း ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ် မင်းသည် ထီးနန်းစည်းစိမ်ဟူသော အကြောင်းကြောင့် မိမိ၏ ဖခင်အရင်း ဗိမ္ဗိသာရကိုသတ်သူ ဖြစ်လေသည်၊ နောင်အခါ

အဇာတသတ်မင်းသည် ဗုဒ္ဓ၏ ဒေသနာဓမ္မကို ကြားနာချပြီး သောအခါ မိမိ၏အပြစ်ကို ဤသို့ဝန်ခံလျှောက်ကြား၏။

"အသျှင်ဘုရား မိုက်သည့်အလျှောက်၊ တွေဝေသည့် အလျှောက်၊ မလိမ္မာသည့်အလျှောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုးသွားခဲ့ပါ၏၊ အကျွန်ုပ်သည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို မင်းစည်းစိမ်ဟူသော အကြောင်းကြောင့် သတ်ခဲ့မိပါ၏။ မြတ်စွာဘုရားသည်ထိုအကျွန်ုပ် အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှာ အပြစ်ဟုလက်ခံ တော်မူပါ အသျှင်ဘုရား"။

"မင်းကြီး၊ မိုက်သည့်အလျှောက်၊ တွေဝေသည့် အလျှောက်၊ မလိမ္မာသည်အလျှောက် အပြစ်သည်သင့်ကို စင်စစ်လွှမ်းမိုးသွား ခဲ့၏၊ သင်သည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကိုသတ်ခဲ့မိ၏။မင်းကြီး၊ သင်သည်အပြစ်ကို အပြစ်ဟု မြင်၍ အပြစ်အား လျော်စွာ ကုစားသောကြောင့် သင်၏ ထိုအပြစ်ကိုအပြစ်ဟု ငါတို့လက်ခံကုန်၏၊ မင်းကြီး၊ အကြင်သူသည် အပြစ်ကို အပြစ်ဟုမြင်၍ အကြောင်းအားလျော်စွာ ကုစား၏၊ နောင်အခါစောင့်စည်း၏၊ ထိုသူ၏ကုစားခြင်းသည် အရိယာ၏ ဝိနည်း အဆုံးအမ၌ ကြီးပွားခြင်းပင်တည်း"။

အဇာတသမင်းသည် တရားတော်ကိုနှစ်လိုစွာကြားနာပြီး ပန် ကြားကာ ဖဲ့ခွာသွားလေ၏၊ ဆိုအခါ အဇာတသတ်မင်းကြီး ၏ အပြစ်နှင့်စပ်၍ ရဟန်းတို့အား မိန့်ကြပးသည်မှာ... ။

"ရဟန်းတို့၊ ဤမင်းသည် မိမိတည်ရာကို မိမိတူးဖြိုခဲ့၏၊ ရဟန်း တို့ ဤမင်းသည် မိမိကိုယ်ကို မိမိဖျက်ဆီးခဲ့၏။ရဟန်းတို့၊ ဤ မင်း သည် တရားစောင့်သော တရားသဖြင့် မင်းပြုသောခမည်းတော်

ကို မသတ်မိပါမူ၊ ဤမင်းအား ဤနေရာ၌ပင်လျှင် ကိလေသာ မြူ, အညစ်အကြေးကင်းသော တရားမျက်စိ (သောတာပတ္တိ မဂ်ဉာဏ်)သည်ဖြစ်ပေါ်ရာ၏။(သာမညဖလသုတ်-ဒီဃနိကာယ်) ဤသို့ပင် ဗုဒ္ဓသည် အဇာတသတ်မင်းအား သောတာပတ္တိမဂ် ဉာဏ်မှ ယုတ်လျော့ ကင်းဝေးသော ပုဂ္ဂိုလ်အဖြစ်မှ တပါးမည် သို့သော တမလွန်ဘဝအကြောင်းကိုမျှ ညွှန်းပြတော်မမူချေ။

ယနေ့ ဗုဒ္ဓဝါဒီတို့ ဆင်ခြင်ဝေဘန်သင့်သည်ကား၊ ဤသုတ် ၌ အပယ်ငရဲကမ္ဘဝိပါကဝဋ် စသည်တို့ မပါရှိခြင်းပင် ဖြစ်လေ သည်၊ ၎င်းပြင် ဤသည်တို့ကို ငဲ့လန်းခြင်းသည် ဗုဒ္ဓလုံးဝပယ်ခဲ့ သော ဥပါဒါန်လေးပါးတွင် ပါဝင်သော ဒိဋ္ဌုပါဒါန်နှင့်စွန်း ငြိနေခြင်းကိုလည်း သတိပြုသင့်လေသည်၊ ဗုဒ္ဓ၏ ဒုက္ခဖြစ် ကြောင်းအဖြစ် သမုဒယသစ္စာကို လက်ခံပါက၊ ဤသုတ်၏အယူ အဆများကိုလည်း လက်ခံနိုင်သင့်လေသည်။ ဗုဒ္ဓသည် တဏှာ ဥပါဒါန်ကို ဒုက္ခဆင်းရဲဖြစ်ကြောင်း တရားအဖြစ် ဟောထား ပါက စွဲလန်းမှု တမျိုးဖြစ်သော ဤဥပါဒါန်တရားသည်လည်း ဒုက္ခအကြောင်းတရားဖြစ်သည်မှာ မဆန်းချေ။

ဗုဒ္ဓဝါဒီပီပြင်သောသူသည် အနတ္တဝါဒကို နားလည်လက်ခံ သောသူဖြစ်သည်၊ အနတ္တဝါဒကို တကယ်လက်ခံ ယုံကြည်သူ သည် သေသည်မှ နောက်တမလွန်ဘဝအတွက် မိမိကောင်းစား ရေးကို ပြုလုပ်သင့်မသင့် စဉ်းစားရန်လိုလေသည်။ ဗုဒ္ဓဝါဒ အရ လက်ရှိ ရုပ်နာမ်ခန္ဓာတို့သည် တမလွန်ဘငသို့ ကူးပြောင်းသွား သည်မဟုတ်ချေ၊ တဏှာဥပါဒါန် တရားများကြောင့်သာ ဘဝ သစ်ဖြစ်ခြင်းသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတွင် ထင်ရှား၏၊ ဤ သို့ဆိုလျှင် ဗုဒ္ဓဝါဒီသည်တမလွန် ဘဝကောင်းစား ပြည့်စုံရန်

မျက်မှောက်ဘဝက ပြုလုပ်သင့်သည် မဟုတ်ချေ၊ မျက်မှောက်ဘဝ၌ တဏှာဥပါဒါန်းများကင်းရှင်းရန်သာ ပြုမူလုပ်ဆောင်သင့်လေသည်၊ သတ္တဝါ တဦးတယောက်၏ အစသည် ကမ္မဝါဒ အရသံသရာများစွာမှရှည်ကြာစွါသောကါလပတ်လုံး ကျင်လည်ခဲ့ရသော်လည်း မျက်မှောက်ဖြစ်သော ဘဝသည်သာ ပဓါနကျလေသည်၊ ဗုဒ္ဓဝါဒသည်လည်း မျက်မှောက် ဘဝအဖြစ်ကိုသာ အဓိကထားပြီး ဟောကြားခဲ့လေသည်၊ မျက်မှောက်ဘဝ၌ ဗုဒ္ဓ၏အဆုံးအမကိုနာခံ၍ကျင့်ကြံအားထုတ်ခြင်းသည်မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် ဖြစ်သည်။ တမလွန်ဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို ခံစားရန် မဟုတ်ချေ၊ သို့မှသာ ဗုဒ္ဓဓမ္မ၏ သန္ဒိဋ္ဌိကော၊ အကာလိကော စသော အရည်အသွေး ဂုဏ်တို့နှင့် ပြည့်စုံ မှန်ကန်လေမည်ဖြစ်သည်။

လူတို့သည် မိမိတို့ပြုမူသော ကမ္မဝိပါကများကို မိမိတို့သာလျှင် ခံစားစံစားလိုကြသည်၊ ဤသည်မှာ လူတို့၏ တဏှာသဘောပင်ဖြစ်ချေမည်၊ ဤတဏှာအရင်းခံ သဘောကြောင့်ဟူသည်မှာ မှန်သင့်လေသည်၊ လူတို့သည် တမလွန်ဘဝ၌ မိမိတို့ကိုယ်တိုင်ချမ်းသာသုခ စံစားရန်အမှုအမျိုးမျိုးပြုခြင်းတို့က ထင်ရှားလေသည်။ ကမ္မဝိပါကကို ဤသို့သဘောခံတ် စည်းသတ်၍ ရကောင်းသည်မဟုတ်ချေ၊ရသည်ဟုဆိုပါကအတ္တစွဲမကင်းဟုသာ ဆိုရချေမည်။ လူတဦး၏ကမ္မဝိပါကသည် အခြားသူများကိုပါ သက်ရောက်သလို အခြားသူများ၏ ကမ္မဝိပါက သည်လည်း ထို့အတူပင်ဖြစ်လေသည်။ အတိတ်ကာလမှ ကမ္မဝိပါကများကို ယနေ့ခံစားနေရသလိုယနေ့ ကမ္မဝိပါကများကိုလည်း အနာဂတ်တွင် ခံစားရအုံးမည်ဖြစ်သည်၊ ဤသည်မှာ အတိတ်ကာလက

လူများစွာတို့ ပြုလုပ်ခဲ့သော ကမ္မဝိပါကသည် အခြားသူများပါ ခံစားရခြင်းဖြစ်သည်၊ အနာဂါတ်ကာလအတွက်လည်း ယနေ့ လူများစွာတို့၏ ကမ္မဝိပါကတို့သည်ထို့တူသာဖြစ်သည်၊ လောကဥ္ဇ သားသမီးတို့သည် မိဖတို့၏ ကမ္မဝိပါက (ကောင်းမှု-မကောင်းမှုအကျိုး) ကောင်းမွေဆိုးမွေကို ခံစားရသလို၊ နိုင်ငံခေါင်းဆောင်များ၏ ကမ္မဝိပါက (အပြုအမူ အကျိုးတရား) သည် တနိုင်ငံလုံးကို ခံစားရလေမည်ဖြစ်သည်။ ဗုဒ္ဓ၏ ကမ္မဝါဒအရ ပုဂ္ဂိုလ်သတ္တဝါ တဦးတယောက်သည် မိမိပြုသော ကမ္မဝိပါက အကျိုးတရားကို ပဓါနအားဖြင့် မိမိသည်သာ ခံစားရမည်ဖြစ်သည်၊ သို့သော် ထိုသူပြုသော ကမ္မဝိပါကသည် အခြားသူတို့အားလည်း မသက်ရောက်ဟု မဆိုလိုချေ၊ ပဓါနအားဖြင့် မဟုတ်သော်လည်း တနည်းနည်းဖြင့် အကျိုးသက်ရောက်လေသည်။ ဗုဒ္ဓ၏ ဘုရားဖြစ်ရန် သစ္စာလေးပါး သိမြင်ရန် ကျင့်ကြံအားထုတ်ခြင်းသည် ပဓါနအားဖြင့် ဗုဒ္ဓအား အကျိုးခံစားရမည့်အပြင် အခြားသောသူများပါ တနည်းအားဖြင့် အကျိုးသက်ရောက် ခံစားရသည်မှာ ယနေ့တိုင် ထင်ရှားလှလေသည်။

## ၂။ တမလွန်ဘဝ။

လူသားတို့၏အသိအမြင်၊ အတတ်ပညာ၊ ယဉ်ကျေးမှုစသည်တို့သည် ယနေ့အခါကာလ၌ အလွန်ပင်အံ့မခန်း တိုးတက်မြင့်မားလေသည်။အထူးသဖြင့် ရုပ်ပစ္စည်းဝတ္ထုနှင့် ရုပ်ပညာတို့မှာ ရင်သပ်ရှုမောလောက်အောင်ပင် တိုးတက်လေသည်။ ဤသို့ အသိအမြင် သိပ္ပံပညာများ ကောင်းမွန်လာသည်နှင့်အတူ လူသားတို့၏ တမလွန်ဘဝယုံကြည်မှုသည်လည်း တမျိုးတမည်ဖြစ်လာသည်။ယနေ့လူသား အတော်များများတို့သည် တမလွန်ဘဝကို ယုံကြည်မှု မရှိကြချေ။ တမလွန်ဘဝကို မယုံကြည်သောသူများသည် များသောအားဖြင့် ရုပ်ဝါဒီများဖြစ်သော်လည်း ရုပ်ဝါဒီမဟုတ်သူများသည်လည်း ပါရှိလေသည်။ တမလွန်ဘဝကို ယုံကြည်သောသူများမှာ များသောအားဖြင့် ဘာသာရေးသက်ဝင်သူများသာဖြစ်သည်။ကုန်ခဲ့သော နှစ်ပေါင်းတရာခန့်က တမလွန်ဘဝကို ယုံကြည်သောသူများသည် ကမ္ဘာတခုလုံး များပြားလှသည်။ မိမိတို့သက်ဝင်သော ယုံကြည်သော ဘာသာရေးအဆိုအမိန့် အယူအဆများအလိုက် ခြားနားသော အကြောင်းနှင့် တမလွန်ဘဝကို အသီးသီး ယုံကြည်ကြလေသည်။ နောင်သိပ္ပံပညာ တိုးတက်ထွန်းကားလာသောအခါ တမလွန်ဘဝကို မယုံကြည်သောသူများ ကမ္ဘာတွင်များပြားစွာ ရှိလာလေသည်။

တမလွန်ဘဝယုံကြည်မှု၊ မယုံကြည်မှုဟူသော အစွန်းနှစ်ဖက်ပြဿနာတွင် သိပ္ပံပညာသည် ချိန်ခွင်လျှာဖြစ်လာသည်။ ယနေ့

အချို့သော ဘာသာတရားတို့၏ ရပ်တည်မှုသည် တမလွန်ဘဝ ရှိမှု၊ မရှိမှုပေါ်တွင် အခြေတည်နေသည်။ တမလွန်ဘဝမရှိဟု ဆိုပါက အချို့သောဘာသာတရားတို့သည် အဓိပ္ပါယ်မရှိဖြစ်ချေတော့မည်ဖြစ်၏။ သို့သော် တမလွန်ဘဝဟူသော အယူအဆကို သိပ္ပံပညာဖြင့် ကေန်ကေရှိပါသည်၊ မရှိပါဟု ရှာဖွေတိုင်းတာ၍ ရအပ်သော အယူအဆ မဟုတ်ချေ။ အင်္ဂလန်နိုင်ငံမှ "စိတ်စိညာဏ် သုတေသနအသင်း" (Psychical Research Society London) ၁၈၈၇-ခု၏ လုပ်ဆောင်ချက်များကြောင့် သိပ္ပံနည်းအရ တမလွန်ဘဝ ပရလောကကို တမျိုးသောအနေအထားအားဖြင့် ရှိသည်ဟုဆိုနိုင်သောကြောင့်ပင် တမလွန်ဘဝပြဿနာ၌ အလွန်အကျွံ တဖက်စွန်းရောက်မှုတို့ကို ဖယ်ရှားနိုင်ခဲ့လေသည်။

တမလွန်ဘဝယုံကြည်မှုသည်လည်း ဗုဒ္ဓဝါဒီတို့တွင် အရေးပါစွာရှိလေသည်။ ဗုဒ္ဓမပွင့်မီအခါကပင် တမလွန်ဘဝရှိမှု၊ မရှိမှုစသည်တို့သည် အိန္ဒိယမဇ္ဈိမဒေသ ဘာသာရေးနယ်တွင် အရေးပါသော ပြဿနာများအဖြစ်ရှိလေသည်။ များသောအားဖြင့် ထိုအခါက တမလွန်ဘဝ ပရလောကကို လူတို့ယုံကြည်ကြလေသည်။ ကမ္ဘာ့သမိုင်းတလျှောက်တွင်လည်း ဘီစီရာစုနှစ်များက ကမ္ဘာတွင်ပေါ်ပေါက်ခဲ့သော လူ့အဖွဲ့အစည်း အားလုံးတို့သည် ကိုယ့်အယူအဆနှင့်ကိုယ် တမလွန်ဘဝကို အနည်းနည်းယုံကြည်ကြလေသည်။ ဗုဒ္ဓလက်ထက်က ဗုဒ္ဓအား တမလွန်ဘဝရှိ၊ မရှိ၊ တမလွန်ဘဝ၌ ဖြစ်၊ မဖြစ် စသည်တို့ကို ဘာသာရေး လူတန်းစားအသီးသီးက မေးမြန်းကြသည်မှာ ပိဋကတ်တွင် ထင်ရှားစွာပါရှိလေသည်။

ထိုအခါက လူတို့သည် တမလွန်ဘဝအကြောင်းကို အလွန်သိလိုကြလေသည်၊ ဗုဒ္ဓ၏သာဝက ဘိက္ခုများတွင်းမှပင်တမလွန်ဘဝအကြောင်းသိလိုခြင်းသည် မာလုကျပုတ္တထေရ်၌ ထင်ရှား၏။ (စူဠမာလုကျပုတ္တသုတ်၊ မဇ္ဈိမနိကာယ်)။

ရင်းအပြင် ဗုဒ္ဓ၏ညီတော်လည်း ဖြစ်အတူနေသာဝကတပည့်ကြီးလည်းဖြစ်သော အသျှင်အာနန္ဒာသည်ပင် တမလွန်လောကလူတို့၏တမလွန်ဘဝအကြောင်းကို သိလိုသဖြင့် မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက "အာနန္ဒာ၊ လူသေတိုင်း သေတိုင်းပင် ငါဘုရားထံသို့ ချဉ်းကပ်၍ ဤအကြောင်းအရာကို မေးမြန်းနေပါက ငါဘုရားအား ပင်ပန်းစေရုံမျှသာ ဖြစ်ရာ၏" ဟု မိန့်လေသည်။ (မဟာပရိနိဗ္ဗာနသုတ်၊ ဒီဃနိကာယ်)။

ဗုဒ္ဓသည် တမလွန်ဘဝ ပရလောက စသော ပြဿနာတို့ မေးတိုင်းမေးတိုင်းပင်ရှိ၏၊ မရှိ၏ဟုမည်သို့မျှမဖြေချေ။သစ္စာလေးပါးတရား ငရှိစ္စသမုပ္ပါဒ်ဒေသနာ အနတ္တစမ္မတို့ကိုသာ အကြောင်းအားလျော်စွာ ဟောကြားလေသည်။ ဤသို့ဗုဒ္ဓမဖြေကြားခြင်းသည် မသိ၍မဟုတ်ချေ။ မိမိဟောကြားအပ်သော မဂ်ဖိုလ်နိဗ္ဗာန်အကျိုးနှင့်မဟပ်စပ်သောကြောင့်သာဖြစ်၏။ သို့သော်—ပုဂ္ဂိုလ်အနေအသားအလျောက် အကျိုးစီးပွါးဖြစ်ဖွယ်တို့၌ကား တမလွန်ဘဝ, ပရလောက ရှိမှု,ဖြစ်မှု,မရှိမှု,မဖြစ်မှု,တို့ကို ပုဂ္ဂိုလ်အားလျော်စွာဟောကြားခဲ့၏။

ဤအကြောင်းသည် ပိဋကတ်မှ တမလွန်ဘဝ, ပရလောကနှင့် စပ်သောဒေသနာတို့ကို ကြည့်လျှင် သိသာထင် ရှားလှလေသည်။ သဗ္ဗာယဗေလဋ္ဌပုတ္တ(သျှင်မောဂ္ဂလန်၊ သျှင်သာရိပုတြာတို့၏မူလဆရာ သိဉ္စည်းပရိဗိုဇ်)ကဲ့သို့ "ဤသို့မဟုတ်,ထိုသို့မဟုတ်,

ဤသို့လည်း ငါမယူ, ထိုသို့လည်း ငါမယူ”ဟူ၍ အမရာဝိက္ခေပဝါဒမဟုတ်ချေ။ သဗ္ဗညုသည် အလွန်အတွေးအခေါ် ကြီးမားသဖြင့် ထိုသို့မဖြေကြားနိုင်ခြင်းဖြစ်သည်ဆို၏။

တမလွန်ဘဝ,ပရလောကရှိမှု, မရှိမှုသည် အခြားသော ဘာသာတရားတို့တွင် အဓိကအခြေခံတရားဖြစ်ကောင်းဖြစ်မည် ဖြစ်သော်လည်း ဗုဒ္ဓဝါဒ၌ တမလွန်ဘဝရှိမှု,မရှိမှု,ပရလောက ရှိမှု, မရှိမှုသည် အကြောင်းမဟုတ်ချေ။ ဗုဒ္ဓဝါဒ၌ တမလွန် ဘဝ ပရလောက စသည်တို့ ပဓါနအဖြစ် အရေးမပါခြင်းသည် အံ့သြစရာမဟုတ်။ ဗုဒ္ဓဝါဒသည် တမလွန်ဘဝ ပရလောက စသည်တို့၌ ကောင်းစားချမ်းသာရေးကို ဟောကြားသော ဝါဒ မဟုတ်ချေ။

ဗုဒ္ဓဝါဒ၏မဂ်ဖိုလ်နိဗ္ဗာန်တရားတို့သည် တမလွန် ဘဝ၌သာ ရရှိခံစားအပ်သောတရားတို့ မဟုတ်ချေ။မျက်မှောက်ဘဝ, မျက်မှောက်ကိုယ်၏အဖြစ်၌ပင် ရရှိခံစားအပ်သောတရားများဖြစ်၏။ မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှာ ကျင့်ကြံအားထုတ်ရာ၌ ဗုဒ္ဓသည်ပစ္စုပ္ပန်ဘဝ ပစ္စက္ခအဖြစ်ကိုသာ ဦးစားပေး, ပဓါနထား ဟောခဲ့လေသည်။

ဗုဒ္ဓသည် မိမိ၏ဓမ္မဒေသနာများအရ တမလွန်ဘဝကို မရည်ရွယ်သဖြင့် မိမိ၏ ဓမ္မဒေသနာတို့၏ ဂုဏ်အင်္ဂါကို သန္ဒိဋ္ဌိကော, အကာလိကော,ဟေိပဿိကော,ဟူ၍ အခါအခါ အထပ်ထပ် မိန့်ကြားခဲ့ခြင်းဖြစ်လေသည်။ ဤသည်ပင်လျှင် အခြားသော ဘာသာဝါဒတို့နှင့် ဗုဒ္ဓဝါဒတို့၏ ကြီးစွာသော ခြားနားခြင်းပင်ဖြစ်လေသည်။ ထို့ကြောင့်ပင် တမလွန်ဘဝ, ပရလောက စသည်တို့ ရှိမှု,မရှိမှုသည် ဗုဒ္ဓဝါဒအဖို့ အကြောင်းမဟုတ်ချေ။

ဤအကြောင်းကို တမလွန်ဘဝအား ဦးစားပေး အလေး ထားလွန်းသော ဗုဒ္ဓဝါဒီတို့သတိထားသင့်လေသည်။ မဂ်ဖိုလ် နိဗ္ဗာန်ကိုလိုလားသော ဗုဒ္ဓဝါဒီအဖို့ တမလွန်ဘဝ ပရလောက စသည်တို့သည်အကြောင်းမဟုတ်ချေ။ တမလွန်ဘဝပရလောက စသည်တို့ကို စွဲလန်းနေပါက ဗုဒ္ဓဟောခဲ့သော တရားများမှ မလွတ်မြောက်နိုင်၊ ဥပါဒါန်ကပ်လေမည်ဖြစ်သည်။ စင်စစ် ဗုဒ္ဓ ဝါဒီ၏ ပဓါနအကျဆုံးအလုပ်ကား အစွဲကင်းကင်းနှင့် မဂ်ဖိုလ် နိဗ္ဗာန်ကို ရရန်ကျင့်သုံးခြင်းပင်ဖြစ်သည်။ တဏှာစွဲ ဥပါဒါန်စွဲ များ ကင်းစင်မှလည်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိခံစား မျက်မှောက် ပြုနိုင်မည်ဖြစ်သည်။ မဂ်ဖိုလ်နိဗ္ဗာန်အကျိုး ကျင့်သုံး အားထုတ် ရာ၌ တမလွန်ဘဝ ပရလောက စသည်တို့ကို စွဲယူ အလေးထား ခြင်းကို ဗုဒ္ဓသည် မလိုလားချေ။

သာဝတ္ထိပြည်၌ ဗုဒ္ဓဇေတဝန်ကျောင်းတွင် သီတင်းသုံးစဉ်က ဖြစ်၏။ အသျှင်မာလုကျပုတ္တသည် မိမိဘပါးတည်းကိန်းအောင်း နေရင်းမှ အကြံဖြစ်သည်မှာ၊ "လောကသည်မြဲ–မမြဲ၊ အဆုံးရှိ– မရှိ၊ အသက်သည်ပင်ကိုယ်၊ အလက်တခြား ကိုယ်တခြား၊ သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်-မဖြစ် စသည်တို့ကို ဗုဒ္ဓ အား မေးလျှောက်အံ့၊ ဗုဒ္ဓဟောကြားလျှင်ရှိစေ၊ အကယ်၍ မ ဟောကြားလျှင် လူထွက်အံ့"ဟု ကြံပြီး ဗုဒ္ဓအား မေးလျှောက် လေသည်၊ ထိုအခါဗုဒ္ဓက "မာလုကျပုတ္တ=လောကသည် မြဲ၏ ဟူ၍ငင်း၊ အမြဲဟူ၍ငင်း၊ အဆုံးရှိ၏ ဟူ၍ငင်း၊ အဆုံးမရှိဟူ၍ ငင်း၊ အသက်သည် ပင်ကိုယ်ဟူ၍ငင်း၊ အသက်တခြား ကိုယ် တခြားဟူ၍ငင်း၊ သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်၏ ဟူ၍ငင်း၊ သေသည်မှ နောက်၌ မဖြစ်ဟူ၍ငင်း "မြတ်စွာဘုရား

သည် ငါ့အား မဟော့ကြားသေးသမျှ ငါသည်မြတ်စွာဘုရား ထံ၌ မြတ်သော ရဟန်းအကျင့်ကို မကျင့်အံ့ဟု အကြင်သူက ဆိုငြားအံ့၊ မာလုကျပုတ္တ ထိုသူသည် ထိုသို့မကျင့်ရသေး မီပင် သေလေရာ၏၊ ထိုအကြောင်းကို ဘုရား မဟောထားသည်သာ ဖြစ်၏"

"မာလုကျပုတ္တ ဥပမာသော်ကား ယောကျ်ားတယောက် သည် အဆိပ်လူး မြှားမှန်၏၊ ၎င်း၏မိတ်ဆွေခင်ပွန်းဆွေမျိုးသား ချင်းတို့က ဆေးဆရာကို ခေါ်လာ၏၊ ထိုမြှားမှန်ခံရသော ယောကျ်ားသည် မြှားပြစ်သူကို မင်းဟူ၍၎င်း၊ ပုဏ္ဏားဟူ၍၎င်း၊ ကုန်သည်ဟူ၍၎င်း၊ သူဆင်းရဲဟူ၍၎င်း၊ အမည်အနွယ် ပုံပန်း သဏ္ဍာန်၊ အသွေးအမွေး၊ မည်သည့်မြို့ရွာမှ၊ မည်သို့သောလေး၊ ညှို့၊ မြှားတံ၊ မြှားတောင် စသည်ကို ,မသိရသေးသမျှ ဤမြှား ကို မနှုတ်အံ့ဟုဆိုအံ့၊ မနှုတ်ရသေးမီပင် သေလေရာ၏၊ ထိုအ ကြောင်းကို ယောကျ်ားသည် မသိနိုင်သည်သာလျှင်တည်း"

"မာလုကျပုတ္တ-လောကသည် မြဲ၏ဟုအယူရှိလတ်သော်၎င်း၊ မမြဲဟု အယူရှိသော်၎င်း၊အဆုံးရှိ၏ဟု အယူရှိသော်၎င်း၊ အဆုံး မရှိဟု အယူရှိသော်၎င်း၊ အသက်သည်ပင် ကိုယ်ဟုအယူရှိသော် ၎င်း၊ အသက်တခြား ကိုယ်တခြားဟု အယူရှိသော်၎င်း၊ သတ္တဝါ သည် သေသည်မှနောက်၌ဖြစ်၏ဟုအယူရှိသော်၎င်း၊ သေသည်မှ နောက်၌ မဖြစ်ဟု အယူရှိသော်၎င်း၊ မြတ်သောအကျင့်ကို ကျင့် သုံးခြင်းသည် ဖြစ်နိုင်ရာ သလောဟူမူ၊ ဤသို့ အယူရှိသော် မဖြစ်နိုင်"

"မာလုကျပုတ္တ ထိုအကြောင်းကို အဘယ်ကြောင့် ငါမဟောသနည်း၊ မာလုကျပုတ္တ ထိုအကြောင်းသည်အကျိုးစီးပွားနှင့်မစပ်ဖြစ်သောသာသနာတော်၏ အစအနမျှလည်းမဖြစ်၊ ဝဋ္ဋ်ဆင်းရဲကို ငြီးငွေ့ခြင်းငှာ ရာဂကင်းခြင်းငှာ၊ ရာဂချုပ်ခြင်းငှာ ကိလေသာမီးငြိမ်းခြင်းငှာ၊ ထူးသောဉာဏ်ဖြင့် သိမြင်ခြင်းငှာ၊ သစ္စာလေးပါးကိုသိခြင်းငှာ၊ သံယောဇဉ် ကိလေသာ ချုပ်ခြင်းငှာ မဖြစ်နိုင်၊ ထို့ကြောင့် ထိုအကြောင်းအရာကို ငါဘုရားမဟောကြား"

"မာလုကျပုတ္တ အဘယ်ကို ငါဘုရား ဟောကြားသနည်း၊ ဤကား ဆင်းရဲတည်းဟု ငါဟောကြား၏၊ ဤကားဆင်းရဲဖြစ်ကြောင်း တည်းဟု ငါဟောကြား၏၊ ဤကား ဆင်းရဲချုပ်ရာတည်းဟု ငါဟောကြား၏၊ ဤကား ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းအကျင့်တည်းဟု ငါဟောကြား၏၊ မာလုကျပုတ္တ အဘယ့်ကြောင့်ငါဟောကြားသနည်း မာလုကျပုတ္တ ထိုတရားသည် အကျိုးစီးပွားနှင့် စပ်၏၊ မြတ်သောအကျင့် ဖြစ်သောသာသနာတော်၏အစအန ဖြစ်၏၊ ဝဋ္ဋ်ဆင်းရဲ၏ ငြီးငွေ့ခြင်းငှာ၊ ရာဂကင်းခြင်းငှာ၊ ရာဂချုပ်ခြင်းငှာ၊ ကိလေသာမီးအေးငြိမ်းခြင်းငှာ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ သစ္စာလေးပါးကို သိမြင်ခြင်းငှာ၊ သံယောဇဉ် ကိလေသာ ချုပ်ငြိမ်းခြင်းငှာဖြစ်၏၊ ထို့ကြောင့်ထိုတရားကို ငါဟောကြား၏" (စူဠမာလုကျပုတ္တသုတ်-မဇ္ဈိမနိကာယ်)။

ဤဒေသနာတော်အရမဂ်တရားဖိုလ်တရားကို ရရှိမျက်မှောက်ပြုလိုသော ဗုဒ္ဓဝါဒီသည် တမလွန်ဘဝ ပရလောကစသည်တို့၌ စွဲယူမှု၊ ထိုတမလွန်ဘဝ ပရလောက စသည်တို့၌ တဖန်ဖြစ်မှု.

မဖြစ်မှုသည် ပမာဒ မဟုတ်ချေ၊ မာလုကျပုတ္တ ထေရ်အား ဗုဒ္ဓ ဟောသကဲ့သို့ပင် ဤအယူတို့ကို ယူဆပက မြတ်သော အရိယာ အကျင့်မြတ်ကျင့်သုံးမှုသည် မဖြစ်နိုင်တော့ချေ။ မှန်လေသည်၊အကယ်၍ ကျွန်ုပ်တို့သည် သတ္တဝါတို့သည် သေသည်မှ နောက်၌ဖြစ်၏ဟု ယူဆပါက သဿတဒိဋ္ဌိဖြစ်ပေမည်၊ ၎င်းပြင် အတ္တဝါဒသို့လည်း သက်ဝင်ပေလိမ့်မည်၊ သေသည်မှ နောက်၌ သတ္တဝါတို့တဖန် ဖြစ်သည်ဆိုမှုသည် အတ္တဝါဒ အယူအဆ ဖြစ်သည်၊ အတ္တဝါဒီတို့၌ မဖေါက်မပြန် မှန်ကန် တည်မြဲသော ပရမတ္တမအတ္တအဖြစ်သည် ပန်းတိုင်ဖြစ်နေသည်မှာ ၎င်းတို့အယူအဆအရ လူပုဂ္ဂိုလ်၊ သတ္တဝါသည် အပြုခံ အတ္တမူလရှိသူဖြစ်သောကြောင့်ဖြစ်၏၊ ထိုပုဂ္ဂိုလ်သတ္တဝါ၏ အပြုခံ အတ္တမူလသည် ဤဘဝမှထိုဘဝ၊ ထိုဘဝမှထိုထိုဘဝ၊ စသည်ဖြင့် ကျင်လည်ဖြစ်ပျက်ရသော သဘောဖြစ်သည်၊ ဤသို့ ကျင်လည် ဖြစ်ပျက်ရခြင်းသည်ပင် ဆင်းရဲဒုက္ခဖြစ်သဖြင့် နိစ္စဓူဝပရမတ္တမ အတ္တအဖြစ်(ဗြဟ္မာ၊ထာဝရဘုရား)စသည်တို့နှင့် ပေါင်းစည်းနိုင်အောင် ကျင့်သုံးလေသည်၊ ထိုဗြဟ္မာ ထာဝရဘုရား ဟူသော အတ္တပင်မကြီးတို့နှင့် ပေါင်းစည်းမှသာ ဒုက္ခဆင်းရဲမှ ကင်းငြိမ်းလေသည် ဖြစ်၏။

သတ္တဝါတို့သည် သေသည်မှနောက်၌မဖြစ်၊ သေလျှင် ဘဝပြတ်၏ဟုယူဆပါက ဥစ္ဆေဒဒိဋ္ဌိ ဖြစ်လေသည်၊ စင်စစ် ဤသို့ယူဆပါက တမလွန်ဘဝ ပရလောက စသည်တို့သည် မရှိတော့ချေ၊ ဤသို့ယူဆပါကအကျင့်မြတ် ကျင့်သုံးမှုသည် မလိုတော့သည်မှာ အထူးဆိုဘွယ်ပင် မလိုချေ၊ မျက်မှောက် ဘဝတွင် သင့်သလိုနေပြီး၊ သာသလို စံစားခံစားကာ သေလျှင်ပြီးပြတ်

လေသည်။ ဤအယူ သဘောသည် ပုဂ္ဂိုလ် သတ္တဝါ ဖြစ်လာခြင်း သည်အကြောင်းမဲ့ဖြစ်လာပြီး သေလျှင်လည်း အကျိုးသတ္တိကင်းပြတ် လေသည်ဟု ယူဆရချေမည်၊ ဤသဘော တို့ကား လက်ခံအပ်သည် မဟုတ်ချေ။

လူပုဂ္ဂိုလ်တဦးတယောက်၏ ကမ္မဝိပါက, ကမ္မ အကျိုးတရားသည် ထိုပုဂ္ဂိုလ်မရှိသော်လည်း အကျိုး သက်ရောက်မှု အစွမ်းသတ္တိရှိသည်သာဖြစ်သည်။ ဥပမာ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ခေါင်းဆောင်များ၏ ပြုမှု လုပ်ဆောင်ခဲ့သော ကမ္မဝိပါကတခုဖြစ်သည့် လွတ်လပ်ရေးကို ယနေ့တိုင် မြန်မာတနိုင်ငံလုံးခံစားနေရလေသည်။

ဗိုလ်ချုပ်တို့ကား (၁၉၄၇)ခုမတိုင်မီကပင် သေဆုံးသွားကြလေပြီဖြစ်၏။ အကယ်၍ သေလျှင် ပြတ်စဲသည်ဟု ဆိုပါက လွတ်လပ်ရေးဟူသည်သည်း ကျွန်ုပ်တို့ ခံစားရမည် မဟုတ်ချေ။ ဗိုလ်ချုပ်တို့ကိုလည်း ယနေ့တိုင်ကဲ့သို့ ဂုဏ်ပြု လေးစားအပ်သည် မဟုတ်ချေ။

စင်စစ် ဗုဒ္ဓအလိုကျအကြောင်းအကျိုးနိယာမကို ကျယ်ပြန့်စွာ နားလည်ဘို့လိုသည်။ ၎င်းပြင် အနတ္တခမ္မကိုလည်း နားလည်သင့်၏။ အနတ္တခမ္မကို နားလည် လက်ခံမှလည်း ဗုဒ္ဓဝါဒီသည် သဿတဒိဋ္ဌိမှလွတ်ကင်းမည်။ အကြောင်းအကျိုးနိယာမကို နားလည် သိမြင်မှလည်း ဥစ္ဆေဒဒိဋ္ဌိမှ ရှင်းလင်းပေမည်။ သို့မှသာ မဂ်တရားဖိုလ်တရားကို ရရှိခံစားနိုင်သော ဗုဒ္ဓဝါဒီဖြစ်လေမည်။

ထို့ကြောင့်ပင် ဗုဒ္ဓသည် အဓိကအားဖြင့် ဘဝ ကြီးငယ်ကို တပ်မတ်ခြင်း, တဏှာကို ပယ်ရန် ဟောခဲ့သည်။ အမှန်အားဖြင့်လည်း လူတို့သည် တဏှာအနုသယ ပုဂ္ဂိုလ်သတ္တဝါများ ဖြစ်

သုဖြင့် ထိုထိုဘဝကို တပ်မက်ခြင်းဖြစ်လေသည်။ ရုပ်ဝါဒီ ဖြစ်သော တမလွန်ဘဝ ပရလောက မယုံသူများပင် သေလျှင် ချမ်းသာသော ဘုံဘဝ ရောက်မည်ဆိုပါက ရောက်လိုဖြစ်လိုကြမည်သာဖြစ်သည်။

ယနေ့ ဗုဒ္ဓဝါဒယဉ်ကျေးမှု လောင်းရိပ်အောက်မှ တမလွန်ဘဝပရလောကကို မယုံကြည်သော ပုဂ္ဂိုလ်တို့တွင် အသိဉာဏ်ပညာဖြင့် ဝေဖန်လက်ခံသောသူက နည်းပါးလှသည်၊ ဗုဒ္ဓဝါဒယဉ်ကျေးမှု၏ ပညတ်ချက်များ, စည်းကမ်းများကို မလိုလား မလိုက်နာလိုခြင်းနှင့် သေလျှင်ငရဲကျမည်ဆိုခြင်းကို မလိုလားနိုင်ခြင်းတို့ကြောင့် မယုံကြည်ဟု ဖြစ်ပယ်သူများကများလှ၏။သေလျှင် ဘဝပြတ်တောက်မှုကိုကား မလိုလား ဝမ်းမနည်းပဲ နေနိုင်ကောင်းမှနေနိုင်ပေမည်။

စင်စစ် လူတို့၏တဏှာတရားကား ကြီးမား ပြင်းပြလှသေသည်။

လူတို့တွင် အဓိကအားဖြင့် ဘဝစွဲ အတ္တစွဲသာ ကြီးမားလေသည်။ တမလွန်ဘဝကို ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူ ဖြစ်စေ ဘဝစွဲအတ္တစွဲရှိသည်သာဖြစ်သည်။ ဤဘဝစွဲအတ္တစွဲ တဏှာများကြောင့်ပင် လူသားတို့ ငြိမ်းအေးနိုင်မှုကို မရနိုင်ခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် ဗုဒ္ဓက ဘဝဟူသမျှကို မစွဲလန်းရန် ဟောကြားခဲ့ခြင်းဖြစ်လေသည်။

"လောကဝယ် ဘဝသုံးပါးတို့၌ တဏှာနှိပ်စက်ခံရသည်ဖြစ်၍ အမျိုးမျိုးတုံလှုပ်နေသော ဤသတ္တဝါအပေါင်းကို ငါမြင်ရ၏။ ဘဝကြီးငယ်တို့၌ တပ်မက်မှုတဏှာမကင်းကြကုန်သောယုတ်

ညှံ့သူတို့သည် သေခါနီးအခါ သေမင်း၏ခံတွင်း၌ ငိုကြွေးမြည်တမ်းကြကုန်၏”။ (သုတ္တနိပါတ် အဋ္ဌကဝဂ်- ဂုဟဋ္ဌကသုတ်)။

ဤဒေသနာ၌ ဗုဒ္ဓဆိုလိုတော်မူသော ဘဝကြီးငယ်ဟူသည်မှာ တမလွန်ဘဝ တပ်မက်မှုမျှသာမက မျက်မှောက်ဘဝ တပ်မက်မှုကိုပါ ဆိုလိုရင်းဖြစ်သည်။ တမလွန်ဘဝ ယုံကြည်သူ ဖြစ်စေ,မယုံကြည်သူဖြစ်စေ, ဘဝကြီးငယ် စသည်တို့၌ တပ်မက်မှုတဏှာရှိနေပါက အမှန်ပင် ဆင်းရဲဒုက္ခ တွေ့ကြုံရပေမည် ဖြစ်သည်။

ထို့ကြောင့်ပင် ဗုဒ္ဓဝါဒီသည် ငြိမ်းအေးမှုနိဗ္ဗာန်ကို တကယ်မျက်မှောက်ပြုလိုပါက တမလွန်ဘဝ စသည့် တပ်မက်မှုကိုသာမကမိမိ၏မျက်မှောက်ဘဝတပ်မက်မှုကိုလည်းပယ်အပ်လေသည်။ တမလွန်ဘဝမယုံကြည်သူသည်လည်း တကယ်နိဗ္ဗာန် ရလိုပါက မိမိ၏လက်ရှိဘဝစသည်၌တပ်မက်မှုကို ပယ်သင့်လေသည်။ ဤသို့ပယ်နိုင်မှသာ ဗုဒ္ဓညွှန်ပြသော ငြိမ်းအေးမှုနိဗ္ဗာန်ကို သန္ဒိဋ္ဌိက ခံစားရပေမည်။

တမလွန်ဘဝသေပြီးနောက် သတ္တဝါဖြစ်,မဖြစ်ကို ဗုဒ္ဓမဟောခဲ့ပဲ လျစ်လျူပြုခဲ့ခြင်းသည် မဂ်ဖိုလ် အကျိုးနှင့် မစပ်သောကြောင့်ဖြစ်သည်။ ထိုအယူအဆတို့ကို ဝေဘန်စိစစ်ဆုံးဖြတ်ခြင်းသည် တက္ကပြဿနာဖြစ်သည်။ အယူဝါဒဆိုင်ရာ ပြိုင်ဆိုင်မှု၏ပြဿနာဖြစ်သည်။တဏှာမာနမကင်းသူတို့၏ အလုပ်သာဖြစ်လေသည်။ဗုဒ္ဓဒေသနာ ဓမ္မတို့၏ သဘောတို့ကား ထိုအရာတို့မှကင်းသဖြင့် ဗုဒ္ဓဝါဒ၏ အရာဋ္ဌာနမဟုတ်ချေ။ ဗုဒ္ဓဝါဒ၌ တဏှာမာနဟူသည်ကို လုံးဝလိုလားအပ်သည်မဟုတ်ချေ။

"အတိတ်သင်္ခါရတို့ကို အာရုံပြု၍ဖြစ်သော ကိလေသာမျိုးတို့ကို ခြောက်ခမ်းစေလော့။ အနာဂါတ်သင်္ခါရတို့ကို အာရုံပြု၍ဖြစ်သော ရာဂစသော ကြောင့်ကျမှုကို သင့်အား မဖြစ်စေလင့်။ ပစ္စုပ္ပန် ခန္ဓာငါးပါးကို တဏှာဒိဋ္ဌိအားဖြင့် သင်မစွဲယူခဲ့မူ ကိလေသာ ငြိမ်းအေးသည်ဖြစ်၍နေရလတ္တံ့." (ဇတုကဏ္ဏိမာဏဝပုစ္ဆာ ပါရာယနဝဂ် သုတ္တနိပါတ်)။

"မာဂဏ္ဍိယ တူမျှသူဟူ၍ငင်း၊ ထူးချွန် လွန်ကဲသူဟူ၍ငင်း၊ ယုတ်ညံ့သူဟူ၍ငင်း၊ မှတ်ထင်သူသည် ထိုထိုမှတ်ထင်ခြင်းကြောင့် ငြင်းခုံရာ၏။ မာနသုံးမျိုးတို့ကြောင့် မတုန်လှုပ်သောသူအား တူမျှသူဟူ၍ငင်း၊ ထူးချွန်လွန်ကဲသူဟူ၍ငင်း၊ ယုတ်ညံ့သူဟူ၍ငင်း၊မှတ်ထင်မှုမဖြစ်နိုင်" (မာဂဏ္ဍိယသုတ်၊ အဋ္ဌကဝဂ်၊ သုတ္တနိပါတ်)။

တမလွန်ဘဝရှိမှု၊ မရှိမှုသည် ဗုဒ္ဓဝါဒ၌ အရေးမပါလှချေ။ ဗုဒ္ဓဝါဒအဆုံးသတ်ပန်းတိုင်သည် တမလွန်ဘဝ၌ ရအပ် ရောက်အပ်သော အရာမဟုတ်သဖြင့် တမလွန်ဘဝရှိမှု၊ မရှိမှုသည် ဗုဒ္ဓဝါဒ၌ ပဓါနမကျခြင်းဖြစ်လေသည်။ မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှာ ကျင့်သုံးအားထုတ်ရာ၌ တမလွန်ဘဝစသော ဘဝတဏှာများကို မစွဲယူရန်ပင် ဗုဒ္ဓသည် အလေးအနက်ဟောခဲ့လေသည်။ ဗုဒ္ဓဝါဒအဖို့ မျက်မှောက်ဘဝ၊ တမလွန်ဘဝစသော ဘဝအမျိုးမျိုးကို စွဲလန်းတပ်မက်သော ဘဝတဏှာသည် အပြစ်အညစ်အကြေးဖြစ်လေသည်။ဗုဒ္ဓ၏အနတ္တတရားကိုသိနားလည်ပါက အတ္တစွဲယူမှုကင်းသလို အကြောင်းအကျိုးပဋိစ္စသမုပ္ပါဒ်နိယာမ ဒေသနာကိုနားလည်ပါက တမလွန်ဘဝ ပရလောကစသည်တို့၌ ဖြစ်လိုခြင်းသည်လည်း ကင်းပပေလိမ့်မည်။ ဗုဒ္ဓဝါဒီတို့ အထူးသတိမူသင့်

သည်ကား တမလွန်ဘဝဟူသည် မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုလိုမှု၌ အကြောင်းမဟုတ် အရေးမပါခြင်းပင်ဖြစ်သည်။ လူတို့၏ ကိုယ်ကျင့်တရား ဆောက်တည်မှု၊ ပြုကျင့်မှုများကို တမလွန်ဘဝ ယုံကြည်မှုသည် အကြောင်းတရားတခုအနေဖြင့် ထောက်ကူနိုင်သော်လည်း မဂ်ဖိုလ်အရာ၌ကား ပဓါနမဟုတ် အကြောင်း မဟုတ်ချေ။

ဗုဒ္ဓလက်ထက် ဘီစီ ၆-ရာစုတဝိုက်က အိန္ဒိယ သားတို့သည် တမလွန်ဘဝကို ယုံကြည်ကြသည်။ ဘဝသံသရာအယူကို အလေးအနက် ထားကြလေသည်။ ဗုဒ္ဓသည် ထိုသို့ယူဆမှု၊ ယုံကြည်မှုများအား ရှုတ်ချပစ်တင်ခဲ့သည် မဟုတ်ချေ။ (မဇ္ဈိမနိကာယ်၊ ဒေဝဒဟသုတ်)စသည်၌ နိဂဏ္ဌတို့အား ဗုဒ္ဓမိန့်ကြားသော "ငါ့သျှင် နိဂဏ္ဌတို့ ငါတို့သည် ရှေးက ဖြစ်ဘူးကုန်သည်သာတည်း၊ မဖြစ်ဘူးကြကုန်သည်ကား မဟုတ်ဟု သင်တို့သိကြကုန်သလော...." ဤသို့ နိဂဏ္ဌတို့၏ ကမ္မဝါဒ အယူအဆနှင့်ပတ်သက်သော စကားတို့သည် တမလွန်ဘဝ၊ သံသရာစသည်တို့ကို ဗုဒ္ဓလက်မခံဟု ယူဆကယူဆနိုင်ဘွယ်ဖြစ်သည်။ ဤနေရာ၌ဗုဒ္ဓသည်နိဂဏ္ဌတို့၏ကမ္မဝါဒ အယူအဆကိုသာ ဗုဒ္ဓဆိုလိုရင်းဖြစ်လေသည်။ တမလွန်ဘဝ၊ ဘဝသံသရာစသည်တို့ကို ပြစ်တင်ရှုတ်ချခြင်း မဟုတ်ချေ။

စင်စစ်အားဖြင့် ဗုဒ္ဓသည် အခြားသူတို့၏ ယုံကြည်ယူဆမှုကို လေးစားသောပုဂ္ဂိုလ်ဖြစ်လေသည်။ ထိုခေတ် ထိုအခါက ပေါ်ပေါက်သော စကားတဘ်စကားကြွယ် ပရဗိုဇ်၊ ဗြဟ္မဏ၊ သမဏတို့ကဲ့သို့ အယူဝါဒ ပြိုင်ဆိုင် ချေဖျက်ခြင်းကို ဗုဒ္ဓသည် မပြုချေ။ အကြောင်းကြောင်းများကြောင့် အယူအဆ မတူသော

ဝါဒကွဲ ပုဂ္ဂိုလ်များ၏ပြဿနာ တင်မေးမြန်းခံရသည့် အခါ၌ပင် လျှင် တဖက်သား၏ ဝါဒကိုလွဲမှားသည်အား ထောက်ပြသည်မှ လွဲ၍ အလွန်ချေဖျက်သော သဘောကို ပြုခဲလှလေသည်။ မိမိ တပည့်သာဝကတို့၏ မဂ်ဖိုလ်အကျိုးငှာ တရားဟောသောခါ များ၌ပင် အနာဂါတ်အတိတ် ဘဝများ၊ ခန္ဓာများကို မစွဲယူ မတပ်မက်ရန်သာ ဟောလေသည်။ တမလွန်ဘဝ၊ ဘဝသံသရာ စသည်တို့ကို ပြစ်ပယ်ပြီး ဟောသည် မဟုတ်ချေ။

တမလွန်ဘဝ ယုံကြည်မှုသည် လူတို့အား အကျိုးမယုတ် စေခြင်းဖြစ်လေတန်သည်။ သမိုင်းတလျှောက်၌ ပေါ်ခဲ့သော လူ့အဖွဲ့အစည်းများတွင် တမလွန်ဘဝယုံကြည်သော လူ့အဖွဲ့ အစည်းတို့ကသာ များလေသည်။ ထိုလူ့အဖွဲ့အစည်းတို့၏ ယဉ် ကျေးမှုအရာ၌ တမလွန်ဘဝ ယုံကြည်မှုရှိသူတို့သည် ယေဘုယျ အားဖြင့် ကိုယ်ကျင့်တရားကောင်းမွန်သည်ဟု အချို့ သမိုင်း စာအုပ်တို့တွင် ဆိုကြလေသည်။ဤအယူအဆသည် ရှေးအခါက မှန်ကောင်းမှန်မည်ဖြစ်သော်လည်း ယနေ့အခါတွင်ကား ထိုသို့ ဆိုရန်မဖြစ်ချေ။ သို့သော် တမလွန်ဘဝ ယုံကြည်မှုသည်ကား လူတို့အား အကျိုးမယုတ်စေခြင်းကိုကား လက်ခံသင့်လေသည်။ လူတို့၏ အကျင့်သီလစသော ကိုယ်ကျင့်တရားများ ပွားများ ဆောက်တည်မှု စသည်တို့ကို တမလွန်ဘဝ ယုံကြည်မှုသည် ထောက်ကူလေသည်။သီလတရားစသည်များသည် လူမှုရေးတွင် ကောင်းသောအကျင့်အမူများဖြစ်လေသည်။

လူတို့၏ ဥစ္စာဒေသဒိဋ္ဌိဆန်ဆန် အလွန်အကျုံ ကာမဂုဏ်လိုက် စား ပျော်ပါးမှုမရှိခြင်းသည် တနည်းအားဖြင့် တမလွန်ဘဝ ယုံကြည်မှုကြောင့်သာ ဖြစ်လေသည်။ ဥပမာ- အနောက်တိုင်း

သွား၊ အနောက်တိုင်းသူတို့၏ အိမ်ထောင်ရေး ဖို့မ ကိစ္စ ရှုပ်ထွေး ဆန်းပြားသလောက် မြန်မာလူမျိုးတို့၏ အိမ်ထောင်ရေး ဖို့မ ကိစ္စ ဣန္ဒြေရှိ မှန်ကန်တည်ကြည်ခြင်းသည် တမလွန်ဘဝကို မြန်မာ လူမျိုးတို့ ဗုဒ္ဓဝါဒ တခုအဖြစ်အလေးအနက် ယုံကြည်ကြသောကြောင့်ဖြစ်သည်။ 'ဒေါက်တာအယ်လ်ဘာဒ်စီကင်ဆီ' (Dr. Alberd. C. Kinsey) ၏ ဖိုမ့ အစီရင် ခံစာအရ ဘာသာတရားကိုင်းရှိုင်းသူတို့သည် ဖိုမကိစ္စ ပြုမူမှုတို့၌ နည်းပါးခြင်းသည် အမေရိကန်လို နိုင်ငံ၌ပင်သိသာလှလေသည်။ ၎င်းအစီခံရင်စာ၌ပင် အသိပညာရှိမှုမရှိမှု့ပညာတတ်မှု့ မတတ်မှုသည် ဖို့မ ကိစ္စဆိုင်ရာ ကိုယ်ကျင့်တရား၌ အရေးပါ အရာမရောက်လှခြင်းပင် ဖြစ်သည်။ ဤသည်မှာ တမလွန်ဘဝ ဘဝသံသရာ စသည့် ယုံကြည်မှုသည် လူတို့၏ကိုယ်ကျင့်တရား စသည်တို့ကို ထိန်းသိမ်း ပြုပြင်နိုင်စွမ်းသည်မှာထင်ရှားလေသည်။

တမလွန်ဘဝယုံကြည်မှု၏ ကိုယ်ကျင့် တရား ကောင်းမွန်မှု့ မကောင်းမှုကိုကား တရားသေမှတ်ယူ၍ မရအပ်ချေ။ တမလွန် ဘဝ ယုံကြည်သူများ ကိုယ်ကျင့်တရား ပျက်စီးနေခြင်း ရှိသလို တမလွန်ဘဝ မယုံကြည်သူများ ကိုယ်ကျင့်တရား ကောင်းမွန်နေသည်များလည်းရှိ၏။ တမလွန် ဘဝကို ယုံကြည် သူများတွင် ကမ္ဘာကျော်ပုဂ္ဂိုလ်ကျော်ကြီးများ ရှိသလို၊ ဥပမာ ....ပလာတို့ ပိုင်သာဂိုးရပ့်ဝေါလတာစကော့တင်နီဆန့်၊ဗင်ဂျမင်ဖရန်ကလင့် နပိုလီယံ့ (Plato, Pythagoras, Walterscott, Tennyson, Benjamin Franrlin, Napoleon,) တမလွန် ဘဝကို မယုံကြည်သော ကမ္ဘာ့ပုဂ္ဂိုတ်ကျော်များလည်းရှိလေသည်။ဥပမာ.... ဆွန်းမားဆက်မော်ဂင့်ဘာထရန်ရပ်ဆဲလ့်လီနင့် (Somerset

Maugham, Bertrand Russell, Lenin,)စသူတို့ဖြစ်သည်။ ဤအကြောင်းများကြောင့်ပင် တမလွန်ဘဝရှိမှု,မရှိမှုကို ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ ယုံကြည်မှု,မယုံကြည် ကိုကြည့်ပြီး ဆုံးဖြတ်၍ ရစကောင်းသည်မဟုတ်ချေ။ ထို့ကြောင့် တမလွန်ဘဝယုံကြည်မှု,မယုံကြည်မှုနှင့် ပတ်သက်သော လူ့ဘို၏ ကိုယ်ကျင့်တရားကောင်းမှု,မကောင်းမှုကို မူသေဆို၍မဖြစ်ချေ။ ယေဘုယျအားဖြင့်သာဆိုရမည်ဖြစ်၏။

ဗုဒ္ဓသည် မဂ်ဖိုလ်အကျိုးငှာ ကျင့်သောဉာဏ်ပညာရင့်ကျက်သည့်ပုဂ္ဂိုလ်တို့အားဘဝတဏှာ,အတိတ်ခန္ဓာ,အနာဂတ်ခန္ဓာတို့ကိုမတပ်မက်ရန်,မစွဲလန်းရန်,ပယ်ဖျောက်ရန် ဟောကြားခဲ့သည်။ ပညာဉာဏ်နုနယ်သော သာမန် လူပုဂ္ဂိုလ်တို့ကိုကား တမလွန်ဘဝ ယုံကြည်မှုသည် အကျိုး များသည်ဟု ပြောကြား ခဲ့ လေသည်။

စင်စစ်အားဖြင့် ဗုဒ္ဓသည် တမလွန်ဘဝရှိမှု, မရှိမှုကို ပုဂ္ဂိုလ်အားလျော်စွာသာဟောကြားခဲ့သည်။ ဗုဒ္ဓ၏ အမြင်အားဖြင့်လည်း တမလွန်ဘဝယုံကြည်မှုသည် သာမန်လူပုထုဇဉ်ပုဂ္ဂိုလ်တို့အား အကျိုးမယုတ်စေသည့်အပြင် အကျိုးရှိစေသည်ဟု မြင်ခဲ့လေသည်။

တမလွန်ဘဝယုံကြည်မှုသည် လူတို့၏ အကျင့်သီလ ဆိုင်ရာ၌အကျိုးသက်ရောက်ထောက်ကူသဖြင့် လူသာမန်တို့၏ တမလွန်ယူဝယုံကြည်မှုကို ဗုဒ္ဓသည် လက်ခံခဲ့ခြင်း ဖြစ် လေ သည်။ ဤအကြောင်းသည် တမလွန်ဘဝနှင့်ဆက်စပ်၍ သာမန် လူပုဂ္ဂိုလ်တို့အား ဗုဒ္ဓဟောခဲ့သော သုတ္တန်ဒေသနာတို့ကို ကြည့်ခြင်းအားဖြင့် သိနိုင်လေသည်။

"တမလွန် လောကသည် အ ကယ် ၍ ရှိအံ့၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးဆက်အကျိုးရင်းသည် အကယ်၍ရှိအံ့၊ ထိုသို့ရှိခဲ့သော်- င ါသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေ ပြီး သည့်မှ နောက်၌ ကောင်းသောလားရာ ဖြစ်သောနတ်ပြည်သို့ ရောက်ရ လိမ့်မည်ဟူသော ထောက်တည်ရာကိုရလေ၏။ ဤသည်ကား အရိယာ တပည့်အား ရအပ်သော ပဌမ ထောက် တည် ရာ ပေ တည်း"

"တမလွန် လောကသည် အကယ်၍ မရှိအံ့၊ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏အကျိုးဆက်အကျိုးရင်းသည်အကယ်၍မရှိအံ့၊ ထိုသို့မရှိခဲ့သော် င ါသည် မျက်မှောက်ဘဝ၌ပင် ရန်မရှိ ကြောင့် ကျမရှိသော,ဆင်းရဲမရှိသော,ချမ်းသာခြင်းရှိသော မိမိကိုယ်ကို ဆောင်ရပေ၏ဟူသောထောက်တည်ရာကိုရလေ၏။ဤသည်ကား ထိုအရိယာတပည့်အား ရအပ်သော ဒုတိယ ထောက်တည်ရာပေ တည်း"။ (ကေသမုတ္တိသုတ်၊ တိကနိပါတ်၊ အင်္ဂုတ္တိုရ်)။

အကယ်၍ ပုဂ္ဂိုလ်တဦးတယောက်တွင် အပြစ်ဟုဆိုအပ်သော ယုတ်မာသောအကုသိုလ်တရားများရှိအံ့၊ ထိုအခါပညာရှိသော ယောကျ်ားသည် ဤသို့ဆင်ခြင်၏။

"တမလွန်လောကသည် အကယ်၍မရှိသည်ဖြစ်အံ့၊ ဤသို့မရှိ ခဲ့သော်-ဤအရှင်ယောကျ်ားသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည် မှနောက်၌ မိမိကိုယ်ကိုချမ်းသာအောင်ပြုလတ္တံ့"

"တမလွန်လောကသည် အကယ်၍ရှိသည်ဖြစ်ကာ၊ ထိုသို့ ရှိခဲ့ ပါမူ ဤအရှင်ယောကျ်ားသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော, မကောင်းသော, လားရာ ဖြစ် သော ဖရိုဖရဲကျငရဲသို့ရောက်ရလတ္တံ့"။

"တမလွန်လောကသည် အကယ်၍ မရှိပါနှင့်ဦး၊ ထိုအသျှင် သမဏ,ဗြာဟ္မဏတို့၏ စကားသည် မှန်သည်ဖြစ်ပါစေဦး၊ထိုသို့ပင် ဖြစ်သော်လည်း ဤအရှင်ယောကျ်ားပုဂ္ဂိုလ်သည် မျက်မှောက် သောကိုယ်၏ အဖြစ်၌ပင်လျှင် "သီလမရှိသော,မှားသော, အယူ ရှိသော,နတ္ထိကဝါဒရှိသော ယောကျ်ား" တည်းဟု ပညာရှိတို့ အကဲ့ရဲ့ကိုခံရ၏"။

"တမလွန်လောကသည် အကယ်၍ ရှိသည်သာလျှင် ဖြစ်အံ့၊ ဤသို့ရှိခဲ့သော် ဤအသျှင်ယောကျ်ားပုဂ္ဂိုလ်သည်မျက်မှောက် သောကိုယ်၏အဖြစ်၌လည်း ပညာရှိတို့အကဲ့ရဲ့ခံရခြင်း၊ကိုယ်ခန္ဓာ ပျက်စီး၍သေသည်၏နောက်၌လည်းချမ်းသာကင်းသော,ကောင်း သော,လားရာဖြစ်သော ဖရိုဖရဲကြရာငရဲသို့ ရောက်ရခြင်း အားဖြင့် နှစ်ပါးစုံဆုံးရှုံး၏"။ (အပဏ္ဏကသုတ်၊ မဇ္ဈိမနိကာယ်)။

ဤဒေသနာတို့ကို ဗုဒ္ဓဟောသောပုဂ္ဂိုလ်တို့မှာ ကောသလ တိုင်း ကေသမုတ္တနိဂုံးသားကာလာမ မင်းများနှင့် ကောသလ တိုင်းသာလရွာသား ပုဏ္ဏားတို့ဖြစ်လေသည်။ဤပုဂ္ဂိုလ်များသည် ဉာဏ်နုနယ်သောသာမန်ပုထုဇဉ်ပုဂ္ဂိုလ်တို့ဖြစ်သည်။ ၎င်းတို့သည် စိတ္တသူကြွယ်, တပုဿ, ဘလ္လိက, ဇီဝက, နကုလပိတာသူကြွယ်, ခုဇ္ဇုတ္တရာ, ဝိသာခါ,ကာတိယာနီ,စသော ပညာဉာဏ် ရင့်ကျက် သော ဗုဒ္ဓဝါဒီ လူပုဂ္ဂိုလ် ဥပါသကာ ဥပါသိကာ၊တို့ပင် မဟုတ် ချေ။

လောကအမြင်အရကြည့်လျှင် သတ္တလောက၌ လူသားသည် အသိဉာဏ် အဆင့်အတန်းအမြင့်မားဆုံးသော ပုဂ္ဂိုလ်ဖြစ်လေ သည်။ ကမ္ဘာကြီး၌ ယနေ့အခါကဲ့သို့ တိုးပွား များပြားသော အသိဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည့် လူသားများအဖြစ် ရောက်ရှိ

လာခြင်း၌ လူသားသည် မိမိအသိဆင်ခြင်ဉာဏ်နှင့် မိမိကိုယ်ကို မိမိထိန်းကျောင်းမွေးမြူလာခြင်းကြောင့်ဖြစ်သည်။

"ဒါဝင်၏(Darwin's Evolution) အီဗော်လူးရှင်း"နည်း အရ ပြောင်းလဲမှုနှင့်ရွေးချယ်မှုဖြစ်စဉ်သည် အသိဆင်ခြင်ဉာဏ်နှင့် အတူ ဖြစ်ပေါ် တိုး တက် ခဲ့လေ သည်။ ယနေ့ လူသား တို့သည် အကြောင်း အကျိုး၊ အကောင်း အဆိုးကို ဝေဖန် သိမြင်သော ပုဂ္ဂိုလ်များဖြစ်၏၊ မိမိ၏ အသိဉာဏ် ပညာနှင့် မိမိ၏ကိုယ်ကျင့်တရားကို ကောင်းအောင်ပြုမူနိုင်ခြင်းသည် လူ၏ အကြောင်းအကျိုး အကောင်းအဆိုးကို သိမြင် နိုင်စွမ်းသော ပရမတ်အရည်အသွေးဖြစ်သည်၊ ဤလူပီသသော အရည်အသွေး သည် လူသားတို့ဘဝ၌ ပဓာနဖြစ်သည်၊ အခြား အကြောင်း တို့ကား ပဓာနမဟုတ်၊အဓိက မကြချေ။

ဗုဒ္ဓဝါဒသည် အခြားသော ဘာသာဝါဒများကဲ့သို့ တမလွန် ဘဝကို ပဓာနဦးတည်ရည်ရွယ်ချက်ထားသော ဝါဒမျိုးမဟုတ် ချေ၊ အခြားသော ဘာသာဝါဒတို့၏ အဆုံးသက်ပန်းတိုင်သည် သေသည်မှ နောက်တမလွန်ဘဝတွင် ရအပ်သော်လည်း ဗုဒ္ဓဝါ ၏ အဆုံးသတ် ပန်းတိုင်(နိဗ္ဗာန်)သည် မျက်မှောက် ဘဝ၌ပင် ဒိဋ္ဌခံစား ရရှိနိုင်လေသည်။ ဤသည်မှာအခြားသော ကမ္ဘာ့ ဘာသာဝါဒတို့နှင့် ဗုဒ္ဓဝါဒ၏ ခြားနားချက်ပင် ဖြစ်လေသည်။ ဗုဒ္ဓသည် အနည်းငယ်သော လူပုတုဇဉ် သာမန်တို့အား တမလွန် ဘဝယုံကြည်မှုသည်အကျိုးရှိစေသည်ဟု ဟောခဲ့သည်မှန်၏၊ သို့ သော်အသိပညာဉာဏ်ရင့်ကျက်သောမဂ်ဖိုလ်နိဗ္ဗာန်အတွက်ကျင့် သုံးအားထုတ်သော်ပုဂ္ဂိုလ်မွန်တို့ကိုကားတမလွန်ဘဝ စသည်တို့ ကို မစွဲလန်းမတတ်မက်ရန် ဟောကြားခဲ့လေသည်။ အမှန်အား

ဖြင့်လည်း ဗုဒ္ဓဝါဒီအဖို့ တမလွန်ဘဝကို ဦးစားပေး အလေးထားမှုထက် နိဗ္ဗာန်ကိုသာ အရေးထား အလေးမူ သင့်လေသည်၊ ပစ္စုပ္ပန်အကျိုး စီးပွားသာလျှင် ဗုဒ္ဓဝါဒီအဖို့ အဓိကကျလေသည်။

မှန်၏၊ဗုဒ္ဓသည်ပစ္စုပ္ပန်ကိုသာ အရေးတယူဟောကြားခဲ့လေသည်မှာ နိဗ္ဗာန်တရားသည် တမလွန်ဘဝ၌ ရရှိအပ်သည် မဟုတ်သောကြောင့်ဖြစ်လေ၏။ ၎င်းပြင်ဗုဒ္ဓ၏ အနတ္တတရား၊ ဒုက္ခသစ္စာ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်၏လားရာ စသည်တို့ကို အကြောင်းအကျိုးသိမြင်တတ်သောလူ၏အသိအမြင်ဥာဏ်နှင့်ဆင်ခြင် သုံးသပ်ပါက တမလွန်ဘဝဟူသည် စွဲလန်းတတ်မက်စရာ မရှိချေ၊ ဗုဒ္ဓဝါဒအား ထိုကဲ့သို့ သိမြင်ယူဆမှသာ သန္ဒိဋ္ဌိကော၊ အကာလိကောစသော ဗုဒ္ဓမ္မဂုဏ်အင်္ဂါများနှင့်ကိုက်ညီပေလိမ့်မည်။

ဘာသာတရားကို သိပ္ပံပညာဖြင့် တိုင်းတာ ချိန်စက်၍ ဘာသာဝါဒအယူအဆတို့ကို ပြစ်တင်ရှုတ်ချသူတို့ ရှိလေသည်။ ဗုဒ္ဓဝါဒနှင့်ပတ်သက်၍လည်း ထို့အတူပင်ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်တို့သည် သိပ္ပံပညာ သဘောသဘာဝနှင့် ဗုဒ္ဓဝါဒကို တကယ်သိနားလည်သူတို့ ဟုတ်ပါရဲ့လာ-ဟု သံသယဝင်မိ၏။ သိပ္ပံပညာအယူအမြင်တို့ဖြင့်ဘာသာဝါဒတို့ကိုတိုင်းတာဝေဘန်ခြင်းသည် မအပ်စပ်လှချေ၊ သဘောသဘာဝ ဦးတည်ချက်ခြင်းခြားနားသော အရာနှစ်ခုတို့ကိုယှဉ်စပ်ချိန်စက်၍ ပင့်ငကွာပြုခြင်းပင်ဖြစ်သည်။ အထူးအားဖြင့်ကား သိပ္ပံပညာနှင့် ဘာသာဝါဒတို့သည် တကဏ္ဍစီပင်ဖြစ်လေသည်၊ ဗုဒ္ဓဝါဒနှင့်စပ်၍ ဆိုရပါမူ သိပ္ပံပညာသည် လောကပညာရပ်ဖြစ်ပြီး၊ ဗုဒ္ဓဝါဒသည်ကား လောကုတ္တရာ ပညာရပ်ဖြစ်၏။ သိပ္ပံပညာသည် လောက

ကြီး တိုးတက်အောင် ရှာဖွေဖန်တီးသော ပညာရပ်ဖြစ်ပြီး၊ ဗုဒ္ဓဝါဒသည်ကား လောကမှလွတ်မြောက်ရာ ငြိမ်းအေးမှု သုခ (နိဗ္ဗာန်)ကို ရရှိခံစားလိုသူတို့အား ညွှန်ပြ ပို့ဆောင်လေသည်။ ဇီဝ၊ ကမ္ဘာ့လောက၊ စကြာဝဠာ၊ စသော အကြောင်းအရာတို့သည် ဗုဒ္ဓဝါဒ၏ အရာဌာနမဟုတ်သဖြင့် ဗုဒ္ဓသည် လျစ်လျူရှုခဲ့လေသည်၊ ထို့အတူပင် ဗုဒ္ဓဝါဒ၏ ကမ္မဝိပါက၊ ဝိပဿနာ အမြင်၊ ကိုယ်ကျင့်တရား၊ စသည်တို့သည်လည်း သိပ္ပံပညာ၏ အရာဌာနမဟုတ်သဖြင့် သိပ္ပံပညာဖြင့် မသိမြင်နိုင်ချေ။ "ခန္ဓာဗေဒ ပညာ" အားဖြင့် (Physiology) သိမြင်ကြသော "ခန္ဓာဗေဒပညာရှင်"တို့၏ (Physiologist) ကိုခန္ဓာ သိမြင်မှုသည်၎င်း "စိပညာ" (Psycnology) အားဖြင့်သိမြင်သော "စိတ်ပညာရှင်" တို့၏ (Psychologists) စိတ်သဘာဝအမြင် ပညာသည်၎င်း၊ ဗုဒ္ဓဆိုလိုတော်မူသော ဗုဒ္ဓဟောကြားခဲ့သော ရုပ်တရား နာမ်တရားတို့၏ သဘာဝကို သိမြင်မှုများမဟုတ်၊ ခြားနားကြ၏။ တချိန်က ဥရောပတိုက်ဘွင် သိပ္ပံပညာဖြင့် ဘာသာရေးကို ရောထွေးသုံးသပ်သဖြင့် ပဋိပက္ခများ ပေါ်ပေါက်ခဲ့လည်။ ယနေ့အများသော သိပ္ပံပညာရှင်တို့ကား ဘာသာတရားနှင့် သိပ္ပံပညာကို မရောထွေးသင့်ကြောင်း သိမြင်သဖြင့် တကဏ္ဍစီ ခြားနားစွာ သုံးသပ်ရှုမြင်ကြလေပြီ။

ဘာသာတရားကို သိပ္ပံပညာဖြင့် တိုင်းတာ ချိန်စက်ပြီး ပြစ်တင်သမှုပြုသူများသည် သိပ္ပံပညာရှင်များမဟုတ်ပဲ ကွန်မြူနစ်ဝ ဒီရုပ်ဝါဒသမားများသာဖြစ်သည်၊ ကွန်မြူနစ်ဝါဒီ အားလုံးတိုက်ခဲ့သို့သောပုဂ္ဂိုလ်များ မဟုတ်ချေ။ ဤသို့ပြုမူခြင်းသည် လောကစံနစ်တခုဝါဒတခုဖြစ်သောကွန်မြူနစ်စနစ်နှင့်ဝါဒအဖွဲ့

ကောင်းသော အနာဂါတ်ကို ဖန်တီးရာ၌ အတား အဆီးကြီး တခုဖြစ်ပေသည်။ ကွန်မြူနစ်ဝါဒီ ဗိသုကာကြီး ဖြစ်သော "ကာလ်မာ့က်စ်" (Karl Marx) ၁၈၁၈—၁၈၈၃- သည်။ လူတို့အဖို့ ဘာသာတရားသည် ဘိန်းဖြစ်သည်ဟု ဆိုခဲ့သည်။မြန်မာ ဗုဒ္ဓဝါဒီ ပညာရှင်များ ဆိုကြသကဲ့သို့ပင် မာ့က်စ်သည် ဗုဒ္ဓဝါဒကို လေ့လာခဲ့ဟန် မတူချေ၊ ဗုဒ္ဓဝါဒကို အနောက်နိုင်ငံနှင့်ဥရောပတိုက်မှ ခရစ်ယန်ဘာသာကဲ့သို့ ထင်မှတ်ယူဆဟန်တူသည်။ဗုဒ္ဓဝါဒ မူလအမှန်ကိုလေ့လာသိရှိပါက မာ့က်စ်သည် ဤသို့ရေးထွေးပြီး ဆိုကောင်းမှဆိုလေမည်၊ဗုဒ္ဓဝါဒကားမာ့က်စ်ဆိုလိုသကဲ့သို့မဟုတ်ချေ။

ဗုဒ္ဓသည် မဇ္ဈိမပဋိပဒါနည်းအရ တမလွန်ဘဝကို ပြတ်သားတိလင်းစွာ မပယ်ခဲ့သော်လည်း ပစ္စုပ္ပန်ကိုသာ အလေးအနက်ထားပြီးဟောခဲ့သည်၊လောက၊လောကုတ္တရာနှစ်ဖြာသောါအကျိုးစီးပွားအတွက် လူသား၏ စွမ်းရည်သတ္တိကို အသိအမှတ်ပြုကာ "အတ္တာဟိအတ္တနောနာထော" မိမိကိုယ်မိမိအားကိုးရန် ဟောခဲ့သည်။ ဘီစီ၆-ရာစု အဝိုက် ဗုဒ္ဓ၏ သံဃာ့ သမဂ္ဂသည် ပစ္စည်းပိုင်ဆိုင်မှုမရှိချေ ဗုဒ္ဓကလည်း ခွင့်မပြုအပ်၊ရှိသောပစ္စည်းသည်လည်း သံဃိကအများပိုင်သာဖြစ်သည်။ လူတို့၏ ချမ်းသာခံစားမှု၊ ဆင်းရဲခံစားမှု စသည်တို့ကိုလည်း မဟာဗြဟ္မာ ထာဝရ ဘုရားစသော တန်ခိုးရှင်တို့၏ အလိုတော်အတိုင်း ဖန်ဆင်းမှု၊စီမံမှုဟူသော "ဣဿရနိမ္မာနဝါဒ" အတိတ် ဘဝကံ အကြောင်းကြောင့်ဖြစ်သည်ဆိုသော "ပုဗ္ဗေကတဟေတုဝါဒ"အကြောင်းမဲ့ ဖြစ်သည်ဆိုသော"အဟေတု အပစ္စယဝါဒ" တို့ကို လက်မခံချေ၊ပယ်တော်မူသော အာဇာနည် ပုဂ္ဂိုလ်ဖြစ်လေသည်။

ဗုဒ္ဓသည် လူသားတို့၏ အသိအဆင်ခြင်ဉာဏ်ကို လေးစားသမှု ရှိလေသည်။အမှန်အားဖြင့်လည်း လူသားတို့သည် အသိအဆင်ခြင် ဉာဏ်သာမက အကြောင်းအကျိုး အားလျော်စွာ မှန်ကန်စွာ တွေးတောသိမြင်နိုင်သော သက်ရှိသတ္တဝါဖြစ်လေသည်။ဗုဒ္ဓဝါဒ အယူအဆနှင့် စပ်၍လည်း လူသား သို့မဟုတ် ဗုဒ္ဓဝါဒီသည် မိမိ၏အကြောင်းအကျိုး ဆင်ခြင်တွေးတော သိမြင်တတ်သော သဘာဝအတိုင်း ပြုမူသင့်လေသည်။ မိမိ၏ အတ္တနောမတိကို အတတ်နိုင်ဆုံးဖြောက်ဖျက်ကာ ကြည့်ရှုဆင်ခြင် သိမြင်သင့်လေသည်။ထိုသို့ အတ္တနောမတိကို ပယ်ဖြောက်ပြီး မဗ္ဗဒိဋ္ဌာန်ကျစွာ သိမြင်မှသာလျှင် အစွန်းတို့မှလွတ်ပေမည်၊ ဤသို့ အစွန်းလွတ်သော အလယ်အလတ် သိမြင်ယူဆခြင်းသည်သာ ဗုဒ္ဓ အလိုကျလည်းဖြစ်၊ မှန်လည်းမှန်ကန်ပေမည်။

ဗုဒ္ဓ၏ မဇ္ဈိမ ပဋိပဒါသည် ကာမဂုဏ်အပျော်အပါး ခံစားမှုနှင့် မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်မှုကို ဆိုလိုသည်သာမက ဗုဒ္ဓဝါဒီသည် အရာရာတိုင်းပင် မယုတ်မလွန် တဘက်အစွန်း တခုခုသို့ မရောက်အောင် ပြုမူဆင်ခြင် ရမည်ကို နားလည် ရပေမည်။ ဥပမာ ဗုဒ္ဓ၏ အတ္တာဟိအတ္တနောနာထော၏ အယူအဆသည် လောကုတ္တရာ အရာဌာနသာမက လောကီရေးတွင်ပါ သက်ဆိုင်ကျင့်သုံးရမည်ကို နားလည်ရပေမည်။ ဗုဒ္ဓ၏ ဒိဋ္ဌုပါဒါန်သည် သဿတ, ဥစ္ဆေဒ, ဒိဋ္ဌိတို့သာမက အယူသည်းမှုအားလုံးသာ ဆိုလိုအသုံးဝင်ကြောင်း သိရပေမည်။ ဤသို့အားဖြင့် ရှုမြင်လျှင် ဗုဒ္ဓ၏ ဓမ္မဒေသနာများကို ဉာဏ်ပညာအမြင်ဖြင့် ကျယ်ပြန့်စွာ သိရှိနားလည်ပေမည်၊ ဤသို့နားလည် သိမြင်မှသာ ဗုဒ္ဓဝါဒသည် လူတို့၏ဘဝခရီး တလျှောက်လုံး အရေးပါသော ဝါဒ၊

ရဟန်းသံဃာတို့နှင့်သာမကဗုဒ္ဓဝါဒီ လူပုဂ္ဂိုလ်များကိုပါ သက်ဆိုင်စေပြီး အကျိုးရှိစေသောဝါဒအဖြစ် သိမြင်ပေမည်။ စင်စစ်အားဖြင့်လည်း ဗုဒ္ဓဝါဒသည် အားလုံးသော လူသားတို့အား အကျိုးရှိစေသော ဝါဒဖြစ်လေသည်။ ထိုသို့ဖြစ်ခြင်းသည် ဗုဒ္ဓဝါဒ၏ ဂုဏ်အင်္ဂါအားလျော်စွာ သန္ဒိဋ္ဌိကော၊ အကာလိကောစသောဂုဏ်တို့နှင့် တူညီစွာ ဒိဋ္ဌလက်ငင်း အချိန်အခါမလင့် လူသားတို့အား အကျိုးပေးသော ဝါဒဖြစ်သောကြောင့်ပင် ဖြစ်လေသည်။

× × ×

## ၃။ ဘဝသံသရာ။

လူတို့တမလွန်ဘဝယုံကြည်မှုသည် မယဉ်ကျေးသော ရှေးဦးလူသားတို့၌ပင်ရှိသည်ဟု သမိုင်းဆရာတို့သည် အထောက်အထားတွေ့ရှိချက်များနှင့် ဆိုကြလေသည်။ ယဉ်ကျေးသောရှေးဦး လူ့အဖွဲ့အစည်းတို့၏ တမလွန်ဘဝယုံကြည်မှုသည်ကား သမိုင်းတွင် ထင်ရှားလှသည်။ ထို့လူအဖွဲ့အစည်းများသည် တမလွန်ဘဝယုံကြည်မှုနှင့်အတူ အမျိုးမျိုးသောဘဝသံသရာယုံကြည်မှုများရှိချေမည်ဖြစ်၏။စင်စစ်အားဖြင့် တမလွန်ဘဝယုံကြည်မှုနှင့် ဘဝသံသရာ ယုံကြည်မှုသည် သီးခြားကွဲပြားသော သဘောတို့မဟုတ်ချေ။ အမှန်အားဖြင့်ဆိုရလျှင် တမလွန်ဘဝကိုယုံကြည်ခြင်းသည် ဘဝသံသရာကို ယုံကြည်ခြင်းဖြစ်ပြီး ဘဝသံသရာ ယုံကြည်သူသည် တမလွန်ဘဝကိုယုံကြည်လေ၏။ရှေးဦးယဉ်ကျေးသူ လူများသည် တမလွန်ဘဝ၊ ဘဝသံသရာ စသည်တို့ကို ယုံကြည်သလို ယနေ့ခေတ်အခါတွင်လည်း လူများစုကြီးသည် တမလွန်ဘဝ၊ ဘဝသံသရာတို့ကို ယုံကြည်ကြလေသည်။ ဘာသာအသီးသီးတို့သည်လည်း မိမိတို့၏ အဆိုအမိန့်များအလိုက် အနည်းနည်းသော အခြင်းအရာအားဖြင့် အသီးသီးသော တမလွန်ဘဝ၊ ဘဝသံသရာတို့ကို ယုံကြည်သက်ဝင်ကြလေသည်။

ဗုဒ္ဓဝါဒနှင့် ပက်သက်၍ အိန္ဒိယ ဘာသာရေးသမိုင်း၌ ဘဝသံသရာယုံကြည်မှုသည် မည်သည့်အချိန်မှစသည်ကို တိကျစွာမသိရချေ။ရှေးအိန္ဒိယဘာသာဝါဒ အားလုံးတို့သည် ပုဂ္ဂိုလ်သတ္တဝါတဦးတယောက်သေသည်၏ အခြားမဲ့၌ အလုံးစုံပြတ်စဲပျောက်

ကွယ်သွားပြီး အချည်းနှီးဖြစ်သည်ဟူသော အယူကိုလက်မခံကြ ချေ။ လူသည် သံသရာဝဋ်ဒုက္ခမှ မလွတ်မြောက်မီ ဘဝပေါင်း များစွာ ကူးပြောင်းကျင်လည်ရသည်ဟူ၍ ယုံကြည်ကြ၏။ ဝေဒ ကျမ်းများသည် တမလွန်ဘဝစသည်၌ စည်းစိမ်ချမ်းသာရှိမှုများ ကို လက်ခံပြီး မကောင်းသူပုဂ္ဂိုလ်ကိုကား သေသည်မှနောက်၌ အဘာဝအဖြစ်ကိုပြဆိုထားသည်ဆို၏။တမလွန်ဘဝကို ကောင်းသူ ပုဂ္ဂိုလ်အတွက်ယုံကြည်သော်သည်း ဘဝသံသရာ ကျင်လည်သည် ဟူသော သဘောကား၊မဟုတ်ချေ။ဗြာဟ္မဏကျမ်းများ၌ကား လူတို့ သေ သည် မှ နောက် ၌ ကုသိုလ်ကမ္မဖလ၊ အကုသိုလ်ကမ္မဖလ ကောင်းကျိုးဆိုးကျိုးများကို ခံစားရသည်ဟု တမလွန်ဘဝ ယုံ ကြည်မှုကိုပြထားသော်လည်း ဘဝသံသရာ အကြောင်းကိုကား ပြမထားချေ။

ဥပနိသျှကျမ်းများ၌ကား အမှန်တရားကိုသိမြင်သူ ဝတ္တရား ထမ်းဆောင်နေသူသည် သေသည်မှနောက်၌ နိစ္စ၊ မူဝ၊ ထာဝရ၊ သုခ ဘုံသို့ရောက်သည်ဆိုပြီး၊ ထိုကဲ့သို့မဟုတ်သူမှာကား သေသောအခါ ဘဝများစွာကူးပြောင်းရသည်ဟု သံသရာကျင်လည်မှုကို ပြဆို ထားသည်ဟု သုတေသီတို့ဆိုကြသည်။ဥပနိသျှခေတ် ရှေးဦးပိုင်း၌ ဘဝသံသရာ အယူအဆသည် ထင်ရှားခဲ့ဟန် မရှိချေ။ သို့သော် ဘဝသံသရာ အယူအဆသည် ထိုအခါကပင် ဗုဒ္ဓဝါဒမှတပါး အခြားသောဘာသာတို့တွင် သန္ဓေတည်စဖြစ်ချေမည်။ မည်သို့ပင် ဆိုစေ ထိုအခါက ဝေဒ၊ ဗြာဟ္မဏ၊ ဥပနိသျှတို့သည် ဘဝသံသရာ သဘောကဲ့သို့သော တမလွန်ဘဝ၊ ပရလောကယုံကြည်မှု ထိုဘဝ လောကတို့၌ ဖြစ်သည်ဆိုမှုတို့ကိုကား လက်ခံယုံကြည်ကြလေ သည်။

၆ ရာစုခေတ်တွင်ကားအိန္ဒိယ၏ဘာသာဝါဒအားလုံးလိုလိုပင် ဘဝသံသရာကို လက်ခံယုံကြည်ကြလေသည်။ဗုဒ္ဓဝါဒသည်လည်း ဘဝသံသရာကိုလက်ခံယုံကြည်သည်၊ ဗုဒ္ဓ၏အနတ္တဝါဒကိုအစွန်းမှ ကြည့်မြင်သောသူတို့အား ဗုဒ္ဓဝါဒဘဝသံသရာကို လက်ခံသည် ဆိုသည်၌ သဘောတူမည်မဟုတ်ချေ။ သို့သော်လည်း ပိဋကတ်ကို အနည်းငယ် လေ့လာကြည့်ရှုလျှင်ပင် ဗုဒ္ဓဝါဒသည် ဘဝသံသရာကို လက်ခံကြောင်း သိသာလှအောင်ပင် ပါဠိပိဋကတ်တို့၌ ပါရှိလေသည်။ 'ဗုဒ္ဓဝါဒသည် အတ္တကိုလက်မခံ ပယ်လေသည်။ ဗုဒ္ဓ၏ပဋိစ္စသမုပ္ပါဒ် ဒေသနာသည်လည်း ပစ္စုပ္ပန်ဘဝကိုသာ ဆိုလိုသည်'ဟု ယူဆသောသူများသည် ဘဝသံသရာ အယူကို ဗုဒ္ဓဝါဒအစစ်ဖြစ်ပါ၏လောဟု သံသယရှိကြလေသည်။ ထိုပုဂ္ဂိုလ်တို့၏ ဤသို့သံသယရှိသောအမြင် အယူအဆကို အစွန်းရောက်သည် ရုပ်ဝါဒဆန်သည်၊ စသည်ဖြင့် စဉ်းစားစရာမလိုချေ။ ဗုဒ္ဓဝါဒသည် ရှေ့နောက်ညီညွတ်သောသမိုင်း၏ အဦးဆုံးသော အကျအနရုပ်ဝါဒမဟုတ်သည်မှာ ဆိုစရာပင်မလိုချေ။ ဗုဒ္ဓဝါဒသည် မဇ္ဈိမပဋိပဒါအယူအဆရှိသော ဝါဒဖြစ်လေသည်။

အချို့သော အနောက်တိုင်း အရှေ့တိုင်းတို့မှ ပညာရှင်တို့သည် ဘဝသံသရာ အယူအဆကို ဗုဒ္ဓ၏အယူအဆ အစစ်ဖြစ်ပါ၏လောဟု သံသယရှိကြလေသည်ဆို၏။ ၎င်းတို့ကား ဘဝသံသရာ အယူကို ဗုဒ္ဓ ယူဆလက်ခံခြင်းကို အလိုကျဟန် မတူချေ၊ ထိုပုဂ္ဂိုလ်တို့သည် ဗုဒ္ဓ၏အနတ္တဝါဒနှင့် စပ်လျက် ဘဝသံသရာ အယူသည် ဗုဒ္ဓလက်ခံယူဆသည်ဆိုခြင်းကို သံသယရှိကြခြင်း ဖြစ်သည်၊ ဤသည်မှာ ဗုဒ္ဓအား နိဂဏ္ဌတို့ စွပ်စွဲသကဲ့သို့ပင် ဖြစ်ချေသလား မဆိုနိုင်၊ ဗုဒ္ဓသည် အနတ္တဝါဒအယူအဆရှိသဖြင့် နိဂဏ္ဌ

နာဋ္ဌပုတ္တ(ဂျိန်းဝါဒခေါင်းဆောင် မဟာဝိရ)က ဗုဒ္ဓအား အကိရိယဝါဒီဟု စွပ်စွဲလေသည် (ဝိနည်းမဟာဝဂ္ဂပါဠိတော်) နာဋ္ဌပုတ္တသည် ဗုဒ္ဓ၏အနတ္တအယူအဆအား "ကံ"အကျိုးကိုပယ်သော "အကိရိယဝါဒအဖြစ်မြင်ခဲ့လေသည်"(သီဟသုတ်-အင်္ဂုတ္တရနိကာယ် အင်္ဂုတ္တိုရ်)။

ဗုဒ္ဓသည် အမှန်အားဖြင့် ဘဝသံသရာအယူအဆကို လက်ခံယူဆလေသည်။ ပိဋကတ်ကိုကြည့်လျှင်ပင် ဘဝသံသရာ အယူအဆသည် အလွန်သိသာ ထင်ရှားလှလေသည်။ ဥပမာ ဗုဒ္ဓဟောကြားခဲ့ရသော ဘဝသံသရာဒေသနာများမှ ထင်ရှားသော ဒေသနာတို့ကို ကြည့်ရာ၏။

"ရဟန်းတို့- သံသရာ၏အစကိုမသိနိုင်၊ အဝိဇ္ဇာတဏှာ နှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည် ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်၊ ရဟန်းတို့- ဥပမာသော်ကား ယောကျ်ားသည် ဤမြေကြီးကို ဆီးစေ့မျှသောက် မြေစိုင်ခဲလုံးများကိုပြု၍ ဤသည်ကား ငါ၏အဖတည်း၊ ဤသည်ကား ငါ၏အဖ၏အဖိုးတည်း စသည်ဖြင့် တခုစီချသွားရာ၏။ ရဟန်းတို့ ထိုယောကျ်ား၏ အဖအဆက်ဆက်တို့သည် မကုန်ဆုံးနိုင်သည်သာ ဖြစ်ကုန်ရာ၏ စင်စစ်သော်ကား ဤမဟာပထဝီမြေကြီးသည် ကုန်ဆုံးခြင်းသို့ ရောက်ရာ၏"(ပထဝီသုတ်-အနမတဂ္ဂသံယုတ်)။

"ရဟန်းတို့ သံသရာ၏အစကိုမသိနိုင်၊ အဝိဇ္ဇာတဏှာ နှောင်ကြိုးဖြင့်ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ၊ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ရကုန်သော သတ္တဝါတို့၏ ရှေ၊ အစွန်းသည်မထင်၊ ဤရှည်စွာသောကာလ၌ ဤဘဝမှ ထိုဘဝ

ထိုဘဝမှ ဤဘဝသို့ ပြေးသွားလျက် လည်ကြရကုန်သော သင်တို့သောက်စို့အပ်သော အမိနို့ရည်နှင့် မဟာသမုဒ္ဒရာလေးစင်းရေသည် အဘယ်က သာသွန်များပြားသနည်း၊ ဤရှည်စွာသောကာလ၌ ဤဘဝမှ ထိုဘဝ၊ထိုဘဝမှ ဤဘဝသို့ ပြေးသွား ကျင်သည်ကြရကုန်သော သင်တို့သောက်စို့အပ်သော အမိနို့ရည်သည်သာလျှင် များလှ၏ (ခဝိရသုတ်-အနမတဂ္ဂသံယုတ်)။

"ရဟန်းတို့- တကမ္ဘာပတ်လုံး ပြေးသွား ကျင်လည်သောပုဂ္ဂိုလ်တယောက်၏ ဤသို့များစွာသော အရိုးဆက်၊ အရိုးပုံ၊ အရိုးစုသည် စုပေါင်းသိမ်းဆည်းအပ်သည်ဖြစ်၍ မပျောက်ပျက်ခဲမူ၊ ဤဝေပုလ္လတောင်နှင့်အမျှ ဖြစ်ရာ၏" (ပုဂ္ဂလသုတ်- အနမတဂ္ဂသံယုတ်)။

"ထိုရဟန်းသည် များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကိုအောက်မေ့၍ဤသည်တို့ကား တဘဝကိုရင်း၊ နှစ်ဘဝကိုရင်း၊ သုံးဘဝ- လေးဘဝ- ငါးဘဝတို့ကိုရင်း၊ ဆယ်ဘဝ၊ ဘဝနှစ်ဆယ်၊ ဘဝသုံးဆယ်၊ ဘဝလေးဆယ်၊ ဘဝငါးဆယ်တို့ကိုရင်း၊ ဘဝတရာ၊ ဘဝတထောင်၊ ဘဝတသိန်းတို့ကိုရင်း၊ ဘဝရာပေါင်းများစွာ၊ ဘဝထောင်ပေါင်းများစွာ၊ ဘဝသိန်းပေါင်းများစွာတို့ကိုရင်း၊ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်နှင့် အောက်မေ့နိုင်၏" (သာမညဖလသုတ်-ဒီဃနိကာယ်နှင့် အခြားသုတ်များ)။

ဤသို့များစွာသော ပိဋကတ်လာ ဒေသနာများဖြင့် ဗုဒ္ဓသည်ဘဝသံသရာကို လက်ခံယူဆသည်မှာ ထင်ရှားလေသည်။ ဘီစီ ၆-ရာစု၊ ထိုခေတ် ထိုအခါက အိန္ဒိယ၌ပေါ်ပေါက်ခဲ့သော ဘာသာဝါဒအားလုံးသည် ဘဝသံသရာကို လက်ခံယုံကြည်ကြလေသည်။ ထိုသို့ရှိခဲ့စဉ် ဗုဒ္ဓသည် အနတ္တဝါဒနှင့် အတ္တကိုလက်မခံ

သော ပုဂ္ဂိုလ်ဖြစ်ပါလျက် ဘဝသံသရာကို ဗုဒ္ဓလက်ခံသည်ဆိုခြင်းတို့ကို ယနေ့ အနောက်တိုင်း အရှေ့တိုင်းမှ အချို့ပညာရှင်တို့ သံသယဝင် လက်မခံနိုင်စရာ ဖြစ်နေလေသည်။ အနောက်တိုင်း ဗုဒ္ဓကျမ်းပြုဆရာ အင်္ဂလိပ်လူမျိုးတဦးသည် ဤဘဝသံသရာ အယူအဆသည် ပိဋကတ်ထဲသို့ နောက်မှဝင်ရောက်လာသော ဗြဟ္မဏဝါဒဖြစ်သည်ဆို၏။ ၎င်းသည် ဗုဒ္ဓ၏အနတ္တဒေသနာနှင့် ပဋိစ္စသမုပ္ပါဒ်တို့ကို မည်သို့နားလည်သည်မဆိုနိုင်ချေ။ အကယ်၍ ၎င်းဆိုသကဲ့သို့ ဖြစ်သည်ဆိုပါက ပါဠိပိဋကတ်၌ များစွာတွေ့ရဘွယ်မရှိချေ။ ၎င်းပြင် သုတ္တန်ဒေသနာ(ပိဋကတ်သမိုင်း၌ အလွန်ရှေးကျသော သုတ္တန်များ)တွင် တွေ့ရမည်မဟုတ်ချေ၊ စင်စစ် ၎င်းအယူအဆသည် လက်ခံစရာ လုံးဝမရှိချေ။

ဗုဒ္ဓသည် အတ္တကိုပယ်သော အနတ္တဝါဒပုဂ္ဂိုလ်ဖြစ်လေသည်။ တဘဝမှတဘဝသို့ အတ္တဖြင့်ကူးပြောင်း ကျင်လည်သည်ဆိုသော အယူကို ဗုဒ္ဓလက်ခံသည်မဟုတ်ချေ။ဤသို့ပင်လက်မခံသော်လည်း ဗုဒ္ဓသည် မိမိကိုယ်တိုင် ဘဝများစွာ ကျင်လည်ခဲ့ကြောင်း ဟောခဲ့သော ဘဝသံသရာ ဒေသနာတို့သည် ရှိလေသည်။ ၎င်းတို့မှာ ငါးရာငါးဆယ်ဇာတ် အဋ္ဌကထာများတွင် ထင်ရှား၏။အကယ်၍ ထိုငါးရာငါးဆယ်ဇာတ် အဋ္ဌကထာတို့ကို ပိဋကတ်သမိုင်းအရ သော်၎င်း၊ အခြားသော အကြောင်းများကြောင့်သော်၎င်း၊လက်ခံရန် မကျေနပ်ပါကလည်း ပိဋကတ်ပါဠိတော်များကို ကြည့်ရှု၏။"အာနန္ဒာ သင့်အား ထိုအခါက ဤကောင်းမြတ်သည့် ကျင့်ဝတ်ကို ထားခဲ့သော 'မဃဒေဝမင်းသည် အခြားသူ ဖြစ်လေသလော'ဟု အကြံဖြစ်လေရာ၏။ အာနန္ဒာ ဤအရာကို ဤသို့ မမှတ်သင့်၊ ထိုအခါ ငါသည်ပင် မဃဒေဝမင်းဖြစ်ခဲ့၏" .(မဃ

ဒေဝသုတ် မဇ္ဈိမနိကာယ်)။ “အာနန္ဒာ ဤအရာကို ဤသို့မမှတ်သင့်ပေ ငါသည် ထိုအခါက ဇောတိပါလလုလင် ဖြစ်ခဲ့လေပြီ” (ဃဋိကာရသုတ် မဇ္ဈိမနိကာယ်)။ ဤဒေသနာစကားတို့သည် ဗုဒ္ဓကိုယ်တိုင်အတိတ်ဆောင်ပြီး မိမိ၏ ဘဝအထွေထွေ ဖြစ်ခဲ့ရသော ဘဝသံသရာသဘောကို ဟောခဲ့ခြင်းဖြစ်လေသည်။ ဤသို့ဟောခဲ့သဖြင့် ဗုဒ္ဓ၏ အနတ္တဝါဒနှင့်ဆန့်ကျင်သည်ဟုဆိုရန် မဖြစ်နိုင်ချေ။

ဗုဒ္ဓလက်ခံသော ဘဝသံသရာ အယူအဆသည် အပေါ်ယံအမြင်သဘောကိုကြည့်ပါက အခြားသော ဘာသာဝါဒတို့၏ ဘဝသံသရာနှင့်အတူတူပင်ဟု မြင်ကြပေလိမ့်မည်။ ကူးပြောင်းမှုသဘောကို မဆန်းစစ်၊ မလေ့လာပါက အခြား အိန္ဒိယဘာသာအယူဝါဒများ၏ ဘဝသံသရာနှင့်အတူတူဟုပင် ထင်မြင်ယူဆပေမည်။အခြား အိန္ဒိယ သာသာရေးတို့၏ ဘဝသံသရာကားတည်မြဲသော အတ္တဖြင့် ကူးပြောင်းသော အယူအဆများနှင့် ဂျိန်းဝါဒီတို့ကဲ့သို့ကမ္မသတ္တိဖြင့်ကူးပြောင်းသောဘဝသံသရာတို့သာဖြစ်လေသည်။ စင်စစ်အားဖြင့် ဗုဒ္ဓလက်ခံယူဆသော ဘဝသံသရာကား ထိုဘဝသံသရာအယူအဆတို့နှင့် ကောင်းစွာ ခြားနားလေသည်။ဗုဒ္ဓသည် အတ္တကိုပါယ်သဖြင့် အတ္တနှင့် ကူးပြောင်းမှု မဟုတ်ချေ။ ၎င်းပြင် ပုဗ္ဗေကတ ဟေတုဝါဒကိုပယ်သဖြင့် ဂျိန်းတို့၏ ကူးပြောင်းမှုလည်း မဖြစ်နိုင်။ဗုဒ္ဓလက်ခံယူဆသောဘဝသံသရာကား “အကြောင်းအကျိုးအစဉ်အားဖြင့် တဏှာ၊ ဥပါဒါန်တို့ကြောင့် ကူးပြောင်းမှုဖြစ်သော ဘဝသံသရာဖြစ်လေသည်။ အကြောင်းအကျိုး အစဉ်ဒေသနာသည် အနတ္တဝါဒသဘာဝကို ပြည့်နှံးသလို တဏှာ၊ ဥပါဒါန်တို့သည်လည်း အတ္တသဘာဝတို့ မဟုတ်ချေ။

အချို့သောသုတ္တန်ဒေသနာအချို့တို့တွင် တဘဝမှတဘဝသို့ ကူးပြောင်းသောအရာကို ဝိညာဏ်ဖြစ်သလိုလို ထင်နိုင်စရာပြဆို ထားကြသည်။ (စေတနာသုတ်၊ ဒုတိယ-တတိယသုတ် နိဒါနဝဂ္ဂ သံယုတ်)။ ဤသုတ်များ၌ ဗုဒ္ဓဆိုလိုသည်မှာ ကူးပြောင်း တတ်သော သဘောမဟုတ်ပဲ စေ့ဆော်ကိန်းအောင်း တတ်သော ဝိညာဏ်သဘောကိုသာ ဆိုလိုခြင်းဖြစ်ပေသည်။ ဤသုတ်တို့၌ ပြောကြားသောစကားတို့သည် လူအများ နားလည်စေရန် အများ သိနားလည်သော ဝေါဟာရတို့နှင့် ဟောထားခြင်းဖြစ် ပေသည်။ဘီစီ ၆-ရာစုခေတ်မတိုင်မီကပင် လူတို့သုံးနှုန်းနေသော ဝေါဟာရများနှင့်လည်း ဗုဒ္ဓသည်ဟောခဲ့၏။

ဥပမာ "စိတ္တ ဤအတ္တဘောကို ရခြင်းဟူသော အရာတို့ သည် လောကအမည်များ၊ လောကအဆိုများ၊ လောကအခေါ် အဝေါ်များ၊ လောကပညတ်များ ဖြစ်ကုန်၏။ ယင်းအမည် ပညတ်တို့ဖြင့် မြတ်စွာဘုရားသည် မှားယွင်းစွာ မသုံးသပ်မူ၍ ခေါ်ဝေါ်၍ ဟောတော်မူ၏" (ပေါဋ္ဌပါဒသုတ်-ဒီဃနိကာယ်) ဤနေရာ၌ ဝိညာဏ်ကူးပြောင်းမှု မပြောင်းမှုကို ဗုဒ္ဓတိုက်ရိုက် ဟောခဲ့သော ဒေသနာတခုရှိ၏။ ဤသုတ္တန်ဒေသနာ၌ ဝိညာဏ် သည် ဘဝဟောင်း ဘဝသစ် ကူးပြောင်းမှုမရှိသည်မှာ ထင်ရှား သိသာလှ၏။"တခါက သာတိမည်သော ရဟန်းတပါးသည်"ထို ဝိညာဏ်ပင်လျှင် တဘဝမှတဘဝသို့ပြောင်းသွား၏၊တပြောင်းပြန် ပြန် ကျင်လည်၏။ထိုဝိညာဏ်ကား ပြောဆိုတတ်သော သဘော၊ သိတတ်သောသဘော၊ကောင်းမှုမကောင်းမှုတို့၏အကျိုးကိုခံစား တတ်သောသဘောဖြစ်၏"ဟု ယူဆယုံကြည် ပြောဆိုနေ၏။ဤအ ကြောင်းကို ဗုဒ္ဓကြားသိသောအခါ ထိုသာတိရဟန်းကိုခေါ်ယူပြီး

မေးမြန်း စိစစ်၏။ ထို့နောက် ဗုဒ္ဓက မိန့်ကြားသည်မှာ “မဂ်ဖိုမှ အချည်းနှီးဖြစ်သော ယောကျ်ား၊ ငါဘုရားသည် ‘ဝိညာဏ်သည် အကြောင်းကိုစွဲ၍ဖြစ်၏။ အကြောင်းကိုကြည့်၍ ဝိညာဏ်ဖြစ်ခြင်း သည် မရှိ’ဟု များစွာသော အကြောင်းဖြင့် ဟော ကြား သည် မဟုတ်ပါလော”ထိုသို့ဟောထားပါလျက် သင်သည် အမှားကို ယူဆခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲ၏။ မိမိကိုယ်ကိုလည်း ဖြိုဖျက် ၏“စသည်ဖြင့် အလွန်ပင်စိစစ်ကဲ့ရဲ့တော်မူ၏။ (မဟာတဏှာ သင်္ခယသုတ်- မဇ္ဈိမနိကာယ်)။ ဤဒေသနာဖြင့်ပင် ဗုဒ္ဓဝါဒ၌ ဘဝမှ တဘဝသို့ ဝိညာဏ်ဖြင့် ကူးပြောင်းသည်၊ ကျင်လည် သည် ဆိုခြင်းမှာ လုံးဝမဟုတ်နိုင်ချေ၊ ဝိဉာဏ် ကူးပြောင်း သည် ဆိုမှုကို ဗုဒ္ဓလက်ခံသည် မဟုတ်သည်မှာ သိသာလှလေသည်။

ဗုဒ္ဓသည် တဘဝမှတဘဝသို့ ကူးပြောင်းမှုကို အခြားသော အကြောင်းတို့ကြောင့်ဟု မဟောခဲ့ချေ။ “အကြောင်းအကျိုး အစဉ်အားဖြင့်သာလျှင် တဏှာဉပါဒါန်တို့ကြောင့် တဘဝမှ တဘဝသို့ ကူးပြောင်းကျင်လည်ရသည်”ဟု ဟောခဲ့လေသည်။ ဤသို့ ယူဆလက်ခံခြင်းသည် စင်စစ် အနတ္တရေး ပဋိစ္စ သမုပ္ပာဒ် ဒေသနာတို့အား လျော်သည်သာဖြစ်လေသည်။ ဤသို့ တဏှာ၊ ဉပါဒါန်တို့ကြောင့် ဘဝကူးပြောင်းသည် ဆိုသော ဒေသနာ စကားတို့ကို ပိဋကတ်တွင် အများအပြားတွေ့နိုင်လေသည်။“ပြင်း စွာတပ်နှစ်သက်သော ရာဂနှင့်ယှဉ်သော တွေဝေသော သာယာ ဖွယ်ကို ရှုလေ့ရှိသည်ဖြစ်၍နေသော ထိုပုဂ္ဂိုလ်အား နောင်အခါ ၌ ငါးပါးသော ဉပါဒါနက္ခန္ဓာတို့သည် ပွားခြင်းသို့ ရောက်ကုန် ၏။ ထိုပုဂ္ဂိုလ်အား ဘဖန် ဘဝသစ်၌ဖြစ်စေတတ်သော နှစ်သက် ခြင်းရာဂနှင့်တကွဖြစ်သော ထိုထိုအာရုံ၌ အလွန် နှစ်သက်ခြင်းရှိ

သော တဏှာ သည်လည်း ပွား၏" (မဟာသဠာယတနသုတ်-မဇ္ဈိမနိကာယ်)။

"တဏှာလျှင် အဖော်ရှိသော သတ္တဝါသည် ရှည်စွာသော ကာလပတ်လုံး ကျင်လည်ရလျက် ဤဖြစ်ပေါ်ဆဲ ခန္ဓာကိုယ် အခြားဖြစ်လတံ့ ခန္ဓာကိုယ်ဟူသော (ခန္ဓာအာယတန ဓာတ်တို့၏ အစဉ်မပြတ်ဖြစ်ခြင်း) သံသရာကို မလွန်မြောက်နိုင်ချေ၊ တဏှာသည် ဝဋ်ဆင်းရဲ၏ဖြစ်ကြောင်းတည်းဟု အပြစ်ကိုသိ၍ သတိရှိသောရဟန်းသည် တပ်မက်ခြင်းမရှိပဲ (တစုံတခုသော အာရုံကိုမျှ တဏှာဒိဋ္ဌိတို့ဖြင့်)မစွဲလန်းမူ၍ ကျင့်ရာသတည်း" (တဏှုပ္ပာဒသုတ်- အင်္ဂုတ္တိုရ်ပါဠိတော်)။

"ခန္ဓာငါးပါးသည် အလိုရှိမှုတဏှာဆန္ဒကြောင့်ဖြစ်၏။ဆင်းရဲမှုသည် အလိုရှိမှု တဏှာဆန္ဒကြောင့်ဖြစ်၏။အလိုရှိမှုတဏှာဆန္ဒကို ပယ်ဖြောက်သဖြင့် ခန္ဓာငါးပါးကို ပယ်ဖြောက်နိုင်၏။ ခန္ဓာငါးပါး ကင်းပျောက်သဖြင့် ဆင်းရဲခြင်းပျောက်ရ၏" (သန္တိသုတ် သဂါထာဝဂ္ဂသံသုတ်)။တဏှာသည် ဤပစ္စုပ္ပန်ဘဝ၊ ထိုထိုဘဝတို့အား ချုပ်စပ်တတ်သော တရားအဖြစ်ဟောထား၏။ ဤဒေသနာ၌ တဏှာ၏ဘဝကူးမှုသဘောကို သိသာလှလေသည်။

"ရဟန်းတို့ အကြင်ပရိယာယ်အားဖြင့် သင်တို့အာလုံး၏ စကားသည်ပင် ကောင်းစွာဆိုအပ်သော စကားဖြစ်၏။ စင်စစ် သော်ကား ပါရာယနအစည်းအဝေး မေတ္တေယျလုလင် မေးအပ်သော ပြဿနာ၌ "အကြင်သူသည် ပညာဖြင့်အဖို့ နှစ်ပါးကိုသိ၍ အလယ်၌ မလိမ်းကျံမငြိကပ်၊ ထိုပုဂ္ဂိုလ်ကို ယောကျ်ားမြတ်ဟူ၍ ငါဆို၏။ ထိုယောကျ်ားမြတ် ပုဂ္ဂိုလ်သည် ဤပစ္စုပ္ပန်ဘဝ၌ ထိုထိုဘဝကို ချုပ်စပ်တတ်သောတရားကို လွန်မြောက်၏"ဟု ငါရည်း

ရှုယ်၍ ဟောအပ်သည့်အနက်အဓိပ္ပါယ်ကို နာကြားကုန် ကောင်းစွာ နှလုံးသွင်းကြကုန် ဟောပေအံ့။

“ရဟန်းတို့ ဖဿ၏ အစွမ်းအားဖြင့်ဖြစ်သော ပစ္စုပ္ပန် အတ္တဘောသည် အဖို့တခုဖြစ်၏။ ဖဿလျှင် အကြောင်းရင်းရှိသော အနာဂါတ် အတ္တဘောသည် နှစ်ခုမြောက်အဖို့ဖြစ်၏။ ဖဿ၏ ချုပ်ရာ (နိဗ္ဗာန်) သည် အလယ်ဖြစ်၏။ တဏှာသည် ချုပ်စပ်တုတ်သော တရားဖြစ်၏။ ထိုစကားမှန်၏။ တဏှာသည် ဖဿသမုဒယ တို့ကို ထိုထိုဘဝ၌သာလျှင်ဖြစ်ပေါ်ရန် ချုပ်စပ်တတ်၏” (မဇ္ဈိသုတ် ဆက္ကနိပါတ် အင်္ဂုတ္တိုရ်)။

တခါက သျှင်မဟာကောဋ္ဌိကသည် အသျှင်သာရိပုတြာနှင့် တရားဆွေးနွေး နှီးနှောစဉ်တွင် အသျှင်သာရိပုတြာအား ဤသို့ မေး၏။ “ငါ့သျှင် အဘယ်ကြောင့် နောင်အခါ တဖန်ဘဝသစ် ထင်ရှားဖြစ်ပေါ်ရသနည်း”

“ငါ့သျှင် မသိမှုအပိတ်အဆီး၊ အဝိဇ္ဇာနိဝရဏနှင့် တပ်မက်မှု အနှောင်အဖွဲ့၏ တဏှာသံယောဇဉ်ရှိကုန်သော သတ္တဝါတို့အား ထိုထိုအာရုံ၌ အလွန်နှစ်သက်မှုကြောင့် နောင်အခါ၌ တဖန် ဘဝသစ်ထင်ရှားဖြစ်ပေါ်ရ၏”ဟု မိန့်လေသည်။ (မဟာဝေဒလ္လသုတ် မဇ္ဈိမနိကာယ်)။ဤဒေသနာစကားတော်များအရ ဘဝကူးပြောင်းမှုကိုပြုသော သဘောတရားသည် တဏှာဥပါဒါန်တို့သာလျှင်ဖြစ်ကြောင်း ဗုဒ္ဓဝါဒ၌ ထင်ရှားလေသည်၊ ဤသို့သဘောပါရှိသော ဒေသနာတို့သည် ပိဋကတ်တွင် များစွာရှိလေသည်။ဤသို့ တဘဝမှ တဘဝသို့ ကူးပြောင်းသည်ဆိုရာ၌ မည်သည့်ပုဂ္ဂိုလ်၏ တဏှာ ဥပါဒါန်တို့သည် ကူးပြောင်းသနည်းဟု မဆိုအပ်ချေ။ အကယ်၍ ဆိုလိုပါက “မည်သည့်အရာ(သဘောတရား)သည် ကူးပြောင်း

တတ်သော သဘောပါနည်း”ဟူ၍သာဆိုအပ်ချေသည်။ စင်စစ်မူကား ဗုဒ္ဓဝါဒသည် ပုဂ္ဂိုလ်သတ္တဝါအတ္တဇီဝစသည်ကို အသိအမှတ်ပြုသည်မဟုတ်ချေ။အမှန်အားဖြင့်ကား တဘဝမှတဘဝသို့ကူးပြောင်းသောအခြင်းအရာကို မကြံစည်အပ်ချေ။ တဏှာဥပါဒါန်တို့၏ တဖန် ဘဝသစ်ဖြစ်စေတတ်သော သဘောကိုသာ သိသင့်မည်ဖြစ်မည်။ ဥပမာ လူတို့ပြောဆိုကြသော “ဘဝတပါးသို့ပြောင်းသွားသည်” ဆိုသောစကားသည်ပင် လောကဝေါဟာရမျှသာ ဖြစ်၏။ ဗုဒ္ဓဝါဒအရ ဤသို့ဆိုအပ်သည်မဟုတ်ချေ။

လူတို့သည် သေသည်မှနောက်၌ တစုံတရာကူးပြောင်းမှုမရှိပဲ ဘဝသစ်တဖန် ဖြစ်လာသောသဘော ဘဝသံသရာ သဘောကို ပိဋကတ်တို့တွင် စေ့စေ့စပ်စပ်ဖော်ပြထားသည်ကို မတွေ့မိချေ။ မိလိန္ဒပဉှာ၊ ဝိသုဒ္ဓိမဂ္ဂစသော အဋ္ဌကထာများတွင်မူ ဘဝသစ်တဖန်ဖြစ်ခြင်းသဘောကို ဥပမာများဖြင့်ပင် စေ့စေ့စပ်စပ်ပြဆိုထားလေသည်။ မိလိန္ဒာပဉှာ၌ အသျှင်နာဂသေန မထေရ်က ဆိုထားသည်မှာ “မင်းမြတ် ဤအတူသာလျှင် (ပရမတ္ထ)တရား အစဉ်အဆက်သည် ရှေ့နောက်ဆက်စပ်၏၊ တပါး တခြားသော တရားသည် ဖြစ်ပေါ်လာ၏။ တပါး တခြားသော တရားသည် ချုပ်ငြိမ်း၏၊ မရှေးမနှောင်း တပြိုင်နက်ကဲ့သို့ ရှေ့နောက် ဆက်စပ်၏၊ ထိုသို့တပြိုင်နက်ကဲ့သို့ဖြစ်၍ ချုပ်ပျက် ဆက်စပ်သောကြောင့် ထိုရှေးသူမှတပါး တခြားကသူလည်းမဟုတ်၊ ရှေးဘဝဖြစ်သော ဝိညာဉ် တရား၌ နောက်ဘဝဖြစ်သော ဝိညာဉ် တရားသည် ပေါင်းရုံးခြင်းသို့ ရောက်၏” (အဒ္ဓါနဝဂ်-မွသန္တတိပဉှာ မိလိန္ဒပဉှာ)

ဤအရာ၌ အရှင်နာဂသေနမထေရ်သည် 'ခလေးသူငယ်မှ လူကြီးသို့ ဖြစ်လာသော ဥပမာ—တည့်ပတ်လုံး ထွန်းထားအပ် သောမီးတိုင် ဥပမာ · နို့ရည်မှကာလခြားသဖြင့် နို့ဓမ်း၊ ဆီဦး ထောပတ်တို့ဖြစ်ခြင်း ဥပမာ၊တို့ဖြင့် စေဆာစွာ ဟောပြထား လေသည်။ မိလိန္ဒမင်းက နာဂသေနမထေရ်အား "ပဋိသန္ဓေနေ ရဦးမည်လော" ဟုမေး၏။ထိုအခါ မထေရ်က"မင်းမြတ် ဥပါဒါန် ရှိသေးသည်ဖြစ်အံ့၊ပဋိသန္ဓေနေရလတ္တံ့၊ ဥပါဒါန်မရှိသည်ဖြစ်အံ့၊ ပဋိသန္ဓေမနေရလတ္တံ့"ဟု ဖြေ၏။ (ထေရ ပဋိသန္ဓဟနာ၊ပဋိသန္ဓ ဝနပဉ္စာ (ဝိသုဓိမဂ်-ကာခ်ါဝိတရဏာနိဒ္ဒေသ) ၌လည်း "ပဋိသန္ဓ အခါ၌စိတ်၏ အစဉ်သည်ဖြစ်၏။ ရှေးဖြစ်သောစိတ်သည် ပျက် ၏၊ ထိုသို့ ငုတိစိတ်မှ အခြားမဲ့၌ နောက်ဖြစ်သော တရားသည် သွားသည်မဟုတ်၊ စုတိစိတ်မှ တစုံတခုသောတရားသည် သွား သည်မဟုတ်၊ ပဋိသန္ဓေဝိညာဉ်သည် စုတိစိတ်မှတပါးဖြစ်၍ အ ကြောင်းအားလျော်စွာ ဖြစ်၏"ဟု အရှင်ဗုဒ္ဓဃောသ ဆရာသည် ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝကို မကြံစည်ခြင်း၌ ငါ့ပြီးဆိုထား၏။

စင်စစ်အားဖြင့်လည်း ဘဝသစ်၌ ပဋိသန္ဓေ နေသောသူသည် ဘဝဟောင်းမှလူမဟုတ်၊ သို့သော် ဘဝဟောင်းမှပုဂ္ဂိုလ်နှင့် လုံးဝ အဆက်အစပ်မရှိသော အခြားတပါးသော သူလည်း မဟုတ်ချေ၊ အမှန်အားဖြင့် ဘဝဟောင်းမှလူသည် တစုံတရာ ကူးပြောင်းမှုမရှိ ပဲ "တဏှာ-ဥပါဒါန်တို့ကြောင့် အကြောင်းအကျိုး အားဖြင့်သာ ဆက်စပ်သောပုဂ္ဂိုလ် ဖြစ်လေသည်" ဤအကြောင်းနှင့်ပတ်သက် ၍အရှင်နာဂသေနနှင့် အရှင်ဗုဒ္ဓဃောသတို့သည် ဥပမာအမျိုး မျိုးဖြင့် ပြခဲ့ကြသည်။ မြန်မာ့ဗုဒ္ဓဝါဒီတို့ သိရှိနားလည်ပြီးသည့် အတိုင်းပင် သရက်ပင်ကြီးပွားလာခြင်း၊ ပဲ့တင်သံဖြစ်ပေါ်ခြင်း၊

ကြေးမုံမှန်၌ အရိပ်ထင်ခြင်း စသော ဥပမာများကို ဝိသုဒ္ဓိမဂ်ကျမ်း၌ ပြဆိုထားလေသည်။ ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝ မကူးပြောင်းပဲ ဘဝသံသရာဖြစ်ပေါ်ခြင်း၊ ဘဝသစ်သို့ကူးပြောင်းဖြစ်ပေါ်ခြင်းဟူသော ဗုဒ္ဓဝါဒအယူအဆကို အခြားနည်းဥပမများများဖြင့်လည်း သိနိုင်ပေသည်။

ဥပမာအားဖြင့် "မြစ်တခုကိုခြားပြီး ဟိုဘက်သည်ဘက် တဘက်တချက်၌ ရွာနှစ်ရွာသည်ရှိ၏၊ တောင်ဘက်ရွာကိုမီးစွဲလောင်နေစဉ် လေတိုက်ခတ်သဖြင့် မြစ်၏တခြားဘက်ဖြစ်သော မြောက်ဘက်ရွာ၌ မီးစွဲလောင်လေသည်။ ရွာနှစ်ရွာတို့၏အကြား၌ မြစ်ခြားနေသည်။ မြစ်မြောက်ဘက်ရွာကို စွဲလောင်သော မီးသည် တောင်ဘက်ရွာမှမီးဖြစ်သည်ဟု ဆိုရန် မဖြစ်ချေ။ မီးသည် မြစ်ကိုဖြတ်ကူးသွားနိုင်သည်မဟုတ်ချေ။ သို့သော် တောင်ဘက်ရွာကိုမီးမလောင်လျှင် မြောက်ဘက်ရွာကို မီးကူးစွဲလောင်မည် မဟုတ်ချေ။အမှန်အားဖြင့် လေ၏အရှိန်သတ္တိကြောင့်သာ မြောက်ဘက်ရွာကို မီးစွဲလောင်လေသည်။မြစ်ခြားနေသော်လည်း ကူးစက်သွားသော မီးလျှံမီးညွန့်တို့သည် လေ၏အရှိန်သတ္တိကြောင့် အလျဉ်ပြတ်စဲသွားခြင်း မရှိသည်မှာထင်ရှားလေသည်။ ဤအတူ ပင်ပစ္စုပ္ပန်ဘဝဖြစ်သော ပုဂ္ဂိုလ်သတ္တဝါ၏ ခန္ဓာငါးပါးတို့သည် သေဆုံးပျက်စီးစေကာမူ တဏှာဥပါဒါန်၏ အစွမ်းသတ္တိ အရှိန်ကြောင့် အကြွင်းမဲ့ပြတ်စဲချုပ်ငြိမ်းသွားမည် မဟုတ်ပဲ ဘဝသစ်ခန္ဓာငါးပါးကို စွဲငြိလေမည်သာဖြစ်လေသည်။

လူသေလျှင်ဘာဖြစ်သည် ညာဖြစ်သည်စသည်ဖြင့် မဆွေးနွေးခြင်းသည် သင့်မည်ထင်၏။ ပိဋကတ်တော်၌ကား လူသေလျှင် လူ၊ နတ်၊ ဗြဟ္မာစသည်ဖြင့်ပြဆိုထား၏။လူသေလျှင် လူပြန်ဖြစ်သည်ဟု

စသည်ဖြင့် အောကန်ကေဆိုခြင်းသည် ဗုဒ္ဓဝါဒအရ မလိုလားအပ်ချေ။ လူသေလျှင်ဖြစ်နိုင်သောပုဂ္ဂိုလ် သတ္တဝါဘုံတို့ကို ပိဋကတ်၌ဆိုသည့်အတိုင်း သိမှတ် ၊ ငံ့လေသည်။ဤအရာ၌ သိပ္ပံအယူအမြင်ဖြင့် တိုင်းတာ၍ ပိဋကတ်အယူအဆကို ပြုပြင်ခြင်းသည် မသင့်ချေ။ စင်စစ် သိပ္ပံအယူအမြင်နှင့် ဘာသာရေး အယူအမြင်သည် ခြားနားလှလေသည်။

ဗုဒ္ဓလက်ခံယူဆသော ဘဝသံသရာအယူနှင့်ပတ်သက်၍ ဗုဒ္ဓဝါဒပညာရှင်တို့သည် အမြင်အဆို အမျိုးမျိုးရှိလေ၏။ အိန္ဒိယအမျိုးသားပညာရှင် (Mehta)ဆိုသော ပုဂ္ဂိုလ်ကမူ ရှပ်နာမ်တရားတို့၏ ခဏမစဲအမြဲဖြစ်ပေါ် ချုပ်ပျောက်နေမှုကိုပင် ဗုဒ္ဓဆိုလို ဟောကြားသော ဘဝသံသရာဖြစ်လေဟန် ရေးသားထားသည်ဆို၏။အင်္ဂလိပ်ဗုဒ္ဓကျမ်းပြုဆရာ(Jennings)ကမူ ပိဋကတ်ထဲသို့နောက်မှဝင်လာသော ဗြဟ္မဏဝါဒဖြစ်သည်ဟုဆိုသည်။ရင်းပြင် ရုရှပညာရှင်ဖြစ်သော ဗုဒ္ဓကျမ်းပြုဆရာ(Stcher Betzky) ကမူ ဗုဒ္ဓသည် ဘဝသံသရာအကြောင်းကို ပညာဉာဏ်နုနယ်သော ပုထုဇဉ် ပုဂ္ဂိုလ်တို့အားသားလျှင် ဟောခဲ့သည်။ ပညာဉာဏ်ရင့်ကျက်ပြီးသော ပုဂ္ဂိုလ်တို့ကိုကား တမျိုးတဖုံဟောကြားခဲ့သည်ဟုဆိုကြသည်ဟူ၏။စချောင်းကဇကီ၏ အယူအဆကို မြန်မာဗုဒ္ဓဝါဒီတို့ လက်ခံနိုင်မည်မဟုတ်ချေ။စချာဗက်ဇကီသည် ဘဝကူးပြောင်းမှု ဘဝသံသရာကျင်လည်မှုတို့ကို ဗုဒ္ဓအယူအဆအဖြစ် လက်ခံလိုဟန်မတူချေ။

ပိဋကတ်တို့တွင်ပါရှိသော ဒေသနာတို့ကို ရွေးကျမှု၊ ခိုင်မာမှုတို့၌ ပိဋကတ်စာပေအားလုံးလိုလို၌ အကြိမ်ကြိမ်တွေ့ရသော စကားပြေဂါထာစသည်တို့ကို အခိုင်အမာဆုံးရွေးအကျဆုံးအဖြစ်

ယူဆကြသည်။ ပိဋကတ်ကျမ်း နှစ်ကျမ်း,သုံးကျမ်း စသည်တို့၌ ထပ်တူထပ်မျှပါသော ဒေသနာများကို ဒုတိယ အခိုင်မာဆုံး ရှေးအကျဆုံးအဖြစ်ထားကြ၏။အနောက်တိုင်း ဗုဒ္ဓပါဠိပညာရှင်တို့တွင် လေးစားအပ်သော ဒေါက်တာရိုင်းစ်ဒေးဗစ်(Dr.Fhys Davids)သည် ဤသို့ယူဆပြီး ဒီဃနိကာယ် သီလက္ခန္ဓ(သုတ်သီလက္ခန်)ကို တတိယနေရာ၌ ထားသည်ဟုဆို၏။

ဘဝသံသရာ အယူအဆနှင့်ပတ်သက်ပြီး၊ (ဒီဃနိကာယ်၊ သီလက္ခန္ဓ၊ သာမညဖလသုတ်လာ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်အကြောင်းဒေသနာစကားတော်သည် ခိုင်မာသည်ဟု ဆိုရချေမည်ဖြစ်၏။၎င်းပြင် သာမညဖလသုတ်နှင့် အလားတူသော သုတ်များသည်လည်း ပိဋကတ်တွင် အများအပြားပါရှိသည်ကို ပိဋကတ် လေ့လာဘူးသူတိုင်းသိလေသည်။ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်အကြောင်း ဒေသနာစကားတို့သည် ပိဋကတ်တွင် များစွာပါရှိလေသည်။ ၎င်းပြင် ထိုဒေသနာတို့ကို ဟောကြားသော ပုဂ္ဂိုလ်များမှာ လူပုဂ္ဂိုလ်များ ပရဗိုဇ်များနှင့် အများအားဖြင့် ရဟန်းများဖြစ်လေသည်။ ဘဝသံသရာ အယူအဆသည်လည်း ပိဋကတ်တွင် အတော်များများပါရှိပြီး များသောအားဖြင့် ရဟန်းများကိုသာ ဟောကြားသည်ကများ၏။ဘဝသံသရာ အယူအဆ သဘောပ ရှိသော ဒေသနာတို့သည် အများအားဖြင့် သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂသံယုတ်တွင် ထင်ရှားလေသည်။

ဘဝသံသရာအယူအဆကို ဗုဒ္ဓ တိုက်ရိုက်ဟောကြားသော (သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂ အနမတဂ္ဂသံယုတ်) ကိုကြည့်လျှင် ပင် သိသာလှသည်၊ ၎င်း အနမတဂ္ဂသံယုတ်၌ ပဌမဝဂ်၊ဒုတိယဝဂ် အားဖြင့် နှစ်ဝဂ်ရှိပြီး သုတ်ပေါင်း နှစ်ဆယ်(၂၀)ရှိလေသည်။

၎င်းသုတ် နှစ်ဆယ်တို့တွင် (ပဥ္စမဝဂ်၊ အဌမသုတ်၊ ဂင်္ဂါသုတ်) သည်ပင် လူပုဂ္ဂိုလ် အညတရပုဏ္ဏားတယောက်အား ဟောသော သုတ်အဖြစ် တသုတ်သာပါရှိလေသည်။ အခြားသုတ် တဆယ့်ကိုးသုတ်(၁၉)သည် အားလုံး ရဟန်းတို့အားသာဟောသော သုတ်များဖြစ်၏၊ ဤအနမတဂ္ဂသံယုတ်၌ပင် ဗုဒ္ဓဟောသော ဘဝသံသရာ ဒေသနာကိုကြားနာသော မေးလျှောက် တောင်းပန်သော ပုဂ္ဂိုလ်များသည် ပညာဉာဏ်နုနယ်သူများ ပုထုဇဉ်ပုဂ္ဂိုလ်များ စသည်တို့ မဟုတ်ချေ။ ဉာဏ်ပညာရင့်ကျက်သော ရဟန်းများ၊ မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုနေသူများစသော ရဟန်းပုဂ္ဂိုလ်တို့သာဖြစ်လေသည်။

ဗုဒ္ဓ၏ အနတ္တဝါဒနှင့်ဆန့်ကျင်သဖြင့် ဘဝသံသရာ အယူအဆကို ဗုဒ္ဓဝါဒအစစ်မဟုတ် စသည်ဖြင့် အနောက်တိုင်းသားတို့ သည် ဆိုကြ၊ သံသယရှိကြခြင်းဖြစ်သည်။ ပိဋကတ်တို့တွင်ကား ဘဝသံသရာအယူကို မယုံကြည်သဖြင့် သို့မဟုတ် သံသယရှိသဖြင့် ဗုဒ္ဓအား မေးမြန်းလျှောက်ထားသော အကြောင်းတို့ကို မတွေ့ မိချေ။ ဘီစီ ၆-ရာစုဘဝိုက်မှ အိန္ဒိယသားတို့သည် ဘဝသံသရာ အယူအဆကိုလက်ခံယုံကြည်ကြတန်သည်။ အဇိတကေသ ကမ္ဗလ စသူတို့သည် ဘဝသံသရာအယူကို လက်ခံသောသူများ မဟုတ်ချေ၊ ၎င်း၏ဝါဒသည် တရားလက်လွတ် အတုံးအခဲ ရုပ်ဝါဒဖြစ်၏။ ၎င်း၏ အယူအဆသည် ထိုအခါက အိန္ဒိယတွင် အောင်မြင်ခဲ့ဟန် မရှိချေ။

ဒီဃနိကာယ်၊ ပါယာသိသုတ်၌ကား ပါယာသိ မြို့စား သည် တမလွန်လောကကို မယုံကြည်သူအဖြစ်ပါရှိ၏။ ၎င်းက "တမလွန်လောကသည်မရှိ၊ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့

သည် မရှိ၊ ကုသိုလ်, အကုသိုလ် က ံအကျိုးသည် မရှိ”ဟုဆိုပြီး ကုမာရကဿပမထေရ်အား မေးမြန်းလျှောက်ထား၏။ “သေသေသူများသည် တမလွန်ဘဝရှိကြောင်း မိမိအား လာမပြောပါ၊ ရာဇဝတ်သားတို့အား သတ်သောအခါ၌ ပြောင်းသွားသော အသက်ဝိညာဉ်ကို မတွေ့မြင်ရပါ” စသည်ဖြင့် မြို့စားကဆို၏။ မထေရ်ကလည်း “ဒိဗ္ဗစက္ခုအသိဉာဏ်ကိုရသော ပုဂ္ဂိုလ်တို့သည် သေ၍ တဖန်ဖြစ်သော သတ္တဝါကို မြင်ကုန်သည်” စသည်ဖြင့် ချေပဖြေဆိုထား၏။ မထေရ်၏ ချေပဖြေဆိုချက်များကို ယနေ့ခေတ် လူတို့ လက်ခံနိုင်မည်မဟုတ်ချေ။ မြို့စား၏ အကြောင်းပြချက်များသည်လည်း ရုပ်ကြမ်းဝါဒီတို့၏ အကြောင်းပြချက်များဖြစ်လေသည်။ဎင်းပုဂ္ဂိုလ်တို့အကြောင်းသည် ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်းနှစ်ရာ(၂၀၀)မျှအခါတွင် ပေါ်ပေါက်လာခြင်းဖြစ်သည်ဆို၏။

ရှေးအခါက လူတို့သည် ဘဝသံသရာအယူကို အားလုံးလိုလိုပင် လက်ခံယူဆကြသည်။ ဗုဒ္ဓလက်ခံယူဆသော ဘဝသံသရာသည်ကား အခြားဘာသာတို့၏ ဘဝသံသရာနှင့်မတူချေ။ စင်စစ် ဗုဒ္ဓသည် ဘဝသံသရာအယူကို လက်မခံဟူသောသဘောမျိုး မယူဆနိုင်ချေ။ ဗုဒ္ဓလက်ခံသော ဘဝသံသရာသည် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့ကိုထောက်ကူထင်ရှားစေသောဘဝသံသရာအယူအဆသာဖြစ်လေသည်။ ထို့ကြောင့်ပင် ဗုဒ္ဓသည် ဘဝသံသရာအယူအဆကို အရေးတယူ မဟောခဲ့ခြင်းဖြစ်လေသည်။ဘဝသံရာစွဲသန်းမှုသည် နိရောဓ သစ္စာကို မျက်မှောက်ပြုနိုင်မှု၌ တားဆီးသော အခက်အခဲကြီးတခုဖြစ်လေသည်။ စင်စစ် ဗုဒ္ဓ၏ ဘဝသံသရာကား တဏှာ ဥပါဒါန်တို့၏ သဘာဝ သဘောတရား ပြခြင်း

သာဖြစ်လေသည်။ ထို့ကြောင့်ပင်ဗုဒ္ဓသည် တမလွန်ဘဝ စွဲလန်းယူဆမှုကို ပယ်ရန်မမျှော်မှန်းရန် ဟောခဲ့ခြင်းဖြစ်လေသည်။

"ငါသည် သက်န်း၊ ဆွမ်း၊ ကျောင်းဟူသော အကြောင်းကြောင့်သော်၎င်း၊ ထိုထိုသမ္ဘဝ၊ (ထိုထိုသောဘဝဟူသည့် နောင်အခါ၌ပြည့်စုံသောဘဝ)၏ အကြောင်းကြောင့်သော်၎င်း၊ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သည်မဟုတ်" (အဓိပ တေယျသုတ်၊ တိကနိပါတ်၊ အင်္ဂုတ္တိုရ်)။

"ရဟန်းတို့ သာသနာမှ တပါးသော အယူရှိကုန်သော ပရိဗ္ဗိဇ်တို့သည် "ငါ့သျှင်တို့ သင်တို့သည် ရဟန်းဂေါတမထံဝယ် နတ်ပြည်၌ဖြစ်ခြင်းအကျိုးငှာ မြတ်သော အကျင့်ကို ကျင့်သုံးသလော"ဟု ဤသို့ အကယ်၍ မေးကုန်ငြားအံ့။ ရဟန်းတို့ သင်တို့သည် ဤသို့မေးအပ်ကုန်သည်ရှိသော် ငြီးငွေ့ကုန်ရာသည် မဟုတ်လော၊ ရှက်နိုးကုန်ရာသည် မဟုတ်လော၊ စက်ဆုတ်ကုန်ရာသည် မဟုတ်လော"(ဒေဝလောကသုတ်၊ တိကနိပါတ်၊အင်္ဂုတ္တိုရ်)။

"ဤအကျင့်သီလ ကျင့်ဝတ်၊အားထုတ်မှု၊ရှောင်ကြဉ်မှုတို့ဖြင့် ရဟန်းသည် နတ်သော်၎င်း၊ နတ်အမျိုးတွင် အပါဝင်သော်၎င်း ဖြစ်ရအံ့ဟု အမျိုးမျိုးသောအဖြစ်ကို တောင့်တသော အကျင့်မြတ်ကျင့်သုံးသည့် ရဟန်း၏စိတ်သည် အနှောင်အဖွဲ့ဖြစ်၏။ ထိုကဲ့သို့သော မည်သည့်ရဟန်းဖြစ်စေ သာသနာ၌ ကြီးပွားစည်ပင်ခြင်းသို့ ရောက်နိုင်ရာ အကြောင်းသည် မရှိပေ" (စေတောခိလသုတ်၊ မဇ္ဈိမနိကာယ်)။

ဤဒေသနာများသည် တမလွန်ဘဝ အခြင်းရာ ဖြစ်သော သမ္ဘဝ်ဘဝများ ဖြစ်သည်၊ သုဂတိဘုံဘဝတို့၌ မစွဲယူစေရန် ဟောကြားသော ဒေသနာများ ဖြစ်လေသည်၊ ဤသို့ တမလွန်

လောကမှ သမ္ပတ္တိဘဝများကို တောင့်တ စွဲလမ်းခြင်းသည် ဗုဒ္ဓသာသနာ၌လိုလားအပ်သည် မဟုတ်ချေ၊ ဗုဒ္ဓသာသနာတော်တွင် မျက်မှောက်ခံစားရရှိနိုင်မည့် အကျိုးတရားထက် တမလွန်ဘဝ၌ ခံစားလိုသောအလိုတရားကို ဦးစားမပေးချေ။ ဗုဒ္ဓဝါဒ၌ မျက်မှောက်ဘဝ ရရှိခံစားရမည်ဖြစ်သော အကျိုးစီးပွားသည် တမလွန်ဘဝ အကျိုးတရားထက်ပိုပြီး အရေးပါ လေးနက်လေသည်။ ဗုဒ္ဓဝါဒီသည် တမလွန်ဘဝအကျိုးစီးပွားကို မျှော်မှန်းတပ်မက်ခြင်းထက် မျက်မှောက်အကျိုးစီးပွားအတွက် ကြိုးစားလုံ့လစိုက်ခြင်းကို ဗုဒ္ဓလိုလားလေသည်။ အင်္ဂုတ္တိုရ်တိကနိပါတ် ကေသမုတ္တိသုတ်နှင့် မဇ္ဈိမနိကာယ်အပဏ္ဏကသုတ်တို့တွင်တမလွန်ဘဝယုံကြည်မှုသည် မည်သို့မျှအကျိုးမယုတ်စေကြောင်း ဟောပြောပြီး ကောင်းစွာနေထိုင်ပြုမူကျင့်ကြံသဖြင့် ပစ္စက္ခဘဝတွင် ချမ်းသာစွာ နေရမှုကို အဓိက ဟောထားလေသည်၊ စင်စစ်အားဖြင့် သာမန်လူတို့အား ဤသို့ပင် ဟောပြောရပေမည်၊ ထိုသူတို့သည် မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှာ ကျင့်သုံးသူများ မဟုတ်သဖြင့် တမလွန်ဘဝ စွဲလမ်းယူဆမှုကို ပယ်ရန် ဟောခြင်းသည် အကျိုးများမည်မဟုတ်ချေ၊ မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှာ ကျင့်သုံးသော သာသနာဝင်ပုဂ္ဂိုလ် များကိုကား တမလွန်ဘဝတပ်မက်မှုကို ပယ်ဖျောက်ရန် ဟောမှသာ အကျိုးကျေးဇူး များပြားပေမည်၊ ဤသို့ပုဂ္ဂိုလ်အရ ခွဲခြားဟောမှုသည် (မဇ္ဈိမနိကာယ်—မဟာစတ္တာရီသကသုတ်) တွင်ထင်ရှား၏၊ ထိုသုတ်၌ သမ္မာဒိဋ္ဌိကို နှစ်မျိုးပြဆိုထားပြီး လူသာမန်တို့အတွက် တမျိုးနှင့် သာသနာဝင်တို့ အတွက် တမျိုးထားလေသည်။

တမလွန်ဘဝကို စွဲလမ်း ယုံကြည်ခြင်း သဘော နှင့် ဘဝကူးပြောင်းကျင်လည်မှု ဘဝသံသရာ သဘာဝတို့သည် မတူချေ၊ တမလွန်ဘဝကို စွဲလမ်းယုံကြည်ခြင်းသည် တမလွန် လောက၏ စည်းစိမ်ချမ်းသာ ပြည့်စုံသော ဘဝတို့ကို စွဲလမ်းတပ်မက်ခြင်း ဖြစ်၏၊ ဘဝသံသရာသည်ကား တဏှာဥပါဒါန်တို့၏ သဘာဝ သဘောတရားသာဖြစ်သည်၊ တဏှာဥပါဒါန်ကြောင့် ကူးပြောင်း ကျင်လည်သည်ဆိုသော ဗုဒ္ဓ၏ဘဝသံသရာသည် တဏှာဥပါဒါန် မပြတ်ကင်းသေးသမျှ ကူးပြောင်း ကျင်လည် ရသည် ဆိုခြင်းမှ တပါးအဆန်းတကျယ်ဖြစ်မှု ပြီးပြည့်စုံမှုတို့ပါရှိသည် မဟုတ်ချေ၊ တဏှာဥပါဒါန်တို့၏ သဘာဝသဘောတရား ဖြစ်သော ဘဝသံသရာသည် ဒုက္ခ၊ သမုဒယသစ္စာတို့ကို ထင်ရှားစေခြင်း ဖြစ်ပြီး တမလွန်ဘဝ စွဲလမ်းမှုသည်ကား ဥပါဒါန် လေးပါး တို့တွင် သီလဗ္ဗတုနှင့် ဒိဋ္ဌုပါဒါန်တို့တွင် အကျုံးဝင်နေလေသည်။ ထို့ကြောင့်ပင် တမလွန်ဘဝ စွဲလမ်းမှုသည် မဂ်ဖိုလ်နိဗ္ဗာန်အကျိုးစီးပွား၌ ကြီးစွာသော အတားအဆီး ကြီးပင် ဖြစ်လေသည်၊ ဤအကြောင်းကြောင့်ပင် ဗုဒ္ဓသည် မဂ်ဖိုလ်နိဗ္ဗာန် အကျိုးငှာ ဟောပြောရာ၌ရင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုလိုသူတို့အားရင်း ဟောကြားရာ၌ တမလွန်ဘဝ အယူအဆများကို မစွဲလန်းသင့်ကြောင်း ဟောခြင်းဖြစ်လေသည်၊ ဤသည်မှာ ထူးသည်တော့ မဟုတ်ချေ၊ ဒိဋ္ဌဓမ္မ ခံစားရမည့် နိဗ္ဗာန် ချမ်းသာအတွက် တမလွန်ဘဝ၌ ရရှိသည်ဆိုသော စည်းစိမ်ချမ်းသာ စွဲလန်းမှုကို စွန့်လွှတ်ပယ်သတ်ခိုင်းသည်မှာ ဗုဒ္ဓဝါဒအရ အလွန်သဘာဝကျလေသည်။

ဗုဒ္ဓသည် အင်္ဂုတ္တိုရ်ကေသမုတ္တိသုတ်၊ မဇ္ဈိမနိကာယ်အပဏ္ဏကသုတ်တို့၌ တမလွန်ဘဝ ယုံကြည်ခြင်းသည် အကျိုး ကျေးဇူးများစေသည့်ကောင်းသောအခြင်းအရာတခုအဖြစ်ဟောခဲ့သည်။ တမလွန်ဘဝရှိသည့်၊မရှိပါဆိုသည်ကို ပြတ်သားစွာ မဟောခဲ့ချေ။ (ပိဋကတ်တို့တွင် တမလွန်ဘဝရှိမှု၊အကျိုးခံစားရမှုများကို ပြဆိုထားသည်များပါရှိသော်လည်း ပိဋကတ်သမိုင်းနှင့်ယေဘုယျ ဗုဒ္ဓဆိုလိုမှုတို့အရ ဤနှစ်သုတ်ကိုသာ ဆွေးနွေး ဆင်ခြင်ခြင်းပြုပါ၏)ဗုဒ္ဓသည် တမလွန်ဘဝနှင့်ပတ်သက်၍ ပြတ်သားစွာ မ ဟော ခဲ့ ခြင်း သည် ကြားနာရသူ ပုဂ္ဂိုလ်တို့အား ၎င်းပြီး အယူလွန်ဖြစ်သော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊အစွန်တို့မှ ရှောင်ခဲ့တန်သည်။ ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်နှင့် ပွင့်သစ်စ မြတ်စွာဘုရားအဖြစ် ပဌမဆုံးဟောခဲ့သောတရားဦး ဓမ္မစကြာဒေသနာတွင်ပင် မိမိ၏ အကျင့်အယူတို့ကို မဇ္ဈိမပဋိပဒါဟု ဟောခဲ့လေသည်။ ဤအရာ၌လည်း ဗုဒ္ဓသည် တမလွန်ဘဝနှင့် ပတ်သက်၍ အကျင့်အယူတို့ကို မဇ္ဈိမပဋိပဒါကျင့်သုံး ဟောကြားခဲ့ခြင်း ဖြစ်လေမည်။

စင်စစ် ဤသို့သော ပညာဉာဏ် နုနယ်သည့် သာမန် လူပုထုဇဉ်တို့အဖို့ တမလွန်ဘဝ ယုံကြည်မှုသည် အကျင့် သီလကောင်းမွန်စေသဖြင့် ယုံကြည်ခြင်းသည် လိုလားမှန်ကန်သည်ဟု ဆိုရချေမည်။

ဉာဏ်ပညာရင့်ကျက်သူများ၊ သာသနာ၀င်ပုဂ္ဂိုလ်များကဲ့သို့သောသူများအဖို့ တမလွန်ဘဝ ယုံကြည်မှု၊ မယုံကြည်မှုသည် ပဓာနမဟုတ်ချေ။ တမလွန်ဘဝ၊ပရလောက စသည်တို့၌တဏှာ ဉပါဒါန်မဖြစ်ရန်ပင် အရေးကြီးလှသည်။ ထို့ကြောင့်ပင် ဗုဒ္ဓ

သည် ထိုပုဂ္ဂိုလ်တို့အား တမလွန်ဘဝ စသည်တို့၌ စွဲလန်း တပ်မက်မှုမရှိစေရန် အလေးအနက် ဟောခဲ့ခြင်း ဖြစ်သည်၊ မှန်လေသည်။

မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှာ အားထုတ်ကျင့်သုံးနေသူများအဖို့ တမလွန်ဘဝစွဲလန်းတပ်မက်မှုသည် အဆီးအတားတခု ဖြစ်လေ၏။ တမလွန်ဘဝ မစွဲလန်းမတပ်မက်ရန် အထူးအရေးကြီးလှလေသည်။ ဤသို့သော ပုဂ္ဂိုလ်ရင့်ကျက်သူများကိုပင် အနတ္တအမြင်နှင့်ပတ်သက်ပြီး တမလွန်ဘဝ မစွဲလန်း မတပ်မက်ရန် ဟောကြားရာ၌ နတ္ထိက အယူအမြင်သို့ စင်သွားမည်ကို မလိုလားသဖြင့် ဗုဒ္ဓသည် တမလွန်ဘဝမရှိဟု ပြတ်သားစွာမဟောခဲ့ခြင်းဖြစ်ပေမည်။ အမှန်အားဖြင့်ကား တမလွန်ဘဝ မရှိမှု ရှိမှုသည် ရင့်ကျက်သော ဗုဒ္ဓဝါဒီတို့အဖို့ ပဓါနမဟုတ်သော်လည်း နတ္ထိကဝါဒမျိုး သက်ဝင်မှု ဥစ္ဆေဒဝါဒမျိုးသက်ဝင်ဦးတည်မှုကိုကားမလိုလားအပ်ချေ။ ထို့ကြောင့်ပင် ဗုဒ္ဓသည် တမလွန်ဘဝ အယူများကို မစွဲယူသင့်ကြောင်း မဇ္ဈိမဒေသနာ သဘော ဟောခဲ့ခြင်း ဖြစ်ပေသည်။

"ဝစ္ဆ-သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ ဟူ၍၎င်း, မဖြစ်ဟူ၍၎င်း, ဖြစ်လည်းဖြစ်၊ မဖြစ်လည်းမဖြစ် ဟူ၍၎င်း၊ ဖြစ်သည်လည်းမဟုတ်, မဖြစ်သည်လည်းမဟုတ် ဟူ၍၎င်း, ဤအယူသည် သာ မှန်၏။ တပါးသော အယူတို့သည် အချည်းနှီးသာတည်းဟု ငါသည် ဤသို့အယူမရှိပါ" (အဂ္ဂိဝစ္ဆသုတ်-မဇ္ဈိမနိကာယ်)။

ဤဒေသနာ၌ ဗုဒ္ဓသည် တမလွန်ဘဝပြဿနာ၌ မည် သည့်အစွန်းသို့မှ မရောက်လိုသည်မှာ ထင်ရှား၏။ ဤသို့မသက်ဝင်လို

ခြင်းမှာ တမလွန်ဘဝ မရှိမှု ရှိမှု၊ မဖြစ်မှု ဖြစ်မှုသည် အမှန်အား ဖြင့် သစ္စာလေးပါး သိမြင်မှု၌အကျိုးကျေးဇူး မရှိသောကြောင့် ဖြစ်သည်။ ပိဋကတ်တွင် ရှေးကျခိုင်မာသည် ဆိုသော သုတ္တနိပါတ်၌ ထိုသဘောသည် ထင်ရှား၏။

"ပညာရှိသော ထိုမြတ်စွာဘုရားသည် ထိုမိစ္ဆာအယူရှိသူတို့ကို (သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တို့ကို)မှီကုန်၏ဟုသိ၍၎င်း(ထိုသူတို့၏) မှီရာ သဿတဒိဋ္ဌိတို့ကိုသိ၍၎င်း(တရားတို့ကိုအနိစ္စစသည်ဖြင့်) သိ၍၎င်း လွတ်မြောက်တော်မူပြီးသည်ဖြစ်၍ ငြင်းခုံခြင်းသို့ ရောက်တော်မမူ၊ ထိုပညာရှိသော မြတ်စွာဘုရားသည် အဖန်တလဲလဲ ဖြစ်ခြင်းသို့ရောက်တော်မမူ"။(ကလဟဝိဝါဒသုတ် —အဋ္ဌကဝဂ်၊ သုတ္တနိပါတ်)။

ဗုဒ္ဓဝါဒသည် တက္ကပြဿနာတို့၌ တွေးခေါ်၍ ဆုံးဖြတ်ယူဆပြီး ငြင်းခုံမှုကို မလိုလားချေ။ တမလွန်ဘဝ အတ္တ၊ ဇီဝ စသော ပြဿနာတို့သည် ဗုဒ္ဓ၏ သစ္စာလေးပါး တရားအား အကျိုးမပြုသည်မှာ ထင်ရှား၏၊ ထို့ကြောင့်လည်း ဗုဒ္ဓသည် ထိုအယူအဆတို့မှ ရှောင်ကွင်းပြီး သစ္စာလေးပါး၊ အနတ္တတရား၊ ပဋိစ္စသမုပ္ပါဒ် စသည်တို့ကိုသာ ဟောကြား လေသည်။ အမှန်အားဖြင့် ဗုဒ္ဓသည် မိမိ၏တရားဂုဏ် အားလျော်စွာ သာလျှင် သန္ဒိဋ္ဌိကအကျိုးခံစားအပ်သော တရားတို့ကိုသာ ဟောကြားသူ ဖြစ်သည်၊ တွေးတောယူဆ၍ထင်မြင်မှု သက်သက်မျှသာဖြစ်သော တရားတို့ကို ဟောကြားသူမဟုတ်ချေ။

"ပေါဋ္ဌပါဒ-လောကသည်အဆုံးရှိ၏ဟူ၍၎င်း၊အဆုံးမရှိဟူ၍ ၎င်း၊သတ္တဝါသည် သေသည့် နောက်၌ ရှိ၏ဟူ၎င်း၊မရှိဟူ၍၎င်း၊ ငါမဖြေကြား၊ ဤအရာအစုသည် သစ္စာလေးပါး သိမြင်ရန်

နိဗ္ဗာန်ကို မျက်မှောက်ပြုရန်မဖြစ်၊ ထို့ကြောင့် ငါမဖြေကြား၊ ပေါဋ္ဌပါဒ,ဤသည်ကား ဒုက္ခ၊ ဤသည်ကား သမုဒယ၊ ဤသည်ကား နိရောဓ၊ ဤသည်ကား မဂ္ဂဟု ငါဖြေကြား၏၊ ဤအရာအစုသည် သစ္စာလေးပါးသိမြင်ရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်ဖြစ်၏ "(ပေါဋ္ဌပါဒသုတ်-ဒီဃနိကာယ်)။

သတ္တဝါသည် သေပြီးသည်မှ နောက်၌ဖြစ်မဖြစ်၊ တမလွန်ဘဝစသော ပြဿနာများကို ဗုဒ္ဓမဟောကြား ခဲ့ခြင်းသည် မဂ်ဖိုလ် အကျိုးအား မလျော်သောကြောင့် ဖြစ်လေသည်၊ ထိုပြဿနာတို့သည် မဂ်ဖိုလ်နိဗ္ဗာန် အကျိုးစီးပွားနှင့် မဟပ်စပ်သည်မှာ အထူးဆိုဘွယ်ပင်မလိုချေ၊ ဗုဒ္ဓအလိုအားဖြင့် သတ္တဝါတို့တွင် ပရမတ္ထအားဖြင့်ပုဂ္ဂိုလ်သတ္တဝါ၊အတ္တ၊ဇီဝဟုလုံးဝ မရအပ်ချေ၊ ဗုဒ္ဓ၏အနတ္တဒေသနာသည် သတ္တဝါတို့အား ခန္ဓာငါးပါး အပေါင်းအစုအဖြစ်သာ လက်ခံပြီး ပရမတ္ထ အားဖြင့် ပုဂ္ဂိုလ်သတ္တဝါ အတ္တကိုလုံးဝပယ်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့်ပင် ပုဂ္ဂိုလ်သတ္တဝါ၏ တမလွန်ဘဝကို ပဓါနထား စဉ်းစားစရာပင် မလိုချေ။ ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ တဏှာ၊ ဥပါဒါန်တို့၏ ဘဝသစ်ဖြစ်စေခြင်းသဘောကိုသာနားလည်ထားသင့်လေသည်၊ ပိဋကတ်တို့တွင်ပါရှိသော ဘဝသံသရာ ဒေသနာများ ကိုလည်း တဏှာ ဥပါဒါန်တို့၏ သဘောသဘာဝကို အကြောင်း အကျိုးအားဖြင့် ပြဆိုသော ဒေသနာများအဖြစ် ယူဆသင့်ရာသည်၊ အမှန်အားဖြင့် ဗုဒ္ဓသည်တဏှာ၊ ဥပါဒါန်တို့၏ တဖန် ဘဝသစ်ဖြစ်ခြင်းကို လက်ခံသည်မှာ ပိဋကတ်တွင် ထင်ရှားသည်။

ဗုဒ္ဓအားတမလွန်ဘဝပြဿနာသတ္တဝါသေပြီးနောက်ဖြစ်မဖြစ်ပြဿနာ၊ အတ္တပြဿနာစသည်တို့ကို ခနခနမေးမြန်းသောဝစ္ဆ

ဂေါတ္တ ပရိဗိုဇ်အား ဗုဒ္ဓဖြေကြားသော စကားသည် အထူး မှတ်သားဆင်ခြင်သင့်လေသည်။

ဝစ္ဆက 'မက္ခလီဂေါသာလစသော ဂိုဏ်းဆရာကြီး တို့သည် ၎င်းတို့တပည့်များ သေဆုံးသောအခါ၊ ထိုသေသူ၏ ဖြစ်ရာဘဝကို ဟောကြားသည်၊ အသျှင်ဂေါတမကား ထိုသို့ မပြောကြားပဲ "တဏှာကိုဖြတ်ပြီးပြီ၊ သံယောဇဉ်ကိုဖြတ်ပြီးပြီ၊မာနကို ပယ်သတ်ပြီးပြီး၊ ဆင်းရဲအဆုံးကိုပြုပြီးပြီ" ဟုသာ ပြောကြား၏၊ အသျှင်ဂေါတမအသို့နည်း၊ အကျွန်ုပ်အားတွေးတောယုံမှားဖြစ်မိပါ၏"ဟုမေးလျှောက်၏၊

ဗုဒ္ဓက "ဝစ္ဆ-င ါသည်စွဲလမ်းမှုရှိသူအား အဖန်ဘဝသစ် ဖြစ်ခြင်းကို ပညတ်၏၊စွဲလမ်းမှု မရှိသူအား မပညတ်၊ ဝစ္ဆ-ဥပမာသော်ကား မီးသည်လောင်စာ ရှိသော် တောက်လောင်၏၊ လောင်စာ မရှိသော် မတောက်လောင်၊ ဝစ္ဆ—ဤကူပင် ငါသည် စွဲလန်းမှု ရှိသူအားတဖန်ဘဝသစ် ဖြစ်ခြင်းကို ပညတ်၏၊ စွဲလန်းမှု မရှိသူအား မပညတ်" ( ကုတူဟလသာလာသုတ်—အဗျာကတ သံယုတ်)။

မဂ်ဖိုလ်နိဗ္ဗာန်ကိုချရှိ မျက်မှောက်ပြုလိုသဖြင့် ဗုဒ္ဓ၏အဆုံးအမ ဟောကြားညွှန်ပြမှုတို့ အရ လိုက်နာကျင့်သုံး အားထုတ်သော ဗုဒ္ဓဝါဒီအဖို့ အတိတ်၊ အနာဂါတ် စသည် တို့၌ မည်သို့သော အချင်းအရာအားဖြင့်မျှ မစွဲယူအပ်ချေ၊ ဤပစ္စုပ္ပန် ကာလ၌ မိမိလက်ငင်းကျင့်သုံး လုပ်ဆောင် ရမည်ကိုသာ အစိကထားရချေမည်၊ တမလွန်အကျိုးစီးပွားသံသရာ အကျိုးစီးပွား စသည်တို့သည် နိဗ္ဗာန်ကို တကယ်လိုလားကျင့်သုံးသော ဗုဒ္ဓဝါဒီ အဖို့ အစိပ္ပါယ်မရှိချေ။ ထိုသို့မဟုတ်ပါပဲ တမလွန် သံသရာ အကျိုး

စီးပွားကို မျှော်ကိုးတမ်းတနေပါက မျက်မှောက်အကျိုးစီးပွား (မဂ်ဖိုလ်နိဗ္ဗာန်)ကို ရရှိနိုင်မည်မဟုတ်ချေ။ ဤအကြောင်းတို့နှင့်စပ်၍ ဗုဒ္ဓသည် အများအပြား ဟောကြားခဲ့လေသည်။

"ရဟန်းတို့ သင်တို့သည် ဤသို့သိမြင်ကုန်သော် ငါတို့သည် အတိတ်ကာလ၌ဖြစ်ခဲ့လေကုန်သလော၊ ပျက်ခဲ့လေကုန်သလော၊ အဘယ်သို့သောသူ အဘယ်ပုံပန်းဖြစ်ခဲ့ကုန် သနည်း၊ အဘယ်သို့သောသူဖြစ်ပြီး၍ အဘယ်သို့သောသူဖြစ်ခဲ့ကုန်သနည်း၊ရှေးအဖို့ ခန္ဓာတို့ကိုသော်လည်း မတွေးတောမပြေးသွားသင့်၊ ငါတို့သည် ရှေးအနာဂါတ်ကာလ၌ဖြစ်ကုန်လတ္တံ့လော၊ မဖြစ်ကုန်လတ္တံ့လော၊ အဘယ်ပုံပန်း ဖြစ်ကုန်လတ္တံ့နည်း၊ အဘယ်သို့သောသူဖြစ်၍၊ အဘယ်သို့သောသူ ဖြစ်ကုန်လတ္တံ့နည်းဟု နောက်အဖို့ ခန္ဓာတို့ကိုသော်လည်း မတွေးတောမပြေးသွားသင့်။ ငါတို့သည်ဖြစ်လေသလော၊ မဖြစ်လေသလော၊ အဘယ်သို့သောသူဖြစ်သနည်း၊ အဘယ်ပုံပန်း ဖြစ်သနည်း၊ ဤ သ တ္တ ဝါ သည် အဘယ်မှလာသနည်း၊ အဘယ်သို့သွားလတ္တံ့နည်းဟု ပစ္စုပ္ပန်" ကာလ ကိုယ်တွင်းသန္တာန်၌လည်း တွေးတောယုံမှားမှု မဖြစ်ရာ "(မဟာတဏှာသင်္ခယသုတ် မဇ္ဈိမနိကာယ်( သဗ္ဗာသဝသုတ်– မဇ္ဈိမနိကာယ်)၌လည်း ထို့အတူပင် ဟောထားလေ သေး၏။ ဤ ကဲ့ သို့ သော သဘောအဓိပ္ပါယ် ရှိသည့် ဒေသနာ တို့သည် (သဋ္ဌာယတနသံယုတ်၌) အထူးထင်ရှား လေသည်။

ဗုဒ္ဓသည ပစ္စုပ္ပန်ကို အဓိကအလေးထားပြီး ဟောခဲ့သော ပုဂ္ဂိုလ်ဖြစ်သည် မှာဆိုဘွယ်ပင်မလိုချေ၊ အတိတ်၊ အနာဂါတ် စသော သဘောတို့သည် မဂ်ဖိုလ်အတွက် ပဓါနမဟုတ်ချေ၊ မဂ်

ဖိုလ်နိဗ္ဗာန်ကို တကယ်လိုလားပါက ပစ္စုပ္ပန်၌သာ ပွားများရှုဆင်ခြင်ရမည်ဖြစ်လေသည်။ ထို့ကြောင့်ပင် ဗုဒ္ဓသည် မျက်မှောက်ပစ္စုပ္ပန်ကိုသာ အကဓိထားပြီး အတန်တန် အလေးအနက်ထားဟောခဲ့ခြင်းဖြစ်သည်။

အတိတ်အနာဂါတ်တို့၌လည်း မတပ်မက်မစွဲလန်းရန် အထပ်ထပ်ဟောခဲ့လေသည်။ ဗုဒ္ဓဝါဒသည် အမှန်အားဖြင့် ပစ္စုပ္ပန်ကိုပဓါနထားသော ဝါဒဖြစ်သဖြင့်သာ သန္ဒိဋ္ဌိကော၊ အကာလိကောစသော တရားဂုဏ်တို့နှင့်ညီညွတ်ခြင်းဖြစ်လေသည်။ ဗုဒ္ဓဝါဒသည် ကမ္မဝိပါကကို လက်ခံယူဆသော်လည်း နောင်မှ ခံစားရမည့်အကျိုးကို မရည်ရွယ်ချေ။ ပစ္စုန်လက်ငင်းဒိဋ္ဌအကျိုးကိုသာရည်ရွယ်ပြီး အတိတ်ဘဝ၊အနာဂါတ်ဘဝများကို မစွဲလန်းအပ်။ ဤအကြောင်းနှင့်စပ်၍ ဗုဒ္ဓ၏ဒေသနာသည် အတော်ထင်ရှားပြတ်သားလေသည်။

"အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂါတ်ခန္ဓာကိုလည်း မတောင်းတရာ၊ အတိတ်ခန္ဓာသည်ချုပ်ပြီးပြီ၊အနာဂါတ်ခန္ဓာလည်း မရောက်လာသေး"

"ပစ္စုပ္ပန်ဖြစ်သော သဘောတရားတို့ကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသော ထိုပုဂ္ဂိုလ်သည် တွန့်တိုခြင်း၊ ပျက်စီးခြင်းမရှိသော ထိုဝိဿနာရှုမှုကို အဖန်ဖန်ပွားများရာ၏"

"အဘယ်သူသည် နက်ဖြန်သေရမည်ကို သိနိုင်အံ့နည်း၊ ယနေ့ကပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှု အလုပ်ကိုပြုလုပ်သင့်၏။ ငါတို့မှာ များသော စစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း"

"ဤသို့နေလေ့ရှိသော လွန်စွာအားထုတ်ခြင်းရှိသော နေ့ ညဉ့်တစ်လုံး မပျင်းမရိအားထုတ်သော ထိုရဟန်းကို စင်စစ် "ကောင်းသော ညဉ့်တညဉ့်ရှိသော ရဟန်း"ဟူ၍ ကိလေသာ ငြိမ်းအေးပြီးသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏" (ဘဒ္ဒေကရတ္တသုတ်၊ မဇ္ဈိမနိကာယ်)။ ဤသုတ်သည် ပိဋကတ်တွင် အတော်အရေးပါ အလေးထားသောသုတ်ဖြစ်သည်။ အသျှင် သမိဒ္ဓိအား နတ်သားတယောက်က "ရဟန်း- ဘဒ္ဒေကရတ္တသုတ်၏ အကျဉ်းဥဒ္ဒေသနှင့် အကျယ်နိဒ္ဒေသသည် မြတ်သောအကျင့်၏ အစဖြစ်၏။ အကျိုးစီးပွားနှင့်စပ်၏"ယု ဆောင်ထားဟောကြား ရန် တိုက်တွန်းပြောကြားသည်။ (မဟာကစ္စာနဘဒ္ဒေကရတ္တသုတ် မဇ္ဈိမနိကာယ်)။ အသျှင်အာနန္ဒာ၊ အသျှင်မဟာကစ္စာနတို့သည် လည်း ထိုသုတ်ကို ရဟန်းအပေါင်းတို့အား ဟောကြားရှင်းပြ သည်၊ သုတ်နှစ်သုတ်လည်းပါရှိ၏။ ၎င်းပြင် အသျှင်လောမသ ကင်္ဂိယ ထေရ်အားလည်း စန္ဒနသုတ်သားက ဤ ဘဒ္ဒေကရတ္တ သုတ်ကို ဆောင်ထားရန်တိုက်တွန်းလျှောက်ထားလေသည်။ ဤ သုတ်သည် မဇ္ဈိမနိကာယ်တွင် လေးသုတ်ပါရှိလေသည်။

ဗုဒ္ဓသည် ပစ္စုပ္ပန်ကိုသာ အရေးထား ဟောကြားလေသည်။ အတိတ်အနာဂါတ်တို့သည် ဗုဒ္ဓဝါဒ၌ အရေးထားလေးစားအပ် သည် မဟုတ်ချေ။ တမလွန်ဘဝ အတိတ်အနာဂါတ်စသည်တို့ကို မစွဲယူခြင်းသည် ဗုဒ္ဓ၏အလိုပင်ဖြစ်သည်။ မဂ်ဖိုလ် နိဗ္ဗာန်ကို ရည် ရွယ်သော ဗုဒ္ဓဝါဒီသည် တမလွန်ဘဝစသည်တို့၌ မစွဲလန်း မတပ် မက်ချေ။ ပဉ္စပိဋကတ်တို့တွင် ဘဝသံသရာဒေသနာများပါရှိလေ သည်၊ ထိုဒေသနာများသည်တကျော၊ဥပါဒါန်တို့၏ တဖန် ဘဝသစ် ဖြစ်မှုသဘောသသာဝကို လောကဝေါဟာရအားဖြင့် အနည်း

နည်း ဟောပြောထားခြင်းဟုသာယူဆရပေမည်။ဗုဒ္ဓလက်ခံယူအပ်သော ဘာဝသံသရာသည် တဏှာ၊ ဥပါဒါန်တို့၏ သဘောသဘာဝ အခြင်းအရာမှတပါး အခြားဘာသာဝါဒီတို့ လက်ခံသော ဘဝသံသရာနှင့် လုံးဝမတူညီချေ။ အဓိပ္ပါယ် ဆိုလိုချက်များစွာ ကွာဟခြားနားလေသည်။ ဗုဒ္ဓအနေဖြင့် ဘဝသံသရာကိုတဏှာ၊ ဥပါဒါန်တို့၏ သဘာဝအခြင်းအရာအဖြစ် သိနားလည်သည်မှတပါး တမလွန်ဘဝ ပရလောကအနေအထားကဲ့သို့ မစွဲလန်းအပ်သည်မှာ သိသာလှသည်။ စင်စစ် ထိုဘဝသံသရာကိုပင် ဗုဒ္ဓဝါဒသည် စွဲလန်းတပ်မက်မှုရှိအပ်သည် မဟုတ်ကြောင်းကို အထူးသတိပြုသင့်လေသည်။ ။

| အမှား | | အမှန် |
|---|---|---|
| ၁၀ | ဆိုးရုပ်မှု | ဆိုးယုက်မှု |
| ၁၀ | သတ္တတို့တွင် | သတ္တဝါတို့တွင် |
| ၁၁ | အဒိမ်းစမစ်သ် | အဒမ်းစမစ်သ် |
| ၁၁ | ကောလ်မက်စ် | ကာလ်မက်စ် |
| ၁၆ | ပြည့်စုံအိစ္စာ | ပြည့်စုံဝအိစ္စာ |
| ၁၉-၂၀ | "မိုးပြိုမည်ကို ထန်းလက်အိုနှင့်ကာခြင်း" | "ဆန့်ကျင်ဘက် အစွန်းများ" |
| | 'Opposite Extremes' | "Opposite Extremes" |
| ၂၀ | "ဓမ္မဒိဋ္ဌာန်နည်း" | "ဓမ္မဒိဋ္ဌာန်နည်း" |
| ၂၁ | ရိုးသားယုံကြည်မှု | ရိုးရာယုံကြည်မှု |
| ၂၅ | သိပ္ပံပညာကိုသဘာဝတရားနှင့်ယှဉ်စပ် | သိပ္ပံပညာကို ဘာသာတရားနှင့်ယှဉ်စပ် |
| ၃၀ | ယုံကြည်သက်စွဲသူတို့ကား | ယုံကြည်သက်ဝင် စွဲယူသူတို့ကား |
| ၃၂ | ရထိုက်ခံစားသော ကာမဂုဏ်ဟူ၍ | ရထိုက်ခံစားထိုက်သော ကာမဂုဏ်ဟူ၍ |
| ၄၉ | ဇီးယပ်စ် လက်ခံယူ ရရှိလာသည် | ဇီးယပ်စ် ထက် ခံယူရရှိလာသည် |
| ၄၉ | သူရိယာအလင်းရောင် | တူရိယာ အလင်းရောင် |
| ၃၃ | လနတ်ဘုရားအာတ | လနတ်ဘုရား အာတီမစ် |
| ၆.. | Carvaka စ.ရိဗာက | Carvaka စာရ် ဝါက |
| ဝ၅ | သံကိစ္စအန္တယ်ကိုသ | သံကိစ္စအန္တယ်ကိသ |
| ၂၁၄ | ပရမတ္တအားဖြင့် ပုဂ္ဂိုလ်သတ္တဝါ | ပရမတ္တအားဖြင့် ပုဂ္ဂိုလ်သတ္တဝါ |
| ၁၀၃ | ယောကျ်ားတို့၌ ထင်ရှားဖြစ်သော | ယောကျ်ား လူတို့၌ ထင်ရှားဖြစ်သော |
| ၂၁ | ရှုးဦးစိတ္တရုပဗေဒ ပညောရှင်များ | ရှေးဦးစိတ္တ ရုပဗေဒ ပညာရှင်များ |
| ၂၁၇ | အာယကန ခြောက်ပါးကိုရင်း | အာယတန ခြောက်ပါးကိုရင်း |
| ၂၃၀ | မသာခြင်း ဒေါမနဿ | မသာယာခြင်း ဒေါမနဿ |
| ၁၆၉ | နောင်အခါ၌ မဖြစ်မှားခြင်းကြောင့် | နောင်အခါ၌ မဖြစ်ပွားခြင်းကြောင့် |
| ၁၇၉ | မဟာဝိဘာရဂိုဏ်း | မဟာဝိရဂိုဏ်း |
| ၂၀၅ | လော၌များသော သဘောရှိကုန်သော | လောက၌ များသော သဘော ရှိကုန်သော |
| ၁၉၃ | ကိုယ်ကွယ်ရာဖြစ်၏ | ကိုးကွယ်ရာဖြစ်၏ |
| ၂၉၁ | ဘဝကြီးငယ်ကို တပ်မတ်ခြင်း | ဘဝကြီးငယ်ကို တပ်မက်ခြင်း |
| ၂၉၆ | အကျိုးမဟုတ်စေခြင်း ဖြစ်လေတန်သည် | အကျိုးမယုတ်စေခြင်း ဖြစ်လေတန်သည် |
| ၂၉၀ | အကျိုးများသည်ဟု ပြောကြားခဲ့လေသည် | အကျိုးများသည်ဟု ဟောကြားခဲ့လေသည် |
| ၂၉၉ | ဒုတိယ ဆောက်တည်ရာပေတည်း | ဒုတိယ ထောက်တည်ရာပေတည်း |
| ၂၁၉ | ဖြတ်သော သာသနာတော်၏ | မြတ်သော သာသနာတော်၏ |
| ၃၃၂ | အဖန်ဘဝသစ်ဖြစ်ခြင်းကို | တဖန် ဘဝသစ် ဖြစ်ခြင်းကို |

**ဗုဒ္ဓမတိုင်မီဘာသာအယူဝါဒများ။**

သမိုင်းရှေးဦးဘာသာရေးများ။

ယဇ်ပွဲများနှင့် ဘာသာရေးပြောင်းလဲမှု။

အိန္ဒိယ၏ ရှေးဦးဘာသာအယူအဆများ။

**သမ္မာသမ္ဗုဒ္ဓ။**

ဗုဒ္ဓဂေါတမ။

ဗုဒ္ဓအကြောင်း။

ဗုဒ္ဓနှင့်ခေတ်ပြိုင်အယူဝါဒများ။

**ပဋိစ္စသမုပ္ပါဒ်။**

ဗုဒ္ဓပယ်သောအယူဝါဒများ။

ဝေါဟာရအဓိပ္ပါယ်။

အင်္ဂါအယူအဆ။

**လူသား။**

ကမ္မဝိပါက။

တမလွန်ဘဝ။

ဘဝသံသရာ။